# ဦးပုည၏ စာပန်းကုံးများ

ပထမတွဲ

တင်ရွေး

# တင်ထွေး

## ဦးပုည၏စာပန်းကုံးများ

။ပထမတွဲ။




တင်ဝွေး
ဦးပုည၏စာပန်းကုံးများ
၊ပထမတွဲ၊
မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး
ပညာပြန့်ပွားလှုံ့ဆော်ရေး စာစဉ်

ပထမအကြိမ်
၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်၊ အုပ်ရေ-၁၅၀၀၀
မျက်နှာဖုံးပန်းချီ - စံတိုး
အတွင်းပန်းချီ - ဝင်းမော်ဟန်

မြန်မာနိုင်ငံ စာပေနှင့်သတင်းလုပ်ငန်းအတွက် ဦးတင်ထွေး၊ ကင်းလွတ်ခွင့် အမှတ်(၃၄၉၂)က ထုတ်ဝေ၍ ကြေးမုံသတင်းစာတိုက်နှင့် ဂါဒီယန်သတင်းစာတိုက်တို့တွင် ဦးတင်ထွေး ကင်းလွတ်ခွင့် အမှတ်(၀၄၁၀၈)က ပုံနှိပ်သည်။

အရှင်နန္ဒိယ (ဝန်းသို)
အဆောင် ( ) အခန်း ( )
နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်
နန်းရွှေ၊ မန္တလေးမြို့

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | မြန်မာစာပေပါရမီရှင် စလေဦးပုည၏ စာပန်းကုံး စာစုများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ချက်အမှာစာ | က |
| - | စာပန်းကုံးကို သိပါသည်၊ | ဈ |
| - | ဦးပုည၏ စာပန်းကုံးများ စာမိတ်ဆက် | ဋ |
| - | စလေဦးပုည အတ္ထုပ္ပတ္တိ | ပ |
| | **ပြဇာတ်များ** | |
| ၁။ | ဝိဇယပြဇာတ် | ၂ |
| ၂။ | ကောသလပြဇာတ် | ၃၀ |
| ၃။ | ပဒုမပြဇာတ် | ၄၈ |
| ၄။ | ရေသည်ပြဇာတ် | ၆၁ |
| ၅။ | ဝေဿန္တရာပြဇာတ် | ၇၀ |
| | **ဝတ္ထုများ** | |
| ၁။ | ခေမာမိဖုရား | ၈၄ |
| ၂။ | အဘယမာတာ ရဟန္တာမ | ၈၇ |
| ၃။ | နဂါးပြိတ္တာနှင့် မဋ္ဌကုဏ္ဍလီ | ၉၁ |
| ၄။ | ခင်ပုပ်ငှက် | ၉၃ |
| ၅။ | ပဥ္စပေါသထဇာတ် | ၉၆ |
| ၆။ | အလောင်းတော် သိဝိမင်းကြီး | ၁၀၀ |
| ၇။ | ဂေါပါလ | ၁၀၅ |
| ၈။ | ဘုရားအလောင်း ဖြဟ္မဒတ်မင်း | ၁၀၈ |
| ၉။ | စတုက္ကဘတ်ကိုလှူသော ဥပါသကာ | ၁၁၂ |
| ၁၀။ | ကုဒ္ဒါလ ပဏ္ဍိတ | ၁၁၅ |
| ၁၁။ | သုဏိသာ ဝိမာန | ၁၁၇ |
| ၁၂။ | ပဥ္စသီလ သမာဒါနိယ မထေရ် | ၁၁၉ |
| ၁၃။ | ဧဒါယက မထေရ် | ၁၂၂ |
| ၁၄။ | ဧကဒီပိက မထေရ် | ၁၂၅ |
| ၁၅။ | ကောဋ္ဌရိမ္ဗယ သူရဲကြီး | ၁၂၈ |
| ၁၆။ | သားတော်ရာဟုလာ | ၁၃၂ |
| ၁၇။ | ဆဒ္ဒန်ဆင်မင်း | ၁၃၇ |
| ၁၈။ | သူအိုမကြီး | ၁၄၉ |
| ၁၉။ | ယုန်မင်း | ၁၅၂ |
| ၂၀။ | ဝိသယှ သူဌေး | ၁၅၇ |
| ၂၁။ | ဥပမာ လေးဦး | ၁၆၁ |
| ၂၂။ | ကာကဝလီယ | ၁၆၅ |
| ၂၃။ | သောဏဇိန် | ၁၆၉ |

# မြန်မာစာပေပါရမီရှင် စလေဦးပုည၏ စာပန်းကုံး
# စာစုများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ချက်အမှာစာ

(၁)

မြန်မာစာပေသမိုင်းတွင် စလေဦးပုညသည် အထင်ကရအဓိကစာပေပညာရှင် တစ်ဦးအဖြစ်ဖြင့်ရပ်တည်ရှိနေသော စာရေးဆရာ ကဗျာဆရာကြီး တစ်ဦးဖြစ်ကြောင်း တွေ့ရှိရသည်။ မြန်မာစာပေရေးသားရာတွင် ကဗျာများ၊ မော်ကွန်းများ၊ သဒ္ဒါကျမ်းများ၊ ဗေဒင်ဟောကိန်းများ၊ ရကန်များ၊သဂြိုဟ်ကိုးပိုင်းတေးထပ်များ၊ လင်္ကာများ၊ တေးထပ်အမျိုးမျိုး၊ ရှစ်ဆယ်ပေါ်အမျိုးမျိုး၊ ပြဇာတ်များ၊ တရားဟောစာများ၊ မေတ္တာစာများ၊ ဆေးကျမ်းလင်္ကာများ၊ သာသနာရောက် သာသနာလျှောက်စာတမ်းများ၊ ရှင်ပြုနာထွင်း ဖိတ်စာများ၊ ငိုချင်းရှည်များ၊ ဒိုးချင်းများ၊ သဘင်တေးဖွဲ့အမျိုးမျိုး၊ ယိုးဒယားအမျိုးမျိုးတို့ဖြစ်ကြောင်း ဖတ်ရှုသိရှိရသည်။

စလေဦးပုည၏စာပေ များသည် မြန်မာစာပေလောကတွင် အနိုင်အမာတည်ရှိနေရစ်ပြီး သူ၏စိတ်ကူးဉာဏ်၊ဟာသဉာဏ်၊ကဗျာဉာဏ်တို့ဖြင့် ဖတ်ရှု၍ မငြီးနိုင်အောင်ရှိကြောင်းဖတ်ရှုခံစားကြရသည်။

စလေဦးပုညကို အင်္ဂလန်နိုင်ငံ တွင် ထင်ရှားလှသော စာပေပညာရှင်ကြီး ရှိတ်စပီးယားနှင့်တန်းတူရည်တူ လိုက်နိုင်စွမ်းရှိသည်ဟု မြန်မာစာပေရှင်များ၏ ဝေဖန်သုံးသပ်ချက်ကို ကြားနာရဖူးပါသည်။ စာရေးဆရာကြီး ရှိတ်စပီးယားသည် အင်္ဂလိပ် ပြဇာတ်များစွာ ရေးသားခဲ့သည့်နည်းတူ စလေဦးပုညလည်း မြန်မာပြဇာတ်များစွာ ရေးသားဖွဲ့ဆိုခဲ့ကြောင်း သတိပြုမိကြသည်။

စလေဦးပုည၏စာများတွင် အထေ့အငေါ့၊ အလှောင်အပြောင်၊ အကော်အကပ်၊ အဆော်အနှက်စာများကို တွေ့ရလေရာ ထိုစာပေဂုဏ်မြောက်မှုများကို ဖတ်ရှုခံစားရရင်းချီးမွမ်းမဆုံးဖြစ်ကြရသည်။ စလေဦးပုည၏ စိတ်ကူးဉာဏ်၊ ကဗျာဉာဏ်သည် သူမတူအောင်ထူးချွန်ပေစွ။ မြန်မာစာပေလောကတွင် စလေဦးပုညကဲ့သို့ဘက်စုံစွယ်စုံရေးသားဖွဲ့ဆိုနိုင်သူကား ရှားပါးပေစွဟု ဆိုလိုက်ပါသည်။

စလေဦးပုညရေးသားသွားသော ပြဇာတ်များမှာ ဝိဇယပြဇာတ်၊ ပဒုမပြဇာတ်၊ ဝေဿန္တရာပြဇာတ်၊ ကောသလပြဇာတ်၊ ဂင်္ဂါမာလခေါ် ရေသည်ပြဇာတ်၊ ဝါသုဒေဝပြဇာတ်တို့ ဖြစ်ကြောင်းသိရှိရသည်။ ဝတ္ထုများမှာ ခေမာမိဖုရားဝတ္ထု၊ အဘယမာတာရဟန္တာမဝတ္ထု၊ နဂါးပြိတ္တာနှင့် မဋ္ဌကုဏ္ဍလီဝတ္ထု၊ ခင်ပုပ်ငှက်ဝတ္ထု၊ ပဋ္ဌပေါ်သထဇာတ်ဝတ္ထု၊ အလောင်းတော် သိဝိမင်းကြီး ဝတ္ထု၊ ဂေါပါလဝတ္ထု၊ ဘုရားအလောင်း ဖြဟ္မဒတ်

မင်း၀တ္ထု၊ စတုက္ကဘတ်ကိုလှူသော ဥပါသကာ၀တ္ထု၊ ဆုဏ်သာ၀ိမာန၀တ္ထု၊ ပဉ္စသီလသမာဒါနိယမထေရ်၀တ္ထု၊ဓဇဒါယကမထေရ်၀တ္ထု ကောဒီပိကမထေရ်၀တ္ထု၊ကောဍရိမ္ဗယ သူရဲကြီး၀တ္ထု၊သားတော်ရာဟုလာ၀တ္ထု၊ ဆဒ္ဒန်ဆင်မင်း၀တ္ထု၊ သူအိုမကြီး၀တ္ထု၊ ယုန်မင်း၀တ္ထု၊ဝိသယှသူဌေး၀တ္ထု၊ဥပမာလေးဦး၀တ္ထု၊ကာကဝလိယ၀တ္ထု၊ သောဏဒိန်၀တ္ထုစုစုပေါင်း(၂၃)ပုဒ်ဖြစ်ကြောင်း တွေ့ရသည်။

ကျွန်တော်သည် စလေဦးပုည၏ ပြဇာတ်များ၊ ဝတ္ထုများ၊ တေးထပ်များကို ငယ်စဉ်ကပင် ရင်းရင်းနှီးနှီး ရှိလှသည်။ သူ၏ ပြဇာတ်ပါ အသုံးအနှုန်းများ၊ ဝတ္ထုပါ စကားလုံးများ၊ ကဗျာများပါသော ကာရန်များကို စိတ်ထဲမှာ စွဲနေမိသည်။ စလေဦးပုည၏ စာများကို ပြန်ပြောင်း သတိရနေမိသည်။ မြန်မာစာပေလောကတွင် သူ၏စာများ ဝေးကွာနေကြောင်း သတိပြုမိသည်။ ပြန်လည် ထုတ်ဖော်သင့်သည်ဟု စဉ်းစားမိသည်။ သူ၏ စာများတွင် မြန်မာစာ အရင်းအမြစ်များကို တွေ့နိုင်သည်။ ဤစာများကို မြန်မာစာ ချစ်မြတ်နိုးသူ၊ မြန်မာစာ စုဆောင်းတတ်သူ၊ မြန်မာစာကို သုတေသနပြုသူများ လက်ဝယ် ပြန်လည် စုဆောင်းပို့ရသော် ကောင်းလေစွဟု စဉ်းစားမိသဖြင့် ထုတ်ဝေရန် စီစဉ်လိုက်ခြင်း ဖြစ်ပါသည်။ စလေဦးပုညသည် ပညာဉာဏ် ထူးချွန်ထက်မြက်လှ၍ ခုနစ်နှစ်သား၊ ရှစ်နှစ်သားအရွယ်ကပင် သဒ္ဒါကျမ်းများ၊ အဘိဓမ္မာကျမ်းများ သင်ကြားခွင့်ရခဲ့သည်။ ရှင်သာမဏေဘဝတွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို လေ့လာ ပေါက်မြောက်ခဲ့ကြောင်း သိရသည်။ ရဟန်းဘဝတွင် ပိဋကတ်၊ ဗေဒင်၊ ကဗျာ လင်္ကာအများကို ဆက်လက် သင်ကြားသည်။ သက္ကရာဇ် ၁၂၀၆ ခုနှစ်တွင် ဦးပုညလူထွက်ပြီး မင်းတုန်းမင်းနှင့် ကနောင်မင်းတို့ အိမ်တော်၌ ခစား အမှုထမ်းရွက်သည်။ ကနောင်မင်းသား၏ တောင်းပန်ချက်အရ သင်္ဂြိုဟ်ကိုးပိုင်း သရုပ်တေးထပ်များ ရေးသွင်းရသည်ဟု ဆိုသည်။

သက္ကရာဇ် ၁၂၁၄-၁၅ ခုနှစ်တွင် ယိုးဒယားဇင်းမယ်ကို နိုင်သည့်အကြောင်း စာဖွဲ့ရမည်ဟူသော မင်းတရားကြီး၏ အမိန့်တော်အရ ယိုးဒယားနိုင်-မော်ကွန်းကို ရေးသားသည်။

အိမ်ရှေ့မင်းထံ ခစားနေစဉ် မင်းတရားကြီး၏ နန်းတွင်းသူ မိဖုရားကြီးအချို့ အကျင့်ဖောက်ပြားလော်လီကြသဖြင့် တာ.မြစ်ပညာပေး ဆုံးမရန် စလေဦးပုညအား ပဒုမပြဇာတ်ကို ရေးသားစေပြီး ထိုပဒုမပြဇာတ်ကို ညတွင်းချင်းအပြီး ရေးဆက်ကြောင်း သိရှိရသည်။

ပဒုမ-ဇာတ်သည် အကျင့်ဖောက်ပြား လော်လီသူ မိန်းမယုတ်တို့အကြောင်း ဖြစ်၍ အဖိုးတန် မိန်းမကောင်းများအကြောင်း ဇာတ်စာတစ်စောင် ရေးပေးရန်၊ အမှန်းတင် ပြုစုပေးရန် မိဖုရားအချို့က တောင်းပန်သည်၊ ဤတွင် စလေဦးပုညသည် မဒ္ဒီ မိဖုရားတည်းဟူသော မိန်းမမြတ် ပါဝင်သည့် ဝေဿန္တရာ ပြဇာတ်ကို ရေးသည်။ မြင်ကွန်းစားမင်းသား အပါအဝင် မင်းတရား၏ သားတော်အချို့ လွန်စွာ ဆိုးသွမ်းသည့်အတွက် ပညာပေး ဆုံးမနိုင်ရန် ဝိဇယ ပြဇာတ် ကို ရေးသား သည်။ ထို ဇာတ် ကို ပါးစပ်က စီပေး ဆိုပေးပြီး မောင်သာထွန်း ဆိုသူက လိုက်ရေးပေးရာ နှစ်ရက်နှင့် နားနားနေနေ ပြီးစီးသည်ဟု သိရသည်။ မင်းတုန်းမင်းတရားကြီးနှင့် ညီတော် အိမ်ရှေ့ ကနောင်မင်းသားတို့ စိတ်မကြည်ရာမှ ပြန်လည် သင့်မြတ်လာကြသောအခါ အိမ်ရှေ့မင်းသားက တောင်းပန်ခန်းပါသော ရေသည်ပြဇာတကို စလေဦးပုညအား ရေးသားစေသည်။ထိုပြဇာတ်ကို မင်းတရားကြီးမှ ဖတ်ရှုရသောအခါ ညီတော်အား ပိုမိုချစ်ကြည်ခြင်း ရှိလာရသည့်ပြင် ဇာတ်အိမ်ဇာတ်သားကိုအထူးနှစ်သက်တော်မူသဖြင့်ရွှေ့တော်၌အကြိမ်ကြိမ် ဖတ်လျှောက်ကပြရသည်ဟု ဆိုကြသည်။

## (၂)

စလေဦးပုညသည် ဝိဇယပြဇာတ်၌ လင်္ကာဒီပကျွန်းသို့ ရောက်လာသည့် ဝိဇယမင်းသားနှင့်နတ်တွေ့ခန်း ပြောဆိုကြရာတွင် ဤကျွန်းသည် ဘီလူးတို့ကျွန်း ဖြစ်ကြောင်းနှင့် ရေနစ်၍ မသေ၊ အူပေါက်၍ သေကုန်ကြလိမ့်မည်ဟု ခပ်သောသော ပြောပုံရေးပုံ ကလောင်ရှင် ရှင် အသေ့နှင်ထားပုံမှာ အလွန်ဖတ်၍ ကောင်းလှသည်။ ဖတ်ရှုကြည့်ကြပါ။

"သည်ကျွန်းမူကား၊ လူသက်သက်ကင်း၊ နတ်ဘီလူးတို့၊ စံနေဖို့ဟု၊ မြို့ဖန်ဆင်း၊ ကြောက်မင်းဖွယ်လီ ဖြစ်ပေသည်။ တစ်ဆိတ်စားမျှ၊ လူနံ့ရလျှင်၊ ဗလဝစောင်ရမ်း၊ ခွေးပိန်မကို၊ ကျားထ၍ ဖမ်းသည့်နှယ်၊ ငေါက်ငမ်းခြိမ်းမဲ၊ အကျိုးနဲ၊ ဖွဲ့ပြာဖြစ်၍ ပျောက်ရသည်၊ သို့လောက်ယုတ်မာ၊ ကြွားရုံနှင့်ရှူးလောက်တဲ့၊ ဘီလူးရွာကို၊ ဒကာနုနယ်၊ သနားဖွယ်တို့သည်၊ ပင်လယ်မြစ်မှာ၊ ရေနစ်လို့တော့ မသေ၊ သည်ကျွန်းသို့ရောက်ကာမှ၊ အူပေါက်၍ သေမယ်လို့၊ တုမှေ့သင်ဒကာတို့သည်၊ အာဂန္တုကံ လာကြကုန်၏။"

ထို့အတူပင် ယင်းဝိဇယပြဇာတ်၌ပင်မယ်ကုဝဏ်၏ ကုဝဏ္ဏာပတ်တိုက်လည်း စာချိုးပုံ ကာမတဏှာ နှိုးဆွပုံ၊ တစ်ဖက်သား ယောကျ်ားပုထုဇဉ်တို့ကို ကြိမ်းဝါးပုံ၊ တဏှာပေမ ပေါ်ကျူးပုံ စကားလုံးများသည် အလွန် ပြောင်မြောက်လှသည်။ စလေဦးပုည၏ ဦးနှောက် စိတ်ကူးဉာဏ်သည် ပြိုင်စံရှားလောက်အောင် ထူးခြားကောင်းမွန်လှသည်ဟု ဝေဖန်သုံးသပ်ကြသည်၊ ထိုကုဝဏ္ဏာပတ်တိုက်ကို ဖတ်ကြည့်စေလိုပါသည်။

### ကုဝဏ္ဏာပတ်တိုက်

"လင်္ကာဒီပ၊ ကျွန်းဌာနမှာ၊ လွမ်းစရာ့ကညာ၊ ယဉ်မျိုးစုပါတဲ့၊ ကုဝဏ္ဏာ၊ ထောင့်ငါးရာ၊ ကီဒလသာ ရွှေတိုက်ကို၊ သော့ရိုက်လို့ထား၊ ဖွင့်မည့်သူ ပေါ်လာခဲ့လို့၊ အူထဲက ယားအားကနဲ ယနေ့၊ ကာလ သားများ နှင့်၊ ကားကနဲ တွေ့ရင်လ၊ ကြည့် ရေ့ ဟေ့မယ်ခကျွ၊ ကီလေသာတမန်နှင့်၊ လက်ရစ်သံ စမ်းလိုက်လို့၊ သွေးဖြန်းဖြန်း ထစေ့မယ်၊ စိတ်ချ၍ ထား၊ ထောင့်ငါးရာခြံရံတဲ့၊ ပုထုဇန်လူသား၊ ရဟန္တာချာန်ပျံမို့၊ ခံနိုင်မလား၊ ငါးပါးတိုင်ကံဟဲ့နော်၊ သက် လေး ဆယ် ကျော် လို့ မှ၊ ဘုန်း ပြိုင် သူ မ ပေါ် လျှင်၊ အ မိန့် တော် စာ ချွန် ခံ လို့၊ လေးအနန္တက ရှိင်းကို၊ လမိုင်းမှာဖြည့်မဟော့၊ သည်ယနေ့နံနက်၊ အိမ်တော်က အထွက်တွင်၊ မိဒက္ကညည်းချင့်စမ်း၊ အလျှံ ထိန်းလျှပ်၊ စိန်လည်ကပ်နှင့်၊ နဝရတ်ရောင်ဖြိုး၊ ခါးကြိုးစပ်ကြား၊ လက်ဝဲသားဟာများဖြင့်၊ ယန္တရားစက်သဖွယ်၊ လှုပ် ချက် ကယ် တယ် လေ၊ ညှိသည်ကိုရိတ်ဟန်ရှိရဲ့၊ ရုပ်နိမိတ်ဖမ်း၊ မြနန်းသူ့က တော်၊ ဘုန်းပြိုင်သူမတွေ့လို့၊ ယနေ့များချော်ရင်လ၊ နှင်းဖျော်တဲ့ ကေမကိုင်ကို၊ အခွေလိုက်သုတ်သင်၍၊ ဖန်ဝတ်လွှင်စိတ်ပုတီးနှင့် ခင်ကြီးတွေချီးထောင်တဲ့၊ ကိုးချောင်ကိုဝင်လိုက်မယ်၊ လူ့ခွင်မှာလူလုပ်လို့၊ တာဟုတ်နိုင်တော့မလဲ၊ လွဲပြီဘူးမုချ၊ အသားလှုပ်နိမိတ်နှင့်၊ မြိုင်ရိပ်သို့ကြွပါမည်၊ ဘုန်းဘုရားငယ်ငယ်ကျွန်၊ မှန်နဂါးပတ်၊ ပြန်ဂဟပ်နှင့်၊ နဝရတ် ဝိုင်းတံခွန်က၊ မယ်ကုဝဏ်ဖူးစာကို၊ သော့မကြာတက်ကစီး၊ လင်ကိစ္စယနေ့တုံးလို့၊ ဖြုန်းခနဲပြီးတဲ့အောင်၊ ရွှေသီးတဲ့လက်သံနှင့်၊ ခပ်မြန်မြန်ပို့တော်မူစမ်းပါ့ မောင်ကြီးရေ"

စလေဦးပုည၏ ရေသည်ပြဇာတ်သည်လည်း သူ၏ ထင်ရှားကျော်ကြားလှသော စာပေလက်ရာကောင်းတစ်ပုဒ် ဖြစ်ကြောင်း တွေ့ရှိကြရသည်၊ ဤပြဇာတ် ရေးရာတွင် အခြားပြဇာတ်များရေးသားသကဲ့သို့ပင် ဥပမာ၊ ဥပစာ၊ ဥပမေယျတို့ဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရှိကြရသည်၊ ရေသည်ယောကျ်ား၏ ဆင်းရဲနွမ်းပါးပုံကို ဘဝသရုပ်ဖော် ရေးသားရာ၌အထူး

ပီပြင်လှကြောင်း ဖတ်ရှုကြရသည်။ စလေဦးပုည၏ ကဗျာဥာဏ်စိတ်ကူး ရလာဒ်မှာ အံ့မခန်း ဟုပင် ဆိုရပါမည်။ ရေသည်ယောကျ်ား ရေရောင်းထွက်ခန်းကို ဖွင့်ဆိုထားပုံ ဖော်ပြပါဦး မည်။ သူ၏ ဘဝသရုပ်ဖော် ပန်းချီ ရေးခြယ်ပုံကို မျှဝေခံစားစေချင်၍ ဖြစ်ပါသည်။

ဆင်းရဲသားဘဝသည် ပီပြင်လှသည်၊ ဘဝသရုပ်ဖော်မှု ပြောင်မြောက်လှသည်။

ရေသည်ယောကျ်ား ရေရောင်းထွက်ခန်း

**"မာရာဏသီမြို့ မြောက်မျက်နှာက ရေရောင်းယောကျ်ား ထွက်ဆိုရန်စကားမှာ- ဩော်.... လူ့ဘုံခန်းဝါ၊ လူ့ပြည်ရွာမှာ၊ ဝမ်းစာခဲခက်၊ မုရင်းထမင်း၊ ချဉ်ပေါင်ဟင်းနှင့်၊ ဆန်တွင်းက နက်လွန်းလို့၊ အသက်ရှိစဉ်၊မသေခင်ကို ကောက်လျင်ကြီးဆန်၊ နီတာလ ံနှင့်၊ ငါးသန်သေးနုပ်၊ ရေလုံ ပြုတ် များ ကို၊ တစ် လုပ် ကယ် ဝဝ၊ စားလိုက်ရလျှင်ဖြင့်၊ အာဂပါးစပ်၊ လူဖြစ်ကျိုးနပ်လေငဲ့၊ မရပ်မနား၊ရေကိုရောင်းလို့၊ဝမ်းကျောင်းပ ါပြြားကတဲ့၊ စားရသည့်နေ့၊တစ်လလုံးတွင်မှ၊သုံးနပ်သောက် ကယ်သာတွေ့ရတယ်။ ငွေနှယ်ကြေးနှယ်၊ ဘဟာနှယ်များကို၊ ကွယ်လေငဲ့ ပိတ်ပိတ်ပျောက်၊ အမှဲ့ တကာ့ထွတ်ခေါင်၊ ဖွတ်မင်းနောင်မှာ၊ပြာတောင်ကြီးပေါက်ကရော့၊ ပြောင်မြောက်အောင် မှဲ့နိုင်တဲ့ ငါကိုယ်နော်။**

**ဟယ်....သို့သော်လည်း ယောကျ်ား၊က ံရွှေ့သွား၊ က ံသွားရာဟဲ့၊ မနု ံနဲ့ပါဘူး၊ အလုည့် သင့်ချက်ပိုင်၊ကြက်ကန်းခွပ်လို့ ပွဲကျွတ်အောင်နိုင်သေးသပ၊က ံဆိုင်လို့တကယ်၊ ချက်ကောင်းကိုတွယ် မိလျှင်၊ ရေသည်မောင်မောင်၊ လူနေလုလို့၊ ရွှေချသလိုပြောင်လိမ့်မယ်၊ အဆောင်ဇေတာ်ရေအိုးနှင့်၊ ဆိုင်းထမ်းပိုးစုံအလင်၊ရေချိုကိုဆန့်နှင့်လဲရအောင်၊ မြို့ထဲသို့ဝင်တော့မယ်၊မှန်ဝိုင်းရှင်ထော်သုံးကာ၊ရေပုံး ကြိုးဆက်။**

စလေဦးပုညသည် ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမတို့ မေတ္တာမျှခန်းကို သရုပ် ဖော်ရေးရာတွင်လည်း လက်သံပြောင်လှသည်။ သူ၏စာပေလက်ရာသည် သူတစ်ပါးနှင့် မတူ တစ်မူထူးခြားသည်ဟုဆိုကြသည်။ ဘဝကိုဖွဲ့ဆိုဖော်ကျူးရာတွင် အသေးစိတ်လှပြီး တကယ့် ဆင်းရဲနွမ်းပါးခြင်းကို စေ့စေ့စပ်စပ်မြင်တတ်လှကြောင်း သူ၏ ရေးဖွဲ့ပုံများက သက်သေပြ လျက်ရှိသည်။ ဥပမာတင်စား၍ ပြောဆိုကြပုံ စကားလုံးအသုံးအနှုန်းများကလည်း စံတင် လောက်အောင် ဂုဏ်မြောက်လှသည်ဟု ဝေဖန်သုံးသပ်ကြသည်။ စလေဦးပုညသည် တစ်ခေတ် တွင် တစ်ယောက်သာ ထွန်းပေါက်သည်ဟုဆိုရလောက်အောင်ပင် အနုပညာ ပါရမီဉာဏ် ရင့်သန်လှသောစာပေပညာရှင်ပုဂ္ဂိုလ်ကြီးတစ်ဦးဟုဆိုကြရပါသည်။ထိုရေသည်ယောကျ်ားနှင့် ရေသည်မိန်းမတို့ မေတ္တာမျှခန်းကို ဖတ်ရှုလေ့လာစေရန် ဖော်ပြလိုက်ပါသည်။

**မိန်းမကဆိုရန်။ ၊ဝ ါးကွဲထမ်းပိုး၊ဆိုင်းပေါင်ကျိုးနှင့်၊ပုဆိုးညစ်တေ၊ရောင်ထမ်းစေ့မှတ်၊ခေါင်း မွေးစုတ်တဲ့၊ ကျုပ်ဖအေငယ်၊ ရေကိုရောင်းစား၊မောင့်စွမ်းအားနှင့်၊ စီးပွားတစ်နှစ်၊ ဘယ့်လောက် များ ဖြစ်ပါတုန်း၊ စစ်စစ်ပေါက်ပေါက်၊ ဝမ်းရေးလောက်၍၊ စားသောက်သည့်ပြင်၊ ထက်ကပ် ခြေကပ်၊ ပိုမိုမြတ်လို့ အဖတ်တင်၊ အိမ်တွင်ထုပ်ရ၊ ကျုပ်မောင်လှမှာ၊ ငွေစတယ်လောက်များသလဲ။ ခါးဝတ်လဲမှာမလဲ့စင်စစ်၊ မျက်မြင်ဖြစ်၍၊ မစစ်သာဘူး၊ဗလချာချွတ်ခြုံ၊ ဖွားဘက်တော်မှမပေါ်ရုံ၊ လုံအောင်အနိုင်ဖု ံးရတယ်၊ စားဖွယ်သောက်ခင်း၊ ဘယ်ထမင်းနှင့်၊ ဘယ်ဟင်းချဉ်ချို၊ ဘယ့်နှယ် များ မျိုရတုန်း၊ နှမလိုစိတ်ကစွဲလို့၊ ဖြစ်နဲ့ကိုပြန်စမ်းပါ့မောင်ကြီးရယ်။**

**ရေသည်ယောကျ်ားဆို။ ၊ဆံထု ံးတော်ကြီး၊တမာသီးနှင့်၊ခါးစည်းဝတ်လဲ၊ချုပ်စပြဲကိုတဲ အပ်နှင့် တွယ်၊ လူမြင်သမျှ၊ စိတ်ပျက်အောင်လှပါတဲ့၊ မရေသည်၊ ကုန်သွယ်ရေရောင်း၊ စီးပွားကြောင်းနှင့်၊ လူကောင်းကိုယ့်မောင်၊ ရှိန်းလှဆောင်၊ ဝအောင်စား၍၊ ခါးဝတ်တဲ့ပြင်၊ လက်ကမ်ခြေကမ်၊**

ပိုမိုမြတ်လို့ အဖတ်တင်၊ အိမ်တွင်အမျှား၊ သံသေတ္တာနှင့်လုံစွာထား၊ ငွေသားလေးရွေး ရှိပါတယ်။ သည်ပစ္စည်းတွေ၊ လေးရွေးငွေကြောင့်၊ စိတ်သေလက်ချ၊ မအိပ်ရနိုင်ဘူး၊ ညမူညလူ၊ သူခိုးများ ပူလွန်းလို့၊ ကိုယ်ထူကိုယ်ထ၊ ကင်းဝတ်လှည့်၍ စောင့်ခဲ့ရ၊ ကာလမနည်းကြာပါပြီ၊ ညစာနံနက်၊ စားရချက်မှာတော့၊ မြက်သီးရောရာ၊ မုရင်းဆိုတဲ့၊ ဆန်အိုတာကို၊ ရတနာချဉ်ပေါင်၊ ငါးပိ အလျှင်း၊ ဆိမဆင်းတဲ့၊ ဟင်းမျှားနောင်နှင့်၊ အာခေါင်ကိုဆွတ်၊ မဝင်မချင်း၊ လည်ချောင်းကို စင်းပြီးလျှင်၊ အတင်းသာသွတ်ရတယ်၊ ခါးဝတ်လဲမှာ၊ မျက်မြင်ပါပဲ၊ ဥစ္စာပြည့်စုံ၊ နေဂုဏ်နှင့်၊ ကုံလုံ ဘိခြင်း၊ မသိမ်ဖျင်းပါဘူး၊ လူဆင်းရဲမမှတ်ပါနှင့် အမိငယ်။

ရေသည်မိန်းမဆို၊ ။ငွေလေးရွေးနှင့်၊ ဌေးအောင်ကြွယ်ဝ၊ ဥစ္စာပေါတဲ့၊ ဇောတိကငယ်၊ နှမမှာလည်း သည်လိုပဲ၊ မြေထဲသို့မြှုပ်၊ ကိုယ်သဘောကျ၊ ခင်ပွန်းမျှားရခဲ့လျှင်၊ သူဌေးမလုပ်မယ်လို့၊ ငွေထုပ်ကြီးမား၊ လူမသိအောင်၊ ဖုံးဖိလို့ထားလိုက်တယ်၊ စီးပွားဆောက်ဦး၊ ကံချင်းပဲနီးရော့ထင့်၊ မောင်ကြီးနှင့် တူရာမှာ၊ ငွေပြုလေးရွေးရှိပါတယ်။ သည်ငွေလေးရွေး၊ ဥစ္စာဝန်လေးလွန်းလို့၊ အရေးမတော်၊ ခိုးသူလုယက်၊ မင်းနိုပ်စက်၍ဖျက်ခဲ့သော်၊ ကျူပေါ်လောင်ဖက်၊ မရှိလျှင် ခက်တာမို့၊ နှစ်သက်လောက်သူ၊ စည်းစိမ်ကြီးကို၊ ထီးလိုအုပ်၍ချုပ်မည့်သူကို၊ တစ်ဆူယောကျ်ား၊ ဇမ္ဗူမှာရှားလွန်းလို့၊ လင်သားမယူ၊ အပျိုကြီးလုပ်၍၊ ရွက်အုပ်သီးပူရတယ်၊ ကံတူတဲ့မယ့်သခင်၊ ဘယ်ခါမှစုရုံးလို့၊ ရွှေပုန်းရည်ချဉ်မယ်သိ၊ ထင်ရမ္မက်ကယ်နှင့်၊ စောင့်လျက်သာ နေရပါတော့တယ် ကျုပ်မောင်ငယ်။

ရေသည်ယောကျ်ားဆို၊ ။သုံးစွဲမကုန်၊ တောင်နှယ်ပုံ၊ ငွေမှုန်လေးရွေး၊ ခြိမ့်အောင်ကြွယ်တဲ့၊ မယ်သူ ဌေးငယ်၊ ရွှေးလွန်းလျှင်မရ၊ သေးလွန်းလျှင်မလှတဲ့၊ ရွှေးကမုံထား၊ လူထဲမှာနေ၊ လူဖြစ်ထွေကို၊ အကြေသားနှင့်၊ ဇာတ်သွားရှည်အောင်၊ အရေးဆောင်လို့၊ ကွေ့ချောင်ဝေဝုစ်၊ တောက်စရာလုပ် ရတုန်း၊ ငွေထုပ်ချင်းတူ၊ လူရွယ်ချင်းမျှ၊ အလှချင်းနတ်ဖက်၊ တိုင်း၍ရက်တဲ့ ပက္ကလာ၊ မိုးရွာသည်နှင့် အခန့်သင့်၊ အခွင့်ဆီဆိုင်၊ အတိုင်အလှည့်၊ အစပ်ဖြင့်တဲ့လှပေါ့၊ ဂျင်းပဲ့ချင်းပေါက်ကြစို့၊ နောက်မဆုတ်တမ်း၊ သည်ယနေ့တွင်ဖြင့်၊ ဘီလူးတွေ့လက်ရသိမ်းလို့၊ အစိမ်းဖမ်း ဖမ်းတော့မည်၊ ပတ်ကြမ်းတီးပွဲကြီးကြေစို့ငဲ့လေအမိရယ်။

ရေသည်မိန်းမဆို။ ။မကြီးသက်လှယ်၊ မျက်ထားချိုတဲ့၊ ကိုရေသည်ငယ်၊ ချစ်တယ်ကြိုက်တယ်၊ အတင်းအကျပ်၊ နောက်ပိုးထပ်လို့၊ တောက်တဲ့ကင်တွယ်လေသည်၊ ဘယ့်နှယ့်တုန်းခုတင်ခု၊ အရပ် မှုဆော်သလို၊ တော်ရုံပင်သော့ပါရော့၊ ပေါ့ပေါ့တန်တန်၊ ဟင်းရွက်ကန်စွန်း၊ သရေနွမ်းအောင်၊ တလတွန်းကြံတယ်လို့၊ ဟန်ပန်ရနိုင်မပါ့မလား။

တစ်နပ်စားအကြံ၊ တကယ်တမ်းမှန်လျှင်၊ စားရန်ခန်းဝင်၊ သေတ္တာနှင့်အလေး၊ ငွေလေး ရွေးကို၊ ကြိုက်ကြေးတင်မှ၊ အကြင်လင်မယား၊ လူနှင့်တူလို့၊ လူခံ့ညားတော့မပ၊ ငွေသွားလို့ယူ၊ ငွေမြင်လျှင်လင်လုပ်မည်၊ အဟုတ်ပဟာလူရယ်၊ ဇမ္ဗူလုံးနတ်၊ တို့မင်းမြက်မှာလည်း၊ ပြာသာဒ်ဘုံပျို၊ နန်းသိမ်းပွဲခံလိမ့်မည်။ ပန်းမန်နံ့သာ၊ လိမ်းကျံကာနှင့်၊ ကြင်ရာမကွဲ၊ အချိုဝယ်လို့၊ ပွဲလယ်မှာ တည်ရအောင်၊ ပဲဝက်သပြာ၊ လေးရွေးဟာကို၊ မြန်စွာသာ ယူချေတော့မောင်ကြီးရယ်။

စလေဦးပုညသည် ဆဒ္ဒန်ဆင်မင်းပြဇာတ်၌ မြတ်စွာဘုရားအလောင်းဆဒ္ဒန်ဆင်မင်း၊ မဟာ သုဘဒ္ဒါ၊ စူဠသုဘဒ္ဒါနှင့် သောနုတ္တရ မုဆိုးကြီးတို့လေးဦးကို ဇာတ်ပြု၍ ဖွဲ့ဆိုစီရင်သည်။ ဤပြဇာတ်တွင် သောနုတ္တရမုဆိုးကြီး၏ ကြန်အင်လက္ခဏာကို ပေါ်လွင်အောင် ရေးဖွဲ့ရာ၌ အံ့မခန်းလိလိ လက်စွမ်းပြောင်ဘိ၏၊ စလေဦးပုညသည် သူကျင်လည်ကျက်စားခဲ့သော

ဝန်းကျင်၊ သူ၏ စူးရှထက်မြက်သော စိတ်ကူးဉာဏ်တို့က သူ၏ ကလောင်ဖျား၊ ကညစ်ဖျားတွင် စီရရီပေါ်လာပုံရပေသည်၊ စူဠသုဘဒ္ဒါက မုဆိုး၏ အနေအထိုင်၊ လူပုံသဏ္ဌာန် အကဲခတ်ပုံရေး၍ဖွဲ့ထားသည်၊ လူကြမ်းကြီး၊ လူပေလူတေကြီး၏ ရုပ်အဆင်းသဏ္ဌာန်၊ ရုပ်ကြန်အင်လက္ခဏာတို့သည် မျက်စိထဲတွင် ကွင်းခနဲ ကွက်ခနဲ ပေါ်လာရုံသာမက စက်ဆုပ်ခြင်း၊ မနှစ်မျို့ခြင်းတို့ကိုပါ စိတ်ထဲ၌ ခံစားစေရသည်မှာ ထူးခြားလှသော စာပေဂုဏ်မြောက်မှုတစ်ရပ် ဖြစ်ပေသည်၊ ထိုဖွဲ့ဆိုပုံကို ထုတ်နုတ်တင်ပြပါဦးမည်၊

ဤယောကျ်ားသည်၊ အမျိုးနှင့်မတူ၊ အမူကြမ်းခက်၊ ကွဲအက်ညစ်တေ၊ လိပ်ကျောက်ရေနှင့်၊ ဆင်နခြေဖဝါး၊ ထန်းပလပ်ပြားကဲ့သို့၊ ကြီးမားသော ဖဝါးရှိသည်၊ မြင်းခေါင်းကောက်ကွေး၊ မွေးမှင်သဲသဲ၊ ဆန်ထုပ်ဆွဲသကဲ့သို့၊ ဘွဲ့လျားကျသော သလုံးသားလည်းရှိသည်။ ရိုးဆက်လိမ်ကွေ့၊ မစေ့မစပ်၊ ကျင်ဖုတပ်သကဲ့သို့၊ မသပ်မပါယ်၊ ရှုံ့ဖွယ်စသီး၊ အလွန်ကြီးသော၊ ဒူးဆစ်လည်းရှိသည်၊ ဇရပ်ဟောင်းကျောင်းဆိုး၊ အမိုးပျက်ပြို၊ ရနယ်အိုကဲ့သို့၊ ဖရိုဖရဲ၊ ကြီးကြဲယို့ယိုင်းသော နံကိုင်းနံရိုးလည်းရှိသည်။ ထန်းစစ်ကြောဝက်မှင်၊ မဲခင်ကြွက်သိုက်၊ တံမြက်ချေးရှိုက်ကဲ့သို့၊ ဖုတ်သိုက်ထူပျစ်၊ ကောက်ကျစ်လိမ်ရှုပ်သော ပုတ်ဆိတ်ပါးမုန်းလည်း ရှိသည်။ တယ်လူးကုပ်ကွေး၊ ပြောင်းဖူးမွေးကဲ့သို့၊ နီတွေးသောကျင်စွယ်လည်းရှိသည်။ ခပ်ဝါနီကြန်၊ ကြောင်မျက်ဆန်ကဲ့သို့၊ လုံးဖန်သိမ်ဖျင်း၊ မျက်နက်ကင်း၍၊ ထုတ်ချင်းခတ်ကြောင်သော မျက်စိလည်းရှိသည်၊ စာသူငယ်ကြား၊ လင်းတနားသကဲ့သို့၊ မုဆိုးများအဂယ်တွင်၊ ကြောက်ဖွယ်ကျားတား၊ ကြီးမားမြင့်မောက်သော ကိုယ်လည်းရှိသည်။

သောနုတ္တရ မုဆိုးကြီးသည် ဆဒ္ဒန်ဆင်မင်းက သူ့အား ဘာကြောင့် မြားဖြင့်ပစ်ရသနည်းဟု မေးမြန်းသောအခါ မုဆိုးကြီး လျှောက်ထားပုံကလည်း အချက်မိမိ ထိထိရောက်ရောက် ရှိလှသည်ကိုတွေ့ရပေသည်၊ ဤနေရာတွင် စူဠသုဘဒ္ဒါက ဂုဏ်ငယ်သော ဆင်စွယ်များကို မပန်လို၊ ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကိုသာမပန်ရလျှင် သေရတော့မည့်ပုံ၊ မယားခွဲလျှင် ဟိုလူကြီး ဘုရင်မင်းမြတ်က မနေတတ်မထိုင်တတ်ဖြစ်ရပုံ၊ သုံးယောက်သားအနက်တွင်မှ က ကွက်ကျား၍ သေရပါတော့မည်ဟု လျှောက်ထားပုံမှာ ရယ်စရာလည်းကောင်း၍ သနားစရာလည်းကောင်းကြောင်း တွေ့ရှိရသည်၊ လောက၌ ယောကျ်ားတို့သည် မိန်းမတို့၏ ဆန္ဒအလိုကိုလိုက်၍ ဆောင်ရွက်တတ်ပုံ၊ ဇနီးမိန်းမဖြစ်သူက တစ်ချက် ရင်ခွင်ထဲ ခေါင်းဝှက်၍ ပြောလိုက်လျှင် မနေတတ်မထိုင်တတ်ဖြစ်ရပုံတို့ ရေးဖွဲ့ရာ သရုပ်သကန် ပေါ်လွင်လှသော စာပန်းချီကားချပ်များ ဖြစ်ပါသည်၊ ယင်းအကြောင်းကို ဖော်ပြပါဦးမည်၊ စာပေအရသာ ခံစားကြပါကုန်–

"မုဆိုးလည်း ဆင်မင်းသခင်၊ ထိပ်ခေါင်တင်၊ လူအိုမုဆိုး၊ ကျွန်တော်မျိုးကား၊ ကိုယ်ကျိုးဆန္ဒ၊ ကိုယ့်ကိစ္စကြောင့်၊ သတ်ရသည်မဟုတ်ပါ။ ကာသိမင်း၏၊ သက်နှင်းတောင်ညာ၊ သုဘဒ္ဒါဟု၊ အဆာကျယ်လှ၊ ရှင်ဘုရင်မကြီးက၊ မြမရှားစိန်မရှား၊ အလွန်ပင်များသည်ကို၊ နားလေးလေဟန်၊ ဆင်စွယ်မှပန်လိုသည်။ သာမန်ဂုဏ်ငယ်၊ ဆင်နက်စွယ်များကိုလည်း၊ နားဝယ်လက်မခံ၊ ညှီစော်နံသည်ဟု၊ ရှုံ့သတဲ့ဘုရား၊ ထိပ်ထားဘုန်းမော်၊ ဆင်မင်းကျော်၏၊ စွယ်တော်နှစ်ချောင်း၊ ခြောက်ရောင်မောင်းကိုသာ၊ နားတောင်းပွတ်၍၊ ဆင်ဝတ်တော်မူလိုသည်၊ ဆဒ္ဒန်ဘုန်းကြွယ်၊ ကိုယ်တော်မြတ်အစွယ်ကို၊ နားဝယ်လှလှ၊ မဆင်ရလျှင်၊ စိတ်ချပေရော့၊ သူသေပါတော့မည်ဟု၊ ရွှေနှိုးကျော့ရှင်၊ သူ့ချစ်လင်၏၊ ရင်ခွင်ကြားမှာ၊ ခေါင်းထား၍အသော့၊ ငိုပါရော့သည်ဘုရား၊ မင်မင်း

လှိုက်ဖို၊ သူ့မယား ငိုတည့်လျှင်၊ ဟိုလူကြီးက၊ ပျာရီးပျာယာ၊ ပဇာအရေး၊ မတွေးမမြော်၊ ကျွန်တော့်ကိုခေါ်ပြီးလျှင်၊ ဟဲ့နေဘ် လုဒ္ဒက၊ ဆင်စွယ်ကိုမရလျှင်၊ ဇီဝနတ္ထိ၊ နင်သေမည်သိစ့်ဟု၊ မင်းသမီးမာန်စွဲနှင့်၊ အခဲ၍ မိန့်ရာတွင်၊ ခုသေမလောက်၊ ကျွန်တော်မျိုး ကြောက်လှ၍၊ ခေါ်အောက်ကသာ၊ အနိုင်ခွာ-ခွာပြီးမှ၊ တောမှာပင်သေသေ၊ ဖြစ်လိုရာဖြစ်စေဟု၊ မသွေမဖောက်၊ ဆက်ပါမည် လျှောက်သည်တွင်၊ နှစ်ယောက်စလုံး၊ တပြုံးပြုံးနှင့်၊ အသုံးကကျေး၊ ငါးရှာစား ပေးပြီးလျှင်၊ ကျေးဇူးရှင်မ၊ သူ့ကိုယ်တိုင်လမ်းပြ၍၊ ဘုန်းဘုရားစွယ်တော်မြတ်ကို၊ အမြတ် ကျွန်တော် ရောက်ပါသည်၊ အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေခိုင်းသူမင်းကေရာင်၊ လေးပစ်သူ ဘုရား ကျွန်တော်၊ကြံဖော်ကြံဖက်၊သုံးယောက်သား အနက်တွင်မှ၊ က ကွက်ကျား၍၊ ငမိုက်သား မုဆိုးလေ၊ နင့်ချည်းပင် သေပေတော့ဟု၊ ငွေတောင်ကြီးအဟန်၊ ဆဒ္ဒန်မင်းမြတ်၊ ကျွန်တော်အား သတ် လျှင်လည်း၊ မလွတ်နိုင်ရာ၊ သေရပါတော့မည်။ ကရုဏာရှေးရှု၊ လွတ်တော်မူလျှင်လည်း၊ လူမလိမ္မာ၊ ကျွန်မိစ္ဆာသည်၊ ချမ်းသာရပါတော့မည် ဘုရားဟု တောင်းပန်လျှင်"

(၃)

ယခု သာမကအားဖြင့် ထုတ်နှုတ်တင်ပြလိုက်သော စာရေးဆရာကြီး၊ ကဗျာ ဆရာကြီး စလေ ဦးပုည၏ ဝိဇယပြဇာတ်၊ ရေသည် ပြဇာတ်၊ ဆဒ္ဒန်ဆင်မင်း ပြဇာတ် ဤပြဇာတ် သုံးပုဒ်တွင် ဘာဝဆန်ပြီး အတွေးအခေါ် အယူအဆတို့သည် လူ့ဘာဝနှင့် နီးစပ်လှကြောင်း တွေ့ရ ပေသည်။ ဖွဲ့ဆိုမှု မှာလည်း အလင်္ကာစာပေ ဂုဏ်မြောက်လှပြီး စာတစ်လုံးချင်း စာတစ်လုံးချင်း အဓိပ္ပာယ်မှာလည်းပြောင်မြောက်လှသည်။ စာရေးဆရာကြီး၊ ကဗျာဆရာကြီး စလေ ဦးပုည၏ စာများကို ယနေ့စာရေးဆရာ လူငယ်များ၊ကဗျာဆရာ လူငယ်များ စေ့ငုစွာ ဖတ်ရှုလေ့လာ သင့်ကြောင်း အကြံပြု တိုက်တွန်းလိုက်ပါသည်။

မြန်မာစာပေ ယဉ်ကျေးမှု မျက်နှာစာတွင် သူ၏ ပြဇာတ် ကဗျာဝတ္ထုများသည် မြန်မာစာပေ အင်အားထုထည်ကြီး တစ်ခုအနေဖြင့် အခိုင်အမာ ရပ်တည်လျက် ရှိပြီး ဖြစ်ပေ သည်။ မြန်မာစာပေ၏ ဥပမာများ၊ ဥပစာများ၊ ရသများ၊ ဂုဏ်များကို သူ၏ စာထဲတွင် ကြိုက်သလို မွှေနှောက် ဖတ်ရှုပညာရယူနိုင်သည်။ ထို့အပြင် စာရေးဆရာကြီး၊ကဗျာဆရာကြီး စလေ ဦးပုညကို အ ဘယ် ကြောင့် အင်္ဂလန်နိုင်ငံမှ စာပေ ပညာရှင် အကျော် အမော် ရှိတ်စပီးယားနှင့် နှိုင်းယှဉ်ပြောဆိုကြပါသနည်း ဆိုသောအချက်ကိုလည်း သုတေသန ပြု၍၊ စူးစမ်း ရှာဖွေ၍၊နှိုင်းယှဉ်လေ့လာ၍ ပြုကြသင့်ပြီဟု ယူဆပါသည်။ စလေဦးပုည ရေးသော စာစုများ၊ ရှိတ်စပီးယားရေးသော စာစုများကို စာရင်း ပြုစု၍ စာပေ ဂုဏ်မြောက် မှုကို တစ်ခုစီ တစ်ခုစီ ထုတ်နုတ်ကြည့်ရှုကြမည်ဆိုလျှင် ထူးခြွန်ပြောင်မြောက်သော စာပေဂုဏ်၊ စာပေအရင်းအမြစ်တို့ကို တွေ့ရှိကြရမည်သာ ဖြစ်ပါသည်။ အကယ်၍ ဖြစ်နိုင်လျှင် စာရေး ဆရာကြီး၊ကဗျာဆရာကြီး ဦးပုည၏ စာများကို အင်္ဂလိပ်ဘာသာသို့ စနစ်တကျအဆင့်အတန်း မြင့်မြင့်ပြန်ဆို၍ ထုတ်ဝေနိုင်က ကောင်းလေစွဟု တွေးတောမိပါသည်။

မြန်မာလူမျိုးတို့ဘာဝ၊ မြန်မာလူမျိုးတို့၏ စိတ်နေစိတ်ထား၊ မြန်မာ လူမျိုး တို့၏ နေထိုင်စားသောက်မှုတို့ကို ဘာဝသရုပ်ပီပြင်စွာ ဖော်နိုင်သော စာရေး ဆရာကြီး၊ ကဗျာ ဆရာကြီး စလေဦးပုည၏ စာများသည် ယခုအခါ စာပေမြတ်နိုးသူ၊ စာပေ လိုက်စားသူတို့ အတွက်လည်း ဖတ်ရှုလေ့လာရန် ရှားပါးနေပြီ ဖြစ်ကြောင်းလည်း သတိပြုမိပါသည်။ ထို့ကြောင့် မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး၊ ပညာ ပြန့်ပွား လှုံ့ဆော်ရေး အဖွဲ့

အနေဖြင့် စလေဦးပုည၏ စာပန်းကုံးစာစုများကို ထုတ်ဝေလိုက်ပါသည်။ ဤမြန်မာပြဇာတ်၊ ဝတ္ထု၊ ကဗျာများကို မြန်မာစာပေလောကတွင် အစဉ်ရှင်သန်လျက် ကြီးထွားနေစေရန် မြန်မာလူမျိုးတိုင်းက ကြိုးပမ်း အားထုတ် လုံ့လပြုနေကြရမည်သာ ဖြစ်သည်ဟု စွဲမြဲစွာ ယုံကြည်ထားပါသည်။ ဤမြန်မာ ပြဇာတ်၊ ဝတ္ထု၊ ကဗျာများသည် စာပေယဉ်ကျေးမှု၊ ဘာသာရေး၊ အကျင့်စာရိတ္တ၊ လူမှုရေး စသည့် ပညာရပ်များကို ပေးစွမ်းနိုင်သော စာစုများ ဖြစ်ကြောင်း ဖော်ပြလိုက်ပါသည်၊

နေ့စွဲ၊ ၁၉-၉-၉၁
ကြာသပတေးနေ့
နေရာ၊ ရန်ကုန်မြို့။

စိုးညွန့်
ဥက္ကဋ္ဌ
မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး
ပညာပြန့်ပွားလုံ့ဆော်ရေးကော်မတီ၏
ဓာနယ်ဇင်းအဖွဲ့

# စာပန်းကုံးများကို သီပါသည်

မြက်ခင်းစိမ်းနုနုတွင် ပန်းပွင့်များပြန့်ကျဲလျက်ရှိသည်။ ဟိုနားမှာတစ်ပွင့်၊ သည်နားမှာ တစ်ပွင့်၊

ပန်းပွင့်လေးများမှာ မက်မောစရာ ကောင်းလှသည်။ အသွေးအရောင်ကလည်းစုံသည်။ နီသည်၊ ဝါသည်၊ ဖြူသည် စသည်ဖြင့်၊

ပြန့်ကျဲနေသော၊ စွဲမက်စရာကောင်းသော၊ ပန်းပွင့်များကို ယုယသည့်လက်များဖြင့် ယူကျုံးမိသည်။ ထို့နောက် အမြတ်တစ်နိုး လည်မှာဆွဲရန်အတွက် သီကုံးလိုက်သည်။

သို့ဖြင့် "ဦးပုည၏ စာပန်းကုံးများ" ပေါ်ပေါက်လာတော့သည်။

ကုန်းဘောင်ခေတ် စာပေလောကမှစတင်၍ ယနေ့တိုင်အောင် နေတစ်ဆူ၊ လတစ်ပါးကဲ့သို့ ထင်ရှားလှသော စာပြုစာဆို ပုဂ္ဂိုလ်ကျော်ကြီးမှာ စလေဦးပုညဖြစ်သည်။ ဦးပုည ရေးသားခဲ့သော စာပေတို့မှာ မြန်မာ့စာပေလောကတွင် ထင်ရှား ကျော်ကြားခဲ့ရုံမျှ မက စာ့မျက်လုံး၊ ကဗျာ့မျက်လုံး၊ စာကိုင်း၊ ကဗျာမကိုင်း ဖြစ်သည်။

ဦးပုည၏စာများသည်စံပြစရာ၊စံပြုစရာ၊ အမွန်စာစုများဖြစ်သည်။

ဦးပုည၏စာတို့သည် မြန်မာစာပေလောကတွင် နေလကဲ့သို့ အစဉ်ထွန်းလင်းပြီး အမြဲ ဆန်းသစ်နေမည်၊ မရိုးနိုင်သော ဆန်းသစ်သည့်စာပေဖြစ်သည်။

ယင်းသို့ စာပေအမွန်ဖြစ်သော ဦးပုည၏စာတို့မှာ ယခုအခါတွင် ပြန့်ကျဲလျက် ရှိနေသည်။ ဦးပုည၏ စာစုများအားလုံးကို စနစ်တကျ တည်းဖြတ် ထုတ်ဝေမှုမှာလွန်စွာပင် အားနည်းခဲ့ရသည်။ ထိုအားနည်းချက်ကို ဖြည့်ဆည်းနိုင်ရန် ယခု ကြိုးစားခြင်းပြုပါသည်။

ဦးပုည၏ စာစုများကို ရှာဖွေစုဆောင်းရသည်မှာ မလွယ်ကူလှပါ။ အချို့မှာ ထိမ်မြုပ်ပျောက်ကွယ်ကုန်ပြီဟု သိရှိရပါသည်။ အချို့မှာလည်း ဦးပုည အမှန်တကယ် ရေးသားသည်၊ မရေးသားသည်ဟူသော သံသယများကြောင့် အငြင်းပွားစရာ စာစုဖြစ်နေ၍ ဤစာအုပ်တွင် ချန်လှပ်ထားခဲ့ရပါသည်။ ဥပမာ - မဟော်ပြဇာတ်။

မဟော်ပြဇာတ်ကို ရေးသားခဲ့သူတို့မှာ ဦးကြင်ဥနှင့် စလေဦးပုညတို့ ဖြစ်သည်ဟု ဆိုကြသည်။ ထိုစာဆိုများ ရေးသည်ဟုဆိုသော စာအုပ် နှစ်အုပ်ကိုလည်း တွေ့ရှိရသည်။

ပထမ တွေ့ရှိရသော ပြဇာတ်စာအုပ်မှာ ၁၉၂၈ခုနှစ်၊ ဟံသာဝတီတိုက်ထုတ် စလေဆရာကြီး ဦးပုည ရေးသားစီရင်အပ်သော မဟော်ပြဇာတ်ဟု အမည်ပေးထားသည့် စာအုပ်ဖြစ်သည်။ ထိုစာမူနှင့် ပတ်သက်၍ ပညာရှိ အများကပင် အသေအချာ ဝေဖန် ဧလ့လာပြီးနောက် စလေဦးပုည၏ လက်ရာ မဟုတ်နိုင်၊ ဦးကြင်ဥ၏ လက်ရာသာ ဖြစ်သင့်သည်ဟု ယူဆပြီး ထိုယူဆချက်အတိုင်းပင် သတ်မှတ်ခဲ့ကြသည်။

ဒုတိယ မဟော်ပြဇာတ်စာမူမှာ ပရိပိုက်တစ်ဆူပေါ်တွင် တင်ထားသော စာမူဖြစ်၍ မန္တလေးမြို့ မဏ္ဍရာ ကျောင်းတိုက်မှ ရသည့်စာဟု သိရသည်။ ထိုစာမူတွင် သက္ကရာဇ် ၁၂၃၄ခုနှစ်၌ ရေးကူးသော မဟော်ပြဇာတ်ဟု ရေးသားပါရှိသည် ဆို၏၊ အရေးကြီးဆုံး ဖြစ်သော ပြဇာတ်ရေးသူ၏ အမည်ကို ဖော်ပြထားခြင်း မရှိချေ။ သို့သော် ထိုစာမူ

ကိုတွေ့ရှိကြသူများက စကားအသုံးအနှုန်းပရိယာယ် ဝေါဟာရတို့ကို လေ့လာဆွေးနွေး ဝေဖန်လျက် ဦးပုည ရေးသားသော စာမှုဖြစ်သည်ဟု ယာယီအားဖြင့် သတ်မှတ်ခဲ့ကြသည်။

ဤစာအုပ်တွင် ဦးပုညရေးသားခဲ့သည့် ပြဇာတ်များကို စုစည်း ဖော်ပြထားသည်။ ဦးပုညရေးသားခဲ့သည့် ပြဇာတ်များဆိုသော်လည်း ပြဇာတ်အားလုံးမှု မဟုတ်ပါ။ ဦးပုည ရေးသားခဲ့သည့် ဝါသုဒေဝအမည်ရှိ ပြဇာတ်ကို ဖော်ပြနိုင်ခြင်း မရှိပါ။ ယင်းပြဇာတ်ကို ဦးပုညရေးသားခဲ့ကြောင်းသာ သိရှိရသည်။ ယနေ့အထိ ယင်းပြဇာတ်၏ စာမူကို ရှာဖွေ မတွေ့ရ၊ ထို့ကြောင့် ဖော်ပြနိုင်မှု မရှိခြင်းဖြစ်ပါသည်။

ဦးပုညသည် စာရေးအားကောင်းခဲ့သည့် စာဆိုကြီးဖြစ်ရာ သူ့စာများမှာ အများ အပြားပင်ကျန်ရစ်ခဲ့သည်။ သူ့စာများကို အမျိုးအစားအားဖြင့် ခွဲခြားရလျှင်ပြဇာတ်များ၊ တရားဟောစာအမျိုးမျိုး (ယခုခေတ်အခေါ်ဝတ္ထု) မော်ကွန်းများ၊ ပင့်ရစ်သတ်ပုံများ၊ ဗေဒင်ဟောကိန်းများ၊ ဗေဒင်ဇာတာဟောကိန်းတေးထပ်၊ မေတ္တာစာများ၊တေးထပ်ရိုးရိုးနှင့် ရှစ်ဆယ်ပေါ်တေးထပ်များ၊ဆေးနည်းဆေးကျမ်းများ၊ လင်္ကာအမျိုးမျိုး၊ သာသနာလျှောက် နှင့် ဆွမ်းတော်ကြီးတင်စာတမ်း၊ဗိုးချင်းများ၊ငိုချင်းရှည်များ၊ သဒ္ဒါပုစ်ဆစ်နှင့် နာမ်ပြောက် နိဿယများ၊ လေးချိုး၊ ဒွေးချိုး၊ တောလား၊ လင်္ကာနှင့် ကဗျာများ ဖြစ်သည်။

ဤမျှများပြားသော စာများကို၊ ပြန့်ကျဲနေသော စာများကို၊ အချို့ပျောက်ကွယ်လု နီးပါးရှိနေသော စာများကိုစုစည်း၍ လိုအပ်သလို စီစဉ် တည်းဖြတ်တင်ဆက်ပါသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း ဦးပုည၏စာများမှာ အများအပြားပင်ရှိနေရာ ယခု အတွဲနှစ်တွဲခွဲခြား၍ဖော်ပြလိုက်သောဦးပုည၏စာများသည်ပင်လျှင်ဦးပုညရေးပြီးခဲ့သမျှသော စာများ အားလုံးဖြစ်သည်ဟု မဆိုနိုင်ပါ၊ ရှာဖွေ၍မတွေ့ရှိသော၊ လက်လှမ်းမမီသော စာစု များ ကျန်ရှိနေပါလိမ့်ဦးမည်။

စာပေသုတေသီများ၊ စာပေပညာရှင်များ၊ စာပေ လေ့လာ လိုက်စား သူ များ ကို အနူးအညွတ် မေတ္တာရပ်ခံလိုပါသည်။ ဤစာအုပ်များတွင် ဖော်ပြသည့် ဦးပုည၏ စာများ အပြင် မိမိတို့ လက်ဝယ်၌ ဦးပုည၏ စာများ ရှိနေကြဦးမည် ဆိုပါက ကူညီပံ့ပိုးကြစေလိုပါ သည်။ ယင်းသို့ ကူညီပံ့ပိုးကြမည်ဆိုလျှင် ဦးပုည၏ စာပန်းကုံးများ(တတိယတွဲ)ကို ထုတ်ဝေ သွားနိုင်ရန် ကြိုးစား စီစဉ်ပါမည်။

ယခုလောလောဆယ်တွင်မူ ဦးပုည၏ စာပန်းများကို ပန်းကုံးများအသွင် အစီ အရီ၊ အညီအညာ သီကုံး တင်ဆက်အပ်ပါသည်။

တင်ထွေး

၁၉၉၁- ခုနှစ်၊ စက်တင်ဘာလ (၇) ရက်

ရန်ကုန်မြို့၊

# ဦးပုညစာပန်းကုံးများ

## (ပထမတွဲ)

### စာမိတ်ဆက်

(၁)

ဦးပုညသည် ကုန်းဘောင်ခေတ်တွင် ကျော်စော ထင်ရှားသော စာဆို တစ်ဦး ဖြစ်ရုံမက မြန်မာစာပေ သမိုင်းတွင်လည်း ထိပ်တန်းမှ ပါရှိသော စာဆိုတစ်ဦး ဖြစ်ပါသည်။

မြန်မာစာပေကို ကဗျာနှင့်စကားပြေဟူ၍ ပိုင်းခြားကြပြီး ကဗျာတွင်လင်္ကာ ၁၄မျိုး၊ သီချင်းမျိုး ၂၂မျိုး စာပေပုံသဏ္ဌာန်ကွဲပြားကြောင်း "ကဗျာဗန္ဓသာရကျမ်း"တွင် ပုဂံ ဝန်ထောက်မင်းဦးတင်က ခွဲခြားပြသထားပါသည်။ ဦးပုညသည် ကဗျာပုံသဏ္ဌာန် အမျိုးပေါင်း များစွာကို ပြောင်မြောက်စွာ ရေးဖွဲ့ခဲ့သော စာဆိုအကျော်အမော်ဖြစ်ပါသည်။

ဦးပုည၏ စာပန်းကုံးများ (ပထမတွဲ) တွင် ဦးပုည၏ ထင်ရှား ကျော် စော လှ သော ပြဇာတ်ခြောက်ပုဒ်နှင့် ဝတ္ထု ၂၅ ပုဒ်ကို တွေ့မြင်ရပါသည်၊ ထိုစာ များကို ရွေးချယ်စုစည်းသူကား စာရေးဆရာတင်ထွေး ဖြစ်ပါသည်။

တင်ထွေးသည်"တရုတ်ပြည်ပေါ်မှ ကြယ်နီ"၊"ကမ္ဘာကို ကိုင်လှုပ်သောထိုဆယ်ရက်" စသော ကမ္ဘာကျော်မှတ်တမ်း အတ္ထုပ္ပတ္တိ စာအုပ်ကောင်းများ၊"မိုးနှင့်လေနှင့်မုန်တိုင်းနှင့်"၊"ဘဝကြမ်း"၊ "စိတ်ချ"စသော ကမ္ဘာ့ဂန္ထဝင်ဝတ္ထုကောင်းများကို အောင်မြင်စွာ ဘာသာပြန်ဆိုခဲ့သူ မြန်မာ့ယဉ်ကျေးမှု၊မြန်မာ့လူနေမှုဘဝ၊ မြန်မာ့ရုပ်ပုံလွှာကိုထင်ဟပ်ဖော်ထုတ်ထားသော "ရွှေရိုး၏ဗမာ" စာအုပ်ကို ဘာသာပြန်ဆိုခဲ့သူအဖြစ် လူသိများ ထင်ရှားပါသည်။

တင်ထွေးသည် အောင်မြင်သော ဘာသာပြန်ဆရာတစ်ဦးဖြစ်ရုံမက ရသမြောက်ပင်ကိုယ်ရေး ဝတ္ထုတိုများ၊ ဝတ္ထုရှည်များကိုလည်း အများအပြား ရေးသား နိုင်သူ ဖြစ်ပါသည်။

တင်ထွေးသည် ဦးပုည၏ စာများကို မိမိ ရွေးချယ်သီကုံးပေးရသည့် စေတနာရည်ရွယ်ချက်ကို "စာပန်းကုံးများကို သီပါသည်"တွင် ဖွင့်ဟထားပါသည်။ ဦးပုည၏ ဘဝဖြစ်ရပ်များနှင့် ဦးပုည၏ စာပေတို့ ဆက်စပ်နှီးနွယ် နေသည့်အတွက် စာဖတ်သူများ အထောက်အပံ့ဖြစ်စေရန် စလေဦးပုညအတ္ထုပ္ပတ္တိကိုလည်း ပြုစုထည့်သွင်းထားပါသည်။

(၂)

ပြဇာတ်ဟူသော စကားကို ကြားရသည်နှင့်တစ်ပြိုင်နက် ကပြရန် ရည်ရွယ်၍ရေးထားသော အဖြစ်အပျက် စာပေဟူ၍ သိရှိ နားလည် ကြပါသည်။ မြန်မာ့ အဘိဓာန် အကျဉ်းချုပ်တွင် (၁) ဇာတ်လမ်း ဇာတ်ကွက် တစ်စုံတစ်ရာကို လင်္ကာစပ် စကားပြေဖြင့် ဖြစ်စေ၊ အပြန်အလှန် ပြောခန်းများဖြင့်ဖြစ်စေ ရေးဖွဲ့သော စာပေ အဖွဲ့အနွဲ့၊ (၂) ယင်းအဖွဲ့အနွဲ့ တစ်မျိုးမျိုးကို သရုပ်ဆောင် ပြသသော ပွဲလမ်းတစ်မျိုးဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

မြန်မာစာပေတွင် ပြဇာတ်ပေါ်ပေါက်လာရန်အတွက် ရှေးနှစ်ပေါင်းများစွာကပင် အခြေခံမျိုးခဲ့ရသည်။ သရေခေတ္တရာ၊ ဟန်လင်းခေတ် ပျူလူမျိုးတို့၏ အတီးအမှုတ် ဂီတပညာသည်

အဆင့်အတန်းမြင့်မားနေပြီဖြစ်သည်။ တရုတ်နန်းတွင်း စာဆိုကြီးများကပင် ချီးကျူးမှတ်တမ်းတင်ခြင်းခံခဲ့ရသည်။ ပုဂံခေတ်သို့ရောက်သောအခါ မြန်မာ့ဂီတပညာသည် ပို၍ကြွယ်ဝလာသည့်ပြင် အနော်ရထာမင်းကြီးနှင့် ရှင်အရဟံ သူမြတ်တို့၏ ကျေးဇူးကြောင့် ဗုဒ္ဓဘာသာစည်ပင်ပြန့်ပွားလာသောအခါဘုရားဟော ခုဒ္ဒကနိကာယ် အပါအဝင်၊ ဇာတ်တော် ငါးရာ့ငါးဆယ်တို့ကို ပုဂံသားတို့ ဖတ်ရှုကြားနာကြသည်။ စေတီ ဂူကျောင်း နံရံများတွင် "ဇာတ်ငါးရာလည်း အဆန်းအကြွယ်ရေး"ဟု ကျောက်စာမှတ်တမ်းရေးထိုးရသည်အထိ နံရံဆေးရေးပန်းချီများ ရေးခြယ်ကြသည်။ ထို့အတူ ငါးရာ့ငါးဆယ်ဇာတ် နိပါတ်များ၊ ဗုဒ္ဓဝင် အကြောင်း ဖြစ်ရပ်များတို့မှ နှစ်သက်ရာ ဇာတ်လမ်း ဇာတ်ကွက် တချို့ကို ရပ်ရွာ ဘုရားပွဲများတွင် ခင်းကျင်း ကပြကြသည်။ ထို "နိပါတ်ခင်း" သည့် အလေ့မှ ပြဇာတ်သည် အခြေခံအစပျိုးကာ ပေါ်ထွန်းလာခဲ့သည်ဟု သိမှတ်ရပါသည်။

အင်းဝခေတ်တွင် ဘုရားဟောဇာတ်များကို ပျို့ကြီးများတွင် အာလုပ်စကားများ၊ ဇာတ်ဆောင်အချင်းချင်း အချီအချ ပြောဆိုကြပုံများကို တွေ့မြင်ဖတ်ရှုရသည်။ ထို့ကြောင့် ပြဇာတ်ပေါ်ထွန်းနေပြီလောဟု မှတ်ထင် တွေးဆကြရသော်လည်း ယခုအထိ အင်းဝခေတ်ပြဇာတ်များကို ရှာဖွေ၍ မတွေ့ရှိရသေးပါ။

မြန်မာစာပေတွင် အစောဆုံးတွေ့ရသော ပြဇာတ်မှာ ညောင်ရမ်းခေတ်၊ ဟံသာဝတီပါမင်းလက်ထက် ဝန်ကြီးပဒေသရာဇာ ရေးသားသည့် "မဏိကက်" ပြဇာတ် ဖြစ်ပါသည်။ ဇင်းမယ် ပဏ္ဏာသကျမ်းလာ သတ္တုဓနုဇာတ်ကို မြန်မာမှု ပြုထားခြင်း ဖြစ်ပြီး၊ မဏိကက် (ပတ္တမြားမျက်လုံး)မှာ သတ္တုဓနုမင်းသား၏ ဖွားဖက်တော် နတ်မြင်းပျံ၏ အမည် ဖြစ်ပါသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား (၁၁၄၃-၁၁၈၁)လက်ထက်တွင် ပြဇာတ်စာပေ ထွန်းကားစပြုလာသည်။ ဇာတ်သဘင်နှင့် ပတ်သက်သော အမိန့်တော်များ တွေ့ရသကဲ့သို့ အိမ်ရှေ့မင်း၏ အမိန့်တော်နှင့် သက္ကရာဇ် ၁၁၅၀ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် တစ်ရက်နေ့တွင် အယုဒ္ဓယ(ထိုင်း)၊ ယွန်း(ကမ္ဘောဒီးယား) ပြည်များမှ ဒဏ္ဍာရီဇာတ်များကို ထိုပြည်ဆိုင်ရာ သံတမန်ကြီးများနှင့် မြန်မာပညာရှိ ရှစ်ဦးတို့ ညှိနှိုင်းကာ မြန်မာဘာသာသို့ ပြန်ဆိုခဲ့ကြသည်။ ဤသို့ဖြင့် အိနောင်ဇာတ်၊ ရာမဇာတ်၊ သခ်ပတ္တဇာတ်၊ ကေသာသီရိဇာတ်နှင့် သမုဒ္ဒဃောသဇာတ်တို့ ပေါ်ထွန်းလာခဲ့သည်။

ဘကြီးတော် (၁၁၈၁-၁၁၉၉)၊ ကုန်းဘောင်မင်း (၁၁၉၈-၁၂၀၈) ပုဂံမင်း စာဆို ဦးကြင်ဥသည် ရှေးနန်းတွင်းဇာတ်တော်ကြီးများ ရှည်လျားလွန်းသဖြင့် ရက်ပေါင်းများစွာ ကပြရသည်ကို တစ်ညဉ့်တွင်းနှင့် အပြီးကပြနိုင်သော ပြဇာတ်များကို ပြုစုခဲ့သည်။ ဤသို့ဖြင့်မြန်မာစာပေတွင် ဦးကြင်ဥ၏ ဒေဝကုမ္ဘဏ်၊ ပါပဟိန်၊ ဝက်န္တ၊ မဟောသဓာ၊ ဝေဿန္တရာ၊ ကာလကဏ္ဏ ပြဇာတ်များ ပေါ်ထွန်းလာခဲ့သည်။

မင်းတုန်းမင်း(၁၂၁၄-၁၂၄၀) လက်ထက်တွင်မူ စာဆိုဦးပုညသည် တစ်ညဉ့်တွင်းနှင့် အပြီးကပြနိုင်သော ပြဇာတ်များကို ဆက်လက်ရေးဖွဲ့ရာ အထူးကျော်စောထင်ရှားလူကြိုက်များလာသည်။

ဦးကြင်ဥနှင့် ဦးပုညတို့ကြောင့် မြန်မာစာပေစင်မြင့်၌ တင့်တယ်ကြီးပွားလာသော ပြဇာတ်များသည် အရှိန်အဟုန်ဖြင့် တိုးတက်လာရမည့် အခြေအနေကောင်းတွင် သီပေါမင်း (၁၂၄၀-၁၂၄၇) ပါတော်မူရပြီး၊ ဗြိတိသျှနယ်ချဲ့လက်အောက် ကျရောက်ရသည့်အဖြစ်ဆိုးနှင့် ကြုံတွေ့ရသည့်အတွက် ခေတ္တအရှိန်တန့်သွားရသည်။

ဗြိတိသျှကိုလိုနီခေတ်တွင်မူ မော်လမြိုင်ဆရာယော၏ သထုံ ရာဇဝင်ပြဇာတ်၊ ဆတိုင်မှူး ဦးထူး၏ လှုဝံမောင်နှမ ပြဇာတ်၊ ပဲခူးဦးဆုသ၏ စောဖေစောမေ ပြဇာတ်၊ အင်ဖြူကျွန်း ဆရာသင်၏

ဝ"သူတော်ပြဇာတ် စသော ပြဇာတ်၊ ရွှေနေ ဦးပုတ်နီ၏ ကုမာရပြဇာတ်တို့ကြောင့် ပြဇာတ်ခေတ် ပြန်လည် ဆန်းသစ်လာခဲ့သည်။ ထိုသို့ ဆန်းသစ်လာသော ပြဇာတ်များမှာ ဦးကြင်ဥ၊ ဦးပုညတို့၏ ပြဇာတ်များကဲ့သို့ ဇာတ်ကပြရန်ထက် ဖတ်ရှု၍ ရသခံစားရန်ပို၍ ဦးတည်ပေသည်။ ထိုသို့ ပေါ်ထွန်းလာသော ကိုလိုနီခေတ် မြန်မာပြဇာတ်များကို ဖတ်ရှုလေ့လာပါက ခေတ်ကာလ အခြေအနေ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ မြန်မာ့အတွေးအခေါ်နှင့် စာပေအရေးအသား အဆင့်အတန်းတို့ကို တွေ့မြင်နိုင်သည့်အတွက် များစွာ အကျိုးဖြစ်ထွန်းနိုင်ပေသည်။

(၃)

ဦးပုညသည် ထင်ရှားကျော်စောသော ပြဇာတ် ခြောက်ပုဒ်ကိုရေး သားခဲ့ ရုံ မ က ဦးပုည တရားစာ၊ ဦးပုညတရားဟောစာ၊ ဦးပုညဝတ္ထုဟူ၍ အမည်ရသော ဝတ္ထုများကိုလည်း ရေးဖွဲ့ခဲ့ပေသည်။ ထိုဝတ္ထုများကိုရေးဖွဲ့ရာ၌ ဦးပုညသည် ဘုရားဟောဇာတ် နိပါတ်များကိုဇာတ်လမ်းကျောရိုးအဖြစ်ယူပြီး ပါဝင်သော ဇာတ်ဆောင်တို့၏ စရိုက် သဘာဝ ပေါ်လွင်အောင် အားထုတ်သည်၊ ဒါန၊သီလ၏ အကျိုးတရား ပေါ်လွင်လာအောင်အားထုတ်သည်။ ထို့ကြောင့်ဦးပုည၏ဝတ္ထုများကို ထိုခေတ်က ရဟန်းတော်အများ တရားဟောစာ၊ တရားစာအဖြစ် ဟောပြောကြခြင်းဖြစ်သည်။

(၄)

ပြဇာတ်ကောင်း၊ ဝတ္ထုကောင်းများကို ရေးဖွဲ့ရာ၌ စာဆိုသည် မိမိရေးဖွဲ့သောစာ နိုင်ခံ့အောင်၊ ခိုင်ခံ့သောဇာတ်လမ်းကျောရိုးကို ဦးစွာရွေးရသည်။ ထို့နောက် အကောင်းအတွေ့အကြုံ၊ အဆိုးအတွေ့အကြုံ၊ အပြစ်အတွေ့အကြုံ၊ အကျိုးအတွေ့အကြုံစသော အဖြစ်အပျက်အတွေ့အကြုံအမျိုးမျိုးတို့ကို မိမိစိတ်ကူးဉာဏ်ဖြင့် နှစ်သက်ဖွယ်ကောင်းအောင် 'ဇာတ်လမ်း' ဆင်ရသည်။

ဇာတ်လမ်းတွင်ပါရှိသော 'အရေးကိစ္စ' တစ်ခုနှင့် စိတ်ကောင်းရှိခဲ့သောသူတို့က မည်သို့ပြုမူတတ်ပုံ၊ စိတ်သဘောထား သိမ်ဖျင်းယုတ်ညံ့သော သူတို့က မည်သို့ပြုမူတတ်ပုံ၊ လူကောင်းကြောင့် မည်သို့ဖြစ်တတ်ပုံ၊ လူယုတ်-လူညံ့ကြောင့် မည်သို့ဖြစ်တတ်ပုံတို့ကိုဆိုင်သင့်ရာရာ ဖွဲ့ဆိုတတ်ကြသည်။ ထိုအဖွဲ့တို့သည် တကယ့်လူအကြောင်း ဟုတ်ချင်မှဟုတ်မည်၊ တကယ့်အဖြစ်အပျက်အကြောင်းအရာ ဟုတ်ချင်မှဟုတ်မည်။ သို့ရာတွင် ထိုအဖွဲ့များ၌ လူ့၏သဘာဝ ဖြစ်တတ်ပျက်တတ်သော သဘာဝတို့သည် ပါဝင်ကိန်းအောင်းနေလေ့ရှိသည်။

ထိုအဖွဲ့များကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ပတ်ဝန်းကျင်လောက လူ့သဘာဝတို့ကို သတိပြု သိမြင်စေနိုင်ပါသည်။ အကောင်းကို အကောင်းဟူ၍လည်းကောင်း၊ အဆိုးကို အဆိုးဟူ၍လည်းကောင်း၊ အကျိုးကို အကျိုးဟူ၍လည်းကောင်း၊ အပြစ်ကို အပြစ်ဟူ၍လည်းကောင်း ချိန်ဆဆင်ခြင်တတ်သော ဉာဏ်ကို တိုးပွားစေနိုင်ပါသည်။

ပြဇာတ်ဆရာကောင်း၊ ဝတ္ထုဆရာကောင်းတို့သည် မိမိရေးဖွဲ့သောစာကို ပိုမိုအသက်ဝင်ရှုပ်လုံးကြွအောင်၊ ပီပြင်အောင် 'ကာလဒေသ နောက်ခံ'ကို အထူးဂရုပြု၍ ရေးဖွဲ့ကြပြန်ပါသည်။ လွမ်းဆွေးစရာအဖြစ်အပျက်၊ လွမ်းဆွေးနေသော ဇာတ် ဆောင် အ တွက် လွမ်း စ ရာ ကောင်း သော ကာလဒေသနောက်ခံကို ရေးဖွဲ့ပြီး စိတ်တက်ကြွရွှင်မြူးဖွယ်အဖြစ်အပျက်၊ စိတ်တက်ကြွရွှင်မြူးနေသော ဇာတ်ဆောင်အတွက် စိတ်တက်ကြွရွှင်မြူးဖွယ်ကောင်းသော ကာလဒေသနောက်ခံကို ရေးဖွဲ့ပါသည်။ ကာလဒေသနောက်ခံသည် ဇာတ်လမ်းအဖြစ်အပျက်နှင့် ဇာတ်ဆောင်စရိုက်၊ စိတ်ခံစားမှု အမူအရာတို့ကို အမွှန်းတင်ပေးရပါသည်။

ထို့ကြောင့် ပြဇာတ်ကောင်း၊ ဝတ္ထုကောင်းတို့တွင် (၁) ဇာတ်လမ်း၊ (၂) ဇာတ်ဆောင်လူ့သဘာဝအဖွဲ့၊ (၃)ကာလ ဒေသ နောက်ခံဟူသော အင်္ဂါသုံးရပ် အနည်းဆုံးပါရှိသည်။ ထို့ပြင်

စာဆို၏စေတနာ၊ ရည်ရွယ်ချက်နှင့် ထူးခြားသောအရေးအဖွဲ့၊ အဆင်အပြင်၊ ကလောင်စွမ်းရည်တို့ကိုလည်း လေ့လာသင့်သည်။

ထိုအကြောင်းအချက်များတို့ဖြင့် ပြဇာတ်၊ ဝတ္ထုတို့၏ အကောင်းအညွှံ၊ အလေးအပေါ့တို့ကို ချိန်ဆလေ့လာသင့်သည်ဟု (ဆရာဇေယျ၊ ဆရာဇော်ဂျီ စသော စာပေပညာရှင်ကြီးတို့က)အလေးအနက် မိန့်ဆိုကြခြင်း ဖြစ်ပါသည်။

(၅)

ဦးပုညသည် ပြဇာတ်၊ ဝတ္ထုတို့ကို ရေးဖွဲ့ရာ၌ မိမိကိုရေးဖွဲ့ပြုစုပေးပါရန် ပန်ကြားသူတို့၏ လိုအင်ဆန္ဒ ပြည့်ဝစေရေးကို ဦးစားပေးသကဲ့သို့ မိမိရေးဖွဲ့သောစာ ကောင်းမွန်ရေးကိုလည်း ဦးစားပေးခဲ့ပါသည်။ မိမိရေးဖွဲ့သောစာ ရသမြောက်အောင် အားထုတ်ခဲ့ပါသည်။ ကလောင်စွမ်းရည်ကို ပြသခဲ့ပါသည်။

ဦးပုညရေးဖွဲ့သော ပြဇာတ်များအနက် ပဒုမပြဇာတ်သည် ပထမဦးဆုံး ပြဇာတ်ဖြစ်သည်။ ထိုပဒုမပြဇာတ်ကို မင်းတုန်းမင်း၏ညီတော် ကနောင်အိမ်ရှေ့မင်းက မင်းတုန်းမင်းတရားကြီး၏ နန်းတွင်းမိဖုရားအချို့တို့ အကျင့်ဖောက်ပြား လော်လီကြသဖြင့် တားမြစ် ဆုံးမသည့် အနေဖြင့် ပြဇာတ်တစ်ပုဒ်ရေးပေးရန် ပန်ကြားသဖြင့် ကနောင်အိမ်ရှေ့မင်းသားထံ ခစားစဉ် သက္ကရာဇ် ၁၂၂၇ ခုနှစ်တွင် ရေးဖွဲ့ခြင်းဖြစ်သည်။

ဦးပုညသည် ကနောင်အိမ်ရှေ့မင်း၏ လိုအင်ဆန္ဒ ပြည့်ဝစေရန်အတွက် ခိုင်ခံ့သော ဇာတ်လမ်းကြောရိုးအဖြစ် ဘုရားဟော ငါးရာ့ငါးဆယ်ဇာတ်တော် အပါအဝင်၊ဒုကနိပါတ် ရုဟကဝဂ်၊ စူဠပဒုမဇာတ်ကို ရွေးချယ်ပြီး အကျင့်စာရိတ္တ ဖောက်ပြားလော်လီသော မိန်းမယုတ်တို့၏သဘောစရိုက်ပေါ်လွင်အောင် ထိထိခိုက်ခိုက် ပြင်းပြင်းထန်ထန် ရေးဖွဲ့သည်။

ပဒုမ မင်းသား၏ ကြင်ယာတော် မင်းသမီးက အကျင့်ဖောက်ပြန်ပြီး ပေါင်တိုကိုချစ်ကြိုက်ကြောင်း ပြောခန်းတွင် ပေါင်တိုက "ဩော်- အိပ်ရာနံဘေး- မျောက်ကလေး၊ မွေးတဲ့အခန်း၊ ကန့်စွန်းရောရာ၊ ဟင်းနံ့ပါတဲ့၊ ကြာနီဒါန်းများကို၊ နန်းသူအကျင့် အကုန်ဖော်လို့၊ ငှက်ကြော် ဖွင့်ခဲ့တယ်၊ သင့်လိုက်ပါဘိ၊ တက်ကစီးအဟုတ်၊ ကုသိုလ်ထုပ်ကြီးကို၊ ငါဆုပ်မိပြီ၊ ပိဋကတ်ကျမ်းပြု၊ အာပတ်ပြေပြေ - ဟောလိုက်လေ၊ အဆီတွေစုပါဘိ၊ သာဓု-သာဓုအမိငယ်"ဟု ရေရွတ်ညည်းတွားလိုက်သံတွင် ဦးပုည၏ စေတနာရည်ရွယ်ချက် ပေါ်လွင်နေပါသည်။

ပဒုမပြဇာတ်တွင် အကျင့်ပျက်သော မိန်းမတို့၏ စရိုက်ကို အသားပေးရေးဖွဲ့နေသည့်အတွက် ဇာတ်ဆောင်တို့၏စရိုက်ကို ရုပ်လုံးကြွအောင် ရေးဖွဲ့ရာ၌ အားနည်းသွားသည်။ သို့သော် ကနောင်အိမ်ရှေ့မင်းနှင့် ဦးပုညတို့၏ စေတနာရည်ရွယ်ချက်ကား အကောင်အထည်ပေါ် ထမြောက်သွားသည်။ အကျင့်ပျက်သော နန်းတွင်းမိဖုရားတို့ကို ကိုယ်ရှိန်တန့်သွားစေသည်၊ သတိသံဝေဂရသွားစေသည်၊ ဆင်ခြင်တုံတရား ဖြစ်ပွားစေသည်၊ အမှားမြင်၍ အမှန်ပြင်သွားစေနိုင်သည်ဟု အမှတ်အသား တွေ့မြင်ရပါသည်။

(၆)

ပဒုမပြဇာတ်ကို ရေးဖွဲ့ပြီး စင်တော်ကြီးတွင်ကပြရာ အပြစ်ကင်းစင်သော နန်းတွင်းသူမိဖုရား မောင်းမတို့က အကျင့်ယုတ်သော မိန်းမများ ရှိသကဲ့သို့ အကျင့်မှန်သော တော်ဝင်မိန်းမမြတ်များ ရှိကြောင်း သိသာထင်ရှားစေရန် ပြဇာတ်တစ်ပုဒ်ရေးသား ပေးပါရန် ဦးပုညအား (ငွေတော်သုံးပိဿာ)ဉာဏ်ပူဇော်ခပေးပြီး ပန်ကြားတိုက်တွန်းကြသည်။ ထို့ကြောင့် ဦးပုညသည် ငါးရာ့ငါးဆယ်ဇာတ်၊ ဇာတ်ကြီးဆယ်ဘွဲ့ အပါအဝင် ဝေဿန္တရာ ဇာတ်ကို ခိုင်ခံ့သော ဇာတ်လမ်း ကျောရိုးအဖြစ် ရွေးချယ်ပြီး မဒ္ဒီဒေဝီမိန်းမမြတ်၏ဂုဏ်ကို ပေါ်လွင်အောင်ထုတ်ဖော် ရေးဖွဲ့သည်။

ဦးပုညသည် ဝေဿန္တရာပြဇာတ် ပြည့်စုံအောင် ရေးဖွဲ့ခဲ့မည်ဟု မှတ်ထင်ရ သော်လည်း ယခုအခါ ဇာတ်စာအပြည့်အစုံမတွေ့ရဘဲ တစ်ပိုင်းတစ်စသာ တွေ့ကြုံရသည်၊ တွေ့ရ သမျှ ဇာတ်စာများအနက် မန္တလေးတက္ကသိုလ်ကျောင်း၊ ယုတေသနအဖွဲ့မှ ဆရာ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) တည်းဖြတ်သော "ဝေဿန္တရာ" ပြဇာတ်မှာ (ရှာဖွေတွေ့ရှိသမျှသော ဇာတ်စာ တို့ကို ပေါင်းစည်းထားခြင်း ဖြစ်သည့်အတွက်) အတော်အသင့် ပြည့်စုံသောဇာတ်စာဟု ဆိုနိုင် ပါသည်၊ ဇာတ်စာအပြည့်အစုံရရှိ ရှာဖွေသုတေသနပြုရန် လိုနေပါသေးသည်။

ယခု ဖတ်ရှုရသော "ဝေဿန္တရာ" ပြဇာတ်တွင် အခန်း(၄) ခန်းသာ ပါရှိပါသည်၊ "အစ္စုတရှင်ရသေ့နှင့် တပည့်အဂ္ဂတို့အခန်း"သည် ဟာသဉာဏ်ရွှင်လှသော ဦးပုည၏ ကလောင် စွမ်းရည်ကို တွေ့မြင်ခံစားနိုင်ပါသည်၊ ရတနာပုံမန္တလေးခေတ်က သာသနာ့အညစ်အကြေးတို့ကို ဦးပုည သရော်ထား ထေ့ထားသည် ကိုလည်း သိမြင်ခံစားရပါသည်။ "ရုက္ခစိုးနတ်နှင့် တောစောင့်နတ်ဆမီးတို့အခန်း"မှာ ဦးပုည၏ လှပပီပြင်သော သရုပ်ဖော်အဖွဲ့နှင့်ကလောင်စွမ်းရည်ကို ခံစားသိမြင်ရပါသည်၊ "မဒ္ဒီဒေဝီသစ်သီးရှာခန်း" မှာ ဝေဿန္တရာပြဇာတ်၏ အကောင်းဆုံး အခန်းဖြစ်ပြီး မဒ္ဒီဒေဝီ၏ သားသမီးအပေါ်၌ အချစ်အကြင်နာကြီးသော မိခင်စိတ်ဓာတ်၊ လင်သားအပေါ်၌ သစ္စာရှိပြီး တာဝန်ဝတ္တရား ကျေပွန်သော မိန်းမမြတ် စရိုက်၊ ဆွတ်ပျံ့လွမ်းမောဖွယ် ကောင်းသော မဒ္ဒီဒေဝီ၏ လွမ်းသောကတို့ကို တွေ့မြင် ခံစားရပါသည်၊ မိန်းမမြတ်၏ ဂုဏ်ကို ဦးပုည လေးစားမြတ်နိုးကြောင်း ထုတ်ဖော်ပြသည့် အခန်း ဟူ၍ စာပေ ပညာရှင်တို့ မှတ်ချက်ချကြပါသည်၊

(၂)

ပဒုမပြဇာတ်၊ ဝေဿန္တရာပြဇာတ်တို့ကို ရေးဖွဲ့ပြီးချိန်တွင် မင်းတုန်းမင်းကြီးနှင့် ညီတော် ကနောင်အိမ်ရှေ့မင်းတို့ ထိုးနန်းရိုက်ရာနှင့် ပတ်သက်၍ စိတ်မကြည်လင်နေရာမှ ပြန်လည်သင့်မြတ် သွားချိန်ဖြစ်သည်၊ ထိုအခါ ကနောင် အိမ်ရှေ့မင်း က မိမိ ပြစ်မှား မိသည့် အဖြစ်ကို ဝန်ချ တောင်းပန်လိုသည့်အတွက် ဦးပုညအား ပြဇာတ်တစ်ပုဒ် ရေးသားပေးပါရန် ပန်ကြားပါသည်၊ ထို့ကြောင့် ဦးပုညသည် ငါးရာ့ငါးဆယ်ဇာတ်တော်အပါအဝင် အဋ္ဌကနိပါတ် ဂင်္ဂမာလဇာတ်ကို နိုင်ခံ့သော ဇာတ်လမ်းကျောရိုးယူကာ ရေသည်ပြဇာတ်ကို ရေးဖွဲ့ပါသည်၊

"ရေသည် ပြဇာတ်"သည် ဦးပုည၏ ပြဇာတ်များအနက် ပြဇာတ်အင်္ဂါရပ်များနှင့် ညီညွတ် ပြည့်စုံသော အကောင်းဆုံးပြဇာတ်ဖြစ်သည်၊ ဇာတ်လမ်းကို ပီပြင်အောင် ရေးဖွဲ့ နိုင်သကဲ့သို့ ဇာတ်ဆောင်တို့၏စရိုက်ကိုလည်း ထင်ရှားလေးနက်အောင် ရေးဖွဲ့နိုင်သည်ဟု စာပေပညာရှင်အများ မှတ်ချက်ချကြပါသည်၊

ဗာရာဏသီမြို့၊ မြောက်မျက်နှာက ရေရောင်းယောကျ်ားနှင့် မြို့တောင်မျက်နှာက ရေရောင်း မိန်းမတို့၏ ဆင်းရဲမွဲတေလှသော ဘဝသရုပ်ကို ရေးဖွဲ့ထားပုံမှာ ပီပြင်လှပါသည်၊ ရေသည် ယောကျ်ားနှင့် ရေသည်မိန်းမတို့ တွေ့ဆုံ ပြောဆိုကြခန်းတွင် ဦးပုည၏ ဟာသဂုဏ်၊ ဇဝန ပဋိဘာန်ဉာဏ် ရွှင်သန်ထက်မြက်လှပုံကို တွေ့မြင်ခံစားရပါသည်၊ ရသမျှနှင့် ရောင့်ရဲနိုင်သော ရေသည်ဘဝမှ အိမ်ရှေ့မင်းအဖြစ်သို့ ရောက်ရှိသွားသော်လည်း မိမိ ချွေးနည်းစာဖြင့် စုဆောင်း ရှာဖွေထားသော အသပြာ ပဲဝက်ငွေကို မစွန့်နိုင်ရှာဘဲ "အတည်တည် အဝဝ၊ ငါ့ကိုယ်အားကို၊ တရားချ၍၊ မရနိုင်ပါ၊ ပဲဝက်ခန့်မျှ၊ သည်ငွေစကို၊ မတ နဲ့လို့၊ တကာယ့်သဘော၊ ငါ့ရှေ့နားက၊ ဘုရားမတ်မတ်၊ ခြေစုံရပ်၍၊ အတပ်ပင် ဟောလာလဲ၊ သည်ဇောကိုအဟုတ်၊ ငါမချုပ်နိုင်ဘူး" ဟု ရေရွတ်ကာ ပဲဝက်အသပြာကို သွားယူသော အိမ်ရှေ့မင်း၏ စရိုက်ကို ရေးဖွဲ့ထားပုံမှာ ပြုံးချင် စရာ ကောင်းသကဲ့သို့ သင်ခန်းစာ ယူစရာလဲ ကောင်းလှပါသည်၊

ဥယျာဉ်တော်တွင်း၌ ဗာရာဏသီမင်းကြီးက ရေသည် အိမ်ရှေ့မင်းကို ယုံကြည်စိတ်ချစွာဖြင့် ပေါင်ပေါ်ကို ခေါင်းတင်ပြီး စက်တော်ခေါ်ခိုက်တွင် အိမ်ရှေ့မင်း လောဘဇောတရှိန်ရှိန်တက်ကာ သန်လျက်ဖြင့် ခုတ်သတ်ပြီး မင်းစည်းစိမ် ခံစားရန် အကြံဖြစ်လာပုံ၊ စိတ်ယုတ်စိတ်ညံ့ ပေါ်ပေါက်လာပုံ၊ ထိုအခိုက်တွင် ကျေးဇူးရှင်ကို ကျေးမစွပ်သင့်ကြောင်း၊ ကျေးဇူးမကန်းသင့်ကြောင်း၊ ဆင်ခြင်တုံတရား ဝင်လာပုံ၊ စိတ်ကောင်းစိတ်မြတ် ပေါ်လာပုံ ဤသို့ဖြင့် ရေသည် အိမ်ရှေ့မင်း၏ အတွင်းအဇ္ဈတ္တ၌ စိတ်ညံ့နှင့် စိတ်ကောင်း၊ အကုသိုလ်စိတ်နှင့် ကုသိုလ်စိတ်တို့ သူနိုင်ကိုယ်နိုင် အားပြိုင်လွန်ဆွဲနေသည့် အဖြစ်မှာ အထူး သရုပ်ဖော်ပီပြင်လှပါသည်။ စာဖတ်သူတို့ကို ရင်တမမ ဖြစ်အောင် သိလိုစိတ်ဖြင့် မချင့်မရဲ ဖြစ်စေပါသည်။ စိတ်ယုတ်စိတ်ညံ့ကို စိတ်မြတ်စိတ်ကောင်းက အနိုင်ရရှိကာ အိမ်ရှေ့မင်းက ဗာရာဏသီမင်းကြီးကို နှိုးကာ မိမိ ဖြစ်မှားမိသော အဖြစ်ကို ဝန်ချတောင်းပန်သည့် အခါမှ စာဖတ်သူတို့ သက်ပြင်းချကာ စိတ်အေးရပါသည်။ ဇာတ်လမ်းကို အထွတ်အထိပ်ရောက်အောင် ရေးဖွဲ့ပြီးမှ ဇာတ်ကို ဖြေချလိုက်ပုံမှာ ပြဇာတ်ဆရာကောင်း၏ ဂုဏ်ရည်ကို ဖော်ထုတ်လိုက်သည်ဟု ဆိုနိုင်ပါသည်။

ဦးပုညသည် ရေသည်ယောကျ်ား၏ စရိုက်ကို ပီပြင်အောင် ရေးဖွဲ့သကဲ့သို့ ရေသည်မိန်းမ၏ စရိုက်ကိုလည်း နှစ်သက် မြင်နိုးစရာကောင်းအောင် ရေးဖွဲ့ပါသည်။ ရေသည်မိန်းမသည် ရေသည်ယောကျ်ားကို ဆင်းရဲမွဲတေသည့် ရေသည်ဘဝတွင် တွေ့ဆုံချစ်ကြိုက်ပြီး လက်ထပ်ခဲ့သည်။ အိမ်ရှေ့မိဖုရား အဖြစ်တွင် မင်း စည်းစိမ်ကို ကောင်းစွာ ခံစားနေရသည်။ သို့သော် အိမ်ရှေ့မင်းက မင်းစည်းစိမ်ချမ်းသာကို စွန့်ကာ တောထွက်မည့်အကြောင်း ပြောကြားသောအခါ အိမ်ရှေ့မိဖုရားသည် မင်းစည်းစိမ်ကို မတွယ်တာ မကပ်ငြိ၊ "ပတ္တမြားအပွင့်၊ မြကေဆင့်၊ မခင့်လည်ဆွဲ၊ ရဝေရိပ်ကြာ- ရွှေလီပ်ပြာ၊ သေခါမှ ခွဲမယ်လို့၊ စွဲမိတဲ့သခင်၊ လေနဲ့မည်စိုး၊ ရွှေသည်းမှာ ပျိုးပါတဲ့၊ မညှိုးပင်ကို၊ ရှင်ကွဲဘယ်နှယ့်၊ မသေဘဲနှင့် ခွဲရမယ်"ဟု ဆိုကာ အိမ်ရှေ့မင်းနှင့်အတူ တောထွက်ရာသို့ လိုက်ပါသွားသည်။ ထို့ကြောင့် မိန်းမမြတ်တို့ကို လေးစားသည့်စိတ်ဖြင့် ရေသည်မိန်းမ၏ စရိုက်ကို ဦးပုညသရုပ်ဖော် ရေးဖွဲ့သည်ဟု မှတ်ချက်ချခြင်းဖြစ်ပါသည်။

(ဂ)

ရေသည် ပြဇာတ်ကဲ့သို့ ဦးပုည၏ ထင်ရှားသော ပြဇာတ်မှာ **ဝိဇယပြဇာတ်** ဖြစ်ပါသည်။ ထိုပြဇာတ်ကို ရေးသားခြင်းနှင့် ပတ်သက်၍ အမှတ်အသားများ ကွဲပြားနေပါသည်။ (၁) ကနောင်အိမ်ရှေ့မင်းက တူတော် မြင်ကွန်းမင်းသား မြင်းခုံတိုင်မင်းသားတို့ ဆိုးသွမ်းနေသည့်အကြောင်းကို နောင်တော် မင်းတုန်းမင်း သိစေရန်အတွက် ဦးပုညကို ရေးသားခိုင်းသည်။ (၂) မင်းတုန်းမင်းကိုယ်တိုင် သားတော်များ ယောက်ရမ်းဆိုးသွမ်းနေသဖြင့် သတိပေး ဆုံးမလိုသည့်အတွက် ဦးပုညကို ရေးစေသည်။ (၃) ရွှေဘိုမင်း၏ သားတော်ကြီးဖြစ်သော ပုဂံမင်းသားက တောင်းပန်သည့်အတွက် ဦးပုည ရေးသားသည်။

ထိုသို့ ကွဲပြားနေသော အမှတ်အသားများအနက် ပထမ အမှတ်အသား ဖြစ်သော အိမ်ရှေ့ ကနောင်မင်းက ပန်ကြားသည့်အတွက် "ဝိဇယ" ပြဇာတ်ကို ဦးပုည ရေးသားသည်ဟူသော အမှတ်အသားကို အကြောင်းယုတ္တိ သင့်သဖြင့် လက်ခံသူများပါသည်။ "ဝိဇယ" ပြဇာတ်ကို ရေးသားရာ၌ ဦးပုညသည် သီဟိုဠ်မဟာဝင်ကျမ်း၊ သီဟဗာဟုဇာတ်ကို ခိုင်ခံ့သော ဇာတ်လမ်းကျောရိုးအဖြစ်ယူပြီး ပြောင်မြောက်အောင် ရေးဖွဲ့ခဲ့ပါသည်။

ဝိဇယမင်းသားကို တိုင်းပြည်မှ နှင်ခန်းတွင် ဝိဇယမင်းသားနှင့် ကျွန်ခုနစ်ရာတို့ ဆိုးသွမ်းပြီး လုယက် တိုက်ခိုက်နေကြသည့်အတွက် တိုင်းသူပြည်သားများ မခံမရပ်နိုင် ဖြစ်ကြပြီး သံပြိုင်ဟစ်အော်ကြရသည့်အတွက် သီဟဗာဟုမင်းကြီး ကိုယ်တိုင် စုံစမ်းမေးမြန်းရာ ဝိဇယမင်းသားက

"ပြည်မတိုင်းသား၊ မျိုးမတော်များတို့၊ ကြားတိုင်းမြင်တိုင်း၊ ဆိုးယုတ်တိုင်းကို၊ ဟုတ်တိုင်းမတင်၊ သားတော်သော့သွမ်း၊ပေါ့ရမ်းသည့်အမှု၊ တစ်ထောင်လောက်ပြုလို့မှ၊ တစ်ခုသာ တင်ပါသည်" ဟု ရဲရဲဝံ့ဝံ့ ဝန်ခံ ပြောကြားပုံ၊ ထိုအခါ သီဟဗာဟု မင်းကြီးက "မခေါက်မရက်၊ နှစ်သက်ကြည်နူး၊ ခေါက်မည်ဝေးခဲ့၊ ဟဲ့-နင့်တဲ့လို့မှ ခေါ်ခဲ့ဘူး၊ သားရှူးသားမိုက်၊ ဒုစရိုက်" ဖြစ်သော ဝိဇယမင်းသားကို "ရေမြေ့သနင်း၊ မင်းတို့ဓမ္မတာ၊ ပြည်သူနှင့်သား၊ အချစ်အားဖြင့် မခြားရာ၊ မေတ္တာညီမျှကောင်းပေသည်" ဟူသော ရာဇဓမ္မတရားကို ကိုင်စွဲပြုကာ သတ်မိန့်ပေးပုံ၊ ထိုအခါ မိဖုရားကြီးက တောင်းပန်၊ ဝန်တို့က အသနားခံသည့်အတွက် သေမိန့်ကို ပြန်ရုပ်ပြီး ပြည်နှင်ဒဏ်ပေးပုံတို့ကို ဦးပုညသည် လိုက်နာမှတ်သားစရာ၊ အတုယူစရာဖြစ်အောင် အကျိုးသင့်အကြောင်းသင့် တစ်ဆင့်ပြီး တစ်ဆင့် ပြောင်မြောက်စွာ ရေးဖွဲ့ထားပါသည်။

ပြည်နှင်ဒဏ်ခံရသော ဝိဇယမင်းသားတို့ ဖောင်ပျက်ပြီး လင်္ကာဒီပကျွန်းသို့အရောက်တွင် ရဟန်းအသွင်ဆောင်ထားသော ဥပ္ပလပဏ္ဏနတ်သားနှင့် တွေ့ဆုံခန်းတွင် နတ်သားက 'ဒကာနှယ်၊ သနားဖွယ်တို့သည်၊ ပင်လယ်မြစ်မှာ၊ ရေနစ်လို့မသေ၊ သည်ကျွန်းသို့ရောက်ကာမှ၊ အူပေါက်လို့ သေမယ်လို့၊ တုမှေ့-သင်ဒကာတို့သည်။ အာဂစ္ဆန္တိ-လာကြကုန်၏' ဟု ခပ်ရွှင်ရွှင်မိန့်ကြားပုံ၊ ထိုအခါ ဝိဇယက 'ကေရာဇ်ဖွား၊ ဝိဇယတဲ့ဘကြီးသား လားလားမှကြံပါဘူး၊ လူပုံကိုကြည့်တော်မူစမ်းပါဦး ဆရာတော်ဘုရား' ဟု ခပ်ရဲရဲလျှောက်ထားပုံတို့မှာ နှစ်သက်စရာကောင်းလှပါသည်။

ထို့ပြင် လင်္ကာဒီပကျွန်းသို့အရောက် ဝိဇယမင်းသား ရေမြေတောတောင်ကို ရှုကြည့်ပြီး ပြောကြားသောစကားတို့မှာ စိတ်မျက်စိထဲတွင် မြင်ယောင်အောင် ဖြစ်လာစေသည်အထိ စာပန်းချီခြယ်သနိုင်ဟု ကျော်စောပါသည်။ ထို့အတူ မယ်ကုဝဏ်၏ 'ထောင့်ပါးရာ ကိုးလသာရှေ့တိုက်ကို၊ သော့ရိုက်လို့ထား၊ ဖွင့်မည့်သူပေါ်လာခဲလို့၊ အူထဲကယား' အစချီသည့် လူသားရှာအသွားမတ်တိုက်စကားမှာလည်း ရွတ်ဆိုစရာ ပြောစမှတ်ပြုစရာ ကောင်းအောင်လက်ရာမြောက်လှပါသည်။

ဝိဇယမင်းသားနှင့် မယ်ကုဝဏ်တွေ့ခန်းတွင် ဦးပုည၏ နူးညံ့ သိမ်မွေ့ ရမည့် နေ ရာ တွင် သူမတူအောင် နူးနိုင်နွဲ့နိုင် သိမ်မွေ့နိုင်သော ကလောင်စွမ်းရည်၊ ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းပျပျ ပြောဆိုရမည့်နေရာတွင် သူမတူအောင် ကြမ်းရမ်းနိုင်သော ကလောင်စွမ်းရည်တို့ကို တွေ့ရပါသည်။ ဝိဇယမင်းသားနှင့် မယ်ကုဝဏ်တို့၏ ပြောစကားများတွင် ဝိဇယမင်းသား၏စရိုက်၊ မယ်ကုဝဏ်တို့၏ စရိုက်သည် ထင်းခနဲ ထင်းခနဲ ပေါ်လွင်နေပါသည်။

မယ်ကုဝဏ်က ဝိဇယမင်းသားကို 'အခေါင်မြင့်အောင်၊ အရှင့်အကျိုး- ပန်းနှယ်ပျိုး၊ တိုး၍ကြံပါမယ်' ဟု ပြောကြားပြီး၊ 'ထီးတင်တဲ့ပုံ၊ ကိစ္စကုန်လျှင်၊ မဖုံမမက်၊ မြမ်းကိုဖျက်သည့်နှယ် မိမိကို စွန့်ပစ်ခြင်းမပြုပါနှင့်' ဟု ခံဝန်ကတိစကားတောင်းကာ လင်္ကာဒီပ ထီးနန်းကိုရအောင် ကြံဆောင်ပေးပါသည်။

လင်္ကာဒီပ ထီးနန်းကိုရသောအခါ ဝိဇယမင်းသားသည် ကတိအတိုင်း မယ်ကုဝဏ်ကို ချီးမြှောက်သည်။ သို့သော် တောင်ညာစံဒေဝီအဖြစ် အတူယှဉ်တွဲပြီး မုဒ္ဓါဘိသိက်မြှောက်ရန်အတွက်မူ 'ကေရာဇ်သမီး နန်းထက်ကြီးကို' ရှာခိုင်းသည်။ မဓုရာပြည်မှ မင်းသမီးရောက်လာသောအခါ 'ဘုန်းကြွယ်မြတ်စွာ၊ သာသနာကို၊ ဒကာခံသူ၊ မင်းမြတ်ပဥ္စက၊ လူမိဖုရား၊ နန်းညာဖွားနှင့်၊ နှစ်ပါးမသွေ၊ သာသနာမူ၊ တိုင်ပင်ရှု၍ပြုမြဲပေ' ဟူသော အကြောင်းပြချက်ဖြင့် တောင်ညာစံဒေဝီ တင်မြှောက်ရမည့်အဖြစ်ကို မယ် ကု ဝဏ် အား ရှင်း ပြ ပြီး နယ်နှင်သည်။ မယ်ကုဝဏ်နှင့်ရသော ရင်သွေးတော်နှစ်ပါးတို့ကို မိမိစောင့်ရှောက်မည်ဖြစ်ကြောင်း ပြောသော်လည်း မယ်ကုဝဏ်က လက်မခံဘဲ သားတော်နှစ်ပါးကို လက်ဆွဲကာ နန်းထဲမှထွက်ခွာသွားသည်။

ဦးပုညသည်ဤအဖြစ်အပျက်တို့ကိုစာဖတ်သူတို့အမှန်အကန်သိမြင်ပြီး စဉ်းစားဆုံးဖြတ်နိုင်ရန် သမာသမတ်ရေးဖွဲ့သည်ဟု ဆိုနိုင်သော်လည်း၊ ထွက်တော်မူနန်းကခွာရသော မယ်ကုဝဏ်ကိုကရု

ဆာသက်ထားသည်ဟု သိမြင်ခံစားရသည်။ "စေတီတော်ကြီး၊ ထီးတင်လို့ပြီးပြီမို့၊ ထီးကိုမွမ်းမံ၊ ကြိမ်ဝါးခြမ်းနှင့်- ငြမ်းကိုလှန်၊ ပုံစံဆိုးနှင့်၊ လုံးလုံးမယ်မှ ကြုံတော့တယ်" ဟူသော မယ်ကုဝဏ် စကားသည် ရင်ထဲမှာ ငြိသွားစေပါသည်။ "ခုကာလသည်ခေတ်မှာ လေ့နစ်တဲ့ထုံးစံ၊ ကုက္ကလံလို ဉာဏ်တစ်စောင်းငယ်နှင့်၊ ကိုယ့်ကိုယ်ကောင်းသာကြံတဲ့လင်" ဟူသော ရန်တွေ့စကားကိုပင်နှစ်သက် အားရမိပါသည်။

ဦးပုညသည် ဝိဇယပြဇာတ်ရေးဖွဲ့ရာ၌ အခန်းတိုင်း ဂရုတစိုက်ရေးဖွဲ့သည်ဟု မှတ်ယူနိုင် ပါသည်။ ဝိဇယမင်းသား၏ စရိုက်၊ မယ်ကုဝဏ်တို့၏ စရိုက်မှာ ပီပြင်ပြီးရုပ်လုံးကြွနေပါသည်။ ဝိဇယပြဇာတ်၏ အဓိကပင်မသည် တာဝန်ဝတ္တရားနှင့်လူသားတို့၏ကံကြမ္မာဖြစ်သည်။ သီဟဗာဟု မင်းကြီးသည် သားတော်ဝိဇယမင်းသားကို ချစ်မြတ်နိုးသော်လည်း တာဝန်ဝတ္တရားအရ ပြည်နှင် ဒဏ်ပေးခဲ့ရသည်။ ဝိဇယမင်းသားသည် မယ်ကုဝဏ်ကိုချစ်မြတ်နိုးသော်လည်း ရာဇထုံးတမ်းစဉ်လာ ကိုလေးစားလိုက်နာရမည့် တာဝန်ဝတ္တရားအရ ကောရဇ်မင်းသမီးကိုရှာပြီး တောင်ညာစံဒေဝီ တင်မြှောက်ရသည်။ ထိုတာဝန်ဝတ္တရားနှင့်လူသားတို့၏ကြမ္မာတွင် အလူးအလိမ့်ခံသွားရသူကား မယ်ကုဝဏ်ဖြစ်သည်။ မယ်ကုဝဏ်သည် အချစ်ကိုအရှုံးအမူးကိုးကွယ်ကာ မိမိတိုင်းပြည်နှင့်လူမျိုး အပေါ်သစ္စာဖောက်ခဲ့သည်။ သို့သော်အချစ်၏ ချိုမြိန်သောအရသာကိုမခံစားရ ခါးသည်းသော အရသာကိုခံစားသွားရသည်။ မယ်ကုဝဏ်သည် စိတ်ဝင်စားဖွယ်အကောင်းဆုံး အပေါ်ထင်ဆုံး ဇာတ်ကောင်ဖြစ်သည်ဟု မှတ်ချက်ချကြပါသည်။

(၉)

"ဝိဇယ"ပြဇတ်ကြောင့် ဦးပုည၏ ကျော်စောမှုအရှိန်အဝါ အထွတ်အထိပ် ရောက်နေချိန် တွင် **ကောသလပြဇာတ်ကို** ဦးပုညရေးဖွဲ့ပါသည်။ ဇာတ်ဆရာကြီး ဦးကြင်ဥ၏ "ဒေဝကုမ္ဘက်" ပြဇာတ်ကဲ့သို့ မိမိကိုယ်ပိုင်တီထွင်ဉာဏ်ဖြင့် ဖန်တီးရေးဖွဲ့သောဒဏ္ဍာရီဇာတ်၊ ထိုးဇာတ်ဖြစ်သည်ဟု မှတ်သားရပါသည်။ ဇာတ်လမ်းကျောရိုး ခိုင်မာမှုမရှိခြင်း၊ သဘာဝလွန်တန်ခိုးရှင်များ၊ ဖြစ်တောင့် ဖြစ်ခဲ့ဆန်းကြယ်သောဖြစ်ရပ်များ၊ အသင့်ယုတ္တိမခိုင်မာသော ဖြစ်ရပ်များပါဝင်ခြင်း တို့ကြောင့် ဦးပုည၏အခြားပြဇာတ်များကဲ့သို့ နားမည်ကျော်ကြားခြင်းမရှိပေ။

တန်ခိုးအင်အားကြီးမားလာသော ဗာရာဏသီတိုင်း၊ ဗာရာဏသီမင်းကြီးထံသို့ ရိပ်ဖြုံဆောင်း မင်းအပေါင်းတို့ လာရောက်၍ ဝပ်စင်းဦးခိုက်ခြင်း မရှိသည့်အတွက် စစ်ဗျူဟာ ခင်းကျင်း၍ တိုက်ခိုက်သိမ်းပိုက်ရန် စီမံဆောင်ရွက်သည်။ ထိုအခါ ကောသလမင်းကမိမိဝန်ကြီး၊ အမတ်ကြီးများ နှင့် တိုင်ပင်ဆွေးနွေးသည်။

ဘုန်းကံသခင်၊ တစ်ဘုရင်ပါကို၊ စက္ကူမင်တမျည်းအောက်က၊ စာရင်းပေါက်မခံလိုဘူး၊ဗိုလ် ပါစည်းရုံး၊ ဘဝင်မိုးယံ၊ ဖြိုးဖြိုးလျှံမျှ၊ အောင်သံကျူး၊ "ငါဘုန်းနှင့် ခြားနားတော်မူမည် မှူး မတ်များ"ဟု ကောသလမင်းက မိမိဆန္ဒသဘောကို ဖွင့်ဟသော်လည်း အမတ်တို့က ထီးဖြူဆောင်း ချင်း၊ မင်းတို့မျက်မာန်၊ ဗာစ်ဖက်ရန်ကို သည်းခံခြင်းနှလုံးရေးနှစ် အောင်မြေနင်းတော်မူပါမည့် အကြောင်းကို အမတ်ပေါင်းတို့က"တင်ပါသည်ဘုရား"ဟု လျှောက်တင်ကြသည်။

ထိုအခါ ကောသလမင်းက "ဘုရားအကြိုက်၊ တရားသို့လိုက်လျှင်လည်း၊ လူ့ဥ္ဆအရေးညံ့ခဲ့ သည်၊ တရားမဆံ၊ အားတိုက်ကြံ၍၊ ရန်ကိုအောင်မြင်ဖူးသည်"ဟု မိန့်ကြားသော်လည်း၊အမတ်တို့က သဘောမတူဘဲ သည်းခံရန်သာ မိန့်ကြားသည်။ ဤသို့သာဝတ္ထိတိုင်း ကောသလမင်းနှင့်အမတ်တို့ ပြောဆိုဆွေးနွေးချက်တို့သည် မှတ်သားဆင်ခြင်စရာ ကောင်းလှပါသည်။ ဦးပုညတို့ခေတ်တွင် တွေ့ ကြုံနေသော နယ်ချဲ့ဗြိတိသျှတို့နှင့် ပတ်သက်သည့် သဘောထားတို့ကို ထင်ဟပ်လျက် ရှိသည်ဟု အမှတ်အသား ရှိပါသည်။

ကောသလပြဇာတ်၏ အခြား ထူးခြားချက်မှာ ဆိတ်ထိန်းလင်မယား မောင်အော်လံနှင့် မစက်ကွင်းတို့၏ အခန်းဖြစ်သည်၊ ထိုအခန်းကို ဦးပုညသည် ဟာသမြောက်အောင် ရေးဖွဲ့ရာ၌ အနည်းငယ် ရှန့်ရင်းကြမ်းတမ်းသည်ဟု ဝေဖန်ခြင်း ခံရပေသည်၊

ဦးပုညသည် ပဒုမ၊ ဝေဿန္တရာ၊ ရေသည်၊ ဝိဇယ၊ ကောသလ ပြဇာတ် ငါးစောင်အပြင် "ဝါသုဒေဝ" ပြဇာတ်နှင့် "ကုသ" ပြဇာတ်နှစ်စောင်ကိုလည်း ရေးသားခဲ့ကြောင်း အမှတ်အသား ရှိသည်၊ သို့သော် ဝါသုဒေဝပြဇာတ်နှင့် ကုသပြဇာတ်တို့ကို ယခုအခါ ရှာဖွေ၍ မတွေ့ရှိသေးပါ၊

(၁၀)

ဦးပုည၏ ပြဇာတ်များနှင့် ဝတ္ထုများကို ဖတ်ရှုလေ့လာသူတိုင်းပင် ဦးပုည၏ကလောင်စွမ်း ရည်ကို လေးစားချီးကျူးကြရပါသည်။

မြန်မာစာပေသမိုင်း (၁၉၃၉-ခုနှစ်)တွင် ဆရာကြီး ဦးဖေမောင်တင်က "ပြဇာတ်ရေးရာ တွင် ဦးပုညနှင့် ဦးကြင်ဥတို့သည် တစ်မျိုးစီကောင်းကြသည်၊ ဦးကြင်ဥက မိမိတို့တွင် ဉာဏ်ဖြင့် ဓဏ္ဍာရီပုံပြင်ကိုဖန်တီး၍ ပြဇာတ်ရေးသည်၊ ဦးပုညက ဘုရားဟောဇာတ်ဝတ္ထုများကို မှီငြမ်းပြု၍ ရေးသည်၊ ဇာတ်ကြောင်းဆင်ရာတွင် ဦးကြင်ဥက ပင်ကိုယ်ဉာဏ်ကို အသုံးပြုသောကြောင့်ဦးပုည ထက်သာသည်ဟု ဆိုရပေမည်၊ သို့ရာတွင် စကားလုံး ကြွယ်ဝမှု၊ စိတ်ကိုထိခိုက် စွဲညှိအောင်ဖွဲ့ ဆိုမှု၊ ရယ်ရွှင်ဖွယ်ဖြစ်အောင် ရေးသားမှုတို့၌ ဦးပုညက ဦးကြင်ဥထက်သာသည်၊ အားလုံးပေါ် တွင် ခြုံ၍ကြည့်မည်ဆိုသော် နှစ်ဦးလုံးပင် ပထမတန်းစား ထားထိုက်သော ပြဇာတ်ဆရာကြီးများ ဖြစ်ကြသည်" ဟူ၍ မှတ်ချက်ချီးကျူးထားသည်၊

ဦးပုညနှင့် ရှိတ်စပီးယားဆောင်းပါး (၁၉၆၃ခုနှစ်)တွင် ဆရာဇော်ဂျီက ဦးပုညသည် တေးကဗျာ ရေးရာ၌ဖြစ်စေ၊ ပြဇာတ်ရေးရာ၌ဖြစ်စေ၊ဥပမာအလင်္ကာ၊ ရူပကအလင်္ကာတို့ကိုလည်း၊ သုတိသာယာမှုကိုလည်း ဖန်တီးတတ်သူဖြစ်ကြောင်း ဖော်ပြပြီးနောက် ဦးပုညသည်လောကသဘာဝ၊ လူ့သဘာဝတို့ကို ထွင်းသိ မြင်တတ်ကြောင်း၊ ထိုးထွင်းသိ မြင်တတ်သောဉာဏ်ဖြင့် ဦးပုညသည် စာဖတ်သူတို့ကို ဘဝအမြင် အသိ ရသမျိုး ပေးတတ်ကြောင်း ဖော်ပြသည်၊ ထိုနောက်ဆဒ္ဒန်ဆင် မင်းဝတ္ထုမှသောနုတ္တရမုဆိုး၏ လျှောက်တင်စကားကို ခွဲခြမ်းဝေဖန်ပြပြီး "လောကသဘာဝ၊ လူ့ သဘာဝတို့ကို ထိုးထွင်းသိမြင်တတ်သော ဉာဏ်ခံရှိရာတွင် ဦးပုညနှင့် ရှိတ်စပီးယားတို့ တူကြသည်ဟု ယူချင်ပါသည်" ဟု ချီးကျူးဂုဏ်ပြုခဲ့ပါသည်။

ဦးပုည၏ စာများကို တစ်စုတစ်စည်းထုတ်ဝေသော ဦးပုည၏ စာပန်းကုံးများ (ပထမတွဲ) (ဒုတိယတွဲ) စာအုပ်ထွက်လာသည်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါသည်၊ မြန်မာ ဂန္ထဝင် စာကောင်း ပေကောင်းများကို ဆက်လက်သီကုံးပေးနိုင်ပါစေဟုလည်း ဆန္ဒပြုပါသည်၊

တက္ကသိုလ် ဝင်းမွန်

ကထိက -မြန်မာစာဌာန

ရန်ကုန်တက္ကသိုလ်၊

၁၉၉၁ ခုနှစ်၊စက်တင်ဘာလ (၁)ရက်

ရန်ကုန်မြို့၊

# စလေဦးပုည အတ္ထုပ္ပတ္တိ

ဦးပုညကိုစလေမြို့တိုက်စုရပ်၌ ၁၁၇၄ ခုနှစ် ကဆုန်လဆန်း ၁၃ ရက် ကြာသပတေး နေ့တွင် ဖွားမြင်သည်၊ ဦးပုညဖွားသော သက္ကရာဇ်မှာ အမှတ်အသား မညီကြ။ အချို့က ၁၁၇၄ ခု၊ အချို့က ၁၁၇၈ ခုဟူ၍ ပြောဆိုကွဲပြားကြသည်၊ ဦးပုည၏အဖမှာ စလေမြို့ သူကြီးရိုး ပုညသမန်းမျိုး ဦးမြတ်စံဖြစ်သည်၊ အမိမှာ ဒေါ်လှရင်ဖြစ်သည်၊ မိဘအမည်နှင့် စပ်လျဉ်း၍လည်း အမျိုးမျိုးကွဲပြားလျက်ရှိသည်၊ ဦးပုည၏ဖခင် ဦးမြတ်စံကား သာယာဝတီ မင်း၏အိမ်တော်တွင် အကြီးတော်အဖြစ်ထမ်းရွက်ရသည်၊ မိခင်ဒေါ်လှရင်မှာမူ စလေဂုခန်း ငယ်မြို့သူကြီး၏သမီးဖြစ်သည်၊ ဦးပုည၏ငယ်မည်မှာ မောင်ပုတ်စည်ဖြစ်သည်၊ သူ၏မိဘက **နှစ်-နှစ်သားအရွယ်တွင်သူ့ကိုခေါ်၍စလေမြို့မှ အမရပူရမြို့သာယာဝတီမင်း၏အိမ်တော်သို့ အခစားသွားရောက်သောအခါ စည်တော်ရုံ၌ ခေတ္တမျှ ကြည့်ရှုနေကြစဉ် နှစ်-နှစ်သားအရွယ်မျှ ရှိသေးသောသူသည် စည်တော်ကြီးများကို ပုတ်ခတ်ကစားခဲ့သည်၊** ဤသည်ကို သာယာဝတီ မင်း သိတော်မူရကား "စည်ကြီးများကို ပုတ်ခတ်ကစားခြင်းမှာ ဤသူငယ်ကြီးသောအခါ ကဗျာလက်ာမှစ၍ ပညာအလုံးစုံ တတ်မြောက်မည့် နိမိတ်ဖြစ်သည်" ဟု နိမိတ်ဖတ်ကာ ရွှေဒေါင်းခွက် နှစ်ကျပ်သား၊ ငွေခြေကျင်းခေါင်းပွကြီးတစ်ရံ တစ်ဆယ်သားကို သနားချီးမြှင့် လက်ဖွဲ့တော်မူရင်း "မောင်ပုတ်စည်" အမည်တွင်စေဟု အမည်ပေးခဲ့သဖြင့် မောင်ပုတ်စည် ဖြစ်သည်၊ ဦးပုည၏ကန့်ကူလက်လှည့်ငယ်ဆရာကား တူမောင်းဆရာတော်ဦးဒီပ၊စလေမြို့မ ခင်ကြီး စသူတို့ဖြစ်ကြသည်၊စလေခင်ကြီးသာ၊ ပုံ့ပုရွှေကျောင်းနေ ဒလခင်ကြီး၊ အမရပူရ ဗန်းမော်ဆရာတော်တို့ မှာ ဦးပုည၏ ကြီးဆရာများဖြစ်ကြသည်၊

အသက် ရှစ်နှစ်အရွယ်တွင် မောင်ပုတ်စည်သည် စလေ၌ ရှင်ပြုပြီးနောက် ဗန်းမော် ဆရာတော်ထံတွင် ပညာဆည်းပူးသည်၊ ရှင်ငယ်အဖြစ်နှင့်ပင် ပိဋကတ်၊ ဗေဒင်သင်္ချာတကျမ်း တို့ကိုတတ်ခြင်း၊ စာရေးစာဖတ် ကောင်းခြင်းတို့ကြောင့် ကျော်စောခဲ့သည်၊ ရှင်မည်မှာ ရှင်ပုညသိဒ္ဓိဇဖြစ်သည်၊ ယင်းအမည်ကိုစွဲ၍ နောင်တွင် ဦးပုညဟု တွင်ခြင်းဖြစ်သည်၊

၁၁၉၄ခုနှစ်တွင် ဗန်းမော်တိုက်၌ ပဉ္စင်းခံသည်။ ရဟန်းငါးဝါအရတွင် စလေသို့ဆင်း ၍ကျောင်းထိုင်စဉ်အတွင်း ဗေဒင်မေးသူ၊ ဆေးဝါးတောင်းသူ၊ မေတ္တာစာ ရေးခိုင်းသူ ဒကာမတို့ အဆည်းအကပ်ထူထပ်သည်နှင့် စလေမြို့အုပ်မင်းကပင် သံသယမကင်းရှိခဲ့သည်၊ ထိုအကြောင်းကို လူပျိုမလှည့်ကြောင်းမေတ္တာစာ၊ ပြန်ပေးစာတို့ဖြင့် ထင်ရှားစေနိုင်သည်၊ အဆုံးတွင်မူ လူထွက်ရသည့် အခြေသို့ပင်ရောက်ကာ ၁၂၀၃ ခုနှစ်၌ သာယာဝတီမင်း ရန်ကုန်သို့စုန်တော်မူရာတွင် လိုက်ပါခဲ့သည်။ ရန်ကုန်၌ဗဟန်းတောလားဘွဲ့များကိုရေးသည်၊ ရန်ကုန်တွင် ခေတ္တနေထိုင်ပြီးနောက် အမရပူရမြို့ ဗန်းမော်တိုက်၊ ဗန်းမော်ဆရာတော်ထံတွင်

သာမဏေပြုပြန်သည်။ ထိုစဉ်မှစ၍ တရားစာ၊ မေတ္တာစာ၊ ဗေဒင်ဟောကိန်း၊ လင်္ကာစသည်တို့ကို မြောက်မြားစွာရေးသည်။

ဦးပုညကား ဆန်း၊ အလင်္ကာ၊ သဒ္ဒါ၊ အဘိဓာန် စသောကျမ်း ထိုထိုကို ငယ်စဉ်ကပင် လေ့ကျက် ကျွမ်းမြောက်ပြီး ဖြစ်သည့်ပြင်၊ ပိဋကတ်ဗေဒင် ရာဇဝင်နှင့်တကွ သက္ကတကျမ်းများကိုပင် နှံ့စပ် လှသဖြင့် အကိုးအကား ခိုင်ခံ့သည်။ အဆိုအမိန့်ကျစ်လျစ်သည်။ အတွေးအခေါ် နက်ရှိုင်း စူးရှသည်။ တီထွင် သစ်လွင်သော ဝေါဟာရများကို စိတ်တိုင်းကျလိုရာ စေခိုင်းကာ သူ၏ နက်နဲသော အတွေးအခေါ်ကို ဂီသစေသည်။ အပြောင်အပြက် ရွှန်းရွှန်းဝေသော ဝေါဟာရများကို အထာကျကျ သုံးနှုန်းကာ သူ့အပြုံးကို ပေါ်လွင်စေခဲ့သည်။

တေးထပ် မေတ္တာစာ စသော စာများကို ရေးသားနေသော်လည်း ခေတ်ကိုမူ မျက်ခြည်ပြတ်ခံသူ မဟုတ်ပေ။ သက္ကရာဇ် ၁၂၀၈ ခုနှစ်တွင် ရွှေဘိုမင်းနတ်ပြည်စံလေသည်။ သားတော်ကြီးဖြစ်သူ ပုဂံမင်း နန်းတော်တွင် ဦးပုည၏ ဝရီးတော်သူ မင်းကြီး ဦးပွား ကောင်းစားတော့သည်။ ဦးပွားကား ပုဂံမင်း၏ အမ်မဲတော်ပါ ကျွန်တော်ရင်း ဖြစ်သောကြောင့် ပုဂံမင်း အထွတ်အထိပ်ရောက်သော် အတွင်းဝန်၊ ကျီဝန်၊ သတိုးမင်းကြီး မဟာသက်တော်ရှည်အဖြစ် ထမ်းရွက်ရပေသည်။

သက္ကရာဇ် ၁၂၁၀ ပြည့်နှစ်တွင် ပုဂံမင်းက ဇန်းမော်ဆရာတော်အား "ပဏ္ဍိတ ဝံသာဘိဓဇ မဟာ ဓမ္မာရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ကပ်လှူသည်။ ဝရီးတော်သူ မင်းကြီးသက်တော်ရှည်နှင့် မိမိ ဆည်းကပ်သော မင်းပေါက် စိုးပေါက် ဇန်းမော် ဆရာတော်တို့ဘုန်းမီးနေလ ထွန်းပသောခေတ်တွင် ဦးပုညကား ဘဝတစ်ဆစ်ချိုးပြန်သည်။ ယင်းသို့သောအမှီပြုဖွယ် ၊ငြမ်းကြီး နှစ်သွယ်ကို အားထားလျက် သာမဏေဘဝမှ လူထွက်ပြန်သည်။ သာမဏေဘဝမှ လူထွက်ပြီးသော် ပုဂံမင်းထံ အမှုတော်ထမ်းရင်း မြို့သူကြီး ရှိးကိုပြန်၍ဆက်နိုင်အောင် အားထုတ်လေသည်။

ဤသို့ မင်းခစား မင်းမှုဆောင်လုပ်ခြင်းသည်ကား ဥပဇ္ဈာယ်ကကံ မကင်းတတ်ဟူသော ငယ်စဉ်အခါက ကြက်သွန်ခင်းဆရာတော်၏ အဟောကို မှန်ကန်စေရာ ရောက်သည်။ မိမိကိုယ်တိုင်လည်း ဗေဒင်တတ်ကျွမ်းပါလျက် ဗေဒင်ကို ယုံကိုးမှုမရှိ၍ အဟောနှင့်ဆန့်ကျင်ဘက်ပြုခြင်း ပေလောဟုလည်း တွေးဆဖွယ်ဖြစ်သည်။

၁၂၁၄ခုနှစ်၊ ပြာသိုလဆန်း ဂရက်နေ့တွင် ကနောင်မင်းသားနှင့် မင်းတုန်းမင်းသားညီနောင်တို့အမရပူရကိုလုပ်ကြံကြသည်။ ရွှေနန်းရှင် ပုဂံမင်းကား အင်္ဂလိပ်တို့နှင့် စစ်ဖြစ်ဆဲအခါတည်း၊ အမရပူရမြို့ကို စစ်သည်တို့နှင့် ဝန်းရံထားကြသည်။ ၁၂၁၄ခု တပေါင်းလဆန်း ၁၁ရက်နေ့ မြောက်မျက်နှာမှ မြို့ပေါက်ကာ ပုဂံမင်းနန်းကျလေသည်။

မင်းကြီး ဦးပွားနှင့်တကွ ပုဂံမင်း၏ သစ္စာခံ ကျွန်ယုံဟူသရွေ့ကို ကနောင်မင်းကသုတ်သင်ပစ်ရာ ဦးပုညလည်း ဇန်းမော်ဆရာတော်ထံတွင် တိမ်းရှောင် နေရလေသည်။ သာမဏေတစ်ဖန်ဝတ်ပြန်ကာ အရေးတော်ငြိမ်သက်လျှင် စလေသို့ ပြန်လေသည်။ ၁၂၁၆ခုလောက်တွင် စလေမြို့သူကြီးအရာကို သူကြီးဟောင်း မောင်ကြူနှင့် အပြိုင်လု သည်။ သာသနာပိုင် ဦးဥေယျ စစ်ဆေးရာ ဦးပုညသည်သာ သူကြီးရိုးမှန်ကြောင်း ဆုံးဖြတ်ကာ အနိုင်ရသည်ဟု ဆိုကြသည်။

သက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် ဗန်းမော်ဆရာတော်၏ အရှိန်အဝါဖြင့် ဦးပုည နန်းတွင်းသို့ ရောက်ပြန်သည်၊ ပုခန်းမြို့စား ဝန်ကြီး၏ မစမှုကြောင့် မင်းလှသခ်ယာ့ဘွဲ့ ရရှိကာ လဖက်ရည်တော်တွင် ထမ်းရွက်ရသည်၊ ရွာစည်ရွာကိုလည်း စားရသည်၊ ၁၂၁၉ ခုမှ စ၍ မော်ကွန်းများနှင့် ပြဇာတ်များကို ရေးသားသည်၊ ယိုးဒယားနိုင်မော်ကွန်းနှင့် ရတနာနဒီ မော်ကွန်းတို့ကြောင့် မင်းတုန်းမင်း၏ နန်းတော်ဝယ် ဦးပုည ပို၍ ဝင့်ကျယ်နိုင်ခဲ့ချေသည်၊

အိမ်ရှေ့မင်းက နန်းတွင်းတွင် မိဖုရားအချို့ အကျင့်ဖောက်ပြားနေသည်ကို မင်းကြီးသိစေလို၍ ပဒုမဇာတ်ကို ဦးပုညအား ရေးခိုင်းသည်၊ထိုအခါ မိဖုရားတို့က အဖိုးတန် မိန်းမကောင်းများ ရှိသေးသည်ကိုပြလို၍ ဦးပုညအား ဝေဿန္တရာဇာတ်ကို ရေးစေသဖြင့် ရေးရပြန်သည်၊ မင်းတုန်းမင်းနှင့် ကနောင်မင်းတို့စိတ်ဝမ်းကွဲပြားလျက်ရှိနေကြပြီး၊ တစ်ဦးနှင့်တစ်ဦး အထင်လွဲမှုကြောင့် ဖြစ်ရသည်ကို သိသဖြင့် ရေသည်ပြဇာတ်ကို မင်းတုန်းမင်းက ရေးခိုင်းသဖြင့် ရေးရသည်၊ဤရေသည် ပြဇာတ်သည် ဦးပုညရေးသော ပြဇာတ်များတွင် အကောင်းဆုံး ပြဇာတ်ဟု ဆိုကြသည်၊မင်းတုန်းမင်းတရားကြီး၏ သားတော်များ ဆိုးသွမ်းသည်ကို ဆုံးမစေရန်အိမ်ရှေ့မင်း၏ ခိုင်းစေချက်အရ ဦးပုညသည် ဝိဇယပြဇာတ်ကို ရေးသည်၊ထိုဝိဇယဇာတ်သည် ဦးပုည အသတ်ခံရစေသော အကြောင်းများထဲတွင် တစ်ကြောင်းအဖြစ်ပါဝင်ခဲ့သည်၊မင်းတရားကြီး၏ သားတော်များ ဖြစ်သော မြင်ကွန်း၊ မြင်းခုံတိုင် မင်းသား နှစ်ပါး ထကြွ ပုန်ကန်ကြသည်မှာ ဦးပုညရေးသားသည့် ဝိဇယပြဇာတ်ကို ဖတ်ရှုအားကျသောကြောင့် ဖြစ်သည်ဟု လျှောက်ထားကြသည်၊ ထိုအခိုက်တွင် ဦးပုညသည် ထကြွပုန်ကန်မှုတွင် အခါပေးသည်ဟု စစ်ချက် မေးချက် ထွက်ပြန်သောကြောင့်၊ မြို့သာမြို့စား မြောက်မြို့ဝန် ဦးသာအိုးထံ အကျယ်ချုပ်ထားသည်၊ ထိုစဉ် ဦးသာအိုး၏မယားငယ် ခင်သုန်နှင့် ရည်ငံမှုပေါ်ပေါက်သဖြင့် ၁၂၂၉ ခုနှစ်၊ နယုန်လတွင် ဦးသာအိုးက ဦးပုညကို အဆုံး စီရင်လိုက်လေသည်၊ နောက်မှ မင်းတရားကြီးသိသောအခါ 'လူကိုခွေးသတ်လေရဲ့'ဟု မိန့်တော်မူသည်ဟု အဆိုရှိသည်၊

ဦးပုညသည် အရပ်မနိမ့်မမြင့် အသားလတ်၍ နှာတံစင်းနဖူးကျယ် ရင်ကားပြီးလျှင် ယာလက်မှာ တထောင်ဆစ်မှ လက်ဖျားအထိ သိမ်နေသည်၊ စာရေးသားရာ၌ လက်ရေးမှာ အလွန်ညီညွတ်လှပသည်၊ မင်းတရားကြီးအပါး ခစားသည့်အခါ သိမ်သော လက်များကို အုပ်မိအောင် အင်္ကျီလက်ရှည်ဝတ်သည်၊

ဦးပုညကား မြန်မာစာပေသမိုင်းတွင် ထူးကဲစွာ ထင်ရှားကျော်စောသော စာဆိုပုဂ္ဂိုလ်ကြီးဖြစ်သည်၊

ဦးပုညသည် ဇဝနဉာဏ် ထက်သန်သူ ဖြစ်သည့်အလျောက် သူ၏ စာပေများမှာ ထိမိသည်၊ ရှင်းလင်းသည်၊ လွမ်းစရာကို လွမ်းစေနိုင်သည်၊ ရယ်စရာကို ရယ်စေနိုင်သည်၊

ဦးပုညသည် အသောအလွမ်း၊ အပြောင်အကြမ်းတို့၌သာ ရသည် မဟုတ်၊ အတည်အခန့်ဖက်ကလည်း ရသည်၊ ဦးပုညရေးသမျှ မော်ကွန်းတို့အနက် အကောင်းဆုံးဖြစ်သော ရတနာနဒီမြစ်တော်ဖွဲ့ မော်ကွန်းသည် တည်ကြည်ခံ့ညား၍ အထက်တန်း ကျလှသည်၊ သမြေငါးရွာစား ကင်းဝန်မင်းကြီးရေးသော မော်ကွန်းနှင့် ယှဉ်၍ ဖတ်စေတော်မူပြီးနောက်

ဦးပုည၏ လက်ရာကပို၍သာကြောင်းဖြင့် မင်းတုန်းမင်းတရားကြီးကိုယ်တိုင် မိန့်တော်မူဖူးလေသည်၊ ဦးပုညသည် စကားပရိယာယ်အလွန်ကြွယ်သူ ဖြစ်လေသည်။

ဦးပုည ၏ ပြဇာတ်များတွင် အလင်္ကာတန်ဆာဖြင့် ပြည့် ဝ ခြင်း၊ စကားအသုံးယဉ်ကျေးခြင်းတို့ကို တွေ့ရသည်။ သူ၏ ပြ ဇာတ် များ သည် ကပြရန်ထက် ဖတ်ရှုရန် ပို၍ကောင်းသည်။ ဇာတ်ကြောင်းဆင်ရာ၌လည်း ဘုရားဟော ဇာတ်ဝတ္ထု များ ကို မှီငြမ်းပြု၍ရေးသည်။

ဦးပုည၏ စာပေများကိုခြုံ၍ကြည့်မူ ဦးပုညသည် ပျော်ပျော်ပါးပါး နေ တတ် သူဖြစ်ကြောင်းသိရသည်။ လောကကြီးကိုရယ်စရာအဖြစ် ကြည့်ရှုတတ်သည်။ ဟာသဉာဏ်ရွှင်သည်။ သို့ရာတွင် သူသတ်တို့ လက်တွင်းရောက်မှ သူရေးသားသော "ဟုတ်ပ လေနှုတ်ချွဲဟာရမှာဖြင့် ပုဇွန်စထင်ရဲ့လေ၊ ကောသလငယ်တို့၊ ဘဝအသရေလျှမ်းပါတဲ့၊ ရွှေနန်းစံရာနရိန်တို့တောင်၊ ခါချိန်တန်ပျက်စမြဲဟာမို့၊ စွဲမိသံဝေ၊အကုသိုလ်ဿာတကတ်ကယ်က၊ အခုလိုလာလို့ဖြတ်တာကြောင့်၊ ဇရပ်သို့ပြေးရလေ၊ ခွေးသေသို့သေရပြား၊ သိလျက်နှင့်ပင်၊ ဝိပါက်ကြမ္မာငင်တော့၊ ရွှေဉာဏ်ရှင်မဝေခွဲနိုင်ဘု၊ ပွဲတွေ့အမှား"ဟူသည့် လေးဆစ်သဖြန်မှာကဲ့သို့ အကုသိုလ်ဝင်သည့်အခါ နောက်ဆုံး၌ ပျက်စီးရရှာတော့သည်။

မ၇

# ပြဇာတ်များ

# ဝိဇယ ပြဇာတ်

## ( ၁ )

### ဝိဇယမင်းသားကို တိုင်းပြည်မှ နှင်ခန်း

ဇာယျတု။ ။(ဇမ္ဗူဒိပ်၌ လာလရဋ္ဌတိုင်း သီဟပူရ ပြည် သီဟဗာဟုမင်းနန်းစံ)။ ။၎င်း မင်းကြီးတွင် သားတော်အကြီး ဝိဇယ၊ ညီတော်အငယ် သုမိတ္တ နှစ်ပါးရှိသည်။ သားတော်အကြီး ဝိဇယ မင်းသားသည် လူဆိုး လူသွမ်း ၇၀၀ တို့နှင့် ပေါင်းသင်းစည်းကြပ်ပြီးလျှင် တိုင်းပြည်အတွင်း လူယက် ဖျက်ဆီးပြုကြသောကြောင့် တိုင်းသူပြည်သားတို့ မခံနိုင်၍ ရှေနားတော်ကြား ဟစ်အော် သံတော်ဦးတင်သံကို မင်းကြီး ကြားသဖြင့် ဝန်တို့အား မေးရမည်မှာ–

ခတောင်မြင်းသီလာ၊ လိုဏ်ဂူဟာနှင့်၊ ကေသရာမှူး၊ သက်ဆုံးမ၍၊ လက်ရုံးကွန့်၍၊ ရန်ညွန့်ခူး၊ ခလေးဦးစံလွန်၊ မတ်ကြီးဝန်တို့၊ လာလရဋ္ဌ၊ သီဟပူရ၊ ပြည်နိမ္မာနှုန်း၊ ဗုဒ္ဓာရုံးမျှ၊ ငါ့ဘုန်းကံကြောင့်၊ နန်းစံရှည်ကြာလှလေပြီ။ တစ်ရံတစ်ဆစ်၊ ဘယ်ခါခါခတ်မှ၊ မဖြစ်ဘူးပြား၊ ဝဲ့တင်ရိုက်ဆော်၊ သောင်းသောင်းကြော်မျှ၊ ဟစ်အော်သံများလှ၊ ကြောင်းလျှားဘယ်သို့ ရှိသလဲ ဝန့်ရှင်တော်တို့။

ဝန်တင်။ ။တင်ပါသည်ဘုရား။ ။မဟာဝိဇယ၊ ဘွဲ့တော်သ၊ ခေတဇစက်မီး၊ သားတော်ကြီးသည်၊ ကျွန်သီး ၇၀၀၊ သင်းဗိုလ်ပါနှင့်၊ ညီညာစုံးစု၊ ပြည်ကြီးအတွင်း၊ လူခပင်းကို၊ အတင်းပြု၊ ခိုးလုတိုက်ဖျက်ကြပါသည်။ သားတော် ပြုရသ၊ ဝိဇယ၊ ခားပြုအတွေ၊ အစမွှမ့်မှူသာကြောင့်၊ ပြည်သူဗျာလှိုင်၊ မခံနိုင်၊ သံပြိုင်ဟစ်အော်၍၊ သံတော်ဦးတင်ကြပါသည် ဘုရား။

မင်းကြီးဆို။ ။မဟာဝန်တို့၊ ။သည့်တိုင်းကေန်၊ တကာယ်မှန်လျှင်၊ နိုင်ငံကျွမ်းဆောက်၊ ပြည်ကြာလျှင် မှောက်ကရေ့မည်။ ချင့်ထောက်စစ်ဆေး၊ မှန်မမှန်မေး ရအောင်၊ ရင်သွေးသက်နှင်း၊ ဝိဇယဟု၊ သီဟမျိုးစေ့၊ တန်ခိုးကြွေ့တဲ့၊ အိမ်ရှေ့မင်းကို၊ ချက်ချင်းခေါ်၊ ရှေ့တော်သို့ ဝင်စေ မှူးမတ်များ။

(ဝန်တို့က ဝိဇယမင်းသားကိုခေါ်)

မင်းကြီးက သားတော်ကိုမေး။ ။ဇမ္ဗူဒိပ်ထက်၊ ဖြူရိပ်ဖြန့်ကြက်၊ ခတ်သိုက်အလာ၊ ဘာ ရိုက် ရှာ ကို၊ စိုက်ကာဆက်မယ့်၊ ထွန်းတက်ဘုန်းရောင်၊ မျက်စိန် ပြကတေ့၊ စက်ရှိန်ဇွေ့တဲ့၊ အိမ်ရှေ့မောင်၊ ။ပြည်ခထောင်တိုင်းကား၊မှူးမတ်များက၊ ငါ့သားမောင်ပု၊ ပြည်မငြိမ်သက်၊ နိုင်ငံပျက်အောင်၊ တိုက်ဖျက်လု၍၊ ပြည်သူ့အပေါင်း၊ သေပျောက်ပွန်းနစ်၊နှလုံးညစ်၍၊ အော်ဟစ်ကြောင်းနှင့်၊ မကောင်းတင်ချက် ရှိချေသည်။ အကြံမကွေ့၊ ဥာဏ်မဝေ့နှင့်၊ မှန်သရွေ့ သံတော်ဦးတင်။

မင်းသားတင်။ ။ကမလာပွင့်၊ ကြာပလ္လင့်ထက်၊ မဟာဝင့်နေ့ခင်၊ မြဟ္မာ့တန္ခန်း၊ ဘဝ ကျူးပေမယ့်၊ ဘဘုန်း ခေါင် ဘုရား။ ။သုဝဏ္ဏသျှံ၊ လောင်းဘုန်းလျှံကို၊ မြားမှန်သောအခါ၊လေးဦးပုဂ္ဂိုလ်၊သစ္စာဆို၍၊

ထိုရောဂါ၊ ကင်းကွာမြားဆိုပ်လျှော့ပါသည်။သုပ္ပါဒက၊ ဗုဒ္ဓခုလောင်းမှန်၊ကပ္ပ်ိတန်သည်၊မြစ်ယံပြင်ကျယ်၊ ရေပင်လယ်မှာ၊ အန္တရာယ်စွန်းငြိ၊လေဖျက်ဖြုန်း၍၊ ဆုံးတော့မည်ရှိရာတွင်၊ ပါရမီ့သခင်၊ သစ္စာတွတ်တွတ်၊ မန္တန်ရွတ်၍၊ တေးလွှတ်စင်၊ ကျမ်းတွင်ဆတ်ဆတ် ဟောပါသည်။ ရှေးသာဓက၊ ထုံးကိုဆ၍၊ ဘုရားသားတော်၊ ကျွေ့မလိမ်ဥာဏ်၊ မထိမ်ကျန်ဘဲ၊မှန်ကန်ရာကို၊သေချာစွာ ဖော်ပြီးလျှင်၊ သံတော်ဦး တင်ပါတော့မည်ဘုရား။

မင်းကြီးဆို။ ။မာဝက်န္တိ၊မပလီနှင့်၊မှန်သည်ကို သံတော်ဦးတင်ဖျား။

မင်းသားတင်။ ။တင်ပါသည်ဘုရား၊သားတော် ဝိဇယ၊ရွှေဘုန်းလျှံလေ့၊ ဂုဏ်မသွေ့တဲ့၊ အိမ်ရှေ့ရကို၊ ပြည်မတိုင်းသား၊ မှူးမတ်များတို့၊ ကြားတိုင်း မြင်တိုင်း၊ ဆိုးယုတ်တိုင်းကို၊ ဟုတ်တိုင်းမတင်၊ သားတော် သော့သွမ်း၊ဟော့ရမ်းသည့်အမှု၊ တစ်ထောင်လောက်ပြုလို့မှ၊ တစ်ခုသာတင်ပါသည်၊ခုတင်သည့်လူ၊ ပြည် သူ ပြည်သား၊ မှူးမတ်များတို့၊ တရားမမှန်၊ စကားကိုချန်သော ကြောင့်၊ ရာဇဒဏ် ခတ်သင့် လှပါတော့သည် ဘုရား။

မင်းကြီးဆို။ ။သစ္စံ၊မေ့၊ ဝီရိယနှင့်၊ စာဂဓိတိ၊ အညီရှိ၊ ပြည်ကြီးတံ ခွန်၊ မဟာဝန်တို့၊ ၊သုံးထောင်ဗွေချာ၊ ဟေမဂါမှာ၊ ကေသရာ ရန်နင်း၊ ခြင်္သေ့မင်း၏၊ သားရင်းအစစ် ငါဖြစ်သည်။ငါက ဖွားမြောက်၊ သားနှစ်ယောက် ကယ်မို့၊ မခေါက်မရက်၊ နှစ်သက်ကြည်နူး၊ဝေါက်မည် ဝေးခဲ့၊ဟဲ့နင်တဲ့လို့မှ၊ မခေါ်ခဲ့ဘူး၊ သားရှူးသားမိုက်၊ ဒုစရိုက်ကို၊ လိုလိုက်မိ၍၊ ကေရာဇ ဘုန်းထက်၊မင်းဖြစ်လျက်နှင့်၊ငါအရှက်တွေ့ရပြီ၊ရေမြေသနင်း၊မင်းတို့မွေ့တာ၊ပြည်သူနှင့်သား၊ အချစ်အားဖြင့် မခြားရာ၊ မေတ္တာညီမျှ ကောင်းပေသည်၊ စရိုက်မသို၊ အမိုက်ပိုကို၊ အလိုမလိုက် ကောင်းသင့်ပေ။ ကြောင်တသက်ပုံ၊ ကြွက်တမြုံသို၊ ကြိုလာချေမင်း၊သင်းသေမှ မြန်စွာ၊ ပြည်ထဲရေးသာတော့မည်။ ၇၀၀ ဓားပြနှင့် ဝိဇယ လူငယ်တို့ကို၊ အမိုက်နွယ်မကျန် ကြွင်းရအောင်၊ ခုချက်ချင်း သတ်ကြရမည် မှူးမတ်များ။

မိဖုရားတင်။ ။မြဗိတုန်းကေ၊ ဂမုန်းစွေမှာ၊ သုံးရွှေကြော့ရှင်၊ နဝရတ်ကုံး၊ အမြတ်ဆုံးမို့၊ချပ်ရုံးဆင်၊ ထိပ်တင်ခုနမင့်ဆွေဘုရား၊ ၊သားတော်မင်းလှ၊ ဝိဇယ၊ ကျွန်မသည်းချာ၊ ရွှေဒါရှုခက်၊ ဝေပူမျက်သို၊ သက်ပမာ၊ တစ်ခါတစ်ရံ၊ မိတ်ဆွေမကောင်း၊ ကျွန်သေောင်းပြောင်းနှင့်၊ ပေါင်းဆက်ဆံ၊ အကြံ ယွင်းမှားပါလိမ့်မည်။တစ်ရံတစ်ဆစ်၊ ဥာဏ်တိမ်းပါးလို့၊ မှားတဲ့ပြစ်ကို၊ ကေရာဇဘုန်းလျှံ၊ ဇမ္ဗူရောင်မွှဲ့၊ မှောင်မည့်တဲ့၊ မယ့်ထိပ်ပန်က၊ သည်းခံတော် မူပါဦး ရွှေနန်းရှင်ဘုရား။

မင်းကြီးဆို။ ။ဘမရာထိပ်၊ ညာတံဆိပ်မှာ၊ ကြာရိပ်ကြီးလယ်၊ မဆုံးသရွေ့၊ မုန်းမမေ့တဲ့၊ ဘုန်းဟော့မယ်၊ ၊ရင်သွေးဟူက၊ ချစ်မဝသည်၊ လောကအားလုံး၊ သားကိုမုန်းတယ်လို့၊ ထုံးစံဘယ်မှာ ရှိသလဲ။ သို့ဖြစ်သော်လဲ၊ တိုင်းတော် ပြည်ထောင်၊ အုပ်စိုးဆောင်၊ အခေါင်သနင်း၊ ငါတို့မင်းမှာ၊ ဖြစ်ရင်းမူလ၊ မုဒ္ဒါဘိသေကံ၊ ပလ္လင်ပျံ့ဝယ်၊ ခံစဥ်ကပင်၊ သိကြားနဖူး၊ မျက်နှာဦးမှာ၊ ဖြူးဖြူးဖြိုင်ဖြိုင်၊ မိုးဆယ်ရေစံ၊သွေမလှန်ဟု၊ ရွှေမှန်တိုင်ကို၊ စံခိုင်ထုံးစု၊ အနှုန်းပြု၍၊ ဗိုလ်ထုအများ၊ တိုင်းပြည်သားကို၊ ကိုယ်ဖွားတော်စစ်၊ ကြင်မြတ်လေး၊ ရင်သွေးနှစ်ကဲ့သို၊ ချစ်မေတ္တာရည်၊ ငါမျှမည်ဟု၊ နှုတ်ခြည်သံညွှန်၊ စံမလွန်၊ ခံဝန်စွဲချက် ရှိလေသည်။ ပြည်သူအဟို၊ များလူဗိုလ်တို့ကို၊ ကိုယ်နှင့်တူစွာ၊ ချစ်ကောင်းရာ၊ သမာနတ္တ၊ ထုံးစာတမ်းနှင့်၊ ကျမ်းဂန်ပြ၊ သင်္ဂဟတရားရှိပေသည်။ ပြည်သူများစွာ၊ မသဒ္ဒါက၊ ငါမချစ်ပြီ၊ သွယ်ကောရှင်ကြော့၊ ငွေစင်ဖော့ကဲ့သို၊ တော့်ဒေဝီမှာ၊ ဗွေသီဟာသိန်၊ ဖန်နာရကတ်၊ မှန်ကြာယဝ်နှင့်၊ ညာနတ်အိမ်မှာ၊ ငြိမ်ငြိမ်သာ စံစား၍၊ ပျော်ပါးအောင် နေတော်မူပါ ရှင်မိဖုရား။

မိဖုရားဆို။ ။မယ်မယ့်သက်မျှ၊ ချစ်မဝ၊ ဝိဇယဘုန်းခေါင်၊ နာရဏီစစ်၊ ရွှေဒါလီရစ်ပါတဲ့၊ သားချစ်မောင်၊ ၊တောင့်တာရှိစဉ်၊ မောင့်မိခင်မှာ၊ ပူပင်ညှိုးငယ်၊ သရေသိန်ညစ်၊ ရေတိမ်နစ်ကယ်မို့၊ ဖြစ်ရတယ်။ ကြယ်ညီလာဝိုက်၊ အာကာတိုက်မှာ၊ ကြာသိုက်နန်းဘုံ၊ ငွေစန်းယုန်ကို၊ လှမ်းခုန် ဆွတ်ချွေ၊ ပြုဟ်ရာဟုကြမ်း၊ တက်၍ဖမ်းသည့်နှယ်၊ သမ်းမှောင်ဝေ၊ မခအနှလုံးနောက်လှတယ်။ မတွယ်မထောက်၊

ရွှေဇမ္ဗူသွေး၊ လှူကာဒွေးမှာ၊ ပူဇော် ရောက်လျှင်၊
တင်လျှောက်မစ၊ ဘယ်ဆွေမျိုး ကိုမျှ မကိုးရနှင့်၊
ဝဏ်မည်သာ၊ ပြည့်အောင်ချာလဲ၊ ကန္တာရမြေ၊ ဝေးလှ
လေလို့၊ မယောညာမျော်၊ မောင့်ခွာမှေတော်လဲ၊ ကြည့်
မော်မရ၊ ဘိုးတော်မြတ်စွာ၊ ဓကာသရောလဲ၊ နတ်ရွာ
ကြွမို့၊ မှိုင်းမမည့်သွေး၊ တစ်ယောက်ကောင်းငယ်မျှ၊
ခေါင်းမပြူ၊ ဇမ္ဗူစံနှင်း၊ မှန်ကသိုဏ်းမှာ၊ ကံရိုင်း
တွေ့တော့ တွေ့လာတယ်၊ ဘယ်နှယ်ဖန်လို့၊ မကြို
တတ်အား၊ မယ်ဘုရားမှာဖြင့်ကွယ်၊ ငါ့သားကြောင့်
လေ၊ ငွေပွလဲစို့၊ သဲမို့မို့မှာ၊ လဲလို့များ သေလိုက်
ချင်ပေါ့ သားတော်မောင်ငယ်။

သားတော်တင်။ ။မြေပထဗျာ၊ မိုဃ်းအာကာ
နှင့်၊ သလာဂီရိ၊ တောင်များအမှူး၊ မဟာကျူး
ကျေးဇူးတော်ရှိပေတဲ့ မွေးမိ ဘုန်းဘုန်းဆွေဘုရား၊
ပတ်ကုံးဝိသယ၊ သုံးဘဝမှာ၊ ဆုံးဆမမျှော်၊ မြင်မြင်
သမျှ၊ တည်မကျ၍၊ သင်္ခါရဲ၊ သေစမြဲမို့၊ လွဲမချော်၊
သားတော်မစိုးရိမ်လှပါ။ သုံးရွာဆံကျင်၊ ဘုရားရှင်မှ၊
သင်္ခါရမင်း၊ နယ်အတွင်းမှာ၊ငယ်စာရင်းပါ၊မွှတာဝင်၊
သံသာညွှတ်က၊ မလွတ်သာ၊ ခန္ဓာငြိမ်းရပါသေးတယ်။
မယ်မယ့်ကျက်သရေ၊ သားဘုန်းဝေမှာ၊ မနုသမီက၊
တိုင်းပြည်တရိုး၊ သဝေထိုးအောင်ဆိုးလိုက်ရမှ၊ လှလှ
ကြီး သေဝံ့ပါတော့မယ်။သတ္တဝါထုံးစံ၊ တစ်သန္တာန်
ကျွင်၊ နှစ်တန်သေမြဲ မဟုတ်ပါ။ တရစ်
ပတ်ပတ်၊ ဖြစ်တတ်ပျက်ပြန်၊ လံကာမွေ၊ လောကဓံ
မှာ၊ ကံနှင့်ကဏ္ဍား၊ သည့်တရားများကို၊ သားတော်
ရွေစင်၊ အစင်းအစင်း၊ မုန်တီဟင်းကဲ့သို့၊ ကွင်းကွင်း
ကြီးထင်လွှန်းလို့၊ ပူပင်ဖွယ်သာကမရှိပါ။ သန္တာကြွယ်လှ၊
မဟာနွယ်သွေပေတဲ့၊ မယ့်ဘုရားဆွေးနယ်ကို၊ ဖေး
လွယ်အောင် ဥာဏ်ဖန်၍ စံတော်သာမူရစ်ပေါ့ မြတ်
မယ်တော်ဘုရား။

မိဖုရားက ဝန်တို့ကိုပြော။ ။သန္တာဆုံးဆ၊နှန်း
မမျှသည့်၊ ဘုန်းဘုရားရဲတော်၊ အရည်အချင်း၊ မြတ်
သီတင်းနှင့် မင်းမတ်ကျော်တို့ရှင်၊ ။သားတော်ဘုန်း
ရှိန်၊ ရံခြယ်ကိုးမျက်၊ ရွှေကြိုးခက်တဲ့၊ ဗိုးနဂါးစိန်၊
တစ်ကြိမ် တစ်ခါ၊ မလိမ္မာလို့၊ ရာဇဝတ်ရေး၊
မစေထောက်မှေတွေးဘဲ၊ မှားကိုမမြင်၊ အချစ်တော်ယုံ၊
နှံ့ဆိုးဂုဏ်နှင့်၊ ကြုံတဲ့အင်ကို၊ ယခုပင် သတ်စေလာ၊
မိန့်တော်မြတ်နှင့် ကျွပ်ညှပ်စေ၊ သေလျှင်ကောင်းရော့
လို့၊ လွတ်ကြောင်းမတင်ကြသလား။ တရားကျင့်သုံး၊
မင်းတို့ထုံးမှာ၊ ပြည်မုန်းမည်စိုး၊ ရာဇဂုဏ်မသုန်ရှိုးမို့၊
ငဲ့ကိုးမညှာ၊ ကိုယ့်သည်းချာကို၊ ရာဇဝတ်နှင့်၊ သတ်
စေလို့ ဆင့်ကတဲ၊ အခွင့်အလမ်း၊ ချင့်စုံစမ်း၍၊
ချမ်းသာသင့်ကြောင်း၊ ရှေး ထုံးစံနှင့်၊ ဥာဏ်ထပ်
လောင်း၊ မတ်ပေါင်းက တင် သင့် ပါ သေး တယ်။
တကာယ်ကျေနပ်၊ သေဒဏ်ကျလျှင်၊ ပြည်ကနှင်ရုံ၊ နှင်ခွင့်
ကြုံလည်း၊ ချုပ်ရုံမနှောင်မှု၊ ရာဇဝတ်ရေး၊ အမှုလေး၊
သေးအောင်ပြုလို့၊ ရုံးစုညီညာ၊ တစ်ကြောင်းမငဲ့၊
တစ်ကြောင်းငဲ့၍၊ မယ့်သည်းချာကို၊ ချမ်းသာအောင်
တင်ကြစမ်းပါဦး ဝန်ရှင်တော်တို့။

ဝန်တင်။ ။တောင်ရေပတ်ရံ၊ ခုနစ်တန်တွင်၊
အသသကဏ်လက်ျာ၊ ဇမ္ဗူလုံးနှံ့၊ နှန်းမစံ့၍၊ ဘုန်းကွန့်
မြွာ၊တရားမင်းမင့်း နောင်ဘုရား၊ ၊ဝိဇယကုမ္ဘာ၊သား
သည်းချာကို၊ ပြစ်ဆာဒန်လေး၊ သေထောက်တန်၍၊
သေဒဏ်ပေး၊ အရေးသင့်လှ ပါတော့သည်။ သို့ဖြစ်
ငြားသော်လည်း၊ဘုရားအလောင်း၊ရှေးမင်းကောင်းတို့၊
လမ်းကြောင်းဥပဒေ၊ ခန္ဓာပျက်ပြုန်း၊ ဘဝရှုံးအောင်၊
မဆုံးစေ၊ အသေ မပြုတ်ကြပါ။ ကာသိရဋ္ဌ၊ ဗာရာ
ဏသီ၊ သီလဝမင်းကျော်၊ သန္တာရင့်ဉောင်း၊ပွင့်ဆု
တောင်းသည့်၊ အလောင်းတော်လည်း၊ မလျော်ကျင့်
ယှဉ်း၊ စည်းစိမ်အသက်၊ ပြည်ကိုဖျက်တဲ့၊ ရန်ဘက်
မင်းအား၊ အခင်းအမှု၊ သစ္စာအမှန်၊ မိမဟ္ဘာနံ့၍၊
ရန်မပြု၊ ဝဏ္ဏုကျမ်းဂန် ရှိပါသည်။ ရာဇာမြတ်ဒတ်၊
ထိုမင်းမြတ်လည်း၊ ကွပ်ညှပ်သင့်ငြား၊ ခြောက်ကျိပ်
လေးဖော်၊ နန်းကိုကျော်တဲ့၊ လူစော်ကားတို့ကို၊
ဘုရားလောင်းမြတ်၊ မဟာမိသတ်က၊ နာဂတ်မြော်မြင်၊
သည်းခံသဖြင့်၊ ပါရမီ ရင့်ကြောင်းကို၊ နားတော်
သင့် တင်ရာတွင်၊ နားဝင်တော် မူသော ကြောင့်၊
လူခြောက်ကျိပ်လေး၊ သက်ခန္ဓာကို၊ ချမ်းသာပေး၊
ရှေးနိပါတ်တော်ရှိပါသည်။ သေလာဂီရိ၊ တောင်တ
ရှိမျှ၊ ပြောင်ကြီးသခင်၊ စကြာမျိုးကို၊ အစိုးရတဲ့၊
ဘဝရှင်လည်း၊ ဗုဒ္ဓကိုးစစ်၊ အလောင်းတော်ဖြစ်ပါ၍၊

သေပြစ်ထိုက်တန်၊ မိုက်သွမ်းသော့တဲ့ သားတော့်ကံ၊ သည်းခံတော်မူပါမည့်အကြောင်းကို၊ ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား။

မင်းကြီးဆို။ ။လူကြီးအင်္ဂါ၊စုံလင်စွာနှင့်၊ ပညာဥရဖိန်၊ ပြည်သူလေးမြတ်၊ အရေးတတ်သည့်၊ မတ်ကဝိန်တို့၊ ၊အနွန်းအစုံ၊ ထုံးကျမ်းဂန်နှင့်၊ သည်းခံသင့်ကြောင်း၊ ဝိဇယကုမ္ဗာ၊ သက်ချမ်းသာအောင်၊ စိတ်ဖြာ ဇန်၍၊ ခွင့်ပန်တောင်း၊ ထုံးဟောင်းမူကား မှန်ပေသည်။ သို့မှန်ရာတွင်၊ မန္တာဥသာဘ၊ ပဘာဝဟု၊ ရာဇသတ္တိ၊ မင်းတို့အားမှာ၊ သုံးပါးရှိသတဲ့၊ ဂတိလေးပါး၊ မလိုက်စားဘဲ၊ တရားငွဲ့ကွက်၊ ပြည်မလိုလား၊ ကြီးမှောက်မှား၊ သားဖြစ်လျက်နှင့်၊ အသက်ဆုံးစေ စီရင်သည်။ သို့ဖြစ်သော်လည်း၊ အကျိုးတော်မြင်၊ ထုံးစံအတိုး၊ ကျမ်းဂန်မှီးလို့၊ အမတ်ကြီးတင်မှ၊ ငါ့ရင်တော်သွေး၊ စည်းကမ်းမရှိ၊ မှန်းမသိတဲ့၊ ပြည့်အလေးကို၊ သေဘေးမှ လွတ်ငြိမ်းပါစေတော့၊ အသက်မသေ၊ ရာဇဝတ်မှ၊ လွတ်ပြန်ချေလည်း၊ ပုံသေမချွတ်၊ ခွေးမြီးကောက်ကို၊ ကျည်တောက်စွပ်သို့၊ ရာဇဝတ်နောက်၊ သင်းမိုက်မဲလို့၊ ရောက်မြဲပင် ရောက်လိမ့်မည်၊ နောက် ရာဇဝင်၊ သားကို စုံမက်၊ ပြည်ကို ဖျက်တယ်လို့၊ အကွရာတင်ရော့မည်။ တိုင်းခွင်ကပယ်၊ သင်းပါကျွန်ပါ၊ ဖောင်ကြီးစွာနှင့်၊ လွှတ်ရာနယ်၊ ပင်လယ်သို့ မျောလိုက်ရမည် မှူးမတ်များ။

မင်းသားတင်။ ။ထောင်ခြည် မောင်းရင့်၊ မွေကောင်းကင့်ထက်၊ ဒေါင်းမင့်း မိတ်နှယ်၊ ဇောဇာကြီးလှ၊ ရာထီးခပေတဲ့၊ ဘ ဘုန်းကြွယ်ဘုရား၊ ၊ ဖြွားသားတော်မှာ၊ ပျက် ချော် ရမ်း ကား၊ သော့ သွမ်းမှား၍၊ ပြစ် အား လျော် စွာ၊ သ မုဒ် ကျယ်ပြော၊ ပင်လယ်ကြော သို့၊ မျော ရ ပါ တော့ မည်။ မာလာကုမုဒ်၊ လက်သွယ်ပျောင်းကို၊ ဆယ်ချောင်း ရုပ်လို့၊ ရှိအုပ်မြှောက်တင်၊ တစ်ရာ့ခုနစ်ကွက်၊ ဝင်းထိန်လက်တဲ့၊ စက်ရွှေစင်ကို၊ ရွက်တင်ထိပ်ပေါ်၊ ရွှေဇယောင်းအိ၊ နေညောင်းရိသို့ ရှိပူဇော်၊ သားတော်ကန်တော့ခဲ့ပါသည်။ တေဇာနုဘော်၊ ညာဇမျှလုံး၊ ခွန်ယူကျုံးပေတဲ့၊ ဘဘုန်းမော်ဘုရား။

မင်းကြီးဆို။ ။ယုဂန်နန်းနှင့်၊ တာလှမ်းချင့်၊ စန်းငွေပွင့်ယုန်၊ ပမာနှိုင်းဆ၊ ရှုတိုင်းလှပေတဲ့ ဘဇကြေးမုံ၊ ၊မဟာသမ္မတ၊ကမ္ဘာ့ဦးက၊ ရာဇညထုံး၊ မင်းကျင့်ဆယ်ပါး၊ လက်ရှိထား၍၊ တရားသုံး၊ အားလုံးမိဘ ဖြစ်ပေသည်။ ဘုန်းကြွယ်ဘုရား၊ မောင့်ဘဘွား မှာ၊ သိကြားလနေ၊ ပဋ္ဌုန်မြေနှင့်၊ လေယမရာဇ်၊ ပင်လယ်မြစ်ဟု၊ အင်ရှစ်ပါးဖြင့်၊ ရာဇဂုဏ်လေ့၊ အာရုံမွေ့လို့၊ မရွေ့နိုင်၊ လက်ကိုင်မြဲစွဲ ရချေသည်၊ ရွှေတစ်ခဲနက်၊ ဆွဲဘယက်သို့၊ ဆယ်သက်ဆယ်ပြန်၊ ဆထက်တိုး၍၊ ချစ်ရိုးပင်မှန်ကတည်း၊ ပြစ်ဒဏ်ပေး လောက်၊ အရေးရောက်က၊ ရွေး တောက် မညှာ၊ ယမရာဇ်မင်းထုံး၊ အခွင့်တုံးအောင်၊ ကျင့်သုံးရာ၊ မေတ္တာကင်း၍၊ ဘမင်းမောင့်ကိုမနှင်ဘူး။ ကွန်မြူး ဘုန်းရောင်၊ ဘဘုန်းခေါင်ကို၊ သားမောင်ရှိခိုး၊ ပူဇော် စိတ်သန်၊ ကန်တော့ပြန်တဲ့၊ ကံအကျိုးကြောင့်၊ ဘေးမျိုးပျောက်ကွာ၊ ရောက်ရာရာမှာ၊ စကြာထံနီး၊ ဆိုက်လာခံ၍၊ ယာဥ်ပုံ့ပြီး၊ ဘုန်းကြီးမည့် အကြောင်းနှင့်၊ ဆုတောင်းတော် မူလိုက်ကဲ့ သားတော်မောင်။

(သားတော်က မယ်တော်ကို ကန်တော့စဉ်)

ကြာလျှံလွှေ၊ ဘုံရဇ္ဇေထက်၊ ဂုဏ်သရေ့ ရှင်၊ ရွှေရင်ပိုက်ထွေး၊ ချီမြှက်ရည် ကျွေးပေတဲ့၊ မွေးမိခင်ဘုရား၊ ၊ခမည်းတော်မြတ်၊ လောကနတ်၏၊ ဆုံးဖြတ်အာဏာ၊ လှိုင်းလေကြမ်း၊ ပင်လယ်လမ်းကို၊ မြန်းရပါတော့မယ်။ လေးသွယ်ရောင်စို၊ မြင်းမိုရ်အသွင်၊ မြူဝင်းအသရေ၊ မြူကွင်းကွေ့တဲ့၊ ခြေတော်ပြင်ကို၊ ကြည်လင်မြတ်နိုး၊ ခွေနှစ်ပတ်ကြေ့၊ ဖြေခတ်လျော့နှင့်၊ သားတော့်ဆံကျင်၊ သျှောင်ကေရှင်မှာ၊ ရွက်ဆင်မြီး၊ ရှိခိုးပူဇော်ခဲ့ပါမယ်။ ရွှေ စံ ပယ် နွဲ၊ သွယ် လဲ့ လဲ့၊ မယ်မယ့်မျက်ဖျော်၊ ညာဥကင်မ၊ ချင်း စင် သ တဲ့၊ ဖြွားသားတော်ကို၊ ရည်ရော်၍သာ၊ သင်းပုံ့ဝေဝေ၊ နှင်းနံ့ရေနှင့်၊ အောင်ဇေယျာ၊ မေတ္တာသာပို့တော်မူပါတော့ မယ်မယ်ဘုရား။

မိဖုရားဆို။ ။ကြည်စဖွယ်တင့်၊ရွယ်သင့်သင့်၊ကြွယ် တစ်ပွင့်ရောင်၊ ပင်ဇမ္ဗူမှဲ၊ ရင်မူနွဲ့တဲ့ မယ့်သည်းခေါင်။ တောင်ဇမ္ဗူ့ရှင်၊ မောင်ဘခင်က၊ ဝိညာဥ်ပျက်ဖြို၊ မခွသလို၊ ရေညှိဝဲသို့၊ လွှဲလိုက်ရမယ်၊ မိန့်တော်ထပ်လို့၊ မှတ်ပြန်တယ်။ မယ်မယ့်သက်ဝေ၊ တစ်ပင်

ကြွင်နှံ၊ ဆင်မစန်းတဲ့၊ ဇင်ပန်းခွေ၊ မဇသကြလျှင်၊ ရှေးက အကြောင်း၊ ဝဋ်ဝိပါက်ကြို၊ ကံဆိုးကုန်လျှင်၊ ဆိုရကောင်း ရွှဲလို့၊ သောင်းရွှေလုံးမယ်၊ အဆုံးချလို့၊ တွက်ရဲ့တယ်၊ ကိုးကျွယ်ရာမဲ့၊ မယ်ဘုရားမှာ၊ တစ်အားနွဲ့မို့၊ ကြိတ်ခဲ့ တတ်ပြီ၊ တရှိရှိ၊ မူးသီဝေမှောင့်၊ ဓနမခြောင့်၊ ဖေမောင့် မျက်နှာ၊ ရှုကာဘကာနှင့်၊ ဇာမကာရှိုးတိမ်၊ ကာသမ်းမှိန်၊ နှင်းဗျာနှယ်၊ မျာပါဆယ်ခုလား၊ မြွှခြယ်မြေးလို့၊ ဆွေးရ တယ်၊ ကောသွယ် ဖြေလျှော့၊ လက်ငွေစော့နှင့်၊ ကန်တော့ တဲ့ အကျိုး၊ သက်ရှည်ကြာလို့၊ တေဇာတိုး၊ တန်ခိုး ဘုန်းရှိန် ပပါစေ၊ သခပြည့်ဘနံ၊ ငွေခရုနှင့်ဇေတုမိဠ္ဌာန်၊ ပလ္လင်ညာနန်း၊ သာကြွင်နှံးက၊ ချမ်းသာဆုပန်လိုက်မယ်၊ မြစ်ယံစခန်း၊ ပင်လယ်လမ်းကို၊ မြန်းခုလတော့ရွှေသား၊ ကြမ္မာကူးညွှန်း၊ ခုလယ္မရာ ယွန်းခုပမယ့်၊ တစ်ကျွန်း သွား၊ သနားလိုက်ပါအိတော့ သားတော်မောင်ငယ်။

ဝန်တင်။ ။စကြာမန္တာတ်၊ သားသြရသ်သို့သဟာသ် ရောင်ဝင့်၊ ခုနှတစ်ပွင့်၊ အရှင့်ရင်သွေးတော်ဘုရား၊ ။ အမိန့်တော်သံ၊ လွှတ်သို့ ပြန်သည်မှာ၊ နက်ဖြ နံနံနက်၊ အရုဏ်တက်၍၊ ခလေးချက်ကျော်လျှင်၊ ရွှေလှော်တစ်ပွင့်၊ ဟန်မူတင့်၊ အရှင့်သားပါ၊ ကျွန်းများစွာနှင့်၊ လွှတ်ရာနယ် ကြော၊ ပင်လယ်သို့မျှောရမည်ဟု၊ အဆောတလျင်ဆင့် ပါသည်။ လေးမည်လက်နက်၊ နတ်မင်းစက်ကဲ့သို့၊ ထုတ် ပြန်ချက်အမိန့်တော်နှင့်၊ ညီခုလျော်သဖြင့်၊ နက်ဖြန်လင်း၊ အပြင်း လွှင့်မည်ကြောင့်၊ အသင့်ပြင်လျက်၊ ဖောင်ကြီး ထက်သို့၊ ညတက်၍ စံခုတော်မူပါဘုရား။

တစ်ခန်းရပ်

..............

## (၂)

## သိကြားမင်းနှင့် ဉပ္ပလပတ္တနတ်တို့ လူ့ပြည်သို့ သက်ဆင်း ခန်း

သိကြားဆို။ ။ပုဗ္ဗကတ၊ ရှေးပွညကြောင့်၊ ခုတဇ မယုတ်၊ ရတနာ့ရောင်လျှံ၊ ရွှေဗိမာန်နှင့်၊ ခုတောင်ယံချုပ်၊ ဉပ္ပလပတ္တ၊ မည်ရထင်ရှား၊ မောင်နတ်သား၊ ။သုံးလူ့ ထွတ်ဖျား၊ မကိုဋ်ထား၊ ဘုရားမုနိန်၊ မာရဇိန်သည်၊ ကုသိန္နာရုံ၊ ခုမြကြန်သန့်ရှင်း၊ ရွှေလျှံဝင်းတဲ့၊ အင်ကြင်း စုံတွင်၊ ခုအောင်ဘုံနိဗ္ဗာန်၊ ဝင်လုတျာ့းတျား၊ ဆဲဆဲ သားတွင်၊ ငါ့အားခုခါ၍၊ မိန့်ခုတော်ပြန်၊ နာခံဆင်ရှက် လိုက်ရသည်။ ဝိဇယကုမ္မာ၊ လောင်းပွင့်လျာကို၊ ၇၀၀ ကျွန်ရင်း၊၊ ဖော်သင်းပင်းနှင့်တကွ၊ ပင်လယ်ကြောမျှော ကာလ၌၊ မာဃနတ်ကျော်၊ တကာတော်သည်၊ နိုး ခုဆော် စောင့်ရှောက်၊ လင်္ကာဒီပံ၊ ကျွန်း နိုင်ငံသို့၊ အမြန် ရောက်အောင်၊ ချီးမြှောက် မစ ရစ်ရမည်။ ဝိဇယကုမ္မာ၊ ထိုရာဇာသည်၊ လင်္ကာသီဟိုဠ်၊ ကျွန်း နဂိုတွင်၊ ဖျက်ဖြိုရန်စစ်၊ တစ်ကျွန်းလုံး၊ မင်းဆုံးဖြစ်၍၊ ဿနစ်ရှည်ကြာ၊ သာသနာကို၊ ကောင်းစွာ ရှုထောင် ပေလိမ့်မည်။ ယင်းသို့ဘုရား၊ မျာဒိတ်ထား၊ ငါ့အား မှာတော် မူခဲ့သည်။ မြတ်စွာဘုန်းဖော်၊ သုံးလူ့ဖော် ၏၊ လိုတော် ပြည့်စုံ၊ ဖန်ဆင်း ကြည့်ရှု၊ လုံ့လ ပြု၍၊ မှုတော်ကုန်အောင်၊ လူ့ဘုံသို့ သက်ကြစို့ မောင်နတ် သား။

နတ်ဆို။ ။မျာဒိတ် ခုတော် မြတ် အ တိုင်း ပါ ဘုရား။ မြတ်စွာသုံးလူ့၊ သဗ္ဗညု၏၊ မှုတော်ကုန်အောင် လူ့ဘုံသို့ သက်တော် မူပါခုတော့ဘုရား။

[နတ်ဖတ်တိုက်]

ဇမ္ဗူဒီပ၊ ကပ္ပိလမှာ ၊ သာကီယနတ်၊ သုံးခုခတ် အတွင်း၊ စိုးနိုဝ်နင်းသည့်၊ မင်းသီဟ္ဓတ်သည်၊ မြတ်နိကွမ၊ ထီးနန်းမခင်၊ စွန့်ရှောင်ကြဉ်၊ တောဝင်စဉ်၊ လွှလွှဖြူစွာ၊ ငွေတစ်ခဲစင်၊ ပုလဲသွင်ချို၊ သဲပြင်သာမှာ၊ အဥ္စနာလျှံ၊ သွယ်ပိတုန်းရောင်၊ မယ်ထုံးနှောင်တဲ့၊ သျှောင် ကေဆံ ကို၊ ရွှေသန်လျက်ရှင်၊ ပယ်သုတ်သင်၍၊ ကောင်း ကင် တိမ်ညွှန့်၊ မိဋ္ဌာန် ကောက်၍၊ မြှောက်လိုက် စွန့်သော်၊ ရောစက်သခင်၊ ဘုရင်ဘုန်းလျှံ၊ ကိုယ်တော်ခံ၍၊ မိုးယံ နတ်မှာ၊ ဋ္ဌာပနာသည့်၊ စူဠာမုနိ၊ စေတီ အထက်၊ ခရားသီး နှင့်၊ ရွှေထီးချက်က၊ ဖန် ပြောင် ရှက် တွဲ၊ စိန်ချိတ်တည်းတဲ့၊ မြဆွဲလဲ မြည်သံကို၊ နာခံ၍ သက်တော် မူပါရော့ဘုရား။

လူ့ပြည်သို့ရောက်၍ သိကြားဆို။ ။ဉပ္ပလပတ္တ၊ အမည်ရ၊ တေဇထင်ရှား၊ မောင်နတ်သား၊ ။နက်ဖြန် နံနက်၊ ငွေမောင်းချီ၊ အောင်စည် နှက်လျှင်၊ နန်းဆက်

မှန်လှ၊ ဝိဇယကို၊ မြစ်မရေကြည်၊ ပင်လယ်ကြောသို့၊ မျှောလိမ့်မည်။ ယင်းသည်ကာလ၊ ဘေးရန်ကင်းကွာ၊ ကျွန်းလင်္ကာသို့၊ မြန်စွာရောက်အောင်၊ စောင့်ရှောက်ဖန်ဆင်း၊ တန်ခိုးကူ၍၊ ယူဆောင်ကြဉ်း၊ မောင်မင်းလုံ့လပြုရမည်၊ ကျွန်းကြီးလင်္ကာ၊ ဆိုက်ရောက်ခါလည်း၊ များစွာသိန်းသန်း၊ ဘီလူးကြမ်းတို့၊ လိုက်ဖမ်းသတ်စား နာနာရှုပ်ဖန်၊ ၊မဟုတ်ကြံတဲ့ ဘေးရန်များကို၊ ပယ်ရှား လွတ်အောင်၊ နတ်တန်ခိုးနှင့်၊ သည်ပိုးဆောင်၊ အမောင် ထိန်းသိမ်း ရစ်ရမည်။ ပရိတ်ခုတော်ရည်၊ ပရိတ်ချည်တို့ကို၊ သည်ြက ဆောင်သွား၊၊ ဝိဇယသွဲ့ယူ၊ ဘုန်းရှိသူနှင့်၊ ပါလူများကို၊ သင်ကားပေးလော၊ ထွေထွေကြောင်းစ၊ ငါ့အာဏာနှင့်၊ မှာသမျှကို၊ ခုကအသင့် ဝိဇယ မင်းသား၊ ရေမလားခင်၊ မောင်သွားနှင့်၊ စင့်နှဲ့မရှောင်၊ ပရိဗိုဇ်ရဟန်း၊ ဝတ်သင်္ကန်း နှင့်၊ ပုံပန်းဆောင်၊ ရောက်အောင် သွားနှင့်ပေတော့ မောင်နတ်သား။

နတ်ဆို။ ။တင် ပါ သည် ဘုရား။ မိန့် တော်စက်ရိပ်၊ ရွှေတံဆိပ်ကို၊ ဦးထိပ်ရွက်ပန်၊ တစ်စမကြွင်း၊ မလစ်ဟင်းရအောင်၊ ချက်ချင်းဖန်၊ စီမံ ဆောင်ရွက်ပါတော့မည် ဘုရား။ ရွှေပြည်အယုဇ္ဈ၊ ဝတိံနန်းသို့၊ စက်ပန်းကြွ၊ စိတ်ချ၍ စံတော်မူရစ်ပါတော့ဘုရား။

(နတ်ပတ်တိုက်)

သီဟဂဇ၊ သိန္ဓုဝနှင့်၊ ဥသဘ ခံတွင်း၊ မြွန်လေးစင်းတွင်၊ နွားမင်းကာဘွတ်၊ ဖြာဖြာကျအောင်၊ အာကလွှတ်၊ ဖန်ကရွတ်ချွေ၊ ဘစ်ဆယ့်နှစ်ပြိုင်၊ လှည့်ကာဆိုင်တဲ့၊ နတ်အိုင်ရေလည်း၊ မတွေတွေစီးဝှန်၊ ခြောက်ဆယ်ခန့်လောက်၊ တိမ်ညွှန့်ကို ဖောက်ပြီးလျှင်၊ မြောက်ကာသွန်သော်၊ တံ ခွန်ရေယာဉ်၊ တိယင်္ဂလ၊ အမည်ရတဲ့၊ မြကျောက်ပြင်ကို၊ သွင်သွင်ရိုက်ခွဲ၊ ကောင်းကင်လက်ကာ၊ ရေရဟတ်ကြသော့အခါ၊ တော်လဲတဲ့အသံကို၊ နာခံ၍ သက်ရဦးတော့မည်များ။

တစ်ခန်းရပ်

..........

(၃)

ဝိဇယ မင်းသားနှင့် နတ်တွေ့ခန်း

ဝိဇယ မင်းသားဆို။ ။ငယ်မည် ပေတိုး၊ ဘွဲ့နေမျိုးနှင့်၊ ဆိုးငယ်မည်၊ ဘွဲ့ပျံချီရို့၊ ။သီဟပူရ၊ ကျော်ပေါက်ပြ၊ ပြည်မအောင်ချာ၊ ဘိုးတော်ဘုန်းတောက်၊ ကြဲ့နန်းဆောက်တဲ့၊ ကျောက်ဂူဟာက၊ ရှောင်ခွာယွန်း၊ တစ်ကျွန်းသို့ ရောက်ကြတော့ မယ်။ ပင်လယ်ခရီး၊ ကမ်းမမြင်တဲ့၊ ရေပြင်ကြီးမှာ၊ ဇာတ် သိလိမ္မာ၊ အိမ်မြောင်မာလိန်၊ မှန်မြောင်းချိန်လို့၊ နက်တိမ်ထောက်ကူ၊ သိလောက်သူမှ လှမပါ၊ ကြမ္မာတိုက်ံ ဖြစ်တော့တယ်။ ဘယ်မှာမသို၊ ရောက်လိုရာရောက်၊ မှောက်လိုမှောက်၊ ကံမထောက်ပါမှ၊ ငါတို့တစ်တွေ၊ ပင်လယ်ဗွေမှာ၊ မသေကြဘဲကျန်တော့မည်။ ကမ္ဘာသကာ၊ ဖြစ်ချင်တိုင်းဖြစ်၊ နစ်ချင်တိုင်း နစ်ကရော့၊ စိတ်မညစ်သာပြီဘူး၊ ပဥ္စာဝုဓ ၊မင်းသားတုံးစံ၊ မလွဲသာ၍၊ ရန်သူတွေ၊ ခြသေ့ခံခံရစေအောင်၊ မြိမြိဖွဲ့ယှက်၊ သိကြားလက်ချိန်၊ ဝရဇိန်ကဲ့သို့၊ ရန်နှိမ်ဖျက်၊ လက်နက်ကိုယ်စီပါကြစေ မောင်မင်းတို့။

(ဆိုပြီးလျှင်ဖောင်မျှောစေ။)

လင်္ကာဒီပကျွန်းသို့ ရောက်၍ မင်းသားဆို။ ။ဇမ္ဗူလယ်ချက်၊ လှနယ်ကွက်မှာ၊ ဆွယ်ဘက် မဝံ့၊ သဘက်မက၊ ရက်စက်လှ၍၊ ပြည်ကစွန့်၊ ကျေးကျွန်အပေါင်း မင်းမာတို့၊ ၊ငါတို့တစ်တွေ၊ ကံဆိုကောင်းပေလို့၊ မသေမပျောက်၊ ကျွန်းတစ်ခုသို့၊ ဗိုလ်ထုမပါရောက်ကြပြီ၊ အဓိထောက်အလျှမ်း၊ စုံစမ်းတမီ၊ အနေအခံ၊ ကျွန်းဖြစ်ပုံကို၊ အလုံးစုံသိရအောင်၊ ကျွန်းကြည့်လည့်စမ်း ကြစို့ မောင်မင်းများ ။

(ကျွန်းသို့လည်။)

ကျွန်းလယ်သို့ရောက်၍ မင်းသားဆို။ ။လက်စွဲတော် နေမျိုးရို့၊ ၊သမုဒ္ဒရာ၊ ကမ်းယံကလာခွဲ၊ ကန္တာ ကွန်းထောက်၊ မော်စွန်းကွယ်၊ ကျွန်းလယ်သို့ ရောက်ကာပြီထင့်၊ နှင်းခွေသာက်တဲ့မြိုင်၊ ညှာသျှယ်ဖြ

ဆင့်တန်း၊ နွာမည်ဖြင့်ဆန်းပေလိမ့်၊ ဘယ်ပန်းခိုင်လို့၊ သိန္နိင်တတ်ပြီ၊ မငုံတစ်ချို့၊ငုံတစ်ချို့နှင့်၊မွှန်လို့စီ၊ ရာသီလင့်ဟန် ရှိကြတယ်။ ယျူသယ်ပွတ်ရက်၊ လေချိုသိမ်းဖွဲ့၊ ဝိမ်း လဲ့ လဲ့ နှင့်၊ နွဲ့ပန်း ခက်မှာ၊ ငှက်ဖြင့် ငှက်ဝဲ၊ သာရကာလား၊ တမာလား၊ ဘွဲ့ခြားလို့ ခွဲနိုင်ဘူး၊ ရင်ထဲကပို၊ ထုံဝတ်လွှာမွှေး၊ ဆွတ်ခွာနွေး၊ ညာကြွေးကြော်လို့၊ ဖော်တစ်ကိုယ်၊ ခေါ်သလို ထင် လိုက် ပါဘိတယ်။ပယ်တစ်ကွင်းစာ၊လယ်ခင်းသာမှာ၊ စာမရိလို၊ ဇော်လို၊ ကိုယ်ခပ်ဖိုင့်ဖိုင့်၊ ခရာပိုပို၊ ဘာလိုလို၊ ချိုဝိုင့် ဒိုင့်နှင့်၊ ဂနိုင့်ကျက်သရေ၊ မြက်ခင်းလဲ့လဲ့၊ နှင်းတွဲ့တွဲ့မှာ၊ သင်းဖွဲ့လို့ နေကြတယ်။ ရံရွေတညီ၊ နေစီရီမှာ၊ ပွေပလီများတာမို့၊ သနားစဖွယ် ရှိလှတယ်။ တောင်စွယ် ကမ်းစောက်၊ ခါးပန်းလောက်က၊ စမ်းချုပါက်တဲ့ရေ၊ ငှမကိုင့်စွန်း၊ ငိုက်ရွှန်းရွှန်းမှာ၊ ပိုက်ဝန်းခွေလို့၊ တောင်ခြေအောက်ယံ၊ နတ်သောက်ကန်မှာ၊ ခေါက်ပြန်သွတ်လှယ်၊ ကြာ ဝတ် ကို သယ် ကြ တယ်၊ ယင်မယ်ညိုဝဲ၊ ပိတုန်းရွေလိုက်၊ အချို ကြိုက် ကယ်၊ ကြာသိုက်ထဲက၊သူကလဲတစ်မှောင့်၊မူရာဆင်ကွဲ၊ယဉ်တနဲ၊ ဘဝင်သည်းမှာနှောင့်လဲလို့၊ ဘုန်းမောင့်ဖြစ်ထွေ၊ကြာညောင်ဝင်းဖွန်၊ ထုံးနှင်းသွန်တဲ့၊ သလွန်ဗွေမှာ၊ ရံရွေဝဲယာ၊ စံမြိုခါများကို၊ နန်းညာသူ့သွေး၊ ပြန်လွှန်လို့ တွေးသောခါ၊ ဆွေးမြေထုနှယ်၊သွယ်မျက်ရည်ဝဲ၊ ဆည်မစဲ၊ ကြေကွဲ လိုက်ပါဘိ တော့ တယ်။ မျာကြွယ်ညိုးအောင်၊ ရှုရှိုးမြောင်က၊ ဖိုးခေါင်ရင့်ကြည်၊ ပန်းဝတ်ရည်နှစ်၊ သောက်မှုးယစ်၍၊ ချစ်စရာသူ့ကိုယ်နှင့်၊ ခုလိုများ မြည်သောခါ၊ ပြည်တော်ကိုလွမ်းလိုက်ပါဘိတော့ ငါ့ကျွန်များ။

နတ်သားနှင့် တွေ့၍မေး။ ။ဖန်ဝါနီမြန်း၊ ဝတ်သက်နှင်းနှင့်၊ မင်္ဂလမ်းဖောက်မည်၊ ကျင့်ဆောက်တည်၊ မထေရ်ရဟန်းတော် ဘုရား၊ ၊ကိုယ်တော့် နေရပ်၊ သည်ကျွန်းမြတ်ကို၊ ပညတ်ထူးလည်၊ ဘယ်ကျွန်းနဂရ၊ ဘယ်ဌာနလို့၊ ခေါ်ကြသည်၊ အမည်ကို သိလိုလှပါသည် ဘုရား။

နတ်ပြော။ ။အေးအေး တကာ၊ ငါခုနေသည့်၊ ကျွန်းမြေချာကို၊ လင်္ကာကျွန်းကြီး ခေါ် ကြ သည်။ ဒကာတို့ကော၊ ဘယ်မြို့ဘယ်ရွာ၊ ဘယ်က လာ၍၊ လင်္ကာကျွန်းတွင်း၊ကျူးကျော်ပေါက်လို့၊ရောက်တဲ့ခင်း၊ နေရင်းရွာနှင့်၊ လာပုံကို ပြောစမ်းကြ ဒကာတို့။

မင်းသားလျှောက်။ ။တင်ပါသည် ဘုရား။ ။ တပည့်ပေါင်းတို့ နေဟောင်းမူလ၊ဇာတိတည်တဲ့၊ မြည်ဌာနမှာ၊ ဒီပအောင်ချက်၊ တစ်ရာ့ တစ်ဆူ၊ကနက်ထူသည့်၊ ဇမ္ဗူချက်တွင်၊ ဖွားချက် ကြွေမှာ သီဟပူရ၊ မြည်ဌာနလို့၊ ခေါ်ကြပါ၊ ဆရာ ရဟန်းတော် ဘုရား။

နတ်ဆို။ ။မြည်ကိုပြော၊ သဘောကျပြီ၊ ကိစ္စကို ဆိုစမ်းဦး ဒကာ။

မင်းသားလျှောက်။ ။မသွေမလှန်၊ ဟုတ်တိုင်းကို ပြန်ပါ့မည်။ နာခံတော်မူပါ ဆရာတော် ဘုရား။ ၊ ဒကာတော်သည့်၊ သောင်းပေါ် ဌာနီ၊ ဇမ္ဗူ ဒီတွင်၊ သီဟပူရ၊ ရွှေပြည်ကြီးကို၊ ဘုန်းမိုးပတဲ့၊ သီဟဗာဟု၊ လူမှန်ပုဏ်၊ စက္ကူမျက်ဖျော်၊ အိမ်ရှေ့ နှင်း၍၊ သောင်းတွင်းကျော်၊ သားတော် အကြီး ဖြစ်ပါသည်။ မြည်ကို ညှဉ်းပန်း၊ အကျင့် သွမ်းတယ်လို့၊ ယမ်းမီး အသွင်၊ ခမည်းတော်ချစ်၊ မျက်မာန် ယစ်၍၊ စွန့်ပစ်နှင်၊ မြစ်ပင်လယ်သို့ မျောပါသည်။ ကျွန် ၇၀၀၊ အိမ်တော်ပါနှင့်၊ လင်္ကာ ဒီပ၊ သည်ကျွန်းရပ်သို့၊ ကပ်မိကြ၊ ကိစ္စ အခြား မဟုတ်ပါ ဆရာတော် ဘုရား။

နတ်ဆို။ ။အနို့ ဒို့ သို့ကလိုလား၊ ဒကာ။ ၊ မချွန် မထောင့်၊ အမှန်ကို ဖြောင့်တော့၊ သနောင့် လိုက်ပါဘိ၊ အရာရာမျိုး၊ ကောင်းအဆိုး၊ ကြောင်းကျိုးထောက်ညို့၊ လင်္ကာ ခေါ်ညွှန်း၊ လွန်ကျယ် ဝန်းတဲ့ ကျွန်းသတ္တိကို၊ ငါသိ တိုင်းပြော၊ ကျွန်းတရား ဟောလိုက်မည်။ သဘောနှင့် နားထောင်စမ်းပါဦး ဒကာ၊ သည့်မြေ မျက်နှာ၊ ကျွန်းလင်္ကာသည်၊ ငါးရာပေါ် ထွန်း၊ ဇမ္ဗူ ဒိပ်၊ သောင်းမိမာန်ကို၊ ရံတဲ့ ကျွန်းတွင်၊ တစ်ကျွန်းအဝင် ဖြစ်ပေသည်။ သည်ကျွန်းမှာကား၊ လူ့သက် သက်ကင်း၊နတ်ဘီလူးတို့၊စံနေ ဒိုကာ၊ မြို့ဝန်ဆင်း၊ ကြောက်မင်း ဖွယ်လိ ဖြစ်ခဲ့ပသည်။ တစ်ဆိတ် စာမျှ၊ လူနံ့ ရလျှင်၊ ဗလဗွေစောင်ရမ်း၊ ခွေးပိန်မကို၊ ကျားထ၍ ဖမ်းသည့်နှယ်၊ ဝေါက်ဖမ်း မြိမ်းမဲ၊ အကျိုးနည်း၊ ဖွဲ့ပြာဖြစ်၍ ပျောက်ရသည်။ သို့လောက် ယုတ်မာ၊ ကြားရုံနှင့် ရှူးလောက်တဲ့၊ ဘီလူးရွာကို၊ ဒကာ နှုနယ်၊ သနဥ်း

ဖွယ်တို့သည်၊ ပင်လယ်မြစ်မှာ၊ ရေနစ်လို့တော့ မသေသ၊ သည်ကျွန်းသို့ ရောက်ကာမှ၊ အူပေါက်၍ သေမယ်လို့၊ တုမှေ့-သင် ဒကာ တို့သည်။ အာဂစ္ဆန္တိ လာကြကုန်၏။

**မင်းသားလျှောက်။** ။ဝေနေယျာကို၊ ခေမာနိမ္မာန်၊ ရောက်အောင် ပို့မည့်၊ ကူးတို့ခံ၊ ဘုန်းလျှံ ဆရာတော်ဘုရား။ ။ကိုယ်တော့် ဒကာ၊ ဥပရာမှာ၊ လာကတည်းက၊ စိတ်စွဲမှတ်သား၊ သေစာရင်းမှာ၊ သွင်းပြီးထား၊ ထူးခြား၍ ကြောက်ဖွယ်မရှိပါ။ လက်ာခေါ်ညွှန်း၊ ဘီလူးကျွန်းသို့၊ ကံတွန်း၍ချ၊ အရေးဆိုက်လို့၊ ကြုံကြိုက်မှ၊ လုံ့လပညာ၊ ယောကျ်ား ကောင်းတို့ ကြံကောင်းရာ၊ ဒကာတို့လို့ ကြံပါမည်။ ပြည်မာရာဏ၊ အစိုးရ၊ သော မ မင်း မြတ်၊ ကြမ်း ကြုတ် ရက် ရော၊ လွန်မာကျောသည့်၊ ဧပါရီသာဒ်ကို၊ ကျွပ်ညှပ်ဆုံးမ၊ ဘီလူးညွတ်၍၊ ကျွတ်ဖူးရ၊ ရှေးက သက်သေရှိပါသည်။ အမည် အမျိုး၊ အရိုးအမြစ်၊ အနွယ်ကို စစ်လိုက်လျှင်၊ ကောရာဇ်ဖွား၊ ဝိဇယတဲ့၊ ဘကြီးသား၊ လားလားမှ မြုံပါဘူး၊ လူပုံကို ကြည့်တော်မူ စမ်းပါဦး ဆရာတော်ဘုရား။

**နတ်ဆို။** ။သင့်ပေငဲ့ ဒကာ။ရောက်လာတွေ့စ၊ပထမက၊ မွှမ္မညက်ကြေ၊ လူကဲခတ်လို့၊ ပတ်ပတ်မွှေ၊ လူဇရကို သိပါငဲ့ ဒကာ။ အာသံ လျှာသံ၊ ဉာဏ်နှင့် လူ့ဆွမ်း၊ ဆရာသိချင်လို့၊ သတ္တိစမ်းလိုက်သည်။ ကြောက်ခမန်းလိ၊ အရေးရှိ၊ ချိုင်ချည့်အဟုတ်၊ ကေရာဇ်သွေး၊ ခြသေ့မြေး၊ စဉ်းလေးမှ ရုတ်ပေဘူး။ ကေဝုစ် လူပုံ၊ ဆရာတော် ယုံလှပြီ။ ယုံမှာ ယုံလောက်၊ လူ့ဂုဏ်ပင် ရောက်ကာတဲ၊ အထောက်အပင့်၊ ဘုရားမန္တန်၊ ဆောင်ရွက်ရန်များကို၊ နှံ့ဦးမှသင့်ချမည်၊ ရှင်ပင့်ရွှန္နတ်၊ မေတ္တာသုတ်ကြောင့်၊ တာအုပ်ခန်းဝါ ရှင်ရဟန်းတို့၊ ဘေးဘျမ်းကွာ၊ ချမ်းသာရောက်ဖူးလှလေပြီ။ ဝဿ ိတိုင်းတွင်၊ ဘီလူးဝင်သော်၊ ရှင်အာနန္ဒာ၊ ရတနာသုတ်၊ ရွတ်မန်းမှုတ်၍၊ ဖုတ်မြိတ္တာ၊ မိစ္ဆာ ဘီလူး ပျောက်ရသည်။ ယုံကြည်မြတ်လေး၊ ပရိတ်တော်ရည်၊ ပရိတ်ချည်တို့ကို၊ ငါသည်က ပေးလိုက်မည်။ ဘေးမျိုး လွတ်ရှောင်၊ ရန်ကင်းအောင်၊ ဆောင်၍သွားကြလေရော့ ဒကာတို့။

**မင်းသားဆို။** ။တင်ပါသည် ဘုရား၊ သမ္ဗာ သမ္ဗုဒ္ဓ၊ ဘုရား့ပရိတ်၊ အောင်ဘိသိက်ကို၊ ဦးထိပ်ရွက်ဆင်၊ သိဒ္ဓိခပ်သိမ်း၊ ပြီးစီးငြိမ်းတဲ့၊ ရှိမ်းရေစင်ကို၊ ဆောင်ချင်ရွက်ချင်လှပါသည်။ ဒကာကြီးကို၊ သနားစိတ်သန်၊ ပရိတ်ရေစင်၊ အောင်ချည်မျှင်များကို၊ စီရင်ဇန်၊ မြန်မြန် သနားတော်မူပါဘုရား။

**နတ်ဆို။** ။ရော့သည်က ဒကာ၊ ငါလက်ကိုင်ထွဲ ကရားထဲက၊ ဘေးလွဲရန်နှိပ်၊ အောင်ဘိသိက်၊ ပရိတ်ရေလဲ ပါလေငဲ့၊ ဒကာနှင့်တကွ၊ လူအပေါင်းကို၊ ခေါင်းကစ၍၊ သွန်းချရေစင် ဖျန်းလေတော့။ ရော့ သည်ကလဲ၊ ပရိတ်ငွေသွင်း၊ ရန်မျိုးကင်းတဲ့၊ ချည်ကွင်းစဲ။ ပွဲတွေအကျော်၊ လက်ပြန်ချည်စွပ်၊ နားမှာဝတ်၍၊ လွတ်ရသော်၊ မပေါ်ရန်မီး၊ ဘုရား့ချည်ထိန်း၊ သီလာရင် ပိန်းနေကျ၊ ရှိမ်းတော်ကြီး၊ ပြီးစီးအကုန်၊ ဘာမစိုးနှင့်၊ ဘေးမျိုးလုံ၊ ယုံယုံသာဆောင်ကြလေရော့ ဒကာတို့။

**မင်းသားလျှောက်။** ။တင်ပါသည် ဘုရား၊ ဒကာတို့မှာ၊ ဒနာင်သို့မတော်၊ အရေးပေါ်လျှင်၊ ရှုမျှော်ထောက်ထား၊ ကရုဏာနှင့် မေတ္တာပွား၊ ကြိုးစား၍ စောင်မတော်မူပါဘုရား။

**နတ်ဆို။** ။တော်လှပြီ၊ ငါ့မေတ္တာရည်၊ ပရိတ်ချည်တို့ကို၊ ယုံကြည်ညွတ်တွား၊ ဆောင်ရွက်ရှာတဲ့၊ ဒကာများကို၊ သနားချစ်ကြည်၊ အန္တရာယ်ကင်း၊ ဘေးမျိုးရှင်းအောင်၊ ချက်ချင်းလာ၍ ငါမ မည်၊ ငါ ဆရာလည်း၊ သဃာ့ထရ်ပေါင်း၊ သီတင်းသုံးဖော်၊ ရဟန်းတော်တို့၊ မျှော်တော် ညောင်းရော့မည်၊ ကျောင်းတော်သို့ ပြန်ဦးမည် ဒကာတို့။

**မင်းသားလျှောက်။** ။တင်ပါသည် ဘုရား။ ဒကာတော်တို့၊ လေးဖော်သမ္မ ိဒါ၊ ဝိဇ္ဇာသုံးရပ်၊ ဇုဒ္ဓိပါဒ်နှင့်၊ ထေရ်မြတ်ဘုန်းမော်၊ မြှုမရှက်တဲ့၊ ခြေစက်တော်ကို၊ ထိပ်ပေါ်တင်မိုး၊ ရှိသေတုပ်ကွ၊ ဦးနှိမ်ချ၍၊ ခဝပ်ကျိုး၊ ရှိခိုးပူဇော်လိုက်ပါသည် ဆရာတော်ဘုရား။

**နတ်ဆို။** ။ သာဓု သာဓု၊ ဒကာစုမှာ၊ အာယုဝဏ္ဏ၊ စသည်ခပင်း၊ အကောင်းဟူသမျှ၊ အဝဝကို၊ တစ်စမကြွင်း၊ မလပ်ဟင်းရအောင်၊ မောင်မင်းတို့ချည်း ယူကြလေများ။

[နတ်မတ်တိုက်]

ဥပ္ပလပဏ္ဏ၊ နာမတွင်ခေါ်၊ ငါနတ်ကျော်မှာ၊ မိန့်ခွတော်ရွှစက်၊ ဝတိံစိုးပိုက်၊ မိုးမကိုင့်ကာ၊ မှာလိုက်ချက်ကို၊ ဆောင်ရွက်ဖန်တီး၊ ကိစ္စကုန်၊ အလုံးစုံပြီး ခွသာကြောင့်၊ ညီးညီးဝင်းထိန်၊ ထောင်ရွှေရံသန်း ငါစံမြန်းတဲ့၊ နန်းရိပ်ငြိမ်၊ မြန်ချိန်ယခု ခွတော်ချေပြီ၊ ဇမ္ဗူဒီကျွန်း၊ မြောက်ညာစွန်းမှာ၊ ပင်ဝန်းစွင့်စွင့်၊ ကမ္ဘာ့ကျက်သရေ၊ မြခက်ရေဝတဲ့၊ သပြေမြင့်က၊ ရွှေစင့်အစစ်၊ ရာသီလေလှုပ်၊ သီးကြွေပြုတ်၍၊ သမုဒ်မှာနစ်သော့ခါ၊ နတ်ဖြစ်တူရိယာ၊ စည်တံမြွာနှင့်၊ ပမာနှိုင်းစံ၊ ဝါမောင်းရွှေရွှေ၊ ညွှာညောင်းကြွေတဲ့၊သပြေသံကို၊ နာခံ၍ လှမ်းရဦးတော့မည်။

တစ်ခန်းရပ်

...........

(၄)

## မယ်ကုဝဏ်၏ ကျွန်မမိဇက္ခ ခေါ်ဆောင်ခန်း

ကုဝဏ္ဏာထွက်၍ပြော။ ။စက္ကဝါမဆံ့၊ ဒလက်ချာနှံ့နိုင်တဲ့၊ ပျံ့လေဇွေမ၊ မာယာမလချီ၊ ကံမရှိတဲ့ မိဇက္ခ၊ ။ဝဏ္ဏီးတော်မြတ်၊ အပိုင်စားရော့လို့၊ သနားအပ်တဲ့၊ မြိုင်ရပ်ဟေမန်၊ သင်းထုံမြမြ၊ ပန်းစုံခတဲ့ ငါ့ဗိမာန်၊ ယမန်ကခနောက်၊ ငါမရောက်၊ ရက်ထောက်တောင်တာ၊ အတန်လဲကြာခဲ့ပြီ၊ နာဝါကွဲပေါက်၊ သဘောမှောက်၍၊ သိုက်ရောက်လာငြား၊ အသီရှုရဲ၊ လူ့အသည်းနှင့်၊ ပျော်ပွဲများ၊စားရအောင်၊ သွား၍ရှာစမ်းချည်စို့ဟော့ မိဇက္ခ။

[ကုဝဏ္ဏာမတ်တိုက်]

လက်ာဒီပ၊ ကျွန်းဌာနမှာ၊ လွှမ်းစရာ့ကညာ၊ ယဉ်မျိုးစုပါတဲ့၊ ကုဝဏ္ဏာ၊ ထောင့်ငါးရာ၊ ကိလေသာခရှတိုက်ကို၊ သော့ရိုက်လို့ထား၊ ဖွင့်မည့်သူပေါ်လာခဲ့လို့၊ အလွဲကယား ဘွားကနဲ ယနေ့၊ ကာလသားများနှင့်၊ ကားကနဲ တွေ့ရင်လ၊ ကြည့်ရော့ဟော့ မယ်ဒက္ခ၊ ကိလေသာ တမန်နှင့်၊ လက်ရစ်သံစမ်းလိုက်လို့၊ သွေးဖြန်းဖြန်းထစေ့မယ်၊ စိတ်ချ၍ထား၊ ထောင့်ငါးရာခြံရံတဲ့၊ ပုထုဇန်လူသား၊ ရဟန္တာ ရှာန်ပုံမို့၊ ခံနိုင်မလား။ ငါးပါးတိုင်ကံဟဲ့နော်၊ သက်လေးဆယ်ကျော်လို့မှ၊ ဘုန်းဖြိုင်သူ မပေါ်လျှင်၊ အမိန့်တော်စာချွန်ခံလို့၊ ခွလးနန္ဒ ကံရှင်းကို၊ လ မိုင်းမှာဖြည့်မဟော့၊ သည်ယ နေ့ နံ နက်၊ အိမ် တော် က အထွက်တွင်၊ မိဇက္ခညည်းချင့်စမ်း၊ အလျှံ ထိန်လျှပ်၊ စိန် လည် ကပ် နှင့်၊ နဝ ရတ် ရောင် ဖြိုး၊ ခါး ကြိုးစပ်ကြား၊ လက်စွဲသားဟာများဖြင့်၊ ယန္တရား စကိသဖွယ်၊ လှုပ်ချက်ကယ် ထယ်ခလေ၊ ချေသည်ကို ရိပ်ဟန်ရှိရဲ့၊ ရုပ်နိမိတ်ဖမ်း၊ မြနန်းသူ့ကံတော်၊ ဘုန်းဖြိုင်သူ မတွေ့လို့၊ ယနေ့များချော်ရင်လ၊ နှင်းဖျော်တဲ့ ကောမကိုင့်ကို၊ အခွေလိုက် သုတ်သင်၍၊ ဖန်ဝတ်လွှင်စိတ်ပုတီးနှင့်၊ ခင်ကြီးတွေ ချီးထောင်တဲ့၊ ကိုးချောင်ကို ဝင်လိုက်မယ်။ လူ့ခွင်မှာ လူလုပ်သို့၊ ဘာဟုတ်နိုင်တော့မလဲ၊ လွှဲပြီဘူးမှချ၊ အသားလှုပ်နိမိတ်နှင့်၊ မြိုင်ရိပ်သို့ ကြွပါမည်၊ ဘုန်းဘုရားငယ်ကျွန်၊ မှန်နဂါးပတ်၊ ပြန်ဂဟပ်နှင့်၊ နဝရတ်ပိုင်းတံ ခွန်က၊ မယ်ကုဝဏ်ဖူးစာကို၊ သော့မကြာတက်ကစီး၊ လင်ကိစ္စယနေ့တုံးလို့၊ ပြုန်းကနဲပြီးတဲ့အောင်၊ ရွှေသီးတဲ့ လက်သံနှင့်၊ ခပ်မြန်မြန် ပို့တော်မူစမ်းပါ့ မောင်ကြီးခွရ။

ကျွန်းတွင်းသို့ရောက်၍ ဒက္ခကိုပြော။ ။ဟော့ မိဒက္ခ၊ စိုင်းခုန်မတတ်၊ တိုင်းတုန်အောင် ရှုပ်နိုင်တဲ့၊ မယ်ဖြတ်စ၊ ။အထက်ကနဲ၊ သည်မြိုင်ထဲမှာ၊ လှကျွဲလှပျက်၊ သဘောပွန်း၍၊ သည်ကျွန်းသို့ တက်ကြသည့် အသက်ကံဆုံး၊ သေစာရင်းချ၊ မငြင်းရတဲ့၊ လူစတုံးများကို၊ ပတ်ကုန်းကျွန်းမြေ၊ နှံ့အောင်မွေ၊ ရှာဖွေလိုက်လံ၊ နာနာရပ်ကောင်၊ ဖန်ဆင်းဆောင်လို့၊ တွေ့အောင်ကြံ၊ ငါ့ထံ သယ်ပိုးခဲ့ရမည်၊ ငါနန်းသူလဲ၊ ဘိုကျွန်းနီမ၊ မယ်သီလကဲ့သို့၊ ပြိသဟန်ပန်၊ နာနာရုပ်နှင့်၊ ပြုလုပ်ဖန်၊ ရေကန်နားက နေနှင့်မည်။ ငါ့ထံမကြာ၊ လူရောက်လာက၊ ဆင်းဝါရုပ၊ လှမလှ၊ မျှော်ဆအခွင့်၊ ကြင်ဖော်ဖို့ရန်၊ တန်မတန်၊ ဟန်ပန်ချင့်လို့၊ အသင့် ငါစီမံမယ်ပ။ မလှလျှင်သွား၊ လှလျှင်ခါး၊ သွားအရသာ၊ ခါးတဏှာ၊ ဩဇာသီးနှင့် လဲရိုးလား။ သွားဟဲ့ ဒက္ခ၊ ကြာ မိုးချုပ်ကရော့မယ်။ သုတ်သုတ်ထ၊ ခွေးမငယ်ယောင်၊ ပြိစ္ဆာဆောင်၍၊ တောတောင်ကန္တာ၊ ခလေးမျက်နှာ၊ လူရှာ လှည့်စမ်းဟော့ မိဒက္ခ။

[ဒကွ ခွေးယောင်ဆောင်သွား]

ဇင်ဂမုန်းပွင့်၊ ခင်ဘုန်းမြင့်မှာ၊ အရှင့်အာဏာ၊ ဦးထိပ်ပန်၍မြန်မကြာ၊ လူရှာသွားရအောင်၊ ကိုယ်ပွား ဇောက်ပြန်၊ အမြီးသေးသေး၊ ခေါင်းကလေးနှင့်၊ ခွေးသဏ္ဍာန်၊ ဖန်၍ဖြင့် ပြီးခဲ့ပြီ။ ဘုန်ကြီးတဲ့အရှင့်ကျွန်၊ ဒကွတို့ကိုင်ရလျှင်၊ ခွင်လုံးပိုင်ငြိမ်းစေနကျ၊ မိန်းမလွန်၊ ဟေမဝန်လမ်း၊ အမူပိုပို၊ မြူးသလိုနှင့်၊ လူမျိုးရှာ လှမ်းပါ့မယ်။ နန်းသုံးရ ဝိုင်းမျှော်းခဲ့နောင်က၊ မာယာ ဆောင် ခွေးမြီးကောက်ကို၊ သွေးမြှောက်လို့ ခုပေး ခွတပ်မှုစမ်း မောင်ကြီးတော့။ (ပြီးလျှင် ဒကွကွယ်)

တစ်ခန်းရပ်

(၅)

ဝိဇယမင်းသားနှင့် မယ်ကုဝဏ်တွေ့ခန်း

(မင်းသားက ကျေးကျွန်များကို ရှာလှတ်ရာ ဘီလူးမက သိမ်းထားစေ။)

**မင်းသားဆို။** ။လက်စွဲတော် ခုနမျိုးငယ်၊ ကျွန် တော်မျိုး နှစ်ယောက်၊ တောတောင် ကန္တာ၊ ရေ သောက်ရန် ရှာကြတယ်၊ ကြာပုံကို ထောက်လိုက် လျှင်၊ ဆယ်ခေါက်ပင်ပြန်ကတဲ၊ ရောက်တန်သင့်ပြီ၊ နွဲ့ဇင့်နှောင့်နှေး၊ မလာဟန်ကို၊ ဉာဏ်နှင့် တွေးလိုက် လျှင်၊ ရန်ဘေးတွေ့ပုံပေါ်ကြတယ်၊ အန္တရာယ်ထူပြော၊ ဘယ်လူ တစ်ဦး၊ မရောက်ဖူးတဲ့၊ ဘီလူးတောမို့၊ သဘောမဲ့နှင့် မနေသင့်၊ အတင့်မရဲသာချေဘူး၊ ဘီလူး သဘက်၊ မာန်အမျက်၊ လက်မလွန်ခင်၊ ငါ့ဘုန်းတေဇ၊ စွမ်းရည်ပြ၍၊ ရန်စကို ထွင်ရအောင်။ မြိုင်ခွင် စခန်း၊ နောက်ထပ်ခြေရာ၊ လိုက်လံရှာ၊ စကြာတော်မြန်းလ မှ၊ စခန်းပုံလှချည့်မည် ငါ့ကျွန်။

(မင်းသားလိုက်၍ ရေကန်အနီးသို့ရောက်၊ ဘီလူးမ ဘိကျွန်မယောင်ဆောင်နေသည်ကို တွေ့။)

**မင်းသားကမေး။** ။ကတောက်ဟင်းရုံ့ သင်း ရနံ့နှင့်၊ ရေကန်အနီး၊ ဖန်ဝတ်လျှော်တော၊ သစ်နက် ရေမျှားနှင့်၊ ဇုမြိုကြီးပါဘိ၊ မထေရ်အရိယာ၊ မဂ်လမ်း ရှာ၊ သံဃာတော်မြတ်ဖြစ်လေသလား။ သနစ်ကိုမချန်၊ မျိုးမည်ထုတ်လို့၊ ဟုတ်တိုင်းပြန်၊ အမှန်ကို မိန့်စမ်းပါ မြိုင်ကြီးပျော်။

**ကုဝဏ်ပြော။** ။သည် ကိုယ့်ကို မေးသလား ကျေးဇူးရှင်၊ အထင်တော်သေး၊ နာနာရှုပ၊ တော ဘာဝငယ်လို့၊ စိတ်များကခွေးပါနှင့်။ လူမွေးလို့ကြီး၊ ဘုရားမတွေ့ရူးပါစေ့။ လူ့သမီး၊ ဘုန်းကြီးတစ်ပါး၊ ကမ္ဘဋ္ဌာန်းပြ၊ ဒွတ္တိ သငယ်နှင့်၊ ဆိုးမလို့သွားရာတွင်၊ တရားစွဲယူ၊ ယင်ဖိုမသန်း၊ အမြဲဖျန်းက၊ မဂ်လမ်းချူ ဘိကျွူကျွန်မလုပ်ပါတယ်။ စင်ကြယ်သိကျွာ၊ သည်တစ် ဝါပါဖြင့်၊ ဆယ်ဝါပဲရပါပေါ့၊ အမျှသာယူပါတော့၊ ကျုပ် မောင်ကြီးငယ်။

**မင်းသားဆို။** ။မြိုင် ဂန္ဓမာ၊ လိုဏ် နန္ဒာမှာ၊ သံသရာရှေးရှူ သက်ကိုမတွယ်၊ မဂ်ဖိုလ်ရှယ်တဲ့၊ မယ် ဘိကျွူ၊ ၊လူနှစ်ယောက်သား၊ မြိုင်ဟေမာသို့၊ ရေရှာ မယ့် သွားကြတယ်၊ စောင့်စားမျှော်ကာ၊ မကြာတန် ကြာလွန်းလို့၊ ခြေရာမှတ်ခံ၊ တောပြင်းတိုက်၍၊ ရှာ လိုက်လံ၊ ရေကန်သို့ရောက်၊ ခြေရာလဲပျောက်ချေပြီ။ တောင်မြောက်မျက်နှာ၊ တက်ခြေရာလဲ၊ ဆီတ်စာမျှ မမြင်။ ထောက်ချင့်နှိုင်းလို့၊ တိုင်းဆင်ခြင်၊ သည်တွင် လူစပျောက်တော့တယ်။ မဖွယ်လေချက်၊ လူစင်လျက်၊ ငှက်ပါမို့လား၊ မိုးသို့တက်၍၊ ကျက်မစား၊ နဂါးမို့လဲ၊ လူပါဲ၊ မြေထဲ ငုပ်နိုင်လိမ့်မလား။ တရားဆက်ဆံ၊ ဘိကျွူနီမ၊ မယ်သီလရယ်လို့၊ ကိုယ်အာမခံမင့်၊ မှန်ကန် တဲ့သစ္စာနှင့်၊ ခြေရာကိုထုတ်စမ်းပါ၊ လူငုပ်ချက် ထူးလှ ချည့် မယ်ဘိကျွူ။

**ဘီလူးမဆို။** ။သနားစဖွယ်၊ ခါးနွဲ့နွဲ့နှင့်၊ ထား မယ့်သက်လှယ်။ ခရာပိုတဲ့၊ ပြာညိုလဲ့၊ ကိုယ်ခြေသည်၊ ၊ လူငယ်လက်သား၊ ကြေးမထိုက်တဲ့၊ လူမိုက်များကြောင့်၊ ဇဝါးရိုပွန်း၊ လိုက်ရှာဖွေလို့၊ ရွှေကိုယ်တော် နွမ်းရော့ မယ်။ ကျွန်သွမ်းကျွန်ခလ၊ သင်းရှို့လိုဟာ၊ ကြေးမပါ၊ တစ်ရာပင် သေကတဲ၊ သေ ဘာပြုတုန်း၊ ဆန်းမှု ပြကတော့၊ နန်းသူကို မတွေ့မင့်၊ ခင်လေ့ သက်ကယ်၊ ဘယ်အတွက်ကြောင့် သည်ကျွန်ပေါ့ကို၊ ရှာတော့

မတုန်းနှစ်ဘုန်းပြိုင်သစ်၊ ဂမုန်းခိုင်ကို၊ ဆုံးတိုင်အောင် ချစ်မယ်လို့၊ ပြိုင်သစ်တဲ့ကန္တာက၊ ဝတ်ဖန်ဝါသုံးဆောင်လို့၊ ဘုန်းမောင်ကို စောင့်ပါတယ်။ ဘယ်တွက်ကြောင့် ကြွမလာ၊ ဖန်မှန်စိန်ရွှေ၊ ကြာပိန်းဗွေမှာ၊ အထိန်းတွေ အမူကောင်းလို့၊ နှံ့နှံ့နှောင်းကြာခဲ့ထင့်။ ရွှေမှန်စာ ကြက်ရိုးနှင့်၊ လက်ချိုးလို့ မျှော်တဲ့မေကို၊ သပြေလုံးဆံညွှာက၊ အားနာတော်မူကြပါဦး အဖေရို့။

မင်းသား ဘီးလူးမှန်းသိ၍ဆို။ ။ဘိက္ခုနီ ယောင်၊ မာယာဆောင်၊ ကြောင်သီလနှယ်၊ အရင်း မထုတ် စီးပွားလုပ်တဲ့၊ ပခြုပ်သည်၊ ။ကြွေ့လယ် ကြောင်ပတ်၊ လူတကာကို၊ တဏှာရစ်ထွေး၊ ကြက်လိုသွေး၊ ခွေးလိုဟပ်တဲ့၊ ယုတ်ပတ်ညစ်ညူး၊ ဟတ္ထနီမ၊ ကျွမ်းညီလှတဲ့၊ လင်တရှူး။ ထူးသမ္မာကံ၊ ငါ့သဏ္ဍာန်ကို၊ ဉာဏ်မချင့်ထောက်၊ မြစ်ရှိရှောက်လို့၊ ဈေးပေါက်ရာဆိုက်၊ ပြည်ကြီးဒါလီ၊ ဆင်းသီဂီနှင့်၊ ယာယီကြိုက်၊ လှော်လိုက်တဲ့ လူမှတ်သလား။ စားရအောင်ချူ၊ ကိုယ်နှင့်မြူ၊ တောသူပါးစပ်၊ စကားအမူ၊ များမထူနှင့်၊ လူကိုအစ်။ မအစ်တဲ့လို့၊ နင့်ဉာဏ်စုတ်နှင့်၊ ထိမ်မြုပ်သိလျှင်၊ မိုလ်တထောင်နိုင်၊ လေးစိန်တိုင်နှင့်၊ သဲဆိုင်ကို ခွင်းရော့မည်။ ခုချက်ချင်းအစ်လဟဲ့ ဘီလူးမ။

ဘီလူးမတင်။ ။တောင်သပြေလက်၊ အောင်ခမြချက်မှာ၊ ရွှေကနက်ခြူ၊ မှောင်မသမ်းသင့်၊ နှောင်တစ်နန်းတင့်ပေမယ့်၊ နန်းပွင့်ငုံဘုရား၊ ရွှေဘုန်းဝရဇိန်၊ နန်းစက်ရှိန်ကို၊ နက်တိမ်မသိ၊ ဘီလူးစရိုက်၊ အမျိုးလိုက်မို့၊ မိုက်မှားမိတယ်။ ဇာတိသန္တစင်၊ နေနွှန်းလန့်တဲ့၊ ဘုန်းကံရှင်၊ ခုတင်ကသာ၊ ရွှေစက် ကွန့်ထောက်၊ နန်းညွန့်ညှောက်ကယ်၊ မရောက်လာခင်၊ ရေရှာတဲ့လူ၊ နှစ်ယောက်လူကို၊ သိမ်းယူမိပေ၊ ဘုန်းတော်ကို ရှုံ၊ မစားဝံ့လို့၊ လိုလွန့်နေ၊ မသေအတိုင်း ရှိပါတယ်။ စံပယ်တစ်ခက်၊ တစ်နွယ်မြက်ကဲ့သို့၊ သင့်အသက်အား၊ မလောက်လားဘူးလို့၊ ထောက်ထားတော် မူပါမှ၊ အောက်လူ ချမ်းသာရပါတော့မယ်။ မကွယ်မဝှက်၊ ကျွန်တော်မျိုးများကို၊ ရှိခိုးလို့ ဆက်ပါ့မယ်။ အသက်ကို ချမ်းသာပေးတော်မူပါ ထိပ်ခေါင်တင်ဘုရား။

မင်းသားဆို။ ။သစ္စာဝါကို၊ မေတ္တာမမျှ၊ တစ်ကောင်လုံး ဝါး၊ အစိမ်းစားတဲ့၊ ကျားနှမ၊ ပြိတ္တာဇာတိ၊ နင့်ကိုထောက်ထား၊ ငါသနားလို့၊ လွတ်ငြားမိလျှင်၊ အဝီစိထဲ၊ စိုးပိုင်ကဲတဲ့၊ ငရဲမင်းများ၊ ငါ့ကိုလူဆိုး၊ လူမိုက်မျိုးရယ်လို့၊ အပြုံးတော်ထားရော့မယ်။ ကျားနှင့် ဘီလူး၊ သည်နှစ်ဦးကို၊ ထူး၍ ကြပ်ကြပ်၊ တွေတိုင်းသတ်နိုင်မှ၊ သူမြတ်ပြီလှ၊ ကုသိုလ်ရသတဲ့၊ လူများကျေးဇူး၊ ဂုဏ်အထူးကို၊ ဘီလူးတို့ဇာတ်၊ မသိတတ်၊ သတ်မှပဲတော်ချေမည်၊ ပျော်ပျော် သေဦးတော့ ဘီလူးမ။

ဘီလူးမတင်။ ။မျက်ဇောတိရသ်၊ မုနောနတ်သို့၊ လောကဓာတ်ပေါ်၊ ဘုန်းနေဝါလင်း၊ တေဇာချင်း၍၊ ခေါင်း တွင်း ကျော်၊ ညာ မော် ဇ မျိုး ရှင် ဘုရား၊ ကျွန်မတော်မျိုးမ၊ မိယကျွသည်၊ ဘုန်းဘုရားဂုဏ်ထူး၊ မြင်းမိုရ်နှိုင်းစပ်၊ မခိုင်းအပ်တဲ့၊ မြတ်ကျေးဇူးကို၊ ထိမ်မြူးမဖောက်၊ လက်ာပတ်ကုံး၊ တစ်ကျွန်းလုံးမှာ၊ မင်းဆုံးမြောက်အောင်၊ ဘုန်းတောက်သည့်သခင်၊ ကျေးဇူးရှင်ကို၊ ကြည်လင်နှစ်သက်၊ ထီးနန်းဗိမာန်၊ တိုင်းနိုင်ငံကို၊ ခုကြိ၍ ဆက်ပါ့မည်၊ အမျက်ကို သိမ်းတော်မူပါ ဘုရား။

မင်းသားဆို။ ။သချိုင်းသုသာန်၊ တောရစ်ဌာန်ကို၊ ဗိမာန်ပြုရ၊ တောင်ပို့ချုံရိပ်၊ တွင်းအောင်းအိပ်တဲ့၊ ပြိတ္တာမ၊ ဒီပလက်ာ၊ ကျွန်းရောမှာ၊ တေဇာထန်ပြင်း၊ စိုးပိုင်မှုးတဲ့၊ ဘီလူးမင်းလဲ၊ နန်းခင်းထီးစည်၊ မင်းဆိုးပြု၍၊ ခုရှိသည်။ ပြည်နှင့်ကျွန်းကို၊ ဒွေးဝန်းရောယှက်၊ နိုင်ငံတိုင်းကား၊ မင်းခမ်းနားကို၊ ငါ့အားဆက်မည်ဟု၊ သက်မသေလို၊ အမှုရှာ၍ မာယာပို၊ နင့်ကို ယုံကြည်လိမ့်မလား။ နင့်အားနင့်အန်၊ နင့်ဟန်ပန်နှင့်၊ မတန်လေချက်၊ ခွေးပါးစပ်က၊ နတ်စကား ထွက်သည့်နှယ်၊ မရှက်မကြောက်၊ ငါမင်းသားကို၊ လှည့်ဖြားလျောက်၊ အထောက်တန်တန်၊ မတန်တန်၊ နင် အာမခံမင့်၊ နင့်ဉာဏ်ကိုသိရအောင်၊ ဇီဝိတဒါနကို၊ မ စတော်မူလိုက်မည်။ ယုံကြည်လောက်စွာ၊ နင့်ဘာသာ၊ သစ္စာပန်နက်၊ ကျိန်စာရှက်မှ၊ အသက်ကို ချမ်းသာပေးမည် ဘီလူးမ။

**ဘီလူးမတင်။** ။သူရကန်ရိပ်၊ ဖန်တံဆိပ်သို့၊ ရာဘိသိက်ဆုံ၊ မြို့ရွက်တစ်ရာ၊ ဆက်ပဏ္ဏာနှင့်၊ စကြာလှံ့၊ ရှုဘုန်းစိုးမယ့်ဆွေဘုရား၊ ။ကျွန်တော်မျိုးမ၊ မိယက္ခ၊ ပြိတ္တာသဖွယ်၊ မစင်ကြယ်၊ အနွယ်ညံ့သူ မဟုတ်ပါ။ လက်ာခေါ်မှတ်၊ သည်ကျွန်းရပ်တွင်၊ နတ်စစ်သူကြီး၊ ရန်လုံးပြိုတဲ့၊ ဗိုလ်များထီး၊ ဦးရီးတော်ရင်း ဖြစ်ပါတယ်။ ဆန်းကြယ်ဥာဏ်ပွေ၊ ဘီးလူးပြည်မှာ၊ ဂုဏ်နေပျံ့မွှေး၊ ဘွဲ့မည်သညာ၊ ကုဝဏ္ဏာလို့၊ လက်ာကျွန်းမှာ၊ မော်ကွန်းတွင်တဲ့ မိန်းမပါ။ ခန္ဓာပိုင်သ၊ အရှင့်မှာက်တွင်၊ လျှောက်သမျှကို၊ ကျွန်မမြောက်အောင်၊ သစ္စာဖျက်လို့၊ မရွက်ဆောင်လျှင်၊ နောင်သည့်ကာလ၊ ဖြဲ့ကျွန်မကို၊ သိကြားတန်ခိုး၊ မြင်းမိုရ်ထက်က၊ စက်မိုးကြိုးနှင့်၊ ဆွေမျိုးတစ်တွေ၊ ပစ်လွှတ်မှုန်းလို့၊ ဖျက်ပြုန်းသေ၊ ကွဲကြေရသည် ဖြစ်ပါစေ။ ကျက်သရေသိန်၊ လက်ာကျွန်းလုံး၊ ခွန်ယူကျုံးပေမယ့်၊ မြဲဘုန်းရှိန်၊ စိုးရိမ်တော် မူပါနှင့်ဘုရား။

**မင်းသားဆို။** ။ကုဝဏ္ဏာဟု၊ သညာဘွဲ့ရ၊ လက်ာကျွန်းလယ်၊ တန်ခိုးကြွယ်တဲ့၊ မယ်ယက္ခ၊ ။ဒေသဘာသာ၊ ကျိန်စာရွက်လို့၊ မြွက်တဲ့ဟာကို၊ သေချာစွဲယူ၊ ငါပဲ့တော်မူရအောင်၊ ဘိကျွံနီမ၊ သွင်ရုပနှင့်၊ ယက္ခ သဏ္ဌာန်၊ ဘီလူးဟန်များကို၊ မချန်ပယ်ပစ်၊ မဟေသီပုံ၊ ဒေဝီဖြို၊ မြင်ရုံနှင့် ချစ်လောက်အောင်၊ ရုပ်သစ်ဆင်၊ လူ့သျှင်ဖန်ဆင်းစမ်းပါ မယ်ကုဝဏ်။

(ဘီလူးမ လူယောင်ဆောင်ပြ)

**တင်။** ။သမ္ဘိန်နေစစ်၊ သပြေခတ်မှာ၊ ကောရာဇနွယ်၊ ကြာပလ္လင်ပြန့်၊ ရာဇဝင်သန့်ပတဲ့၊ ဘုန်းနံ့ကြွယ်ဘုရား၊ ။ဘုန်းတော်ရိပ်နှင့်၊ ဗျာဒိတ်တော်ခံ၊ ဖြူပြာလဲ့လဲ့၊ သူဇာကဲ့သို့၊ နွဲ့မူဟန်၊ ဖန်လို့ဖြင့် ပြီးပါပြီ။ ညာထီးပိုင်ကြွင့်နန်း၊ နှလုံးတော်နှင့်၊ သင့် မသင့်ကို၊ ထောက်ချင့်လှမ်း၊ ရှုစမ်းတော်မူပါဘုရား။

**မင်းသား ဖြင်လျှင်ဆို။** ။မာလာငွေဖော့၊ ရွှေလျော့လျော့၊ ကြွေတော့မယ့်ပုံ၊ နုကသိုဏ်းကျ၊ ရှုတိုင်းလှတဲ့၊ မြကြီးမှု၊ ။မမြူရုံညှာ၊ ထုံမာလာမှာ၊ ပြာကရာရွှေ၊ မြစ်တောပင်၊ လှစွင့်စင်သို့၊ ယဉ်မူလေ့ကို၊ ပြာက ဓတ့်သွင်၊ မောင်ကြီးလှည့်လို့၊ ကြည့်လိုက်မြင်၊ ရွှေဘဝင်နှောင့်နှေး၊ မရဲမလို၊ ရဲမလို၊ သည်းဖိုလို့ ပြေးလိုက်လေ၊ သွေးဘောက်ဘက်ရိုက်၊ ဆယ်ဇမ္ဗူရာဇ်၊ မယ်ထာစ်မှုဖြစ်ခါမှ၊ လူသစ်ကြီးလိုက်ကရော့၊ ခိုက်နိုက်များတုန်တဲ့လို့၊ ကြုံပခလေ၊ ရစေဝသီဂီ၊ ရွှေချက်ကြွေတဲ့၊ ပြည်ဌာနီကို၊ ပြည်ပြည်မလွှမ်း၊ အပူကို ခဝါပေးလို့၊ အဆွေးကိုလျှော်၊ အပျော်သာ မှန်းတွေ့တယ်။ ကျွန်းကြီးစံငယ်၊ ဖန်တော်မူစမ်းကြပါဦး သက်လယ်ရို့။

**ဘီလူးမတင်။** ။ရွှေလည်ပင်းနှင့်၊ ခင်းသင့်သင့်မှာ၊ ညွှင်းနှစ်ပွင့်ဆိုင်၊ ရောင်ထုံးတွဲ့တွဲ့၊ ဆောင်လုံးနွဲ့တဲ့၊ မယ့်ကေခိုင်၊ ။မယိုင်မယိမ်း၊ ကြင်မေတ္တာနှင့်၊ သစ္စာထိန်းလို့၊ ခစ်သိမ်း ကိစ္စ၊ လိုသမျှကို၊ လုံ့လကူပင့်၊ သပြေဖန်ဆောင်၊ ခင်လေးမောင်ကို၊ အခေါင်မြင့်အောင်၊ အရှင့်အကျိုး၊ ပန်းနှယ်ပျိုး၊ တိုး၍ ကြီးရပါတော့မယ်။ တစ်နွယ်တစ်ရိုး၊ ကိုယ့်ဆွေမျိုးကို၊ အကျိုးမဲ့ချည်း၊ ကြီလို့ပြီး၊ ထီးတင်တဲ့ပုံ၊ ကိစ္စကုန်လျှင်၊ မစုံမမက်၊ ငြမ်းကိုဖျက်သည့်နှယ်၊ သည်လက်ဏာ၊ မနောင်ပစ်လို့ ခွာခဲ့လျှင်၊ အိမ်တော်ပါကုဝဏ်ကို၊ မသိကျွန်ရှောင်တိမ်းလို့၊ နောင်စိမ်းတော် မမူပါနှင့် သက်ဝေငယ်။

**မင်းသားဆို။** ။ဘက်မနှန်းလေ့၊ မျက်လုံးရွှေ့တွင်၊ သုံးကုဋေ့ရွှေ၊ တန်စလောက်မျှ၊ စံမြောက်အောင် လှပေတဲ့၊ ကြေွမြမေ၊ ။မြေထုမပတိန်၊ မရှ သိန်လဲ၊ နှိုင်းချိန်မလောက်၊ မောင်ကြီးဆွဲဒါ၊ ပုလဲညှာကို၊ ကဲသာ မောက်၍၊ ရောက်တဲ့စေနာ၊ ကျင်းကုန်းမထောင့်၊ စင်းလုံးဖြောင့်တဲ့၊ မောင့်မေတ္တာကို၊ ယတြာရာပြု၊ အာဂန္တု၊ ကယ်မှုမဟုတ်၊ မေတ္တာကပွား၊ တစ်နပ်စား၊ အငှား လှုပ်တယ်လို့၊ ရွှေရုပ်ကယ်နတ်သွင်၊ စိုးရိမ်အားနှင့်၊ ယုံမှားထင်၊ ထင်သူသာလွဲကြမည်၊ စွဲမိတဲ့ချစ်ရေ၊ ပုဇွန်ဝံငါး၊ ဒေါင်းမြီးဖျားမှာ၊ စာလေးပါးကြေကာမှ၊ သွေပါမယ် လှယဉ်ကြူးငဲ့၊ တင်ကူးတော်မမူပါနှင့် နန်းသူငယ်။

(မင်းသား ဘီလူးမနှင့်ပျော်ပါး၍နေမှုစ။)

တစ်ခန်းရပ်

.........

## (၆)

## ဘီလူးမင်းကြီး ဘိသိက်ပွဲ

သိဟိုဠ်ကျွန်း ဘီလူးမင်းကြီးက ဘီလူးအမတ်ကိုမေး။ ။အစွယ်ဝရဇိန်၊ လက်ရုံးရှိန်နှင့်၊ ရန်နှိမ်ဖျက်ဆီး၊ ဘီလူးသူရဲ၊ ဗိုလ်ခဲပဲကို၊ ကွပ်ကဲကြပ်တဲ့၊ အမတ်ကြီးတို့။ လက်ာကျွန်းသူ၊ ဝင်းညက်ဖြူ၊ နူအူယဥ်၍၊ ပေါလမိတ္တာ၊ ဘွဲ့ပုံသာတဲ့၊ ကညာမကို၊ မြန်နှစ်ဘုန်းကံ၊ သက်လုံးနှံ၊ ညာနပန်ခဆွ၊ ဘိသိက်မြောက်ဖို့၊ ကောက်ယူစေ၊ နန်းမြေသို့ ရောက်ကပြီ မဟုတ်လား အမတ်ကြီး။

ဘီလူးအမတ်တင်။ ။ဗျာဒိတ်တော်မြွက် အတိုင်းပါဘုရား၊ ။ဒီပအောင်ချာ၊ ကျွန်းလက်ာမှာ၊ ကွန်တာမည်ရ၊ ဘီလူးမ၏၊ သက်မျှရင်သွေး၊ ပေါလမိတ္တာ၊ သညာနာမ၊ ဘွဲ့တော်သတဲ့၊ လှသူဌေးကို၊ မနေ့အမြန်၊ ရွှေရထားနှင့် သွားချီခံ၊ ထံတော်သို့ ရောက်ပါကြောင်းကို၊ ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား။

ဘီလူးမင်းကြီးမေး။ ။ယက္ခဒီပ၊ ဘီလူးပေါင်းတို့၊ ဦးခေါင်းချ၊ တေဇစက်မီးသူရာယစ်တဲ့၊ စစ်သူကြီး၊ ။ပေါလမိတ္တာ၊ လှကညာနှင့်၊ အာကာမိုးခွင်၊ ရွှေမြို့ညီးညံ၊ လေယာဥ်ပျံနှင့်၊ ထွက်စံဝင်၊ ရေစင်ဘိသိက် ငါခံမည်။ မြို့စား မြိုင်စား၊ ခရိုင်စားနှင့်၊ အများသောင်းသောင်း၊ နှစ်ဆယ့်ရှစ်ခေါ်ဘဏီ၊စည်းဖွဲ့ညီတဲ့၊ စစ်သည်ပေါင်းတို့ကို၊ ထောင်းထောင်း မာန်အိုက်၊ သူရာတိုက်၍၊ လိုက်စေနောက်တော်၊ မင်္ဂလာသဘင်၊ ပွဲကြီးဆင်ရအောင်၊ ကောင်းကင်ပေါ်၊ တစ်တော်ယခု တက်ရမည် စစ်သူကြီး။

ဘီလူးအမတ်တင်။ ။ရွှေဘုန်းတော် ကြောင့်၊ ရဲဘော်သီးသီး၊နှစ်ဆယ့်ရှစ်ခေါ်ဘဏီ၊ အညီစည်းကြပ်၊ မြေမလပ်အောင်၊ တပ်တော်ကြီး၊ ခင်းပြီးယခု ရှိပါသည်။ မင်္ဂရက်နေ့၊ကောင်းမြေ့သန့်စင်၊မြဟ္မာရင့်ကျူး၊ နာရီမှူးတို့၊ သံတော်ဦးတင်ပါပြီ၊ ကောင်းကင်ပေါ်သို့ တက်ကံတော် မူပါတော့ ဘုရား။ (ပွဲသဘင်ခံစေ။)

တစ်ခန်းရပ်

..........

## (၇)

## ဘီလူးတို့ရန်ကို အောင်မြင်ခန်း

ဘီလူးတို့အသံကိုမင်းသားကြား၍မေး။ ။ဥမ္မာဒန္တီ၊ စံတညီ၊ ဟန်ချီကြော့မူ၊ ဘဝင်ညောင်းမျှ၊ ယဥ်ပေါင်းခတဲ့၊လှမဥ္စူ၊ ။ဇမ္ဗူသိင်္ဂီ၊ဣန္ဒနီနှင့်၊ စိန်ဝဇီရာ၊ စီမြွာခြယ်ယှက်၊ သလွန်ကြာပျံ့၊ ရွှေခြင်ရံနှင့်၊ မိတ္တာနကြက်သည့်၊ ဖျန်းပက်နှင်းမှုံ၊ ပန်းဝတ်ကြုံ၊ ခဲပြန့်ဘုံမှာ၊ လှုံနှစ်ဘုန်းပွင့်၊ စက်တွန်းညှို့တွင်၊ ကောင်းကင်မိုမာန်၊ အာကာ ယံက၊ ညြိုးညံ့မြိမ့်သောင်း၊ စက်နှိုးမပျော်၊ ထက်မိုးပေါ်က ဟစ်အော်ညောင်း၊အကြောင်းဘယ်သို့ ရှိပါလိမ့် နန်းသူငယ်။

မယ်ကုဝဏ်တင်။ ။ပိတုန်းတောင်ကော့၊ ထုံးနှောင်လျော့၊ သုံးတောင်ကြော့ကော၊ ညာမယ့်ဆံကျင်၊ သာဖွဲ့ဆင်တဲ့၊ သဇင်ခွေ၊ ။အောင်မြေကျယ်ဝန်း၊ လက်ာကျွန်းမှာ၊ မော်ကွန်းစိုက်ထူ၊ သီရိသဝဏ္ဏူ၊ ခေါ်မှုပြင့္ဂာန်း၊ ရွှေပြည်နန်းကို၊ ပိုင်မြန်းယူ၊ ဝှန်ဆူသတင်း။ ကာလဒေဝ၊ ဘွဲ့နာမနှင့်၊ ယက္ခမင်းမှာ၊ နတ်ဆင်းမူရာ၊ ပေါလမိတ္တာ၊ တံဆိပ်ရတဲ့၊ လှကညာကို၊ မင်္ဂလာရေစင်၊ နှောင်စုလျားမြိတ်၊ မိုးဖျားထိပ်မှာ၊ ဘိသိက်ဆင်၍၊ သဘင်မြိမ့်သဲ၊ ညံ့မစဲ၊ ပွဲခုနစ်ရက် ခံပါတယ်။ ဘုန်းကြွယ်တဲ့သခင်၊ မယ့်ထိပ်ကင်ငယ်၊ သည့်တွင်မှသာ၊ ချက်ကောင်းဆုံလို့၊ ကြုံရပါ၊ စကြာရန်နင်း၊ ကောင်းကင်ပေါ်ကို၊ လေးတော်နှင့် ခွင်းရလျှင်၊ မင်းလက်ာစိုး၊ ခန္ဓာညိုး၍၊ မြေမိုးပတ်ကုံး၊ တစ်ကျွန်းလုံးမှာ၊ မင်းဆုံးတိုင်၊ ပိုင်တော် မူရပါလိမ့်မည်။ ရက်လည်လွန်ငြား၊ ပွဲပြီးလို့သွားမှဖြင့်၊ သိကြားပင် ကြိုကတဲ၊ အကြံမမြောက်နိုင်ပါဘူး မောင်တော် ဘုရား။

မင်းသားဆို။ ။ဆွေမဒီ့ပုံ၊ ရွှေနီတုံ့ကို၊ ဝိသု ကြုံခြယ်၊ပြည်သူ့ဂမုန်း၊ ရွှေရှပ်ပုံရှုံးပေတဲ့ကြော့ဆုံးမယ်၊ နှင်းဖွယ်ပုံရှိ၊ မမြင်မျက်ရမ်း၊ လေကိုစမ်း၊ ဖမ်းမမိသို့၊ ပကတိမထင်၊ သူ့ရုပ်သွင်ကို၊ မမြင်ရဘဲ၊ ကောင်းကင်ထွတ်ကို၊ မြားလွှတ်လို့ ကြဲသော်လည်း၊ အစွဲမရှိ၊ ဘယ်ကိုမှန်လို့၊ ဘယ်ရန်ကို ထိပါ့မယ်။ ပညာရှိ ဥာဏ်ပေး၊ ကိုယ့်ဖမောင်ထွေး၊ ခဿးမငြိမ်ဘူး ထင်သလား နန်းသူငယ်။

**မယ်ကုဝဏ်တင်။** ။ခနေအသွင်ရှိန်၊ ဝေပုစိန်သို့၊ တူချိန်နှိုင်းဖွယ်၊ ရွှေဘုန်းပပ၊ ပြည်လုံးခတဲ့၊ သကျနွယ်ဘုရား၊ ။မယ်ကုဝဏ္ဏာ၊ ဘုန်းတေဇာကို၊ သည်ခါသိရချည်တော့မယ်။ မိုးလယ်တိမ်ထဲ၊ သင်းတို့ပွဲကို၊ ပျံ့ဝဲ့ငှက်နှယ်၊ မြဲ့ဘူးကျွန်မ၊ သည်ကကွယ်၊ ကြွယ်ဥာဏ်ကူးနှင့်၊ ဘီလူးမင်းထံဝင်ပါမယ်။ ပွဲလယ်ရောက်ကာ၊ ကျွန်မစကား၊ အသံကြားလျှင်၊ ကြားရာရာကို၊ စကြာမြားတော်လွှတ်ပါတော့။ အသေ့မကြာ၊ နတ်ဘီလူးမင်း၊ ဗိုလ်သင်းပင်းတို့၊ သက်ကင်းကွာ၊ မြေမှာ ခေသဆုံးပါလိမ့်မယ်။ နန်းနွယ်ပွင့်ငုံ၊ မယ့်ကြံပုံကို၊ ယုံယုံသာ လိုက်တော်မူပါဘုရား။

(မယ်ကုဝဏ် ကောင်းကင်က အသံပြု၊ ။မင်းသား မယ်ကုဝဏ်အသံကိုဖမ်း၍ လေးနှင့်ပစ်။)

**ဆိုရန်။** ။သံဝင့်ကပ်မိး၊ ပျက်ခါနီးတွင်၊ ညီးညီးတောက်လောင်၊ နေခုနစ်စင်း၊ ထွက်၍လင်းသို့၊ ဝင်းဝင်းပြောင်၊ ဘုန်းရောင်ပြခန်း ရောက်ချေပြီ။ ဗိုလ်ညီတစ်ထောင်၊ အားကိုဆောင်တဲ့၊ စွန်တောင်လေးကြမ်း၊ ဥရဇိန်မြား၊စက်ရှိန်သွားနှင့် လေးအားကို စမ်းလိုက်မည်။ ပရမ်းပတာ၊ မြင်းမိုရ်ကျွမ်းထိုး၊ ဖြန်းဖြန်းကျိုးလို့၊ မီးခိုးမြှာ၊ ဖွဲ့ပြာ ဖြစ်၍ ပျောက်ရမည်၊ စက္ကဝါတောင်၊ မြို့မြို့ပြောင်၊ ရေခထောင် မြေ လုံး၊ ခန်းခွေ့ခြောက်လို့၊ ကြေပျောက်ပြိုန်း၊ ဟုန်းဟုန်းမီးလျှံတောက်ရမည်၊ အသဒိသ၊ မျာဒိတ်ရ၊ ဗုဒ္ဓနွယ်ဝင်၊ သရဘင်သို့၊ လေးတွင် လေးဆုံး၊ ဝိဇယဘုန်း၊ ငါပဲ့ကြိုးက၊ မြေလုံးတုန်၊ သုန်သုန်ပဲ့တင် ပေါက်ရမည်။ ဒီပလက်ာ၊ ချုပ်ခြာပိုင်နင်း၊ ဘီလူးမင်းတို့၊ ရက်ချင်းလတ်လတ်၊ သိကြားလက်ချိန်၊ လေးရန်နှိမ်နှင့်၊ ဇိဝိန်ကို ဖြတ်တော့မည်။ မာရ်နတ်မင်း စစ်ရှုံးတွင်၊ ဘဝဂ်လုံးကျိုးကျိုးမြိမ့်၊ ဒိုးဒလိမ့်ပြန့်ကြဲအောင်၊ မြေကွဲတဲ့ အော်သံလို၊ သုံးတော်ခံစံရွေးက၊ ပတ်လေးချက်ပြစမ်း။

(ဘီလူးနှင့်တကွ မြားမှန်၍ မြေသို့ကျပြီးလျှင်)

**မင်းသားဆို။** ။နဂိုကြေ့ကြေ့၊ ညိုပြေ့ပြေ့၊ ခိုကော့ ငှက်နှယ်၊ မပြင်တနဲ၊ ပြင်တနဲ၊ ဆင်ကွဲယဉ်တဲ့၊ သွင်နီကာယ်၊ ။မာန်စွယ်ပြတ်ကြေ၊ ဘီလူးမင်းပါ၊ ရန်တကာကို၊ ခန္ဓာပျက်အောင် မြားစက်မွှေ၊ မြေမှာ ဆုံး၍၊ ရန်လုံးပျက်ပြိုငြိမ်းလေပြီ။ ဒေဝီနတ်နွယ်၊ စံမရှိတဲ့၊ ဥာဏ်ကြီးမယ်က၊ ဘယ့်နှယ်နောက်ကို၊ ကြံပုံသစ်လို့၊ ဖြစ်စေလို၊ ချိုမျှာစွန်းနှင့် ညွှန်းတော်မူပါဦး နန်းသူငယ်။

**မယ်ကုဝဏ်တင်။** ။လိမ်နဂါးပတ်၊ ထိန်လျှပ်လျှပ်မှာ၊ စိန်နဝရတ်စီ၊ ကြေမစိုးခဲ့၊ ရွှေကြိုးတွဲ့တဲ့၊ မယ့်ဓါလီ၊ ။ကျွန်းဒီပါဇွေ၊ ဦးကိုင်နှင်းတဲ့၊ မင်းကြီးသေလျှင်၊ ထူးထွေဥာဏ်ရှာ၊ နောင်ဖို့ဟာကို၊ ကြံရာကိစ္စငြိမ်းပါပြီ။ သို့ဖြစ်သော်လည်း၊ မောင်တော်မင်းလှ၊ မယ့်သက်မျှမှာ၊ တေဇကွန့်မြူး၊ ဘုန်းရှိန်လက်လက်၊ အာဏာစက်၊ ထူးထက်ထူးအောင်၊ ဘီလူးမင်းမှာ၊ ဆင်ဝတ်နှံ့တဲ့၊ မာန်တန် ဆာကို၊ ချွတ်ကာယူငင်၊ ကိုယ်တော်မြတ်တွင်၊ မပြတ်ဆင်၊ အစဉ်သုံးဆောင်တော် မူပါ။ သေနာပတိ၊ ရရှိဂုဏ်ထူး၊ နတ်ဘီလူးတို့၊ စစ်ဦးပွဲမှာ၊ ဆင်တန်ဆာကို၊ ခုနစ်ရာဗိုလ်ခြေ၊ ကျွန်းဆိုသမျှ၊ စေ့ကုံငံ၊ ဆင်ကြစေလျှင်၊ ကျက်သရေတန်ခိုး၊ တိုးထက်တိုး၊ ဘွားမျိုး ကင်းကြ ပါလိမ့်မည်။ နှံ့ရွှေသဇင်၊ မယ့်လွမ်းပင်ကို၊ တင်စရာ အထူးမရှိပါဘုရား။

(မင်းသားနှင့် ကျေးကျွန်များတို့ ဘီလူး၏ မာန်တန် ဆာကို ဆင်ကြစေ။)

**မင်းသားဆို။** ။ပဘာဝတီ၊ သိင်္ဂီတမျှ၊ ချစ်မဝ၊ အလှယဉ်မှု၊ ရှုမခန်းတဲ့၊ နန်းမြင့်သူငယ်၊ ။ရန်သူပျက်ပြား၊ သီရိသဝဏ္ဏ၊ ပြည့်သူ့မှန်ကင်း၊ ဘီလူးမင်းကို၊ ချက်ချင်းရှား၊ ရန်များကုန်စင်ခဲ့လေပြီ။ ရွှေသိင်္ဂီနိက်၊ ဖန်တံဆိပ်နှင့်၊ နန်းရိပ်ဖွားက၊ ဆွေသားမျိုးနွယ်၊ မတာတွယ်ဘဲ၊ မောင်မယ်မေတ္တာ၊ ငွေသခ်ရ၊ အောင်စေမှုဖြင့်၊ ပြုသည့်တာမှာ၊ စေနာ အလွန် ရှိပေသည်။ ပြည်ကြီးတန်ဆောင်၊ ဇန်နဂါးပတ်၊ ပြန်ဝဟာပ်နှင့် မှန်တပ်သည့် အရောင်၊ ရွှေတစ်ခဲပွင့်၊ ပုလဲဆင့်တဲ့၊ နန်းမြင့်ခေါင်ကို၊ သည်မောင် ယခုသိမ်းပါမယ်၊ ဗီရဏီထိုး၊ စံရွှေကုံးမှာ၊ သုံးကုဋေရံ၊ ဘမရာသန၊ ဖွေသီဟထက်၊ ရွှင်ပျစ်၊ ကဒဏ်ရိပ်လှို၊ ကြာပဒုံမှာ၊ တူစုံစက်ဦးဖို့ မိမိငယ်။ (နန်းတက်၍ ကျွန်များကိုခေါ်။)

**မင်းသားဆို။** ။လက်စွဲတော် နေမျိုးရို့၊ ။တောင်ဇမ္ဗူဘက်၊ ကျွန်းအောင်ချက်က၊ ရွှေစက်ဖြန့်ကြဲ၊ လာ

ခဲ့ကြ၊ ကာလတောင်တာ၊ မျှားမကြာခင်၊ လက်ာကျွန်းပေါ်၊ စကြာမလေးနှင့်၊ ရန်ဆေးလျော့၊ အရေးတော်ပြီးကြပြီ၊ ဘဝမကွာ၊ နောက်တော်ပါ၊ ခုနှစ်ရာသားအိမ်တော်ပါမှန်၊ ဆိုးမျိုးခံတဲ့၊ ကိုယ်ရံများကို၊ နှစ်ပါးအရည်၊ လှကဲကိုခတ်၊ ရာထူးမှတ်လို၊ ခန့်အပ်မည်။ အရည်အလျောက်၊ ချီးမြှောက်ကြည့်ရှု၊ သူကောင်းပြုလို့၊ ရာထူးအလိုက်၊ ထိုက်ရာထိုက်ရာ၊ ရွှေစက်ပဒုံ၊ ဘုန်းရိပ်လှုံ၍၊ လက်မှုကြာ၊ မြို့ရွာ ခစားကြစေ မောင်မင်းတို့။

မင်းသားထင်၍ဆို။ ။မေရုရာဇိန်၊ တောင်နာဂိန်သည်၊ အာလိန်ငါးဆင့်၊ ရံဝန်းတင့်သို့၊ မင်းမင့်မဟိန်၊ ငါနရိန်ကို၊ ဦးနှိမ်ညွှတ်ချ၊ ညီလာခသည်၊ ပြည်မ တန်ဆောင်၊ မတ်ရဲခေါင်တို့၊ ။နေရောင်ထိကျောက်။ မြက်နှင်းပေါက်သို့၊ ရန်ထောက်ကိုချေ၊ တမ္ဗပါဏီ၊ အမည်ရှိတဲ့၊ ဘူမိမြေတွင်၊ ရွှေကနက်ဆောက်၊ လက်ာကျယ်ဝင်း၊ ကျွန်းလုံးချင်း၊ မင်းမူကား မြောက်စေပြီ။ သို့မြောက်ရာတွင်၊ မဟာသမ္မတ၊ အရင်းစ၍၊ မင်းများမွေတာ၊ ကေရာဇ်သမီး၊ နန်းထက်ကြီးကို၊ ရာထီးဖြူ၍၊ စုံမကွာ၊ မုဒ္ဓါဘိသိက် ခံကြသည်။ ငါးမည် ကလျာ၊ ခြောက်ပြစ်စင်တဲ့၊ ဝင်မဟာနွယ်၊ စင်ကြယ်မျိုးဇာတ်၊ မုဒ္ဓါဘိသေ၊ ခံထိုက်ပေမယ့်၊ ညာနေနတ်ကို၊ မှူးမတ်တို့သာ၊ ဇမ္ဗူဒိပ်တည်၊ အပြည်ပြည်သို့၊ လှည့်လည်ရှာ၊ မကြာဆောင်ယူချေရမည်။ ပြည်ကြီးအင်္ဂါ၊ မတ်မဟာတို့က၊ ခုလျာရာစီမံ၍၊ အမြန်ထွက်ကြစေ မင်းကြီးများ။

တစ်ခန်းရစ်

............

( ဂ )

## မဒုရမင်း၏ သမီးတော်ကို တောင်းခန်း

(အမတ်များကို ရာဇသံစာ ပဏ္ဏာလက်ဆောင်များနှင့် စေလွှတ်၍ ဇမ္ဗူဒိပါကျွန်းမှ မဒုရပြည်သို့ ဆိုက်ရောက်လျှင် ထိုပြည်က အမတ်ကြီးနှင့် အကြောင်းအရာ ပြောဆိုကြပြီး၍။)

အမတ်ကြီးက မဒုရမင်းကြီးသို့ တင်ရန်။ ။မြတ်သမ္မာန်ရှိန်၊ နတ်ဝတီသို့၊ နိုင်းချိန်တမျှ၊ ရွှေပြည်မဥ္ဇူ၊ ရာဇရာဇာ၊ ဆက်ပဏ္ဏာနှင့်၊ ညီလာခ၊ မာဃနတ်မင်းဆွေဘုရား၊ ။တင်ပါသည်ဘုရား၊လက်ာဒိပ၊ကျွန်းဌာနက ဝိဇယမည်တွင်၊ဘုန်းတော်မောက်မို၊ ရန်လုံးပြိုသည့်၊ ထို ဘုရင်က၊ တစ်ပင် နန်းပျော်၊ ရင်သွေးတော်ကို၊ မွေ့လျော်မိတ်ဖက်၊ လွန်နှစ်သက်၍၊ နန်းထက်တောင်ညာ၊ မဟာဒေဝီ၊ ရွှေဘုံချီတဲ့၊ ရွှေညီဝန်းရံ၊ ပလ္လင်ပျံ့ဝယ်၊ ညာစံဘိသိက်၊ အောင်နိမိတ်နှင့်၊ ဖြူရိပ်ဖြန့်ကာ၊ စံရပါအောင်၊ ပဏ္ဏာဆက်၍၊ မိတ်ဖက် လိုကြောင်းနှင့်၊ သမီးတောင်း ရောက်ပါကြောင်း၊ ရှိခိုး သံတော်ဦးတင်ပါသည်ဘုရား။

မင်းကြီးဆို။ ။ဝိဓုမဟော်၊ မြေးမတ်ကျော်သို့၊ သိမြော်ရေးရာ၊ တတ်လိမ္မာကြသည့်၊ ပညာ ဝရဇိန်၊ မတ်ကဝိန်တို့၊ ။ဘုန်းရှိန် ထန်ပြင်း၊ လက်ာ ကျွန်းတွင်၊ စိုးစံရှင်သည့်၊ ဘုရင်မင်းက၊ ဆက်သွင်းပဏ္ဏာ၊ မြားမြောင်စွာနှင့်၊ လျောက်လာ ဆိုသည့်၊ ထို အရေးမှာ၊ ရင်သွေးနှုန်းယ်၊ သကျဇာတိ၊ ယဉ်ပျောင်း အိတဲ့၊ နန်းကြို့မယ်ကို၊ ပင်လယ်ဝန်းရံ၊ တစ်နိုင်ငံသို့၊ ထည့်ရန်အလွန်ခက်လေသည်။ ထွေလည်များစွာ၊ ဆက်ပဏ္ဏာနှင့်၊ ရာဇသံကို၊ လှန်လိုက်ချေသော်၊ လျော်မလျော်ကို၊ လေးဖော် ကဝိန်၊ သုခမိန်တို့က၊ ချင့်ချိန်၍ သံတော်ဦးတင်ကြ သူကောင်းတော်ကြီးများ။

ဝန်တင်။ ။တင်ပါသည်ဘုရား၊ တိုင်းကြီးသတ္တ၊ ကပိလမှာ၊ သုမိတ္တ မည်သာ၊ ထို ရာဇာကို၊ တစ်ရာမင်းပေါင်း၊ သမီးတောင်းတွင်၊ ပေးကြောင်း ယူခွင့်၊ စကားမဖွယ်၊ မတင့်တယ်၊ နားဝင်ယ်နင့်၍၊ ကစဥ့်ကလျား၊ ဒေါသ လောင်မီး၊ နှစ်ဆူထီးတို့၊ ရန်မီးပွား၊ တိုင်းကားနစ်မွန်း ဖူးပါသည်။ သမီးနှင့် ပြည်၊ သည်နှစ်တည့်ကြောင့်၊ မကြည် မသက်၊ တစ်ထီး နန်းပိုင်၊ တစ်ခရိုင်နှင့်၊ ရန်ငြိုင်ဘက်၊ စစ်မက်ပွားကြောင်း ဖြစ်ပါသည်။ စစ်မက်မငြိမ်း၊ ပြည်ခေါင်း ကြိမ်း၍၊ ကတိမ်းကပါး၊ အကျိုးတော်ယုတ်၊ တန်းခိုးနုတ်၍၊ ဒုက္ခများ၊ စီးပွားပျက်ကြောင်း ဖြစ်ပါသည်။ ပြည်ကြီး နှစ်ပြည်၊ မိတ်ချစ်ကြည်က၊ ပတ်လည်ဝန်းလျား၊ အရှင်ကျိုးနှင့်၊ ပြည်ကျိုးပွား၊ အများချမ်းသာ ကြပါသည်။သို့ဖြစ်ပါ၍၊ ရတနာမျက်ဖျော်၊ သူဇာစင်လေး၊ သာချမ်းအေးတဲ့၊ ရင်သွေးတော်ကို၊ ရေးမြော် တိုင်းထွာ၊ လက်ာအောင်ချက်၊ တစ်ကျွန်းဘက်နှင့်၊ ဆက်ပဏ္ဏာ၊ မဟာမိတ်ဖွဲ့

သင့်ပါကြောင်း ကို၊ ရှိခိုး သံတော်ဦး တင်ပါသည် ဘုရား။

မင်း၊ ကြီးဆို။ ။ပညာသတ္တိ၊ ဆန္ဒိုင်းညှိ၊ ပြည်ကြို့း ဖွယ်သွား၊ မှူးမတ်များ၊ ၊နန်းသီတဂူ၊ ပန်းမဥ္ဇူကို၊ လှမ်းယူဆွတ်ချွေ၊ မြင်သူမောမျှ၊ မနေသာခတဲ့၊ ဘသက်ဝေကို၊ မနေ ရွှေ့တော် ရောက်စေများ။

သမီး၊ တော် ရောက်၍တင်။ ။မြင်းမိုရ်ဆယ်ဆ၊ နှိုင်းမမျှ၊ စကြာ့သခင်၊ ရာထီးပိုင်ခ၊ အစိုးရတဲ့၊ ဘနတ်ရှင်ဘုရား၊ ၊သမီးတော်မြတ်၊ ဆောင်လုံးကေသီ၊ ရုံရွှေညီတဲ့ ဒေဝီနတ်၊ ပျံဝဝ်ရှိသေ၊ စက်ရွှေစုံအောက်၊ ရွှေ့တော်မှောက်သို့ ရောက်ပါကြောင်း၊ ရှိခိုး သံတော်ဦး တင်ပါသည် ဘုရား။

မင်းကြီးဆို။ ။ငွေလ တစ်ပွင့်။ ရွှေမြဆင့်သို့၊ ဘမင့်းမျက်မှော်၊ ပြစ်မြို့ စင်ဝေး၊ ချစ်ကြင်လေးတဲ့၊ ရင်သွေးတော်၊ ၊တေဇော်လျှံဝင်း၊ ဝိဇယဟု၊ ဒီပတရိုး၊ လက်ာစိုးတဲ့၊ သတိုးမင်းက၊ ဆက်သွင်းပဏ္ဏာ၊ ငါ့သမီးမြတ်၊ နန်းကြီးနတ်နှင့်၊ နဝရတ်စုံ၊ ပြာသာဒ်ဘုံမှာ၊ ဘုန်းဆိုလိုကြောင်း၊ ဓမ္မဏ္ဍာလောင်း၍ အနတောင်းလာ၊ မဟာမိတ်နှံ၊ ဆက်လက် မကောင်း၊ ပေးဆောက်နှင်းမယ်လို့၊ ဘ မင်းကြီး၊ စံပွဲလဲသွယ်၊ ဘ မျက်ခြယ်ကို၊ သွေးဖယ်မရှောင်၊ ဘ မင်းအကျိုး၊ ပြည်အကျိုး၊ သယ်ပိုးဆောင်၊ ကောင်းအောင်သဘောထားရမည် သမီးတော်။

သမီးတော်တင်။ ။ကမ္ဘာ တံဆိပ်၊ ကြာနိမိတ်ကြောင့်၊ ဖျာဒိတ်တော်ချွေ၊ ပါရမီရင့်၊ မကြာမီပွင့်ပေမယ့်၊ နေမင်းဆွေ၊ ဘုန်းဝေခမည်းတော်ဘုရား၊ ၊ပြာသာဒ်မဂ်လာ၊ တစ်ပင်ကြာမှာ၊ ဇင်မာလာကုံး၊ နန်းရဝေပေါ်၊ သန်းရွှေဖျော်လို့၊ စံပျော်တုန်းကို၊ နှလုံးပူပန်၊ သမီးတော်ငယ်၊ လှသက်လှယ်ကို၊ တစ်နယ်ရပ်ဝေး၊ တစ်ကျွန်းသို့ပေးမယ်လို့၊ အရေးတော်ဖန်၊ ကြီးရာခက်ခဲ၊ ရွှေရင်ထဲ၊ ရွှေသဲတုန်လိုက်ပါဘိတော့ ခမည်းတော်ဘုရား။

မင်းကြီးဆို။ ။ကျောက်စိန်ပကတိ၊ တောက်ထိန်ငြိသို့၊ ဇုန္နီ့ပုံ၊ သက်သွင်တမျှ၊ ကြင်မဝတဲ့၊ ဘ ကြေးမုံ၊ ၊နီတုန်ရောင်လျှံ၊ ပလ္လင်ပျံမှာ၊ စံဇမ္ဗူရာဇ၊ ဘခင်သက်ထား၊ တစ်ပင်ဖွား၊ ရွှေနားသစ်။ မွေရာဇ မင်းကြီး၊ ချစ်သမီးကို၊ ရိပ်ထီးစိုက်တည်၊ ခုနစ်ပြည်က၊ ချစ်ကြည်လိုကြောင်း၊ ပြည်ကိုရုံဆီး၊ တိုက်စည်တီး၍၊ သမီးတောင်းတွင်၊ ကျဉ်းမြောင်းညှိုးချုံး၊ မင်းလည်းပူပန်၊ စိတ်ဖောက်ပြန်၍၊ အကြံတုံး၊ ပြည်လုံး တုန်လှုပ်ဖူးလေသည်။ ပြည်ထောင်မင်းချင်း၊ ဆွေမဟာမိတ်၊ မဆက်ချိတ်၍၊ ချစ်စိတ်ကင်းက၊ အခင်းရေးရာ၊ မှိုသောခါ၌၊ ညီညာဖော်မဲ့၊ ဘေးရန်များ၍၊ ပြည်အားနဲ့၊ နုန်နဲ့ ပျက်စီးတတ်ချေသည်။ လူ့ပြည်တစ်လွှား၊ လူကိုထားဘိ၊ တောဖျားမြိုင်ခွင်၊ ဇာဟိတ်စင်လျက်၊ သမင်ခေါက်ရှာ၊ လိပ်ကုမ္ဘာတို့ မိတ်သဟာယ၊ ညီညာကြ၍၊ ပြင်းပြနှိပ်စက်၊ မုဆိုးလက်မှ၊ အသက်ဘေးရန်၊ မိတ်ဆွေသုံးဦး၊ ကြံရည်ထူး၍၊ လွတ်ဖူးဟန်၊ ကျမ်းဂန်ထုံးပုံရှိပေသည်။ ယင်းသို့ဖြစ်၍၊ စိန်စစ်မြစီ၊ ဘခင်လည်ရွဲ၊ ကြင်မရဲတဲ့၊ ဆွဲဒါလီက၊ ထို၍ မဆို၊ ဘ စကားကို၊ ထောင်နားချို၊ သီဟိုဠ်သို့ လိုက်ပေတော့ သမီးတော်။

သမီးတော်ဒို။ ။ဗွေသီဟာပျံ ရွှေကာဒက်ဝယ်၊ ဝေယံဦးကိုင်၊ ဖန်မှန်ခြယ်သန်း၊ ရွှေဘုံနန်းနှင့်၊ ကြဲ့ငှန်းပိုင်သည်၊ ဘုန်းလှိုင်နတ်ကယ်၊ နှဲ့မဥ္ဇူပင်၊ မယ်ပူအင်ကို၊ အမြင်သားနှင့်၊ နေအားတယ်၊ ၊စိန်ခြယ်မြစီ၊ နာရဏီငယ်၊ ညီညီလာမြန်း၊ သဘောငယ်စင်စင်၊ မနောငယ်ယဉ်သည်၊ ရွှေလင်ပန်းနှင့်၊ ရွှေနန်းထက်တွင်၊ ငွေနှင်းပုံ့ပုံ့၊ ကြေခြင်းသန့်တဲ့၊ ဗိမာန်ရင်ကို၊ ပလ္လင်ကြာခ၊ နန်းဟံသမှာ၊ ရွှေမျှားမပေ၊ လူတောင်းလာလျှင်၊ လွှယ်ကာ ပေးမယ်လို့၊ မွေးပလေ၊ သရေဂုဏ် ညှိုးလိုက်ပါဘိတယ်၊ ၊မဖွယ်လေချက်၊ ချိုးခါကြက်နှင့်၊ ငှက်တိရစ္ဆာန်၊ ဖိုးမတန်ကို၊ ကိုးမြန်ဆယ်ဆင့်၊ ရောင်းလိုရောင်း၊ အကြောင်းသင့်ပါငဲ့၊ တစ်ပွင့်ငယ်နှင်းပင်၊ မယ်တင်တင်မှာ၊ လူစင်လျက်ပါ၊ ပြည်သူ့ထွတ်ထား၊ ဘ ဘုရားက၊ အားမနာ၊ ကြမ္မာကံဆိုး ကြုံတော့တယ်၊ ၊ပင်လယ်ပတ်ဝန်း ဘီလူးပျော်မွေ့၊ လူမတွေ့တဲ့၊ တစ္ဆေ့ကျွန်းကို၊ ဇွတ်တွန်းဆော်ဆင့်၊ ငွေရှက်ကယ်မြှုမြှု၊ သုံးပင်ထူသည်၊ လေယူပင့်လို့၊ လွှင့်ချည်တော့မယ်၊ သည်တစ်ခါပြင်၊ မြတစ်ပင်မှာ၊ နန်းခွင်မနီး၊ တစ်ပင်ငယ်စံလေ့၊ တစ်ပြည်မွေ့တဲ့၊ ဖေ့သမီး မှာသေပြီးသာ မှတ်ပါတော့၊ ထီးရာနတ် ဘုန်းနေ

နွယ်။ ။မင်းလွှင်မှုံမှုံ၊ လင်းယဉ်ဘုံမှာ၊ ရွက်စုံဖြိုးဖွေး၊ ကုညီဆယ်တင်၊ ဘယ်မမြင်၊ မယ်ခင်လေးမှာဖြင့်၊ အိုလေသွေးရာပါချည့်မယ်။

သမီးတော်ကန်တော့။ ။ခမရှ ဗဟို၊ လေးရောင်စိုသည့်၊ မြင်းမိုရ်တောင်ဦး၊ မကကျူးတဲ့၊ ကျေးဇူးတော်ရှင်၊ ရွှေဘုန်းပပ၊ နေနှန်းရတဲ့ ခမည်းဘခင်ဘုရား၊ ၊သနားမည့်ာ၊ ယုယပိုက်ထွေး၊ နန်းထက်မွေးတဲ့၊ ရင်သွေးပါကို၊ မာလာချုပ်ရင့် ပန်းတစ်ပွင့်သို့၊ လွှယ်လင့်တကူ၊ တင်လျှောက်လာလျှင်၊ လွှယ်ကာမနှေး၊ တစ်ကျွန်းခွဝးသို့၊ ပေးတော်မူလို့၊ နန်းသူဆံကျင်၊ မွေးမိခင်၏၊ ရွှေရင်ငွေနှင့်၊ မတွေ့ဝေးကွာ၊ ပင်လယ်လှိုင်းဘောင်၊ သူ့ပြည်ထောင်သို့၊ ဆောင်ယူရာကို၊ မကြာလိုက်ရပါတော့မယ်။ ဘုန်းကြွယ် ဘုရား၊ ဘ ထွတ်ထားနှင့်၊ ညာဖျားနန်းရှင်၊ မွေးမိခင်၏၊ စက်ပြင်ပဒုံ၊ ခြေတော်စုံကို၊ လက်မုံမြတ်နိုး၊ ရှိညွှတ်ကျိုး၊ ရှိခိုးပူဇော်ခဲ့ပါ့မယ်။ ပင်လယ်ရေလမ်း၊ လှိုင်းလေကြမ်းမှာ၊ ဘေးဘျမ်းကင်းကွာ၊ သက်ချမ်းသာအောင်၊ ဆုသာတောင်းတော်မူပါတော့ဘုရား။

မင်းကြီးဆို။ ။တစ်ပင်နန်းဗွေ၊ ရုံသန်းရွှေနှင့်၊ စန်းငွေပမာ၊ ဖခင်လည်ဆွဲ၊ ကြင်မရဲတဲ့၊ပုလဲညွှာ၊ ၊ ခတာင်ညာနန်းရှင်၊ မွေးမိခင်နှင့်၊ ဘုရင်ထွတ်ထား၊ ဘ မင်းဖျားကို၊ ညွှတ်တွားရှိခိုး၊ ပူဇော်ကျိုးကြောင်း၊ ဘေးမျိုးပျောက်ကွာ၊ ရောက်လေရာမှာ၊ ချမ်းသာတော်မူမည် အကြောင်းနှင့်၊ ဆုတောင်းတော်မူလိုက်ကဲ့ သမီးတော်။

[မင်းသမီးကို သင်္ဘောနှင့် တင်ဆောင်ယူသွားရာ ဆိုရန်ရေလယ်သံထောက်]

ငွေရွက်ကယ် မြိုင်မြိုင်၊ သုံးပင် တိုင် ထွေ ဆန်း၊ ခဖာင်ဝေယံ နန်းငယ်နှင့်၊ မြန်း ရှင် စံ ပယ် တဲ့ သွယ်နွဲ့။ ။သင်္ဂီရွှေလှော်၊ ခလောင်းတော် သမ္ဗိန်၊ မိမိလာဘူမိန်ကို၊ ရွှေစက် ရှိန် ဖြိုး ပါလို့၊ ကြီးကြီးရှယ်ဆောင်၊ ခရေတောင်ပင်လယ်၊မြင်ဝံ့ပဲ။ ။လေပိုင်းငယ်မှုန်၊ လှိုင်း သုန်သုန် ညွှန်မြူး၊ ရေမာလိန်မှူးငယ်တို့၊ မူးမွေချာလှိုင်လဲမှိုင်လို့။ ။ဖောင် ပုံ့ နာဝါ၊ ဝဲမှာဝင်ခို၊ စဝ်ဝန်းလှိုင်းရေယိုတယ်၊ ရွှေကိုယ်တော်မင်းမှာလ၊ ငွေလင်းယဉ်ဘုံ၊ ညွှန်ကာပျံ့ရှိန်မြိုးလွှဲ။ ။ ညို့ညှက်ကယ်ပြာပြာ၊ မြမှုတ္တာခြယ်နှော၊ မေခလာမယ်စောငယ်က၊ ဘောကြီးရည်ရွယ်၊ လဲဆယ်လို့။ ။ ယဉ်မာလာနွဲ့၊ နန်းသူရွှေပျော်၊ ဂမုန်းခိုင်ရွှေလှော်ကို၊ ခပြဖျော်လိုအားငယ်နှင့်၊ ထားမျက်ချီချီလဲ့ဆိုမြူ၊ မူတုန်းဝဲ၊ နွဲ့ခါးငယ်ကျင်ကျင်၊ မြမျက်ရှင်ရောင်ဖြိုး၊ နီလာရွှေကြိုးငယ်နှင့်၊ မိုးမယ်ဒေဝီ၊ လဲချီပွေ့ ကြည်ဖြူသာယာ၊ ပိုက်ကာမြို့ရုံ၊ နတ်ရင်ငွေ့နိုလှုံ၊ မာယာဝံ့ဖူးမှာလ၊ မြူးစက်တော်ခေါ်၊ရွှေရင်ပေါ်၊ ပျော်နိုင်ပဲ။ ။ မြိုင်တိုက်ကယ်သာသာ၊ မြကျောက်ဖျာဇန်ဆင်း၊ ပန်းဝတ်မှုံသင်းပါတဲ့၊ ခင်းစက်ရာဘောင်လဲဆောင်လို့။ ။

ပျော်အောင်ဒေဝီ၊ ကျူးသီချင်း၊ နတ်ရတုစီမံသည့်၊ ဧယာဉ်ပျိုလွှဲပါလို့ နွဲ့သံချီ ဟိုတီမ်ယံ၊ ပုံ့ကွန့်ဝဲ။

တစ်ခန်းရပ်

............

(၉)

## မယ်ကုဝဏ်ကိုနှင်ခန်း

မင်းသမီးရောက်ကြောင်းကိုတင်ရန်။ ။ဝရဇိန်မြား၊စိန်စဉ်းသွားကို၊သိကြားဆက်လာ၊ဘုန်းရောင်ဖြာ၊လက်ာကျွန်းကြီးရှင်ဘုရား၊ ၊ သမြေကျွန်းသူ၊ လူတွင်မကာ၊ နတ်လောကလှကို၊ ဘုရား့ကျွန်များ၊ ဆောင်ယူသွား၊ ရွှေဖဝါးတော်အောက် ရောက်ပါကြောင်းကို ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား။

ဝိဇယမင်းကြီးပြော။ ။လူကြီးအင်္ဂါ၊ စုံလင်စွာနှင့်၊ ပညာသတ္တိ၊ စွမ်းရည်ရှိ၊ ပြည်ကြီးတန်ဆောင်၊ မတ်မင်းခေါင်တို့၊ ၊သမြေကျွန်းငှ၊ နန်းမြင့်သူ၊ နုအုယဉ်ကျေး၊ လူတွင်မကာ၊ နတ်လောကလှသည့်၊ သကျမြေနှင့်၊ ဖြည်း ဖြည်း နောက် ခါ၊ ရက် လည် ကြာမှ၊ ညာသဇန်းပျို၊ ရေဖျန်းခံမည်။ နန်း ရံ တဲ ခတော်နှင့်၊ ပျော်အောင် ထားကြရမည် မှူးမတ်များ။

မင်းကြီးပြော။ ။ရုခုကြွမသို့၊ ရွှေရှိ့ရှိ့နှင့်၊ ရွှေကညို့နွယ်၊ ကြင်မရဲစေ၊ ယဉ်နဲ့မွေ့တဲ့၊ ကေကြွေ့ မယ်၊ ၊စံပယ်ရနံ့၊ မောင်ကြီးစကား၊ နှုတ်ချိုပျားကို၊ ရွှေနားပျံ့၊ သူရကန့်မိတ်၊ ဘုန်းဆိပ်ထန်ပြင်း၊ သမ္ဘာဝိန် ဝံသာ၊ နွယ်ရိုးလာတဲ့၊ သမ္ဘာမင်းတို့၊ ခရုသင်းစစ်၊ လက်ျာရစ်နှင့်၊ ရှစ်မြှုတ်ရာရဲ့၊ နဂ္ဂတတ်မွေ၊ အိုင်မြတ် ရေနှင့်၊ ဘိုးသေခံသော်၊ မိတ်နံ့သင့်သူ၊ မျိုးဇာတ်တူ၊ လူမိဖုရား၊ နန်းထက်ဖွားနှင့်၊ ညာထားရွှေရဲ့၊ ရွှေ ကမ္ဘုရိပ်၊ တင်တံဆိပ်နှင့်၊ ဘိသိက်ခံ၊ ထုံးစံမင်းပွဲ ယင် ကြလည်း။ ယခုအခါ၊ မောင်ကြီးမှာမူ၊ နေလာနွယ် ဖွား၊ ဇမ္ဗူသနင်း၊ တစ်ဆူချင်းတဲ့ လူမင်းသား၊ ပြာ ထွားနေနယ်၊ ကုဝဏ်မယ်မှာ၊ ပင်လယ် ကျွန်းဖွား၊ ဘီလူးရုပ်ခေတ်၊ မျိုးမမြတ်တဲ့၊ ဇာတ်တခြား။ နွားတစ် ဖက် ကျွဲတစ်ဖက်၊ ခပ်ပြာနှင့်ရွှေ၊ ခဲနှင့်ငွေကို၊ ဂဟေ ဆက်သို့၊ နင်းကွက်မမှန်၊ ကုဝဏ္ဏာနှင့်၊ ထီးကြာရိပ် တွင်၊ ဘိသိက်ခံလျှင်၊ ထုံးစံပျောက်ကွယ်၊ သည့်မောင် ပြုပြင်၊ အဖြစ်ထွင်တဲ့၊ ရာဇဝင်ထုံး၊ တစ်ခေါင်လုံးကို၊ မီးအုံးစရာ ဖြစ်တော့မယ်။သို့ဖြစ်ချေ၍၊ သက်ဝေဆွဲဒါ၊ ကုဝဏ္ဏာနှင့်၊ ညာရွှေညီရဲ့၊ ဘိသိက်ခံလို၊ ဟန်မရချေ။ နန်းပေါ်ကဆင်း၊ ငါနှင့်ရှင်း၍ ကင်းရာနေ၊ တစ်ခုမြို့သို့ သွားလေတော့ မယ်ကုဝဏ်။

မယ်ကုဝဏ်တင်။ ။စက်ဘုန်းဝရဇိန်၊ လက်ရုံး ချိန်က၊ မဟိန်ဓမ္မချာ၊ သခေ့ပြမင်းတို့၊ ခြေရင်းကြို့၍၊ ပို့ပဏ္ဏာ၊ လက်ဆောင်ကျွန်းကြီးရှင် ဘုရား၊ ၊ဗာရာပျိုနဲ့၊ ပြည်ကေတုမှာ၊ သဏ္ဍုသေနု၊ အမည်ရသည့်၊ ဘဝ သခင်၊ ရာထီးညွှတ်တဲ့၊ ထွတ်ဘုရင်မှာ၊ မစင်မကြွယ်၊ ကုဋ္ဌရောဂါ၊ ဝိပါက်ပါ၍၊ ကိုယ်မှာတွယ်သော်၊ စွန့်ပယ် နန်းက၊ နတ်ဟန်တစ်မူ၊ စံတစ်ဆူ၊ သမ္ဘူလနှင့်၊ တောဝ ဟောမာ၊ အတူလိုက်၍၊ သိမ်းပိုက်ရှာ၊ ရောဂါကင်းလျှင်၊ ရွှေဘုံနန်းမ၊ ပြန်ခဲ့ကြ၍၊ ဆယ်ဆကြင်၊ ညာတင်ထား၊ ချစ်အား ရှေးထက် တိုးပါတယ်။ မြိုင်လယ် ဟေမန်၊ နှင်းငွေလျှံမှာ၊ ဝေသန်မင်းကျော်၊ မဒ္ဒီ လည် ရှဲ၊ ဆင်ပုလဲနှင့်၊ ဆင်းရဲဖော်၊ ထောက်မြော်ကျေးဇူး၊ မြိုင်ယံကထွက်၊ ရွှေနန်းတက်လျှင်၊ ရှေးထက်ထူး၍၊ ကြည်နူးဝမ်းမြောက်၊ ကြင်ပဏ္ဏာမိတ်၊ ညာထီးရိပ်တွင်၊ ဘိသိက်မြှောက်၊ နောက်ကကျေးဇူးဆပ်ပါတယ်။မယ်ကု ဝဏ်အား၊ မေတ္တာ မရောက်၊ မုန်းစိတ် ပေါက်၍၊ မထောက်ထားကတဲ့။ သားနှင့်သမီး၊ ခိုင် သဇင်ရွှေ၊ ကြင်မခုပြတဲ့၊ ပင်ရွှေသီးတို့ကို၊ ကျွန်းကြီးထွတ်ချာ၊ ရွှေရင်တော်ဖွား၊ ကလေးများကို၊ မထောက်ထားညှာ၊ မျက်နှာငဲ့ကောင်းပါသေးတယ်၊ ဘယ်ကံဝိပါက်၊ သည် ကျွန်ဆိုးကို၊ ငြိုးနှိပ်စက်လေသ်၊ အိပ်မက်ပမာ၊ ခုမြန်း ကနဲ၊ မုန်းစိတ်စွဲ၍၊ ပယ်လွှဲခွာ၊ အာဏာတော် လေး ပါဘိ၊ ဖြည်းဖြည်းစစ်လို့၊ နောက်ဖြစ်ကို မြော်တော် မူပါအုံး ရွှေနန်းရှင် ဘုရား။

ဝိဇယမင်းဆို။ ။ရွှေခါးတောင်ဖြန့်၊ တစ်ထွာခန့်၊ ဗျာဆံ့နောက်ဆွယ်၊ မပြင်မရှုံး၊ မင်ပိတုန်း၊ ဇင်ကုံး ရွှေတဲ့၊ ကေကြေ့မယ်၊ ၊ဘုန်းကြွပ်မြတ်စွာ၊ သာသ နာကို၊ တကာခံသူ၊ မင်း မြတ် ဟူ က၊ လူမိဖုရား၊ နန်းညာဖွားနှင့်၊ နှစ်ပါးမသွေ၊ သာသနာမူ၊ တိုင်ပင် ရှု၍ ပြုမြဲပေ၊ သန္တေနွယ်ညစ်၊ မောင့်ကြင်ဦး၊ ဘီလူး ဖြစ်၍၊ ချစ်ရက်နှင့်သာ၊ ကျေးဇူးထောက်ထား၊ နောက် ဖြစ်လာသကို၊ သနားညှာ၊ အားနာဂချက်ပင် ဖြစ်တော့ တယ်။ ငယ်ရွယ်နုထွား၊ ရတနာပဋ္ဌင်၊ နန်းဦးမြင်တဲ့၊ ရွှေရင်သားတို့ကို၊ သနားတုံလည်း၊ ဝာည်မှာဆွဲ၊ အသည်း နစ်ခေအောင်ချစ်ပါငဲ့။ တကယ့်သဘော၊ မောင့်မနေ့ ဖြင့်၊ လောကွတ်မပို၊ ဟုတ်တိုင်းခံဒို၊ ပင်ကိုယ်ဇာတိ၊ ဘုရားဖြူဖြူ၊ ထီးဆူဆူ၊ ဆယ်ခုဥပြုးလို့၊ ရှုးပါဝိ၊ ပြာအိ ညက်ကယ်၊ မောင့်သက်လျှာသ်ကို၊ နှမ်းနယ်ဒုက္ခ မရှိရပါဘူး။ ဌာနပျောက်ပတ်၊ သင့်တင့်ရပ်တွင်၊ ပြာသာဒ်ကွန်းဘူး၊ ကြီးရာထူးနှင့်၊ စားဦးကိုးကွယ်၊ ကြင်နာလေးမြတ်၊ ကျေးဇူးရပ်ကို၊ မောင်ဆပ်မယ်။ ကြယ်နှစ်ပွင့်တူ၊ သားနှစ်ဆူကို၊ ပြယ်ယှ၍သာ၊ မသွား ပါနှင့်။ စိန်ဒါလီရစ်၊ ဘ မျက်နှစ်ကို၊ မပစ်မပယ်၊ ဆောင်ယောင်ကံကျွး၊ မြိုစားပေး၍၊ မွေးရစ်မယ်။ မောင် တွယ် မြော်ကဲ့၊ စရိတ်ချလို့၊ မနွံ့သာပြီ၊ တောတောင်စခန်း၊ သွားမည့်သမ်းကို၊ မှန်းလို့ချီ၊ ယာယီ မနေ့နှင့်တော့ မယ်ကုဝဏ်။

မယ်ကုဝဏ်ငို။ ။ပြေဘ် ရွှေရောင်မမှိန်၊ ပြောင် ပြောင်ငယ်ထိန်သည့်၊ တောင်သ်ရွှေထွတ်၊ ဗွေတမှုတ် ကို၊ သံဝင့်မီးပြိုင်၊ ကမ္ဘာပြန်းလို့၊ ခေါင်းဦးငယ်ယိုင်၊ ဆုံးတိုင်သည့်နွယ်၊ ရှိုင်းချက်ကယ် ကုန်ကုန်၊ ကမ်းရေ စုန်မှာ၊ မှောက်ခုံတွန်းလို့၊ နစ်မှုန်းပင်လယ်၊ ဆယ်သူ

မုန်းလို့၊ ဆိုးတော့ခယ်။ ။လူ့ဝယ်လူ့သား၊ မင်းမယောက်ျားကို၊ စိတ်ထားအကြီး၊ အချစ်ကယ်ဝင်ဝင်၊ အသစ်ကယ်မြင်လျှင်၊ ခင်မင်ခုန်မွေ့၊ ငယ်ကပေါင်း၊ အဟောင်းကို မမေ့ထားတော်တဲ့၊ လွှထုံးစံကို၊ ဥာဏ်မချင့်ရွယ်၊ ဘီလူးနွယ်လား၊ မိုက်မျိုးဟာမို့ ပါဘိတယ်။ ။ ဘုန်းကြွယ်သနင်း၊ ဝေဝဆုံးရစ်၊ အဆုံးခံတဲ့၊ သိဒ္ဓတ်မင်းမှာ၊ နန်းခင်းစွန့်ခွာ၊ တောထွက်ခါဝယ်၊ နောက်ပါကျွန်ရင်း၊ ရှီးရှီးအကြီး၊ ဆိုးမျိုးစံတဲ့၊ မောင်ဆန်မင်းနှင့်၊ ဆင်းရဲဘက်ကယ်၊ ဘုရားဖြစ်ပြန်၊ ကောင်းချိန်တန်လျှင်၊ မောဂ္ဂလာန်မသာ၊ ဒါယ်သူဘယ်ဝါ၊ အာနန္ဒာငယ်၊ ဘဟာမသာနှင့်၊ အဓလာသုံးဆယ်၊ မတ်မှူးမောင်ဆန်မှာ၊ မမောင်ဆန်တတ်တိုင်း၊ အိမ်မတော်ပါ၊ လွတ်ရာရှိုင်းလို့၊ ရံပိုင်းညာဘယ်၊ အုံကြွတယ်။ ။ပုံငယ်တမျှ၊ မဂ်လာကျွန်၊ မယ်ကုဝဏ်မှာ၊ ဆိုးစွန်ကျလို့၊ သွားရခဲ့တော့မယ်။ မစတီတော်ကြီး၊ ဘီးတင်လို ပြီးပြီမို့၊ ထီးကိုမှမ်းမံ၊ ကြိမ်ဝါးခြမ်းနှင့်၊ ငြမ်းကိုလွှန်၊ ပုံစံထုံးနှင့်၊ လုံးလုံးမယ့်ဝယ်၊ ကြိုတော့တယ်။ ယညီမယ့်မှာကော၊ ဘီလူးစရိုက်၊ ဥာဏ်မလိုက်တဲ့၊ မိုက်သတောမို့၊ နစ်မျောဆုံးပါး၊ ယောင်ရိုးငယ်လူမှိုက်၊ ယောကျ်ားလိမ်ကို၊ တစ်ကြိမ်မှားလျှင် မှားပါစေတော့။ လူ့ပြည်ကလူ၊ မရှုနိုင်းသူငယ်၊ ယဉ်မူကြေးတို့မှာ၊ ပေါ့တန်တော်မမူကြပါနှင့်ရှင်။ ။ခုကာလ သည်ခေတ်မှာ၊ မလှနစ်တဲ့ထုံးစံ၊ ကုက္ကုလံလို၊ ဥာဏ်ဝါစ်စောင်းငယ်နှင့်၊ အို ကိုယ်ကောင်းသာကြီတဲ့လင်။

မယ်ကုဝဏ်ထပ်တင်း။ ။မြေအလုံးနှံ့၊ စွချုန်းပုံ့၊ ဘုန်းနံ့ကြိုင်ကြိုင်၊ ဘဝဂ်မိုးရောက်၊ တန်ခိုးပေါက်၍၊ ဖြိုးမောက်လျှို၊ ဦးကိုင် ကျွန်းကြီးရှင်ဘုရား၊ တင်ပါသည်ဘုရား။ ဘုန်းရှိန်တောက်ဝင်း၊ အာဏာမြင်းတဲ့၊ မင်းမိန့်တော်ဟာ၊ မျှဗိုက်ကြားလို့၊ ထားသမျှကို၊ ကျွန်မ မငြင်းဆန်စံ့ပါ။ သိုရာတွင်မူ၊ ကျွန်မရင်သွေး၊ နို့ရည်ဂျေးတဲ့၊ မွေးဒါရှတို့နှင့်၊ အတူတကွ၊ မသွားရလျှင်၊ နန်းကယာယီ၊ မဆင်းမိပင်၊ ညွတ်သီငွေလဲ၊ ရွှေရင်ကွဲလို့၊ ခုပဲသေရပါတော့မယ်။ ကုဝဏ်မယ်ကို၊ တကာယ်ကေန်၊ ချစ်ရိုးမှန်ပါလျှင်၊ စံကသိုဏ်းရှု၊ ငယ်ရွယ်နုတုဘွား၊ ရှေ့ခနောက်ကယ်ဖွား ပါတဲ့၊ သားနှစ်ခုကို၊ နန်းသူမျက်မျော်၊ ဘုန်းမော် မော်၊ သနားတော်မူလိုက်ပါ ထိပ်ခေါင်တင်ဘုရား။

ဝိဇယမင်းပြော။ ။ပြာပြာတချို့၊ ဝါတချို့နှင့်၊ ကြာညို့ဝတ်မှုံ၊ ရွှေခံတွင်းနံ့၊ ရွှေသင်းပျံ့တဲ့၊ အုံ့မကုန်ငယ်၊ ပူပုံတော်များ၊ သားနှစ်ဖော်ကြောင့်၊ မျှပါတော်ပွားပါနှင့်၊ သနားတဲ့အဖြစ်၊ မယ်ကုဝဏ်ကို၊ မောင်အလွန်ချစ်လွန်းလို့၊ ကျန်ရစ်တဲ့သား၊ နှစ်ယောက်အားကို၊ ကိုယ်စားချစ်မယ်၊ မောင်ကြီးသဘော၊ မေတ္တာဇောနှင့်၊ မပြာမိတယ်။ နယ်တစ်ပြည်ခြား၊ မောင့်လွမ်းပင်ကို၊ နှင်မိငြားလို့၊ စကားမောင်ပင် လွန်သေးတယ်။ သားငယ်နှစ်ဆူ၊ မယ့်သည်းအူကို၊ မယူလေနဲ့၊ မောင်ကြီးဟန့်လို့၊ ကန့်ပြန်ခဲ့လျှင်၊ မယ့်သဘောတွင်၊ မောင်တကယ် မုန်းတယ်လို့၊ လုံးလုံးကြီး ထင်ရော့မယ်။ ရွှေရင်သည်းခေါင်၊ သမီးမျက်မျော်၊ လှမနော်နှင့်၊ သားတော်မောင်တို့ကို၊ ယူဆောင်၍သွားလေတော့ မယ်ကုဝဏ်။

(မယ်ကုဝဏ် သားသမီးတို့ကိုယူ၍ ထွက်သွားစေ။)

တစ်ခန်းရပ်

............

(၁၀)

## မဇ္ဈိမဒေသမှ ၁၀ မဟုတ်; 

မဓုရပြည် မင်းသမီးနှင့် ဘီသိက်ခံခန်း

ဝိဇယမင်းသားပြော။ ။သုတ ပဏ္ဍိ၊ ဆန္ဒိုင်းညှိပြည်ကြို့းရန်အောင်၊ မတ်တန်ဆောင်တို့၊ တစ်ကျွန်းတစ်မြေ၊ ဝေးရပ်နေတဲ့၊ သန္တနတ်နွယ်၊ သာကီ့နွယ်၊ စံပယ်ပျော်ရာ၊ တဲတော်သာမှာ၊ ရက်ကြာခုနစ်၊ လည်ပြီ ဖြစ်၍၊ မြနှစ်သိင်္ဂါ၊ ပုလဲညှာကို၊ ဆောင်ရာ လက်ထပ်၊ တောင်ညာ အပ်ရအောင်၊ နန်းရပ်က ကြိုတော်မူမည် မှူးမတ်များ။

မင်းသမီးကို ထွက်၍ကြို၊ မင်းသမီးထံ ဝိဇယမင်းရောက်၍ ခေါ်ရန်။ ။စန်းပုဏ္ဏမာ၊ ငွေစကြာသို့၊ မျက်နှာရှင်ပျ၊ ရှုမဝ၊ အလှမဥ္ဇူ၊ မြဒါရှုငယ်၊ ဇမ္ဗူအောင်ချာ၊ ကျွန်းလက်ာမှ၊ ရွှေသီဟာခံ၊ ပလ္လင်ပျံ့ဝယ်၊ ညာစံလွှဲ၍၊ မောင်ကြီးဆွဲဒါ၊ ပုလဲညှာကို၊ ခုမှသာ

ခြွေရတယ်၊ မငြေမ့သစ္စာ၊ နှစ်တစ်ရာပါ၊ ရှစ်ပြာကဒန်၊ ဖြူဝန်းရံ၍၊ စံတော်မူရခအောင်၊ နန်းသူငယ် ကြိုလာ၊ ပြင်းဆန်ပါနှင့်ခွတာ၊ စိန်ဝဇီရာ၊ စိမ္ပြာထွန်းပြောင်၊ နန်းရွှေတောင်သို့၊ မယ်မောင်လှမ်းကြဦးစို့ မိမိငယ်။

(ဝိဇယမင်းနှင့် မင်းသမီးနန်းတက်၍ နှစ်ပေါင်း လ ရှည် ကြာစွာ စံမြန်းကြရာ ထီးမွေ နန်းမွေ ခံထိုက်သော သူ မရ၍)

**မင်းသားက ဝန်တို့ကို ပြောရန်။** ။စိန်တစ်ရ ထည်၊ လက်ရှုံးရည်နှင့်၊ ဇာနည်ပြောင်မြောက်၊ လက်ာ ဒီပ ကျွန်းနိုင်ငံတွင်၊ အောင်လံဆောက်သည်၍၊ လေး ခွယာက် လူလွန်၊မတ်ကြီးဝန်တို့၊ ။ကျောင်း ထွတ်တင်၊ ငါဘုရင်သည်၊ သမ္ဗုဒ္ဓဘုရား၊ မျာဒိတ်ထားသည်နှင့်၊ အလားလျော်ကန်၊ လက်ာကြငှန်း၊ ကျွန်း အောင် ခန်း ထက်၊ ထီးနန်းစံ၊ နိုင်ငံ ချဲ့တော်မူခဲ့သည်။ သာသနာ ရန်ဘက်၊ အမျက်ပြောင့်ဆူး၊ မိစ္ဆာထူထပ်။ လူသား ငတ်တဲ့၊ နတ်ဘီလူးတို့ကို၊ ဟူးဟူးတိုက်နှင်၊ ဝရဇိန် စက်ပွဲ၊ ဘုန်းတော်နှံ၍၊ ရန်သုတ်သင်၊ ဝန်းကျင် သာ ယာ လှလေပြီ၊ မဇုရပြည်၊ ထီးနန်းတည်တဲ့၊ အကြည် တော် မြတ်၊ ရွှေရင်သည်းအူ။ ကြော့ဆုံးမူနှင့်။ ဇမ္ဗူ နတ်ကို။ ဥတ္တရသဘင်၊ ပဒုမ ကမလာ၊ ဂမ္ဘီရကာတဲ့၊ ညာပလ္လင်မှာ၊ ဥကင် ပိုင်သ၊ မမုန်းမသုန်၊ နှစ်ဘုန်းလှို၍၊ မိုလ်ပုံခ၊ ကာလရှည်ကြာ လှလေပြီ။ သို့စင်ကြာ လျက်၊ နန်းညွှာညွှန့်ပြောက်၊ သားတစ်ခယာက်မျှ ရှိးပေါက်မန္တယ်၊ ရာဇာအသန္တိန်၊ နေမျိုးတံခွန်၍၊ ဂုဏ် သိမ်ငယ်၊ နကျယ်သားမဲ့ ဖြစ်ချေသည်။ သာသနာ သိုက်၊ ရိုးရာရိုက်ကို၊ နောင်ပိုက်စေဖို့၊ အကြံတို့ကို၊ ဘယ်သို့ ကြံမလဲ မှူးမတ်များ။

**ဝန်တင်။** မွေဦရ၊ ရာဇညဟု၊ ဒီပ၊ လက်ာ၊ ခြလေးဆူ ရွှေခွန်း၊ မျာဒိတ်ညွှန်းတဲ့၊ ကျွန်း အောင်ချာ ဝယ်၊ အာဏာစက်ရှိန်၊ ဥတ္တရနှိုင်း၊ ရောင်ခြည်လှိုင်း၍၊ ဟတိုင်းထိန်၊ သူရိန် နေမင်းဆွေ ဘုရား၊ ။သပြေမဟီ၊ ဇမ္ဗူဒီပွင်၊ သီဟပူရ၊ ရွှေပြည်မဉ္ဇ၊ ဘဝ ဘုန်းမော်၊ နိုင်ငံသိမ်းဆည်း၊ ရန်ညွှန့်လှည်းတဲ့၊ ခမည်းတော်မှာ၊ ခွှေလျော်ရုပ်ပွား၊ ဘုန်းရှိသား၊ တစ်ပါးနန်းလျာ ရှိပါ သည်။ ဘုရားညီရင်း၊ သုမိတ္တဟု၊ နာမတွဲယူ၊ ဘုန်းညွှန့်လူတဲ့၊ ဇမ္ဗူမင်းကို၊ သတင်းရာဇာပါ၊ စေတမန် နှင့်၊ တောင်းပန် ပင့်ခေါ်၊ နန်းလျာ စိုက်ဖို့၊ ထာ

ထိုက်တော်၊ သင့်လျော်လှပါကြောင်းကို ရှိခိုး သံတော် ဦးတင်ပါသည် ဘုရား။

**မင်းကြီးပြော၊** ။လျော်ကန်လှပြီ၊ ခမည်းတော် မြတ်၊ ဇမ္ဗူဒီလုံး၊ ခွန်ယူကျုံးတဲ့၊ ဘုန်းဘုန်းနတ်သို့၊ ဆက်ကပ်ပူဇော်၊ လက်ဆောင်တော်များနှင့်၊ ညီတော် မင်းလှ၊သုမိတ္တကို၊အရတောင်းယူခဲ့ရမည်။ ငါကျောင်၊ နန်းမွေနှစ်ကို၊ ဆက်လစ်စိုးစံ၊ ဘုရားသာသနာ၊ မြတ်ရိုက်ရာကို၊တကာခံ၊နိုင်ငံ ပိုက်သိမ်းစေရမည်။ မဟာ သမ္မတ်၊မန္တာတ်သနင်း၊ဥတ္တရမင်းတို့၊ နွယ်ရင်းသန့်စင်၊ မဟာဝင်ဖြင့်၊ ဤလက်ာဘောင်၊ ကျွန်းမြေခေါင်မှာ၊ ဖြူရောင် ဖြန့်မိုး၊ ဘိသေမင်္လာ၊ ကောင်းချီး ပြာ၍၊ စကြာဆိုး၊ နေမျိုး စိုက်ထူစေရမည်။ ဇမ္ဗူဒီပါ၊ ကျွန်း အောင်ချာသို့၊ မကြာစေနှင့်၊ အလျင် တခုဆော၊ ခလှသင်္ဘောနှင့်၊ မျောကာလွှင့်၊ အခွင့် ပြီးလွှယ်ကြစေ ခမောင်မင်းများ။

တစ်ခန်းရပ်

.........

( ၁၁ )

## ညီတော်ကို တောင်းခန်း

(မှူးမတ်များသွား၍ သီဟပူရပြည်သို့ ရောက်လျှင် ခမည်းတော် သီဟဗာဟုမင်းကြီးနတ်ရွာစံ၍ သားတော် အငယ် သုမိတ္တ နန်းတက်သည်နှင့် ရှေ့တော်သို့ ဝင်၍)

**ဝန်က တင်ရန်။** ။မျိုးနွယ် အာဇာ၊ မြတ်ခလေး ဖြာတွင်၊ ကောသရာဇာတ်၊ ဇန်ရဟာတ်သို့၊ လျှံပတ် ဘုန်းရောင်၊ ။ကျွန်းလုံးပြောင်၊ ရွှေအောင် နန်းကြီးရှင် ဘုရား၊ ။လက်ာ ကျွန်းပေါ်၊ တန်ခိုးကျော်သည့်၊ နောင်တော် စက္ကဝတ်၊ ဝိဇယဟု၊ သီဟန္တသ်ရင်း၊ တေဇာ ပြင်းတဲ့၊ မင်းများ ထွတ်ဘ၊ စေလွှတ် တမန်၊ ဇမ္ဗူသိဂ်ါ၊ တံဆိပ်စာနှင့်၊ ရာဇသံ၊ ထံတော်သို့ ရောက် ပါကြောင်း၊ ရှိခိုးသံတော်ဦး တင်ပါသည် ဘုရား။

**သုမိတ္တမင်းမေး။** ။တစ်ကျွန်းစိုးစံ၊ နောင်တော်ထံက၊ မင်းသံအမတ်များပေလားများ၊ ။ရေဝ နန်းလယ်၊ မြန်းစံပယ်တဲ့၊ မယ်မယ့်မျက်စေ့၊ နောင်ဘုန်းစေ၀ကို၊ ရေယာဉ်ကျယ်မပြော၊ ပင်လယ်ကြောသို့၊ မျှော်လိုက်သည်က၊ ကာလတောင်တာ၊ သို့စင်ကြာအောင်၊ တစ်ခါဘူးမျှ၊ ကြောင်းစ ခြင်းရာ၊ မကြားလာ၍၊ များစွာ တ ယူ၊ လွမ်းဆွတ်တော်မူတုန်းကို၊ ဇမ္ဗူ ဝန်းလျှံ ခုရောက်လာတဲ့ ရာဇသံကို အမြန် ဖတ်လျှောက်ကြမှူးမတ်များ။

**ရာဇသံ ဖတ်စေ**

ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော ဆဒ္ဒန်ဆင်မင်းသခင်၊ လက်နက်စကြာရှင်၊ နာဂဒီပ ယက္ခဒီပ အစရှိသော အရာမကသော ကျွန်းငယ်တို့ဖြင့် ခြံရံအပ်သော လင်္ကာ ကျွန်းကြီးသခင်၊ ဘဝရှင် ဝိဇယ ယသသီရိ ပဝရာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာ တံဆိပ်နာမံတော်ရှိသော သားတော် မင်းတရားကြီး ရှိသေ ကော်ရော် သံတော်ဦး တင်အပ်သော ဇမ္ဗူဒီပါ၊ လက်ျာ ကျွန်းရူတွင်၊ ယူဇနာ တစ်ရာ၊ တာစတုရန်း၊နယ်အစွန်းဖြင့်၊ကျယ်ဝန်းသာယာလှသော လာလတိုင်း၊ သီဟပူရပြည်ကြီးကို အစိုးရတော်မူသော၊ သာကီ နေလာ၊ကေသရာဝင်၊ သန့်စင်ဝံ့သ၊ ညေ ပုည၊ ပရမသီရိ၊ ဘုန်းတော်ရှိသော ခမည်းတော်ဘုရား။ သားတော် မင်းတရားသည် လင်္ကာဒီပ ကျွန်းကြီးကို၊ ဘုန်းမီး စက္ကဝတ်၊ တန်းခိုးလွှတ်၍၊ တမွတ်စိုးစံ၊ ရာဇခံ မယိမ်း ထီးနန်းကို သိမ်းရော၊ မဟုရ ရာဇမင်းကြီး၏ သမီးတော်ကို ယူဆောင်၊ ညာခေါင်ဒေဝီ၊ မဟေသီမြှောက်တင်ထားသော်လည်း သား သမီးမမြင်၊ ရာဇဝင် ဆက်လက်သူမရှိ။ ဝိရိယဉာဏ်၊ ဘုန်းကံ တန်းခိုးဖြင့်၊ ကြိုးစား၍ တည်ထောင်သော လင်္ကာကျွန်းကြီးသည်၊ အချည်းနှီး မဖြစ်လေရကောင်းပါ။ သာသနာတော်မြတ် တည်ရာဖြစ်ထွန်းမည်ကို နှလုံးသွင်း၍၊ လင်္ကာ ကြငှန်း၊ ကျွန်းမြေအောင်ခန်း၍၊ ထီးနန်းဆက်ခံရန်၊ ဘုန်းလက်ရုံးနှင့် ပြည့်စုံသော ညီတော် သုမိတ္တ မင်းသားကို နန်းရံမှာထား၊ သနား ထည့်အပ်တော်မူပါမည့်အကြောင်းကို ရှိသေကော်ရော်၊ သံတော်ဦး တင်လိုက်ပါသည် ခမည်းတော် ဘုရား။

**သုမိတ္တမင်း ငို**

ပြေဒ်၊ ဖြစ်ရလေတယ်။ မွေ့တစ်ညီလာ၊ ရွှေဂိဝါမှာ၊ သီဟာသနာ၊ လိုဏ်ဂူနန်းရှင်၊ စံမြန်းရှင်တဲ့၊ ဥကင်သမှာ၊ မြမြင့်ယ်ညွှင်းလေ၊ ဆော်သွင်းချေက၊ သချို တံမြှာ၊ စည်းရောသို့၊ တျာတျာညိုးညှိ၊ ငွေမိတာန်ရွက်၊ မြကနက်က၊ ညောင်ရွက်သံကို၊ နာခံရှအီ၊ မယ်တော်မြတ်နိုး၊ ပန်းနှယ်ပျိုးလို့၊ မြကြိုးငယ်သီ၊ နောင်ညီမျက်မျှော်၊တို့နှစ်ဖော်ကို၊မယ်တော်နန်းညွန့်စိုက်ခဲ့တယ်။ သက်လှယ်ခင်မင်၊ မေတ္တာရေသွန်း၊ သွေမယှွန်း၊ ရွှေ လွှန်းကြင်ကဲ့သို့၊ ဘယ်တွင်မှပဲ၊ နောင်ညီစုံမက်၊ ရွှေလည်ယှက်၍၊ ရွှေလက်တွဲ၊ မခွဲရက်အောင်ချစ်ကြတယ်။ ကြမ္မာတိုက်တွန်း၊ ကံဆော်ညွှန်း၍၊ တစ်ကျွန်းတစ်မြေ၊ နောင်ဘုန်းနေသက်မှာ၊ ရောက်ရလေ၊ မသေသလို့သာ ကြွင်းရတယ်၊ နောင်တော်ဘုန်းမြင့်၊ ရွှေတစ်ပွင့်ကြောင့်၊ နင့်နင့်သည်းဘုံ၊ တုန်တဲ့ရင်မှာ၊ အေးခင်ပါပဲ၊ မယ်မယ်ဘုန်းမော်၊ ခမည်းတော်တို့၊ ခြောက်ဖော်ဘုံခွင်၊ နတ်သာဘင်သို့၊ ဝိညာဉ်လဲလို့၊ ပူပွဲဝေ၊ ရွှေဦးဆီက၊ ရွှေဗိမာလာ၊ ပွင့်တဲ့ခါ၊ မကြာသေးလို့၊ အခွေခွေ လက်စမသတ်တယ်။ အသွယ်အသွယ်၊ ကြေကွဲဖွယ်ကို၊ ဆည့်မြေသိမ်းချုပ်၊ ကေရာဇ်ဘုန်းမို၊ မင်းမြေကိုလို့၊ နိုင်မျိုးကာ ချုပ်ရတော့၊ သရုပ်ကို ကုန်ကုန်ဖော်လို့၊ နောင့်ညီတော် ငိုမိရော့၊ သတိကိုလက်ကိုင်၍၊ အနိုင်သာ ဖြေရတော့သည် နောင်တော်ဘုရား။

ညီတော်က သံများကိုပြော။ ။သီဟပူရ၊ ရန်ပေါင်းကြီးတဲ့၊ မြို့ဌာနီမှ၊ နဒီဝဲခေါင်၊ ပင်လယ်သောင်သို့၊ ရွှေဖောင်လေ့၊ မျှော်သည့်နေ့က၊ တစ်စေ့ရေရေ၊ နောင်ဘုန်းဝေကို၊ သေမည်ရှင်မည်၊ အတည်ကျကျ၊ စခန်းမသိ၊ လမ်းမရှိ၍၊ မသိရ။ ခုမှ အမှန်၊ လင်္ကာဒီလုံး၊ ဒခေါင်ကျုံးတဲ့၊ နောင်ဘုန်းလျှံ၊ ငါ့ကံဆော်နှိုး၊ ငါ့တန်ခိုးကြောင့်၊ရိုးရိုးရည်ရည်၊ကိုယ်တော်ထင်ရှား၊ ရှိကြောင်းများကို၊ ကြားရသည့်။ ရစ်လည်သမုဒ္ဒရာ၊ လွန်ကျယ်ဝန်းတဲ့၊ ကျွန်းလင်္ကာမှာ၊ စကြာနဖော်၊ ဘဝဂ်မိုးခေါင်၊ တန်းခိုးဆောင်တဲ့၊ နောင်ဘုန်းမော်၊ ကျွန်မာတော်မူပါစ့ မင်းသံများ။

**သံများတင်။** ။တင်ပါသည်ဘုရား။ဘုန်းအနန္တ၊ နန်းမမျှ၊ဘဝပရမ၊ညီတော်မေမ္မရာဇ်၊ အောင်စည်လျှမ်း

မေတ္တာရေကြောင့်၊ ကျွန်းတစ်ခွမြေနက်၊ လက်ာဘက်မှာ၊ ဆယ်မျက်နှာရန်၊ လန်ကြီးလန်၍၊ နဗဒဏ်စုံ၊ ထီးကိုးဘုံနှင့်၊ ဇေယျခုံလျှံ၊ ပလ္လင်ပျံမှာ၊ အောင်သံကြွေးညာ၊ ဓေဝိန္ဒာနှင့်၊ မြဟ္မာမင်းတို့၊ သက်ဆင်းမ၍၊ ရာဇာဘိသိက်ခံပါသည်။ ဘိသိက်သဘင်၊ ယင်လတ်ပြီးခါ၊ ဗျာဒိတ်လာနှင့်၊ သာသနာအမွေ၊ မင်္ဂလိအမြိုက်၊ ရာတော်ရိုက်၊ ခံထိုက်စေဟု၊ လေးထွေသင်္ဂဟ၊ ရာဇတန္တ ၊ ပဝေဏီနှင့်၊ စုံညီလှသောကြောင့်၊ ဒီပလက်ာ၊ နိုင်ငံကျယ်ဝန်း၊ ဥပဒ်ရှင်း၍၊ ကိုယ်တွင်းသာ၊ ကျန်းမာတော်မူပါကြောင်းကို၊ ရှိခိုး သံတော်ဦး တင်ပါသည် ဘုရား။

**သုမိတ္တာမြေ၊** ။ခနာင်တော် စောလောင်း၊ ကျန်းမာကြောင်းကို၊ မတ်ပေါင်းတင်သံ၊ ရှေနားတော် ပန်မီလို့၊ ပီတိရှင်လန်း၊ စိတ်ကြေချမ်း၊ ဝမ်းမြောက်တော်မူရလေပြီ။ တစ်ကျွန်းစံနေ၊ နောင်ဘုန်းဝေ၏၊ ရွှေဥပရာဇာသံ၊ ပါလာဟန်မှာ၊ ဘုန်းလျှံထွန်းပေါ်၊ ခမည်းတော်ကို၊ကော်ရော်ညွတ်ကြည်၊ဆယ်လက်ရှိကြာ၊ရှိသေစွာနှင့်၊ ပါလာသည်။ ခမည်းတော်မြတ်၊ သက်တော်ပကတိ၊ ခုတိုင်အောင် ရှိသည်ဟု၊ ကြောင်းမသိမှတ်သောကြောင့်၊ ဥဏ္ဏင်္ဂ မင်းဆုံး၊ ကျွန်းကြီးသီဟိုဠ်၊ နန်းရိပ်ခိုတဲ့၊ ကိုကိုဘုန်းက၊ ညွှတ်ရှုံးပူဇော်၊ငါ့ကိုသူ့ထံ၊ ပါအောင်ကြံ၍၊ အမြန်ခေါ်၊ မှာတော်မူလိုက် ရှာလေသည်။ ခမည်းတော်နှင့်၊ မယ်တော်ဘုရား၊ မင်းနှစ်ပါးကို၊ထက်ဖျားနတ်ရွာ၊ စံကြောင်းရာကို၊ လက်ာမှန်ကူ၊ နောင်တော်ဘုရား၊ သို့တကားဟု၊ ကြားသိတော်မူရလျှင်၊ ခုနစ်ဆူနေဝန်း၊ တူပြိုင်၍ထွန်းသည့်နှယ်၊ ဓလာင်ကျွန်း လှိုက်ဖို၊ မျက်နှာတော် မိုမိုနှင့်၊ ငိုမလို ရှပ်သွင်ကို၊ မြင်တော်မူလိုက်ပါဘိတော့ မောင်မင်းတို့။

**သံမျှားတင်ရန်။** ။ဇမ္ဗူ ချက်ခေါင်၊ သမြေဘောင်မှာ၊ နေရောင်ဝင်းရှိန်၊စကြာနေရိုး၊ လေးကျွန်းစိုး၍၊ တန်းခိုးထိန်၊ ဘူမိန် ရေမြေ့ရှင် ဘုရား၊ ၊ လက်ာကျွန်းပေါ်၊ တန်းခိုး ကျော်တဲ့၊ နောင်တော်ဘုန်းလျှံ၊ တံဆိပ် စကြာ၊ လိပ်မရာနှင့်၊ ရာဇာသံကို၊ ပြန်ပွယ်အခင်း၊ နှုတ်မင်္ဂလာ၊ ကုမုဒ်ကြာက၊ အာသာတော်လင်းပါမှ၊ကျွန်ရင်းတစ်ဖော်၊ လက်ာစိုးစံ၊နောင်တော်ထံ၊ပြန်၍တော်ပါမည် ဘုရား။

**သုမိတ္တာမြေ။** ။တာမန်ဓတော်မှူးမတ်များ၊ ၊ တစ်မြေ ကျွန်းစံ၊ နောင်ဘုန်းလျှံ၏၊ ကဒဏ်ငွေရွက်၊ ရွှေထီးချက်ကို၊ နောင်ဆက်မယ့်သူ၊ ရလိုကြောင်းနှင့်၊ တောင်းတော်မူသည်ကို၊ အယူလွဲသွေ၊ မပေးရှေနှ၍၊သင့်ပေမည်မဟုတ်၊ နောင်တော်နန်းရှင်၊ မြတ်ဘုရင်မှာ၊ ရာဇဝင်နှုပ်ကာရော့မည်၊ ဥက္ကာကရာဇ်၊ ထွတ်ခွစာစစ်လည်း၊ ရင်နှစ်သားတော်၊ မင်းလေးဖော်နှင့်၊ မနော်နတ်နှယ်၊ သမီး ငါးယောက်၊ လှုံစံမြောက်တဲ့၊ နန်းညွှာက်မယ်တို့ကို၊ခိုင်းပယ်လွှတ်စေ၊ ရသေ့ညွှန်းတဲ့၊ ကျွန်းမြိုင်မြေမှာ၊ တစ်မြေတစ်နန်းတည်ခဲ့စသည်။မန္တာတ်ရာဇာ၊ မင်းစကြာလည်း၊ဂေါယာကျွန်းသူ၊ ဗိုလ်ပါလူတို့ကို၊ သည်းအူတော်မြတ်၊ သားတော်ကြီးသို့၊ အပြီးအပ်၍၊ တစ်ရပ်သုနာပရန်၊ တိုင်းသီးဖန်လို့၊နက်သန်မြေမှာ၊ တည်လေသောတူ၊ မင်းတို့အနွန်း၊ သမ္မာကြီးတဲ့၊ထုံးကိုယူ၊ စံမူပြီးခါ၊ သက်သွင်မပြား၊ရွှေရင် ဖွားတဲ့၊ သားသည်းချာကို၊ နန်းလျှာ ပေးတော်လိုက်မည် မင်းသများ။

**ဝန်ကိုခေါ်။** ။မလ အပြား၊ အင်ငါးပါးတွင်၊ တစ်ပါးဝင်သည့်၊ ပညာနှိုင်းချိန်၊ သူခမိန်တို့၊ ၊နောင်တော်ဘုန်းရှိန်၊ နေနှုန်းချိန်၊ ဘူမိန္ဒရာဇ်၊ မြတ်စောစစ်က၊ နန်းမြစ်စိုက်မည်၊ ငါ့ကိုရည်၍၊ အကြည်အသာ၊ နောင်ကြင်နားထူ၊မြန်းမည့်သူကို၊ တောင်းယူလာ၊မကြာပေးမှ သင့်ချေမည်။ ဇမ္ဗူဒီပ၊မင်းဇေတို့၊ သက်သသဆိုပြည်နဂိုရ်က၊ ဗိုလ်တစ်သိန်းကျော်၊ ကိုယ်ရံတော်နှင့်၊ တိုက်ဆော်စည်မောင်း၊ ထွက်ခဲ့ပြောင်း၍၊ တကောင်းဟူသည်၊ ပဉ္စာလရာဇ်၊ မြန်မာ့ခေတ်တွင်၊မင်းဖြစ်သည်။ သားကြီးရတနာ၊ ကံရာဇာကို၊ သလ္လာဝတီ၊ နဒီလျှမ်းလှူး၊ကမ်းနဖူးဝယ်၊ မင်းထူးစိုက်ဘွဲ့၊နိုင်ငံချွဲ၍၊နှစ်ဆယ့်တစ်စင်း၊ မော်မင်းရှမ်းပြည်၊ လွှတ်စေခိုင်း၍၊ တိုင်းပြုသည်။ထုံးစံစကား၊ ထိုအလားသို့၊ ငါသားတော်မြတ်၊ ပဏ္ဍုဝါသုဒေဝ၊ အမည်ရတဲ့၊ လှကမ်းခပ်ကို၊ တစ်ရပ်နိုင်ငံ လက်ာဘူမိ၊ ကျွန်းသီရိသို့၊ နောင်ကြီး့ထံ၊ အရာခံ လွှတ်တော်မူလိုက်မည်။ ကေသရာပျံ၊ ဂူထွက်ဟန်သို့၊ ဘုန်းလျှံထွန်းပေါ်၊ သားမျက်ဖျော်ကို၊ ရှေ့တော်သို့ဝင်စေ မှူးမတ်များ။

**သားတော်ရောက်၊ မင်းကြီးခေါ်။** ။စိန် လွှာချပ်ရုံ၊ ရွှေဇတ်မှုံနှင့်၊ ထုံအာသာနှယ်၊ ပွင့်တနှုန်းမျှ၊

တင့်ဆုံးလှတဲ့၊ ဘမျက်ခြယ်။ ။ မောင့်ဘကြီးတော်၊ ခွတဇာပြိုးဝေ၊ လက်ာကျွန်းဘောင်၊ မှန်ကင်းထောင်တဲ့၊ ခွနာင်မင်းဆွေက၊ သပြေစိုးစံ၊ ဘမင်းထံသို့၊ တမန်လွှတ်ကာ၊ လက်ာမင်းလောင်း၊ ထီးဖြူဆောင်းဖို့၊ အတောင်းလာ၊ မင်းလျာပေးတော်မူလိုက်ရလိမ့်မည်။ သူတစ်ပါးနှင့်၊ လာ၊လာ၊မလျော်၊ ဘုန်းအင်ကြီးမား၊ ဂုဏ်မြောက်မြားတဲ့၊ ငါ့သားတော်သာ၊ နတ်ဆော်စီမံ၊ သိကြားဖန်၍၊ နန်းရံဖြစ်ထိုက်လှချေသည်။ ဘမင်း ကျေးဇူး၊ ဂုဏ်အထူးကို၊ တင်ဦးထိပ်ဖျား၊ စွန့်ကြီးစား၍၊ ငါ့သားမှူးတော်ထမ်းရမည်။ ဘုရားသာသနာ၊ မြတ်ရိပ်ရာကို၊ တကာလည်းခံ၊ သားသက်နှံ၊ နိုင်ငံသီဟိုဠ်၊ ကျွန်းနဂိုရ်မှာ၊ လူလိုနတ်ချစ်၊ တစ်ကျွန်းလုံးမှာ၊ မင်းဆုံးဖြစ်၍၊ သုံးခေတ်ဘဝ၊ ဝေနေယျကို၊ မမွေ့ရှုစည် တီးရမည်။ ယင်းသို့ဖြစ်၍၊ သားချစ်ဘုန်းမို့၊ ဘမင့်စကား၊ မျာဒိတ်ထားကို၊ ထောင်နားချီ၊ သီဟိုဠ်သို့ လိုက်တော်မူရမည် သားတော်မောင်။

သားတော်တင်။ ။တင်ပါသည်ဘုရား။ ဘုရား့ သားတော်၊ နဝရတ်ပြိုးပြက်၊ ရွှေကြိုးခက်တဲ့၊ မျက်မနော်မှာ၊ ညာမော်သစေပြ၊ ဇမ္ဗူမဏ္ဍလ၊ ရာထီးခတဲ့၊ ဘဘုန်းဝေဏ်၊ စက်ရွှေတော်စုံ၊ ခရိုလ့်၍၊ နန်းဘုံမကွာ၊ မြချင်ပါကတဲ့၊ အာဏာမိန့်ခွန်း၊ ရွှေဥာဏ်တိုင်းစား၊ ချင့်ထောက်ထား၍၊ သွားတိုက်တွန်းသည်ကို၊ ခွထောင့်ယွန်းသွေလှန်၊ နှုတ်တို့ပြန်၍၊ ငြင်းဆန်ဝံ့မည်မဟုတ်ပါ။ သုဝဏ္ဏသျှံ၊ လောင်းဘုန်းလျှံသည့်၊ ဖြိုင်ယံတောဝ၊ မိနှင့်ဖကို၊ လုံ့လကျိုးနွံ၊ တံချူချွန်းနှင့်၊ ကိုယ်နွမ်းခံ၊ ကြံ၍ ကျေးဇူးဆပ်ပါသည်။ အလီနစ်တ္တ၊ အမည်ရတဲ့၊ ဗုဒ္ဓလောင်းနွယ်၊ မင်းသားငယ်လည်း၊ တာတွယ်မရှ၊ ကိုယ်ကိုစွန့်၍၊ ရဲဝံ့စိတ်သန်၊ ဖခင်အတွက်၊ ဘီလူးလက်သို့၊ အသက်နှံ၊ ကျမ်းဂန်နိပါတ် ရှိပါသည်။ ထိုးသာကော၊ ရှေးကိုဆ၍၊ ဘုရား့သားတော်၊ ဆင်းရွှေလျှော်မှာ၊ ခုပေါ်တဲ့အမှု၊ ဖခင်အကျိုး၊ ကိုယ်အကျိုးကို၊ ဆော်နှိုးပြု၊ ငြင်းစုပြိုပြိုမသင့်ပါ။ ဇေယျာ၁၁ထဝိ၊ လက်ာဒီဝယ်၊ ဝဇီရစိန်၊ ရန်လုံးနှိမ်ရအောင်၊ ရေမာ လိန် အောင် ကွန်း နှင့်၊ တစ်ကျွန်းသို့ လိုက်ပါတော့မည်ဘုရား။

တစ်ခန်းရပ်

..........

(၁၂)

ဝိဇယမင်း တောထွက်ခန်း

ဝိဇယမင်းကြီးကဝန်ကိုခေါ်။ ။မဟော်နန္ဒယ၊ သေနကကဲ့သို့၊ ရာဇရိပ်ခြည်၊ သိနားလည်ကြသည့်၊ ဥာဏ်ရည်ကဲလွန်၊ လက်ရုံးထိန်ညီး၊ စက်လောင်မီးသို့၊ မတ်ကြီးဝန်တို့၊ ၊လက်ာဒီပ၊ အောင်ချက်မဠ်၊ ပထမနန်းပွဲ၊ တည်ထောင်ခင်းတဲ့၊ ငါမင်းရဲသည်၊ လှစ်ခွဲရန်နည်၊ သုံးဆယ့်ရှစ်နှစ်၊ သက္ကရာဇ်၊ တိုင်းသစ် ဖန်၍၊ နန်းစံသည်။ ဇမ္ဗူမင်းကျော်၊ ခမည်းတော်သို့၊ ပူဇော်ရှိသေ၊ နန်းလျာစိုက်ကြောင်း၊ ညီမင်းကောင်းကို၊ အတောင်းမစေ၊ ရက်ရေကြာမြင့်လှခလပြီ။ နန်းလောင်းရတနာ၊ ညီမင်းလျာ ရောက်လာလတ္တံ့၊ သို့စင်ကြာအောင်၊ ငါမင်ပြီ၊ အနံ့မထွက်၊ လျှပ်တစ်ပြက်မျှ၊ သက်သက်မခံ၊ သခ်ါရမီး၊ နောက်ပိုးစီး၍၊ ပြန်းတီးဟန်ကို၊ ရွှေဥာဏ်နိုင်းလို့၊ နေ့ကိုင်းမြင်တော်မူတော့သည်။ နေမိသတိုး၊ မဟ္သီစိုးတို့၊ လမ်းရိုးမှိမှိ၊ သုခမ္ဘာခွင်၊ နတ်သဘင်သို့၊ ဗျာန်ယာဉ်ချီ၊ ယာယီမြန်းတော်မူတော့မည်။ ဇမ္ဗူစကြာ၊ ညီမင်းလျာ၊ ဆိုက်လာရောက်လျှင်၊ ရတနာရောင်ချိပ်၊ ဖြူကနက်ရံ၊ ခြသေ့ခံတဲ့၊ ဘုံပျံထိပ်မှာ၊ ဘိသိက်သွန်းရစ်ကြတော့ မှူးမတ်များ။ ။

(ဝိဇယမင်း တောထွက်သည်နောက် သုံးရက်နှင့် ပဏ္ဍုဝါသုဒေဝမင်းရောက်၍ နန်းတက်စေ။)

တစ်ခန်းရပ်

..........

(၁၃)

ဘဒ္ဒကဥ္စာမင်းသမီးကို ရေမျောခန်း

ကပိလဝတ်ပြည် ပဏ္ဍုသက္ကမင်းကဝန်ကိုခေါ်။ ။ ဂါမဏီနှင့်၊ ဘုန်းရှိမှန်လှ၊ သံဝရကို၊ ဆုံးမပဲ့ပြင်၊ ရွှေနန်းတင်သည့်၊ ဝန်ရှင်တော်ပုံ၊ ဥာဏ်လက်ရုံးနှင့်၊ ပြည်လုံးခြုံ၊ မှုကုန်လိမ္မာ၊ မတ်မဟာတို့၊ ၊တိုင်းကြီးသက္က၊ ကပိလ၌၊ တေဇထွန်းပေါ်၊ ငါမင်းကျော်မှာ၊

သားတော်ယောက်ျား၊ ခုနစ်ပါးနှင့်၊ နတ်လားရှေ့ဖြင် ညီး၊ လှစံသီး၊ သမီးတစ်ယောက် ဖွားမြင်သည်။ ဘဒ္ဒကစ္စနာ၊ ဘွဲ့မည်သာနှင့်၊ သူဇာ နှိုင်းလျော်၊ ကမ္ဘာ့ရိပ်ထီး၊ နန်း ထက် ကြီးတဲ့၊ သမီး တော်ကို၊ ကြင် ဖော် မြောက်လို၊ ခုနစ် ပြည်ထောင်၊ မင်းကုန် အောင် တို့၊ လက် ဆောင် ပဏ္ဏာ၊ သံ ဆက် စာ နှင့်၊ တောင်းလာဆို၊ အလိုမပြည့် ရှိကြသည်။ ခုနစ်ပြည်ပိုင်၊ ထွတ်ဦးကိုင်တို့၊ ခုတိုင်ရှည်ကြာ၊ သက်သက်ငံ့ထွေ၊ လက်ဆုပ်ဖြေ၍၊ မနေရာ၊ တောင်းလာဦးမည် ငါထင် သည်။ အသူရာနှင့်၊ ဇမ္ဗူသိကြား၊ မင်းနှစ်ပါးလည်း၊ အခြားမဟုတ်၊ သမီးတစ်ခု၊ စနက်ပြု၍၊ အမှုရှုပ်၊ စိတ်ဒုက္ခကြီး ဖြစ်လေသည်။ မှတ်မဲ့တစေ၊ ပေါ့လျော့ချ၍၊ မနေသင့်ရာ။ မာန်အမျက်လို၊ ရန်ငြိုး သို့နှင့်၊ တောင်းဆိုလာက၊ သေနင်္ဂါပြိုင်၊ ဆိုင်သင့်လျှင် ဆိုင်ရအောင်၊ အမရေးပိုင် အမတ်ကြီးက၊ မြို့စီး၍ အသင့်ရှိစေများ။

(ခုနစ် ပြည်ထောင် မင်းတို့ ချီလာပြီးလျှင် ပြည်ကို ဝန်းရံ၍ သမီးတော်ကို တောင်းသည်တွင်)

ဝန်ကိုခေါ်။ ။ဝိနိစ္ဆယ၊ ကိလိဋ္ဌကို၊ ဥာဏထက် လျှင်၊ လျှပ်တစ်ပြက်တွင်၊ ချက်ချင်းမြင်၊ ကုန်စင်သိနိုင်၊ ပြည့်မဏ္ဍိုင်တို့၊ ယခုသည်ကား၊ ခုနစ် ပြည်စိုး၊ မင်းသတိုးတို့၊ ရန်ငြိုးသို၍၊ နဂိုရ်ပြည်ကြီး၊ ဖြူရိပ်ထီးနှင့်၊ သမီးမကျန်၊ စစ်ကြီးတက်၍၊ တိုက်ဖျက်လှန်၊ ခိုက်ရန် ပြုမည်လာကြသည်။ ငါတို့မျိုးစဉ်၊ သာကီဝင်မှာ၊ ပြည့်ရှင်တို့ထုံး၊ ငါးပါးသီလ၊ မပျက်ရအောင်၊ နိစ္စသုံး၊ တိုင်းလုံး အလေ့ ဖြစ်ချေသည်။ ယင် တစ်သောက်မျှ၊ သွေးပေါက်ယိုကြောင်း၊ သူ့ကိုမျက်မာန်၊ လက်နက် ဒဏ်ဖြင့်၊ မကြံကောင်း၊ မြိမ်းမောင်းရုံမျှ၊ ဟန်ရေးပြ၍၊ သူကရွံ့လေ၊ ကြောက်၍ပြေးလျှင်၊ အရေးပြီးရလေတော့သည်။ ခုအရေးမှာ၊ ရန်ဘေးလည်းရှင်း၊ အခင်းလည်းကုန်၊ နှစ်ဖက်လှစေ၊ သဘောနေနှင့်၊ ဥာဏ်ရေရှိ၊ ကြံပုံ ဘယ်သို့ ထုတ်မလဲ မင်းကြီးများ။

ဝန်တင်။ ။တင်ပါသည်ဘုရား၊ မြတ် သမီးတော် တစ်ထီးပျော်၊ မနော်နတ်သွင်၊ ယဉ်ပွဲခံတဲ့၊ စံရွှေစင်ကို၊ ပလ္လင်ကြာခံ၊ ရွှေဘုံပျံဝယ်၊ ရွှေရံညွှတ်ခ၊ ညာမဟေမှူး၊ ပိုက်ချီကျူး၍၊ ဖွားဦးစက၊ လက္ခဏာပါ ခဲ့က၊ ပြာဟ်ချေနက္ခတ်၊ ကိန်းနေခန်းမှန်၊ ဇာတာ တော် မြတ်၊ အတ္တုပ္ပတ်ကို၊ ဟောမှတ်သံ၊ နာခံကြားရဖူးပါသည်။ ဤမင်းသမီး၊ သတ္တတိုင်းသူ၊ ကသိုဏ်းမူတဲ့၊ တစ်ဆူထီးသည်၊ ပြည်ကြီးကပ္ပိ၊ အင်မချို့တဲ့၊ မြို့ဒွာနီကို၊ မဒ္ဒိမကာဝ်၊ ရေပင်လယ်ဝန်း၊ ငွေသောင်ထွန်းတဲ့၊ တစ်ကျွန်းရပ်ဝယ်၊ အမြတ်စံလွန်၊ မိဖုရားကြီး၊ ကျွန်းလုံးထီးဟု၊ ကြောင်းချီးမွန်၊ တံ ခွန် စိုက် တော် မူ လိမ့် မည်။ သည်ကဲ့သို့သော၊ နိမိတ် ဟောကို၊ သဘောသချာ၊ ပြောဖူးပါသောကြောင့်၊ ရာဇာမင်းပေါင်း၊ ထီးခုနစ်ဆူ၊ ကြွှန်းထူတဲ့၊ ရိပ်ဖြူဆောင်းတို့ကို၊ နှုတ်ကောင်း စကားလှ၊ ဝိယဝ်ါစာ၊ ချစ် ကြည် စွဲအောင်၊ ပဏ္ဏာသ၍၊ ကမ္မသကာ၊ သမ္မာသက်ပွေ၊ မထိုက်သူဖယ်၊ ထိုက်သူဆယ်၊ ပင်လယ်ကြောသို့၊ မျှောလိုက်ရသော်၊ အခွင့်လျော်ပါလိမ့်မည် ဘုရား။

မင်းသမီးကိုခေါ်။ ။လိုက်နန္ဒာမှု၊ မြိုင်ယံငှမှာ၊ မဇ္ဈုညွန့်နှယ်၊ သွယ်တံမြမြ၊ ကိုယ်ဟန်လှတဲ့၊ ဘ သက် လှယ်၊ သမီးရတနာ၊ ဘသည်းချာကို၊ မေတ္တာ ဆက်ဆံ၊ ကြင်ဆွေ မိတ်ကြည်၊ ဖြစ်လိုသည်ဟု၊ ခုနစ် ပြည်မင်း၊ စစ်အင်ကျင်း၍၊ အတင်းရံ၊ စည်သံ မြိမ့်မြိမ့် သဲခဲ့ပြီ။ ခုနစ်ယောက်စာ၊ ဘသည်းချာကို၊ ဟင်းလျာ ကဲ့သို့၊ ခုနစ်ပိုင်းလှီး၊ ခုတ်ဖြတ်ပြီးလျှို၊ ပေးဆက်ပို့ လည်း၊ သူတို့သဘော မကျရာ။ တစ်ယောက်ယောက် အား၊ ရွေးကောက်ချစ်ကြိုက်၊ မျက်နှာလိုက်၍၊ ရန်တိုက် သောဟန်၊ ပေးမိပြန်သော်၊ ကျန်ခြောက်ယောက် သား၊ ထိုမင်းများနှင့်၊ ခိုက်ပွားရန်စည်၊ နှစ်စဉ်ဖြစ်၍၊ စစ်ပြုမည်။ ပြည်နှင့်ရင်သွေး၊ သည်နှစ်ရေးကို၊ ထောက် တွေး တွက်သော်၊ ကြောင်တစ်သက်တုံ၊ ကြွက်တစ် မြုံမျှ၊ ညီကြုံတရား၊ နွားနှင့်သားသို့၊ အလားပုံ၊ မြစ်ဆုံ ခက်မ ဖြစ်ချေပြီ၊ ယင်းသို့ဖြစ်၍၊ စစ်လည်းမခိုက်၊ ငါ မတိုက်ပြီ၊ မထိုက်သူကံ၊ ထိုက်သူကံ။ သမုဒ်လေးသွယ်၊ အပြောကျယ်တဲ့၊ ပင်လယ်ယံကို၊ ဖောင်ဖွဲ့နှင့် မျှောလိုက် တော့မည် သမီးတော်။

မင်းသမီးတင်။ ။သမ္ဘိန်သာကီ၊ နွယ်ဇာတိ ဖြင့်၊ ဗောဓိဆုပန်၊ ရာမ ကိုဋ္ဌိ ဖျား၊ စက်စုံနား၍၊ တရားစံ၊ ဘုန်းလျှံခမည်းတော်ဘုရား၊ သမီးတော် မြတ်၊ နန်းလုံး နတ်ကို၊ နဝရတ်ပြုံးပြောင်၊ စံရွှေ

ခဖောင်နှင့်၊ သီခေါင်ပင်လယ်၊ ကတိုက်ကရိုက်၊ ဆိုက်ချင်ရာ ဆိုက်ကရေ၊ မျှောလိုက်မယ်လို့၊ ဘုန်းကြွယ်ဘခင်၊ ကြီးတဲ့အင်၊ သည့်ပြင်လွဲ၍၊ ကြံနဲ့ မသင့်ပါဘူးလား ခမည်းတော်ဘုရား။ ။သည်လိုသာဖြင့်၊ မျိုးကွာခဆွေကင်း၊ ဒီရေတွင်းမှာ၊ ခသခြင်းယှဉ်ရန် ရှိပါတယ်။ သေရမည့်သူ၊ အတူတူဖြင့်၊ မပူဆာရ၊ နန်းဟံသမှာ၊ မယ်ဘုရားမျက်နှာ၊ ဖြူဖြူကခလေး၊ ငွေယုန်ရေးတဲ့၊ ခမွေးမာတာကို၊ ခမြော်ကာရှုရင်း၊ ခရွှေးတင်၍၊ ဝိညာဉ်ကင်းရလျှင်၊ သေခြင်း မြတ်ပါလိမ့်ဦးမယ်၊ ခရှုးမင်းတကာ၊ ထုံးပုံမှာမူ၊ တစ်ရာမင်းပေါင်း၊ ရန်မက်ကြီးနှင့်၊ သမီးတောင်းလျှင်၊ ကြံကောင်း ကြံရာ၊ ပန်းကုံးစွပ်ပွဲ၊ ခလေးတင်ပွဲလို့၊ ကြံမြဲပါ၊ မာလာနံ့ကြွယ်၊ ဘုံပြန့်လယ်မှာ၊ မယ်မယ်ကုန်ချစ်၊ ယုယတွေးပိုက်၊ လိုတော်လိုက်တဲ့၊ အမိုက်ကခလေး၊ ရွှေရင်သွေးကို၊ ဆားမဖြစ်ခအောင်၊ ဥာဏ်သစ်လို့ ကြံတော်မူပါဦး ခမည်းတော်ဘုရား။

မင်းကြီးဆို။ ။နိတုံခလျော်စင်၊ ရွှေအင်းပျဉ်ဝယ်၊ မျက်ရှင်မဏိ၊ ခဝဠုရိကို၊ တင်ဘိသောနယ်၊ တုန့်ငြင်းမရ၊ ရှုတိုင်းလှတဲ့၊ ဘ သက်လှယ်၊ ၊အယုဒ္ဓယ၊ ပြည်ဌာနမှာ၊ လှမြတ်ရတနာ၊ မင်းသီတာနှင့်၊ အသူရာကြီး၊ နတ်သမီးကို၊ ခစာထီးနရိန်၊ နတ်ခဒဝိန်တို့၊ ဘုန်းရှိန်ပြပြ၊ တောင်းလာကြသော်၊ သဟာသမာဟု၊ ဗိန်ထုသံတိုင်၊ ကြီးခိုင်ခက်ခဲ၊ ခလေးတင်ပွဲနှင့် ကျော်သဲဝန်းလည်၊ ပန်းကုံးစွပ်နှံ၊ ပွဲကြီးခံ၍၊ ကြံဖူးသည်။ အရှည်ထုံးတမ်း၊ ခရှုးကခြမ်းကို၊ ရွှေနန်းကြီးနတ်၊ ဘ မင်းမြတ်သည်၊ မတတ် ကြွင်းကျန်၊ ခမ့ခလျော့တန်၍၊ ကြံသည်မဟုတ်၊ သမီးရတနာ၊ ဖွားစဉ်ခါက၊ ဇာတာစုတ်တွင်၊ အဆြူပွတ္တိ၊ တစ်ကျွန်းဌာန၊ တစ်ခဒသမှာ၊ ရာဇမဟေသီ၊ ဖြစ်လိမ့်မည်ဟု၊ ကျမ်းညီညီ၊ ကဝိဟောပုံ ထွက်ချေသည်။ ခရှုးကကြမ္ဘာ၊ ပစ်ချရာတွင်၊ သတ္တဝါခပဲ၊ ကောင်း မခကောင်းကံ၊ ဆိုက်ရာခံ၍၊ ဇန်စမြိ၊ ကံဆွဲငင်ရာ၊ အကြောင်းပါက၊ ပဒေသာငှ၊ ခမြောက်ကျွန်းသူပင်၊ ဇမ္ဗူမြေမှတ်၊ တောင်ကျွန်းရပ်မှာ၊ မနွာတ် မိဖုရား၊ ဖြစ်ခကြောင်းများကို၊ တရားကျမ်းဂန် ရှိချေသည်။ ယင်းသို့ဖြစ်၍၊ မြနှစ်ရွှေသွယ်၊ သမီးငယ်ကို၊ အနှရာယ် ဖြစ်ရန်၊ တစ်ခယာက်ချမ်းသာ၊ ကိုယ်ကောင်းရှာ၍၊ ငါမကြံ။ ဆန်လွန်သွင်းခွ၊ စိတ်နှောင့်နှေး၊ မခတွေးဆနှင့်ခတာ့။ အဘ ဆိုတိုင်း၊ လိုက်နာရမည်သမီးခတော်။

(ခုနစ်ပြည်ထောင်မင်းတို့ကို ရာဇသံပေး)

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှခသော သက္က တိုင်း၊ ကပိလပြည်ကြီးကိုအစိုးရခတာ်မူသောဘဝရှင်မင်းတရားကြီး အမိန့်တော်ရှိလိုက်သည်၊ ခုနစ်ပြည်ခထာင်မင်းများတို့၊ ၊သိကြားလက်ရုံး၊ ကြောက်ရွံ့ချုံး၊ နှလုံးကြုံ့၍၊ လက်တုံ့မလှန်၊ အညှံ့ခံရသော၊ ဘုန်းကံတန်းခိုးနှင့် ပြည့်စုံခတာ်မူသည့် မှန်လျက် ပခစ္စကဗုဒ္ဓါ အခလာင်း၊ ဗာရာဏသီမင်း၊ မဟာသီလဝမင်းတို့ ကဲ့သို့သဗ္ဗညုတဉာဏ်ကို၊ ပန်ယူခတာ်မူသည်ဖြစ်၍၊ သူတစ်ပါးတို့ သည်းခံနိုင်ခဲသော ပါရမီကို ဖြည့်ခတာ်မူခဲ့သောအားဖြင့်၊ ခားမကူ၊ လှံမကူ၊ ပြည်သူမပန်း၊ မနွမ်းဖစေရ၊ ရောက်လာကြခသာ၊ ခုနစ်ပြည်ထောင်မင်းတို့အားလည်း၊ သနားကရုဏာ၊ မေတ္တာကြည်ခမြ့၊ ဘေးမတွေ့ခစမူ၍၊ မည်သူ မည်ဝါ၊ မျက်နှာ မလိုက်၊ မထိုက်သူကံ၊ ထိုက်သူကံ၊ စာရေးတံကျ၊ ဘုန်းရှိသူ မှန်လျှင် ကောန်ရလိမ့်မည်။ ငါ့သမီးတော်၊ ဘဒ္ဒကဉ္စနာ၊ ဘွဲ့ပုံသာတဲ့၊ သိင်္ဂါခရွှေလျှော်၊ နတ်မယ်နော်ကို၊ အခဟော်ဝတ၊ ပင်လယ်ဝသို့၊ ဥဠုမ္ဗဖောင်ပျံနှင့်၊ နက်ဖြန် မျှောခတာ်မူလိုက်မည်။ ချစ်ကြည်ဆက်ဆံ၊ စစ်မရံကြနှင့်၊ ကိုယ့်ကံကိုရှေ့တည်၍၊ တိုင်းပြည်သို့ပြန်ကြ မင်းများတို့။

(ဖောင်မျှော၊ ၊ခုနစ်ပြည်ထောင်မင်းတို့ဆယ်၍မရလိုက်ကြ)

ယက္ခဒီပကျွန်းမှာ ဖောင်တင်၍ ဘီလူးထွက်၊ ။

ရွှေတစ်ခဲတု၊ ကမ္ဘာပြု၊ ခမ ရုပဗ္ဗတာ၊ မြောက်မျက်နှာမှာ၊ အာဠာနာဠ၊ ပြည်တစ်လုံးကို၊ ရွှေဘုန်းပတဲ့ ကုဝေရမည်သီး၊ အစွယ်လေးချောင်း၊ ခြေ ခြောက်ချောင်းနှင့်၊ မြေစောင်းမတတ်၊ တန်းခိုးမြတ်တဲ့၊ နတ်မင်းကြီးမှာ၊ ထံနီးမြဲမြံ၊ ကျွန်ရင်းခံ၍၊ နိုင်ငံစားကျေး ယက္ခဒီပ၊ ကျွန်းဌာနကို၊ ငါ့အားပေး၊ အခွရးပိုင်မိုလို့၊ မျက်ခစောင်းငဲ့ထိုး၊ ငါဟဲ့ဖြိုးက၊ မိုးလုံးပြို၊ မြင်းမိုရ်သွက်သွက်ခါရမည်။ မဟာဝုဓ၊ ဘွဲ့ပုံသတဲ့၊ ယက္ခတံခွန်၊ ဝရမ်န်စွယ်ထူး၊ ခြောက်ခရောင်မြူးတဲ့၊ ဘီလူးလွန်၊ အမွန်ခကာင်းချီးငြာရသည်။ ယက္ခဒီပ၊ ဌာနစပြာကျယ်၊ ကျက် သရေပထွန်း၊ ပင်လယ်ဝန်းတဲ့ ငါ့ကျွန်းနယ်ကို၊

အလည်အပတ်၊ မေ့ရလျော့လတ်ငြား၊ ငါမနေသွား၊ လေးငါးလ ပြတ်ချေပြီ။ စိုင်ဆတ် သမင်၊ လူဝင်လူရောက်၊ ငါ့ကျွန်းပေါ်မှာ၊ အခွန်တော်ကောက်ရအောင်၊ တစ်ခေါက်ကယ် လည်စမ်းရဦးမည်ဗျား။

ဆိုင်းဆင့်။ ။ပင်လယ် လှိုင်းမ၊ ဝဲပြုံ လှနေရာ၊ အဝိစိ တောင်မျက်နှာက၊ စတ္တဝါနရန်း၊ ခရီးယက်ပန်းရိုက်သံကို၊ နာခံ၍ သွားရပေဦးတော့မည် ဗျား။

(မင်းသမီးညည်းညူသည်နှင့်တွေ့)

အလို မကြိုစဖူး၊ ကြုံချက်ကယ် ထူးလေတယ်။ ဘီလူးမင်း ငယ်ကြိုက်၊ ပါးစောင်မှာ သရေကျစီးအောင်၊ မျက်ဖြူကြီး ဆိုက်ခဲ့ပြီ။ မြင်လိုက်ရုံကလေး၊ ဇောပီတိဖရဏာနှင့်၊ ဆိုင်ရာက နှေးတတ်တဲ့၊ ခုဘားတေးတို့ ပါကလား။ ။သည်တစ်ခါမှ၊ မင်္ဂလာဦး၊ ကံဘီလူးမှာ၊ ကံထူးပါပေ့၊ နလံထမင်း၊ ဆွမ်းအကြွင်းနှင့်၊ ပက်ပင်းပါတွေ့သည်နှယ်၊ သည်ကနေ့ ဆက်ဆက်၊ မောင်ယကျွာမှာ၊ သရော်ကြီး တက်ကရေတော့မယ်။ ညိုညက်ကယ်၊ အို သက်ကယ်၊ ချိုဘက်က မထားပြီမျက်မာန်ပွားခဲ့လျှင်၊ ခစားသူ့ ထီဒမာ၊ အလကားရောင်နီလာလို့၊ ကတ္တီပါ ဖြစ်ကရတော့မယ်၊ အပန်းနှင့် အဆွေး၊ စခန်း သင့်မဝေးအောင်၊ နွေးရှူးကိုက် စွန်ရဲ၊ သည်ဆောင်းလအတွင်းမှာ၊ ဝပ်ကျင်းကို ဆွဲတော့မည်၊ နန်းပွဲရ ကဝိန္ဒက၊ အမွှေလက်သံနှင့်၊ ခေါ်ဖြားညာဏ်သစ် လိုက်စမ်း ကိုးမြို့စား။

မင်းသမီးဆို။ ။ဖြစ်ရလေ မယ့်ကံငယ်၊ လောကစံလူ့တိုင်းမှာ၊ အရိုင်းကသာကြော၊ သုံးစားမှာ ပါကျလို့၊ ဇာတာ့နှယ် ကောခလေတယ်။ ဟောဟိုမှာတုန်းက ဖွားချက်ကြွေတဲ့၊ ပြည်ဋ္ဌာနမှာ၊ ကျွန်မကိုကြိုက်ကြွက်ဆူကြိုက်ကြတဲ့ရမ္မက်နှင့်၊ စစ်တက်လို့ယူမယ် တဲ့၊ ထီးမြို့ဆောင်း ခုနစ်ပါး၊ အကြံတော် မပြီငြားမို့၊ ဘ ဘုရားအဖေ ကောင်းက၊ သစ်ခေါင်းကျွဲဖြူရေ၊ သေလည်းနင့်ကြမ္မာ၊ ရှင်လည်း နင့်ကြမ္မာ၊ တို့သူတဂါ မထောင်းတာ ပင်လယ်ချာသမုဒ်သို့၊ ဖောင်လုပ်လို့ မျှောလိုက်တော့။ ကရောသောပါး၊ မျှော၍သွားရာတွင်၊ သားရဲငါးရဲ၊ လှိုင်းဝဲစုံလေ၊ ဘေးတွေ့လို့သေခဲ့လျှင်၊ တော်လေသော့မယ့်ကိုယ်၊ ခုကြုံရနဲ့၊ သေသည်ထက် သဲပါပေါ့။ အမွဲအိုနှယ်၊ စနေဂြိုဟ်အတွက်၊ ကံဆိုးလို့ပက်မိတယ်။ အသက်ကယ်တာရှည်၊ ဆင်းရဲသာ တွေ့တော့မယ်၊ အဖေကြီး ကိုဘီးလူးရဲ့၊ ဦးဆယ်ကြိမ်ချပါငဲ့၊ ကံဆိုးမ အသည်းကို၊ ခုပျော်ပွဲစားတော်မူလိုက်ပါ ကျေးဇူးရှင်။

ဘီလူးဆို။ ။ဖြစ်ရလေ ရတနာငယ်၊ မဟာဂုဏ်မောင်ယက္ခနှင့်၊ ပုဗ္ဗ ကမ္မံ၊ ကံဂဟေစပ်၊ သည်တပို့တွဲဆောင်းမှိုအောင်တွဲလို့၊ ကျွဲကော်နှင့် ကပ်သည့်နှယ်၊ ညာနတ်ကယ် ဇာတာ၊ မောင်ကြီးစံတဲ့၊ နိုင်ငံကျွန်းသို့၊ နတ်တွန်းလို့ ပို့လာမှ၊ ရှန်းသာတော့မလား၊ မမုန်းထိုက်ပါဘူး၊ ကြာသိုက်ခိုငယ်၊ လူလိုပင် ကြော့ပါငဲ့၊ အငေါ်သား၊ အလကား နှုတ်ဆော့လို့၊ သတ်ပါတော့ဆိုလို ဆို၊ ငိုယိုမြည်တမ်း၊ လူ့ပြည်မှာ အကုန်ပျော်တဲ့၊ ပွဲတော်ကြီးဇာတ်လမ်းမှာ၊ နူခန်းကို ဆိုက်ကာမှ၊ မကြိုက်မကြို၊ သည်လိုမျှား သုန်ခဲ့လျှင်၊ ဒုလ္လဘ တရားတော်နှင့်၊ ရေကျော်ဝင် နွှေးရော့မယ်။ ခုလေးတေးတေး မနေပါနှင့်၊ အမျှဝေ ရေစက်ချ၊ ပွဲစနောက်မြီးမှ၊ ဗျာတီးလို့ သိမ်းပါစို့ မအေ။

(မင်းသမီး ငြင်းဆန်၍ ကျောက်ဂူမှာ သွင်းထားစေ)။

မေခလာနတ်သမီးထွက်စေ။ ။ခုသြော် ကျွန်မကို၊ သမုဒ္ဒရာ လေးသွယ်၊ ပင်လယ် လေးခု၊ ရေအထုကို၊ ကြည့်ရှုပိုင်သ၊ အစိုးရစေလို့၊ မာဃမိုးနတ်၊ မိန့်တော်ရင်းနှင့်၊ နှင်းခဲ့အပ်သည်။ နဝရတ်ဇာတိ၊ ပတ္တမြားရောင်ဖြိုး၊ မြခါးကြိုးနှင့်၊ တန်းခိုးရှိသည့်၊ မဏိမေခလာ ရွှေတံဆိပ်ခတ်၊ ယဉ်နားသတ်တဲ့၊ နတ်ကညာ။မယ်သာ ပိုင်သ၊ ပင်လယ်နဒီ၊ မြစ်ဂင်္ဂါသို့၊ ပတ်လည် လှည့်၍၊ မကြည့်ရ၊ ကာလ မနည်းကြာပေပြီ။ ရတနာသုံးပါး၊ ညွှတ်တွားကြည်ဖြူ၊ မိဘ လုပ်ကျွေး၊ ချစ်မြတ်လေး၍၊ မွေးပေသူတို့ကို၊ ဆယ်ယူကယ်ဆောင်၊ ရွှေရင်ငွေ့နှင့်၊ ပျော်မွေ့အောင်၊ ကျွန်းသောင်အရောက် တင်ရမယ်၊ ပင်လယ်ဝဲမော်၊ ရေပြင်ပေါ်မှာ၊ သူတော်ကောင်းများ။ နစ်မွန်းယိလို့၊ ရှိလေလား၊ သွား၍ ကြည့်ရဦးတော့မယ်။ ရေစံပယ်ကန်၊ မကြီးစံတဲ့၊ ဗိမာန် ဘုံမြတ်၊ နန်းပြာသာဒ်က၊ ကြာယပ်သံ ကြားသော့ခါ၊ သွားလို့ ကြည့်ပါတော့မယ် ရှင်။

မေခလာနတ်သမီးဆို။ ။အို ဖြစ်ရလေတယ်။ နေ အသမ္ဘိန်၊ သာကိန်မျိုးနွယ်၊ ဘဒ္ဒကဥ္စနာ၊ ဘွဲ့ပုံသာတဲ့၊ နန်းညာမယ်။ ပင်လယ်သို့မျော၊ ဒုက္ခပွေလို့၊ မေသချင်အောင် မောတုန်းကို၊ လောဘမောက်မို၊ မိုက်ခေါင်ကျူးတဲ့၊ ဘီလူးအိုက၊ အပျိုစင်စစ်၊ ကညာကလေး၊ နန်းထက်မွေးတဲ့၊ မြသွေးနှစ်ကို၊ ယုတ်ညစ်ကျင့်တန်၊ မိုက်အိုးကွဲ၊ အကျိုးနည်းကြံမှုကို အပျိုချင်း၊ ကိုယ်ချင်းစာလို့၊ နန်းညာဖွား၊ သနားလိုက်ပါဘိတယ်။ ။နယ် တစ်ကျွန်းမြေ၊ လက်ာမြေမှာ၊ ကေရာဇ်ဘုန်းရှိ၊ ဘူပတိ၏၊ မိဖုရားခေါင်ကြီး၊ ကြာရဓေဝမှာ၊ ညာမဒေဟ ဖြစ်ပေမယ့်၊ ချစ်သမီး၊ ပျက်စီးရှာရေ့မယ်။ ချမ်းသာရအောင် ပြုလေဦးမှကို။ ။ဟဲ့ မဟာဝုဓ၊ အမည်ရတဲ့၊ စာဂယွင်းယို၊ မိုက်စမဆုံး၊ တစ်ကိုယ်လုံးမှာ၊ မိုက်တုံးကျူးတဲ့၊ ဘီလူးအို၊ မဏိမေခလာ၊ မြခါးကြီးရှင်၊ တန်းခိုးထင်တဲ့၊ ယဉ်သိင်္ဂါ၊ စကြာကွန့်ချီ၊ ရောက်လာသည့်ကို၊ ညွတ်ကြည်လက်မှုံ၊ ဘုန်းမလှုံ၊ ဘယ်ဂုဏ်ကိုး၍နေသလဲ ဘီလူးမိုက်။

ဘီလူးဆို။ ။အလို နဝရတ် ပြိုးပြောင်၊ မိုးလုံးလောင်မျှ၊ ရောင်ဝါလျှံညီ၊ ဒွါဒရာသိင်္ဂီ၊ ခြယ်စီမျက်ရှင်၊ ခါးကြိုးဆင်တဲ့၊ ယဉ်ခေါင်ထိ၊ မဏိ မေခလာ၊ နွဲ့နွဲ့ဆုံး၊ အုံးအောင်လှတဲ့၊ သော်ကညာ၊ ကြွလာတော်မူသလား ကရို့။ ခက်ပါဘိသည်ခါ၊ ငါ ကြင်ယာကို၊ အစာဖျက်မယ်လို့၊ ဆက်ဆက် သူလာတော့သကို။ ။ပမာဆို၊ ချိုလှ ကိုယ်လှ၊ နွားနက်မကို၊ ဥသဘနွားထီး၊ အနုကြမ်းစီးမယ်လို့၊ ဟန်ကြီးနှင့်ကြံတုန်းကို။ ကျားဟုန်း၍ဝါးသော့ခါ၊ မျက်နှာထားမွဲသမွဲသ၊ နားရွက်ပေနှင့်၊ မြဲအောင်မြေရှပ်မှ၊ တစ်မခွဲနိုင်၊ ခေါင်းကျလို့မှိုင်သည့်နွယ်။ လျှိုင်ရေ့သည့်မျှ၊ သိုက်ကောင်းကြီးတွေ့တဲ့ခါကို။ မေခလာ သူ့သရမ်းလို့၊ သိုက်ကန်းဖြစ်ရချေတော့မယ်။ ။ဘုန်းကြွယ်တဲ့သခင်၊ မြဒွါဒရာ၊ ကြိုးသိင်္ဂါနှင့်၊ သမ္ဘာရှင်ငယ်၊ ကြောင်းအင်ဆန္ဒ၊ ဘယ်ကိစ္စကြောင့်၊ ကြွလာတော်မူပါတုန်း။ ရနန်းပိုင်ဘုရား။

မေခလာနတ်သမီးပြော။ ။ဟဲ့ ဘီလူးအို၊ ငါ ခုလာတဲ့ကြောင်းရာကို၊ တိုတိုပြောမယ့်။ ဟာသည့်မိန်းကလေး၊ ရတနာ့ဖောင်ပျံ၊ ရနန်းစံတဲ့၊ ကိုယ်ဟွန်သေးကို၊ အမိုက်မွေးပေါက်၊ တောက်တောက်ခါးခါး၊ နင့်နှိပ်စက်လို့၊ ပြရက်အားလေတယ်။ နင်လားဟဲ့ ဘီလူးညုံ၊ နဂါးပတ်လျှံဝင်း၊ နတ်စက်ကွင်းနှင့်၊ လည်ရင်းကို ပစ်လိုက်လျှင်၊ ဇီအစ်၍ သေရေ့မည်၊ ကျောက်ဗေဒသတ္တာခုနစ်ထပ်ကို၊ ခုလှစ်ဟဲ့ ဘီလူးမိုက်။

ဘီလူးပြော။ ။အလို အိုဘယ့်စက်ကွင်း၊ နတ်သမီး ပိုင်းတာဟာမို့၊ အောက်ဆီမှာ မရွယ်ဘဲနှင့်၊ အထက်နယ် လည်ရစ်ကို၊ အစ်တဲ့၍ ချက် ချင်း၊ ပြတ်ကြွေအောင် တင်းမယ်တဲ့၊ မငြင်းသာ မရှောင်သာ၊ လှကညာကို၊ သေတ္တာက လွှတ်မှ တော်တော့မကို။ ။ လူပျိုတော်ပဲ၊ သူငယ်ချင်းတို့၊ လည်ရင်းက မပြတ်အောင်၊ နတ်သမီးစက်ကွင်းနှင့်၊ ကင်းကင်းချည်းနေကြ မောင်မင်းတို့။

[ကျောက်သေတ္တာဖွင့်ပြီးလျှင် ဘီလူးစခန်းသိမ်း]

တစ်ခန်းရပ်

…………

## (၁၄)

## မင်းသမီးကို ဘိသိက်သွန်းခန်း

မင်းသမီးမေး။ ။ရွှေ ငွေ မြလျှံ၊ မြေယံမိုးပြည့်၊ ဒွါဒရာစိန်၊ လင်းလင်းထိန်၊ ဘုန်းရှိန်ငွေ့၊ အသရေ့ရှင်။ လှပြုံတ်ရုပ်ဝါ၊ ဇာတိလာတဲ့၊ မဟာဝင်ကို၊ ကုန်စင်အောင် သိလိုပါသည် ကျေးဇူးရှင်။

မေခလာနတ်သမီးပြော။ ပြော် ကျွန်မကား၊ အခြားမဟုတ်၊ ရေသမုဒ်ကို၊ အုပ်ချုပ်ပိုင်သ၊ အစိုးရတဲ့၊ မြခါးကြိုးရှင်၊ ဖြူစင်အိအိ၊ ထွန်းသီရိနှင့်၊ မဏိမေခလာ၊ သညာဘွဲ့ချင့်၊ နွဲ့နောင်းပပ၊ ယဉ်ပေါင်းခတဲ့၊ လှသီဂီ၊ ဒေဝီနတ်မျိုး ဖြစ်ပါတယ်။ ရွှေဥကင်ထိပ်၊ သွန်းဘိသိက်နှင့်၊ ကြာရိုင်မွေးမှာ၊ ဆွေးအသွယ်သွယ်၊ တညိုးရော်ရော်၊ ကံပုံ့ပါးချော်လို့၊ မျက်နှာတော် ငယ်ရသော့ကြောင့်၊ ပင်လယ်လုံးထီး၊ အစ်မကြီး၊ ဗွားဆီးရန်ကွယ်၊ တအူချာဖွား၊ တစ်မိသားကဲ့သို့၊ သနားဖွယ်၊

ကယ်ဆယ်တော်မူပါတယ်။ ဘဟာကိုမျှ၊ မခြောင်ကြနှင့်၊ အစ်မကြီးစကားကို၊ ရွှေနားရွက်ဆင်၊ ခြားရန်ကွာလို့၊ ချမ်းသာမြင်စေအောင်၊ သွန်သင်ရာ နားထောင်ပါ ညီမငယ်။

မင်းသမီးဆို။ ။ခြေဉ်ပ် မဏိမေခလာ၊ သိဂ်ါရောင်နွဲ့၊ သာငြိမ့်လေး၊ ရွှေရေးဘွဲ့နှင့်၊ ပင်လယ့်သခင်၊ ကျွန်မအားကို၊ သနားရှာလို့၊ မမတ္တာဝင်၊ ကယ်တင်ယူမယ် ကြွလာတယ်။ ကိုးကွယ်စရာ၊ ဘယ်မှာမရ၊ မရပ်မတည်၊ ပူပွဲစည်တဲ့၊ သည်ညီမကို၊ ဒုက္ခကင်းစေအောင်၊ ဖန်ဆင်းရှုတော်မူလိုက်ပါ။ ပညာနုသေး၊ ယုန်ကလေးကြောင့်၊ သေဘေးရောက်လု၊ သားတစ်စုကို၊ မြော်ရှု တိုင်းထွာ၊ မြခေသ့်မင်းမြတ်၊ ဗောဓိသတ်ကြောင့်၊ ဥပဒ်ကွာ၊ ချမ်းသာရဖူးကြပါတယ်။ ခဏ္ဍဟာလ၊ အမည်ရ၊ စာဂညစ်တော၊ ပုဏ္ဏားလေကြောင့်၊ သေလုနီးပါး၊ စန္ဒကုမ္မာ၊ လောင်းမြတ်စွာနှင့်၊ ဒိုလ်ပါများကို၊သိကြားနတ်မင်း၊ ဘုန်းဖန်ဆင်း၍၊ သေတွင်းထွက်ကြ ဖူးပါတယ်။ အငယ်အထွေး၊ ရင်းချာမကာ၊ မေတ္တာမျှပါတဲ့၊ ညီမလေးကို၊ သေဘေးကင်းရာ၊ ချစ်ခင်ဇာနှင့်၊ ပြောတဲ့ဟာ၊ သချာနှစ်သိမ့်၊ မယ့်နားဝယ် စိမ့်ပါမယ်။ အမိန့်တော်ရှိပါရော့ ရေနန်းပျော်အစ်မကြီးငယ်။

မဏိမေခလာနတ်သမီးပြော။ ။အိုကွယ့်ညီမ၊ ဘဒ္ဒကဉ္စနာ၊ ရွှေဘွဲ့ သာတဲ့၊ ကညာလှငယ်၊ သည်ကြက တလော၊ ဖောင်ပျံမျှောလျှင်၊ ဟောကွဲ့ ကြည့်စမ်း၊ ယူဇနာမြေ့၊ လေပြင်းဖွေ့တဲ့၊ ရှေ့စခန်းမှာ၊ ကျောက်တန်းစိမ်းစို၊ နာဂဒီပ၊ အမည်ရတဲ့၊ မြကျွန်းညိုတဲ့။ ထိုက တစ်တန်၊ ဖောင်မျှောပြန်လျှင်၊ ချင့်မှန်တစ်ရာ၊ ယူဇနာတွင်၊ မျက်နှာမြင်းလို၊ ကိုယ်တွင်လူနဲ့၊ အဿမုခီ၊ ဘွဲ့ပုံချီတဲ့၊ ဒုဿီလတွေ၊ ဘီလူးနေတဲ့၊ ကျွန်းမြေပဲ။ လွှဲ၍တစ်ခါ၊ သည်ကျွန်းက ဇွာသောခါ၊ မဟာတိဏ္ဏ၊သာလှပြောစည်၊ လက်ာကျွန်းမြတ်၊ ဟိုဘက်ရပ်သို့၊ ဖောင်ကပ်မည်၊ သည်မျှစဥ်လာ၊ စခန်းခရီးထက်လို့၊ အခုလျောက်ဘာသာ၊ လူဝတ်စားနှင့်၊ မသွားရာ၊ ရုပ်ဝါလွှဲသွေ၊ ပရိဗိုဇ်ရဟန်း၊ ပုံပန်းရရ၊ ဘိက္ခုမကဲ့သို့၊ မူလခြား၍၊ သွားပါလေ။ ခြအောင်ဇေယျာပ၊ မကြီးဘုန်းကံ၊ တန်းခိုးဖန်လို့၊ ရန်ကင်းစအောင် မ လိုက်ပါမယ်၊ ဘာမျှမကြောင့်ကြပါနှင့် ညီမငယ်။

(ဖောင်မျှော၊ ။လက်ာဒီပကျွန်း မဟာ တိတ္ထ သဘော်ာဆိပ်မှာ ဖောင်ကပ်။ မင်းသါးတက်၍ ဥယျာဥ်တော်မှာ ဝင်နားစေ)။

ဂုဏ်းတိုင်းပြည်က မင်းသားပြော။ ။ရွှေ တောင့်တန္တီ၊ မဟာဂီကို၊ တညီချိန်လင့်၊ အာလိန်ဆင့်သို့၊ နိမ့်မြင့် ကြီးငယ်၊ ရာထူးထိုက်တန်၊ ငါးခန့်ရုံ၍၊ တင့်စံပယ်၊ ကြွယ်သရေလျှန်၊ မတ်ကြီးဝန်တို့၊ ။လက်ာမည်သီး၊ ကျွန်းမျှားထီးမှာ၊ ဘကြီးတော်မြတ်၊ ရာဇေတ်စက်ရိပ်၊ ဂုဏ်တံဆိပ်ဝယ်၊ ဘိသိက်ဝဘ်၍၊မလပ်ရာဇ ဝံ၊ ငါ့ဘုန်းကံနှင့်၊ နိုင်ငံသိမ်းတော်မူခဲ့သည်၊ ရတနာဝင်၊ ညာပလ္လင်မှာ၊ဥကင်တော်ဖွား၊ ဆက်ပဏ္ဏာနှင့်၊ လက်ျာထား၊တစ်ပါးမရှိ၊ ဖြစ်ခဲ့သည်။ မှန်ကြငှန်းမြှ၊ ရံသန်းရွှေနှင့်၊ရဝေဗဟို၊ တန်ဆောင်ဘုံ၊ သီး၊ကမ္ဘူ ထီးနှင့်၊ရိပ်ကြီးခိုကို၊ အလိုတော်ပြည့်စုံစေအောင်၊ ဘယ်ပုံကြိမှ၊ဟန်ကပ်မယ်လို့၊ မှူးမတ်တို့ကတင်ကြရမည် မင်းကြီးများ။

အမတ်တင်။ ။ဘုရားမျာဒိတ်တော်ဲအတိုင်း၊ ရွှေဘုန်းတော်၊ရွှေတာဇော်၊ ရွှေအာဏာဖေတ် တန်းခိုး၊ ရွှေမိုးကြိုးလောင်မီး၊ ရွှေဆင်ကြီး ရွှေမြင်းယာဥ်၊ ရွှေပလ္လင်ရဝေ၊ ရွှေထီးရိပ်နေပါသည့်၊ ရွှေရေနန်းကြီးရှင်ဘုရား၊ ။ယမန်ကာလ၊အထက်ကပင်၊ ဗေလုဝမည်သား၊ထိုဆရာလျှင်၊ ပညာစွမ်းရည်၊ ဟောဖူးသည်မှာ၊ တိုင်းပြည်နိုင်ငံ၊စိုးစံထိုက်သူ၊တစ်ဆူဗောဓိ၊ လက်ာခပင်းကျွန်းပိုင်နင်းမယ့်၊ မင်းဘုန်းရှိသည်။ မည်သည့်ရက်တွင်၊ ရောက်လိမ့်မည်။ မင်းကြီးရာဇာ၊ ရောက်ပြီးခါသော်၊ မကြာခန့်တွက်၊ ခုနစ်ရက်တွင်း၊ နန်းလက်ျာစံစေအောင်ပွဲခံမည့်၊ ရွှေကမ္ဘုသီး၊ တစ်ပြည်ထီးစင်။ ပင်တိုင်တွင်းကမင်းသမီး၊ အပြီးရောက်ရန်၊ ရှိပါသည်။ အလောင်းမင်းကြီး၊ မင်းသမီးကို၊ မြောက်ချီးမြှင့်၊ ရွှေဥကင်မှာ၊ ရေစင်ဘိသိက် မြောက်လိမ့်မည်၊ နှစ်ပါးဘုန်းလျှံ၊ တန်ခိုးဖန်၍၊ နိုင်ငံ့တစ်ရိုး၊ ကျွန်းလုံးနိုးအောင်၊ ရွှေမိုး သုံးကြိမ် ရွာလိမ့်မည်။ ဂကာလဗေလုဝ၊ နေမိတ္တဆရာ၊ နတ်စက်ပစ်ချ၊ ကေန္ဒဖြင့်၊ ဟောပြရာတွင်၊ အခါချိန်စေ့၊ မှန်မရွေ့၊ ယခုနေ့ကန်ရောက်ပါမည့်အကြောင်းကို၊ရှိခိုး သံတော်ဦးတင်ပါသည်ဘုရား။

[မင်းသား ဥယျာဥ်တော်သို့ ရောက်၍ မင်းသမီးကို ယူပြီးလျှင် နန်းငြင်စေလေ၏]။

ဝိဇယပြဇာတ်ပြီး၏။

# ကောသလ ပြဇာတ်

## ဗာရာဏသီတိုင်းပြည်က၊ မင်းကြီးနှင့် မှူးမတ်တို့ တိုင်ပင်ခန်း

ဗာ ရာ ဏ သီ မင်း ကြီး ဆိုရန်၊ ။ယုဂန်မကိုင်၍၊ မဟာရိုက်သို့၊ တိုက်ဇမ္ဗူချက်၊ နယ်လေးကွက်ကို၊ ညာလက်ရုံးကျုံး၊ စက်နှယ်မှုန်းသည်၊ ငါ့ဘုန်းခိုလှုံ၊ မတ်ကျွန်ယုံတို့။ ။ငါကေရာဇ်မင်းမြတ်သည်၊ အဝန်းယူဇနာ၊ သုံးရာခန့်ပိုင်း၊ ကာသိတိုင်းထက်၊ ဂိုဏ်းသူရိယ၊ ဥဏ္ဏှာကနှင့်၊ သာကီယဆွေ၊ ကြွင်းမခြေ၊ နန်းမွေခံတော်မူမိပြီ၊ ဓားစကြာစိုး၊ ဘိုးစဉ်ရတ်၊ ဘုမ္မာတ်တို့၊ ဝန်းပတ်ဝေစုတ်၊ လေသမုဒ်ကို၊ ဥဏ္ဏွ ကြီး၊ စကြာဟီး၍၊ ဘုန်းမီးနေဝန်း၊ ထွန်းတော်မူရာ၊ မဟာမဏ္ဍိုင်၊ ခရိုင်ရှစ်သောင်း၊ ရိပ်ဖြူဆောင်းတို့၊ ဦးခေါင်းလျှိုး၍၊ တန်ခိုးကျုံ၍၊ ဘုန်းဘုန့်သနင်း၊ ငါ့စက်ရင်းသို့၊ ဝပ်စင်းဦးခိုက်လာကြသည်။ ငါ့ဘုန်းစက်ရောင်၊ ဘဝဂ်တောင်ကို၊ လောင်ဘနန်းမျှ၊ လောကဓာတ်သုံး၊ ကြောက် နှံ့ ချုန်း ၍၊ ဘုန်း လှုံ ကြသည်ကို၊ ကောသလတိုင်းငယ်၊ ကျင်ကလယ်က၊ ဘယ်ရာဇဂုဏ်၊ ဘယ်မာန်ဟုန်ကို၊ အာရုံကိုး၍၊ မကြိုး မနွံနေသလဲ။ ကျွဲခြေရာကွက်၊ ပက်စလက်ကို၊ ခဲခက်ကတုတ်၊ မြေမြို့လုပ်၍၊ နှံ့စုပ်ငှက်ငယ်၊ သိမ်းကိုကျယ်သို့၊ တကယ်ယုံကြည်၊ သံတောင်ကဲ့သို့၊ ငါတို့မြို့က၊ ဆီးဆို့မည်၊ကြံစည်ပုံနှင့်နေသလား။ ။ကောသလမင်း၊ စက်ရင်းဦးခေါင်း၊ ဘယ်မာနကြောင့်၊ မခကြောင်းကို၊ ၎င်းပြည်သို့ သံစေ၍ စုံထောက်ကြရမည် မှူးမတ်များ။

ဝန်တင်။ ။ဘုရား ဗျာဒိတ် တော်မြတ် အတိုင်းပါဘုရား။ ။မြင်းမိုရ်မဏ္ဍိုင်၊ ကျွန်းလေးဆိုင်ထက်၊ ခရိုင်ရှစ်သောင်း၊ ရိပ်ဖြူ ဆောင်း တို့၊ ဦးခေါင်း မြေထိ၊ ခြေသို့လက်ငုံအောက်၊ ယုန်ငယ်ရောက်သို့၊ ကြောက်၍ လျက် ရှိသည်ကို၊ သာဝတ္ထိမည်၊ ဆီးရွက်ငယ်ခန့်၊ ကျယ်မပြန့်တဲ့၊ တိုင်းညံ့ပြည်က၊မရည်မင့်၊ စကြာတော်အောက်၊ နဖူးဆောက်၍၊ မရောက်ဟန်မှာ၊ ဇောက်ပြန်ကြမှာ၊ သဏ္ဍာဝါတို့၊ ဇာတာယွင်းယို၊ ပျက်စီးလိုက၊ ကိုယ်နှင့်မတန်၊ မရာမထိုက်၊ အကြံမိုက်ကို၊ လိုဏ်ငုံကြံ၊ ထုံးစံလေ့ဖြစ်ပါသည်။ ဝိနဏ္ဍက၊ တောင်များသနင်း၊ ဂဠုန် မင်းကို၊ အဖျင်း တ ကာ့ ထက် အောက်ဆုံး၊ စာပတီးငှက်၊ မာနတက်၍၊ စစ်ဇက်မည် ကြိုးသကဲ့သို့၊ ရွှေဘုန်းတော်မီး၊ ဝရဇိန်ထစ်ချုန်း၊ မိုးကြိုးမှုန်းသို့၊ ပျက်ပြုန်းတီး၊ ဘေးကြီးတွေ့ရပါလိမ့်မည်။ သို့ဖြစ်ငြား လည်း၊ မသွားနေသော်၊ မပြေပြစ်၊ ပြည်ရေးဖြစ်၍၊ မလစ်အပ်သောကြောင့်၊ မှူးမတ်တို့ ကြေပွန်အောင်၊ ပြည်ဝန်ကို ဆောင်ရွက်ပါမည့် အကြောင်းနှင့်၊ ထပ်လောင်း၍ ဝန်တို့ သံတော်ဦးတင်ဝံ့ပါသည် ဘုရား။

မင်းကြီးဆို။ ။သင့်လှပြီ၊ မင်းကြီးတို့ စုံစမ်း၍၊ ခွင့်လမ်းကို သိသာမှ၊ ထိုက်ရာ စီရင်တော်မူမည်။ တစ်ပြည်ကြွင်း၊ ရဇဝနန်းထက်၊ ရွှေသန်း စိုဝ်ငြိမ်၊ ဝတိတမြင့်၊ လွှန်သာတင့်တဲ့၊ မင်း စည်း စိမ် ကို၊ မိုးဏ္ဍာဟန်၊ ချမ်းသာခံ၊ ငါစံတော်မူဦးမည်။ တိုင်းပြည်ရေးမှု၊ အစုစုကို၊ သူခမိန်အမတ်တို့က၊ ချောက်ပတ်အောင် စီရင်ကြရမည် မှူးမတ်များ။

[သံတော်ဝန်တို့ နေ့ကောင်း ရက်သာငံ့၍ တစ်ခန်းရပ်စေ]

.... ....

[သာဝတ္ထိပြည် ကောသလမင်းကြီးထစေ။]

သာဝတ္ထိပြည် ကော သ လ မင်း ဆို။ ။ ခမာဇာဂရီ၊ အင်ခြေခံကျလီ နှင့်၊ ရွှေပြည်ကြီးဝန်၊ လူရည်လွှန်၊ တံခွန်လေးရပ်၊ မင်းသုံးခံလောက်၊ ပြောင်ကြီး

မြောက်တဲ့၊ လေးယောက်မတ်တို့၊ ၊ဗာရာဏသီ၊ ပူရိစိုးသီး၊ ထိုမင်းကြီးသည်၊ ထီးမဆောင်းခင်၊ ငယ်ရွယ်စဉ်က၊ ငါ့ခြေတော်ဦး၊ ဘုရားထူး၍၊ နူးညွတ်တွား၊ ငါ့အားရှိသေခဲ့ရသည်။ ယခုမှာမူ သမုဒ္ဒရာပတ်ကုံး၊ လေးကျွန်းလုံးကို၊ သူ့ဘုန်းဂုဏ်နှင့်၊ ခြံ၍ အုပ်စိုးနိုင်လေသည်။ ဘုန်းရှိလက်အောက်၊ ဘုန်းမဲ့ရောက်၊ အထောက်မူကား စော်မပေဲ့။ သို့တော်သော်လည်း၊ ခေါ်ဝေါ်ဆက်၊ သိက္ခာချေလျော၍၊ အမြော်ခက်၊ ရှက်စရာဗိုမို၊ မျက်နှာထား အိုလှသည်၊ ကိုယ်အနွမ်းခံ၊ သူ့ထံဝင်ဆံ့၊ တန်းခိုးမှိန်၍၊ ဂုဏ်သိမ်သာ ညှိုးတော့မည်။ ဘုန်းကံသခင်၊ တစ်ဘုရင်ပါကို၊ စဏ္ဍာလမြင် တစ်မျိုးအောက်က၊ စာရင်းမပေါက်မခံလိုဘူး။ ဗိုလ်ပါစည်းရုံး၊ ဘဝင်မိုးယံ၊ ဖြိုးဖြိုးလျှံမျှ၊ အောင်သံကျူး၊ ငါ့ဘုန်းနှင့်ခြားနားတော်မူမည် မှူးမတ်များ။

ဝန်တင်။ ။တင်ပါသည်ဘုရား။ မုက္ခပါဠ်ရွှေစာ၊ ကျမ်းဂန်လာသည့်မှာ၊ ပစ္စေကဗုဒ္ဓါ အလောင်း ဗာရာဏသီမင်း။ ဘုရားအလောင်း မဟာသီလဝမင်း၊ အရင်းအခံ၊ ပါရမီ သန့်လှသော၊ ဘုန်းကံကြီးမား၊ မင်းတရားတို့သည်၊ အများသတ္တဝါ၊ လူဗိုလ်ပါကို၊ ကရုဏာ ထပ်လျှောက်၊ ယင်တစ်ကောင် မျှ၊ နွသွားပေါက် မယို၊ ချမ်းသာစေလိုသောကြောင့်၊ ကိုယ်၏တိုင်းပြည်၊ ထီးနှင့်စည်ကို၊ မကြည်မသက်၊ ပြည်ထောင်ချင်းတို့၊ စစ်ခင်း၍ဖျက်သည်ကို၊ အမျက်မဝေ၊ ခန္တီမေတ္တာ၊ မှန်သစ္စာနှင့်၊ ပညာဝရမီန်၊ လက်နက်ချိန်၍၊ ငြိမ်စွာနေ၊ တုံ့ချေရန်ဘက်မပြုပါ။ ရန်မလိုလျှင်၊ ရန်ပြုသည့်ထုံး၊ ရန်ခိုက်လိုလျှင်၊ ရန်ပိုသည့်ထုံးများကို၊ ရွှေနှလုံးတော်ယူ၊ သွင်းတော်မူသဖြင့်၊ ထီးဖြူဆောင်းချင်း၊ မင်းတို့မျက်မာန်၊ တစ်ဖက်ရန်ကို၊ သည်းခံခြင်းနှလုံးရည်နှင့်၊ အောင်မြင်နိုင်တော်မူပါမည့် အကြောင်းကို၊ မတ်ပေါင်းတို့ တင်ပါသည်ဘုရား။

မင်းကြီးဆို။ ။လက်ရုံးနှင့်ဉာဏ်၊ မျိုးရိုးမှန်သည်၊ နိုင်ငံလုံးထီး၊ အကျိုးတော်မြတ်၊ ရွက်ဆောင်တတ်တဲ့၊ အမတ်ကြီး၊ ၊ ကာသိရဋ္ဌ၊ ရာဇညနှင့်၊ သီလဝမင်း၊ သည်းခံခြင်းကြောင့်၊ မိတ်ရင်းမပျက်၊ အစဉ်ဆက်၍၊ စစ်မက်ကင်း၊ သိရင်းအရေး ဖြစ်တော့သည်။ ဘုရားအကြိုက်၊ တရားသို့လိုက်လျှင်လည်း၊ လူ၌အရေး ညံ့ခဲ့သည်။ တရားမဆံ၊ အားတိုက်ကြံ၍၊ ရန်ကိုအောင်မြင်ဖူးသည်ပီမှာ၊ ဝါသုဒေဝ၊ နရသနင်း၊ တစ်ကျိပ်မင်းတို့၊ လုံးရင်းနည်းလျက်၊ မာန်ကြိတ်ခက်၍၊ သြသင်မျက်နှာငှ၊ တစ်ကျွန်းလုံးကို၊ ကြုံးကာယူ၊ ဇမ္ဗူမင်းဆုံးမြဲဖူးသည်။ ကိုးကျိပ် ကိုးပါး၊ ထီးဆောင်းများနှင့်၊ မင်းဖျားမြပ်ဒွတ်၊ တိုင်းဝိဒေဟ၊ ပြည်ငယ်မျှကို၊ ရုံကြပတ်သော်၊ မတ်မင်းမဟော်ဉာဏ်၊ တစ်ယောက်ထဲ၊ ကြံ၍ခံ၊ နိုင်ငံတစ်ရာ ပျက်ဖူးသည်။ အာဇာနည်ကြီး၊ လက်ရုံးပညာ၊ ဘုန်းသမ္ဘာနှင့်၊ ငါမင်းထီး၊ ကြက်သီးစိမ့်ပါလိမ့်မလား။ လောကဓာတ်တစ်ဆူ၊ ဤမြေမှာ၊ လူကိုထား၍၊ သိကြားပင်မှန်ကထဲ၊ မြို့လုံးတစ်ညွန့်၊ ငါ မရှုံဘူး၊ ဇမ္ဗူကျွန်းတစ်ခွင်မှာ၊ ရာဇဝင်ထွန်းရစ်အောင်၊ ဘုန်းစွမ်းကိုပြတော်မူမည်။ သာဝတ္ထိပြည်က အောင်စည်တီး၊ မြို့စီး၍ ခံကြလေ မှူးမတ်များ။

ဝန်တင်။ ။တင်ပါသည်ဘုရား၊ လောကတန္တ၊ အနုအကြမ်း၊ နှစ်သွယ်လမ်းမှာ၊ တကယ်တမ်း အရေးရောက်လျှင်၊ မြင်းမိုရ်ကို၊ ဖောက်ပါမည်၊ မုန်သောက်မာတင်၊ တစ်သောင်းမြှသာဆင်ကို၊ ရွှေခြေသို့မင်း၊ တစ်ကောင်ချင်း၊ နှိမ့်နင်းနိုင်မြဲ၊ ကြောင်အား တစ်ကောင်၊ ကြွက်တစ်ထောင်ကဲ့သို့၊ ရန်ဘောင်ခွဲ၊ နည်းသော များသော မဟုတ်ပါ၊ ကာလိက်ရာဇ၊ တိုင်းလုံးရဲ၍၊ ခံသည်စစ်ကို၊ ဆုတ်နစ်မလန်၊ မတ်နန္ဒိသိန်၊ သုခမိန်က၊ ဝရမိန်ရောင်၊ ရဲတစ်ထောင်နှင့်၊ အောင်ဖူးဟန်ကို၊ ထုံးစံရှေးက ရှိပါသည်။ ဗာရာဏသီ၊ ပြည်နှင့်တကွ၊ မကိုရွှေ ရတနာ၊ ထီးတစ်ရာ၊ မြေမှာချ၊ လက်ရသိမ်းတော်မူပါမည့်အကြောင်းကို၊ ရှိနိုးသံတော်ဦး တင်ဝံ့ပါသည် ရွှေထီးပိုင် ဦးကိုင်စိုးတဲ့ ဖှင်ဘုရား။

မင်းကြီးဆို။ ။သင့်လှပါပြီ။ ငါ့ကြောင်ဇမင်းမြတ်သည်၊ နဝရတ်စုံ၊ ပြာသာဒ်ဘုံထက်၊ အာရုံမွေ့သိမ်၊ ကျက်သရေကြီးခန်း၊ မငြီးအဲ့တဲ့၊ နန်းစည်းစိမ်ကို၊ ချမ်းငြိမ်းတည်ကြည်၊ ရွှေသန်းလည်၍၊ စံပယ်မည်၊ ပြည်ရေးတိုင်းရေး၊ စစ်မက်ရေးများကို၊ လေးလေးစားစား၊ ငါမကြားစေလင့်၊ အားသစ်၍ကြီး၊ မာန်စွယ်ဝင့်ဝင့်၊ တံခွန်လွှင့်ထက်၊ ရာမင့်ဉာဏ်ကို၊ မြန်မြန်အောင်စေရမည် အမတ်ကြီး။

...........

[မြည်ကြီးကို ဆော်စန်၍၊ မြှိခံနှင့်ထားပြီးလျှင်၊ အလုံ ဦးကင်းများက ဝန်နှစ်ပါးထွက်၍ နေစေ။ ဗာရာဏသီ ပြည်က သံဝန်များရောက်စေ။ စကားပြော၍မပြေ။ ပြန်စေ]။

**သံပြန်ဝန်က** ဗာရာဏသီမင်းကို တင်ရန် **စကား။** ။ဇမ္ဗူ့လက်ျာ၊မြေမျက်နှာမှာ၊ စကြာလှည့်ပတ်၊ ယာဉ်ပျံစီး၍၊ ရန်မီးသတ်သည်၊ မန္ဓာတ်နေ မင်းနှယ်ဘုရား၊ ။ကောသလစိုး၊မင်းသတိုးသည်၊တန်းခိုးတော်မြတ်၊ ဇမ္ဗူပါဒ်ကို၊ တစ်မသိရှာ၊ မရည်မင်း၊ ထားမျက်မာန်နှင့်၊ ခက်ထန်စွာ၊ ခွာရာတိုင်းမည် ကြိပါသည်။ ကြမ္မာယုတ်ကြို၊ ကုသိုလ်ကုံ၊ ဘုံတစ်သီးစံ၊ သာဝတ္ထိနှယ်၊ မကြီးမကျယ်တဲ့၊ နယ်နိုင်ငံကို၊ ကျွမ်းလှန်အောင်ဖျက်၊ မင်းပါပြည်လုံး၊ ပြုတ်ပြုတ်ပြွန်း၊ ထုံးသို့ညက်အောင်၊ ရွှေလက်တော်ရောက်၊ ဆောင်ပါမည်။ ဗာဟုသဟဿ၊ လက်ရုံးထောင်ပွား၊ မာရ်နတ်သားပင်၊ အားလာ၍ ပြကတဲ့၊ ကိစ္စမလောက်၊ အရှင့်ကုသိုလ်၊ ဘုန်းတော်ခိုရလျှင်၊ အလိုလိုပျောက်ပါလိမ့်၊ စိုးခြကြာက်မထိ၊ သမ္ဘကဲလွန်၊ ဘုန်းရှိကျွန်၊ မတ်ဝန်တို့အရည်နှင့်၊ ရက်ရှည်မသွေး၊ ရန်မီးအေး၊ အရေးတော်ပြီးပါစိမ့်မည် ဘုရား။

**မင်းကြီးဆို။** ။မဟော်သေန၊ ဝိဍူရသို့၊ ဥာဏစက်မီး၊ လက်ရုံးစိန်တောင်၊ ရန်မျိုးအောင်တဲ့၊ မတ်ခေါင်ကြီး၊ ။သာဝတ္ထိမင်း၊ ထီးတစ်စင်းနှင့်၊ သိမ်ဖျင်းနိုင်မျှ၊ ဗိုလ်ပါအင်ခွင်၊ မစုံလင်၊ သာမည၀ယ်လို့၊ ပေါ့ဆ၍လည်း မတော်ဘူး။ တောမှူးရန်ခွင်း၊ ခြင်္သေ့မင်းသည်၊ အခင်းမလောက်၊ ယုန်ကိုပင် ဟောက်ကတဲ့၊ နန်ပေါက်ကွန့်ဝဲ၊ စွတ်တရကြမ်း၊ အားကုန်လှမ်း၍၊ ဖမ်းစမြဲ၊ ရဲရဲမုန်ယို၊ ဆင်ပြောင်ကိုလည်း၊ ထိုယုန်ငယ်အားဖမ်းသည်နည်းနှင့်၊မကွဲပြား၊သားများသနင်း၊ တောမင်းသီဟ၊ ကေသရသို့၊လုံ့လခိုင်ကျည်၊ အနန်းရှု၍၊ ပြုကောင်းသည်။ ပြည်ငယ်တိုင်းကြပ်၊ သင်းမျှကိုလို့၊ မဆိုအပ်။ သောင်းရပ်ဇမ္ဗူ၊ သနပြင့်မှာ၊ ထီးဖြူတစ်ရာ၊ မင်းတကာတို့၊ သည်းချာကျွမ်းဆောက်၊ သည်တစ်ပွဲနှင့်၊ ရိုးစွဲကြောက်အောင်၊ မြေမှောက်လူမျှ၊ ကျက်သရေပြောင်းရွှန်း၊နေ့ဆယ်ဆူထွန်းသည့်နှယ်၊ ဘုန်းစွမ်းပြ၍၊ ငါကိုယ်တိုင် ချီတော်မူမည်။ သုံးဆယ့်ခြောက်ယူဇနာ၊ ဗိုလ်ပါဖြင်ညီး၊ တပ်တော်ကြီးကို၊ ခင်းပြီး ယခု ရှိပါလေစေအမတ်ကြီး။

**စီမံ၍တပ်ခင်းပြီးလျှင် ဝန်တင်ရန်။** ။ကုဏ္ဍိပဒ္ဒ၊ ထိမ်သနပြဟု၊ မြနိမိတ်မှန်း၊ သစ်ရိပ်နန်းထက်၊ ကြဌန်းနှလုံးကြိမ်၊ ဘုန်းကြီးဖန်၍၊ စံရိပ်ငြိမ်၊ ဘုမိန်ထွတ်ဦးကိုင်ဘုရား၊ ။မဋ္ဌိမဒေသ၊ ဖြိုရိပ်ညီးညီး၊ ထီးဆယ့်ခြောက်ဆူ၊ လူကိုးကျိပ်ကိုး၊ အမျိုးစရိုက်၊ မကိုဋ္ဌိဆောင်းခြင်း၊ အခေါ်ဘဏီ၊ တပ်ကိုယ်စီနှင့်၊ ပြည်ပြည်မင်းတို့၊ ခင်းကျင်းရဲဘော်၊ အောင်စက်ညှောင်း၍၊ အောင်မောင်းဆော်၊ နောက်တော်လိုက်မည် ရောက်ပါသည်။ ကာသိတိုင်းမြတ်၊ စံတော်မူရာ၊ ဝ ပြောသာတဲ့၊ ဗာရာရပ်တွင်၊ စည်းကြပ်ရှိဟောင်း၊ တစ်ဆယ့်ရှစ်ခေါ်ဘဏီ၊ ထွက်ရေးညီတဲ့၊ စစ်သည်ပေါင်းကိုလည်း၊ တစ်သောင်းလျှင် တစ်ချုပ်၊ ဝေသာဝဏ်ဟန်၊ ရဲမာန်ယိုထီး၊ အုံ့မငြီး၊ ဗိုလ်ကြီးအုပ်၍၊ သမုဒ်ဒ၊တာခတာင်၊ မြေကြောထုတ်သန်း၊ ပြတ်ဘနန်းမျှ၊ လေးခန်းမျှဟာ၊ ကြည်းဘက်ရေခွင်၊ ဗိုလ်ပွဲယင်တဲ့၊ ခသနင်္ဂါ၊ သင့်ရာစီမံ၍၊ အရန်သင့် ရှိပါကြောင်းကို၊ ရှိခိုးသံခတော်ဦး တင်ဝံ့ပါဘုရား။

**မင်းကြီးဆို။** ။ဘုံပတ္တမြား၊ ယုန်ရထားသို့၊ ဝန်းလျားပတ်ခြိ၊ ကြယ်ပေါင်းရံသို့၊ ငါ့ထံစက်စုံ၊ ဘုန်းတော် တော် လျှံ သည်၊ ဂဏ်သမာဓိ၊ မတ်ကဝိတို့၊ ။ ကောသလတိုင်းချက်၊ နယ်ဖာစ်ဖက်သို့၊ ရွှေစက်ဖြန့်ချီတော်မူလျှင်၊ ယူဇနာ-၃၀၀၀၊ တာစနစ်ပိုင်းကာသိတိုင်းနှင့်တကွ၊ ဗာရာဏသီပြည်၊ ထီးစည် ကြဌန်း၊ ရွှေနန်းလွှတ်ရုံး၊ နိုင်ငံလုံးကို၊ ဆုံးမနိုင်သူ၊ ဝန်ကြီး သတိုး၊သီရိမဟာ ရာဇသကြိန်ကို၊ နိုင်ငံခပ်သိမ်း၊အရေးငြိမ်းအောင်၊ အုပ်ထိန်းနှိုးဆော်၍၊ မြို့တော်မှာ စောင့်ရစ်စေရမည်။ ကိုးဆယ့်ကိုးဆူ၊ မျိုးခြားလူတို့၊ ထီးဖြူစိုက်စံ၊ ဇမ္ဗူဒိပ်ခွင်၊ သောင်းဝန်းကျင်က၊ ပြည်နိုင်ငံကို၊ ဥာဏ်လက်ရုံးလွန်၊ လူရည်ချွန်သော၊ ဝန်ကြီး သတိုး မဟာအတုလ၊သေနင်္ဂမှ ဥတ္တမစည်သူကို၊ ဇမ္ဗူမဏ္ဍိုင်၊ သောင်းခရိုင်ထက်၊ အရေးပိုင် ခန့်တော် မူ ခဲ့ မည်။ အတည် တည် အရေးပုံ၊ စီရင်ခင်းကုန်ပြီမို့၊ တိတ္ထုံ မင်္ဂလာ၊ တိတ်ပြဲဘာနှင့်၊ ရွှေစကြာယနေ့ ဖြန့်ချီတော်မူမည် မှူးမတ်များ။

[တပ်တော်ချီ၍ ကောသလနိုင်ငံစပ်တွင် တပ်စခန်းချရပ်စေ]

မင်းကြီးဆို။ ။အာဠာဝက၊ နတ်ယက္ခသို့၊ ဒေါသလောင်မီး၊ တန်းခိုးလွှိုက်ဆူ၊ ရန်ညွန့်ချူတဲ့၊ စစ်သူကြီး၊ ၊သာဝတ္ထိ သခင်၊ ပြည့်ဘုရင်သည်၊ မာန်ဇိုင်မျက်ငြိုး၊ လက်ရုံးကိုးနှင့်၊ ကျိုးပြစ်မမြော်၊ ရှက်ဆေးချေ၍၊ နေမိသော်လည်း၊ သူတော်သူကောင်း၊ ရှေးမင်းလောင်းတို့၊ ထုံးဟောင်းမမွှတာ၊ သတ္တဝါအထူ၊ ပျက်စီးမှုကို၊ မပြုရာ၊ မေတ္တာသက်မြဲဖြစ်ကြသည်။ သင်းမင်းတစ်ပါး၊ မတော်၍မှားခဲ့သော်လည်း၊ အများဝေဝေနေ၍မြေပတ်လည်၊ သွေးချောင်းဖြစ်၍၊ မွှန်းနှစ်မည်၊ အရှည်မမြော် ကောင်းလှပေသည်။ မကြည်စိတ်ဆိုး၊ ကြွက်ကိုငြိုး၍၊ အကျိုးမဲ့မျိုး၊ ကျီမီးရှို့၊ ယင်းသို့မပြုကောင်းပလေ။ မချေမင်း၊ ရှေးကမှား၍၊ ဖောက်ပြားသည့်မှန်ကတဲ၊ တစ်ဖန်နောက်ကို၊ သတိရ၍၊ ဝန်ခံလိုလျှင်၊ မတိုတောင်းသင့်၊ မေတ္တာလမ်းကြီး၊ မပိတ်ဆီး၍၊ ခရီးဖွင့်၊ အခွင့်ပေးကောင်းပလေသည်။ သာဝတ္ထိဘုရင်၊ စည်းစိမ်အသက်၊ အရှည်ဆက်၍၊ မပျက်ချင်လျှင်၊ ဆက်တင်ပဏ္ဏာ၊ နှိမ့်ချစာနှင့်၊ စကြာဦးခေါင်း၊ မကိုင်ရှုံ၍၊ ဆက်သမည့် အကြောင်းကို၊ ဗိုလ်ပေါင်းလုံးထီး၊ စစ်သူကြီးက၊ ချက်ချင်းပြီး အမိန့်တော်ပြန်။

.... .... ....

### ဗာရာဏသီမင်းကြီးအမိန့်အရ သံဝန်က ကောသလမင်းကြီးထံ ရာဇသံ အမိန့်တော်ပြန်ခန်း

ဘုန်းတော် အလွှန် ကြီးမြတ်တော် မူလှသော ဥပေါသထ ရတနာ ဆင်မင်းသခင်၊ ဇမ္ဗူ့သပြေ၊ ပမ္မဒသာပင်၊ မည်ထင်မတိမ်၊ ကုဋ္ဌိုဟ်မိဟု၊ သိမ်နိမိတ်ခေတ်၊ ကမ္ဘာသစ်ဖြင့်၊ မှတ်အပ်သော ကျွန်းကြီးလေးသွယ်၊ ကျွန်းငယ်နှစ်ထောင်တို့မှ၊ သမီးကညာ၊ ပဏ္ဏာစက်အောက်၊ ဆက်သရောက်ရသော၊ ခရိုင်တိုင်းကြီး၊ ထီးတစ်ရာနှင့်တကွ၊ အဝန်း သုံးဆယ့်ခြောက်ယူဇနာ၊ ဗိုလ်ပါစစ်သည် အပေါင်းတို့ကို၊ အစိုးရတော်မူသော လက်နက်စကြာသခင်၊ ရွှေမြို့သခင်၊ ဘဝသျှင် မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်။ ကောသလမင်း၊ ငါတရားမင်းမြတ်သည်နိယတဗျာဒိတ်၊ ဘိသိက်ရေစင် ယင်တော်မူပြီးနောက်၊ ကမ္ဘာအဆက်ဆက်၊ ဆည်းပူးတော်မူအပ်သော ပါရမီထူး ရှိတော်မူသည်ဖြစ်၍၊ မဟာကရုဏာတော်မြတ် ပြဌာန်းရကား၊ သတ္တဝါအများကို၊ ရွှေရင်တော်ပွား၊ တစ်ယောက်သားကဲ့သို့၊ သနားတော်မူရင်း၊ မနောပဏီဓိ ရှိတော်မူသောကြောင့်၊ ကောသလမင်းနှင့်တကွ၊ တိုင်းသူပြည်သား လူအများတို့၊ မျောပါးနစ်မွန်းမည်ကို၊ ရွှေကိုယ်တော်တိုင် ခံစားရသကဲ့သို့၊ အလွန် ကရုဏာသက်ဝင်တော်မူသည်။ ကောသလမင်းလည်း၊ တစ်ယောက် ချမ်းသာ ကိုယ်ဖို့ရှာ၍၊ သတ္တဝါပေါင်း၊ ဆင်းရဲကြောင်းကို မကြံအပ်။ မိဿာပုဏ္ဏား၊ ခရီးမှား၍၊ ကမ်းပါးပြတ်၌ ကျသည်ကို၊ ဘုရားလောင်း မျောက်မင်း ကယ်တင်၍ ကုန်းသို့ရောက်လျှင်၊ မျောက်မင်းဦးခေါင်း၊ သွေးချောင်းရဲရဲ၊ ရိုက်ခွဲသည်ကိုလည်း၊ အမျက်တော်မထွက်၊ အသက်နှင့်ဖလှယ်၍၊ ကျောဝယ်တင်ဆောင်၊ လူ့ဘောင်သို့ ပို့တော်မူဖူးသောထုံး၊ နိဂြောဓ သမင်မင်းသည်၊ ကိုယ်ဝန်ဆောင် သမင်မကို၊ ကိုယ့်အသက်နှင့် ဖလှယ်၍၊ ကယ်ဆယ်တော်မူဖူးသော ထုံးများကို၊ ထောက်သင့်သည်။ ကိုယ် အသက် စည်းစိမ်ဆိုသည်မှာ၊ တစ်သက်လျာမျှ၊ သံသရာသဘောဖြစ်သည်ကို နှလုံးထား၍၊ ကိုယ်တစ်ခုကြောင့် အများသတ္တဝါ၊ မချမ်းသာအံ့သောအရေးကို မကြံကောင်း။ တရားကို မသိ၍၊ သာဝတ္ထိဘုရင်၊ စစ်ဆင် ခုခံပြားသော်လည်း၊ တစ်သိန်း နှစ်သောင်းအထု၊ ပဲ သုမေရုမှန့်ကဲ့သို့၊ များပြားလှစွာသော ဗိုလ်ထုရဲမက်၊ လက်နက်အင်အားနှင့်၊ ငါကိုယ်တိုင် ရွှေစကြာ ဖြန့်ချီတော် မူလာသည်ကို၊ မြင်းမိုရ်တောင်ဖိမည်စိုး၍၊ ကျူရိုးနှင့် ကျားကန်သကဲ့သို့သာ ရှိရာသည်။ သို့အကြံမှားမိသော်လည်း၊ ငါအမျက်တော် မရှိ၊ သာဝတ္ထိ ဘုရင်အားသာ၊ သနား ညှာတာတော်မူသည်၊ စည်းစိမ်အသက်၊ မပျက်မပြို၊ ချမ်းသာလိုလျှင်၊ ဗိုလ်ပါရဲမက်၊ လက်နက်စစ်အင်ကို သိမ်းရုံး၍၊ ဆင်ကြီး မြင်ကြီး၊ သမီးကညာ၊ ပဏ္ဏာဆက်နှင်း၊ စက်ရင်းခိုလှုံ၍၊ အရေးပုံ လှမည့်အကြောင်းကို၊ အမိန့်တော်ရှိသည် ကောသလမင်း။

ရာဇသံတင်စတ်သည်ကိုကြား၍ သာဝတ္ထိမင်းဆို။ ။သတ္တုရ ဘန်ရေ၊ ပတ်ခြံခွေသည်၊ ရွှေတစ်ခွဲဆိုင်၊ တောင်ဦးခိုင်သို့၊ ဗိုလ်ပြိုင်ရာခဲ၊ ငါ့ထံမြို့သည်၊ နက်နဲပညာ၊ မတ်မဟာတို့၊ ၊ဗာရာဏသီမင်း၊ ငါ့ထံရင်းသို့၊ သတင်းရာဇသံ၊ စေလာဟန်ကို၊ ဖတ်ပြန်ကြားသိရလေပြီ။ သည်အရေးကို၊ ခွင့်ပေးကြည့်ဖြူ၊ မေတ္တာဆက်၍၊ လက်မတူ၊ မိတ်မူရသော် သင့်မလား။

သို့မဟုတ်က၊ ဘုန်းစွမ်းပြ၍၊ မာနသံတိုင်၊ဓဒါသမီးနှင့်၊ စစ်ကြီးဆိုင်၊ အားပြိုင်ရသော် သင့်မလား၊ နှစ်ပါး ဆုတ်တက်၊ အရေးပုံ သည်နှစ်ချက်ကို၊ အနံ့ဩပညာနှင့်၊ တိုင်းထွာ၍ သံတော်ဦးတင်ကြ မှူးမတ်များ။

ဝန်တင်။ ။တင်ပါသည်ဘုရား။ ဗရာဏသီမင်း၊ အခင်းသိလို၊ အရေးဆိုသည်မှာ၊ တိုစေအပ်သည့်ရန်စ၊ ရှည်စေတတ်သည့်ချစ်စ၊ ဒေါသဖျက်၍ ပျက်ပြားသည်၊ မေတ္တာများ၍ စည်ပွားသည်၊ မင်းသားရွယ်နု၊ ဒီဃာဝု လုလင်သည်၊ ကြွေးတင်ရှေးက၊ ရန်လက်စကြောင့်၊ ဗာရာဏသီမင်းမြတ်ကို၊ သတ်ခွင့်ရပါလျက်၊ မေတ္တာရှေးတည်၊ ရန်မရှည်အောင်၊ ဖြေဆည်သိမ်းရုပ်၊ အမျက်ကို ချုပ်သဖြင့်၊ ပစ္စုပ္ပန်မျက်မှောက်၊ ရွှေနန်းပိုင်စိုး၊ ရိပ်ဖြူမိုး၍၊ ကောင်းကျိုးရောက်၊ အထောက်သက်သေ ဖြစ်ပါသည်။ သံဝရမင်း၊ စံခင်းနိုင်ငံ၊ ကိုးကျိပ်ကိုးပါး၊ နောင်တော်များတို့၊ စစ်အားရံသော်၊ အကြံလိမ္မာ၊ နှုတ်ချိုသံမြွက်၊ ပဏ္ဏာဆက်၍၊ သက်မေတ္တာ၊ ရိုက်ရာမပျက် တည်ပါသည်။ ကာသိမင်းကြီး၊ ထီးတစ်ပွင့်ဆောင်း၊ သူ့အရေးတောင်းသည်ကို၊ နှုတ်စောင်းမရှ၊ ခန္တီမေတ္တာ၊ မိတ်ဆက်စာနှင့်၊ ပဏ္ဏာသ၊ ရန်စသိမ်းလွယ်မှ သင့်ပါမည့်အကြောင်းကို၊ ရှိခိုး သံတော်ဦး တင်ဝံ့ပါသည်ဘုရား။

မင်းကြီးဆို။ ။အလှနှစ်သက်၊ ရွှေချည်ယက်သို့၊ တင်ချက်သင့်လျော် လှပေပြီ။ သဿာအားကို၊ ဘုရားမဆန်၊ အကြောင်းတော်၍၊လျော်သည်မှန်၊ နာခံရမည် ဖြစ်တော့သည်။ သို့ဖြစ်ရာတွင်၊ ငါတစ်နန်းစံ၊ နိုင်ငံတစ်သီး၊ အသဗ္ဗိန်ဝင်၊ နေမျိုးစင်တဲ့၊ ဘုရင်ထီး၊ ကြီးပြီးမှငယ်၊ သူ့လက်အောက်သို့၊ ငါရောက်သဖြင့်၊ လမ်းမသင့်၍၊ မတင့်တယ်၊ ရှက်ဖွယ်လိလိ ဖြစ်တော့မည်။ ငါ့ကိုယ်တစ်ခု၊ ကောင်းလိုမှုကြောင့်၊ ဗိုလ်ထုအလေး၊ စစ်မက်မှု၍၊ ညှိုးပူဆွေး၊ ဘေးလည်းမဖြစ်စေနှင့်တော့။ လက်ာဒီပ၊ သီဟဠ၌၊ သဿဗောဓိမင်းမြတ်သည်၊ ဥတ္တဥ္ဆရတနာ၊ လည်ညွှန့်ညွှာကို၊ သစ္စာတိုင်ဆို၊ မငြင်ငြို၊ အားပိုလိုရွှေ့စေ၍၊ နတ်ပြည်စံတော်မူဖူးသည်။ ဘုရားလောင်းမြတ်စွာတို့၊ ခန္ဓာကို ငြီးငွေ့၍၊ ပြကတေ့ ရုပ်နာမ်က၊ ဖောက်ပြန်စွန့်ခွာ၊ လူ့ပြည်ရွာသို့၊ ဖြစ်လာဖူးကြလေသည်။ အလားတူစွာ၊ ဘုရင်ငါလည်း၊ သစ္စာတော်တိုင်တည်၍၊လူ့ပြည် ကိုမချစ်၊ သားမျိုးစုံတဲ့၊ နတ်ဘုံစစ်မှာ၊နန်းသစ်စံတော်မူတော့မည်။ အရေးပုံအရပ်ရပ်ကို၊ မှူးမတ်တို့ စီရင်ရစ်ကြတော့ဗျာ။

သာဝတ္ထိမင်းကြီးက မိဖုရားကိုခေါ်၍ မှာရန်စကား။ ။မှုန်တပျံ့ပျံ့၊ ထုံရနံ့၊ ကုံကုမံ့နွယ်၊ ကြာကြင့်နှင်းမွှေ၊ ညာနန်းနေတဲ့၊ ပြည်လုံးမယ်၊ ရွှေဥက္ကာလုံ၊ ခေတ်မွေ့ဘုံမှာ၊ ဘုန်းဆုံရအောင်၊မေတ္တာနှစ်ကုံး၊ သစ္စာတော်ရှုံးခဲ့တဲ့၊ ကြွေ့ဘုန်းခေါင်မို့၊ ညောင်တစ်ညီလာ၊ ဆောင်သီဟာမှာ၊ ဗျာပါမွန်းနစ်၊ ကြွေမကျမ်း၊ မလွှမ်းရစ်ပါနှင့်၊ ခေတ်ဝိသယ၊ အနန္တမှာ၊ ရှိကြများစွာ၊ သတ္တဝါ၊ သူငါနည်းတူ၊ သေကွာ ရှင်ကွဲ၊ ပင်မမြဲ၍၊ ဆင်းရဲတူ၊ ဘုံသုံတို့တမ်း ဖြစ်ပေသည်။ ဆွေမယ်သခင်၊ ငါဘုရင်မူ၊ ပြည်ရှင်နန်းသီး၊ တစ်ဆူထီးနှင့် မင်းကြီးတကား။ သူ့လက်တွင်းက၊ စာရင်းငှား၊ လားလားမဖြစ်လိုပြီဘူး။ ကပ်ဦး သမ္မတ၊ မြတ်ထူးလှတဲ့၊ အာဒိစ္စမျိုး၊ ငါနန်းရိုးကပဲ၊ တန့်းခိုးရုပ်၍၊ ဂုဏ်နုပ် ဘာပြုံမလဲ။ လည်ရှုံနတ်နွယ်၊ ညာနန်းနေတဲ့၊ သန်းရွှေမယ်မှာ၊ ညှိုးငယ်မလျော်၊ စိတ်ဖြေဖျော်၊ အားတော်မလျော့၊မဆွေးအောင်ဖန်၊အေးအောင်ကြံ၍၊ စံရစ်တော့။ ရွှေနန်းကြွေ့ ဘုန်းမော်မှာ၊ သစ္စာတော် မိဋ္ဌာန်၍၊ ဝိညာဉ်ကို သိမ်းရအောင်၊ မြိမ်းရောင်ညှိရှန်းတဲ့၊ နတ်ကွန်းနှင့် ဥယျာဉ်သို့၊ ခိုဝင်တော်မူမည် သက်လယ်ငယ်။

မိဖုရားဆို။ ။ကျက်သရေစုံ၊ တက်နေဆုံ၍၊ ဂုဏ်တန်းနိုးရှင်၊ ပဝရာဘိ၊ သမ္ဘာချိတဲ့၊ အာဒိဝင်၊ ကျေရှင်မယ့်ဆံညွှာဘုရား၊ ၊သာသဖန်းမွှေ၊ ကာသန်းရွှေမှာ၊ ငွေခရုရည်၊ ဘိသိက်တော် ကြည်ကတည်းက၊ သည်ကနေ့လို၊ ရွှေဗျာညွှန်းတဲ့၊ ခွန်းပိုမို၊ မဆိုဖူးပါကလား သခင်ငယ်။ စပယ်နှင်းသတ်၊ မြတ်ဥက္ကဋ္ဌမှာ၊ ခေါင်ချုပ်ကယ်ကောသီ၊ မရှုံးမီ၊ ဆွေသာကီတစ်ဘုန်းကို၊ ရွှေဒါလီတစ်ကုံးကဲ့သို့၊ မုန်းမူရိပ်မထင်၊ ရင်ထဲဘွင်တွင်၊ စွဲခဲ့တဲ့သခင်မို့၊ ဆိုက်ချင်ရာဆိုက်၊ နောက်တော်က အမြဲ၊ ဘယ်မခွဲ၊ မယ်ပုလဲလိုက်တော့မယ်၊ မကိုင်ရွှတ်ဖျားက၊ သည်ကျွန်ကို သနားရင်ဖြင့်၊ ထား ရက်တော် မမူခဲ့ပါနှင့် ရွှေနန်းရှင် ဘုရား။

**မင်းကြီးဆို။** ။ရာရတီချိန်၊ ဒါလီစိန်သို့၊ သိန်မမျှ စွယ်၊ ဆင်မမုန်းနိုင်၊ ယဉ်ဆုံးတိုင်တဲ့၊ ဦးခိုင်နွယ်ငယ်။ ဘုန်းကြွယ်ကောရာဇ၊ ငါဘုရင်ကို၊ ခင်မင်ချစ်၍၊ မပစ်နိုင်ဘဲ၊ နတ်ပြည်ပျော်လျှင်၊ နောက်တော်ကမြဲမယ်လို့၊ မြဲလဲ့ညို၊ မူရာလွန်းလို့၊ ရွှေခွန်းတော်ချီကာဘဲ၊ တစ်ကိုယ်တော်တည်း၊ ကိစ္စနည်း၊ မယ့်ချည်းမဟုတ်၊ နှဘ်ငုံ ပတ္တမြား၊ နန်းလျာထားမယ့်၊ သားရွှေရုပ်ကို၊ ပိုက်ထုပ်သာကြည်၊ သခွန်သုံးလ၊ ရာသီမျှနှင့်၊ လွယ်ရသည်၊ ပြည်မိမိလာ၊ နန်းကခွာ၊ ညာမဟော့ဘွဲ၊ အရိပ်မွှမင်း၊ သက်လုံးနှင်းတဲ့၊ ဝင်းလဲ့လဲ့မှာ၊ သီးမှည့်စုံရွှေ၊ ပတ္တမြား ဂူထဲ၊ နတ်ငုံမြဲတဲ့၊ စွဲသခွေကို၊ တစ်ပြည်ရပ်ဘောင်၊ ကိုယ့်ရုပ်ဖျက်လို့၊ သက်ရွှယ်ဆောင်၊ နောက်နောင် နန်းရိုးဆက်ဖူးတယ်။ သည့်ထုံးစံကို၊ မှန်ကြာကြော့ ဆွေ၊ ညာတော့်ရွှေက၊ ရွှေနားတော် ဆင်ညောင်း လို့၊ နောင် ကောင်းအောင် ကြံရစ်ပါတော့ သက်လှယ် ငယ်၊ အမိန့်တော်ကျွန်ပါ ဘုရား။

**မိဖုရားဆို၊** ။အထဝ်တစ်ရာ၊ ပုဒ္မာ၊ ပန်းကြာ တိုက်နွယ်၊ ရွှေရင်ညွန့်ဖျား၊ သခွေနားတဲ့၊ သားနန်း နွယ်ကို၊ အနုရာယ်ကင်းအောင်၊ ရွှေကိုယ်တော်စား၊ ဘ ရာထား၍၊ ပိုက်ဖြားဆောင်၊ နောက်နောင် နန်းညွန့် ဆက်ပါမယ်။ ကံငယ်တဲ့ခေတ်၊ ကြုံကြိုက်လို့ဖြစ်ကမင့်၊ အဆစ်အပိုင်း၊ တော်ချိန် ရောက်လျှင်၊ တော်လောက် ကဲ့သာ၊ တိုင်းရတော့မယ်၊ ကသိုဏ်းကြော့ ရတနာ၊ မသွေရက်တဲ့၊ ရွှေမျက်နှာကို၊ တစ်ခါသည့်ငြင်၊ ဖူးရ ခွင့်မြင်ပြီဘု၊ ဆင်ဂမုန်း၊ လမ်းဆုံး မှတ်ချေတော့မယ်။

**မိဖုရားငို။** ။ပလျက်ကယ်သာ၊ မြမျက်နှာငွေလက၊ ဓဒသ ထိမ်ပင်ပျိုသို့၊ ခိုလုချည်ပေါ့၊ ။မလွဲသာ၊ ကိုယ် လွတ်ခွာ၊ အနိုင်ရှန်းလို့၊ ဘုန်းဘုန်းကို မှီအောင်လှမ်း ခဲ့မယ်၊ မြန်းနှင့်ရှာတော့။

**မင်းကြီးဆို။** ။ရတနာလှိုင်၊ နံ့သာမြိုင်မှာ၊ ခိုင်မခွါဇာတ်၊ ဆင်ပုလဲခွေ၊ ရင်နဲ့ပွေတဲ့၊ သခွေ နတ်ကယ်၊ နန်းလုံးထိပ်တင်၊ ငါဘုရင်သည်၊ သဘင် ဝေယံ၊ စိန်နဝရတ်၊ ထိန်ထိန်လျှပ်တဲ့၊ နတ်မိမာန်က၊ ညာနားပန်ဆွေဟောင်းကို၊ နောင် ကောင်း အောင် စောင်မ၍၊ ဘုန်း ပြဓတော်မူလှာမည်။ နေခြည်မခတ်၊ ခွေလည်ပတ်သည့်၊ ရွှေသဒ္ဒန်အိုင်၊ ချိုတသင်းသင်း၊ ညိုဝင်းဝင်း၊ အင်ကြင်းမြိုင်ကွာ၊ ပန်းခိုင်ဆွတ်လေပြည်၊ ညာစမုတ် ပြတင်းမှာ၊ သုတ်ညွှင်းကာချေ့င့်၊ ကျက် သရေ လျှံမွှန်းတဲ့၊ နတ်ကွန်းသို့ ခိုတော်မူတော့မယ် နန်းသူငယ်။

[သစ္စာပြု၍ မင်းကြီး နတ်ရွာ စံစေ]

တစ်ခန်းရပ်

.............

### တိုင်းပြည်တွင် ကျန်ရစ်သော မှူးမတ်တို့ တိုင်ပင်ကြစေ

**အမတ်မင်းတို့။** ။ကျွန်ုပ်တို့ သခင်၊ ရွှေနန်းရှင် လည်း၊ ဝိညာဉ်တော် လိပ်ပြာကို၊ သစ္စာနှင့် ဆုံးဖြတ် ၍၊ ထက်နတ်ဘုံ မြေနိမိဘ်မှာ၊ ရွှေတံဆိပ် ခတ်တော် မူပြီ။ ကျွန်ုပ်တို့တိုင်းပြည်လည်း၊ ချည်အထိန်းပြတ်၊ မရှိအပ်ပေဘူ့၊ ညာနတ်ထွတ်ထား၊ ကြော့မှူးသီရိ၊ စံမရှိတဲ့၊ မိဖုရားကို၊ ခမ်းနားမြင်းဆင်၊ ဗာရာ မင်း ကျော်၊ အောင်တပ်တော်သို့၊ ပင့်ခေါ်ငင်၊ ဆက်တင် သွင်း၍၊ ကျွန်ရင်းခံမှ၊ နိုင်ငံ ချမ်းသာချေတော့မယ် မင်းကြီးရို့။

**ဗာရာဏသီမင်းကြီးကို မြို့ဝန်တို့တင်။** ။ စန်ဘုံတစ်ဆူ၊ ဥဏ္ဏာဂူသို့၊ မှန်မြူချေလွင့်၊ ရာဇမံရှက်၊ မာန်အမျက်ကို၊ ဥာဏ်စက်ဝင့်သည်၊ မင်းမင့် ထွတ် ဥဒျောင် ဘုရား၊ ။သိဒ္ဓတ်မင်းသား၊ ဖွားသည့်နေ့တွင်၊ ပစ္စေကဗုဒ္ဓါ၊ မက်ကွာတဲ့၊ ရှင်မာတင်သည်၊ ဝိညာဉ် ရွှေ့လျား၊ ဘုန်းမတန်၍၊ နိဗ္ဗာန်လား၊ မခြားထိုပုံ၊ အရှင့်သန္တာ၊ ဘုန်းတေဇာကြောင့်၊ သာဝတ္ထိမင်း၊ တစ်တောလင်း၍၊ ကံကြွင်းကုန်၊ သူပုန်ပြေး၊ အရေး ယခုငြိမ်းပါပြီ၊ ကောသလတိုင်းကြီး၊ ထီးနှင့်တကွ၊ ရတနာမဟော၊ ညာရဝေမှာ၊ သရေမြတ်တဲ့၊ နတ်တမျှ ကို၊ ဆက်သပြီးသော်၊ ပြည်သူချမ်းမြေ့၊ ဘေးမတွေ့၍၊ ကြည်မွေ့လျော်၊ ဘုန်းတော်ခိုလှုံ ရပါမည့်အကြောင်း ကို၊ ရှိခိုးသံတော်ဦးတင်ပွဲပါသည်ဘုရား။

**မာရာဏာသီမင်းကြီးဆို။** ။သာဝတ္ထိပြည်သား၊ မှူးမတ်များတို့၊ ဘုရားဆုပန်၊ ငါဘုန်းသန်သည်၊ ရန်ကင်းစိမ့်ငှာ၊ ဘုန်းရိပ်ခိုတဲ့၊ လူမိုလ်ပါကို၊ မေတ္တာနေ့တိုင်းပို့သသည်။ မန္တံမကျိုး၊ လူရိုက်မျိုးကို၊ ကြောက်စိုးရှုံမျှ၊ ပဘာဝဟု၊ ရာဇဂုဏ်သိန်၊ စကြာကွန့်၍၊ ရန်ညွန့်နှိမ်၊ ဘုန်းရှိန်ပြတော်မူလှာသည်။ ခေါ်တစ်ပြက်မျှ၊ လက်နက်မရှ၊ အခရေးတော်လှမင့်ကို၊ ညာနန်းမသော်မော်၊ သာကီယဇာတ်၊ နွယ်ရိုးမြတ်တဲ့၊ နတ်မနော်ကို၊ လက်ျာတော်ရံစေ၍၊တိုင်းပြည်ကိုပြန်တော်မူတော့မည်။ ပြည်သာဝတ္ထိ၊ တိုင်းဘူမိကို၊ ပကတိအတိုင်း၊ထုံးပိုင်းမယွင်း၊ ငါအာဏာနှင့်သာ ပွင့်လင်းအောင်၊ မောင်မင်းတို့ အုပ်ချုပ်ရမည် မှူးမတ်များ။

[မာရာဏာသီမင်းကြီး အမိန့်အရ မှူးမတ်တို့ တိုင်းပြည်ပြန်စေ]

တစ်ခန်းရပ်

........

## မင်းကြီးကမိဖုရားကိုခေါ်၍တိုင်ပင်ပြီးလျှင် တိုင်းပြည်ကို ပြန်ခန်း

**မင်းကြီးက မိဖုရားကိုပြော။** ။ဘမရာခံ၊ ညာသဟံမှာ၊ ကြာရှံကြော့လယ်၊ သူဇာပြကတေ့၊ မှုရာလေ့တဲ့၊ ဘုန်းဟော့မယ်၊ ။ဇမ္ဗူလုံးနတ်၊ ငါ မင်းမြတ်သည်၊ မန္ဓာတ်သမ္မတ၊ ဥက္ကာကရာဇ်၊ နွယ်လှာစစ်တဲ့၊ မြစ်မူလ၊ သမ္ဘာ့ဦးခိုင်ဖြစ်ခဲ့သည်။ ငါ ရာဇာမှာ၊ ညာမကိုင်ငှသာဘိ ဘိသေက၊ သရေပတဲ့၊ လှမှန်ကူ၊ နန်းသူနတ်ပြည် ပျော်ခဲ့သည်။ အကြည်တော်မြတ်၊ လက်ျာနတ်ကို၊ ဇာတ်အနွယ်တူ၊ စင်ကြယ်သူကို၊ ဇမ္ဗူမျက်နှာ၊ လှည့်၍ရှာသော်၊ သည်သာတစ်ပါး၊ ဥတ္တုံလုံးပြင်၊ ရွှေရည်မင်နှင့်၊ ကြင်စာသား၊ မယ့်အားယခု၊ တွေ့ခဲ့တယ်။ စိတ်ဝယ်ဒုဟ၊ သဘောမကျေ၊ မနော တွေ့လို့၊ သွေးခွနှင့်၊ ပဒုမရိပ်သာမှာ၊ မိတ်လျာတော်စုံ၊ ထိုးနှစ်ဆူလှုံ့ရအောင်၊ ကြိုတစ်ပုံ သစ်မဆန်းသင့်ပြီဘူ၊ ချစ်စခန်းရပ်တော်မူတော့ နန်းကြီးသူငယ်။

**မိဖုရားတင်။** ။ရတနာစု၊ ညာသမုမှာ၊ မာလာရှုဆွေ၊ ဆောင်တစ်နန်းလုံး၊ ဒအောင်ပန်းကုံးတဲ့၊ ဘုန်းဝေဝေ၊ သပြေ ကျွန်းလုံးရှင်ဘုရား၊ ။မိန့်တော်ကျူပျံ့၊ မဥ္ဇူနံ့၊ သန့်သန့်ကလေး၊ သည်ကျွန့်စိတ်မှာ၊ ရိပ်ခနဲ မွှေးတဲ့လျှင်၊ သွေးမငြိမ်သက်၊ သုပ်ပြာကင်းကွေ၊ တစ်ပိုင်းခွသ၊ သည်းခြေပျက်မို့၊ အသက်ဆံဖျား၊ ကြောက်အား ပိုလွန်းလှပါတယ်။ ကိုယ်ဝယ်မအား၊ မခုပါ့ပါ၊ ပတ္တမြားပွင့်ခက်၊ သုံးလရာသီ၊ ဝိပိနနယ်၊ သားနန်းနွယ်ကို၊ လွယ်ရလျက်မို့၊ အသက်ကိုမခင်၊ သေလိုက်စမ်းချင်ကတည်း၊ ရွှေတစ်ပင်ပွား၊ သည်မယ့်အား၊ သားကိုသတ်ရာ ရောက်တော့မယ်။ ဘုန်းကြွယ်ဘုရား၊ ရှင်သနားပါလျှင်၊ ဆင်းရဲသားအဖြစ်၊ မြကေသွယ်မွဲ၊ ဆီမရှဲ၊ ဝတ်လဲညစ်နှင့်၊ လမ်းဆစ်ကန္တာ၊ တစ်အိမ် မပေး၊ တစ်အိမ်ပေး၊ ဝမ်းရေးရှာလို့၊ ကြမ္မာကံဆန်း၊ ရောက်ရာလှမ်း၊ မြန်းရမည့်အရေးကို၊ ခွင့်ပေးတော် မူပါရော့ ရွှေနန်းရှင် ဘုရား။

**မင်းကြီးဆို။** ။ငွေရတနာ၊ဟေမဝါမှာ၊ ကေလာနန်းသူ၊ အကျော်တစ်ဖုန်း၊ မနော်နှုန်းတဲ့၊ ကြော့ဆုံးမူငယ်၊ ။သဖန်းပလ္လင်၊ကြင့်နန်းပြင်ဝယ်၊ ရေစင်သွန်းချွေသမ္ဘာမြတ်တဲ့၊ ညာနတ်ဆွေတို့၊ မင်းဇကရာဇ်၊ ဆက်ဆက် လဲ၍၊ နန်းပွဲပင် သစ်သော်လည်း၊ ခေတ်မကုန်သင့်၊ မိဖုရားမြတ်၊ တစ်ပါးနတ်ကို၊ ဆယ်ထပ်ပြန်၍၊ ခံဘိသေမြင့်ကတည်း၊ ဖုန်းပွင့်လေလေ ဖြစ်တော့သည်။ အမည်အမျိုး၊ တန်းခိုးနည်းပါး၊ မိဖုရားများသာ၊ သဘောထားသေးနုပ်၍၊ ရုပ်ပျက်နံ့ပျက် ပြုကြသည်။ ထီးစည်ကနက်၊ မင်းငါးဆက်ပင်၊ နန်းထက်တင်၊ အင်မရှိတဲ့၊ ရှင်ဘို့မယ်ကို၊ နယ်ဇမ္ဗူရံ၊ သောင်းနိုင်ငံမှာ၊ အောင်သံလှိုင်း၊ သံပိုင်းမြောက်တင် ကြလေသည်။ စာအနှုန်းတွေ့၊ ထုံးစလေ့ကို သုံးရွှေ့မကိုင်၊ သဘောတော် ပိုတ့်ရင်ဖြင့်၊ စရိတ်ကိုမဖောက်၊ စောင့်စည်းရာရောက်လိမ်မည်။ မြီးဆံညှောက် တစ်ပင်ကို၊ ချစ်ခင်မလားစား၊ အသက်ကိုမသီ၊ စာမရီသားကဲ့သို့၊ ရှေ့လားမနောက်မြော်၊ ချီဗျာညွန်းတဲ့၊ မိန့်ခွန်းတော်ကို၊ ထိပ်ပေါ် ဆင်မြန်း၍၊ ပွခန်းကို သိမ်းတော်မူရမည် ညာနန်းစံငယ်။

မိဖုရားဒို။ ။သက်တစ်ကိုယ်၊ ရက်တိုတို သေချင်
လှပါပေါ့၊ တင်ပါ့ရွှေထား။
ရှက်စဖွယ်၊ ရွှေမျက်ရည် တလယ်လယ်
နှင့်၊ သူ့နယ်ကို ပါရ ဦးမယ် ရှင့်၊
ဘုန်းမြင့်ရဲ့လား။ ။

မင်းကြီးဆို။ ။သိကြား လက်သုံး၊ မိုးကြိုး မှုန်းသည့်၊ ညာရုံးဟန့်ဆီး၊ ရန်ခွယ်ချိုးဖြုတ်၊ ကျားနှယ် ခုတ်တဲ့၊ ဗိုလ်ချုပ်ကြီးတို့၊ ။ကောသလမင်း၊ မာန တင်းသည့်၊ ဘုန်းနှင်းမမျှ၊ အကြည်အသာ၊ ငါ့အာဏာနှင့်၊ တိုင်းပါကျုံး၊ အားလုံးကို ရလေပြီ။ ညာနန်းမ မိသော်မော်ကို၊ လက်ျာတော် ခစေ၍၊ မဏ္ဍလ မြေမျက်နှာဝယ်၊ ရွှေစကြာလှစ်ရစ်၊ ရာဇဝင် တစ်စောင်ဆန်း၍၊ နောင် ဥဒါန်း ဖြစ် ရ အောင်၊ စစ် အင်္ဂါ လေးမည်နှင့်၊ စံတော် ပြည်မာရာသို့၊ ရွှေစကြာကွန့်မြူး၍၊ အောင်လံဦး လှည့် တော်မူ တော့ မည်။ ထီးစည် သီးခြား၊ ရာပြည်ထောင် မင်းများကို၊ ရေးရာထား ကြိုးစီရင်၍၊ တပ်စည်နှင့် နောက်တော် လိုက်ကြစေ၊ စစ်သူကြီးတို့။

[ပြန်၍ ရောက်စေ]

ပြည်တော်သို့ရောက်လျှင် ဆိုရန်စကား။ ။ဘွဲ့ဖြိုးမျက်စောင်း၊ သံချောင်းဝရဇိန်၊ ပစ်ချိန်လေးပါး၊ လက်နက်အားသို၊ တိုင်းကား ငြိမ်ဆိမ်၊ ရန်လုံးနှိမ်သည်၊ ဂုဏ်သိန်ကြီးကျယ်၊ မတ်လေးသွယ်သို့၊ ဇမ္ဗူ လျှော်မည့်၊ နတ်တစ်ရှည့်သို့၊ ငါ၏သက်လယ်၊ သာခန်းရဝေ၊ ညာနန်းနေတဲ့၊ ရွှေမျှားမယ်မှာ၊ မူးဆယ်လီမှန်၊ ပုလဲမြတ်မျိုး၊ တိမ်တိုက်စိုးတဲ့၊ ဖိုးပြည်တန်ကဲ့သို့၊ ဘုန်းကံပြည့်စုံ၊ ဇာတ်ပရမေ၊ မြတ်သခွေနှင့်၊ ရွှေနတ်ငုံသည်၊ အမုံရင့်မာ၊ ပွင့်ချိန်နီးသည့်၊ အိုင်ကြီးကြာသို့၊ အခါတန်ခုလာက်၊ မီးရှူးမြင်၊ သန့်စင်ချိန် ရောက်ကပြီ၊ ထီးအောက်နန်းဖွား၊ မိဖုရားနှင့်၊ ပြည်ခြားထီးဆောင်း၊ မင်းပေါင်းမဟာသီ၊ ဒေဝီစန္ဒီ၊ သိင်္ဂီရွှေလိပ်၊ တံဆိပ်ထူးမြတ်၊ မှူးမတ် ကတော်၊ သန်း ရွှေ ဖော် တို့ကို၊ မြေဖျော်ပိုက်ဖြား၊ ခစားစောင့်နေစေ၊ ငွေဗိတန်ရွက်၊ ထီးချက်ကာသန်း၊ မီးရှူးမြော်ဖို့၊ စံတော် နန်းများကို လည်း၊ မင်းခမ်းနှင့် လျော်ကန်အောင်၊ စီမံပြီးပြေကြစေ ရမည် မှူးမတ်များ။

တစ်ခန်းရပ်

............

## ကောသလမင်းကြီး ရုက္ခစိုးနတ်အဖြစ် ထွက်ခန်း

နတ်ဆို။ ။မဟာဂီရိန်၊ နေရှသိန်ဝယ်၊ ဒေဝိန္ဒြ၊ သိကြား ကျွန်ယုံ၊ ကုသိုလ်ဟုန်ကြောင့်၊ နတ်ဘုံတစ်ရိုး၊ ကြီးမားတေဇော်၊ အာနုဘော်နှင့်၊ လွန်ကျော်ဟိုးသည့်၊ ရုက္ခစိုးနတ် ငါဖြစ်သည်။ လူ့ဘိုပြည်ာယ်၊ ထီးစည်ပိုင်သ၊ ကောသလဟု၊ ဘဝသခင်၊ ငါဖြစ်စဉ်က၊ ဝိညာဉ်ဘော်မြတ်၊ မနောခတ်ကို၊ ဆုံးဖြတ်ဖန်ဆင်း၊ ထီးနန်းရိပ်မြုံ၊ လူ့ဘုံဘုံကို၊ အာရုံကင်း၊ နတ်မင်းယခု ဖြစ်လှာသည်။ ဇုန္နနီညို၊ မြရေစို၊ ပင်ကိုရုက္ခ၊ ဗိမာန်ကြွင်နီး၊ သာယာဆန်းတဲ့၊ နန်းသော်ကသို့၊ မြန်းကြွချိန်မှန်၊ အခါသင့်၊ အခွင့်လည်းတန်ချေပြီ။ နန္ဒမူလှိုင်ဦး ဝယ်၊ ခိုင်မန္တူမာလာဖူးကို၊ လေဖြူးကာ တဖျတ်ဖျတ်၊ ဝဲယာ လှဲ့ခေါက်ပြန်လို့၊ ညာတံကို ခတ် သော ခါ၊ မြပန်းချပ် ကြွေသံကို၊ နာခံ၍ မြန်းချဦးတော့မယ်။

ခြေပြော် နဝရတ် ရောင်လျှံ့၊ ဘုန်းကျိုးဖန်၊ ဗိမာန် ကွန်းမြေခက်၊ သော်ကရွှေငုံ့၊ ပင်ရိပ်မြုံ၊ ငါ့ဘုံသို့ ရောက်ကပြီ။ နောက် ပထမ၊ လူ့ဘဝက၊ ဗာရာဏ မင်း၊ ငါ့ညာနန်းပျော်၊ နတ်မနော်ကို၊ ချစ်ဖော် ဖျက် ခွင်း၊ နှိပ်နယ်နင်း၍၊ အတင်းဆောင်ယူသွားလေသည်။ ဝင်းကြည်ညိုလဲ့၊ ပင်ကိုယ်နှဲ့၊ နတ်ကဲ့မှုယူ၊ ငါ၏သက်မျှ၊ ကြင်မဝတဲ့၊ လှမန္တူမှာ၊ ယူသနွှေမွေ့၊ ရွှေကြာတိုက် ဝယ်၊ ဆောင်ပိုက်လွယ်၍၊ ဆယ်လစေ့ ခုနွှဖွားရှာ တော့မည်ကို။ အဟိုရှေးခါ၊ မိတ္တီလာဝယ်၊ မဟာဝင် ဆက်၊ စဉ်မပျက်သည်၊ မဒ္ဒဒေဝ၊ နရိန္ဒသို့၊ မြဟုံဘုဗိမာန်၊ ဘုံမိုးယံက၊ ပျော်စံလျက်ပင်၊ နွယ်တော်စဉ်ကို၊ ရာဇဝင် မြစ်၊ မပျက်ရစ်အောင်၊ အားသစ်လို့လာ၊ ဘုန်းရိပ်ပြ၊ စောင်မကြည့်ရှုဖူးကြသည်။ ရွှေရည်နှိုင်းလျော်၊ နေမျိုးသွန်ဖျား၊ ယခုနွေဖွားတဲ့၊ ငါ့သားတော်ကို၊ နောင်သော် ကာလ၊ ငါ့ထီးနန်းကို၊ သိမ်းမြန်းရအောင်၊ ငါ့သား ကိုယ်ထဲ၊ ကိုယ်စောင့်နတ်ကြီး၊ ငါပြုပြီးလျှင်၊ ဘေးဆီးရန် ကြောင့်၊ သူမနှောင့်အောင်၊ စောင့်မှိဲ၊ အားခဲ၍မစ ရတော့မည်ကဗျား။

တစ်ခန်းရပ်

[မိဖုရားသားဖွားပြီး၍၊ ၎င်းသားကို သုသာန်သို့ သွားပစ်ရန် မိဖုရားက အပျိုတော်ကို ခိုင်းစေ]

မိဖုရားပြော။ ။အထိန်းတော် မင်းသူဇာငယ်၊ ငွေသာ ခွာမြိတ်၊ အထွတ်သိင်္ဂီ၊ နာရဏီနှင့်၊ စန္ဒီရိပ်မှာ၊ ရွှေလိပ်ပြာမျှ၊ မသန်းရအောင်၊ ခုကာသလရင်သွေး၊ ခုမှမေ့ဒါရှု၊ ပန်းလိုကြူတဲ့၊ လူကလေး။ မြူမှေးမခ၊ ဖွားချက်ကယ် လှလေတယ်၊ ကြည့်စမ်းပါအေ၊ နဖူးပြင် ခပ်ကားကားနှင့်၊ ဘုန်းဘုရားကိုယ်တော်မူ၊ တစ်ပုံထဲ တူလွန်းလို့၊ နောက်ဆူမှုးဝေ၊ သည်းကြွေမတတ်ရှိတော့တယ်။ ကြီးကျယ်ချိန်မှာ၊ လက်ပြိုင်အနံ့တုရှေးကပြုတဲ့၊ ရန်သူ့သားမို့၊ ယောကျ်ားလည်းဖြစ်ပြန်၊ မင်းဆိုသမျှ၊ မလိုကြ၊ ရော့ရန်ဘက် ဖြစ်တော့သည်။ နောင်ဖန် ကာလ၊ ယဉ်ကျေးတင့်တယ်၊ နှမြောဖွယ်၊ ကျကာလမှ၊ မလှကြမှာ၊ သေရရှာရင်ဖြင့်၊ သာ၍ခုထက်၊ နှစ်ယောက်လုံးပင်၊ အဆုံးခက်လိမ့်မယ်။ ပူကွက်ရှိသမျှ၊ စိက်စက်ချလို့၊ ခူကလှိုက်ဆူ၊ တစ်ခါတည်းပူလိုက်စို့၊ မောင်လူကလေး၊ ဘုန်းဘုန်းသွေးကို၊ ကံပေးရာပ၊ ခုနေ့ညပင်၊ မြို့ပြင်က သုသာန်သို့၊ ဥာဏ်ဖန်လို့ သွားပြီးလျှင်၊ ပစ်ထားချေပေတော့ မင်းသူဇာငယ်။

[မိဖုရားနှင့်အပျိုတော် သင့်ရာစကား ပြောနေမှစ]

တစ်ခန်းရပ်

...........

[ယခင် ရုက္ခစိုးနတ် ထွက်လာစေ]

နတ်ပြော။ ။ဘဝ ရုံဖန်၊ နောက် သဏ္ဌာန်က၊ ဘုန်းကံဆိုကြ၊ နောက်နန်းဆက်မယ့်၊ သားသက်မျှကို၊ ခုညကြီဖန်၊ တောသုသာန်သို့၊ အမြန်ပို့မည်။ သန်းခေါင်အခါ၊ နန်းကခွာ၍၊ လာချေပြီ။ ပတ်လည်ဝန်းရံ၊ အိပ်ဖန်မပျက်၊ နန်းထက် နန်းအောက်၊ အနောက် တံခါး၊ ပြကြားလမ်းခွ၊ ကင်းဝတ်လှည့်ပတ်၊ စောင့်နေကြပ်တဲ့၊ ခေတ်ဥရုံများကို၊ ငါတန်းခိုးနှင့်၊ လင်းလင်းဖွင့်၍၊ မမြင့်မကြာ၊ မကာမဆီး၊ နေ့လယ်ကြီးကဲ့သို့၊ ခရီးသာ၊ လိုရာရောက်စေတော့မည်။ ရွှေရည် ရှိုင်းအောင်း၊ အရာတော်ယူ၊ တစ်နန်းထူမယ့်၊ လူကလေးကို၊ ဘေးမရှိအောင်၊ ကိုယ်စောင့်နတ်မြတ်၊ ငါကိုယ်ကြပ်၍၊ မပြတ်ဆောင်၊ နောင်အလား၊ ကြိုးစားလို့မ စောင့်တော့မည်ကများ။

တစ်ခန်းရပ်

...........

[ကံလေးကို မိဖုရားအမိန့်အရ အပျိုတော် သွား၍ ပစ်စေ]

အပျိုတော်ကြီးဆို။ ။ပြော် ဘုန်းကြွယ်‧ ထိပ်ထား၊ အရှင့်သား၊ ပတ္တမြားကသိုဏ်း၊ ၊မောင်ကံနည်းရယ်၊ သေပွဲဖြင့်ရှိုင်းလှတယ်၊ သချိုင်းချုံစ၊ သုသာန်ဝသို့၊ ခုညကိုယ်တော်ရောက်တော့မယ်။ ညှိုးငယ်နွမ်းပါး၊ ခုပုံများကို၊ ဖြစ်လားကုန်စင်၊ ခြောက်ဘုံပေါ်က၊ ခမည်းတော်မြင်ရလျှင်၊ ရွှေရင်ထဲမှာ၊ အခဲမကြေရှိလိမ့်မယ်။ ညနှယ်သန်းခေါင်၊ မိုးရိပ်မှောင်၊ ကျွေ့ချောင်ရစ်ပတ်၊ တော်လို့သာရမ်းရတယ်၊ မလွှမ်းတတ်ပြီဘု၊ နတ်ကလေး တစ်ကောင်၊ ကျုပ်တို့မောင်ရယ်၊ ရွှေ့ဆောင်၍လိုက်ခဲ့ပ၊ နတ်ကြိုက်တဲ့ဘောဇဉ်၊ ပေါက်စီမုန့်တစ်တွဲနှင့်၊ ပွဲတော်ကြီးတင်ပါ့မယ်၊ ရှင်ရှင် မတော်မူလိုက်ပါ။ ခြယ်မြှာနဝရတ်၊ မြေနန်းတော်ပြာသာဒ်က၊ ထီးကြာယပ်ရွှေဝိန်းကို၊ လေသိမ်းသံကြားမင့်၊ သွားခုလမှ တော်တော့မရှင်၊ ၊ပြော် သချိုင်းတော်ရပ်၊ သုသာန်သို့ ကပ်မိပြီ ညာနတ်ကဲ့သား၊ ရွှေဘုံဖွား၊ သနားစရာ၊ အသက်ဖို့၍၊ မကြည့်ဝံ့ပြီဘူး၊ ကျွန့်ထိပ်ချာ၊ ခုနရှာရစ်တော့ မယ့်သခင်ရယ်။ ကယ်ဆယ်ကံစ၊ ရှေးအကြောင်း၊ နတ်ကောင်းများမလျှင်လည်း၊ ဘုရားသားတော်၊ နောင်ဖို့လှမ်း၊ ချမ်းသာကွက်ပေါ်ရော့မယ်၊ လှော်ရွှေနှစ်ကဲ့၊ ကံပစ်ချရာ ဖြစ်တော့တယ်။ မယ်ဘုရားကျွန်ယုံ၊ သူဇာကိုလွှတ်လိုက်တယ်၊ မင့်ဝတ်လဲကုံမင့်ကို၊ မြရိပ်မှုန်မြိုင်တစ်ကြောမှာ၊ ရွှေဥဩ မောင်မယ်တို့၊ သိုက်နန်းလယ် ကွန်းထောက်က၊ တစ်ရေးလောက်နိုးချိန်တွင်၊ မြိုင်စည်းစိမ်ယစ်မူး၍၊ ကျူးရင့်တဲ့ တွန်သံကို၊ နားခံ၍ပြန်ပါတော့မယ် ကိုယ်တော်ကလေး ဘုရား။

[အပျိုတော်ပြန်ရောက်စေ]

တစ်ခန်းရပ်

............

[ရူဇွစိုးနတ် ထွက်လာစေ]

နတ်ဆို။ ။ပြေဉ် ဖြစ်ရပမလေ၊ ပြည်လုံးပတ္တမြား၊ ဘုန့်ပြည်တိုင်းမှာ၊ ကံရှိင်းလို့ဖွားရတယ်၊ သားသက် ဝေဝငယ်၊ ကျက်သရေရောင်ကွန့်၊ နေ့ခင်အခွန့်မှာ၊ နန်းညွန့်ငယ်ပျိုးထောင်၊ စိုးမယ့်မောင်ကို၊ ရှုစောင် မ မယ်၊ ဖခင်မျှော်တမ်း၊ သော်ကနန်းက၊ မြန်းခဲ့တယ်၊ အန္တရာယ်ဒုက္ခ၊ သားဘုန်းဟော့မှာ၊ မတွေ့မစဘူး၊ နုညလင်းလျှင်၊ မိရင်းဖနှယ်၊ ဆိတ်ထိန်းလင်မယား၊ သင်တို့အား၊ ငါကားပေး၍ မွေးစေ့မယ်၊ ရှစ်သွယ် လောကဓံ၊ လူ့နိုင်ငံမှာ၊ ဆက်ဆံစမြဲ၊ တရားမျှသိပ်၊ အစေ့စိတ်မှာ၊ ကြိတ်လို့သာခဲရတော့၊ ရင်ကွဲမတတ် ပူပွေတယ်။ မိုးနတ်တိမ်ရိပ်၊ အာကာထိပ်မှာ၊ ဖျောက် ဆိပ်မွန်းမတ်၊ ကုဏ္ဍိုကျွန်းက ဇန်ဝန်းလည်၊ ဒေါင်း ရောင်ခြည် ခတ်လုမင့်၊ သားတော်မြတ် ကိုယ်ထဲသို့၊ ကပ်စွဲပူးဝင်၊ လူမမြင်အောင်၊ နတ်သွင်ကို ကွယ်လိုက် ဦးမှကဗျား။

[ရူဇွစိုးနတ် ကွယ်စေနေ]

............

[ဆိတ်ထိန်းလင်မယား မောင်ဇော်လံနှင့် မစက်ကွင်းထွက်စေ]

ဆိတ်ထိန်းယောကျ်ားဆို။ ။ရွှေဖုံတလုပ်၊ ငွေကြီး ရုပ်သို့၊ ကုပ်ကုပ်ကလေး၊ ပေမွေးမွေး၊ ယဉ် ကျေး ဘိခြင်း၊ မဆန့်တင်းဘဲ၊ စောက်ကျိုးနည်း၊ ကွဲအောင် လှတဲ့၊ မစက်ကွင်းရယ်။ တို့လင်မယား၊ ခေါင်းပါး မွဲခြောက်၊ ဖွတ်နှစ်ယောက်မှာ၊ မလောက်မင၊ ဆိတ်နို့ ရောင်းလို့၊ ဝမ်းကျောင်းကြ၊ ကာလအတော်ကြာကြပြီ။ ကိုယ်မှာလက်ထောက်၊ သားတစ်ယောက်မျှ၊ မပေါက် မဖွား၊ ညည်း၍ဝမ်းပိုက်နှယ်၊ မိုက်လုံးထွား၊ အလကား ဝမ်းပိုက် ပါကလား စက်ကွင်းရယ်။ ပတ်လည်နံ့ရှံ၊ ရေတန်စကျင်း၊ အတွင်းအကောက်၊ အစောက်ဝန်း လျား၊ တစ်သားမကျ၊ စနစ်ကျန်၍၊ ဟန်မရလျှင်လည်း၊ လက်သမား တန်ဆာနှင့်၊ ညီညာအောင် ညှိဦးမှပဲ၊ ဝမ်းရှိကျိုး နပ်ချည်တော့မယ် စက်ကွင်းရယ်။

စက်ကွင်းဆို။ ။အို အကျွန်ုပ်သက်နှံ၊ ညဥ့် သုံး ချက်တီး၊ လင်းအားကြီးကို၊ ကြွက်မြီးထောင်တဲ့၊ ခမောင်

ဇော်လံရယ်။ သားစ မြေးစ၊ ချနုဒွင်မရမှသော်၊ ငါ့ဝမ်း ပိုက်ကို၊ ခိုက်တိုက်နှောင့်မှေ့၊ မကြားတွက်ခလေလို့၊ မင့်ဘိုး မအေများ၊ စာတမ်းနှင့် ထားသလား၊ သားနှင့်၊ မိဘ ကိစ္စသုံးရပ်၊ အကြောင်းစပ်မှ၊ သားကပ်သတဲ့၊ သန်း ခေါင်မွေးတဲ့၊ မိုက်ခွေးရှဲ၊ လင်နှင့်မိန်းမ၊ သည်နှစ်ဝ တွင်၊ လင်ကလည်းရော့ယောကျ်ား၊အိုဟဲ့ယောကျ်ား၊ လူမှုလူရာ၊ မမှတာမှာ၊ စာ က လေး က ဝန်ချရတဲ့၊ ဘကြီးသား၊ မယားဖြစ်သူ၊ ငါတစ်ယူလည်း၊မကူဆေး ဝါး ခြောက်စ ထောင်တဲ့ယန္တရား၊ နှစ်ပါးဇနီး၊ သမီး ခင်ပွန်း၊ ကဝေမြောက်အောင်၊ သည်ကလောက်စွမ်းနိုင် ရက်ကယ်နှင့်၊ ဝမ်းရဟန်းလောင်း သားမအောင်းလျှင်၊ အကြောင်းပေကွယ့်၊ မင်းညည်းညူလို့မပူနဲ့၊ အကျိုးမဲ့ တွေ၊ ဗရပွေကို၊ အလေနတော၊ တန် မပြောနှင့်၊ ခု စောစောထ၊ အရှေ့ ကုန်းစောင်း၊ သချိုင်းဟောင်း သို့၊ ဆိတ်ကျောင်းသာ ကြွရပတော့၊ မမသက်နှံ၊မောင် ဇော်လံ။

ဇော်လံဆို။ ။အဝေး ရှင်မ၊ ဟုတ်ပေစွ တကား၊ ငါပဲ မှားချေသည်၊ သွားပါတော့မယ် မမရယ်၊ ။အို ဆရာရှိ့၊ ရှေးသရောခါ၊ ဟေမဝါမှာ၊ သာယာစွာဘိ၊ ရွှေမှုန်ဝတ်ဆံ၊ကြာမျိုးရံ၊ ရေကန်ကြီးရှိသတဲ့ ဆရာရှိ့၊ ထိုရေကန်သို့၊ လူတန်ယောကျ်ား၊ တစ်ယောက် သား သည်၊ အမှားသင့်ရောက်လှာ၊ နေကပူပြင်း၊ ရေငတ် ခြင်းကြောင့်၊ ဆင်းလို့သောက်ရော့၊ ခေါင်းဖောက်ထိုး ထား၊ တင်ပါးမိုးမျှော်၊ သိကြားကို သရော်သလို၊ ဇာတ် လုံး ပေါ် ခင်းရာ တွင်၊ တောတွင်းက ယောင် တောင်တောင်၊ လူဝံကြီးတစ်ကောင်လည်း၊ များအောင် မကြာ၊ ရေကန်တွင်းသို့၊ ဖွတ်ဆင်း၍ လာပြီးလျှင်၊ မောင်ဘဇာကစ်ပဲ့အိတ်၊ နီချိပ်ချိပ် စုပ်ဖစ်ဖစ်၊ ပင့်ကူ မြွေးရပ်ကာနှင့်၊ ကျီးအာသီးမှတ်လေတော့၊ ဆတ်ကန် ဆုပ်၊ ဆွတ်တော့မည်လုပ်ရာတွင်၊ ရှုတ်တရက် မကြွေ တဲ့လို့၊ မမှည့်သေးပါတကား၊ နက်ဖြန်ခါမှ၊ ငါလာ၍ စားမည်ဟု၊ ငမိုက်သားလူဝံမွဲ၊ အကြံလွဲပေလို့၊ မဆွတ် ဘဲသွား၊ ထိုယောကျ်ားလည်း၊ က အားလျော့စွာ၊ တေးလွတ်ရှာရော့၊ နက်ဖြန်ခါ နောက်တစ်ရက်တွင်၊ ဟင်းရွက်ခူး ဆီးသီးကောက်၊ အပျိုကြီး တစ်ယောက် သည်၊ ရေသောက်မည် အကြံနှင့်၊ ရေကန်သို့ဆင်း၊ တစ်ကိုယ်ချင်း၊ လူရှင်းသည်အရပ်မို့၊ မကာပ်မလာ၊

ထဘီကိုခြူပြီးလျှင်၊ ငုံ့ကာကုန်း၍၊ အုန်းပင်စိုက် ကျွမ်းလှန်၊ ရေစည်းစိမ်ခံတုန်းကို၊ ယမန်က လူပွဲကြီးလည်း၊ ကျီးအာသီးစားမည်လို့၊ ဘွားကန်အဆင်း၊ရေကန်တွင်းက၊ သစ္စကာင့်သမီး၊ အပျိုကြီး၏၊ တင်ပသီးအောက်မြုမာင်လူဝံရောက်ချည်ရော့၊ တောင်မြောက် မလှည့်၊ ကုန်း၍ကြည့်ရာတွင်၊ ရှိုင်းဘိုစွတကား၊မနေ့က ကျီးအာသီးကို၊ကျီးဖောက်၍စားခဲ့ပြီ၊ အသားကလေး နည်းနည်း၊ နီမည်းမည်း၊ တစ်စေ့ထဲကျန်ခဲ့တော့တယ်လို့၊ တီရစ္ဆာန်လူဝံ၊ မြည်တွန်တောက်တီး၊မြိုင်ရပ်သို့ပြန်ခဲ့သော ကြောင့်၊ အပျိုကြီးမမ၊ချမ်းသာခွင့်ရပေတော့၊ သာစေကသည်ထုံးပုံကို၊ဥဒါပါဟုရက်မှိုးဖြမ်းနှင့်၊ကိုအော်လံမြိုင်စင်ခန်းမှာ၊နယားပွဲ ဥာဏ်ဆန်းက၊ ပတ်ကျီးကန်း ဖောက်ပေးစမ်း ဆရာရေ့။

ငှင်းဆိုလွှမ်းချင်း။ ။လွှာဖိနပ်ကယ်နှင့်၊ မီးခတ်ကယ်တံတို၊ လွယ်အိတ်ကယ်ရှိသည်၊ ခါးမတို ခါးမှာ ညှပ်ပါလို့၊ ဖူးလည်ပြတ် တစ်မြှုဝင်ကို၊ နကန်တွင် ဖလံလျှော်နှင့်၊သောက်တော်ရေ တွဲခဲ့ရတယ်လေး၊ ၊ ချောင်အရှိုငယ်၊ ကြောင်သိုလေတွေ့၊ တစ်ငွေ့ငွေ့နှင့်၊ မြိုင်လေ့ငယ်တစ်ခို၊ ခံပင်ပျိုလဲ၊ ဓေါ်အိုကြီးနှံ့၊ တစ်ပုံ့ပုံ့နှင့်၊ ထောက်ကြံ့ငယ်ဟိုချို၊ ကိုင်းခွဆုံ က၊ လင်းယုန်မောင်နှံ၊ ရောဂါကင်းမအောင်၊ အနင်းခံလို့၊ လူ့ဟန်ရှင်သွင် သည်ပုံကို မြင်သောခါ၊ မခင်ငဲ့ သက်ဝေမှာ၊ အကြောတွေ အကုန်ရှုန်းလို့ကုန်းခဲ့ပြီလေး။

[ပစ်ထား သူငယ်ကို ဆိတ်ထိန်းယောကျာ်းတွေ့၍ ကောက်ယူပြီးလျှင် အိမ်ကိုပြန်စေ]

တစ်ခန်းရပ်

..............

[ယခင် ရုက္ခစိုးနတ် ထွက်လာစေ]

ရုက္ခစိုးနတ် ထွက်၍ဆို။ ။ပြော် ဆိတ်ကျောင်းလင်မယား၊ငါ၏သားကို၊ ပိုက်ဖြားယူငယ်၊ မိခင်ပမာ၊ ဆိတ်နို့ရည်ကျွေး၊ ရင်၌ထွေး၍၊ မွေးကြရှာ၊ ချမ်းသာဘွက်သို့ ရောက်ချေပြီ၊ ရောက်ပင်ရောက်သော်လည်း၊ အထောက်အမ၊ လိုက်စွက်ို၊ တစ်စမကျန်၊ မျက်နှာလွှဲလော့က်၊ အရွယ်ရောက်၍၊ လက်ထောက်ခံရအောင်၊ ကြီးဆောင် မစ၊ ခုနစ်ခွဲဆိုင်၊ ဓနာတတ်အိုင်ကို၊ ရစ်မြိုင်ခသည်၊ ပဒုမကုဏ္ဍလာ၊ ရေမြတ်ကြာကို၊ မြန်စွာချ၍၊ လူစ မြောက်အောင်၊ ငါ့တန်းခိုးနှင့်၊ သည်ပိုး ဆောင်ရဦးတော့မည်။ ။ဇမ္ဗူမဏ္ဍိုင်၊ မြိုင်မယိမ်း၊ ရွှေမြင်းမိုရ်ခါ၊ ဝေဘူဖျားက၊ ပတ္တမြားရောင်လျှံ၊ ရွှေကုမ္ဘဏ်တို့၊ တောင်ယံသို့ ထိန်းသော်လည်း၊ အိုးထိန်းစက်မှု၊ ဝသာဘက်နတ်၊ တူတော်မြတ်က၊ ချဉ်းကပ်ကာယူသောခါ၊မြတ်တောင်ငှအဥ္ဇနာက၊ မယ်ဇာယာလွှမ်းသံကို နာခံ၍ လူ့ပြည်သို့ သက်ပါဦးဆရာရေ့။

[ဆိတ်ကျောင်းလင်မယားနှင့် တွေ့၍ ပြောဆိုပြီးလျှင်၊ ကလေးကို ယူသွား၍၊ နော်တတ်အိုင်မှာ ရေသုံးသပ်စေ]

..............

ကန်တွင်းက မင်းသားထခန်း

ရေကန်ကမင်းသားဆို။ ။ပြော် ရေကန်အနီး၊ တစ်ကိုယ်တည်း၊ ကြက်သီးတုန်လှိုက်၊ ဘဟာလိုလို၊ အသည်းဖို၊ ငိုချင်လိုက်ပါဘိ၊ စရိုက်ဘာသာ၊ သည်ကန္တာမှာ၊ စာစာသံလေး၊ ဟစ်အော်ကြေးကြတယ်၊ ထုံမွှေးသင်းပျံ့၊ ပန်းရနံ့ကို၊ သန့်လေပြေဆိုင်၊ ပိတုန်းမာန်ခု၊ ဝတ်မှုန်နဲ့ကြောင့်၊ အန်တုကာ ပြိုင်ခဲ့သောခါ၊ ကြာရွှေအိုင် ဘုံဗွေက၊ ဘ ဘုန်းစေကျေးဇူးရှင်နှင့် မိခင်ကို လွှမ်းလိုက်ပါဘိကရို့။

နတ်ဆို။ ။ပြော် ကြိုရလေခြင်း၊ ပထမပြန်၊ ဇာတ်ရင်းလှန်၍၊ ဖြစ်ဟန်ကိုလင်းရလျှင်၊အခင်းမဆိုက်၊ ရွှရင်တီး ရှိုက်ကြီးရှိုက်လို့ မသလိုက်လျှင်၊ ခက်ချေငဲ့ကရို့၊ သို့အရာတွင်၊ ဆင်းသဏ္ဍာန်ရုပ် မြန်စွာပြ၍၊ ငါကသာ ကြီးဖန်၍၊ ပြောစမ်းရဦးတော့မည်ဗျား။

[ရုက္ခစိုးနတ် ကိုယ်တိုင်ပြစေ]

မင်းသားဆို။ ။ကိုယ်ရောင်ထိန်လျှပ်၊ ရှေ့မှာရပ်သည်၊လျောက်ပတ်ရပ်ဝါ၊ ကုန်စင်မကြွင်း၊ ဘယ်အခင်းလို့၊ လင်းစမ်းပါဗျာ။

နတ်ဆို။ ။ဝတီစံတင့်၊ ခြောက်ဘုံမြင့်က၊ ဒေဝရင့်ကျွန်ယုံ၊ တန်းခိုးဂုဏ်နှင့်၊ ထက်ဘုံကျော်ဟိုး၊ရုက္ခစိုး။

နတ်မျိုးဝါပင် ဖြစ်ခဲ့လသည်။ဆိတ်ကျောင်းလင်မယား၊ ပျှုပိုက်ထားသည်၊ မင်းသားလူလင်၊ မောင့်ကိုခင်၍၊ နတ်ရေစင်ခံ၊ အရွယ်မြောက်အောင်၊ ကူထောက်ဖန်၊ သည်ရေကန်၌ သုံးသပ်သည်၊ ရေသုံးသပ်နောက်၊ အရွယ်ရောက်လျှင်၊ ကူထောက်မစ၊ မိနှင့်ဖကို၊ လို့လ မစဲ၊ ကျေးဇူးများဘိ၊ တောင်းတိုင်းမိသို့၊ သတိမြဲ၊ အားဆဲကျိုးနွံ ပြုရာသည်။ မကြာခဏ၊ သူတို့စံမြဲ၊ သာသည့်တဲကို၊ လမ်းမလွဲရအောင်၊ ငါနတ်မောင်က၊ ရှေ့ဆောင်လမ်းစ၊ စကြာညွှန် ကွန့်မည်ပ၊ မောင်လှ နဲ့ထွား၊နောက်တော်ပါးက၊ ကြိုးစား၍ လိုက်တော်မူခဲ့ တော့ မောင်မောင်ငယ်။

[ရုက္ခစိုးနှင့်မင်းသားဆိတ်ကျောင်းလင်မယားထံ ရောက်စေ]

ရုက္ခစိုးနတ်ဆို။ ။ဆိတ်ကျောင်းလင်မယား၊သတိ စွဲ၍ အမြဲထား၊ သည်သားမောင်ခံမောင်၊ ဆင်းရဲမွဲ ရောင်မှာ၊ ဘုန်းခေါင်နရိန်၊ သမ္ဘိန်နွယ်မျိုး မှန်ပေ သည်။ ဇာတာယွင်းလစ်၊ ရှေးတစ်ခေတ်က၊ကောသလ ဟု၊ နာမထင်ရှား၊ ဝါမင်းများ၏၊ ညာထားဒေဝီ၊ငွေ လွှာတော့သို့၊ကြော့သိင်္ဂီမှာ၊ စန္ဒီနှိုင်းဖွယ်၊ ယဉ်ဆုံးမယ် သည်၊လွယ်သန္ဓေမွေ့၊ သုံးလစေ့လျှင်၊ငါဘုရင်ကို၊ စစ် အင် ဗိုလ်ပါ၊ပြည်မာရာက၊ ရာဇာမင်းများ၊ငါနိုင်ငံကို၊ တစ်ရန်ထား၍၊ စကားမဟန်၊ရာဇသံနှင့်၊ ဆက်နွံပဏ္ဏာ၊ လိုသည်တာကို၊ ရှက်စရာမှု၊ နောင်ရာဇဝင်၊ ကမ္ဘည်း တင်၊အစဉ်ပြုမည်ကြောင့်၊ ဗိုလ်ထုသတ္တဝါ၊သင်တို့အား ကို၊ သနားစာ၍၊ငါရာဇာမြတ်၊ မနောစေတ်ကို၊ ဆုံး ဖြတ်ဖန်ဆင်း၊ ထီးနန်းအုပ်ချီ၊ လူတို့ဘုံကို၊အကုန်ခွင်း၍၊ နတ်မင်းဘဝ ရောက်လေသည်။ ဇမ္ဗူရတနာ၊ ငါ့ကြင်ရာ ကို၊ ဆက်ကာစံတင့်၊ ဗာရာဏသီမင်း၊လူ့လက်တွင်းမှာ၊ မငြင်းသင့်သော်လည်း၊ ယူချင့်သောက၊ ငါ့ရင်တော် သွေး၊သားမောင်လေးကို၊မွေးကာသည်၌၊ မင်းမျှားထုံးစံ၊ ကိုယ့်ရန်သူ သား၊ မာန်ပြိုးထား၊ အမှားကြီး၊ ကောင်း သတ်လေ့ရှိကြသည်၊ အထင်မလွဲ၊ စိတ်မာန်ရဲနှင့်၊ လည်ဆွဲသက်နံ၊ သန်းခေါင်းယံကို၊ သူသာန် စသို့၊ ပစ်လေသည်။ ပစ်ပြီး သည်နောက်၊ မိုး သောက် ယံမျှ၊ မောင် အော် လံ၊ ကံ ထောက်မ ၍၊ ပိုက် ရ ယူ မွေး၊ အကြောင်းသန်၊ နတ်ဖန်လို့ ပေးရသည်။ ရှေးဝဋ်က

မကောင်း၊ မူလရင်းကို၊ အခင်းကျန်အောင်၊ ငါ၏သား လှ၊ သက်တမျှကို၊ မစွဲဆောင်၍၊ လူ့ဘောင်ကြည့်ရှု၊ နရကုမာဟု၊ ဒီပါတစ်လျှောက်၊ မင်းဆုံးမြောက်အောင်၊ အထောက်အမ၊ ဝရမိန့်သွား၊ လေးနှင့်မြားကို၊ ငါ ကား သခဲ့ရတော့မည်။ ကီစွမ်နောင်ခါ၊ ဘေးဘယာ ကြောင့်၊ ချမ်းသာမရ၊ ငါ့ကို တလျှင်၊ ခဏမကြာ၊ ဝကိုထက်က၊ ငါ သက်လှာမည်၊ သချာစွာ နှလုံး ထားပေ တော့ သားတော်မောင်ငယ်။

မင်းသားဆို ။ ။ပီတာဘဖွား၊ ပြောစကားကို၊ ကြားရသည်ဖြစ်ပုံ၊ သားသည်းချာ၊ ဝမ်းတော်နည်း၊ ရင်ထဲမှာတုန်လှုပ်ချည့်၊ ရွှေဘုံသူမျက်ခြယ်၊ မွေးမယ် မယ်ကြောင့်၊ မဆည်မျက်ရည်၊ ရွှေရင်ကွဲ၊ ခုလဲလို့ သ လိုက်ချင်ပါပေါ့ မောင့်ကိုယ်ငယ်။

မကြိုတန်၊ ကြိုရပြန် သည်တစ်ခေတ်တွင်မှ လူဖြစ် ကံနည်း။ ။

မွေးမာတာ၊ သားမောင်ကို သူမစာလို့၊ ပစ် စွန့်ခွာ သည်လိုထားပါနှင့်၊ ဘေးနှင့် သတ်လို့။

နတ်ဆို။ ငိုကာ ယိုကာ၊ တစ်စာစာနှင့်၊ နေရှာ မထင့်၊ ဝတီစံနန်း၊ မြောက်ဘုံနန်းသို့၊ မြန်းချိန်ဖြင့် သင့်ပြီ၊ နေနှင့်တော့ သားတော်မောင်ငယ်။

မင်းသားဆို။ ။ရှိဦးမြောက်ကာ၊ လက်ဆယ်ဖြာ နှင့်၊ စကြာပဒုံ၊ ခြေတော်ဖျား၊ ဆံထားပုံ၍၊ အကုန် လျော့၊ ကန်တော့လိုက်ပါ၍၊ မွေးသခင်။

နတ်ဆို။ ။ဘေးရန်ဟူသမျှ၊ သားမောင်လှကို၊ ဝေးက ကင်းကွေ၊ လိုလေတိုင်းရ၊ မောင့်ကိစ္စ၊ တ တည်းပြည့်စုံစေဗျား။

နတ်စခန်းညွှန်။ ။သားမောင်နရ၊ ကုမာလှ ကြောင့်၊ ကိစ္စကုန်၍၊ အလုံးစုံပြည့်ခဲ့ပြီ။ ထိန်ညီးဝင်းဝါ၊ ကသင်နန်းသို့၊ မြန်းကြွပါတော့မည်။ ဇမ္ဗူတောင်ခန်း၊ ကုဋ္ဌိုနန်းက၊ မြန်းကာကြွသည့်၊ စန္ဒသူရိယာ၊ နေ စကြာသည်၊ ငွေလွှာရဟတ်၊ ရောင်ခြည် တစ်ခုထောင်၊ တန်းခိုး ဆောင်၊ မြင့်ခေါင် ရပ်က၊ ပြာသာဒ်ကျွန်စွဲ၊ ပတ္တမြားခရာသီ၊ စိန်လျှံညီးတဲ့၊ မြထီးထဲက၊ ရွှေဆွဲလည် လှုပ်သံကို နာခံ၍၊ မြန်းပါဦးမည်ဆရာရေ့။

[ရုက္ခစိုးနတ်ကွယ်စေ]

တစ်ခန်းရပ်

..................

## မင်းသားနှင့် ဆိတ်ကျောင်းလင်မယား ထ၍ တိုင်ပင်ပြောဆိုကြပြီးလျှင် ဆိတ်ကျောင်းထွက်ခန်း

မင်းသားဆို။ ။ခဲယမ်းမီးပါ၊ လုံခြုံစွာနှင့်၊ လိုရာသို့ပြီး၊ မိုးကြိုးသဏ္ဌာန်၊ စက်ကွင်းကိုမှန်တဲ့၊ အောင်လံကြီးငဲ့။ ။ဖန်ရပ်နှိစက်၊ အရှေ့ကျွန်းက နေဝန်းထွက်လေပြီ၊ ငါတို့တဲနား ဆိတ်ပေါင်းညံ့တဲ့၊ ခြံတံခါး၊ သွား၍ ယခုဖွင့်ပေတော့၊ အသင့်စုံစွာ၊ ရိက္ခာစေ့စပ်၊ ခမောက်တံတို၊ ဓားမတိုများကို၊ လိုရာသို့ ချပ်မိပြီ၊ တရစပ်ဆိတ်ထီးက၊ ဆိတ်မကြီးအပေါ်မှာ၊ ငွေသွားကို အကုန်ဖော်လို့၊ ဟစ်အော်သည့်အသံက၊ တစ်ရံ ကြားပလေစေ၊ မောင်အောင်လိုငယ်။

[ဆိတ်ကျောင်းထွက်လာရာ စားကျက်သို့ရောက်စေ၊ မင်းသား မောပန်း၍ စက်တော်ခေါ်စေ]

တစ်ခန်းရပ်

............

## နဖူးစာရေးသည့်နတ် ထွက်လာစေ

နဖူးစာရေးသည့်နတ်ဆို။ ။ပြေဉ် နရကုမာ၊ လောင်းရာဇာသည်၊ ကြမ္မာဒုက္ခ၊ ဝဋ်မကင်း၊ ဆင်းရဲရသော်လည်း၊ ရှေးကပါရမီ၊ ကုသိုလ်ထောက်မ၊ စန်းငွေလှာနှင့်၊ ဖူးစာ မျှလေသည်။ သို့ မျှသော် လည်း၊ ပေါင်းဖော်ရအောင်၊ ရွက်ဆောင်ဥဿုံ၊ ငါ့စွမ်းအင် တန်းခိုးဟုန်နှင့်၊ ကြံပုံခြားနား၊ ဆိတ်များစွာ၊ ငါ ကွယ်ကာ ထားခဲ့လျှင်၊ ယမ်းတွင်းမီးစက်၊ ဒေါသ ကျူး၊ ဟူးကာန် ထွက်ကရော့၊ ထွက်ရုံမနေ၊ သူ့ရှာဖွေသောခါ၊ ခြေရာဆိတ်များ၊ ပုံစံထားလျှင်၊ သွားပြေရော့ တစ်လျှောက်၊ ယက္ခပူရီ၊ ပြည်ဌာနီအနီး၊ ဥယျာဉ်ကြီးသို့ ရောက်ကရော့။ ရောက်လျှင်ပြီးပြီး၊ ရေးတကြီး၊ သည်နည်းနှင့်ကြံပုံထား၍၊ ဆိတ်များကို ကွယ်ပါတော့မည်၊ ဝန္နမာတောင်ခြေက၊ သုတ်ခြေလေပြေ ခသောခါ၊ ရွှေသော်က ကြွေသံကို၊ တစ်ရံ ကြားတော် မူစမ်းရှာစား။

[ဖူးစာရေးနတ်က ဆိတ်များကို ကွယ်ထားစေ]

တစ်ခန်းရပ်

.............

## မင်းသားထ၍ ဆိတ်များကိုရှာခန်း

မင်းသားထ၍ခေါ်။ ။ဗိုလ်ထုဝန်းရံ၊ ရှေ့ကခံသည်၊ အော်လံမည်သီး၊ ဇမ္ဗူနယ်ချက်၊ ပြိုင်သူရှက်တဲ့၊ လက်နက်ကြီးငယ်၊ ငါတို့ကျောင်းသည့်၊ ဆိတ်ပေါင်းများစွာ၊ အစမမြင်၊ ဘယ်ချုံသို့ဝင်သည်လို့၊ အလျင်ရှာ၊ မြန်စွာမနှေးစေနှင့် မောင်မင်း။

အော်လံဆို။ ။ခြေရာဖြစ်ထွေ၊ စခန်းဖြင့် ရှည်လိမ့်မယ်၊ မနေမနား၊ မတွေ့မချင်း၊ တလပြင်း၊ အတင်းသွားကာမှ၊ ကြောင်းအားသင့်မည် ထင်ပါသည် ဘုရား။

မင်းသားဆို။ ။ယော သည်တစ်ခါ၊ ဆိတ်များစွာ၊ ခြေရာ လမ်းစ၊ ထောက်ဆင်ခြင်၊ လျှင်မြန်စွာ ကြတော့မည်။ စခန်းစမသက်၊ တွေ့မှသာရပ်မယ်၊ တောင်ထပ်ထပ် တောကာကာ၊ သီတာပင် ဆီးဆီး၊ ငါ့ရှေ့ဘုန်းနှင့်၊ လက်ရုံးကိုချီးလိုက်လျှင်၊ ထီးညွန့်နန်းဖွား၊ လေးနှင့်မြားကို၊ သိကြားသ၊ နရကုမာမင်း ငါဖြစ်သည်။ ဝှက်ကာပုန်းလျှိုး၊ ငါ့ဆိတ်များကို၊ မှားလို့များ ခိုးမလား၊ မခကာင်းကျိုးလတ်လတ်၊ ဝရဇိန်မြား၊ တစ်ထောင်သွားနှင့်၊ သည်းဖျားကို ဖြတ်လိမ့်မည်၊ လောကဓာတ် မြေတုန်အောင်၊ ဆိတ်ရှာပုံ နိဒါန်းနှင့် ပတ်စခန်းပြီ။

[ယက္ခဒီပတိုင်းပြည်တွင် စန်းငွေလှာ မင်းသမီး ဥယျာဉ်တော်သို့ ရောက်လျှင်၊ ဆိတ်ခြေရာပျောက်စေ။ မင်းသားမောပန်း၍ တဲနန်းတော်တွင် စက်တော်ခေါ်စေ]

တစ်ခန်းရပ်

.............

## စန်းငွေလှသာမင်းသမီး ခုနစ်ရက်တစ်ကြိမ် ဥယျာဉ်တော်သို့ ထွက်စေ

**မင်းသမီးဆို။** ။ငွေဥတ် သင်းကြူ၊ ခိုင်မချူသို့၊ ဓုလယ္ဟတိုင်းကြိုင်၊ မူရာပျို့ဖြန်း၊ ယဉ်ဆိုလျှင်ဆန်းဖြပတဲ့၊ မပန်းလှိုင်ငယ်၊ ၊ခမည်းတော်မြတ်၊ သောင်းလုံးနတ်က၊ နှင်းအဝ်မကျန်၊ သူဇာနွဲ့နှောင်း၊ ရံရွှေပေါင်းနှင့်၊ ပျော်ကြောင်းဖန်၍၊ စံဓုတော်မူရာ၊ ဥယျာဉ်သာဝယ်၊ စကြာတော်မြန်း၊ ရက်တစ်ပတ်ကို၊ မပြတ်လှမ်းလို့၊ ဝတ်ပန်းမွှန်ခြွေကြတယ်။ ရက်ရေခါချင့်၊ လှမ်းချိန်ဖြင့် သင့်ပြီမဟုတ်လား၊ မကြီးလှိုင်မလေး။(သင့်ဇာ့ပါ ဘုရား) စိန်ရောင် ပြိုးပြက်၊ နယားဟန်ချီ၊ ကျောက်ပေါင်းစီ သည့်၊ နာရီစက်က၊ ရွှေငှက်မင်း ညည်းသံလို၊တစ်ယံ ဖြင့် ကြားခဲ့ပြီ၊ သွားကြဦးစို့ မကြီးလှိုင်မလေး။

### အပျိုတော်ကြီး ဆိုင်းဆင့်ဆို

သန်းရွှေဖော် ယဉ်ပျို ဖြန်းငယ်နှင့်၊မြန်းကြစို့ တူမကွာ၊

ပန်းမျိုးငယ်စုံလင်တဲ့၊ မြတ်ဥယျာဉ်ပျော်စံမြန်း တော့မယ်၊နန်းကြီးမျက်လွှာ။

ကျွန်းသူကို အကုန်လွှမ်းအောင်လို့၊ညွှန်းလိုက်ပ ဝိုင်းမဟာငယ်၊ သံသာသည့် လက်ဖျား။

ဇမ္ဗူဓုဋ္ဌ၊ကျွန်းဦးပင်သပြေက၊ ညှာညှောင်းကြွေ ရေမှာခဿောခါ၊ တူရိယာပုံစံမျှသည့်နှယ်၊ ညွှန်းပ နယား။

### တစ်ခန်းရပ်

.... ....

## ဥယျာဉ်တဲနန်းတော်တွင်မင်းသားစက်တော် ခေါ်နေသည်ကို မင်းသမီးနှင့်တွေ့ခန်း

**မင်းသမီးဆို။** ။ပြကာဓုတ သိန့်၊ တက်သူရိန်သို့၊ မှိန်မသန်းမှောင်၊ စံဆယ်လျှော်မျှ၊ ကိုယ်ရောင်တော် မစပတဲ့၊ လျှံထွန်းခေါင်၊ ဘုန်းမှောင် သဏ္ဍာန်ရှင်ဘုရား။

**မင်းသားဆို။** ။တဆိတ်စာကလေး၊စက်တစ်မွေး ရေးရေးမပျော်၊ အသံရှန့်ကြမ်း၊ ခေါ်ချက်ကယ်ဆန်းပါ ဘိ၊ ဘယ်သူမှန်း သိပဲကမျှား။

**မင်းသမီးဆို။** ။အလို ဝံ့ဝံ့စားစား၊ ရဲမာန်မျှား နှင့်၊ မထားစံရာ၊ ဥယျာဉ်သာကို၊ ဝင်လာလေချက်၊ မမေး မမြန်း၊ တဲတော်နန်းသို့ မြန်းဇာစက်၊ ပြုချက် မလျော်၊ ကြောင်းအင် ကိစ္စ၊သိချင်လှသည် မိန့်လှတော် မူစမ်းပ ငါ့မောင် ချေသည်ငယ်။

**မင်းသားဆို။** ။စံပမာရွှေ၊ယဉ်ကုဋေ၊ သပြေညွှန့် ဝါ၊သိဂီတနှုန်း၊နှုဆိုလျှင်ရှုံးရတဲ့၊တစ်ဖုန်းညှာငယ်၊ ၊ မောင်ကြီးဖြစ်ပုံ၊ အလုံးစုံကို၊အကုန်မနှော၊မခြွင်းမချန်၊ စာရင်းလှန်၍၊ ဖြစ်ဟန်ကို ပြောလိုက်မည်၊ သဘော တော်ယူစမ်းပါ မိမိငယ်၊ ၊တိုင်းကောသလ၊ ရာဇ သနင်း၊ မင်းမြတ်ဘုရင်၊ ညာနန်းတင်၊မိခင်ဒေဝီ၊ ရွှေရင် ဝိုက်ဖြား၊ နန်းထက်ဖွားသည့် သားဖြစ်သည်။ကြမ္မာယို ယွင်း၊ ဗာရာဏတွင်၊မာန်ပြိုးဝင်သည့်၊ ပြည်ရှင်မင်းက၊ လုံးရင်းမိုလ်ပါ၊ ပြည်ကိုရံဆီး၊ အောင်စည်တီးလို့ဖျက် ဆီးလှာသည်။ အခါကြုံမျှ၊ ဇမ္ဗူမျက်မှန်၊ ဘဘုန်း လျှံ၊ နတ်ထံသို့ ကြွလျှင်၊ ညာနန်းမပျော်၊ မြတ် မယ်တော်ကို၊ မလျော် အခင်း၊ ပြည် ဗာ ရာ ဏ၊ အစိုးရသည့်၊ရာဇမင်းက၊ အတင်းဆောင်၊ညာတောင် နန်းမှာ ထားလေသည်။ မကွေ့ဒုက္ခ၊ ပန်းကြာတိုက် ဝယ်၊သန္ဓေတွယ်၊ လွယ်သုံးလနှင့်၊မြန်းရမသွေ၊သူ့တိုင်း ပြည်မှာ၊ ရွှေညီလာခြီ၊ ပျော်ကြောင်းဖန်၍၊ ဝန်းရံကာ သော်လည်း၊ မသာနှလုံး ရှိချေသည်။ အခါ ချိန် ညာ၊ ငါမင်းသားကို၊ ဖွားကာ လည်း၊ မင်း များ ထုံးစံ၊ ကိုယ့်ရန်သူသား၊ မာန်ပြိုးထား၊ စိမ်းကားကြီ၊ မချန် သတ်လေ့ရှိကြသည်။ မလျော်အရေး၊မွေးမိခင် ဆင်ခြင် တွေး၍၊ မနှေးမောင်အား၊သူသာန်စတွင်၊ပစ်ချထား၊ သိကြားနတ်ကောင်း မ လေသည်။ မ သည်အတွင်း၊ အရုဏ်လင်းသော်၊ ကြောင်းရင်း အလျောက်၊ ဆိတ် ဓုကျောင်း လင်မယား၊ မောင့်အပါးကို၊ ဘွားကနဲ ရောက်ကရော့၊ ရောက်လျှင်ပိုက်ထွေး၊ သူကောက်လို့ မွေးရာတွင်၊ရွှေးကာဖခင်၊ နတ်ထံဝင်သည်၊ အလျှင်မနေ၊ ယူဆောင်ဧလ၍၊ အိုင်ဓုဗ္ဗနောတတ်၊ဥရသုံးသပ်သော်၊ အရွယ်လျော်လျှင်၊ တူဖွားမကွာ၊ အိတ်ဓုကျောင်း လင်

မယား၊ သွတ်သွင်းအားကို၊ ထောက်ထားစာ၍၊ မာတာမိခင်၊ ကဲ့အသွင်သို့၊ တိုးဝင်ခစ္ဆည္ဘာင်း၊ ဆိတ်များစွာကို မကျွာကျောင်း၍နေရသည်။ ဆိတ်ကျောင်းနေစဉ်ကျက်၊ တစ်မွေးစက်လျှင်၊ ဖြစ် ချက် ကံမှောက်၊ ပူဖိုကြုံ၍ဆိတ်အ ကုန် ပျောက်ကခဲ့ရ၊ ပျောက်လျှင်မနေ၊ လိုက်ရှာဖွေသော်၊ ခြေရာသည်တွင် ဆုံးလေသည်။ ဆုံးရခလချက်၊ မတွေ့လို့ခက်၊ အပူကြီးမီးလာ၍ ယှက်ခသာကြောင့်၊ သာတက်ကာသည်တဲတွင်၊ စက်လှဲလို့ ပျော်ခိုက်ကို၊ တိုက်ရိုက်ကြီးကြုံလာမင့်၊ ပူမျှာကိုငြိမ်း တည်အောင်၊ သိမ်းဆောင်တော်မူလိုက်ပ မိမိငယ်။

**မင်းသမီးဆို၊** ။ဖေ ဗွအဇဋ္ဌာ၊ ငွေမိလ္လာတွင်၊ သော်တာလပုံ၊ ထာရာကြယ်ဝန်း၊ ရုံခလို့ထွန်းလသို့၊ ကျွန်းများဘုံကို၊ အုပ်ချုပ်စိုးမယ့်သူ ဘုရား၊ ။ယက္ခဒီပ၊ ရေလျှံဝန်းသည့်၊ ကျွန်းညီမြတွင်၊ ရာဇ မာန် ကင်း၊ ဘ ရင်းအသွင်၊ ချစ်မြတ်နိုး၊ တန်းခိုးရှင်က၊ မိန့်တင်ရွှေမျာ၊ ထားသည့်တာမှာ၊ သေချာမြဲမှတ်၊ အထီးဆိုယင်ဖို မကပ်စေနှင့်၊ ဘ မြတ်စကား၊ ရှိလျက်သားကို၊ မှားမိလျှင်ခက်၊ အစွယ်ဥရဇိန်၊ ရန်ညွှန့်ချိန်၊ ဇီဝိန်ကိုဖျက်မသာခါ၊ ဖနာင်ခက်မည် စိုးလှပါသည် ဘုရား။

**မင်းသားဆို။** ။မာလာရုဇ္ဇ၊ ဘုံရွှေမြေတွင်၊ သခွန့်ကြော့မယ်၊မြတ်အာသာနှုန်း၊မူရာရှုံးတဲ့၊ ယဉ်ဆိုးမယ်ငယ်၊ ။မောင်ကြီးစကား၊ လှည့်ဖျားထွားငဲ့၊ရွှေနားဆင်၊ နတ်သွင်မူရာ၊မဖြာကြာက်ပါနှင့်၊ လာသမျှရန်၊ လေးစိန်သွားနှင့်၊တား၍ခံရလျှင်၊ ဝတီ့စံမိုးသိကြားမှ၊ ပြားပြားကြီး ဝပ်ရပါမည် မိမိငယ်။

**မင်းသမီးဆို။** ။ဘုံတစ်သီးစံ၊ နေမီးလျှံ၊ ကံကမ္ဘာ့ရှင်၊ ထိန်တန် ခိုးပျံ့၊ထက်မိုးနှံ့တဲ့၊ ဝေယံ့ရှင်၊ နတ်သွင်မယ့်ဆံခကာ ဘုရား၊ ။တကယ် ဧကန်၊ ဖခင်ရန်ကို၊ ကြံနိုင်ပါလျှင်၊ဘုန်းနှစ်ခိုင်မြတ်၊ သွေမလွှဲ၊ အမြဲသာ မှတ်ပါရော့၊လောင်းမြတ်ကာယ် ပွင့်ဝုံ၊ မောင့်ကြံပုံကို၊ ကုန်စင်အောင် လင်းတော်မူပါ ဘုရား။

**မင်းသားဆို။** ။မြတ်နန္ဒမူ၊ လိုက်ရွှေဂူဝယ်၊ မဥ္ဇူ ပန်းနှယ်၊ ရွှေခံတွင်းနှီး၊ ချိုသင်းပျံ့တဲ့၊ ကြာနှီမယ်၊ ။နတ်နွယ်သူဇာ၊ စန်းငွေလွှာကို၊ မာယာမပို၊ မောင်ကြီးစကား၊ ပမာများသို့၊ ရွှေနားချီ၊ မြင်ညိုသို့ လွှမ်းကြစို့၊ မယ်စံရာ ဥယျာဉ်နန်းက၊ ခါးပန်း၍ လိုက်တော်မူပါ မိမိငယ်။

**မင်းသား က အောင်လံ ကို တိုင်ပင်။** ။ဇမ္ဗူနယ်ချက်၊ မြတ်ကျွန်းထက်တွင်၊ ရွှေလက်ရုံးလျှံ၊ ဥာဏ်အခေါင်ဟိတ်၊ ဘွဲ့ပုံနှိပ်၍၊ တံဆိပ်ခံ၊ အောင်လံမည်ချွန်၊ လူတံခွန်ငဲ့၊ ။မင်းမိသော်တာ၊ စန်းငွေလွှာနှင့်၊ မေတ္တာကူး၊ ဖူးစာတော် မျှလေပြီ၊ ငါတို့စံမြန်း၊ သာတဲ့နန်းသို့၊ မြန်းတော်မူကြစို့၊ စခန်းစ ညွှန်းပေတော့ မောင်မင်း။

**အောင်လံ ဆိုင်းဆင့်**

အလို စံဥယျာဉ်၊ သည်ဒေသတွင်မှ၊ မြတ်
ကိုယ်တော်ဖူးစာ မျှပြီမို့၊ လွှမ်းကြစို့ တူမကွာ။

ကြိုသည့်ရေး၊ နောင် ခရီး ကို မြင်လှာလို့၊
သော့မကြာမနေနားပြီဘု၊ သွားရမည်တာ။ ။

ရွှေသစ္စာ တည်အမြဲကိုလ၊ နောင်မလွဲ
သက်ပမာကို၊ ဇန်ပါတော့ နယား။

ငြိမ်းချိုသာ၊ တူရိယာ သံစုံ မွှေးငယ် ကူ
ကြားရသူ ဘဝင် နူးခအောင်၊ ကျူးလိုက်ပါလား။

**မင်းသားမင်းသမီးတို့ မာရာကာသီပြည်အနီး**
**တောကန္တာရသို့ ရောက်ဇစ**

**မင်းသားဆို။** ။ပတ္တမြားမျက်ရှိန်၊ ဝင်းလို့ထိန်သည်၊ ဇာနိုနှီမယ်၊ ဒွါဒရာကုံး၊ မလ္လိကာရုံးရသည့်၊ ရွှေသုံးလယ်ငယ်၊ ။မြတ်ဥယျာဉ်က၊ လွှမ်းခဲ့ကြသည်၊ ကန္တာရမြေ၊ ထုံသင်းပျံ့လှိုင်း၊ ပန်းစုံကြိုင်တဲ့၊ ဂနိုင်မြေမှာ၊ ကြော့မေ ညာထား၊ ခမောင်ပွေ့ယူ သွားပါ့မယ်၊ ကြိုးစား၍ လိုက်တော်မူခဲ့ပါ သက်လှယ်ငယ်။

**မင်းသမီးဆို၊** ။သေလျှင် ခုမြတ်၊ လွှမ်းလို့ဖြင့် တတ်နိုင်ဘူး၊ ညာနတ်ကို သည်တွင်၊ ရှုမောသာ တင်ပါတော့၊ ထိပ်တင်မယ်မျက်မှန်ဘုရား။

**မင်းသားဆို၊** ။မောင်ခအောင်လံလေး၊ ခရီးလမ်းချုပ်၊ လှိုရွှေရုပ်က၊ လှုပ်လဲ့လှုပ်လီ၊ လွှမ်းမမီ၊ နွယ်သိဂီနွဲ့ ကသီကရိ၊ ခြေဖျားဆီမှာ၊ ခသွားခြည်ဖြင့် ဥခဲ့ပြီ၊

ခမောင် မျက်ရှ ပန်းလှ၍၊ စခန်းစ သတ်ကြဦးစို့ ခမောင်မင်း။

တစ်ခန်းရပ်

............

[အပျိုတော်များ ဥယျာဉ်ကပြန်၍ ဘီလူး အမတ်များကိုလျှောက်၊ ဘီလူးအမတ်တို့က ဘီလူးမင်းကြီးကိုတင်စေ]

ဘီလူးအမတ်တင်။ ။အစွယ်ဝရဇိန်၊ လက်ရုံးရှိန်နှင့်၊ ဘူမိန္ဒရာ၊ တန်းခိုးတော်လွှတ်၊ ရာထီးဝတ်၍၊ ဦးညွတ်လာရသည်၊ ဒီပါ မလေးကျွန်းရှင်ဘုရား။

ဘီလူးမင်းဆို။ ။ပြည်ကြီးကျက်သရေ၊ မတ်ခြေခါင်ဖွေတွင်၊ ဥဒါန်ကခေဝရ၊ နတ်ဒေဝတို့၊ တစ်စမကျန်၊ တင်ရန်ဥဿုံ၊ အရေးပုံများကို၊ ကုန်စင်ခွအောင်ခေဝဇန်၍၊ မှန်ကန်ရာ သံတော်ဦးတင်စမ်းပါ့ အမတ်ကြီး။

ဘီလူးအမတ်ကြီးတင်၊ ။တင်ပါသည်ဘုရား၊သမီးတော်မြတ်၊ နန်းကြီးနတ်သည်၊ မအစ်မရာ၊ ဥယျာဉ်သာတွင်၊ ဝင်လာခုခရောက်၊ တစ်ပြည်ရပ်ခြား၊ တိုင်းတစ်ပါးက၊ မင်းသားခွနောက်သို့၊ မခွာထာက်မထား၊ မိတ်ဝင်စား၍၊ လိုက်သွားပါကြောင်းကို၊ ရှိခိုးသံခွတော်ဦးတင်ပါသည်ဘုရား။

ဘီလူးမင်းကြီးဆို။ ။ပြည်သူ့သီမီး၊ အမတ်ကြီးတို့။ တကယ်ကောန်၊ သည့်တိုင်းမှန်လျှင်၊ ငါ့ရန်သူစစ်၊ သင်းတို့ကားဖြစ်လေသည်။ သို့ရာတွင်၊ သင်တို့အသက်၊ ခမြမှာလျှိုးလို့၊ မိုးမှာပင်ဝှက်စေတော့၊ ခု ချက်ချင်း လိုက်ခွတော်မူမည်။ ယက္ခအမတ်၊ ဒြဗ်ထင်ခပေါ်၊ ငါ့ရဲဘော်၊ ခနောက်ခွတော်က ပါခွစရမည်ဟဲ့။

ငါဟဲ့ယောက်ျား၊ သွားလေရော့ စိုက်စိုက်။ စန်းငွေလွှာ မိန်းမဆိုးကို၊ အငြိုးနှင့်ငါလိုက်၍၊ မြိုင်တိုက်မှာ ရှာတော့မည်၊ စည်ခရာညံ၊ မိုးကြိုးသံသို့၊ မြိုင်ယံက ချုန်းတဲ့ခွအောင် ပတ်ခလားလုံးနှက်။

[ဘီလူးမင်းကြီး လိုက်လာရာ မြိုင်ထဲတွင် မင်းသား၊မင်းသမီးနှင့်တွေ့၍ စစ်ပြိုင်ကြစေ]

မင်းသားဆို၊ ။စကြာမန္တာတ်၊ အလောင်းမြတ်တို့၊ နံ့စပ်ခကြည့်ာ၊ လှံစက် ဓားစက်၊ လေးမြားစက်နှင့်၊ ရန်မက်ကွာ၊ ရှေ့စာအတွေ့ ညွှန်းခလေသည်။ ခြောက်ဘုံစိုးရ၊ မိုးမာဃက၊ နှင်းသငါ့အား၊ ဝရဇိန်ပွဲ၊ ဝင်းလို့လျှံတဲ့၊ စိန်မှန်သွားနှင့်၊ လေးအားကို စမ်းတော့မည်။ ရှုမကန်းကွက်၊ လျှပ်ရောင်ယှက်၍၊ ဖိုလ်တက်ဗိုလ်ဆင်း၊ သေနင်္ဂါစုံ၊ သိပ္ပဂုဏ်ကို၊ အကုန်လင်းသောအခါ၊ မာရ်နတ်မင်း စစ်ရှုံး၍၊မြေမိုးလုံး ညံ့တဲ့အောင်၊ စီမံတော်မူလိုက်ပ၊ ဗိုင်းများခနောင်ခွရ။

ဝေလးစင်း ကျင်းပပြီးနောက် မြားလွှတ်မည် ကြံသည့်အခါတွင်....

မင်းသားဆို။ ။လာခွလရဲ့ နင့်ခွဘေး၊ ပြေးလို့ မလွတ်၊ တောင်ထွတ်မဟာ၊ သေလာမြင်းမိုရ်၊ ကွဲဖြိုအက်စောင်း၊ပျောင်ဖြညာင်းလို့ သောင်းဇမ္ဗူ တုန်ရော့လဟယ်။

မင်းသမီးဆို။ ။မြတ်ကျေးဇူးရှင်၊ မွေးဖခင်ကို၊ ခူပင် သတ်ချေတော့မလား၊ ဆတ်ဆတ်တုန်လှုပ်ချည့်၊ ရှေ့ဘုံဖွားငယ်၊ သနားခွတော် ခံပါသည် ချမ်းသာပေးတော်မူပါ ဘုရား။

[မင်းသမီးတောင်းပန်၍ ဘီလူးသည်အသက်ဘေးမှ ချမ်းသာလျှင် တစ်ဖန်ကြံစည်၍ အကြည်တော် မာရုဏာသီမင်းကြီးထံ အလျှင်အမြန် သွားစေ]

ရောက်လျှင် ဘီလူးမင်းဆို။ ။မာရုဏာသီတိုင်း ပြည်ကို၊ ထီးစည်နှင့်တကွ၊ အစိုးရ၊ ရာဇမဟာ၊ မိတ် သေချာ၊ ဒီပါနံ့ကျော်၊ အကြည်ခွတော်ငဲ့၊ ရှိင်းပြစော်ကား၊ ပြည်တစ်ပါးက၊ မင်းသားလုလင်၊ မဆင်ခြင်၊ ပြုအင်မတော်၊ သမီးသူဇာ၊ စန်းခငွေလွှာကို၊ အပါခေါ်၊ သူ့ပြည်ခွတော်သို့၊ ဆောင်လေသည်။ရှိင်းပြ စလိုက်၊ အမျိုးမိုက်မို့၊ ကြိုက်လျှင် ကြိုက်ခကြောင်း။ သင်း မခတောင်း၍၊ခထောင်းထောင်းမျက်မာန်၊ လိုက်ရှာ ပြန်သော်၊ မတော်လေခြင်း၊ သင့်လေးမြားနှင့်၊

ငါ့အားကို ခွင်းမည်တွင်၊ သေပြေး ရှင်ပြေး၊ အသက်ဘေးကြောင့်၊ ဝေးရာနှင်၊သည်တွင်သို့ ရောက်ရလေသည်။ ရောက်သည်အကြောင်း၊ သင်းရန်မူ၍၊ စစ်ကူတောင်းပါသည်။ လူမိုက်ကိုမြှောက်စား၊ ဇမ္ဗူမြေမှာ၊ တာရှည်ထားလျှင်၊ ရမ်းကားစက်မီး၊ ပြာသာဒ်ကြီးကို၊ ထိန်ညီးပြောင်၊ လောင်လေသည့်ထုံး၊ သင်းတို့သေမှ၊ ကိစ္စတုံးမည်ကြောင့်၊နှလုံးလှ ကြံဆောင်၍၊ သေအောင်ကြိုးစားစေချင်ပါသည်။ မြို့အရှေ့တောင်၊ ပြည်ညောင်စခန်း၊စက်ပန်းမြေ၍၊ ခုနေလျက် ရှိပါသည်။ အလျင်အမြန်၊ အကြံတော် ယူပါမှပဲ၊ အကြည်တော် ဗာရာဏသီမင်း။

မင်းကြီးဆို။ ။မတ်ကြီးအင်္ဂါ၊ စုံလင်စွာနှင့်၊ ပညာကဝိန်၊ပြည်သူမျက်ရှု၊ လေးမြတ်ပြုသည့်၊ သုခမိန်တို့၊ ကြားကြပါလား၊ ရိုင်းပြစော်ကား၊ ပြည်မှူးမြည်လှေး၊ နှိပ်ဝှပ်မကျိုး၊ မာန်ဂုဏ်ဆိုးတဲ့၊ မျိုးညစ်ကြေးကို၊ အရေးမလျော့၊ အဆွေတော် မျက်မှောက်တွင်၊ စက်တိုင်မှာတင်၊ လင်ကိုကားကျက်၊ နောက်ပါမယား၊ မိန်းမသားကို၊ ကားတိုင်လွတ်စေ၊ သာလာယံခေါ်၊ ဇရပ်ပေါ်တွင်၊ လျော်ကန်ရာ ကြိုးယှက်၍၊ ခြေလက်ကို တုပ်နှောင် ထားကြရမည်။ အခါသင့်မြတ်၊ ရက်တစ်ပတ်တွင်၊ လှံယာဉ်နှင့် ကစားတော် မူမည် မှူးမတ်များ။

[မင်းသား မင်းသမီးတို့ စက်ပျော်ခိုက်ကို ထောင်မှူး အာဏာသားများနှင့် ဝန်းဝိုင်း၍ ဖမ်းစေ၊ မင်းသားကို ကားတိုင်မှာတင်၊ မင်းသမီးကို သာလာယံ ဇရပ်ပေါ်တွင် တုပ်နှောင်၍ထား]

တစ်ခန်းရပ်

............

[ရုက္ခစိုးနတ် ထွက်လာစေ]

ရုက္ခစိုးနတ်ဆို။ ။တောင်များမဟာ၊ ခြသလာ ဂီရိန်၊ ဒေဝိန်သဏ္ဍာ၊ ဝါသဝဟု၊ နတ်များထိပ်ထား၊ သိကြားကျွန်ယုံ၊ ဘုန်းတော်လှုံ၍၊ ထက်ဘုံလူ့ရပ်၊ မြို့စောင့်ကြပ်၊ မြင့်မြတ်တန် ခိုး၊ လွန်ကျော်ဟိုး၊ ရုက္ခစိုးနတ် ငါဖြစ်သည်၊ ပြေဘ် ကြုံပြန်လေရ၊ ဝဋ်ဒုက္ခကြောင့်၊ သားလှမျက်ပြေ၊ ဖေဖေသက်မျှ၊ ရှုမဝတဲ့၊ မြပန်းခွေကို၊ သေအောင် နှိပ်စက်ကြသကို။ သော့လျင်မကြာ၊ ပြည်ဗာရာသို့၊ မြန်စွာသွား၍၊ကြောင်းအားကို၊ လင်းရဦးတော့မည်။ နန္ဒမူလိုဏ်သာက၊ ပန်းဝတ်လွှာ ကြွေသံကို၊ နာခံ၍ လှမ်းတော်မူပါဦးမယ် ဝိုင်းဆရာ ရေ့။

[ရုက္ခစိုးနတ်က ဗာရာဏသီမင်းနှင့် မိဖုရားကို အကြောင်းရှိသမျှ ပြန်၍ပြော။ မင်းကြီး၊ မိဖုရား၊ မှူးမတ်များနှင့်တကွ ကားတိုင်သို့ အလျင်အမြန် လာရောက်စေ]

မင်းသားက အကြောင်းကြောင်း မျိုးကို ငို၍ တင်။ ။အကြောင်းငယ်မှ သေချာ၊ ကုန်စင်မကြွင်း နားတော်သွင်းလို့၊ လင်းမည့်တာ၊ အောင်ချာန ဂရုကောသလတွင်၊ ရာဇထွတ်တင်၊ ဘုရင်မျက်မှန်၊ ညာစံသူဇာ၊ ရွှေရင်ဖွားသည့်၊ သားနန်းလျာ၊ ဇာတာယွင်းရွှေ့၊ ကြမ္မာတွေ့သော်၊ ဘုန်းဟော့သနင်း၊ မင်းမင်းထွတ်တင်၊ ဘုရင် ရာဇာ၊ ပြည်ဗာရာက၊ မိုလ်ပါသောင်းသောင်း၊ ရာဇသံစာ၊ ထောက်လှမ်းကာနှင့် ပဏ္ဏာငယ်တောင်းသော်၊ အကြောင်းသင့်ဆုံ၊ မွေးဖမျက်မှန်၊ ရွှေပြည်စံ၊ ဝေယံနန်းသို့ လှုံတော့တယ်။ ပြည်အစိုးမဲ့၊ ရှိပြန်ခဲ့သော်၊ မလျော်လေချက်၊ မတ်များစွာ၊ကြံရာခက်လို့၊အသက်ချမ်းသာ၊ရှိစိမ့်ငှာလျှင်၊မာတာမိခင်၊ ရွှေမြင်းမိုရ်ဦး၊ မကကျူးတဲ့၊ ကျေးဇူးရှင်ကို၊ စီရင်ပဏ္ဏာ၊ ဗာရာမင်းသို့၊ ဆက်သွင်းရာတွင်၊ ဗိုလ်ပါရန်မက် ငြိမ်းတော့တယ်။ ကြမ္မာက ံဘယ်၊ အတို့ အကြွေးဖျေးဝဋ်လှူယ်၍၊ မဖွယ်လေစွ၊ ပန်းကြာတိုက်ငွေ ခိုလှုံနေသည့်၊ သနွေငယ်မျှ၊ နုသုံးလနှင့်၊ ပါရှာ၊ ဗာရာနန်းသို့ဆောင်တော့တယ်။ အလို မြတ်မွေးမယ် အား၊ လွန်စိမ်းကား၍၊ ဖွားသည့်ကာလ၊ သားကို မခင်၊ သုသာန်ပြင်မှာ၊ အရှင်ငယ်ချ၍၊ ညမိုးငယ် မှောင်၊ သန်းခေါင်ချိန်သို့၊ ပစ်တော့တယ်။ ပစ်၍ တစ်ဖန်၊ မိုးသောက်ပြန်သော်၊ နောက်တော် မြိမှန်၊ ခုမာင်အော်လံ၊ တစ်ရံထိုခါ၊ ဆိတ်များစွာ နှင့်၊ ကျောင်းလာခိုက်တွင်၊ တွေ့ကြုံမြင်လျှင်၊ ချစ်ခင်လေးမြတ်၊ ဆိတ်နို့ရည်ကျွေး၊ သုတ်သင်မွေး၊ ရင်သွေး

နတ်သို့၊ မလပ်ရအောင်၊ ယူဆောင်ပိုက်ကာ ထွေးကြတယ်။ မကြာခဏ၊ တစ်ဘဝက၊ ကျေးဇူးများရှင်၊ မွေးဖခင်သည်၊ ထက်ခွင်စံရာ၊ နတ်နန်းသာက၊ ကူလာမှိုင်းမ၊ နတ်ရေကန်တွင်၊ သက်နှံကို ချ၍၊ လူစမြောက်အောင်၊ မ ခဲ့တယ်၊ မ မလသည်နောက်၊ အရွယ်ရောက်လျှင်၊ အစဉ်မကွာ၊ စကြာလေးမြား၊ ရန်တစ်ပါး၊ ပယ်ရှားနိုင်အောင်၊သူ့တန် ခိုးနှင့်၊ သယ်ပိုးဆောင်၊ ကောင်းအောင် မျှော်ရှုနှင်း ခဲ့တယ်။ ကြမ္မာကံဆောင်း၊ ရှေးဝဠ်ဟောင်းကြောင့်၊ ဆိတ်ကျောင်း၍သာ၊ နေသည့်ခါတွင်၊ ပူဖို့ဆင်၊ သည်တွင်ဆိတ်များ ပျောက်တော့တယ်။ ပျောက်ဆုံးလေချက်၊ ကြံရခက်သော်၊ ထောက်မြော်စရာ၊ မတွေ့မပြန်၊ ခြေရာခံ၍၊ လိုက်လံရှာ၊ ဥယျာဉ်သာသို့ ရောက်တော့တယ်။ ဥယျာဉ်သို့ကျ၊ ခြေရာစ၊ ဘယ်မျှမမြင်၊ ထောက်ဆင်ခြင်၍၊ သည်တွင်စက်ပန်း ဖြေခဲ့တယ်။ စက်ပန်းသာဖြေ၊ နား၍ နေသော်၊ ကြမ္မာဆော်၍၊ သော်တာမြတ်ညွှာ၊ စန်းငွေလွှာနှင့်၊ မေတ္တာတူကွ၊ ဖူးစာမျှ၍၊ မြန်းကြ စကြာ။ လှမ်း၍လာသော်၊ ငွေလွှာဘဖွား၊ ရန်ငြိုးထား၍၊ တောဖျားမြိုင်ချာ၊ လိုက်၍ရှာလျှင်၊ ကန္တာမြိုင်စ၊ တွေ့ကြုံရ၍၊ လူစလက်ရှုံး၊ စစ်ပြိုင်နှုန်းလျှင်၊ လေးရှေစင်နှင့်၊ ဘဝင်သည်းမှန်၊ ခွင်းမယ့်ကြံသော်၊ သက်နှံငွေလွှာ၊ တားသည့် တာကြောင့်၊ ခန္ဓာသေဘေး၊ ချမ်းသာပေး၊ သူပြေးသည့်နောက်၊ မှုမာပန်းငယ်ဖြေ၊ ရေကြည်တော်သောက်လို၊ ကွန်းထောက် တဲထက်၊ တစ်မှေးငယ်စက်၊ အခက်ကြီးကြုံ၊ လူပုံမလှ၊ နှောင်ကြိုးတည်း၊ ဆွဲကာငယ်ချလို့၊ ဒေါသမာန်ဝင်၊ ကားတိုင်တင်၊ ပြုအင်ရက်စက်၊ သက်ခန္ဓာငယ်၊ မြန်စွာထွက်ပါရော့၊ ခက်လိုက်ပါဘိတော့တယ်၊ သည်မောင်ကို၊ ပြည်မာရာ အောင်ချာနန်းဆီက၊ မွေးမိခင်၊ မြင်လှာစမ်းပါဦး မျှော်တမ်း ကာ ရှိုက်လို့ငို။

[ဤသို့လျှင်'ယုဂန်မကိုင်္ခအစ၊ မျှော်တမ်းကာရှိုက်လို့ငို'အဆုံးရှိသော စကားအစဉ်ဖြင့် ကောသလဇာတ်ကား ဤတွင်ပြီးဆုံးနေ၏။]

.............

# ပဌမ ပြဇာတ်

## ညီတော်နောင်တော် ခုနစ်ပါးကို
## တိုင်းပြည်က နှင်ခန်း

ဗာရာဏသီ တိုင်းပြည်တည်။ ။ဗြဟ္မဒတ် မင်းကြီး နန်းစံ၍၊ သားတော်များကို ခေါ်ပြီးလျှင် ရှေ့တော်သို့ရောက်သည့်ကာလ မင်းကြီးဆိုရန် **စကား။**

ဖခင့်သည်းအူ၊ ဘုန်းညွန့်လူ၊ ဇမ္ဗူနဲ့ရွှေ၊ ညီနောင်ခုနစ်ပါး၊ နန်းရိပ်ဖွားတဲ့၊ သားသက်ဝေတို့၊ ။သားတော်များမှာ၊ လေးပါးအင်္ဂါ၊ ဗိုလ်ထုတိုးပွား၊ လက်နက်အား၊ များလွန်းစွာ၊ နောင်ခါ အရေး ရှုပ်တတ်သည်၊ သူငယ်ဘာဝ၊ မာန်မာနနှင့်၊ လောဘရှေ့တည်၊ မတော်မတည့်၊ စီးပွားမဲ့ကို၊ ကြံခဲ့မည်။ တိုင်းပြည်အကျိုးယုတ်တတ်သည်။ ရှည်လွန်းလျှင်ဖျက်၊ တိုလျှင်ဆက်၊ အတက်ရှည်သော် လှီး၊ နှုတ်သီးရှည်သော် တိ၊ မင်းတို့ထုံးစံ၊ ရာဇဒဏ်၊ ကျမ်းဂန်လာ ရှိချေသည်။ ယင်းသို့ဖြစ်၍၊ သားချစ်မျက်ဖျော်၊ ခုနစ်ဖော်မှာ၊ ပြည်တော်ကစွာ၊ ငွေနှင်းသွန်တဲ့၊ ဟေမဝန္တာကို၊ မကြာမြန်း၍၊ တောနန်း စံပယ်ကြရမည်။ မောင်တို့ဖခင်၊ ငါဘုရင်သည်၊ ခြောက်ခွင်ဘုံပေါ်၊ နတ်သဘင် ပျော်ခါမှ၊ ။ပြည်တော်သို့ပြန်၊ ဗိုလ်ပေါင်းရံ၊ နန်းစံတော်မူရစ်ကြတော့ သားတော်မောင်တို့။

**နောင်တော်အကြီး ပဌမမင်းသားဆို၊** ။တစ်မိုးဝမ်းတွင်း၊ ရှေ့နောက်ဆင်း၊ ညီရင်းမျက်ဖျော်၊ ဇမ္ဗူလျှံလင်း၊ ရွှေရောင်ဝင်းတဲ့၊ မင်းခြောက်ဖော်တို့၊ ။ ခမည်းတော်နတ်၊ အာဏာပေးတဲ့၊ အရေးမြတ်လည်း၊ အကြပ်ခုပင်၊ စည်းစိမ်ရှင်မို့၊ မကြင်မနာ၊ ရင်နှစ်သွေးကို၊ အဓွတ်းရှာလို့၊ ဗိုလ်ပါသင်းပင်း၊ လုံးရင်းခိုင်ကျည်၊ များပြားသည်ဟု၊ ကြံစည်သောက၊ ရွှေချက်တော်ကြွေ၊ စံနန်းမြေက၊ ခွာလေကြဟု၊ ရာဇသီရိ၊ မိန့်တော်ပြန်လျှို၊ နာခံမိပြီ၊ သတိကို ရှေ့ထား၍၊ ကြီးစားကာ တင်ကြဦးစို့ ညီညီရို့။

**ညီတော်အလတ်ဆို၊** ။ညီ အားလုံးနောင်၊ ရိုက်ရာသောင်းလုံး၊ ဆက်ခံကျုံးပေမယ့်၊ ကိုဘုန်းခေါင်ဘုရား၊ ။မရှောင်မညှာ၊ ဘ ရာဇာက၊ မေတ္တာမသက်၊ သူစိမ်းအသွင်၊ ဖေါ်သဖုံးလို့၊ မုန်းမာန်ဝင်၊ ခုပင်ထွက်ခေ၊ အာဏာဓက်မီး၊ အရှိန်ကြီးလို့၊ ဖျက်ဆီးချေ၊ အသရေ ညှိုးကြပါတော့မယ်။ ကိုးကွယ်စရာ၊ မာန်တော်ပေါက်လို့၊ မထောက်ညှာ ခေသော်လည်း၊ ရာဇာဘုန်းဝေ၊ ပြည့်ထိပ်ခေနကို၊ စိတ်ပြေအောင် တင်စမ်းပါဦးတော့ကိုကိုဘုရား။

**နောင်တော်တင်ရန် စကား။** ။နေအာဒိစ္စ၊ သာကီယဟူ၊ ထွန်းပထိန့်ကျော်၊ တိုက်ဇမ္ဗူလုံး၊ ပြားညွှတ်လို့ရှုံးရတဲ့၊ ဘဘုန်းမော်ဘုရား၊ ။သားတော်များမှာ၊ ရထား ဆင် မြင်း၊ သင်းပင်းရံရွေ၊ ရွှေ ငွေ ဥစ္စာ၊ များပြားစွာဟု၊ နောက်ခါအရေး၊ ဘဘုန်းမော်က၊ ထင်မြော်တွေးလို့၊ ဝေးရာဌာန၊ တောမြိုင်ဝသို့၊ ထွက်ကြခုပင်၊ အကြပ်နှင်၍၊ ရှိရှင်ဝပ်တွား၊ ချစ်သနား၊ ထောက်ထားညှာတာ သင့်ပါသည်။ များစွာအစု၊ ဗိုလ်ထုအားအင်၊ ကုန်စင်မကျန်၊ စာရင်းထိန်း၍၊ သိမ်းရုံးပြန်လျှင်၊ ပူပန်သောက မရှိရာ၊ သစ္စာရေပေး၊ တိုက်ကျွေးမွေး၍၊ အဝေးမသွား၊ ညီ ခြောက်ပါးနှင့်၊ ဆင်းရဲသားမျှ၊ ဘ ဘုန်းမော်၏၊ ခြေတော်ကို ခပါမယ်၊ ဒေါသကို သိမ်းတော်မူပါဘုရား။

မင်းကြီးဆို။ ။ဖခင် ရင်နှစ်၊ ညီနောင် ခုနစ်ပါး၊ ရှေ့နောက် ဖွားတဲ့၊ သားတော်စစ်တို့၊ ။နေမြစ်ကိုက်ညွှာ၊ သောင်းဒီပါဝယ်၊ တစ်ရာမှန်ကင်းငါဖြစ်သည်။ စိုးရိမ်အစ်စွာ၊ သားပုတ္တာတို့ကို၊ မေတ္တာသက်ဝင်၊ လွှန်ချစ်ခင်သော်လည်း၊ ဘုရင်တကာ၊ ရှေးရာဇာတို့၊ ပမာပုံဆောင်၊ မီးအရောင်ကို၊ မလောင်ခင်က၊ ကာကြိုဦးအောင်၊ တားဖူးကြ၊ မုချအမှန် ဖြစ်တော့သည်။ ထူးလည် ရှေးက၊ သာကေမူ၊ ဒသရဋ္ဌ၊ စိုးရသနင်း၊ ချစ်မှုစနှာလည်း၊ လွှန်စွာပြင်းလျက်နှင့်၊ သားရင်းမှန်လှ၊ မင်းရာမနှင့်၊ တစ်စု သီတာ၊ ညီမှာ လက္ခဏ၊ ပေါင်း သုံးဝတို့ကို၊ ပြည်က နှင်ထုတ်ဖူးချေသည်။ ထိုထုံးစံနှင့်၊ ကေန်မကွာ၊ ငါ့အာဏာကို၊ ထိပ်မှာ ရွက်ပန်၊ စိတ်စွဲသန်၍၊ တင်ရန်အခွင့်၊ ချင့်ယှဉ်နိုင်း၊ မဆိုင်းနှင့်တော့၊ ကံပစ်ချရာ၊ ငါ့မေတ္တာနှင့်၊ မြန်စွာလှမ်း၊ မြိုင်နန်းစံကြလေတော့ သားတော်မောင်တို့။

[ခမည်းတော်မင်းကြီး အမိန့်အာဏာနှင့် ညီနောင် ခုနစ်ပါးမြောက် သားတော်များကို ခေါ်၍ တောဝင်ကြစေ]။

### တစ်ခန်းရပ်

## မင်းသားများ မိမိတို့ မယားများကို သတ်စားခန်း

တောစခန်းသို့ ရောက်၍ နောင် တော် အ ကြီး ပဒုမမင်းသားဆို။ ။ပြည်ဗာရာက၊ ခွာခဲ့ကြ၊ မြသင်တိုင်းညွှို့၊ တိမ်ခိုး ပြာမှောင်၊ ကျူ မီး လောင် တဲ့၊ တောင်မို့မို့ကို၊ ငါတို့ နောင်ညီ၊ ရောက်ကြပြီ၊ မျှာသီစေနောက်၊ တောင်မြောက်မသိ၊ ယွင်းသတိ၊ မျက်စိများ၊ မှောက်ချေပေါ့၊ မြည့်ှောက်ကယ်ကာသီ၊ ဆွဲဒါလီရို့ကလည်း၊ ပီပီကုန်ခန်း၊ ခြကိုမျှပင်၊ မသယ်ချင်၊ အင်မတန် ပန်းလှပေါ့၊ မလှမ်းနိုင်အောင်၊ ပွဲတော်မှီးဖို့၊ သစ်သီးမရမျှ၊ ရှာမရ၊ အာဟာရပြတ်ကြပြီ၊ အကစ်ကြီးကျုံ၊ သည်ရဂ္ဂမှာ၊ ကြီပုံဘယ့်နှယ်ထုတ်ပါ့မတုန်း ညီညီရို့။

ပထမ ညီတော်တင်စေ။ ။မြတ်နွယ်သမ္ဘတ၊ နတ်နှယ်လှ၊ ညီခြောက်ပါးနောင်၊ တိုက်ဇမ္ဗူလုံး၊ ပိုက်ယှကျုံးပေမယ့်၊ ကိုဘုန်းခေါင်ဘုရား၊ ။ကြံကောင်း ကြံရာ၊ ကြံရန်မှာလည်း၊ သည်သာတစ်ချက်၊ အရေးပုံထွက်ပါသည်။ နန်းဆက်ခုနစ်ပါး၊ ညီနောင်များတွင်၊ တစ်ပါး တလေ၊ ကံထူးကွက်လို့၊ သက်မသေလျှင်၊ ထီးမွှန်းနှစ်၊ မျိုးမပျောက်လျှင်၊ တစ်ယောက်ယောက်ဖြစ်ကောင်းငံ့၊ ချစ်မှုဆွေမျိုး၊ ငြိုးလျှင်နယ်ခြား၊ မင်း၏ဘဝ၊ မထိုက်ကြတဲ့၊ မိန်းမများ၊ တစ်ပါးစီသတ်၊ ကျွန်သမျှလူ၊ ဝေစုယူ၊ မီးပူနှစ်သို့၊ အငတ်ပြေပြေ၊ ရက်ရှည်ဆွဲလို့၊ သေခဲ့စေ၊ စားလေမှ တော်ပါ့မယ်၊ ကိုယ်ဝယ်မချိ၊ ပင်ပန်းဘိ၊ အမိမှသော်၊ သားမတော်၊ မချော်ဖြစ်စေ၊ ချော် ဖြစ်စေ၊ သံသ ရာမှာ၊ နောင် ခါ အလျောက်၊ ရေးကြောင်း ပေါက်ပ၊ နောက်ကျကျသေ ရအောင်၊ ရက်ရှည်စေရုံ၊ အစာလုံ၊ သည်ကြံပုံသင့်လှပါသည် မြတ်နောင်တော်ဘုရား။

ဒုတိယ ညီတော်တင်စေ။ ။တင်ပါသည်ဘုရား၊ အများ လောကဓံ၊ လူ့ထုံးစံမှာ၊ သည်းခံနိုင်ခဲ၊ မေထုန်တပ်ခြင်း၊ မွေရငတ်ခြင်း၊ ထမင်းပြတ်က၊ မတ်တတ်လဲ၊ သေမြဲလေ့ ဖြစ်ပါသည်။ သည့်ပြင်အမှု၊ လိုမရတဲ့၊ ဆန္ဒစုမှာ၊ တစ်ခုခုနှင့်၊ စိတ်ဖြေပျောက်လို့၊ ကြီထောက်ပင့်လျှင်၊ အခွင့်တုံး၊ နှလုံးအေးမြဖြစ်ပါသည်။ ထမင်းနှင့်ရေ၊ သည်နှစ်တွေမှာ၊ မေထုန်မှုထက်၊ ဆယ်ဆ တိုးလို့၊ ထမ်းပိုးခက်၊ အသက် ဘေးကြီး၊ ဖြစ်ပါသည်။ တကယ်ကေန်၊ သေကြရမည်၊ မုချပင်မှန်စေဦး၊ နက်ဖြန်ဆက်ဆက်၊ သေမည့်တွက်ကို၊ သန်ဘက်ခါမှ၊ တစ်ရက်ခန့်လောက်၊ တစ်မိုးသောက်မျှ၊ နောက်ချန်ရ၍၊ ကံစေပါ၊ တော်ပင် တော်တတ်ပါသေးသည်။ သည်နည်းမှတ်သား၊ နောင်လတ်ကိုကို၊ တင်လျှောက် ဆိုတဲ့၊ ထိုစကားကို၊ အများကြိုက်ညီသင့်လှပါသည် ဘုရား။

တတိယ ညီတော်တင်စေ။ ။ တင် ပါသည် ဘုရား၊ သားသမီးနည်း၊ တစ်ယောက်တည်း၊ သည်းလာဒုလာ၊ အသက်အသွင်၊ သားကိုကြင်တဲ့၊ မိခင်ဟာသည်၊ ကန္တာရီး၊ ငရဲမီးသွင်၊ လွှန်ပူပင်တဲ့၊ သံပြင်ကြီးမှာ၊ ခေါင်းနှိုး တောင်းရှက်၊ ရင်သားမြတ်ကြား၊ ပိုက်ကာထား၊ သားတစ်ဖက်နှင့်၊ နင်းကွက်မသာ၊ ရောက်၍လာသော်၊ ကြံရာမရှိ၊ ခါးဝတ်ကိုချွတ်၊ ခြေမှာစွပ်၍၊ ညွှတ်ကာဖိ၊ မချိလျက်သာသွားသေးသည်၊ ထဘီထမိန်၊ မှလောင်ရှိန်သော်၊ ဇာနန္ဒြေဆောက်တည်၊ သူ့ခေါင်းပေါ်က၊ တောင်းကိုချလို့၊ ရှုရှုထွန်း၊ စွမ်းနိုင်သမျှ သွားသေး

သည်။ ပတ်လည်ကျွမ်းမွှအောင်၊ သဲပွမ္ဘေလောင်သော်၊ သားမယောင်အသက်၊ သူ့ကိုယ်နှင့်ပဲ၊ ဖလှယ်လဲမယ့်၊ ဆွဲဘယက်ကို၊ ကွက်ကန့်ရှု၊ မျက်ရည်ဉနှင့်၊ သေလု နွမ်းရှိ၊ ကိုယ်မချိသော်၊ မွေးမိသားရင်း၊ သဲပွပြင်မှာ၊ အရှင်ချ၍၊ ကြွကာနင်း၊ ပုံခင်းနည်းသွယ်၊ ကိုယ့်ထက် ဘယ်မှာ၊ သူတကာကို၊ မတာတွယ်၊ လှူဝယ် ခွေလ့ ဖြစ်ပါသည်။ ဤသို့ဖြစ်ပါ၍၊ ရတနာတစ်ပါး၊ သည်က ကိုကို၊ တင်လျှောက်ဆိုတဲ့၊ ထိုစကားကို၊ အမျှား ကြိုက် ညီသင့်လှပါသည်ဘုရား။

**စတုတ္ထညီတော်တင်စေ။** ။တင်ပါသည် ဘုရား၊ လူများတကာ၊ ခမ္ဘာမှာ၊ ရတနာခုရွှေငွေ၊ အထွေထွေ ထက်၊ သက်ဝေလှထွား၊ ကိုယ့်မယားကို၊ သိမ်းထား စောင့်ရှောက် ကောင်း ပါ သည်။ ချစ်ကြည် မိတ်နက်၊ မယားထက်ပင်၊ အသက်ဝိညာဉ်၊ ကိုယ့်သန္တာန်ကို၊ မြဲမြံ စောင့်မရှောက်ကောင်းပါသည်။ သုံးမည် သုံးစု၊ စောင့်ရှောက်မှုမှာ၊ ရတနာနှင့်၊ ကြင်ရာမယား၊ သည် နှစ်ပါးမူ၊ မင်းဘေယာဂကျားဘုန်း၊ အသက်ကျန်၍၊ ကံ မဆုံးလျှင်၊ လူ့ထုံးဘာဝ၊ လိုချင်တိုင်းရပါ၏၊ ကာလ ဒေသ၊ ပယောဂမှာ၊ မလှသည့်အတွင်း၊မယားအသား၊ လဲလှယ်စား၍၊ အားဖြည့်တင်း၊ အခင်းသင့်လှပါသည် ဘုရား။

**ပဉ္စမညီတော်တင်စေ။** ။တင်ပါသည် ဘုရား၊ တရားတော်က' ထုတ်ဖော်ပြသည်မှာ၊ အတ္တသမံ ပေမံ နတ္ထိ၊ နိသာရည်း ထုံးနည်းလည်းရှိချေသည်။ ဇီဝိတ ဓား၊ ကိုယ်သေမှုထက်၊ သူ့အခြေရးကို၊ အလေးမပြုနိုင် ပါဘူး။ ကျေးဇူးနက်တိမ်၊ လင်နှင့်မယား၊ သည် နှစ်ပါးကို၊ ထောက်ထားချိန်သော်၊ သမ္ဘိန်နွယ်ရင်း၊ ခုနကဆင်းသည့်၊ မင်းမျိုးကိုကား၊ မဆိုထားနှင့်၊ ဒွန်း စဏ္ဍားစစ်၊ ယောကျ်ားဖြစ်လည်း၊ နွယ်မြစ်မကောင်းလှ၊ ထိုမိန်းမထက်၊ ပုညကုသိုလ်၊ ထူး၍မြတ်တဲ့၊ ဇာတ်နဂို၊ ကျမ်းဆိုမှုချဖြစ်ပါသည်။ မြရည်ညိုမှောင်၊ မြတ်မုဒ္ဒြေဟာ၊ ဆိုထိုက်ပေတဲ့၊ ပင်ရွှေညောင်ကို၊ ကုန်မအောင်နုတ်၍၊ လက်ခုပ်ပင်မျိုး၊ အနံ့ဆိုးကို၊ စည်းရိုးမရံထိုက်ပေဘူး။ ကံထူး ယောကျ်ား၊ ခုနစ်ပါးမှာ၊ မယား ရှိကွာ၊ မထောက်အား၊ စားဖို့ရန်ပါလျက်နှင့်၊ ခန္ဓာပျက်ကြေ၊ မင်းသားတွေ၊ အစုသ ဘာပြုံခံမလဲ၊ အနည်းဆုံး မအောက်၊ တစ်နေ့စာလောက်ကို၊ ကံထောက်မစ၊ မသေရ၊ တော်ကြစေ၊ ကိုယ်မှဟစ်ပါး၊ ဘယ်မယားကို၊ သနား တော့မတုန်း၊အသော့မြန်မြန်၊ စားဖို့ကြံ၊ မလျော်ကန် မည်ထင်ပါသည်ဘုရား။

**ဆဋ္ဌမညီတော် တင်စေ။** ။ရှေး များ က န္တာ၊ လက်ဦးစွာက၊ ပညာရှိများ၊ နာမည်မှည့်၍၊ အတည့် ကြီးထားခဲ့သည်။ မယားခေါ်တွင်၊ ယောကျ်ားလင်မှာ၊ ယားလျှင် ဖျောက်ဖို့ ထားသတဲ့။ ယောကျ်ား ပျင်းရိ၊ ယားကျိကျိနှင့်၊ ရှိသောအခါ၊ အယားဖျောက်မှအောင် ဖျောက်စရာ၊ ကန္တာဦးက မယားတဲ့။ လင်ယောကျ်ား ကို၊ ယားခြင်းမရှိ၊ ကိစ္စရှုချာအောင်၊ ဝမ်းကြောညို၊ ဇ္ဇတိ-ထို့ကြောင့် မယားတဲ့။ ခုနစ်ပါးစီ၊ တို့နောင်ညီ မှာ၊ ကမျဉ်းနီတွယ်၊ အမ္ဗကတက်၊ အဖျောက်ခက်၍၊ မျက်ဖြူပင်လယ်ကတဲ၊ လယ်နှင့်စေဦး၊ ယားသည့်အမှု၊ သည်တစ်ခုကြောင့်၊ သေစုံမသင့်ကောင်းပါဘူး၊ ကံထူး ပင့်ထောက်၊ မသေမနာ၊ ရှိကြပါလျှင်၊ ဖျောက်သာမှ ဖျောက်ကြစို့၊ ခုနစ်ယောက်မယား၊ ယား သော် ယုံ သော်၊ ဖျောက်စေဖို့ ခေါ်ခဲ့တဲ့၊ ကတော်များကို၊ စား ဖို့ရာ တော်ပါသည်၊ မြတ်နောင်တော် ဘုရား။

**နောင်တော်ပဒုမ မင်းသားက ညီတော် များကို ခေါ်၍ညည်းညူစေ။** ။ကိုကြီး၊နှင့်ပင်၊ ဘယ် တွင် မကွာ၊မေတ္တာ နှစ်သက်၊မယ့်မလ္လးဒေါလီ၊ချစ်ကြိုး သီတဲ့၊ ညီပန်းခက်ကရို့၊ ။ညီတော်ခြောက်ပါး၊ တင်စကား ကို၊ ကြားရတဲ့နိမိတ်၊ ကိုကိုကြေကွဲ၊ ဝမ်းတော်နည်း၊ ရင်ထဲမှာထိတ်ပါဘိ၊ စိတ်စက်ကယ်မရှုင်၊ သည်မြိုင်ခွင် မှာ၊ အလျင်ပြီးအောင်၊ ကိုကြီးလဲလှို၊တကတည်း သေ လိုက်ချင်ပါပေါ့ ညီညီရို့။ ။ညီတော်တို့က၊ နောင့်ဖို့ ကိုမြင်၊ အရေးငင်၍၊ တင်သမျှလည်း၊ ဒေသယွှင်း ဖောက်၊ ခတ်ကိုထောက်လျှင်၊ လျောက်ပတ်သင့်မြတ် သည်ပင် ဖြစ်တော့သည်၊ သို့ဖြစ်ရာတွင်၊ ဟသ်ာကိုး သောင်း၊ ဇာတ်တူသားကို၊ အစားကြူး၍၊ ပျက်ဖူး ကြောင်းလည်း၊ ထုံးဟောင်း ထင် ရှား ရှိ ပေ သည်။ ကိုယ်ထည်ကြီးမား၊အာနန်ငါးသည်၊မစားကောင်းစွာ၊ ဇာတ်တူသားကို၊ စားသည့်တာကြောင့်၊ ခန္ဓာဆုံး၊ ပျက်ပြုန်းသေရဖူးပေသည်။ လူ့ပြည်မင်းမြတ်၊ ပေါရိ သာဒလည်း၊မအပ်စွမှာက်မှုစီး၊လူသားစား၊ တိုင်းကား ပြည်က နှင်သေးသည်။ ယင်းသို့ဖြစ်၍၊ ညီချစ်ခြောက်

ပါး၊ တင်စကား၊ တရားနှင့်မလျော်၊ အကျိုးမဲ့ဖြစ်ခဲ့သော်လည်း၊ ညီတော်ခြောက်ပါး၊ ဝမ်းခေါင်ဟက်လက်၊ နှလုံးပျက်တဲ့၊ မျက်နှာထားကို၊ နောင်ဖွားမြင်ရ၊ သယ်ဘွားကို၊ ဘုရားမဆန်၊ လူ့ထုံးစံ၊ ကံကိုသာချရတော့မယ်၊ ကိုယ့်သက်နှံ၊ သည်မြိုင်ယံမှာ၊ မကြီးတတ်ပြီဘူး၊ ညီညီရို့။

[ညီအငယ်ဆုံး မယားကို ရှေးဦးစွာ သတ်စား၍၊ ပဒုမမင်းသားမယားအလှည့်ကျလျှင်၊ မယားကိုခေါ်၍ ပဒုမမင်းသားထွက်ပြေးစေ]

တစ်ခန်းရပ်

........ ....

## ပဒုမမင်းသား ထွက်ပြေးခန်း
## ပဒုမမင်းသား ထွက်ပြေးရာ တောခန်းက ထ၍ မယားကိုတိုင်ပင်ရန်စကား

မင်းသားဆို။ ။ခါးတော်လျှလျှ၊ ခင်ပပ၊ နန်းမကျက်သရေ၊ ရာသက်ပန်လုံး၊ ဆင်မမုန်းတဲ့၊ ဇင်ကုံးရွှေ၊ ညီတော်ခြောက်ပါး၊ နန်းရိပ်ပျော်တဲ့၊ ခယ်မတော်များမှာ၊ အစားထမင်း၊ ဆာမွတ်ငြင်းကြောင့်၊ လူချင်းဇာတ်တူ၊ တစ်ယောက်အသား၊ တစ်ယောက်စားလို့၊ ကြီးအားယူ၊ နန်းသူအားလုံး၊ ညီတော်များပါ၊ သက်လိပ်ပြာ၊ ခန္ဓာဖြင့် ဆုံးကြပြီ။ ရွှေဂမုန်းခက်၊ ရှုမငြီးတဲ့၊ မောင်ကြီးသက်ကို၊ ဆောင်ရှက်လို့သာ၊ အားအင်ကမဲ့၊ တနွဲ့နွဲ့နှင့်၊ လှမ်းတဲ့လို့လာကြတယ်၊ ကန္တာရမော်၊ အလွန်ကြမ်းတဲ့၊ မြိုင်လမ်းပေါ်ကို၊ လိုက်တော်မူနိုင်ပါဦးမလား နန်းသူဗျ။

မင်းသမီးတင်စေ။ ။ဇမ္ဗူရတနာ၊ မယ့်ဆွဲဒါ၊ နန်းလျှာထိပ်ပန်၊ ဆင်မညှိုးတဲ့၊ ဖိုးပြည်တန်ဘုရား၊ ၊ သက်သေခွင့်၊ သည်စခန်းမှာ၊ သေပန်းဖြင့်ပွင့်ချေပါ့၊ မယ်ခင့်ဝင့်ပဲ၊ သည်ယနေ့ပင်၊ သက်မရှင်၊ သခင်နှင့်ကွဲချေတော့မယ်၊ ရွှေတစ်ဆွဲ၊ နွဲ့ခဲ့တော့နော်၊ ဝိညာဉ်ချုပ်တဲ့၊ မယ့်ရုပ်တော်ကို၊ မြိုင်ပေါ်မှာထား၊ ဘုန်းမောင်မောင်မှာ၊ ဘေးလွတ်အောင် သွားပါတော့၊ အားတော်ကုန်၊ ကြံပုံတော် ခက်လှချည်ငဲ့ သခင်ငယ်။

မင်းသားဆို။ ။ကြိုရပလော၊ လိပ်ပြာမသန့်၊ စိုးမလန့်ပါနှင့်၊ ညာနန်းဆွေငယ်၊ သေလျှင်အတူ၊ ရှင်မှုမပစ်၊ သည်ခြိုင်ညိုမှာ၊ ဖြစ်လိုရာဖြစ်စေတော့၊ လမ်းဆစ်ခက်ခဲ၊ ခနကျက်ကျက်ဆူ၊ ငွေသဲပူမှာ၊ ပင်နန်းသူမယ်မညှိုးပါနှင့်၊ ကုန်းပိုးလို့တွဲပါ့မယ်၊ အသည်းတော်မငယ်တတ်ပါနှင့်၊ အားသတ်လို့ လိုက်တော်မူပါဦး နန်းသူငယ်။

မင်းသမီးတင်။ ။တုန္နိုင်းမရ၊ ရှုတိုင်းလှ၊ ကျွန်မသက်ဝေ၊ လဂ္ဂဏာစုံ၊ ယဉ်မျိုးခြိတဲ့၊ နိတုံရွှေဘုရား၊ ၊ နွေလည်းနွေရက်၊ ခနကျက်ကျက်မှာ၊ ကျောက်စက်မဆင်း၊ ထုံးအိုင်အင်းနှင့်၊ ရေတွင်းရေကန်၊ သည်မြိုင်ယံမှာ၊ ရှာကြံမရ၊ လှိုင်းကြက်ခွပ်ဆို၊ ရွှေရင်တုန်၊ တစ်အုံလုံးပြတ်မယ့်နယ်၊ ရေငတ်လှချည်ငဲ့။ ဒုက္ခဖွဲ့နှောင်၊ လူတို့ဘောင်မှာ၊ သေချင်ပါလည်း၊ မသေဘဲ၊ ငရဲသူမ၊ အပူကောင်ကို၊ ကျုပ်မောင်ကြီး၊ အပြီးသတ်တော်မူခဲ့ပါ၊ ကြံမွှာတစ်ခု၊ ဝဋ်မရှည်၊ သေလွယ်အောင်ပြုပါတော့၊ နန်းသူ့ကောနိုင်၊ ရွှေရင်ဆိုင်မှာ၊ မီးပြိုင်လို့ထိုးသည့်နှယ်၊ ပူးရိုးမကာ၊ ရွှေသည်းချပ်ကယ်၊ ဟောပြတ်လို့ ကျပါပေါ့၊ ရှုစမ်းပါ့ထိပ်ဘင်၊ မယ့်ဖြစ်အင်ကို၊ မြင်ဝံ့သေးငဲ့လား ကိုယ်တော်ဘုရား။

မင်းသားဆို။ ။ညာတစ်နွဲ့နွဲ့၊ ပြာလဲ့လဲ့၊ ကြာကဲ့သို့ခွေ၊ ဇော့ဇယောင်း၍၊ ပျော့ပျောင်းနုတဲ့၊ သမုဆွေ၊ ၊ ရေငတ်ရုံမျှ၊ သည်ကိစ္စနှင့်၊ အလှသက်ဝေ၊ မောင်ကြီးရှိလျက်၊ မာလာခက်ကယ်၊ ဘယ်တွက်ကြောင့်သေရမတုန်း။ မြေပွလဲရောင်၊ ငွေသဲသောင်၊ ထူထောင်လို့သာ မောင်ကြီးကြင်ဦး၊ ကြောက်ပါဘူး။ လူးလို့ဖွတ်ဆွဲ၊ ထမဟဲ့ခဲ့လိုက်ပါ၊ ပမာပုံမှီး၊ ဆင်ပြောင်ကြီး၊ အမြီးတွင်မှ၊ မကြိပ်ရပါဘူး၊ အရည်ပုံ၊ တကယ်ကြမ်းတဲ့၊ လမ်းရဂုံလည်း၊ ကုန်လုပကော။ မြင်း တစ်သတ်လောက်ကုန်းလှိုရှုန်းရလျှင်ဖြင့်၊ စင်းလုံးကျွတ်ချောတော့မယ်၊ ဟောကွဲ့ရေအေး။ သန်လျက်ဦးနှင့်၊ မောင့်ဒူးကိုဖောက်၊ သွေးရေပေါက်ကို၊ မယ်သောက်ဖို့ပေးပါ့၊ မောင့်သွေးတော် သီတာကို၊ ရေရိက္ခာပွဲတော်လုပ်လျှို၊ တစ်သုတ်ကလေး လှမ်းပါဦး၊ စခန်းသာ လိုရာရောက်လုပါပေ့ နန်းသူငယ်။

[လှမ်းလာရာ နဒီ မြစ်နားတွင် အပန်းဖြေ၍ နားနေစေ]

တစ်ပြည်က သူနိုးကို၊ ရာဇဝတ် အလျှောက်၊ ခြေ၊လက်၊နား၊နှာခေါင်းကိုဖြတ်၍ ဝါးကပ်ဖောင်နှင့် မျှောလိုက်ရာ

သူနိုးဆို။ ။သံသရာဝဋ်၊ ကျော့ကွင်း ညွတ်က၊ မလွတ်သမျှ၊ တွေ့ကြုံရ၊ ဒုက္ခပင်လယ်၊ နတ်ဆိုးဖန်တဲ့၊ ငါ့ကံနှယ်၊ တည်မိတည်ရာ၊ သူ့ဥစ္စာကို၊ ပုတ်မကျင့်ဆိုး၊ ပွင့်လုံးလန်မအောင်၊ ကြံဖန်လို့ခိုးခဲ့တဲ့၊ မကောင်းကျိုးလာလေသ၊ ခြေ လက် လေး ချောင်း၊ နားနှာခေါင်း၊ ထောင်းထောင်းဖြတ်လို့၊ ဝါးကပ်ဖောင်နှင့် မျှောလိုက်တယ်၊ ဗဒေါ်ပါရှိက်၊ ဘယ်ဆီမှာ ဆိုက်မယ်သိ၊ ဒုစရိုက်သုံး၊ ငါမောင်တုံးမှာ၊လမ်းဆုံးကိုရှယ်၊ သေလွယ်မှ ငြိမ်းချမ်းတော့မနေဘ်၊ ကယ်တော်မူကြပါ။

ပဒုမ မင်းသားမြင်၍ ဆိုရန် စကား။ ။ရွှေဖယောင်းခက်၊ သံသရာက၊ သစ္စာချက်နှင့်၊ တွဲလျက်မကွာ၊ မောင်ကြီးကုံးတဲ့၊ ဂမုန်းညွှာငယ်၊ သီတာယမုန်၊ဒီလျှံဂယက်၊ စီးသန်လျက်မှာ၊ ယှိုင်းကြက်ခုနှင့်၊ ရေဟုန်ပြင်းထန်၊ ဂယက်ဝဲ၊ ကျော်သည့်ဒုက္ခ၊ ဖန်ဖန်ပြင်းစွာ၊ ဝဋ်ကြွင်းသူက၊ ကယ်ယူပါဟု၊ အော်ကာဟစ်ကြူး၊ မကြုံဖူး၊ ထူးလိုက်သည့်တာ၊ နဒီ ကြာဝယ်၊ မျောချလာ၊ ဘယ့်နှယ်ဟာ ဖြစ်ပါလိမ့် နန်းသူငယ်။

မင်းသမီး တင်လေ။ ။လင့် ဝဟ် ငါးပါး၊ ကျင့်တရားနှင့်၊ မမှားအောင်ပင်၊ စောင့်ဖြစ်စင်၊ ထိပ်တင်နေမင်းမဆွ ဘုရား၊ ဝါးကပ်ဖောင်နှင့်၊ တင်ဆောင်မြစ်ကြော၊ မတွယ်မတာ၊ မဖွယ်ရာ၊ မြစ်ညာက မျှောလိုက်လို့၊ ကံကောတဲ့ခများ၊ ခြေလက်ဝါနှင့်၊ တွေ့ရာသချိုင်း၊ ကြုံပလေ၊ စားစေတော့ ခိုင်းသလို၊ ဟိုလှိုင်းကြားမှာ၊ သက်ခန္ဓာ၊ ပျက်ကွာတော့မည် ဖြစ်ပါသည် ဘုရား။

မင်းသားဆို။ ။ကြည့်ကွပ်ပုံနန်းသူ၊ မင်းဓလ်သင့်ရောင့်ထင့်၊ သင့်အမူ၊ သသူ ဆက်ဆက်၊ ဂင်္ဂါကြောတွင်၊ မျှောနစ်လို့ ပျက်လုပြီ၊ အသက် ခန္ဓာ၊ ချမ်းသာရေး၊ ဘေးမှကွာအောင်၊ ပါရမီရင့်ညောင်း၊ ငါမင်းကောင်းသည်၊ အကြောင်းဖန်သ၊ ကုသိုလ်ထူးရတဲ့အောင်၊ ဆယ်စမ်းရ မဟာပါ မိမိရယ်။

[မင်းသား ရေထဲသို့ကူးဆယ်ရန် ဆိုင်းဆင့်]

ဗုဒ္ဓက့် လောင်း၊ ငါမင်းကောင်းသည်၊ ရင့်ညောင်းသမ္မာ၊ တန်ခိုးကျန်းတဲ့၊ ဘုန်းတေဇာနှင့်၊ သီတာရေဦး၊ ခုလက်ပစ်ကူးတော့မည်၊ ထူးဝိသေသ၊ လွန်ပီတိနှင့်၊ ဇီဝိတကို၊ မုချအလှူ၊ ရတော့မည့်သူပေမို့၊ ဝိုင်းမှန်ကူရှာစားက၊ လက်ဖျားနှင့်ဖန်လို့မို့၊ အာပေါ်ခေတ်ရေလျှံက၊ ဂယက်ပြန်ဆော်ညောင်း၍၊ ပတ်လမ့်းကြောင်းပြ။

ဆယ်လို့ရ၍မယားတိုင်ပင်ရန်စကား။ ။မောင်ကြီးကြင်ရာ၊လေးဗတာင်တိုက်တွင်း၊ ကုသိုလ်ဆောင်၍၊ ကိုယ်ရောင်လင်းတဲ့၊ မင်းသိင်္ဂါငယ်၊ ကြည့်လာစမ်းပါ၊ ယမုန်ကြောတွင်၊ ဟောဆယ်လို့ရခဲ့တဲ့၊ ကြောက်စရာ့လူပုံ၊ ခြေလက်အင်္ဂါ၊ နားနှာမစုံ၊ ပြတ်ပြတ်ပြုန်း၊ တုံးတိတိ ကြုံပါပြီ၊ မသေရုံကျန်၊ မတော်ပြုလို့ဘဲ၊ အကုသိုလ်ဖန်သောကြောင့်၊ မင်းဒက်သင့်ပုံရ မိမိငယ်။

သူနိုးပေါင်တိုဆို။ ။တင်ပါသည်ဘုရား၊ ကျွန်တော်အားမှာ၊ ယွင်းပါးတိမ်းစောင်း၊ မိတ်မကောင်းနှင့်၊ ယှဉ်ပေါင်းမကွာ၊ မတော်ပြုလို့၊ သူ့ဥစ္စာကို၊ ခိုးရာသမူ၊မင်းဒက်ပြုလို့၊ သေဟုရေတွင်မျှောပါသည်။ လတ်တလောခြင်း၊သက်မကွာ၊ အနိုင်သာကြွင်းတာမို့၊ ဟိုသေမင်းလက်၊ ငရဲဘက်ဝယ်၊ အသက် စာရင်း၊ တစ်ဝက်လောက်နင်းခါမှ၊ သန့်ရှင်းမူလ၊ လောင်းဗုဒ္ဓ၊ ဒါနမြော်တင်၊ သူတော်စင်မို့၊ ရေတွင်ကူးဆယ်၊ ကျွန်တော်ငယ်မှာ၊ တာတွယ်စရာမရှိပါ၊ ကိုယ်တော်ကိုသာ ကိုးကွယ်ရာ ဖြစ်ပါတော့သည်ဘုရား။

မင်းသားဆို။ ။မကောင်းမှုကံ၊ လှုံ့ဆော်ဖန်၍၊ လူ့ထံမဖွယ်၊ ခြေလက်ပြုန်းတဲ့၊ ငတုံးငယ်၊ လူ့နယ်နိုင်ငံ၊ဖောက်ပြန်နေ့သတဲ့၊လောကဓံမှာ၊ဖြစ်ပြန်ပျက်ရ၊ မျက်လှည့်သွင်သို့၊ မြင်သမျှ၊ အနိစ္စချည်း၊ ပုံတံဆိပ်နှင့်၊နိသျှည်းထုံးနည်းမှတ်သား၊ ကြောက်စရာများလျက်ကို၊မှောက်မှားလေစွ၊လူ့လောဘ၊ မောဟကြိမ်၊ အဝိဇ္ဇာကြောင့်၊လောကထင်ထင်၊ပမာဆိုစို့၊မင်းတို့တွင်၊ အရှင်စိုးမင်း ဒေါသညွှတ်၍၊ ကွပ်ညှပ်ပြင်း၊ လျှချင်းမတူ၊ခြေလက်ချွတ်၍၊ ဝဋ်ကြွင်းသူ သေလူတစ်မိုင်းပါတကား။ စဉ်း စားကြောက်မှ၊ပဥ္စင်ကို၊ နေ့ညဆောက်တည်၊မြဲရမည်၊သေသည့်သို့မှ ကောင်းမည့်ဟို့ ဒုက္ခ

**မင်းသားက မင်းသမီးကို ပြောပြန်။** ။ယဉ်ကြေ့ ဆုံးမြို့၊ လှုံဘုန်းကြွေ့၊ သုံးရွှေ့ညာမေ၊ ဆင်မခြေ။က်ရ၊ ရှုတိုင်းလှတဲ့၊ မင်းမြကေ၊ ။သရေနှမ်းရှိ၊ သမ္ဘ ။ကြွယ်တဲ့၊ နွယ်သာကိစ္စသာ်လည်း၊ ဖောက်ပြိမြဖောက်ပြန်၊ မလာကာမ ိဟု၊ ရှစ်ပြန်တရား၊ မှေးခွင့်ဆုံ၍၊ ကြိုခိုက်နှင့် ညားသမို့၊ ရှားပါးနိုင်မျှ၊ ဒုက္ခိတ၊ ဝမ်းဝသော်၊ ကောင်းစေဟု၊ အကြောင်းဖန်၊ ကံကိုသာ ရှိးကြိုး ငံ့ခြိမ်ဒိငယ်။

**မင်းသမီးတင်၊** ။တင်ပါသည်ဘုရား၊ ။အကျိုးပေး ဘာ့မှေးခိုက်ကျသမို့။တိတျနွယ်၊ တသိရှင်ယ်၊မဖွယ်မအေ၊ င်၊ တောမြိုင်ရပ်တွင်၊ ဖြစ်ကာတတ်ဆန်း၊ လူပုံမပေါ်၊ ဝတ်လဲတော်၊ မပေါ်ကွက်တန်း၊ ဗောင်းညစ်နွမ်းနှင့်၊ နန်း လုံ့းကေသီ၊ ဆွဲဒါလီမှာ၊ ကသီမူးနောက်၊ လူပုံမှ ခြပါက်ပါဘူး၊ သေပါက်တို့ကံ၊ပြုတ်ဆိုးတွေ ဖန်ခဲ့သာ ကြေ့ခင့်၊ အင်မတန်ညှိုးလျော်၊ ဘဘုန်းမော်တို့ကို၊ အရုန်းတော်ပိုမိုလို့၊ ငိုသာ ငိုလိုက်ချင်ပါပေ၊ မောင်တော်ဘုရား။

**မင်းသားပြော။** ။ခိုင်ညှာတံနွဲ၊ သင်းလဲ့လဲ့၊ ဝင်းမှည့်စံရွှေ၊ သွန်းပုံအတု၊ မမိနိုင် နုပါတဲ့၊ ကမ္ဘုဆွေငယ်၊ ။သရေညှိုးပျက်၊ ဘယ်အရာ ခက်မတုန်း၊ စိတ်စက်ကယ်ရှင်ရှင်၊ နန်းမူကို ဖျောက်လို့၊ တောအ လျှောက် ဆင်ပါမယ်၊ ကင်တဲ့အခွင့်၊ ခန့်မသင့်၊ ကာမြင့်လို့နေ့၊ ချမ်းသာကွက် တွေကောင်းငဲ့၊ စိတ်ခမ္မလက်ဖြေ၊ တတ်တိုင်းပဲ နေပါတော့၊ တောခြေ တောင်ခြ အောက်၊ ခါးပန်းလောက်တွင်၊ နှင်းသောက်တဲ့မြိုင်၊ ဝံ့အလှိုင်ဝယ်၊ သင်းကြိုင်မွှေးကြူ၊ အဖြူအဝါ၊ နီတျာနီသင်း၊ ရွှမ်းပြင်းတချို့၊ သစ်သီးတို့ကို၊ စားတော်ဖို့ရန်၊ ဆာမွတ်ချိန်တန်လှပေ၊ အမြန်လှမ်းချေဦးမယ် ငံ့ခြိမ်ငယ်။

[ပေါင်တိုကို မရမ္မဆယ်တင်၍ မင်းသမီးနှင့် ထားခဲ့ပြီးလျှင် ပဒုမ မင်းသား တောသို့ သစ်သီးရှာ ထွက်စေ]

တစ်ခန်းရပ်

..........

## မင်းသမီးက ပေါင်တိုကို
## ချစ်ကြိုက်ကြောင်း ပြောခန်း

**မင်းသမီးပြော။** ။ခြောက်စ စလုံး၊ငုတ်ငုတ်တုံး၊ မနုန်း ပိုးသွင်၊ လုံးပုပုနှင့်၊ ရှုတိုင်းယဉ်၊ ထိပ်တင် မောင်မောင်တိုဘုရား၊ ။သိကြားကြည်ညို၊ အကျိုး လို၍၊ ပေါင်တိုနှင့်မယ်၊ နှစ်ဘုန်းဆုံလို့၊ ကြုံရတယ်၊ စံပယ်ပွင့်သစ်၊ ကြွင့်နီးရိပ်ခို၊ သည်ရွှေကိုယ်ကို၊ တိုတို ငယ်ချစ်လျှင်ဖြင့်၊ မုန်းပစ်တော် မမူရက်ပါနှင့်၊ သက်တန္တိုင်း၊ နန္ဒတိုင်းမယ်က လွှမ်းပါတယ်။ ကြေ့ဆုံး ရွှေကိုယ်၊ ဘုန်းတိုတိုကို၊ ရေလို မေတ္တာသွင်းပါတယ်၊ တကယ်ကေန်၊ သဘောရိုး ကြံသူကို၊ လက်ခံတော် မူသင့်ကောင်းပါငဲ့တုံးကြီးရှင့်။

**ပေါင်တိုတင်စေ။** ။သူဇာတစ်မှတ်၊ မူရာမြတ်သည့်၊ ညာနတ်သခင်၊ ဧ ဗွသဖန်းယံ၊ ရေဖျန်းခံမယ့်၊ ဘုန်းကံရှင်ဘုရား၊ ။ကျွန်တော်ပေါင်တို၊ ငတုံးတို နှင့်၊ ကုသိုလ်မတန်၊ ဘုန်းကံမစပ်၊ ကျေးဇူးရပ်လည်း၊ အထပ်ထပ်ပါ၊ ကြီးမြတ်လှပါသည်။ ကြောက်စရာ စကား၊ ချစ်ဟန် ကြိုက်ဟန်၊ မိန့်တော်သံကို၊ ပြန်မ ကြားပါနှင့်၊ နားဝေဒနာ၊ ကြီးလှပါ၊ ချမ်းသာပေး တော်မူပါဘုရား။

**မင်းသမီးပြော။** ။ခင်လေးသက်စု၊ ဗူးသဝိတ်တွင်၊ ရှုတိုင်းယဉ်တဲ့၊ တင်ပုပု၊ ။ကုသိုလ် မတန်၊ ဘုန်းကံမစပ်၊ ကျေးဇူးတော် မြတ်တယ်လို့၊ ရှောင်အပ်ရိုးလား။ ကိန္နရဒေဝီ၊ နှင်းဆီဒါလျှ၊ ညာနန်းသူတို့လည်း၊အနူနှင့်ပင်ချစ်ထုံးတင်၊ကျမ်းတွင်ရှိပါလျက်ပါတကား။ ဆယ်ပါးကိလေသာ၊ ကုန်ကင်းကွာ၊ ရဟန္တာမို့လား၊ ပုထုဇဉ်ထုံး၊ ကြားချပ်သာလျှင်၊ တွေ့ရာနှင့် မှန်းရေ့ပ၊ နှလုံးထား၊ ပတ္တမြားတစ်ခြည်၊ ဆန်တစ်ပြည်၊ လှည့်လည်သင့်ခိုက်၊ ခရိုးကြုံတဲ့၊ ကုန်ဖိုးထိုက်ကို၊ ဝယ်လိုက်မှ ကောင်းတော့မပေဖေတိုရို့။

**ပေါင်တိုတင်စေ။** ။ရစေဝနန်းမ၊ ရွှေသန်းခါစန်း ငွေလသွင်၊ ကျက်သရေမို့၊ ဂုဏ်မချို့တဲ့၊ ကုသိုလ် ရှင်ဘုရား၊ ။တရားဖောက်ပြန်၊ မကောင်းကံကို၊ မကြိုပါ၊ အဝိစိ၌၊ ကျွမ်းထိုး ဖိုက်မယ့် စရိုက်ဟာကို၊

ပယ်ခွာအစ်လှ၊ ပစ္စုပ္ပန်တွင်၊ ရုပ်နာမ်ပျက်က၊ အရှက်ကြီးရရေတွမယ်၊ ရာဇာ့သီရိ၊ နှယ်သာကိ၊ ဇာတိကိုင့်ခွတ်မှုသင့်လှပါဘုရား။

မင်းသမီးပြော။ ။ခင်လေးဘုန်းမို၊ မင်းတိုတို– နိုးသည့်၊ ညှိုမဖြူမှုန်ငွေ့ လို၊ သုန်မလ့ ခွတ်အား၊ ခပါတယ်၊ မြည့်သွယ် စံပယ်နှံ့ကိုလှ၊ တစ်လှည့် ဆင်ခြင်သင့်ပါပေ၍ ဘုန်းခွင့်သနား။

တရားဝေခွဲ၊ စကားတွေအလဲလဲနှင့်၊ ရက်ဆွဲလို့နေကုန်လျှင်၊ ကာမဂုဏ်ရေး၊ စည်းစိမ်ခံ ဝေးရေတွမယ်၊ ရှေးဆန်တဲ့လူကြီးပွဲ၊ ကာလဥာဏ်ကို၊ အတန်ကလေး မှိုးပါဦး၊ နိုးလွယ်မှုပ၊ သေမယ်ဆိုလျှင်၊ မကြာခင်၊ သခါရကပဲ၊ လောက မွှေတာ၊ လူတို့ရွာမှာ၊ မြိန်တဲ့ဟာကောင်းတော့မပါဖေတိုရို့။

ပေါင်တိုတင်။ ။ညာမော်ယံလယ်၊ ဘုန်းတော်ကြွယ်၊ နန်းနှယ်သမ္မာရှင်ဘုရား။

မြောက်ချူငယ်ချူ၊ ကြောက်သူကို ကြောင်နှင့်တို့ ပြန်သို၊ ပူဖို့တစ်ခန်း။

အမှုတော်းဝယ်က၊ ချစ်လုံးကို ခတော်ရဲ့ လျှမ့်ပါတော့၊ ကြောစိမ့်လို့ချမ်း။

သေလမ်း သေပေါက်၊ ရာဇဝတ်ရောက်လို့မို့၊ ကူးထောက်ကံမ၊ အသက်ကြွင်း၊ အရင်းရပါတယ်၊ မလှ ရုပ်သွင်၊ လူဘော်ပွဲ မဝင်ကတဲ၊ မသေချင်သေးပါဘူး၊ ကျေးဇူးရှင် ထိပ်ခေါင်၊ နှစ်ကြိမ် မြောက်အောင်၊ သေပေါက်ကို မရှာပါနှင့်၊ ခန္ဓာကို နှမြောလှပါသေးတယ် ဘုရား။

မင်းသမီးပြော။ ။ခင်လေးသက်မျှ၊ ကြင်မဥ၊ အလှဘုန်းမို၊ မင်းပေါင်တို။

ကိုယ်နှစ်တန့်၊ ဟိုယမန် ကြင်တဲ့ခွဲ၊ တင်လှဲ စွန့်ကြွေး။

လွှဲမသွေ၊ သဲမြေရေထိပ၊ တွယ်မိလျှင် ခွာမရပေဘူး၊ ရဲနေကျသွေး။

စကားအရေး၊ ဒူးကျေးကွေးနှင့်၊ စုံးအောင်များ ပြုမလာ၊ နန်းတွင်း သူ့ပရိယာယ်၊ လည်ကုတ်ကို နှိမ်လို့မို့၊ ကျားပိန်တွယ် တွယ်လိုက်မယ်၊ နိုးလွယ်အောင်ပြု၊ ကံနှစ်ပါးကို၊ စုလျားချင်းစုံတဲ့မှ၊ အမှုသွား ဂေါင်းခွတော့မယ် ဖေတိုရို့။

ပေါင်တိုဆို။ ။လက်ခွဟာဝင်းငယ် မှန်၊ အဝါခံ ပုသိန်စစ်ကိုမှ၊ သည်ခေတ်တွင် သူမခြုံလို၊ မှု တစ်ပုံခ ဝန်း။

ကော်ပတ်ကယ်ထူ၊ ငါးမျိုး မသာကူတဲ့၊ ပွင့်ဖြူ သရေမဲ့ကို၊ ခါးတွဲ့လို့ပန်း။

လမ်းမဟုတ်စွာ၊ ဝတီသာက၊ ကညာနယ်၊ မယ်ဘုရားကြီးက၊ ကျွန်သီးတော် ရခိုင်နှင့်၊ ဘုန်းပြိုင်ခယ် ရှယ်သလို၊ မဖွယ်ပါဘူး၊ ဇမ္ဗူခွင်မှာ၊ ရာဇဝင် ထူးခေရာမယ်၊ ကျေးဇူးရှင်၊ ဆင်ခြင်တော် မှုသင့်လှပါသည်ဘုရား။

မင်း သ မီး က ကြိုက် ရ မည် ဖြစ်၊ ခြောက်၍ ပေါင်တိုပြော။ ။နဝံပီယာ၊ လိုက်၍ရှာ၊ တကျော့ ပင်လယ်၊ ကိလေသာစက်၊ သုံးထောင်ဝက်ကို၊ လက်မလည်ရ၊ ဖောက်သည်ချတဲ့၊ ညဈေးသည်။ ကျွန်ုပ် ပေါင်တို၊ ကယ်ပါလိုက်ကို၊ မျိုမတတ်ချစ်၊ တန်းတန်းရှဲ၊ တကတဲ နှစ်မယ်လို့၊ ငံ့စုံပြစ်ကြီကတဲ၊ ခက်ခဲ့နိုင်မှူ လင်ကြီးသိ၍ သတ္တိပေါ်၊ သေပျော်ကြရေတွမယ်၊ အစ သေသေ၊ ချစ်ကြိုးခွေရအောင်၊ ဘယ် အနေ ကြံမဝဲ မင်းသမီး။

မင်းသမီးပြော။ ။မသာဖို့တုံး၊ ပုံတစ်နှန်းသို၊ ခပ်လုံးတင်တင်၊ တစ်သက် မမုန်း၊ ရွှေချည်လို့ သုံးလောက်တဲ့၊ မောင်တုံးခင်၊ ပူပင်စိတ်နောက်၊ ဘာကိုမျှ ကြောက်ပါနှင့်၊ ကြံလောက်ပါဘူး၊ နန်းတွင်း သူ့လေ၊ မာယာနှင့် မွှေ့ရလျှင်၊ မြေ့လို့သာ နေရေတွပ၊ ချစ်ဦးမူလ၊ လင်ဟောင်းဆိုတဲ့၊ အိုတွတွကို၊ ဘုရားနှမတော်၊ တောင်ထိပ်ပေါ်သို၊ နတ်ပူဇော်ရန်၊ သွားချင်တယ်လို့၊ ပရိယာယ်ဖန်မယ်ပ၊ ငိုသံနှင့် ပြောလိုပြော၊ မောသံနှင့် နွဲ့လိုနွဲ့၊ အဖေကြီးရဲ့၊ မောင်ကြီးပွဲ၊ ချစ်မပြီးတဲ့ ရွှေသီးရဲ့၊ မသွားနေ ခုသေမကွယ်၊ သက်စေပြာလဲ့၊ တခ်ကျုစ်မြန်မြန်၊ မိန်းမဥာဏ်၊ ကြံဖန်တဲ့ဂို့၊ တကယ့်မူရူ၊ အဟုတ်မှတ်လို့၊ မနစ်မနူး၊ ရိုးရူးရူး၊ လက်ဦးလှဟာ၊ တောင်ထိပ်သို ပါရေတွပ၊ ပါလျှင်ဗီဗီ၊ နတ်ကိုတောင်းပန်၊ ပူဇော်ဟန်နှင့်၊ တောင်ယံစွန်းက၊ တွန်းလို့ချလိုက်လျှင်၊ ပထောစိတ်၊ ဗိတ်ခွတာစ၊ သည့်သောခါမှ၊ စိတ်သာလက်မြဲ၊ ပေါင်တိုဖေနှင့်၊ ကောနီခကာခရေတွပ၊ သောကမရှိပါနှင့် ဖေအေဝယ်။

**ပေါင်ထိုးပြော။** ။ခြွဲ့ အိပ်ရာနံ့တော်း၊ မျောက်ကလေး၊ မွေးတဲ့အခန်း၊ ကန့်စွန်းခြရာရာ၊ ဟင်းရံ့ပါတဲ့၊ ကြာနီဒါန်းများကို၊ နန်းသူအကျင့်၊ အကုန်ဖော်လို့၊ ရှုကာကျော် ဖွင့်ခဲ့တယ်၊ သင့်လိုက်ပါဘိ၊ တက်ကစီး အဟုတ်၊ ကုသိုလ်ထုပ်ကြီးကို၊ ငါဆုပ်မိပြီ၊ ပိဋကတ် ကျမ်းပြို၊ အာပတ်ပြေပြေ၊ ဟောလိုက်ခလေ၊ အဆီတွေ စုပါဘိ၊ သာဓု သာဓု အမိငယ်။

တစ်ခန်းရပ်

........ ........

## ပဒုမ မင်းသားကို မင်းသမီးက ဖြားယောင်း၍ တောင်ထိပ်မှ တွန်းချခန်း

[ပဒုမမင်းသား သစ်သီးရှာ သွားရာက ပြန်ရောက်စေ]

**မင်းသမီးကမာယာနှင့်တင်။** ။နေရှိန်ပူပန်၊ သဲ ခြီးလျှံမှာ၊ လေကံခွင့်ပေး၊ မယ့်အသက်ကို၊ သူဆက်လို့ မွေးပေတဲ့၊ ကျေးဇူးသခင် ထိပ်ခေါင်တင် ဘုရား၊ ။မြှင်ညို့စခန်း၊ ကိုယ်တော်နှင့်မြန်းတုန်းက၊ လမ်းခရီးတွင်၊ တောင်ကြီးကို မြင်သောခါ၊ ကောင်းကင်ခုလတ်၊ ဗိမာန်ဆောင်နှင့်၊ တောင်စောင့်နတ်ကို၊ ရည်မှတ်ရှယ်မှန်း၊ စိတ်ရော်ရမ်းလို့၊ တိုင်တန်းခဲ့မိဖူး ပါတယ်။ မောင်မယ်နှစ်ဦး၊ မသေအသက်၊ ချမ်းသာ ကွက်ကို၊ ဆက်ဆက်ကြီး ကူးမိလျှင်၊ ကျေးဇူးသခင်၊ ခုတာတောင်စောင့်မှတ်၊ ကယ်ဆယ်တတ်တဲ့၊ နတ် ဘုရင်ကို၊ ရှိရှင်မယ်ခိုး၊ ပြာသာဒ်နန်းမှာ၊ ခုတာပန်း နှင့် ကိုးပါ့မယ်၊ တိုးလို့မ ပါ၊ တိုင်ဖူးခဲ့တဲ့၊ မယ့်သစ္စာ ကို၊ ဖြေစရာအခွင့်၊ အခါသင့်ပြီမို့၊ ထိပ်တင်နှင့် ပျော် ခြပျော်၊ ဟိုတောင်ပေါ်ကို၊ နတ်ပူဇော်သွားချင်လှ ပါ သည်ဘုရား။

**မင်းသားပြော။** ။ပွဲလဲမူးမှို၊ ချိန်တစ်ဆွဲခန့်၊ ပြစ် မျိုးသန့်ပါတဲ့၊ နံ့နှင်းဆီငယ်၊ ။တီတီတာတာ၊ နတ် ကိုကျေးဇူး၊ ကယ်ဆယ်ဖူးသည်ဟု၊ စိတ်ကူးဖြာလို့၊ မိဿဝါဒ၊ ရှိကြစတမ်း၊ လူတို့မှန်း၊ စခန်းမသင့်၊ လမ်း ကိုချင့်သော်၊ ကံဖြင့်ကံသာ၊ ကံခပသာပ၊ မြင်သျှပင်၊ ဘဝ နှစ်ပါး၊ ကံနှစ်ပါးထင်ရှားမူလ ဖြစ်ခဲ့ပေသည်။ ဖောက်လဲ ဖောက်ပြန်၊ အရင်းကံကြောင့်၊ ယမန်ကာလ၊ ကဿာရ တွင်၊ ညီလှခြောက်ကွင်း၊ တူဆင်မြန်းတဲ့၊ တစ်ဝမ်းဆင်း တို့၊ ကံချင်းမတူ၊ လူမိဿာဥာဏ်၊ ဇာတ်တူသားကို၊ စားသောက်ကြလို့၊ ကံစ ဖန်၊ ကောန်ထင်ရှားပါတကား။ နှစ်ပါး မောင်မယ်၊ ကုသိုလ်မို့တဲ့၊ ငါတို့ဝယ်မှာ၊ ကံငယ် ထူလူ၊ ကုသိုလ်ထုနှင့်၊ ယခုချမ်းသာ၊ ရောက်ကြပါပြီ။ မိဿာဥာဏ်ကူ၊ နတ်ကိုယူလို့ အပူဇော် မသွားချင်နှင့် မိမိငယ်။

**မင်းသမီးတင်။** ။ဘယ့်နှယ်ဘုန်းဝေ၊ ကံယုံထူးလို့၊ ကျေးဇူးကို ချေသလဲ၊ မယူလိုနေ၊ ယူလိုပေမှ၊ နတ်ခလ နတ်ဖျင်း၊ ဘာအရာကျသလဲ၊ ကံစကြောင့် ကြွင်းသတဲ့၊ အငြင်းက မြန်၊ အယူကသန်သနှင့်၊ အင် မတန်ဘား၊ ကိုယ့်နှမမှာ၊ နှုတ်ကခြွေးနှင့်၊ အရေးမစပ်၊ ဝိတ်ဥပဒ်ကယ်၊ ဖြစ်ကတတ် လားလား၊ စကားတွေ များချည့်ပဲ့၊ တရားချွတ်ယွင်း၊ မောင်တော်ကငြင်း သော် လည်း၊ အခင်းကျုပ်မှာ၊ မလွဲသာ၊ ဘာသာပဲ ပူဇော်ရ တော့ မဟာပါ့ဘုရား။

[မင်းသမီးက မာယာနှင့် ဖြားယောင်း၍ မင်းသား ကို သွေးဆောင်ခေါ်ရာ တောင်ထိပ်သို့ရောင်လျှင်၊ နတ် ပူဇော်ဟန်ပြု၍မင်းသားကို တောင်ထိပ်ကတွန်းချစေ]။

တစ်ခန်းရပ်

..........

## ပဒုမမင်းသား ဖွတ်မင်းနှင့်တွေ့ခန်း

[ပဒုမ မင်းသား တောင်ခါးပန်း သဖန်းပင်ခွပေါ် တွင် တင်လျက်နေစေ]။

**ဖွတ်ထွက်၍ဆို။** ။ဟေမဝန္တာ၊ ကဿာမြိုင်လမ်း၊ ဝက်ပါချောင်၊ လိုဏ်တစ်ထောင်နှင့်၊ တောင်ပို့နန်းက၊ ရဲစွမ်း အားကိုး၊ အမြီးဝရဇိန်၊ လက်နက်ချိန်၍ ရန်နှိမ် ချိုး၊ ခုတာစိုးဖွတ်မင်း ငါဖြစ်သည်၊ ဝန်းလည်ပတ်ချပ်၊ သည်တောအုပ်မှာ၊ လှုပ်လှုပ်ရွရွ၊ စကြိုညာဉ်၊ လှစ် ကာဆင်၍၊ မြင်သမျှကို၊ ဝမ်းဝသတ်စား၊ မနေ့ကသော်၊ လာဘ်မချော်၊ ဗိုက်တော်လည်းကားခဲ့ပြီ၊ ပိုးမွှားဖြတ္တာ၊ သတ္တဝါကို၊ ရှာသော်ရှားပါး၊ ယနေ့ဖို့ရာ၊ ငါ့ဝမ်းစာ၊ မလာနှင့် ညား ချည်တော့ မထင့် ကရို့။ ။ဟယ် ယောက်ျား၊ ကမ္ဘ သကာ၊ ကံ ထားရာပ၊ ဝမ်းစာ

ရှာဖွေ၊ အရှေ့တခို၊ မှိုင်းမှိုင်းညို့တဲ့၊ ဟိုတောင်ခြေကို၊ နေမထွက်မီ၊ ခြေစုံလေးတကါ၊ ထောင်းထောင်းယက်၍၊ ရွှေစကြာ ချီတော့မည်၊ မြေမဟီ ရိုက်ညွတ်၊ တောင်ကြီးသလော၊ ကွဲ၍အော၊ ကျွင်းပါကျွတ်ကရော့၊ ငါ့ဖွတ်မင်းဘုန်း၊ မြိုင်ဟေမဝ ါ၊ ဒေသစာ၊ သစ္စေချာ မွန်းလိုက်မည်၊ ခြောက်လုံးသံ သက်ကုန်နှင့်၊ စခန်းပုံ ပြစမ်း ကိုးရှာစား။

တောင်ခြေရောက်၍ ဖွတ်ဆို၊ ၊ဩော် တောင်ခြေသို့အရောက်တွင်၊ ဘောင်ဒ အောက်က မျှော်လိုက်သော်၊ ကုန်းမော်ခင်တန်း၊ ကျောက်ထရံထောင်၊ ဗီလာမြောင်တဲ့၊ တောင်ခါးပန်းမှာ၊ သဖန်းပင်ကြီး ရှိသကို၊ တစ်ကိုင်းမလွတ်၊ ကျွေးလို့သာညွတ်ကရော့၊ ဗလပွတ်သီး၊ ဝမ်းစာမွတ်တဲ့၊ ငါ့ဖွတ်ကြီးမှာ၊ နှပ်ပြီး တွေ့ပါပြီတကား။ နွယ်တန်းလိမ်ယှက်၊ လက်ျာဘက်က၊ ငါ့မျက်နှာစာ၊ တောင်ကိုင်းဟာ၊ အသာ လျှောက်လို့ ဝမ်းပေါက်အောင် စားလိုက်ရချည် သေးကရို့။

သဖန်းပင်ထက်က ပဒုမ မင်းသား ညည်း ညူနေသည်ကို မြင်၍ ဖွတ်ကမေးစေ။ ။အေးအေး ဥဒုမ္ဗရ၊ သဖန်းခွမှာ၊ ဒုက္ခရောက်ပုံ၊ စိတ်နောက်ပုံနှင့်၊ ညိုးကြို ညည်းညူ၊ နောက်ဆံဗလပွေ၊ မှုန်တေတေနှင့်၊ နေတော်မူ၊ လူလေလာနတ်လော၊ အောက်အသူရာ၊ ထက်အာကာက၊ မြဟ္မာလော။ တောအထပ်ထပ်၊ လူမစပ်၊ မိုးကိုထိအောင်၊ မြင့်သီခေါင်၊ တောင် ခုလတ် မှာ၊ မအပ်မရာ၊ မျက်စိမှောက်၍၊ ဆိုက်ရောက်လာ၊ ဘဟာ မျိုးလို့၊ ရိုးရိုးမိန့်တော်မူစမ်းပါ့ သခင်။

မင်းသားပြော။ ။လိုက်ဝက်စုတ်၊ တွင်းစမုတ်နှင့်၊ ကတုတ်မြေမြို့၊ ရင်တားဆို့၊ တောင်ပို့သနင်း၊ သားရေ ချပ်ဝတ်၊ ခေါင်းလျှံလွှတ်တဲ့၊ ဆွေဖွတ်မင်း၊ ၊ အရင်းအမြစ်၊ ငါ့သနစ်မှာ၊ မင်းစစ်ယောက်ျား၊ အထွေအရာ၊ မတွေးပါနှင့်တော့၊ ငါလူသား၊ တောဖျား ဟေမဝ၊ မြိုင်ကန္တာကို၊ ကြင်ရာသက်ဝေ၊ နွဲ့နွဲ့နှောင်း၊ ငယ်ပေါင်းဆွေနှင့်၊ စုံရွှေစကြာ၊ မြန်းခဲ့လာ၊ ဂင်္ဂါသို့ ရောက်၊ ခြေတိုလက်တို၊ ငတုံးဆိုတဲ့၊ ဟိုသေမင်းငင်၊ သင့်အဆင်၊ ရေတွင်မှများ၊ ဟောကနဲ ရောက်လာရော့၊ ငါ့ကောက်၍ သိမ်း၊ ငါ့ဆွဲဒါလီ၊ ဟတ္တနီ ဟာကာ၊ တဏှာညှို့မှုန်ယိုလို့၊ ပေါင်တိုနှင့် ဝိန်းကြီးရော့၊ ပိန်းရုံ သာမက၊ ငါငယ်ပေါင်းကို၊ သေကြောင်းကြံ၊ တောင်ယံက ချရော့၊ ကံစကလေး၊ ကြွင်းကျန်သေးသည်နှင့်၊ သေဘေးလွတ်၍၊ ဖွတ်မင်းနှင့်တွေ့ရတယ်၊ ရေခွထ မိန်းမယုတ်ကြီးပါတကား ဖွတ်မင်းငယ်။

ဖွတ်ကပြော။ ။လူသားမှန်စွ၊ လုလင် လှငယ်၊ မိန်းမစရိုက်၊ ရေဆိပ် ပမာ၊ လူတကာကို၊ တဏှာဇက် ရဲ၊ မ ခွာင်ဘဲ၊ ဇွတ် စွဲ လို့ ကြိုက် တတ် သည်၊ သံလိုက်သဖွယ်၊ ယောက်ျားမြင်၊ လင်ဖို့မှန်း လို့၊ တန်းကနဲတွယ်ချင်ငဲ့၊ ပင်လယ်ဇလုတ်၊ မြစ်သမုဒ်နှင့်၊ အဟုတ်ပုံစံ။ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ လာချင်တိုင်း လာစေတော့၊ လမ်းသာဖွင့်၍လက်သင့်ခံ၊ တန်ပြီလို့မပယ်၊ ယောက်ျားဆိုလျှင်၊ အိုအိုနာနာ၊ ဗလချူဗလချာ၊ အနူပင်လာကတဲ၊ ကိလေသာစက်၊ ကြိုက်ရမက်နှင့်၊ သွက်သွက်လည်အောင်၊ စရနယ်မြဲ ဖြစ်ချေသည်။ လူ့ပြည်လူ့သား၊ လူယောက်ျားကို၊ ထားပါဦး၊ အထီးမှန်လျှင်၊ တိရစ္ဆာန်စစ်၊ ခွေးနှင့်ပင်ဖြစ်ကတဲ၊ ကြိုက်ချစ်သည့် ထုံးများကို၊ နှလုံးထဲမှာ၊ မှတ်စွဲပုံသော၊ ကြိုးလိုရွှေ၊ သံဝေ ယူသင့်လှပါပြီ သင် မင်းသား။

မင်းသား ပြော။ ။အဆွေဖွတ်မင်း၊ တောသနင်း၊ ၊သင်းတို့မိန်းမ၊ သဘာဝကို၊ ပုံပြနှီးနှော၊ သင်ဖွတ်မင်းဟောသောကြောင့်၊ သဘော ကျွန်ုပ် ကျပါပြီ။ ကန္တာရမြိုင်ခြေက၊ လူ့မြေရပ်တောင်၊ ရောက်တည့်အောင်၊ ကြည်းဆောင်သည့်ပိုး နိုင်ပါ့မလား အဆွေဖွတ်မင်း။

ဖွတ်ကပြော။ ။မစိုးရိမ်နှင့်၊ အိမ်၏သ ဖွယ်၊ ငါ့ကျောလယ်မှာ၊ စံပယ်မျော်ပိုက်၊ စီးကာလိုက်ခဲ့တော့၊ မြိုင်ဝိုက်အမော်၊ ငါ့စွမ်းအားနှင့်၊ လွှားကာကျော်၊ ပြည်တော်သို့ ပို့လိုက်မည် သင်မင်းသား။

မင်းသားကို ပြည်တော်သို့ ပို့ရန် ဖွတ်ကဆိုင်းဆင့်စေ။ ။ရောသည်တစ်ချက်၊ ဟေမဝန်မြိုင်ချောင်၊ တောသာခေါင်က၊ လူ့ဘောင်သို့ ထွက်တော့မည်၊ အထက်ကာလ၊ သံသာရက၊ ဘဝများစွာ၊ တစ်သိန်းမှတ်တဲ့၊ ကပ်ကမ္ဘာတွင်၊ ရွှေဖျာဒိတ်ခံ၊ သာဝက ကျွတ်တမ်းနှင့်၊ ကမ်းတစ်ဖက် ကူးမယ်လို့၊ ဆုထူးတော် ပန်ခဲ့တယ်၊ ရွှေစုတ်ဆံမုံရင့်။ ဘဒ္ဒကပ် ဤကမ္ဘာတွင်၊

ဥာဏ်သစ္စာ ပွင့်ခဲ့သာခါ၊ ကျွန်ုပ်နှင့် တူပြိုင်၊ နိမ့်ချွန်ကြွင်နီး၊ ရွှေဘုံနန်းမှာ၊ တစ်လမ်းတည်း၊ ဆိုင်ရအောင်၊ ကိုးရွာပိုင်စံလွှတ်က၊ အခွေဖွတ် ဆုရှယ်ချူတဲ့၊ ပြည်နိမ့်ချူ ခေသာင်ကူးတို့ကို၊ ချော့ပို့တော်မူလိုက်စမ်းပါ ကျေးဇူးရှင်။

[ဗာရာဏသီပြည်သို့ ရောက်ကြစေ]

မင်းသားပြော။ ။သူတရာချောက်၊ ဖွတ်မင်းကယ်၍၊ လူ့နယ်သို့ရောက်ပေပြီ၊ အခုထောက် မတန်၊ အမျိုးဟိတ်တဲ့၊ တိရစ္ဆာန်သည်၊ ပညာဥာဏ်တိုးတက်၍၊ အသက်ဒါန၊ ချမ်းသာခွအောင် မ ပေသည်၊ သဟာယမိတ်၊ ကယ်ဆယ်ဖူးတဲ့၊ ကျေးဇူးဟိတ်ကို၊ စိတ်ကချင့်နှိုင်း၊ ဆပ်မကုန်အောင်၊ အာရုံကတိုင်းရက်ပါ၊ ဥာဏ်လှိုင်း၍ဟာ၊ ဖွတ်မင်းကြီးတဲ့၊ လိုဆန္ဒကို၊ မှချပူဇော်လိုက်ပါ့မယ် သင်ဖွတ်မင်း။

ဖွတ်ကပြော။ ။အဆွေ မင်းသား၊ ကျေးဇူး ပြုမှု၊ မှုမများနှင့်၊ ငါ့အား ကြည်နူး၊ ခမတ္တာချပ်၍၊ ဆပ်ရန်ကိုကူးသဖြင့်၊ ထူးလှသည့် ရတနာ၊ လွှန်ကြည်ညို၍၊ ဆောင်လိုပင်လာကတဲ၊ ခနရာမကျ၊ ဖွတ်ခုဒသနှင့်၊ ကျွာလှပါ၊ ဘယ်ဟာမှမလိုဘူးသင်မင်းသား။

မင်းသားပြော။ ။သင် ဖွတ်မင်းမှာ၊ စေတနာဆုံ၊ လိုရာသာပြုပါတော့၊ သမ္မာညှဥာဏ်၊ သမ္မာညောင်း၍၊ တောင်းပြီးသူမှန်လျက်ကို၊ နောင် ကန်မကျွာ၊ ဘဒ္ဒကပ်၌ကမ္ဘာတွင်၊ သာဝကကျွတ်တမ်းနှင့်၊ ငါ့ပြမ်းကို မှီခိုလို့၊ ထိုကုသိုလ်အဟုန်ကြောင့်၊ နောင်ကြိုစေ ဆုပေးလိုက်မည်၊ တဖြည်းဖြည်း သင် စံတဲ့၊ မြိုင်ယံကိုကြွပေဦးတော့ ဆွေဖွတ်မင်း။

ဖွတ်က မိမိနေရစ်ပြန် ဆိုင်းဆင့်။ ။အမှုကိုဆောင်ရွက်၊ ဟေမဝန်မြိုင်ချောင်၊ ဥက်ပါလိုက်တောင်သို့၊ ပြန်ဆောင်ခန်း မြွက်တော့မည်။ ဖြစ်ပျက်သမျှ၊ ပဒုမမှာ၊ ဗုဒ္ဓလောင်းလျာ၊ အများမှတ်ဖို့၊ ဇာတ်ရင်းလာ၊ ဖွတ်မှာအာနန်၊ စိဥ္စမာမိန်းမဆန်းနှင့်၊ နိဂါန်းတော်ထူးနိုင်သမှ၊ ကြုံဖူးရမှန်ခဲ့တယ်၊ ကံစန်တဲ့အခွင့်၊ ဒဝဒတ်တုံးတိုဟာကို၊ ယင်းမြီကာ ဖွင့်ပြီမို့၊ များချင့်ကြ ပိုင်ပိုင်၊ ပွဲကြည့်သူအလုံးမှာ၊ မြန်းကာနဲ့ဆိုင်ရအောင်၊ ပိုင်းစိန်တိုင်မှန်နယားက၊ ဖွတ်ပြန်ကိုထင်ရှား အောင်၊ ဥဏ္ဏသွား ဇာတ်ပေါင်း၍၊ ပတ်လမ်းကြောင်းပြီ။

## တစ်ခန်းရပ်

............

## တိုင်းပြည်ရှိ မှူးမတ်များနှင့် မင်းသား တွေ့ခန်း

ဝန်ကတင်စေ။ ။သုတိကျမ်းထုတ်၊ ရာဇရုပ်နှင့်၊ သာမုဒြ၊ အင်္ဂါညီ၊ သာကီမြတ်နွယ်တော်ဘုရား၊ ဗာရာဏသီ၊ သိင်္ဂီဥကင်၊ ရွှေနန်းရှင်လည်း၊ သဘင်နတ်ဘုံ၊ မြင်းမိုရ်ထိပ်မှာ၊ ကသစ်ရိပ်လှုံပါပြီ၊ ခုနစ်စုံနတ်၊ ချေးမတော်နှင့်၊ သားတော်မြတ်တို့ကို၊ တောရပ်သို့ပို့၊ မြိုင်ရပ်အောင်းတဲ့၊ မင်းလောင်းတို့လည်း၊ မည်သို့ပိုင်ပိုင်၊ စခန်းမသိ၊ လမ်းမရှိ၍၊ မသိနိုင်၊ ခုတိုင်ပျော်လျက်နေပါသည်။ဘုန်းစည်ဘုရား၊အရှင့်သားမှာ၊ တစ်ပါးတည်းသာ၊ မြိုင်စခန်းက၊ လှမ်းခဲ့လာ၊ အရာရာမျိုး၊ ကြောင်းအကျိုး၊ ကောင်းဆိုး ထုတ်ပြန်၊ မိန့်တော်သံ၊ နာခံလိုလှပါသည် ဘုရား။

မင်းသားပြော။ ။မဟော်ဝိဓု၊ အနွန်းပြုပြည်သူ့ရှေ့ခန၊ မတ်ကာဝေတို့၊ ဟိုတော်ညို့ညို့၊ တောင်မို့မို့မှာ၊ ငါတို့ဖြစ်ဟန်၊ အကြောင်းမျိုးစုံ၊ အရေးပုံကို၊ အကုန်ပြန်ရလျှင်၊ မကြာနိုင်အောင်၊ ရွှေရင်ဝမှာ၊ မီးမကလောင်လောက်ကဲ့၊ မြရောင်လဲ့ဝင်း၊ တောတောင်ကန္တာ၊ ဟေမဝါမှာ၊ ကြင်ရာတဝ၊ မကွဲကြတဲ့၊ ညီလှမင်းတို့မှာ၊ ပူပြင်းဆာနွန်း၊ ပွဲတော်ရေစာ၊ မြတ်သဟာနှင့်၊ ခန္ဓာဆုံး၊ ပြောတုန်း အသည်းနာလှတယ်။ ထီးမွေနန်းညောက်၊ ငါတစ်ယောက်မှာ၊ ကံထောက်မစ၊ မသေရအောင်၊ မြိုင်နက်ချောင်က၊ နတ်ဆောင်ပို့၊ ပြည်သို့ယာခု ရောက်ရတယ်။ ပြည်သို့တစ်ခါ၊ ရောက်ပြန်ပါလည်း၊ သာယာစကား၊ သတင်းများကို၊ မကြားပါရ၊ ဇမ္ဗူလုံးမှန်၊ ဘုန်းလျှံ၊ နတ်ထံသို့ ကြွပြီလို့၊ တင်ကြတဲ့အလို၊ သန့်ကာနဲ့၊ ရွှေသည်းမှာဖိုလှ၊ ငိုသာငိုလိုက်ချင်တော့ မှူးမတ်များ။

ဝန်တင်စေ။ ။တင်ပါသည် ဘုရား၊ ။တောဘုမ္မက၊ သံသာရမှာ၊ အာသဝမူ၊ မကင်းသူတို့၊ အပူအအေး၊ သမ္ဗတ္တိနှင့်၊ ဒုက္ခဓား၊ ရောဂါထွေးကြမ်း ဖြစ်ပါသည်။ အဝိဇ္ဇာနှင့်၊ တဏှာရစ်ပတ်၊ ရေသောက်မြစ်ပြတ်ခါမှ၊ အရဟတ္တဖိုလ်၊ ဖောက်ပြန်ဝိပရိတ်၊ သေလမ်းပိတ်တဲ့၊ ထီးရိပ်ခို၊ အလိုပြည့်မြဲ ဖြစ်ပါသည်။ ဘုန်းစည်ဘုရား၊ အရှင့်သားလည်း၊ တိုင်းကားနိုင်ငံ၊ ဇမ္ဗူကျက်သရေ၊ တဘုန်းဝေ၏၊ နန်းမွေကိုခံပြီးလျှင်၊ နိဗ္ဗာန်ရောက်မှ၊ ပါရမီမြတ်၊ စရိယတ်ကို၊ မပြတ်ပြု၊ သဗ္ဗညုမှန်၊ ဗောဓိဉာဏ်ကို၊ ကောန်ရမှ၊ ဒုက္ခခပ်သိမ်းငြိမ်းပါမည်။ ယင်းသို့ဖြစ်၍၊ ကောရာဇာဘုံ၊ ပဉ္စင်ရိုက်တီး၊ ငွေလျှံညီးတဲ့၊ ထီးရှစ်စုံနှင့်၊ ဘုံဝေယံပေါ်၊ နန်းသဘင်ပျော်ရအောင်၊ ပြည်တော်သို့ ဝင်တော်မူပါဘုရား။

[ပဒုမမင်းသား ထီးနန်းအုပ်ချုပ် မင်းလုပ်၍ စံနေစေ]

တစ်ခန်းရပ်

.........

## ပေါင်တိုလင်မယား လှည့်လည်ခန်း

ပေါင်တိုကမင်းသမီးကိုခေါ်စေ။ ။ဧယာက်ျား အညီဟော၊ လာတဲ့လို့ပြောလိုက်လျှင်၊ ငေါကနဲထ၊ လင်ငယ်ကိုစောင့်ရှောက်၊ လင်ကြီးကို ပေါက်တတ်တဲ့၊ မြွေဟောက်မ၊ ။မြနှင့်သိဂ်ါ၊ ရေနှင့်ကြာ၊ ငါနှင့်နန်းသူ၊ တောမြိုင်ရပ်မှာ၊ ကံစပ်တော်မူကြသည်။ တူ မကွဲကွာ၊ မနည်းဘဲကြာကြပြီ၊ တစ်ခါတလေ၊ အငြိမ်းပြေ၊ တိုင်းခြေလှည့်ပြည်၊ ငါတို့သုခ၊ စည်းစိမ်ကို ပြရအောင်၊ ကြွချင်သည်၊ ကြံစည်လို့ပို့စမ်းပ အမိရယ်။

မင်းသမီးပြော။ ။ဇမ္ဗူရိပ်မြုံ၊ လူတို့ဘုံမှာ၊ ကြိုဖူးစငါလို၊ နန်းသူ့ ဆံထုံး၊ စံပယ်လိုကုံးနေကျ၊ မောင်တော်ထို၊ ။ကုသိုလ်ထောက်မ၊ မင်းသမီးကို၊ တက်ကစီးရသည်နှင့်၊ ရုတာဝတောင်ကြား၊ မပျော်ပါး၊ တိုင်းကားပြည်တွင်း၊ လင်ပွဲကြီး ခင်းမယ်လို့၊ ခေညာင်ချင်းအို၊ လက်ခြေတိုကို၊ နန်းရိပ်ခိုလှုံမယ်။ကြိမ်တောင်းချိုင့်စလွယ်၊ ခေါင်းရွက်ဆောင်၊ ပြည့်ထောင်ကို လည်ခတော့မယ်၊ ဂုံညင်းနွယ် ရွှေကြိမ်ချိုင့်မှာ၊ ခံဝိုင့်ဝိုင့်ဟန်ကြီးနှင့်၊ လှူမီးတဲ့ မောင်တော်ထို၊ သုံးတော်ရကဝေဉာဏ်က၊ သပြေသံအောင်လှည့်နှင့်၊ မိတ်ဖွဲ့တော်မူစမ်းပ ဖခင်။

[ပေါင်တိုလင်မယား ဗာရာဏသီပြည်သို့ ရောက်စေ]

ပေါင်တိုပြော။ ။စတုဒီသာ၊ လူ တကာကို၊ မေတ္တာခွေ့ရှီး၊ ဓနုည တရစပ်၊ ညွှဲမပြတ်တဲ့၊ စရပ်ကြီး၊ ။အုံးချီးမကုန်၊ မြို့၏ဖွယ်ရာ၊ မင်္ဂလာ၊ အင်္ဂါဖြင့်စုံပေငဲ့၊ ရွှေဘုံအောင်ချာ၊ ပြည်ဗာရာမှာ၊ ဒလဟာ ပေးမြန်း၍၊ ထမင်းကြမ်း တောင်းစမ်းပ၊ ရင်ခေါင်းကို လေနိပ်အောင်၊ အစာရိပ် ပြကြစို့ နန်းသူငယ်။

ပေါင်တိုကမင်းသမီးကိုထပ်ခေါ်။ ။ယောက်ျား တကာ၊ မရှန်းသာအောင်၊ တဏှာချုပ်တည်း၊ တွေ့တိုင်းမရှောင်၊ လူကိုထောင်တဲ့၊ မညောင်စီး၊ ။ခရီးညွန်ပြ၊ ပြည်သူတို့ ချလိုက်တယ်၊ ဘုန်းဘုရား ကုသိုလ်၊ တစ်သောင်း ခြောက်ထောင်၊ ဝင်းဝင်းပြောင်၊ ရွှေရောင်နှင့်စိုရေ့တယ်၊ ဟိုကိုလှမ်း၊ တစ်စခန်း ရွှေ့ကြဦးစို့ နန်းသူငယ်။

တစ်ခန်းရပ်

...........

## ပဒုမမင်းကြီးနှင့် ပေါင်တိုလင်မယားတို့တွေ့ခန်း

[ပဒုမ မင်းကြီး ဆင်တော်စီး၍ မြို့ကြည့် ထွက်တော်မူရာ၊ မှူးမတ် တို့က ပေါင်တို လင်မယား ကို တွေ့၍ ရှေ့တော်သို့ သွင်းစေ]

ပေါင်တိုက မင်းသမီးကိုခေါ်။ ။လူမြင်သမျှ၊ ငိုက်လို့ ကျအောင်၊ မျက်စနှင့်ဆွဲ၊ ကတိုက် ကရိုက်၊ လင်ဦးဆိုက်တဲ့၊ သံလိုက်နဲ့၊ ။ပြည်ထဲသခင်၊ ဘုရင်ဘုန်းတောက်၊ အာဏာမျိုးလှေ၊ တံ ခိုးကြွေ့တဲ့၊ မင်းမရှုသို့ ရောက်ကြပြီ၊ နှိုင်းထောက်ဆင်ခြင်၊ သမ္မာအာဇီဝ၊ ကျင့်သီလနှင့်၊ မိန်းမဂုဏ်၊ အကုန်စော်၍၊ သံတော်ဦး တင်စမ်းပရှင်မ။

ဝန်ထိုကတင်စေ။ ။စကြာရဟတ်၊ ခွလးကျွန်းပတ်သည့်၊ မန္တာတ်တစ်ဆူ၊ ကျင့်ဝတ်တရား၊ ဆယ့်နှစ်

ပါးနှင့်၊ တိုင်းကားယူ၊ ဇမ္ဗူမြေဦးကိုင်ဘုရား၊ ၊ ကျေးတောသူမ၊ မိဒုက္ခ၊ သီလချစ်ခင်၊ လင်ကိုကြည်ဖြူ၊ လှုပ်ရှားမှုတဲ့၊ သူတော်စင်၊ ပြည်တွင်ယခု ရောက်ပါသည်။ ငါးမည်သီလ၊ အာစာရနှင့်၊ ဆန္ဒသမာ၊ ကောင်း:ရွေကောင်းမှု၊ နိဗ္ဗာန်ချူတဲ့၊ လူကိုသာလျှင်၊ သဒ္ဓါမြင့်ကလေး၊ အလှူတော်ပေးရမှ၊ ကျေးဇူးထွန်းပ၊ သမ္ဗုဒ္ဓ၊ ဉာဏ်၊ ဆုနှစ်တန်ကို၊ ကောန်ရမည်ဟု၊ ကျမ်းပြ ငြင်းရှည့်၊ ပါရမီထူးချွန်၊ တိုင်းထက်လွန်၊ ကောင်းမွန်စွာ ဖြည့်ရအောင်၊ တောခေည့်သည်မ၊ ကြမ္မာနွမ်းရှိ၊ သီလရှိ၀ဲ့၊ မိဒုက္ခတို့၊ ဘုန်းဘုရား မျက်မှောက်၊ ကုသိုလ်ဖန်၍၊ အလှူခံ ရောက်ပါကြောင်း၊ ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား။

မင်းကြီးဆို။ ။မဟာဂုဏ်ဟိတ်၊ ယုဂန်ထိပ်၊ ယုန်တံဆိပ်နှယ်၊ ပညာကျယ်၊ စလွယ်ဆင်သုံး၊ အရာဘုန်းဖြင့်၊ ငါ့လက်ရုံးညာ၊ ဉာဏ်ဇုန္နနီ၊ စံဓရှိ၊ ပြည်ကြီး ဖွယ်ရာ၊ မဝ:ကလေးဖြာတို့၊ ၊မျှော်ကာနေလင့်၊ မစွဖင့်၊ သင့်လျော်လှပြီ၊ ကြည်ညိုမြတ်နိုး၊ ပါရမီဆုယူ၊ ဒါနချူတဲ့၊ အလှူမျိုးကို၊ စိုက်ပျိုးမှန်၊ နိဗ္ဗာန်သို့ ဆောင်လိုသည်။ အလှူခံမ၊ မိဒုက္ခ၊ မ စဆောင်ကြဉ်း၊ ယခု ခေါ်၍၊ ရှေ့တော်သွင်း၊ ချက်ချင်းရောက်စေ မှူးမတ်များ။

ပေါင်တိုမယား မင်းသမီးက တင်စေ။ ။ကျွန်တော်မျိုးမ၊ မိဒုက္ခ၊ လောကကြေးမုံ၊ တစ်ရာ့ ခုနစ်ကွက်၊ ဝင်းထိန်လက်တဲ့၊ စက်ခြေရုံမှာ၊ ခိုလှုံမိပါဘုရား။

မင်းကြီးမြင်၍ ဘာသာဆို။ ။မဟာ ကုသိုလ်၊ လွန်ပြန့်ပြောအောင်၊ ဇောကြည်ညို၍၊ မဂ်ဖိုလ်နိဗ္ဗာန်၊ အညွန့်ကိုချူးမယ်လို့၊ ရည်စူးသန်၊ ဒါနံဒေတိ၊ ပွားစေသည်။ မကြည်စိတ်နောက်၊ ခုမျက်မှောက်ဝယ်၊ ဆိုက်ရောက်မြင်ရ၊ စာဂတိမ်တဲ့၊ မိဟိန္ဒ၊ သီလမြဲကြွ၊ အထဲမှုလို့၊ သူတော်ငွေ့နှင့်၊ ကောက်ကွေ့ညစ်ညမ်း၊ မွေလီဆန်းဝဲ့၊ ယန္တရားမ၊ မှန်မှုချပင်၊ တွေ့ရပြန်ချေ သေးတော့သည်။ နောင်လည်းမခြား၊ ဝိစိခန်းတွင်၊ တစ်လမ်းသွားမယ့်၊ ရှေးမြောက် သားဟောင်း၊ မာယာလိမ်၍၊ ကြိမ်ချိုင့်တောင်းနှင့်၊ မကောင်းလင်ငယ်၊ လက်ခြေကျိုးကို၊ သယ်ပိုးလွယ်၊ ရှေ့ဝယ် ဝင်ခဲ့သည်

တကား။ ယင့်ကိုယ်စားတွက်၊ မြင်ရတွင်း ရှက်ပါဘိ၊ ရှုတ်တရက်သိမ်း၊ နောက်ကစနက်၊ ဖဒါသမူ၊ ဗလောင်ဆူထွက်ကတဲ့၊ အမျက်ကို သိမ်းတဲ့လို့၊ သူစိမ်းသဏ္ဌာန်၊ မသိဟန်နှင့် ဉာဏ်ဖန်ကာ မေးရဦးတော့မည်။

မင်းကြီးမေး။ ။ကျေးတောသူမ၊ မိဒုက္ခ၊ အမင်္ဂလာ၊ မကောင်းစွာ၊ အင်္ဂါယွင်းယို၊ ကြိမ်တောင်းနှင့် ရွက်၊ နင့်ခေါင်းထက်က၊ လက်ခြေတို၊ ဘယ်လိုနင်နှင့်တော်သလဲ။ ကျေးဇူးမကင်း၊ တစ်မိရင်းတွင်၊ မောင်ရင်းမခြား၊ နတ်ကဲ့အသျှင်၊ အိမ်ဦးတင်တဲ့၊ ငယ်လင်လား၊ နားရှင်းအောင်တင်စမ်းဟဲ့ မိဒုက္ခ။

ပေါင်တိုမယားတင်။ ။ကျွန်တော်မျိုးမ၊ မိဒုက္ခမှာ၊ ဘဝသံသရာ၊ ရွှေဂူရွှေကျောင်းပြောင်ရေလောင်း၊ ဆုတောင်းဘက်မို့၊ ရေစက်ပါ၊ ခေါင်းမှာရွက်တင်၊ ခြေလက်ဆွံ့တဲ့၊ ကျွန့်သခင်၊ ငယ်လင် မှန်လှပါတော့ဘုရား။

မင်းကြီးဆို ။ကြိန်အင်လက္ခဏာ၊ပြည့်စုံစွာ နှင့်၊ နန်းလျာမူရှု၊ကျေးတောသူ၊ ၊ သက်တူရွယ်ရှိ၊ အင်္ဂါယုတ်တဲ့၊ငဒုက္ခ နှင့်၊ဇာတိငယ်ပေါင်း၊လင်ဖြစ်ကြောင်းကို၊ ထပ်လောင်းသိလွယ်၊ ပထမက၊ အစသွယ်၊ နားလည်အောင် တင်ဦးဟဲ့ မိဒုက္ခ။

ပေါင်တိုမယားတင်။ ။တင်ပါသည်ဘုရား၊ ၊ လူချင်းမတူ၊ ခေါင်းမှာတင်တဲ့၊ လင်သည်းအူကို၊ ဆွေတူမျိုးရှိ၊ ဆယ့်လေးနှစ်က၊ ထိမ်းမြား၊ကြ၍၊ ချစ်စငြိ၊ ဝရီးသားရင်း ဖြစ်ပါသည်။ အကျင့်ချွတ်ယွင်း၊ ဝဋ်မကင်း၍၊ ခိုးမင်းကွပ်ညှပ်၊ ခြေလက်ကို ဖြတ်ရာတွင်၊ မိမြတ်ဖရင်း၊ ဆွေခပင်းတို့၊ ကိုယ်ချင်း မစာ၊ စွန့်ပစ်ထား၍၊ ရှောင်ရှားခွာ၊ ကိုးရာမဲ့အောင် ဖြစ်ပါသည်။ မယားပီသွာ၊ ကျွန်မသာလျှင်၊ သဒ္ဓါထိန်းစောင့်၊ သဘောဖြောင့်၍၊ မအောင့် မအည်း၊ လင့်သည်းညည်းကို၊ ကြည်း၍ ခံရပါတော့သည်။ ကြည်ကြည်ဖြူဖြူ၊လင်ကိုမြတ်နိုး၊ဂူပုထိုးသို့၊ ကိုးကွယ်သူကို၊ နတ်လူ ချစ်ခင်၊ သေသည် ဖြစ်လည်း၊ မညစ်မနွမ်း၊ နတ်ဘုံကိုလှမ်းတယ်လို့၊ ကျမ်းအထင်၊ လင်ကိုရင်းထား၊သေလျှင်ဆတ်ဆတ်၊ခြောက်ဘုံနတ်ကို၊ အမြတ်စားရအောင်၊ လင်အား လှုပ်ကျွေးမွေးပါသည်၊ ကျေးဇူးသခင် ရှေ့နန်းရှင်ဘုရား။

မင်းကြီးဆို။ ။မှူးမတ်များ၊ ၊ပေါင်တို လင်မယား၊ သင့်စကားကို၊ သူများမသိ၊ ငါတစ်ပါးသာ၊ သင့်ကြောင်းလျှာကို၊ စိတ်ဖြာချင်း၍၊ အလင်းသိတော်မူနိုင်သည်။ သင်းတင်ကဲ့ စကား၊ သွေးချောက်ချား၊ မုသားစင်စစ်၊ တကျွာဗလပိန်း၊မစောင့်ထိန်းတဲ့၊ မိန်းမညစ်၊ သင်းဖြစ်သမျှ၊ ကြောင်းမူလကို၊ ပထမပြန်၊ဇာတ်ရင်းလှန်၊ အမှန်ငါက ပြောတော့မည်။ သဘောနှင့်နားထောင်ကြ မှူးတော်မတ်တော်များ၊ ၊ပေါင်တိုလင်မယား၊သင်းတို့ကား၊အခြားမဟုတ်၊ မြို့အုပ် ဟောမာ၊ မင်းသဝးစဥ်က၊တောဝင်ရာ၊ ပါတည့် မြောက်သား၊ အင်္ဂါယုတ်ကို၊ လင့်လုပ်ချစ်ခင်၊ ခေါင်းထက်တင်၊ သင်းပင် မှန်တော့သည်တကား။ ခြောက်ပါးညီနှင့်၊ ခေစီမယ်လျှ၊ ငါ့ခယ်မတို့၊ ဆုံးကြသည့်နောက်၊ သင့်ကိုကြင်နာ၊ သက်ပမာ၊ ငါစောင့်ရှောက်၍၊ ကျောနောက်ပိုးလွယ်၊သဲပူစခန်း၊ခရီးကြမ်းကို၊ လှမ်းခဲ့တယ်။ ညှိုးငယ်မှုပန် ရေငတ်ပြန်လျှင်၊ သန်လျက်နှင့်လှီး၊ ငါ့ပေါင်သွေးကို၊ ငါပေးပြီးမှ၊ မြစ်ကြီးဂင်္ဂါ၊ ရောက်ကြရာတွင်၊ မျောလာဆယ်ထား၊ ငါသနား၍၊ မွေးစားသုတ်သင်၊ သင်းမိန်းမဆိုး၊ လူခြေကျိုးကို၊ မြတ်နိုးခင်၊ သူ့လင်လုပ်၍၊ ကျင့်ယုတ်ရှုံ့စောင်း၊ ငါလင်ဟောင်းကို၊ သေကြောင်းကြံ၊ တောင်ယံစွန်းက၊ သင်း တွန်း၍ ချရော့၊ ကမ္ဘာသကာ၊ လှည့်လည်သင့်၍၊ ဖွတ်မင်းနှင့်တွေ့ရာတွင်၊ ဝိုက်ပွေ့ယူငင်၊ ကျောမှာတင်၊ တိုင်းခွင် အရောက် ပို့လိုက်သည်။ ငါကောရာ၊ ရိပ်မြူလှစ်၍၊ မင်းဖြစ်သည့်နောက်၊ သင်းတို့လင်မယား၊ ငါ မင်းများကို၊ လားလားကောန်၊ မသိဟန်ကြောင့်၊ ငါ့ထံရောက်၊သံကောက်ကိုးစင်း၊ သစ္စာမလိမ်း၊ အလွန်စိမ်းတဲ့၊ မိန်းမဖျင်းကို၊ သချိုင်းသို့ငင်၊ ကားတိုင်ဘင်၊ သင့် လင်ပါ သတ်ကြ မှူးမတ်များ၊

[မင်းကြီး၏ မွေးဖွားသော နံတော်နေ့ဖြစ်၍ မသတ်ဘဲ မှူးမတ်တို့က ပေါင်တို လင်မယားကို ခစ္စ ထောင်တွင် သွင်းထားစေ။]

မင်းကြီးသတိရ၍ပြန်ဆို။ ။မှူးမတ်များ၊ မြောက်မထားမ၊ မိဒုက္ခနှင့်၊ ခြောက်စတုံးတို၊ ညောင်ချင်းအိုတို့ကို၊ စောက်လှိုတံကျင်၊ ကားတိုင်တင်၊ ပိညာဥ်ပြတ်ကြစေလေပလား။ သချိုင်းသို့ထုတ်၊ အူသည်းနုတ်၊ ထိုးခုတ်ဖြတ်ကြစေလေပလား။ ခြားနားအောင် တင်ကြ မှူးမတ်များ။

ဝန်တင်စေ။ ။မြင်းမိုရ်တောင်လက်၊ဇမ္ဗူချက်ဒ်တွင်၊ ငွေရွက်ရိပ်ကြာ၊ မင်းတစ်ရာလုံး၊ ရွှေစက်အုံး၍၊ ညွတ်ရုံးလာ၊ ဒီပါသောင်းလုံ့းရှင် ဘုရား၊ ၊တင်ပါသည် ဘုရား။ ကျေးတောသူမ၊ မိဒုက္ခနှင့်၊ ခြောက်စတုံးတို့၊ ညောင်ချင်းအိုတို့ကို၊ လူဗိုလ်တကာ၊ ရှောင်ကြဥ်ရာ၊ မမ္မတာမလေ့၊ သည်ယနေ့မှာ၊ ဘုန်းဟော့ထွတ်ထား၊ မင်းတရား၏၊ ဖွားနံတော်မြတ်၊ ပြက္ခဒိန်မှာ၊ ကြိုင်ကြိုက်လာ၍၊ ဆိုင်းကာရပ်၊ မသတ် ထောင်မှာထားပါသည်။ နက်စန်လင်းလျှင်၊ သချိုင်းသို့ဆောင်၊ ကြမ္မာကောင်တို့ကို၊ ဆုံးရှုံးအောင် စီရင်ပါတော့မည် ဘုရား။

မင်းကြီး ထင်မံ၍ ထုတ်ပြန်စေသော အမိန့်။ ။မှူးမတ်များ၊ ၊မောဓိဆုပန်၊ ဝါဘုန်းလျှံသည်၊ဥာဏ်တော်ရှိလျက်၊ သတိဖျက်၍၊ ရမွက်ကြီးမား၊ ကိုယ့်မယားကို၊လိုက်စားယုံကြည်မိခဲ့သည်။ ဆိပ်ရည်ပေါက်ပေါက်၊ တောမြွေဟောက်ထက်၊ လန့်ကြောက်ဖောင်းရွာ၊ ကီလေသာနှင့်၊ တဏှာကြီးလှ၊ အသစ်မြင်လျှင်၊ လင်ကိုသတ်၍၊ ကြံတတ်လှ၊ မိန်းမတိုင်းပင်မှတ်ရမည်။ မြွေ၏လျှာနှင့်၊ ဖွတ်လျှာသဏ္ဍာန်၊ တစ်လင်နှင့်မှ၊ အားမရ၍၊ နှစ်ခွကြံ၊ ဖောက်ပြန်မြဲသာ မှတ်ရမည်။ မြတ်သည်ယုတ်သည်၊ သည်နှစ်တည်၊ အရှင်မင့်၊ အတောက်ကြီးတဲ့၊ မီးပုံကဲ့သို့၊ ထည့်သမျှပြောင်၊ အကုန်ဟပ်၍၊ ပုံမှတ်ဆောင်၊ ကျွမ်းလောင်စမြဲ ဖြစ်ချေသည်။ လူကိုယ်မှာကော၊ ဘာမပြောနှင့်၊ ခွေးချောဝက်ပါ၊ ရှောင်မညှာ၊ တွေ့ရာလု၍၊ လင်ပြုတယ်၊ မဖွယ်စကောင်း၊ လက်တစ်ချောင်းနှင့်၊ ခနောင်း ရစ်ခွေ၊ သမုဒ်ရေကို၊ ကုန်စေအသစ်၊ ယူ၍ပစ်၊ ဖြစ်နိုင်မည့်သာ၊ ငါ့မယားကို၊ ငါကားရက်ရော၊ နိုင်သော်ကောလို၊ မပြောရာ၊ ကျမ်းလာမျက်မြင် ဖြစ်တော့သည်။ ယုတ်ညစ်ပါပ၊ မိဒုက္ခကို၊ ပရမခန္တီ၊ အလောင်းတို့ဘမ်း၊ သုံးစံမြမ်းနှင့်၊ ကျမ်းကိုမှီ၊ ပါရမီ ဖြည့်တော်မူမည်။ သင်းတို့နှစ်ယောက်၊ အကြံကောက်ကို၊ သတ်ဖောက်တန်လျက်၊ သည်းခံဆင်ခြင်၊ ပြည်ကနှင်၊စီရင်ထုံး မြတ်ရမည်၊ မှူးတော် မတ်တော်များ၊ ။

ပဒုမပြဇာတ်ပြီး၏။

အရှင်နန္ဒိယ (ဝန်းသို)
အဆောင် ( ) အခန်း ( )
နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်
နန်းရှေ့၊ မန္တလေးမြို့

# ရေသည်ပြဇာတ်

## (ဂင်္ဂါမာလဇာတ်)

(ဗာရာဏသီပြည့်ရှင် မင်းကြီး၏သားတော် ဥဒယ ကုမ္မာ မင်းသား တက္ကသိုလ်ပြည်သို့ ပညာသင် သွားစေ။ တက္ကသိုလ်ပြည်က အပြန်၊ လမ်းစခန်း၌ နားနေစေ။)

တစ်ခန်းရပ်

...........

### ရေသည်ယောကျ်ား ရေရောင်းထွက်ခန်း

မာရာဏသီမြို့ မြောက်မျက်နှာက ရေရောင်း ယောကျ်ား ထွက်ဆိုရန် စကားမှာ-

ပြေ လူ့ဘုံခန်းဝါ၊ လူ့ပြည်ရွာမှာ၊ ဝမ်းစာခဲခက်၊ မုရင်းထမင်း၊ ချဉ်ပေါင်ဟင်းနှင့်၊ ဆန်တွင်းက နက်လွန်းလို့၊ အသက်ရှိစဉ်၊ မသေခင်ကိုကြောက် လျှင်ကြီးဆန်၊ နီတာလုံနှင့်၊ ငါးသန်သေးနုပ်၊ ရေလုံပြုတ် များကို၊ တစ်လုပ်ကယ်ဝဝ၊ စားလိုက်ရလျှင်ဖြင့်၊ အာဂ ပါးစပ်၊ လျှာဖြစ်ကျိုးနပ်လေလင့်၊ မရပ်မနား၊ ရေကိုရောင်း လို့၊ ဝမ်းကြောင်းပါပြားကတဲ၊ စားရသည့်နေ့၊ တစ်လ လုံးတွင်မှ၊ သုံးနပ်လောက် ကယ်သာ တွေ့ရတယ်။ ငွေနှယ် ကြေးနှယ်၊ ဘဟာနှယ်များကို၊ ကွယ်လေလင့် ပိတ်ပိတ်ပျောက်၊ အမွဲတကာ ထွတ်ခေါင်၊ ခွတ်မင်း နောင်မှာ၊ ပြာတောင်ကြီး ပေါက်ကရော့၊ ပြောင် မြောက်အောင် မွဲနိုင်တဲ့ ငါ့ကိုယ်နော်။

ဟယ် သို့သော်လည်း ယောကျ်ား၊ ကံရှေ့သွား၊ ကံထားရာဟဲ့၊ မနေ့နဲ့ပါဘူး၊ အလှည့်သင့်ချက်ပိုင်၊ ကြက် ကန်းခွပ်လို့၊ ပွဲကျွတ်အောင် နိုင်သေးသပ၊ ကြံ့ဆိုင်လို့ တကယ်၊ ချက်ကောင်းကို တွယ်မိလျှင်၊ ရေသည်မောင် မောင်၊ လူဖနလူ လို့၊ ရွှေချသလို ပြောင်လိမ့်မယ်၊ အဆောင်တော် ရေအိုးနှင့်၊ ဆိုင်းထမ်းပိုး စုံအလင်၊ ရေချိုကို ဆန်နှင့်လဲရအောင်၊ မြို့ထဲသို့ ဝင်တော့မယ်၊ မှန်ပိုင်းရှင် တော်သုံးက၊ ရေပုံးကြီးဆက်။

တစ်ခန်းရပ်

...........

### ရေသည်မိန်းမ ရေရောင်းထွက်ခန်း

မြို့တောင်မျက်နှာက ရေရောင်းမိန်းမ ထွက်ဆိုရန် စကားမှာ-

ပြေ မာ ရာ မည် ခေါ်၊ သည် ပြည်တော်မှာ၊ အကျော်ဇေယျ၊ ခေါင်မှာ စွဲအောင် မွဲတေလှတဲ့၊ ကျွန်မကိုယ်ငယ်။ တစ်ခါတစ်ရံ၊ လောကစံမှာ၊ ကံ မျက်စိ လပ်လို့မှ၊ ပြောင်နိုင်တယ်မရှိ၊ ရေရွက်လို့ ရောင်း၊ ဝမ်းကို ကျောင်းရတယ်၊ ခေါင်းကျိန်းလို့ ရှိခဲ့ပြီ၊ ဝဲဖွစ့တစ်ဝက်၊ ပြောင်းတစ်ဝက်နှင့်၊ ဆန်ပြက် သိကာ၊ ပါခြကောင်းလို့ ပါခြတာတယ်။ ဟင်းလျာက ပီလော၊ လည်ချောင်းကိုမြေလှန်၊ ဂလို့ဆန်အောင်၊ စုံကန်လို့မျောရတယ်၊ ကောလိုက်တဲ့ကံ၊ မုရင်းဆန်နှင့် ပွဲရန် ချဉ်ပေါင်၊ ကြွားနိုင်တဲ့မောင်များကို၊ လူ့ဘောင် တွင်တစ်ခါ၊ ကြိမ်စမ်းချင်ပါဘိ၊ ဇာတာထွန်းပေါ်၊ ကံနိုးဆော်လို့၊ မတော်တဆ၊ မုရင်း မောင်မောင်၊ ဦး ချဉ်ပေါင်ရို့နှင့်၊ အိမ်ထောင်များကျခါမှ၊ ဝဝကြီး ပေါင်းလန်း အောင်၊ ဝမ်းစည်းစိမ် ခံတော့မယ်၊

ခြေဉ် တောင်ကြီးမြောက်ကြီး၊ ဘရုံ ဇကောက်တီး၊ ဆင်းရဲခန်းကို၊ နိဒါန်းသွယ်လို့၊ ဘယ့်နှယ်ပင် ညည်းကတဲ၊ ဆန်နီးမယ်မဟုတ်၊ ရေကြပ်ကြပ် ရှောင်းနိုင်မှ၊ ပြောင်းဆန်ကို ကုပ်မိမယ်၊ စုတ် ပေ တောင့်ထဘီ၊ အစပ်က တစ်ရာ၊ အဖာက ဗရပျစ်၊ မှောင်းကျအောင် ညစ်ပါတဲ့၊ ပဆစ်အိမ်ကို၊ သုံးလွန်းလိမ် ခါးတွင်ထိုးလို့၊ မြရအိုးကိုရွက်၊ မူရာတော်ချွဲနှောင်းနှင့်၊ ရေချိုးရှောင်းထွက်တော့မည်။ ကိုးမျက်စုံ မှန် ပိုင်း၊ လယ် က၊ ရေသည်ကိုနေမမြင့်ရအောင်၊ အိုးပင့်တော် မူလိုက်စမ်း မောင်ကြီးရှင့်။

တစ်ခန်းရပ်

.... .... ....

(တက္ကသိုလ်ပြည်က ပြန်သော မင်းသား ထ၍၊ ပြည်တော်သို့ရောက်စေ၊ ခမည်းတော်နတ်ရွာစံနှင့်သော ကြောင့်၊ မှူးမတ်တို့ကနန်းတင်စေ၊)

တစ်ခန်းရပ်

............

## ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမတို့ မေတ္တာမျှခန်း

အထက်က ရေသည်ယောကျ်ားနှင့် ရေသည့်မိန်းမတို့ တွေ့ကြရာ-

**မိန်းမကဆိုရန်။** ။ဝါးကွဲထမ်းပိုး၊ ခိုင်းပေါင်ကျိုးနှင့်၊ ပုဆိုးညစ်တော၊ ရှောင်ထမ်းစေ့မှတ်၊ ခေါင်းမွေးစုတ်တဲ့၊ ကျုပ် ဖအေငယ်။ ။ရေကို ရှောင်းစား၊ မောင့်စွမ်းအားနှင့်၊ စီးပွားတစ်နှစ်၊ ဘယ့်လောက်များ ဖြစ်ပါတုန်း၊ ။စစ်စစ် ပေါက်ပေါက်၊ ဝမ်းရေးလောက်၍၊ စားသောက်သည့်ပြင်၊ လက်ကပ်ခြေကပ်၊ ပိုမိုမြတ်လို့အဖတ်တင်၊ အိမ်တွင်ထုပ်ရ၊ ကျုပ်မောင်လှမှာ၊ ငွေစ ဘယ့်လောက်များသလဲ။ ခါးဝတ်လဲမှာ၊ မလွှဲစင်စစ်၊ မျက်မြင်ဖြစ်၍၊ မစစ်သာဘူး၊ ဗလချာ ချွတ်ဖြို၊ ဖွားဘက်တော်မှမပေါ်ရှုံ၊ လုံအောင် အနိုင်ဖုံးရတယ်။ စားဖွယ်သောက်ခင်း၊ ဘယ်ထမင်းနှင့်၊ ဘယ်ဟင်းချဉ်ချို၊ ဘယ့်နှယ်များ မျိုးရတုန်း ၊နှမလို စိတ်ကစွဲလို့၊ ဖြစ်နည်းကိုပြန်စမ်းပါ မောင်ကြီးရယ်။

**ရေသည်ယောကျ်ားဆို။** ။ဆံထုံး တော်ကြီး၊ တမာသီးနှင့်၊ ခါးစည်းဝတ်လဲ၊ ချုပ်စမြဲကို၊ တဲ့အစ်နှင့်တွယ်၊ လူမြင်သမျှ စိတ်ပျက်အောင်လှပါတဲ့၊ မမြရသည်၊ ။ကုန်သွယ် ရေရှောင်း၊ စီးပွားကြောင်းနှင့်၊ လူကောင်း ကိုယ့်မောင်၊ ရှန်းလှဆောင်၊ ဝမ်းအောင်စား၍၊ ခါးဝတ်တဲ့ပြင်၊ လက်ကပ်ခြေကပ်၊ ပိုမိုမြတ်လို့၊ အဖတ်တင်၊ အိမ်တွင်အများ၊ သံသေတ္တာနှင့် လုံစွာထား၊ ငွေသားလေးရွေးရှိပါတယ်။ သည်ပစ္စည်းတွေ၊ လေးရွေးငွေကြောင့်၊ စိတ်သေသက်ချ၊ မအိပ်ရနိုင်ဘူး၊ ညမှူညလူ၊ သူခိုးများပူလွန်းလို့၊ ကိုယ်ထူ ကိုယ်ထ၊ ကင်းဝတ်လှည့်၍ စောင့်ခဲ့ရ၊ ကာလမနည်းကြာပါပြီ။ ညစာ နံနက်၊ စားရရက်မှာတော့၊ မြက်သီးရောရာ၊ မုရင်းဆိုတဲ့၊ ဆန်အိုတာကို၊ ရတနာချဉ်ပေါင်၊ ငါးပိအလျှင်း၊ ဆီမဆင်းတဲ့၊ ဟင်းများနောင်နှင့်၊ အာခူခါင်ကိုဆွတ်၊ မဝင်မချင်း၊ လည်ချောင်းကို စင်းပြီးလျှင်၊ အတင်းသာသွတ်ရတယ်၊ ခါးဝတ်လဲမှာ၊ မျက်မြင်ပါပဲ၊ ဥစ္စာပြည့်စုံ၊ နေ့ရက်နှင့်၊ ကုံလုံဘိခြင်း၊ မသိမ်ဖျင်းပါဘူး၊ လူဆင်းရဲမမှတ်ပါနှင့် အမိငယ်။

**ရေသည်မိန်းမဆို။** ။ငွေလေးရွေးနှင့်၊ ဓနအောင်ကြွယ်ဝ၊ ဥစ္စာပေါတဲ့၊ ဇောတိကငယ်၊ ။နှမမှာလည်း သည်လိုပဲ၊ မြေထဲသို့မြှုပ်၊ ကိုယ်သဘောကျ၊ ခင်ပွန်းများ ရခဲ့လျှင်၊ သူဌေးမ လုပ်မယ်လို့၊ ငွေထုပ်ကြီးမား၊ လူမသိအောင်၊ ဖုံးဖိလို့ ထားလိုက်တယ်၊ စီးပွား ဆောက်ဦး၊ ကံချင်းပဲ နီးရေ့ထင့်၊ မောင်ကြီးနှင့်တူရာမှာ၊ ငွေဖြူလေးရွေး ရှိပါတယ်။ သည်ငွေ လေးရွေး၊ ဥစ္စာဝန် လေးလွန်းလို့၊ အရေးမတော်၊ ခိုးသူလုယက်၊ မင်းနှိပ်စက်၍ ဖျက်ခဲ့သော်၊ ကူဖော်လောင်ဖက်၊ မရှိလျှင် ခက်တာမို့၊ နှစ်သက်လောက်သူ၊ စည်းစိမ်ကြီးကို၊ ထီးလိုအုပ်၍ ချုပ်မည့်သူကို၊ တစ်ဆူယောကျ်ား၊ ဇမ္ဗူမှာ ရှားလွန်းလို့၊ လင်သားမယူ၊ အပျိုကြီးလုပ်၍၊ ရွက်အုပ်သီး ပူရတယ်၊ ကံတူတဲ့မယ့်သခင်၊ ဘယ်ခါမှ ရှုရှိုးလို့၊ ရွှေပွန်းရည် ချဉ်မယ်သိ၊ ထင်ရမွက် ကယ်နှင့်၊ စောင့်လျက်သာ နေရပါတော့တယ် ကျုပ်မောင်ငယ်။

ရေသည်ယောက်ျားဆို။ ။သုံးစွဲမကုန်၊ တောင်နှယ်ပုံ၊ ငွေမှုန်လေးရွေး၊ဖြိမ့်အောင်ကြွယ်တဲ့၊မယ်သူဌေးငယ်၊ ။ရွှေးလွန်းလျှင် မရ၊ သေးလွန်းလျှင် မလှတဲ့၊ ရှေးကပုံထား၊ လူ့ထဲမှာနေ၊ လူ့ဖြစ်တွေကို၊ အကျေသားနှင့်၊ ဇာတ်သွားရှည်အောင်၊ အရေးဆောင်လို့၊ ကြွေ့ချောင်စေဝှစ်၊ ဘောက်စရာလုပ်ရတုန်း။ ငွေထုပ်ချင်းတူ၊ လူရွယ်ချင်းမျှ၊ အလှချင်းနတ်ဇက်၊ တိုင်း၍ရက်တဲ့ ပက္ကလာ၊ မိုးရွာသည်နှင့် အခန့်သင့်၊ အခွင့်ဆီဆိုင်၊ အတိုင်အလှဲ ၊အစပ်ဖြင့်တဲ့လှပေါ့၊ ဂျင်ပဲ့ချင်း ပေါက်ကြစို့၊ နောက် မ ဆုတ် တမ်း၊ သည် ယနေ့တွင် ဖြင့်၊ ဘီးလူးတွေ လက်ရသိမ်းလို့၊ အစိမ်းဖမ်း ဖမ်းတော့မည်၊ ပတ်ကြမ်းတီး ပွဲပြီးစေကြစို့ငွဲလေ အမိရယ်။

ရေသည်မိန်းမဆို။ ။မကြီးသက်လှယ်၊ မျက်ထားချိတဲ့၊ ကို ရေ သည် ငယ်၊ ။ချစ်တယ် ကြိုက်တယ်၊ အတင်းအကြပ်၊ နောက်ပိုးထပ်လို့၊ တောက်တဲ့ကစ်တွယ်လေသည်၊ ဘယ့်နှယ်တုန်းခုတင်ခု၊ အရပ်မှဆော်သလို၊ တော်ရုံပင် သော့ပါရော့၊ ပေါ့ပေါ့ တန်တန်၊ ဟင်းရွက်ကန်စွန်း၊ သရေနွမ်းအောင်၊ တ ရ တွန်းကြီတယ်လို့၊ ဟန်ပန် ရနိုင်ပါ့မလား။

တစ်နပ်စားမကြီ၊ တကယ်တန်း မှန်ပါလျှင်၊ စားရန်ခန်းဝင်၊ သေတ္တာနှင့် အလေး၊ ငွေ လေးရွေးကို၊ ကြိုက်ကြေးတင်မှ၊ အကြင် လင်မယား၊ လူနှင့်တူလို့ လွှခံ့ညားတော့မပ။ ငွေသွားလို့ယူ၊ ငွေ မြင်လျှင် ရာင်လုပ်မည်၊ အဟုတ်ပ ဟာလူရယ်၊ ဇမ္ဗူလုံးနတ်၊ တို့မင်းမြတ်မှာလည်း၊ ပြာ သာဒ် ဘုံ ပုံ၊ နန်းသိမ်းပွဲခံလိမ့်မည်။ ပန်းမန်နံ့သာ၊ လိမ်းကျံကာနှင့်၊ ကြင်ရာမကွဲ၊ အချိုဝယ်လို့၊ ပွဲလယ်မှာ တည်ရအောင်၊ ပဝက်သပြာ၊ လေးရွေးဟာကို၊ မြန်စွာသာ ယူချေတော့မောင်ကြီးရယ်။

ရေသည် ယောက်ျားဆို။ ။ဟဲ့ ဘကြီး သား၊ တစ်ခါများဖြင့်၊သိကြားစောင်မ၊ မယားလည်း ရပေပြီ၊ လူတကာ့နည်း၊ ကြင်ရာနတ်ဇက်၊ မောင်ကြီးသက်ကို၊ လက်ချင်းငယ်တွဲ၊ မင်းပွဲသဘင်၊ မုန့်ပဲစားလို၊ အခဲသားဝင်ရအောင်၊ ငွေစင်ပဲဝက်၊ မသုံးရက်တဲ့၊ အနဋ္ဌရတနာ၊ မြောက်မြိုရိုးကြား၊ ငါ့ဝှက်လို့ထားခဲ့တဲ့၊ ကြေးများစွာကို၊ မကြာချက်ချင်း၊ မိုးနှင့်အတူ၊ ကျိုက်ဆူတဲ့၊ သဲပူတွင်းမှာ၊သိုင်းနင်းကွက်ကျ၊ ရေသည်မလူ၊ ကြင်သည်းအူ၊ ငွေစယူကြတော့မည်၊ ဗေဒ္ဒုဝစောင်း၊ အကြောင်း လင်း၊ ငါးကွင်း ဥ သျှောင်၊ နတ်မင်းဆောင်တဲ့၊ သန်းကောင်မောင်း၊ ခုနစ်ချောင်းညို့၊ ဆိုင်ရာကို ပြီးလျှင်၊ ချောပို့တော် မှ လိုက် စမ်း ကိုးရှာစား။

တစ်ခန်းရပ်

.............

ရေသည်ယောက်ျားနှင့် ဥဇယမင်းကြီး တွေ့ခန်း

ရေသည်ယောက်ျား မရပ်မနား ပြေးသွားသည်ကို မြင်သောကြောင့်—

မင်းကြီးဆို။ ။မြင်းမိုရ်မြောက်ယံ၊ တန် ခိုးထန်သည့်၊ ကျွန်းမျက်များထီး၊ ဝေသာဝက်နတ်၊ ပုံနှိုင်းစပ်တဲ့၊ အမတ်ကြီးတို့ ၊ ၊ငါဘုရင်သည်၊ ဥ ကင် ညာ မော်၊ နန်းမြင့်ပေါ်က၊ ရွှေးတော်ယူပြင်၊ ရှုံးရှေ့ခွင်သို့၊ မျက်ရှင်လျှံမောင်း၊ ရွှေမှန်ပြောင်းဖြင့်၊ လမ်းကြောင်းတူရှု၊ ရှုစားတော်မူရာတွင်၊ လူတစ်ယောက်ဟာ၊ အပူမစဲ၊ မီး လောက် ရဲ တဲ့၊ သဲပြင် သာ မှာ၊ နေဝါ ညီးညီး၊ မွန်းတည့်တုန်းနေ၊ အခိုးဝေတဲ့၊ နေပူကြီးမှာ၊ လက်သီးချီမြောက်၊ လက်ပန်းပေါက်နှင့်၊ ဝမ်းမြောက်အူရှင်၊ ကကာပြေးလို့၊ဟန်ရေးဆင်၊ ဖြစ်အင် ထူးလှပါတကား။ ကျော်လွှားခုန်ပေါက်၊ တီးလက်ဖျောက်နှင့်၊ မြောက်သို့တူရှု၊ မျက်နှာမူ၍၊ပူမှန်းမသိ၊ ချွေးတလုံးလုံး၊လမ်းမဆုံးအောင်၊ ပြေးတုန်းပင်ရှိသေးသည်။ ပီတိရွှင်ရွှင်၊ အူကိုလေပင့်၊ မျက်နှာပွင့်တဲ့၊ ချင့်ရှုပ်သွင်မှာ၊ ဘဝင်မြူးလှပါတကား၊ ဖြစ်လျားကြောင်းရေး၊ မှန်ရာကို မေးရအောင်၊ ပြေးတဲ့လုလင်၊ မဝေးခင်၊ လျင်စွာခေါ်၍၊ ရှေ့တော်သို့သွင်းခဲ့ကြ အမတ်ကြီးများ။

အရပ်သား ရှေ့တော်သို့ရောက်လျှင်—

မင်းကြီးဆို။ ။လုလင်ယောက်ျား၊ အရပ်သားငယ်၊ အများတကာ့ စမ္ဗတာနှင့်၊ နင့်မှာမတူ၊မွန်းတည့်တုန်းနေ၊ အခိုးဝေတဲ့၊ သဲမြေပူမှာ၊ တစ်ရှူမနား၊

ကလျက်ပြေးကာ၊ ဝမ်းပန်းသာတဲ့၊ ကြောင်းလျာများကို၊မုသားမဖန်၊ ဟုတ်တိုင်းပြန်၊ အမှန်တင်စမ်းဟဲ့ အရပ်သား။

ရေသည်ယောက်ျားတင်။ ။တင်ပါသည်ဘုရား၊ ကျွန်တော်ငမွဲ၊ လူဆင်းရဲမှာ၊ ရင်ကွဲလုမျှ၊ ရေရောင်းလုပ်စာ၊ တစ်သက်လုံးရှာလို့မှ၊ သည်တစ်ခါရဖူးတဲ့ ငွေစငွေညှို၊ ပဲဝက်ခန့်ကို၊ ရွှေနန်းသနင်း၊ ဘိသိက်ပွဲကျင်းရာတွင်၊ လူချင်းတူတူ၊သူများနည်းပင်၊ ငွေစရိတ်ဖြုန်း၊ ဝယ်ကာသုံး၊ လူလုံးပြ ဝင်ချင်လို့၊ ချစ်ခင်သက်ထား၊ ကျွန်တော်မျိုး မယားကာ၊ သွားဦးယူချေ၊ အပြင်း စေသောကြောင့်၊ နေပူမရှောင်၊ သဲလောင်မစိုး၊ မြောက်မြို့ရိုးမှာ၊ ကြိုးကြိုးစားစား၊ ဝှက်၍ထားခဲ့တဲ့၊ ငွေသားလေးရွေး၊ ပဲဝက်ကြေးကို၊ အပြေးမြန်စွာ၊ ယူမယ်လို့ လာပါသည်၊ ထိပ်ချာ ရွှေနန်းရှင်ဘုရား။

မင်းကြီးဆို။ ။ဖြစ်ရလေနဲ့ ၊လူဆင်းရဲငယ်၊ ၊ ပဲဝက်သပြာ၊ တဆိတ်စာနှင့်၊ ကျီးရာမဲ့သီး၊ နေပူကြီးကို၊ တထီးလွှားလွှား၊ နင့်မယားက၊ စေစားခိုင်းခန့်၊ ခရီးနှယ်ဆန့်ပလေ၊ ရွှေနန်းမြောက်ကို၊ ခြောက်ယူဇနာ၊ တောင်မှာထို့ဟန်၊ ၁၂-ယူဇနာ၊ သချာမချို့၊ တာငန်းဖို့တဲ့၊ မြို့နှစ်ပြန်ကို၊ မြူဆန် လောက်သေး၊ ပဲဝက်အနေ၊ ကြိတ်စာကျေတဲ့၊ငွေကလေးနှင့်၊ ဓားကိုမတာ၊ သက်စွန့် ကြိုးပမ်း၊ သွေးသန်ပင် ခန်းလောက်အောင်၊ တရကြမ်း လာခဲ့တယ်၊ ယူဇနာတာထောက်၊တစ်ဝက်လည်းရောက်ကပြီ၊နောက်ကိုလော၍၊ တရော ကပါး၊နင်မသွားနှင့်တော့၊ နင်ထားတဲ့ငွေညှို၊ ပဲဝက်ခန့်ကို၊ သန့်သန့်ရှိစေ၊ အခြားရှစ်ရွေး၊ တစ်ပဲ ကြေးကို၊ ငါပေးမည်။ ခွန်ရှည်ခရီး၊ နေပူကြီးကို၊ ချွေးစီးတစ်ဖြာ၊ မပြေးပါနှင့်တော့၊ သည် သပြာ ငွေ တစ်ပဲနှင့်၊ ရောင့်ရဲလို့နေပါတော့ ဟဲ့ အရပ်သား။

ရေသည်အရပ်သားတင်။ ။တင်ပါသည်ဘုရား၊ သနားတော်မူ၊ တစ်ပဲဆိုတဲ့၊ ထိုငွေဖြူကိုလည်း၊ ခံယူပါမည်။ ရေကြည် ရောင်းခ၊ အဖိုးရတဲ့၊ ငွေစလေးရွေး၊ မြို့ရိုးကြားမှာ၊ သူနေရှာတဲ့၊ ဟိုဟာကလေးကိုလည်း၊ ပြေး၍ ယူချင်လှပါသေးသည်။အထည်အထုပ်၊ ငွေစသာ ဟုတ်ပါစေ၊ဖြုတ်မှုက်လုံးလောက်၊ သေးလို့ပင်ပျောက်ကတဲ၊ မထောက် မရှု၊ အနည်းငယ်မျှကိုလို့၊ တယ်ကရ မပြုသင့်ပါဘူး၊ ဝတ္ထုကာမဂုဏ်၊ ငွေစနှင့် ကြုံသောအခါ၊ အာရုံကိုဖြတ်နိုင်ခဲလှပါသည် ရွှေနန်းရှင်ဘုရား။

မင်းကြီးဆို။ ။လုလင် ယောက်ျား အရပ်သားငယ်၊ ၊သွားမည့် ခတောင်သာ၊ ယူဇနာခြောက်ပြန်၊ ဆမတန်၊ကန္တာရကွာသေးသည်။ပူဆာညှိုးနွေး ပင်ပန်းလို့ သေရေ့မည်၊ နင့်ငွေကိုထား၊ သဲပူပြင်ကို နင်မသွားနှင့်၊ မယားကြင်ရာ၊ နင့်သည်းချာမှာ၊ မျက်နှာရသလောက်၊ စိတ်ရွှင်လန်း ဝမ်းမြောက်အောင်၊ လက်ရောက်မနွေး၊တစ်သောင်းသပြာ၊ချိန်တစ်ရာကို၊ခုမကြာ ပေးမည်ဟဲ့။ ဝေးလှသည့် နေရာ၊ မြို့ရိုးမှာဝှက်ခဲ့တဲ့၊ ပဲဝက်ဟာကို၊ မဘာမတ္တယ် တဏှာကို ပယ်ပါရော့၊ ကိုယ်ဝယ်အသက်၊မထောက် မထား၊ မတော် သွားမိလို့၊ ဆုံးပါးပျက်ခဲ့လျှင်၊ ပဲဝက်သပြာ၊ မကယ်ရှာပေဘူး။ မြန်မာချိန်ငွေစ၊ဘစ်ရာပင်ရမှုကို၊ စိတ်ချ၍နေပါတော့လေဟဲ့ အရပ်သား။

(သည်အခန်းတွင် တစ်ပဲ၊တစ်မူး၊တစ်မတ်ကခ၍ ဆထက် ဆထက် ပေးသည့် စကားမှာ စကားစန်ချပ်၍ပြောစေ)

ရေသည် အရပ်သားတင်။ ။တင်ပါသည်ဘုရား၊ ၊ သနားတော်မူ၊ တစ်ရာဆိုတဲ့၊ ထိုငွေဖြူကိုလည်း၊ ခံယူပါမည်။ ရေကြည်ရောင်းခ၊ အဖိုးရတဲ့၊ ငွေစလေးရွေး၊ မြို့ရိုးကြားမှာ သူနေရှာတဲ့၊ ဟိုဟာကလေး ကိုလည်း၊ ပြေး၍ယူချင်လှပါသေးသည်။အထည်အထုပ်၊ ငွေစသာ ဟုတ်ပါစေ၊ဖြုတ်မျက်လုံးလောက်၊သေးလို့ပင် ပျောက်ကတဲ၊ မထောက်မရှု၊ အနည်းငယ်မျှရယ်လို့၊ဘယ်ကရ မပြုသင့်ပါဘူး၊ ဝတ္ထုကာမဂုဏ်၊ ငွေစနှင့် ကြုံသောအခါ၊ အာရုံကို ဖြတ်နိုင်ခဲလှပါသည်ရွှေနန်းရှင်ဘုရား။

မင်းကြီးဆို။ ။လုလင်ယောက်ျား အရပ်သားငယ်၊ ၊မုန့်စားရင်းလှည်းစီး၊ ငါးနှစ်ကောင်ဖမ်း၊ငွေပဲခြမ်းကို၊စွဲလန်း ချက်ကြီးပါဘိ၊ မငြီးငွေ့လို၊ နင်သည်လောက်ဆိုမင့်၊"ပ်ုပဲဝက်ငွေ၊ဆုံးပါစေ၊တစ်ကုဋေတိတိ၊ နင့်မယားကို၊ငွေသားနှင့်ဖိလောက်အောင်၊ ကျိကျိတက် ဖွေးဖွေး၊ တစ်ခါတည်း ချွေးလောက်တဲ့၊ ငါပေးတဲ့

ငွေကုဋေကို၊ ဇာခြွေစောင့်ချုပ်၊ အသာ ယူပြီးလျှင်၊ လူလှလှ လုပ်လေတော့၊ ဟိုအုတ်ချပ်ကြား၊ . ငွေပဲ ဝက်သွားဟာကို၊ လူကြားလို့ မကောင်းပါဘူး၊ မျက်စောင်းမျှမထိုးပါနှင့်တော့ အရပ်သား။

ရေသည်အရပ်သားတင်၊ ။တင်ပါသည် ဘုရား၊ ၊သနားတော်မူ၊ တစ်ကုဋေဆိုတဲ့၊ ထိုငွေဖြူကိုလည်း ခံယူပါမည်။ ရေကြည်ရောင်ခ၊ အဖိုးရတဲ့၊ ငွေစလေးရွေး၊ မြို့ရိုးကြားမှာ၊ သူနေရှာတဲ့၊ ဟိုဟာကလေးကိုလည်း၊ ပြေး၍ ယူချင် လှပါသေးသည်၊ အထည်အထုပ်၊ ငွေစသာ ဟုတ်ပါစေ၊ ဖြုတ်မျက်လုံးလောက်၊ သေးလို့ပင် ပျောက်ကတဲ့၊ မထောက် မရှု၊ အနည်းငယ်မျှရယ်လို့၊ တယ်ကရ မပြုသင့်ပါဘူး။ ဝဏ္ဏကာမဂုဏ်၊ ငွေစနှင့်ကြုံသောအခါ၊ အာရုံကိုဖြတ်နိုင်ခဲလှပါသည် ရွှေနန်းရှင်ဘုရား။

မင်းကြီးဆို။ ။လူလင်ယောကျ်ား၊ အရပ်သားငယ်၊ ၊ဘိန်းစားဆေးငတ်၊ ဆေးမပြတ်သည့်နှယ်၊ တစ်မက်ခြင်းတဏှာ၊ အားကြီးပါဘိ၊ မဟာကုသိုလ်၊ ငါရွှေကိုယ်မှာ၊ အလိုတော်အား၊ ပါရမီပွားစေတော့၊ ဆင်းရဲသား သည်ပုဂ္ဂိုလ်လည်း၊ အလိုပြည့်စုံ၊ မင်းတို့မှာသာ၊ လူ့ပြည်ရွာမှာ၊ ချမ်းသာမှု ကုန်တော့မည်၊ ရွှေဘုံထောင်တည် ကာသိတိုင်းပါ၊ ပွင့်လှိုင်းသာတဲ့၊ ဗာရာပြည်ကို၊ ချစ်ကြည်မြတ်လေး၊ တစ်ဝက်ခြမ်းလို့၊ မင်းခမ်းပါပေးမဟဲ့၊ ဟိုရွှေးကသပြာ၊ ပဲဝက်ဟာကို၊ နေပါစေတော့၊ အစတုံးအောင်၊ စိတ်လုံးလုံးလျှော့ပေရော့၊ ရွှေနန်းကြော့ စည်းစိမ်၊ ပြည်တစ်ခြမ်းပေါက်၊ လျှမ်းလျှမ်းတောက်တဲ့၊ မြောက်စံအိမ်မှာ၊ ချမ်းငြိမ်ကျက်သရေ၊ အိမ်ရှေ့မင်းအရာနှင့်၊ ကြီးကျယ်စွာနေပေတော့၊ပြည်ကိုဝက်လို့မင်းဖက်ပြုမည်ဟဲ့ အရပ်သား။

ရေသည်အရပ်သားတင်။ ။တင်ပါသည် ဘုရား၊ ၊သနားတော်မူ၊အိမ်ရှေ့အရာ၊မင်းချမ်းသာကိုလည်းဝမ်းမြောက်စွာ ယူပါမည်၊ ရေကြည်ရောင်ခ၊ အဖိုးရတဲ့၊ ငွေစလေးရွေး၊ မြို့ရိုးကြားမှာ၊ သူနေရှာတဲ့၊ ဟိုဟာကလေးကိုလည်း၊ ပြေး၍ယူချင်လှပါသေးသည်၊ အထည်အထုပ်၊ ငွေစသာ ဟုတ်ပါစေ၊ ဖြုတ်မျက်လုံးလောက်၊ သေး၍ပင် ပျောက်ကတဲ၊ မထောက် မရှု၊ အနည်းငယ်မျှရယ်လို့၊ တယ်ကရ မပြုသင့်ပါဘူး။ (ဝဏ္ဏကာမဂုဏ်၊ ငွေစနှင့်ကြုံသောခါ၊ အာရုံကို ဖြတ်နိုင်ခဲလှပါသည် ရွှေနန်းရှင်ဘုရား )

မင်းကြီးဆို။ ။ကမ္ဘာ ရှေးလမ်း၊ နီတိကျမ်းနှင့်၊ ထုံးတမ်းညီညွှတ်၊ မင်းလိုလိုက်ဘတ်၊ မင်းကျိုးနပ်တဲ့၊ မတ်ကဝိတို့၊ ၊ငါကောရာဇ် မင်းမြတ်သည်၊ သမ္မညုဥာဏ်၊ မြိုက်နိဗ္ဗာန်ကို၊ ထဲသန် ရည်ရော်၊ ရကြောင်းမြော်၍၊ သူတော်ပီပီ၊ ဘုရားလောင်းတို့ ထုံးဟောင်းကိုမှီပြီးလျှင်၊ ပါရမီသုံးဆယ်၊ ကျင့်ထုံးနှယ်ဟု၊ သုံးသွယ်စရိယ၊ စွန့်ခြင်းငါးရပ်၊ မောခိ သတ်တို့၊ မြတ်စာဂကို၊ အရှလှမ်း၍၊ မင်ငြိမ်းထူတော်မူတော့မည်။ သည်ဆင်းရဲသား၊ မျိုးမမြတ်တဲ့၊ လူကပ်ပါးကို၊ သနားကြင်နာ၊ အိမ်ရှေ့အပ်နှင်း၊ ကြီးကျယ်ဝန်းတဲ့၊ မင်းချမ်းသာကို၊ ညာဇမ္ဗူမော်၊ သောင်းလုံးကျော်အောင်၊ ဆုတော်ပေး၍၊ အရေးလွှဲတော်မူလိုသည်။ ထီးစည်စေါယာဉ်၊ ထမ်းစင်မင်းခမ်း၊ အိမ်ရှေ့မင်္ဂလာ၊ ဆောင်းနှင်းရာတဲ့၊ စာ စာတမ်းများကို၊ စုံစမ်းဆင်ခြင်၊ အိမ်ရှေ့အပ်နှံ၊ ဗိုလ်ပေါင်းရုံ၍၊ သကြိန်ယင်၊ မြှောက်တင်ချီးမြှင့်ကြရမည် မှူးမတ်များ။

(အိမ်ရှေ့မင်းအဖြစ်သို့ ရောက်၍
ပြည်ကိုတစ်ဝက်စံ)

တစ်ခန်းရပ်

.............

## အိမ်ရှေ့မင်း ကြင်ရာတော်ကို ခေါ်လွှတ်ခန်း

အိမ်ရှေ့မင်းဆို။ ။ရာဇဝသတီ၊ ကျမ်းဝဏ္ဏိနှင့်၊ အညီမလွန်၊ ငါ့ထံနီးရင်း၊ ဥာဏ်ကျယ်ဝန်းတဲ့၊ အတွင်းဝန်တို့၊ ၊ဘုန်းဖွန်ဘုရား၊ဇမ္ဗူသနင်း၊ တစ်ဆူချင်းတဲ့၊ ထွတ်မင်းဖျားက၊ သနားကြည်ဖြူ၊ မြှောက်စားတော်မူသောကြောင့်၊ ကြီးထူ စည်းစိမ်၊ စံရွှေအိမ်နှင့်၊ ချမ်းငြိမ် ကြည်မြေ့၊ တန်းခိုးကြွေ့၊ အိမ်ရှေ့အရာရပေပြီ၊ သိင်္ဂိသော်မော်၊ ရွှေအိမ်ပေါ်မှာ၊ ဖြေဖျော်စေရန်၊ အိမ်ရှေ့မိဖုရား၊ ချီးမြှောက်စားလို့၊ ထားထိုက်

တန်တဲ့၊ ဘုန်းကံဆောက်ဦ၊ ရှိလောက်သူကို၊ ရွေးယူတိုင်းထွာ၊ လိုက်၍ရှာခဲ့သော်၊ သံသရာ ရှေးဟောင်း၊ ဘဝပေါင်းက၊ ဆုတောင်းပါကြ၊ နန်းတော်ရွှေဝယ်၊ ရေရောင်းလယ်တဲ့၊ ရေသည်မနှင့်၊ ချစ်လက်စဘောင်းရှိခဲ့သည်။ ရွေကြည်ရောင်းသူ၊ ရှေးအထက်က၊ အသက်အသွင် ငါချစ်ခင်တဲ့၊ ကြင်သည်းအူကို၊ ဇမ္ဗူမင်းစံ၊ ရွှေပိန်းမံတဲ့၊ ယာဉ်ပျံ ပေါင်းချုပ်၊ ထိန်ထိန် ညီးအောင်၊ ထီးကျိုင်းအုပ်၍၊ ကိုယ်လုပ်တော်များ၊ ရံရွေဖော်နှင့်၊ ရွှေးတော်နားတွင်၊ သွား၍ ဆောင်ချေရမည် အတွင်းဝန်တို့။

(မှူးမတ်တို့ထွက်သွား၊ မေးမြန်း စုံစမ်း ရှာဖွေ၍ ရခဲ့သဖြင့် အိမ်ရှေ့မင်းထံသို့ ရောက်၍၊ ဝမ်းမြောက်ဝမ်းသာ ကြင်နာစုံမက်ခြင်း ရှိသည်နှင့်အညီ၊ ၎င်း ရေသည်မကို အိမ်ရှေ့ မိဖုရား အရာ၌ ထား၍ စံစား ပျော်ပိုက်ကြစေ)။

တစ်ခန်းရပ်

အိမ်ရှေ့မင်း ပဲဝက်ယူ ကြချီခန်း

အိမ်ရှေ့မင်းဆို။ ။အတွင်း ဝန် တို့၊ ၊အလွန်တရာ၊ ရခဲလှာတဲ့၊ မဟာဥပရာဇ်၊ အရာ စည်းစိမ်၊ တန် ခိုးရှိန်နှင့်၊ အိမ်ရှေ့မင်း ဖြစ်ပေပြီ။ သို့ကတည်း၊ ငါ့ဝမ်းထဲမှာ၊ အခဲမကြေ၊ ပဲဝက်ခွေကြောင့်၊ မနေနိုင်အောင် ရှိခဲ့သည်။ အတည်တည် အဝဝ၊ ငါ့ကိုယ်အားကို၊ တရားချ၍ မရနိုင်ပါ။ ပဲဝက်ခန့်မျှ၊ သည်ငွေစကို၊ မတာ နှင့်လို့၊ တကယ့်သဘော၊ ငါ့ရှေ့နားက၊ ဘုရား မတ်မတ်၊ စက်စုံရပ်၍၊ အတတ်ပင် ဟောကတည်း၊ သည်ဇောကို အဟုတ်၊ ငါမချုပ်နိုင်ဘူး၊ အုတ် မြို ရိုးကြား၊ ငါ့ဖွက်လို့ ထားခဲ့တဲ့၊ ငွေသားသပြာ၊ ပဲဝက်ဟာကို၊ ကြာမဖြစ်ဘူး၊ သူတကာဦးရော့မည်၊ မှူးမတ်များက၊ ရထား ဆင် မြင်း၊ တပ်တော် ခင်းပေရော့။ ချက်ချင်းထ၍၊ ငါကိုယ်တိုင်၊ ယူတော်မူမည် အတွင်းဝန်တို့။

(အိမ်ရှေ့မင်း ပဲဝက်အသပြာကို အယူသွား၍ အပြန်တွင်၊ ၎င်း အိမ်ရှေ့မင်းနှင့်တကွ မှူးမတ် ဗိုလ်ပါ မောင်းမမိဿံ ခြံရံလျက်၊ မင်းကြီး ဥယျာဉ်သို့ ထွက်တော်မူစေ။)

တစ်ခန်းရပ်

အိမ်ရှေ့မင်း အကြံမှားခန်း

(ဥယျာဉ်တော်သို့ ရောက်ကာလ၊ မောင်းမမိဿံတို့ လှည့်ပတ် ပျော်ပါး၍နေသည့် အခိုက်၊ အိမ်ရှေ့မင်း ရင်ခွင်ပေါ်တွင် မင်းကြီး ဦးခေါင်းတော်အုံး၍ စက်တော်ခေါ်စေ)

အိမ်ရှေ့မင်းဆို။ ။သည်တစ်ခါဖြင့်၊ ငါလည်း နန်းလောင်း၊ ငါ့အကြောင်း၊ ဆုတောင်းတိုင်းပြည့်၊ နန်းဦးကိုင်ကို၊ ပိုင်ပိုင်ကြီးတက်ရအောင်၊ ချက်ကောင်းကို တွေ့ပြီ။ ဘုန်းဟော့ဘုရား၊ ငါ၏အားကို၊ ကိုယ်စားထပ်တူ၊ ယုံကြည်တော်မူသောကြောင့်၊ သက်ရှူဖြောင့်ဖြောင့်၊ စိုးမနှောင့်ဘဲ၊ ငါ့ပေါင်ထက်မှာ၊ စက်တော်ခေါ်လို့ ပျော်တော် မူရှာလေသည်။ ဗာရာပြည်ငယ်၊ ဇင်ဂလယ်ကလေးကို၊ နှစ်နယ်ခွဲလို့၊ သိမ်ဖွဲ့သေးနုပ်၊ မင်းနှစ်ယောက်လုပ်ရတယ်၊ စိတ်ရှုပ်စရာ၊ သည်တစ်ခါဖြင့်၊ ဗာရာပြည့်ရှင်၊ ငါ့လက်ထဲသို့၊ မခေါ်ဘဲဝင်လာပေ့၊ မင်ပိတုန်းရောင်၊ မြကေသျှောင်ကို၊ မြိအောင်ခိုင်ခိုင်၊ ကြပ်ကြပ်ကြီးကိုင်လို့ မို့၊ လည်တိုင်ဆတ်ဆတ်၊ သန်လျက်နှင့်ဖြတ်ရလျှင်၊ ပတ်တိတ်လို့ ပိန်း၊ တစ်ဇက်ရန်ငြိမ်းရော့ပ၊ အုပ်ထိန်းနိုင်ငံ၊ ရှုနန်းလွတ်ရှိုး၊ တိုင်းပြည်ပါကျုံးပြီးလျှင်၊ ငါလုံးလုံး စံရအောင်၊ အကြံမြောက် စေတော့မည် လေဟယ်။

ခြေဉ်ဘ် ငါကြံတဲ့အခွင့်၊ လမ်းပန်းဖြင့် သင့်လှပေ့၊ ချင့်ချင့်နှိုင်းနှိုင်း၊ ပြန်လှန်ထောက်လို့၊ ရှေ့နောက်ကို တိုင်းလိုက်လျှင်၊ ရှိုင်းနိုင်မျှအမှု၊ ငါလူစတုံး၊ လူ့အဆုံးကို၊ ဘုန်းဘုရားသူကောင်းပြုလို့၊ အတုအပ၊ အိမ်ရှေ့နန်းဆက်၊ စည်းစိမ်နက်နှင့်၊ ပြည်တစ်ဝက် ရပေတယ်။ အနန္တ ကျေးဇူးရှင်ကို၊ သို့စင်ရက်စက်၊ ခပ်ပွန်းဖျက်လို့၊ ဝက်စားကျင်းကော်၊ ပြုချေသော်၊ တော်နိုင်မယ် မထင်ပါဘူး လေဟယ်။

ဟယ် ယောက်ျား၊ တရားဆက်ဆံ၊ သူတော်ကောင်း သဓောဘာနှင့်၊ လောကကိုကြီးလျှင်လည်း၊ ပစ္စုပ္ပန် အကျိုးဆက်၊ စီးပွားရေးပျက်တတ်သည်။ ရက်ရက်ရောရော၊ ကျေးဇူးမမြော်၊ အခွင့်တော်လျှင်၊ ကိုင်ခသော်ကောလို့၊ တွေးတောမထောက်၊ ပေါက်ပေါက်ရှူးရှူး၊ တေနိုင်တဲ့ လူမှုပဲ၊ ယောဘုယျအား၊ ကြီးရှယ်ဆောင်လို့၊ အောင်သူသာ များတတ်တယ်။ တစ်ပါးတည်းပိုင်ပိုင်၊ ကေရာဇ်မင်းခမ်းနှင့်၊ ရွှေနန်းကိုထိုင်ရအောင်၊ ချိုင်လိုက်မှတော့မည် လေဟယ်။

ဩြော် မတော်လွန်းပေဘူး၊ ရှေ့ခွန်းနောက်စ၊ ဆင်ခြင်လို့ ဆလိုက်လျှင်၊ ဒုက္ခတကြီး၊ အထီးကျန်ခဲ့၊ ကိုးရာမဲ့၊ စုတ်ပဲ့ချွတ်ခြုံ၊ ငါကဲ့သို့ လူပုံကိုပင်၊ ကြည်ရှုံ စိတ်တော်၊ နောင်ရေးမြော်၍၊ သူတော် သူကောင်း၊ မြတ်ဆုကိုတောင်းပေတဲ့၊ ဘုရားလောင်း ကျေးဇူးရှင်၊ ဆယ်ကယ်တင်လို့၊ သို့စဉ်ကြီးလှ၊ အိမ်ရှေ့ ဥပရာဇ်၊ စည်းစိမ်နှစ်ကို၊ ငါစင်စစ် ရပေတယ်။ ဘဝ သခင်၊ ကျေးဇူးရှင်ကို၊ အရှင်မထား၊ သတ်တော့မည်အကြံနှင့်၊ ကျင့်ဖောက်ပြန်မှားချေက၊ ဘုရားကို သတ်သကဲ့သို့၊ ကပ်ကမ္ဘာအနန္တတွင်၊ မလွတ်ရအမြဲ၊ အဝီစိ အောက်ထပ်မှာ၊ ချိုးကပ်သို့ ခွဲရတော့မယ်၊ ငရဲကိုကြောက်၊ ကျေးဇူးကို ထောက်ပြီးလျှင်၊ ဆင်ခြင်ဦးမှ တော်ချည့်မလေ။

ဟယ် ယောက်ျားသား၊ လူ့ပြည်များမှာ၊ မှောက်သားခင်မင်၊ စားသောက်ချင်မှ၊ အတွင်းသာပြု၊ မှောက်မျက်နှာကို၊ ဘဟာတွက် ရှုတော့မလဲ၊ ကျေးဇူးရှင်သော၊ သခင်သော၊ မထောက်မထား၊ ပေါက်ကိုင်းစားမှ၊ အမှုသွားချောတော့မယ်။ ဒလဟောမလွတ်၊ ကြက်မခွပ်သလို၊ ခွပ်ရှပ် ချုံချုံ၊ မကြံဘဲညှာလိုက်လို့၊ အခါလွန်လျှင် ကိုယ့်ဝန်တစ်စီ၊ ခွင့်မတော်၊ ကိုယ့်ပေါ်မှာ ပိရတော့မယ်၊ တိကနဲဖြတ်၊ ဦး ခင်အောင်သတ်လိုက်မှ၊ တစ်ဇာတ်ပြောင်း၍၊ သူကောင်း ဖြစ်တော့မယ် လေဟယ်။

ဟာ မကောင်းဘူး၊ စိတ်မကူးနှင့်၊ ကျေးဇူးကြီးမား၊ စင်ကြယ်သန့်ရှင်း၊ အပြစ်ကင်းတဲ့၊ မင်းတကား၊ တရားမထောက်၊ ပျက်ချော်ယွင်းပါး၊ စင်းလုံးချွတ်၊ ကြံမိငြားလျှင်၊ မှားလို့သာ မှောက်ကရတော့မည်။ စိတ်နောက်ကိုယ်ပါ၊ မပြုသာ၊ တိုင်းထွာဦးမှ ကောင်း မ●လ။

အိမ်ရှေ့မင်းဆို။ ။အမယ်မင်း၊ ချွတ်ယွင်း တိမ်းပါး၊ စင်းလုံး ကျွတ်မှားပေါ့ဟဲ့၊ ဘုရားတစ်ဆူ၊ နှလုံးတော် ဖြူလှတဲ့၊ ဇမ္ဗူလုံးသခင်၊ ကျေးဇူးရှင်ကို၊ အရှင်လတ်လတ်၊ သန်လျက်နှင့် ဖြတ်မယ်လို့၊ မအပ်မရာ၊ ကြံမိချက်ကယ့်နှယ်၊ ပက်စက်ရှာလေတယ်။ စိတ်ဖြဲစေ့စေ့၊ နောက်နှင့်ရှေ့ကို၊ အောက်မေ့လိုက်က၊ ငါ့ဖြစ်ချက်ကို၊ ကြက်သီးထပါဘိ၊ စိတ်ချပေါ့တစ်ခါ၊ မကြံပါဘူး၊ သုံးခါလုံးလုံး၊ ယုကျုံးမရ၊ မှားမိတဲ့ ကိစ္စကို၊ ဘုန်းဘုရာ့ထံ၊ သဓောဘာရိုးပြန်ပြီးလျှင်၊ မာန်ခွယ်ကိုချိုး အသနာခံ၊ ရှိခိုးတောင်း ပန်ရတော့မလေ။

တစ်ခန်းရပ်

..............

## မင်းကြီးကို ကန်တော့တောင်းပန်ခန်း

မင်းကြီးကိုတင်ရန်။ ။ဗောဓိဆုယူ၊ သဓောဘာတော်ဖြူလှသည့်၊ ဇမ္ဗူကျွန်းလုံးရှင် ဘုရား၊ ကျွန်တော်မျိုးသည် မွဲရိုး မက၊ မွဲတေလှတဲ့၊ ဒုက္ခိတအကောင်၊ ရှုးကြောင်ကြောင်ကို၊ ရွှေတောင်ကြီးသခင် မြတ်ရာကို တင်သောကြောင့်၊ သို့စင်အထူး၊ အိပ်မက်တွင်မှ၊ မမြင်ဘူးတဲ့၊ ကျေးဇူးကြီးလှ၊ အိမ်ရှေ့အရာ၊ မင်းချမ်းသာကို၊ စိတ်လိုရာ ရပေတယ်။ မစချီးပင့်၊ ရာထူးမြှင့်တဲ့၊ ထမင်းသခင်၊ ကျေးဇူးရှင်ကို၊ သုတ်သင်သတ်ဖြတ်၊ ပြည်ကိုပိုင်နင်း၊ တစ်ပါးချင်း မင်းတံဆိပ်ခတ်မယ်လို့၊ မအပ်မရာ၊ သုံးကြိမ်တိတိ၊ လောဘငြိ၍၊ ကြံမိတာကို၊ ထွတ်ချာဘုန်းလျှံ၊ ကျွန့်ထိပ်ပန်၊ သည်းခံတော်မူပါ ရွှေနန်းရှင်ဘုရား။

မင်းကြီးဆို။ ။ဗာရာအောင်ခန်း၊ ပြည်တစ်ခြမ်းကို၊ သိမ်းမြန်းစိုးမှူး၊ သမ္ဘာထူးသည့်၊ ကွန့်မြူးဘုန်းရောင်၊ အိမ်ရှေ့မောင်၊ ရွှေတောင်နန်းဖွား၊ နွယ်မပြားတဲ့၊ ညီသားကေန်၊ မဟုတ်မှန်လျက်၊ တစ်ရံတွေ့လူ၊ မဆိုင်သူကို၊ ကြည်ဖြူမြတ်လေး၊ ထီးစည်ကြငှန်း၊ ပြည်တစ်ခြမ်းနှင့်၊ မင်းခမ်းကို ပေးသေးသည်။ ကျေးဇူးသခင်၊ ငါဘုရင်ကို၊ လုလင်မပြစ်မှားသင့်ဘူး။ သူတထူးက၊ ပြန့်မြူးသာ

ညောင်း၊ လို၍ တောင်းလျှင်၊ ဦးခေါင်းတော်မြတ်၊ မြဉ္စတ္တ၌ကို၊ ဖြတ်၍ကောန် ငါလှူမည်။ ဘုန်းစည့်သနင်း၊ ငါသည့်မင်း၏၊ ရင်တွင်းသည်းချပ်၊ မနောခေတ်ကို၊ ဖြတ်၍ပေးပါ၊ တောင်းသူလာခဲ့စေ၊ မျက်နှာမနွမ်း။ ရင်တော်ကို ခြမ်းပြီးလျှင်၊ ချိဝ်ပန်းသွေးရှင်၊ စရွှရင် ချပ်ကို၊ ဖြတ်ကာထွင်၊ လျှင်လျှင် ငါလှူဒါန်းဝံ့သည်၊ ရွှေပြည့်ကြီးနတ်၊ ဘုရားပညာ၊ ရကြောင်းရှာတဲ့၊ ငါ မင်းမြတ်ကာဲ၊ သတ်၍အဆုံး၊ ယူရဦးမလား၊ လုံးလုံး ပိုင်လို၊ အမောင်ဆိုလျှင်၊ ပဟိုရ်ထီးစည်၊ တိုင်းပါ ပြည်ကို၊ မရှည်ရက်ချိန်း၊ ယနေ့သိမ်း၍၊ အုပ်ထိန်း အခမောင် စံလေတော့။ စိတ်လျော့ မာန်ပျောက်၊ ရှမောင်မင့်အောက်က၊ လက်ထောက် ငယ်သား၊ ငါ့ ကိုပင် ထားပါတော့၊ ခစားဝံ့ပါငဲ့ အိမ်ရှေ့မောင်ငယ်။

အိမ်ရှေ့မင်းဆို။ ။သံသာကမ်းရပ်၊ ကူးမြောက် ခပ်၍၊ မြတ်နိဗ္ဗာန်ပြည်၊ စိုးအုံ့ရည်သည်၊ ဘုန်းစည်ထိပ် ခေါင်တင် ဘုရား၊ ၊ကျွန်တော်မျိုးသည်၊ ကိုးဌာန ဘုံ၊ လောကသုံးဖြာ၊ သတ္တဝါတို့၊ တဏှာချုပ်ဟု၊ ကာမဂုဏ် ငါးရပ်၊ ဥပဒ္ဒဝေါ၊ သစ်ကျား ပေါတဲ့၊ တောမြိုင်စပ်မှာ၊ ချဉ်းကပ်လွှန့်လွှန့်၊ မနေဝံ့ပြီဘူး၊ လေးကျွန်းဥတ္တ၌၊ မင်းမန္တာတ်သည်၊ နတ်တို့စည်းစိမ်၊ တခဝတီကို၊ ဒဗိန်မြတ်လေး၊ တစ်ဝက်ပေးလို့မှ၊ ပေးရာတွင် မရစ်၊ သိကြားနတ်ကို၊ သတ်၍ယူမည်၊ အကုန်မှူးချင်လို့၊ ကြံဖူးသည်။ အောက်ပြည်နရက်၊ သည်ကတက်၍၊ ဘဝဂ်တိုင်အောင်၊ တဏှာလောဘ၊ ကျယ်ပြောလှတဲ့၊ ဘဝဘောင်ကို၊ ဖုဝ်ဟောင်နံ့ညီ၊ ရှလုံးနောက်လို့၊ ကြောက်လှပြီ။ လောကီ အာရုံ၊ ကာမဂုဏ်မှာ၊ ပုံဥပဒေ၊ ကျွတ်တွင်းရေသို့၊ သောက်လေ သောက်လေ၊ ငတ်မပြေဘူး၊ ထွေမနောက်၊ လေးမင် ရောကို၊ ရှာဖွလို့သောက်ရမှ၊ ဝမ်းမြောက်ရှင်ပြုံး၊ ရှရင်တဲစတုံးတော့မယ်၊ဘုန်းဘုရားစည်းစိမ်၊ ဘုံကြွင်နိုး နှင့်၊ နန်းရွှေအိမ်ကို၊ ကြိုးလိမ်ထူးပတ်၊ တောင်တန်း မှလာက် မှတ်ပြီမို့၊ မမြတ်နိုးချင်၊ လက်ငင်း ခုပဲ၊ လျော်တောလဲလို့၊ မြိုင်ထဲသို့ဝင်ပါတော့မည်၊ ထိပ်တင် မင်းမျှားခနောင်ဘုရား။

မင်းကြီးဆို။ ။ဥပရာဇ်ဟု၊ ဆုသစ် မြဲနှောင်၊ သမ္မာကြွေ့တဲ့၊ အိမ်ရှေ့ မောင်ငယ်၊ လူ့ဘောင် လောက၊ တဏှာဇာန်ကို၊ ကြောက်ရွံ့လှ၍၊ဒုက္ခအစု၊ ထို တဏှာကို၊ဘယာရှုလျက်၊ယခုစိတ်ချ၊ နိက္ခမဖြင့်၊ ကိစ္စပြီး စေ၊ကြံပချေ၍၊ မှန်ဓပသမ္မ၊ မြတ်ရာဆုပေမို့၊ သာဓုခေါ် သင့်လှပေသည်၊ လူ့ပြည်၌ဖြစ်၊ စည်းစိမ်နှစ်ကို၊ ယစ်သူ သာများ၊ သတိအားဖြင့်၊ တရားပိုကို၊ ရှားသမှုကြောင့် ပွားယူမြဲဖို့ရ၊ သဘောကိုယ်နှင့်၊တောခိုမည့် ကိစ္စကို၊ တဝတည်း ခွင့်တော်သာလိုက်ကဲ့၊ မြတ်ရာသို့လှမ်းလေ တော့ အိမ်ရှေ့မောင်ငယ်။

အိမ်ရှေ့မင်းကန်တော့။ မှန်လှပါ၊ကျေးဇူးသခင် မြတ်အရှင်ကို၊ ကြည်လင်ညွတ်ပျော့၊ မာန်ဖြေလျော့၍ ကန်တော့ ပူဇော်ခဲ့ပါသည်၊ ကျူးသမျှဒဏ်၊ သုံးပါ ကံကို၊ သည်းခံတော် မူပါတော့ ဘုရား။

မင်းကြီးဆုနှင်း။ ။သာဓုသာဓု၊မြတ်သောဆုနှင့်၊ ယခုပြည့်စုံ၊ တရားလုံ့၍၊ ပွားထုံဘာဝနာ၊ ကိုယ်စိတ် ဝမ်း၊ လွှန်ချမ်းသာလျက်၊ မှန်ရာတိုင်း ပေါက်ပါစေ အိမ်ရှေ့မောင်ငယ်။

တစ်ခန်းရပ်

.............

## တောထွက်မည့်အကြောင်းကို ကြင်ရာတော်အား ပြောခန်း

အိမ်ရှေ့မင်းက တောထွက်မည့် အကြောင်း ကို အိမ်ရှေ့မိဖုရားအား ခေါ်၍ ပြောသည့် အခန်းတွင်—

အိမ်ရှေ့မင်းဆို။ ။မျက်ရှင်မြစိန်၊ လှတသိန်နှင့်၊ မြောက် အိမ် တော် စံ၊ အလျှင်းမထောင့်၊ သီတင်း စောင့်တဲ့၊မောင့်သက်နှံငယ်၊ ၊အကြံယွှင်းပါ၊မှားခြင်း ကြီးမားခဲ့ပြီ၊ ဘုရားတစ်ဆူ၊ဗုဒ္ဓက်ူ၊ဇမ္ဗူလုံးထီး၊ ကျေး ဇူးသခင်၊ မြတ်ရာတင်တဲ့၊ ရှင်မင်းကြီးကို၊ ကြက်သီး ထခွယ်၊ ပြည်ကိုလုယက်၊ နန်းဦး ကို တက် မည် ဟု၊ အသက်ကိုရှယ်မိတယ်၊ ဖွယ်ရိုင်းပလေ၊ လူ့တိုင်းပြည် မှာ၊ နေဖို့မကောင်း၊ ရွှေရင်ကြားကို၊ ဓားနှင့် မွှေလို့၊ သေ ဖို့သာ ကောင်း တော့ တယ်။ တောင်း တောင်း ပန်ပန်၊ အကြောင်းကိုပြန်ခဲ့သော့အခါ၊သည်းခံသည့်ပြင်၊

ဘုန်းရှင်ပင်က၊ကြင်သနားလို့၊ ငါ့အား ပြည်လုံး နှင်းသေးတယ်။ အံ့ဖွယ်သမှု၊ ရာဂီမြူမြင်၊ စွန်းမထင်တဲ့၊ ရွှေစင်ခဲကို၊မိုက်မဲတွေဝေ၊မှားမိချေ၍၊လုံးနေမဖြောင့်ပြီ၊ တဏှာမစပ်၊ အာရုံဖြတ်လို့၊ မြိုင်ရပ်ကို မှီတော့မယ်၊ သာကီမျက်မျှော်၊ လှမ္မနော်မှာ၊ အိမ်တော်သာ စံရစ်ခဲ့တော့ မဓအငယ်။

အိမ်ရှေ့မိဖုရားဆို။ ။ဖြော် ကြုံရပလေ၊ မယ့်ခုကရှင်မှာ၊ သဇင်လိုကုံးပါတဲ့၊ ဘုန်းမြဲဆွေငယ်၊ ၊ တောခြေမြိုင်ဝ၊ ကိုယ်တော်မြတ် ကြွခဲ့လျှင်၊ လှမ္မနော်နတ်၊ တညီးခွေခွေ၊ ဘယ်ပုံနှင့်ဖြေရမယ်၊ အနေတော်ကပ်တော့မပ၊ မအပ်တဲ့စကား၊ ကြောက်ပါတို့၊ နားရှိလို့ကြားရတယ်၊ ပတ္တမြားအပွင့်၊ မြကေဆင့်၊ မေခင့်သည်ဆွဲ၊ ရဝေရှိပ်ကြာ၊ ရွှေလိပ်ပြာ၊ သေခါမှ ခွဲမယ်လို့၊ စွဲမိတဲ့သခင်၊ လေနှဲ့မည်စိုး၊ ရွှေသည်းမှာပျိုး ပါတဲ့၊မညှိုးပင်ကို၊ ရှင်ကဲ့ဘယ့်နှယ်၊မသေဘဲနှင့်၊ခွဲရမယ်၊ ဘုန်းကြွယ်ရွှေကိုယ်၊ မြိုင်ဦးမှာခိုခဲ့လျှင်၊ ငြိုငြင်နွမ်းညစ်၊ မျက်စိသူငယ်၊ သူ့တိုင်းလယ်မှာ၊ မယ်နေရစ်ပါဘူး၊ လမ်းဆစ်တဲ့ မြိုင်ပေါ်သို့၊ ကိုယ်တော်နှင့် လိုက်ပါတော့ မည်ဘုရား။

(အိမ်ရှေ့မင်းတောထွက်စေ။ မင်းသမီးလိုက်စေ။ ဥယျာဉ်တော်က မင်းကြီး နန်းတော်သို့ပြန်စေ။)

ရေသည်ပြဇာတ် ပြီး၏။

# ဝေဿန္တရာ ပြဇာတ်

**အစ္စုတရှင်ရသေ့ နှင့် တပည့်အဂ္ဂတို့ အခန်း**

ရသေ့ဆို။ ။ဟေ့ မောင်အဂ္ဂ၊ ဆရာ့တပည့်၊ နမောဇုဋ္ဌါ၊ တစ်ပုဒ်စာကို၊ သုံးခါလည်ချလို့မှ၊ မရနိုင်တဲ့ ပညာရှိငဲ့။

အဂ္ဂဆို။ ။ဘာဟာရေပလည်း ဆရာတော်၊ဘိုးတော်ကြီး ပက်လက်က၊ ကျက်နေတဲ့ ကမချကို မရလို့ တကျော်ကျော်၊ ခုတိုင်ခုအောင် ခအော်ခသေးတဲ့၊ မပော်သခေါ ဘုရား။

ရသေ့ဆို။ ။ဟုတ်ခစတော့ငါ့ရှင်၊ ၊သို့ရာတွင်၊ မောင်မင်းနှင့် ငါ၊ ကျောင်းကန်ကိုပြစ်လို့၊ သစ်တစ်ပင်နား၊ ဝါးတစ်ပင်ရိပ်၊ မအိပ်မနေ၊ ဈာန်လမ်းကို ဖွေကြတယ်၊ နှစ်ရှည်ကြာပြီ၊ သမာပတ်ဥာဏ်၊ လောကီဈာန်မှာလည်း၊ ဝေးရာမှာ အစ ရှုနာတေး၊ အိပ်ရေး စားရေး၊ ပျော်ပါးရေးနှင့်၊ တဖြည်းဖြည်း နေ့ကုန်၊ သည်လိုပုံနှင့်ဖြင့်၊ နတ်ဘုံ နတ်ရွာ၊ ရောက်ဖို့ဟာကို၊ နေသာနိုင်မျှ၊ သေကြရရှင်၊ ဝဲထူမ ချေးငတ်၊ သူ့ဖင်စပ်မှာမ၊ ကပ်ပမလား မသိ၊ အဝီစိကိုဆင်းပြီး၊ အိုးခင်းလယ် တည့်တည့်မှာ၊ တပည့် နှင့် ဆရာ၊ ဒေါက်ချာကြီး ငါငေါ်နှင့်၊ မျောချချတော့မယ်၊ မှတ်သလ၊ မောင်ရှအက်။

အဂ္ဂဆို။ ။ငါ့ဆရာလည်း၊ လီမှာ သလိုလိုနှင့်၊ ဥာဏ်အိုပါဘိတယ်၊ အဝီစိ ငရဲမင်း၊ စိတ်ပြင်းမာန်မြူး၊ ရွေးကာလို မဆိုးဘူးတဲ့၊ မကောင်းကျိုး ကြမ္မာနှင့်၊ ရောက် လာ သမျှကို၊ နှမရှို့အစ်ကိုရှို့၊ ရွေး က လို မစကြာက်ကြနှင့်၊ စိတ်ချလို့သာ လာခဲ့ကြ၊ ညှော်ခံကာ ခင်းကျင်းလို့၊ ထမင်းကို ကျွေးလိုခကျွေး၊ ကွမ်း ဆေး လက်ဖက် တည်လိုတည်၊ အဖွယ်အရာ၊ နှုတ်ခွန်းကသာသနှင့်၊ ဘုရားတကာ ကျောင်းတကာခံလို့၊ အင်မတန် ကောင်းနေပေါ့ ဆိုပါကလား ဆရာတော်။

ရသေ့ဆို၊ ။ဟဲ့ ငအဂ္ဂ၊ ဟုတ်ပါ့မလား၊ ဘယ်သူ ဘယ်ဝါ၊ ပြောဟောလာလို့၊ မင်းမာကြားတုန်း၊ လှူညှိစား ထင်ပါကလား။

အဂ္ဂဆို၊ ။သည် ဖြစ်ရလေ၊ သေချင်ပါဘိ၊ ခုတောင်မှ သိသေးဘူး၊ ရှိရလေခြင်းကမို၊ ဟုတ်ရာက ပိုသေးတယ်၊ ဟိုတစ်နေ့က၊ ဆွမ်းဆန်များရအောင်လို့၊ နှစ်ညအိပ်လောက်၊ အနောက်ကိုအသွားတွင်၊ ဆင်ဖြူကျွန်းသား တစ်ယောက်က ပြောလိုက်သမျှ၊

ရသေ့ဆို၊ ။ဟဲ့ ငအဂ္ဂ၊ အကြောင်းတော်လို့ ပျော်ပါစေ၊ နင့် နှမ ခင်ပွန်း၊ ဆင်ဖြူကျွန်းက၊ ကွမ်းထမ်းသမား၊ သင်းပြောလို့ သွားရင်ပဲ၊ အလကား ပဲ့ရမလား၊ သင်းပုံကမှတော့၊ မဆင်ခြင်ဘူး၊ နင့်သခင် ဆင်ဖြူကျွန်းသား၊ ဘယ်ကိစ္စ ဆောင်မယ်လို့၊ ငရဲ ဘောင်သို့ သွားရတဲ့တုန်း မောင်အဂ္ဂများ။

အဂ္ဂဆို။ ။သည် ဖြစ်ရတဲ့ဆရာ၊ လူတကာကို၊ သူလိုတင်စီးလို့၊ ကျက်ပြီးစား မှတ်ကယ် ထင့်ကိုး၊ အလုတ်မနေ၊ လူ့ရွာပြည်မှာ၊ ငွေနှင့်ရင်း၊ လူနှင့်ရင်း၊ အဆင်းရဲခံနိုင်မှ၊ အတန်သာ စားရတယ်၊ ဆင်ဖြူကျွန်း ကုန်ရေးသွယ်၊ ငှဲပြည်လည်လို့၊ နိဗထည် ရောင်း သွားရာက၊ ကြားခဲ့တယ်မျို့။

ရသေ့ဆို၊ ။မင့်စကား၊ အသွားအလာ၊ လျောက်ပတ် ပါငဲ့၊ သို့ရာတွင် ဟလူ၊ ခု ငရဲမင်း၊ မပြင်းမထန်၊ ကောင်းလှပြီ မှန်ရင်လည်း၊ အကြံဘယ်နည်းနှင့်၊ ငရဲမင်း လုပ်စားတဲ့တုန်း ဟလူ။

အဋ္ဌဆို။ ။ဆင်ဖြူကျွန်းသား၊ သူခြေပြာတဲ့စကား မှာ၊ ဆားရောင်းလို့ အသက်မွေးမယ်လို့၊ ဝံအောက်ရှိ ခြကျုံးတစ်ရိုး၊ ပကိုး ရှိမ်းမကား၊ သည်ဆားများကို၊ ခြလားခြထောင်ပွား ဈေးနှုန်းနှင့်၊ တစ်လုံး တစ်ဝ တည်း၊ ငရဲမင်းကြီးကဝယ်ပြီး၊ ရှမ်းကုန်သည်အများနှင့်၊ကစား ခြနခြကြောင်းကို ပြောပါတယ် ဆရာတော်။

ရစေသ့ဆို။ ။အင်း ခြမောင်ရင်အက်၊ အရင်ဟာ ထက်၊ သင်းသာလို့ခက်ချည့်၊ သက်ခြသနှင့် ပြောစမ်းပ ဟာလူ။

အဋ္ဌဆို။ ။ဒီ့အရင်ဟာထက်ပဲ၊ ခုဟာ့ကိုကြပ် ကြပ်၊ ဟုတ်တယ်လို့မှတ်ပါရော့၊ ခြအောက်ရပ် မြို့ရွာ က၊ ဆားပါတဲ့ လှေသူကြီးကလေး၊ လူ့ရွာခြကျေးမှာ၊ ဆားခြဈေးကကျ၊ မရောင်းရသနှင့်၊ လှေထိုးခပ္ပလွန်းလို့၊ ဆင်ဖြူကျွန်း သားနှင့်တွဲပြီး၊ ငရဲသို့ သွားရာတွင်၊စကား ချိတ်ဆက်၍၊ လူချက် အိုးကင်းကို၊ ဆားဖိုမှာသွင်း၊ ငရဲမင်းခြပေးလိုက်လို့၊ ဒယ်ခြဈေးမှာငါးကျပ်၊ ဆားနှစ် ရာ၊ဒယ်တစ်ချပ်၊ အနားလည်းပြတ်ခြသာကြောင့်၊ လူ့ ရပ်သို့ခြရောက်သောအခါ၊ မီးခြဖောက်တဲ့ ဆရာကြီးက၊ မီးပန်းဖို့ ဝယ်လိုက်တယ်၊ သည်ဒယ် ကြည့်လိုသလ၊ ကိုပသီ အိမ်ခြအောက်မှာ၊ ခုမှောက်လို့ ရှိခြလရဲ့၊ ကြည့် ချင် ကြည့်ချေတော့မျို့။

ရစေသ့ဆို။ ။တိတ်ခြစ တိတ်ခြစေ၊ သည်က လော လို့၊ စကားခြကြာမရှည်နှင့်၊ ဝေဿန္တရာ၊ဝက်ပါသို့၊ မလာမီသတ္တုရာဇ၊ ဆယ့်ကိုးနှစ်က၊ သည်ကာလကပဲ၊ အဋ္ဌနှင့်ငါ၊ တောသို့ လာကြတယ်၊ ဈာန် သမာပတ် များမှာ၊ အပ်တစ်မီးမှ၊ တို့မရသေးဘူး၊ ကျောင်း ကခွာ၍၊လွတ်ရာမှာပျော်၊ အခါလည်ခြကျော်ပြီ၊ ကျောင်း ခြတော်သို့တစ်ခါပြန်းကြစို့၊ လမ်းခရီးမှာ၊ အငြိုးလည်း ပျောက်ကရော့ပ၊တေးထောက်လို့ ငါ့ရှင်က၊ ကျောင်း ဝင်ကို ချိုင်လိုက်စမ်း။

အဋ္ဌဆို ။မဟာတာပသ၊ ကိုအဋ္ဌတို့၊ သွားရ မည် ယခု၊ ထိုအမှုကို၊ ခြဇယတုချီ၊ ပျို့ကဗျာ စီလိုက် မည်၊ ယာယီခန်းမှာ၊သွားလမ်း လာလမ်းသာယာစေ။

နှစ်ယောက်ကယ်ခြနေ၊ ကျောင်းခြရွှေဘုံတွင်း မှာ၊ အိုပျင်းတယ်ခင်များ၊ တို့နှစ်ပါး။

မထားတဲ့၊ မထား ညက်ပြာ၊ ဆွမ်းပို့မယ့် လာ။

အထက် ခေါင်း က ခြဆောင်း ဒေါက် ချာ၊ ခြအောက်ခြဒေါက်ချာနှင့် မယိုးမယိမ်း။

ဆွမ်းပို့မယ့်လာ၊လှကညာ ပျိုထွားငယ်၊ မှိန်နားခြတော်ခြနောက်တွဲ၊ ခြမြမှာပဲ။

ခွေးဆွဲလို့မမြိနိုင်ပါ၊ ကွင်းကျွတ်လို့ပါ၊ ဟော့ခင်မျှ၊ ဟောကျုပ်ချွတ်စင်းချော။

ဆွမ်းအုပ်ကယ်ပါ၊ ခေါင်းမှာတင်လျက်မို့၊ ညာလက်ဝယ်ကိုင်စွဲ၊ အုပ်ကိုဆွဲ။

လက်ဝဲက ငမွဲကို လုံအောင်၊ ဗိတ်ရှာ မီ ခြယောင်၊ ၊ခြဟော့ ခင်မျှ၊ ပတ်တိတ်က ဗိတ်စ။

သနားဖွယ်ခြနော်၊ ခြကျောင်းပေါ်ကိုသူတက် တယ်၊ ထိုင်ချက်ကယ်မခြကောင်း၊ ခါခါခြပြောင်း။

ချုံ့ခြအောင်းတဲ့ ချုံ့ခြအောင်းရှင်ပင်၊ဝါးပခြလွှ ခင်၊ ဟော့ခင်ကြီး၊ မျက်ခွက်လှန်ကြည့်။

ဆွမ်းအုပ်ကိုသာ၊ ယှူပါခြလေ ရှင်မိုက်ကယ်၊ ငါ့ရယ်လိုက်ချင်ပြီ။ ဟီး–ဟီး-ဟီး၊ ခင်ကြီးက ထိပ်သီးနီနီ၊ငုံ့တဲ့လို့ရှိ၊ခြဟော့ငုံ့လိုက်၊ မြှုံ့လိုက်၊ ရှုံ့လိုက်။

အုပ်ယှူငယ်လာ၊ ပျာကရာမောင်အင်မှာ၊ လာချက်ကယ်ခြစေါ် သင်းပိုင်ခြလျှာ။

မြက်တောတဲ့ မြက် တော လယ် ခေါင်၊ ငန်းထလို့ထောင်၊ ခြယာခက်ကွဲ၊ သစ်ခြခေါင်း တောက်တဲ့။

နှစ်ယောက်ကယ်ဆိုင်၊ မှိုင်ကာခြနေတုန်းကို၊ တို့ဘုန်းခြမော်ခင်ကြီး၊ ရယ်အားကြီး။

ဟီးဟီးတဲ့၊ ဟီးဟီး ဆိုပြန်၊ အုန်းပင်စိုက် လှန်၊ သုံးယောက်လုံးသား၊ ချိုင်းမွေးစုတ်ဖွား။

သုံးယောက်ကယ်ပြိုင်၊ ဗျာလှိုင်ပူအိုးမှာ၊တိုး သူခြတော်တာရဲ၊ ပက်လက်လဲ။

ကတ်ဖဲတဲ့ ကတ်ဖဲ ဝတ်ဖြူ၊ကျွဲရွက်တိုင်ထူ၊ ၊ တို့လေးယောက်လုံး၊ မြိုက်ပြီးခြမွေးတုံး။

မြုံ့းစပ်ကယ်မွှေ၊ ကြုံပခြလ ပုံမလှလို့၊ ဋ္ဌသရချည်ငှဲ့။

မကူသာ၊ ကိုယ့်တွက်တာ ကိုယ်ထမ်းမို့၊ ရှုတ်ခမ်းကို ကိုက်ကာ ဟိန်းတယ်၊ မှိန်းမှိုင် လို့မဲ့။

**ရသေ့ဆို**။ ။ငအဂ္ဂငံ့၊ မင်းနှင့်ငါမှာ၊ မြို့သာစခန်း၊ ကဆန်ကြီး မြန်းခဲ့ဘယ်၊ ပင်ပန်းဖုတ်ဟိုက်၊ ကျောင်းသွှလည်း ဆုကကြပေ၊ အခိုက်ကယ် နားလှ၊ မန်းအားဖြေဦးစို့ ငါ့ရှင်။

ငအဂ္ဂဟု၊ နာမသညာ၊ ရှိသမျှကို၊ ကိုင်းလှအောင်စား၊ ကျောင်းထောင့်ကြားမှာ၊ ကားလှအောင်အိပ်၊ ပွတီးများကို၊ မှားလို့မှ မစိပ်တဲ့၊ ရှင်ပိတ္တာငယ်၊ ။ လာဦးဟဲ့ ငါ့သား၊ တို့နှစ်ပါးမှာ၊ ရွာနားမှာမယှဉ်၊ မင်ဗိုလ်ကို လိုလေဟန်နှင့်၊ မြို့ယံသို့ ဝင်ကြဘယ်၊ သမင်လိုလို၊ ရှင်လိုလိုနှင့်၊ တောကြိုတောင်ကြား၊ သစ်သီးကို ချူ၍၊ ဗိုက်ပူအောင် စားပြီး၊ တရားမမေ့လျော့၊ ပေါ့ပေါ့ကန်တန်၊ မအံ့ပေစာ၊ ပုဏ္ဏာစဆွဲးခွေး၊ မမေးမမြန်း၊ ကမ္မဋ္ဌာန်း မရွတ်၊ ဇပါက်လွတ် ဗလာ၊ မနေသာဘူး၊ ငါမနေ့ညာ၊ အိပ်ကာလတွင်၊ ရွာက ဒကာ၊ ရောက်ပေါက်လာတယ်လို့၊ မျက်နှာကွက်ကွက်၊ အိပ်မက်လည်း မက်သဟဲ့၊ ရှုတ်တရက် မျာကရာ၊ လူတက်လို့ လာချေက၊ ဆာရာနှင့်တပည့်၊ ကရွှဲ့ကပါး၊ အကျင့်ယွင်းလို့၊ ပျင်းကြောင်းများကို၊ ရွာသားကောန်၊ သိလို့များ သွားရင်ဖြင့်၊ ဘသားမှာ တန်ရေ့ပ၊ ဆားငန်ငန်မှ မလျက်ရဘူး၊ ဆုံ့လသုတ်လို့၊ တာ်သုဘ်ကယ် အံ့ဦးမှ၊ ကျောင်းကန်နှင့် တူချည့်မယ် ရှင်ငယ်။

ဇမ္ဗူဒီပေ၊ လက်ျာဝေ ဗွမှာ၊ ရှိလေသမျှ၊ တာပသဟု၊ နွတာဝ ပျော်အောင်း၊ ဒေါက် ချာ ဆောင်း နှင့်၊ ခေါင်းတုံးရောင်ရစ်၊ ဝက်အူချစ်လို့၊ တောသစ်သီးစား၊ တောင်ကြားပျော်မွေ့၊ ရှာန်ယာဥ်မလေ့သည့်၊ ရသေ့အများ၊မျိုးခြားဇာတ်တူ၊ ရှိသညီဟူသော်လည်း၊ ငါ သူတော်ကြီး၊ ဉာဏ်မီးတောက်ပ၊ အစ္စုတ ကို၊ ညြကာသ ဝန္ဒနာ၊ လက်ဆယ်ဖြာနှင့်၊ စကြာတော်ဦး၊ ညွှတ်ကာ ဖူးရတယ်၊ ဂုဏ်ထူးကဲ့ ရသေ့၊ မလေးမခန့်၊ ယောင်လို့နံ့ကြလျှင်၊ ဘန္တကနဲတေ လိုက်ချည့်၊ မတွေ့ခင်က ရှောင်နှင့်ကြရော့၊ ဌာရသ မျိုး၊ သင်ကျမ်းရိုးမှာ၊ ဒိုးလိုလှည့်ညက်၊ မြစ်စင်အောင်ပွက်ချည်ငံ့ခဲ့ခက်ရေးရာ၊ ပြဿနာနှင့်၊ ပုဏ္ဏာစုံစမ်း၊ မေးဖြေခန်းမှာ၊ ဖြန်းဖြန်းနှုတ်ငုံ၊ ညက်လှီသာ ဖုံရော့သည်၊ မယုံလျှင်မှချ၊ ငအဂ္ဂငံ့၊ ခက်လှသည့်ပုဏ္ဏာ၊ ပြဿနာကို၊ နင်ရှာ၍ အခ သော့၊ မေးစမ်းတော့လ၊ ဆော့နိုင်မျှနှုတ်သီး၊ ဘယ်လက်ဖျားနှင့်၊ ပတ္တလားတီးသည့်နှယ်၊ မငြီးနားတွင်း၊ မရှုပ်ရှင်းအောင်၊ ငါခုချက်ချင်း၊ ဖြေလိုက်မည်၊ ၊အလို အလို ကိုရှင်အဂ်ကဲ့၊ အဖြေခက်တဲ့ ပြဿနာ၊ လူစွမ်းကို သိချင်လှလျှင် မေးပါ့ပုဏ္ဏာနော် ကွယ် မေးပါ့ပုဏ္ဏာ။

**အဂ္ဂမေး**။ ။သီလသိက္ခာ၊ ကမ္မဋ္ဌာန်းနှင့်၊ ရသေ့ရ ဟန်း ကျင့် စ ရာ၊ သေ ရည် သေ ရက် မသောက်ကောင်းလ၊ အစဉ် နောက် နောင်၊ ဆင်ခြင်ရအောင်၊ ကျမ်းပြပါ့ခင်၊ အိုခင် ကျမ်းပြပါ့ခင်။

**ရသေ့ဖြေ**။ ။ဟဲ့ ငအဂ်ကဲ့၊ သေရည် သေရက် ဆိုရာမှာ၊ သံပရာနှင့် စိန်ပါမို့လား၊ ဘဟာပြွလို့ နင်မသောက်သတုန်း၊ အမဲ ခြောက်ဖုတ် ခပ်မွှေးမွှေးနှင့်၊ ထန်းရည်ကလေး မော့လိုက်ကာ၊ နိဗ္ဗာန်ကို ငါမြင်လှ ချည့်ငဲ့၊ကြိုးစားပါ့ကွယ်၊ နော်ကွယ် ကြိုးစားပါ့ကွယ်။

**အဂ္ဂမေး**။ ။ပဲမုန့်ကြော်နှင့် ဆီထမင်း၊ နေ့ကကြွင်းတဲ့ ငါးကြော်ဟာ၊ နေလွဲချိန်မတော်မှ၊ တပည့်တော်ဆာလို့စား မှားချည့်မလားခင်၊ အိုခင် မှားချည့်မလားခင်။

**ရသေ့ဖြေ**။ ။ဟဲ့ ငအဂ်ကဲ့၊ ငအဂ်ကဲ့၊နင့်ဝိကာလဘောဇနာမှာ၊ ထမင်း ကို သာ ည နေ စောင်း လျှင်၊ မစားကောင်းဘူး ရှောင်လေနော်၊ ၊ပဲမုန့်ကြော်နှင့် ဆီထမင်း၊ ငါးကြော်ကွင်းများနေ့ကကျန်လျှင်၊ ဘယ်ပြန် ညာပြန် သိပ်သာ သိပ်ဟဲ့၊ နင့် ချည့် တိတ် တိတ် မစားသင့်ဘူး၊ ငါ့ကိုပင့်လှည့် ငအဂ်ကဲ့၊ ဆရာတပည့် အတူ စား လျှင်၊ သီလ ကုသိုလ် အယ် အောင် ပွားတယ်လို၊ ကျမ်းများကမှာ နော်ကွယ်၊ကျမ်းများကမှာ။

**အဂ္ဂမေး**။ ။ကိုယ်ဇာခန္ဓ၊ လွန် သိမ် မွေ့သည့်၊ ရသေ့ ရဟန်းဆိုတဲ့လူ သူမပေးဘဲ၊ သူ့ဥစ္စာကို၊မျက်စိကွယ်ရာ ခိုးယူဝှက်လျှင်၊ အပြစ် လိင်ဒဏ် ဘယ့်နှယ်ထွက်မယ်၊ ဟောမြွက်ခဲ့တော်မူ၊ အို ခင် ဟောမြွက်တော်မူ။

ရသေ့ဖြေ။ ။ဆရာဟော မဟဲ့၊ သ ဘော ယူ၊ အလှူခံတဲ့ ရဟန်းသားမှာ၊ တောင်းလား ရမ်းလား မတင့်တယ်ဘူး၊ ချက်စိကွယ် ရမအောင်နှိုက်၊ လ မိုက်မိုက်ကို တစ်ခမှာင်ခို၊ မရလိုလျှင်၊အနုကြမ်းနှင့်၊အပြင်း

ဖမ်းလို့၊ ခါးပြတိုက်၊ မီးရှို့ တုတ်ရိုက် အစွက်၊ နိဗ္ဗာန်ဖိုလ်မဂ် နီးတဲ့အောင်၊ နေ့တိုင်း အမှန်၊ သည်ဟာမျိုးကို၊ကြိုးစားပါ့ မောင် နော်ကွယ် ကြိုးစားပါ့မောင်။

**အဋ္ဌမေး။** ။သူ့ကာမပိုင်၊ သူ့ဒွယာကျားနှင့်၊ လင်ရှိမယား၊ သူ့အိမ်ထောင်ကို၊ စပ်ယှက်ခိုးကြောင် သွားလာမိလျှင်၊ အစီစီမှာစုပ်စုပ်ဝင်၊ အချို့ဆရာ၊ ဆိုရှာကြတယ်၊ ဟုတ်ပါစ ခင် အိုခင် ဟုတ်ပါစခင်။

**ရစေသ့ဖြေ။** ။တို့မကြိုက်ဘူး၊ဟာ ဟင့်အင်၊ကာမပိုင်လင်၊ သူမသိလျှင် ငရဲမရှိ အပြစ်ကင်းငဲ့၊ ပြီတ္တာခေါင်းချင်းထိကြရာ၊ နင်တို့သူငါ-ဘယ်အတွက်လဲ၊သိလမပျက် လိင်မထိုက်ဘူး၊ နင်ကြိုက်တတ်လျှင် တယ်သာတယ်၊ ငါဖြင့်ဟယ်၊ ငယ်ကကြိုက်ဟာမို့ မြူလာလျှင် ချယ်လှယ်လိုက်ချည့်၊ ကျားကိုက်သည့်နှယ် နော် ကွယ် ကျားကိုက်သည့်နှယ်။

**အဋ္ဌမေး။** ။ကောက်ကျစ် လိမ်လည်၊ စော်ယောင်ကားနှင့်၊ မမှန်မုသား၊ ဆိုချေသော်၊ တပည့်တော်တို့ ရှင်ရဟန်းမှာ၊ အပြစ်ဘယ့်နှယ် ထိုက်လေမှန်းသိ၊ မိန့်စမ်းပါ့ခင်၊ အိုခင် မိန့်စမ်းပါ့ခင်။

**ရသေ့ဖြေ။** ။အို မောင်အဋ္ဌ တပည့်ကျော်၊ ရသေ့ခေါ်တဲ့တို့လူမျိုးမှာ၊အမှန်ရိုးရိုး မပြောအပ်ဘူး၊ အပြစ်အာပတ်သင့်တတ်တယ်၊ ကောက်ကျစ်လိမ်လည်ပျက်ကွယ်ရောလို့၊ ပြောပြောသမျှ အရာရာမှာ၊ မုသားမပါ မဆိုလိုက်နှင့်၊ လျှပ်လိုက်ဖြတ်လိုက် တွေ့နိုင်လွန်းမှ၊ သူ့ဆွမ်းသူကွမ်း သုံးဆောင်ထိုက်မယ်၊မင်းမမိုက်နှင့် အဋ္ဌရယ်၊ ရသေ့ဆို သည့်လိုဆန်းမှ၊ သေသောခါ နတ်ဘုံ နန်းကိုး၊ လမ်းပေါက်ချည့်မယ် နော်ကွယ် လမ်းပေါက်ချည့်မယ်။

**အဋ္ဌမေး။** ။ကျမ်းဂန်တတ်တဲ့ မြတ်ဆရာ၊ပုစ္ဆန်ကို ရေမှာငုပ်လို့၊ မီးဖိုမှာအရှင်ဖုတ်၊ လုပ်အပ်ပါ့မလား ခင် အိုခင် လုပ်အပ် ပါ့မလား ခင်။

**ရသေ့ဖြေ။** ။ဟော့ ငါ့ တပည့်၊ လူလိမ်မာ၊ အမေးပုစ္ဆာ တော်တော် တတ်တဲ့။ ပါဏာတိပါတ်ဆိုသည်မှာ၊ သည်ပုစ္ဆန်ကို ဘယ်ဟုတ်မတုန်း၊ ငုပ်ဟဲ့၊ ဖုတ်ဟဲ့ စားရအောင်၊ အကြောင်းမတန် ကုသိုလ်ရတယ်၊ကျမ်းပြချည့်မောင်နော်ကွယ် ကျမ်းပြချည့်မောင်။

တံ-ထိုကာလ၊ တေန-ထိုခါ တဒါ-ထိုမှီ၊ ဇူဇကာ-ဤသို့ ငါတို့နှစ်ပါး၊ ပေါက်လာ:ဟူ၍၊တွေ့ရာဆွဲလိုက်၊ ခွေးလေချင်း ကိုက်သည့်နှယ်၊ အကြိုက်ကို မေးစေ၊ နှစ်သက်ရာ ဖြေကြတယ်၊ ကလေကာဝ၊ ဆိုသမျှမှာ၊ကြာလှျှင်မကောင်း၊ ဝေဿန်မင်းဇာတ်၊မျက်ကြောပြတ်လို့၊ နိပါတ်တော် ညောင်းမည်ကြောင့်၊ ဒေါက်ချာဆောင်းနှစ်ခု၊ ၎င်းတို့အမှုကို၊ မနှမနေ၊ စစ်ကြောဆုံးဖြတ်၊ ရာဇသတ်နှင့်၊ သုံးရပ်ဒဏ္ဍာ၊ သဏ္ဍာရာဇ်ကောဇာ၊ ခွန်စွဲပါအောင်၊ ဖြတ်စာကြီးစီခွဲမည်၊မျက်နှာညီလက်ဘွက်လှမ်း၍၊ စာအုံခန်းပြတ်ကြစေ။

တစ်ခန်းရပ်

........

## ရှုက္ခဗိုးနတ်နှင့် တောင်စောင့်နတ်သမီးတို့အခန်း

**ရှုက္ခဗိုးနတ်ဆို။** ။ရှစ်သောင်း လေးထောင်၊ မြင့်ရောင်ညှိမောင်း၊ တောင်ထွတ်ပေါင်းနှင့်၊ သွယ်ပြောင်းမြစ်ရေ၊ ရစ်ခွေဝန်းပတ်၊ သီဟပ္ပပါထ၊ ရထကာရန်၊ ကန္နမုန်ကုဏ္ဍာ၊ မန္ဒာကိရေ၊ ခုနစ် ခွင်အိုင်၊ ရွှေခိုင် ငွေ သား၊ ပတ္တမြား စိန်စီ၊ ဇုန္နီဖလ်မှန်၊ ဝင့်ရကွ၊ လက်လက်လျှံမျှ၊ သတ် တန် ကြိုးကြောင်၊ပြိုးပြောင်ထိန်လက်၊ ရတနာမျက်မွန်၊ ကျောက်မျိုးပြွန်တဲ့၊ ဟိမဝန္တာ ဗွတ္တင်၊ မဟောသဏ္ဍ၊ စိုးရခေါင်ချုပ်၊ သုံးထောင်အုပ်သည့်၊ ရှုက္ခဗိုးနတ် ငါဖြစ်သည်။

အပရာဇိတ်၊ မာန်နှိပ်မြေပြင်၊ ရွှေပလ္လင်မှာ၊သမ္ဗုဒ္ဓဉာဏ်၊ ရဆုပန်တဲ့၊ ဝေဿန္တရာမင်းကြီး၊ သားသမီးတို့ကို၊ ဘေးဆီးရန်ရှောင်၊ ချမ်းသာအောင်၊ မခေါင်မမ၊ ငါမေ့လျော့လို့ ပေါ့ချေကမူ၊ ဝတ် ဖျော့သခင်၊ မိုးဘုရင်က၊မျက်ဝင်မာန်ရှိန်၊ ဝရဇိန်စက်ပျံ၊မီးလျှံခြောင်းခြောင်း၊ ငါ့ဦးခေါင်းကို ခွဲချိမ့်မည်။ စိုးကဲချုပ်ခြာ၊ ငါ့မြိုင်သာတွင်၊ ဂန္ဓမာဒန၊ တောင်စောင့်နတ်သမီး၊ သီရိမာလာ ရတနာဒေဝီနှင့်၊ ကေလာသ တောင်စောင့်နတ်သမီး၊ သီရိကဉ္စနာ၊ မဟာဒေဝီတို့ နှစ်ပါးကို၊ သွား၍ချက်ချင်း၊တစ်ညလင်းအောင်၊နတ်ညွှင်းတူရိယာနှင့်၊ ကောင်းစွာ ဖျော်ဖြေစေရတော့မည်။

အို နံ့သာပန်းစုံ၊ သင်းထုံပျံ့ပျူး၊ စန္ဒကူး ကရမက်၊ အကျော်နက်နှင့်၊ သရက္ခန်ဒါရု၊ မဋ္ဌုသက၊ မွှေးမျိုးသတဲ့၊ မြဂန္ဓမာ၊ တောင်နံ့သာမှာ၊ ရတနာ ဒိမာန်၊ ဟသ်ာခံတဲ့၊ ယာဉ်ပျံပြာသာဒ်၊ နဝရတ် ဘုံလယ်၊ ပျော်စံပယ်တ၊ မယ်သီရိမာလာ၊ ရတနာ ဒေဝီနှင့်၊ ငွေသားဇာတိ၊ မြူညိုမတင်၊သသက်ရာ၊ သော် တာငွေဝင်း၊ ယုန်မင်းနန်းကဲ့သို့၊ ထူးဆန်းတော့ရာ၊ ကေလာသဘ တောင်ယံတွင်၊ ဥဒေါင်းခံ နတ်နန်း နှင့်၊ စံမြန်းစံပယ်တဲ့၊မယ်သီရိကဥ္စနာ၊ မဟာဒေဝီတို့၊ ၊ ခင်မတို့နှစ်ပါး၊ ဟောဟိုရှေ့က၊ မြိုင်ညိုဝသို့၊ ခုညဲ သွားချည်ကြ၊ မင်းသားကြန်ညီ၊ မောင်ဇာလီနှင့်၊ သိင်္ဂီရွှေနွယ်၊ ကဏှာမယ်တို့၊မြိုင်လယ်ချက်မှာ၊ခုချောက် လာကြတယ်၊ လိပ်ပြာမငယ်၊ မနွမ်းနယ်စေနှင့်၊ ရင်ဝယ်မစ၊ ပိုက်ယူသ၍၊ မိဘအသောင်၊ ပီပြင်စွာ ဆောင်ပြီးလျှင်၊သန်းခေါင်လေ အသွင်းတွင်၊ နတ်ညွှင်း နှင့် ဖျော်ဖြေကြ မယ်မယ်ရို့။

ရတ နာ ဒေဝီ နတ် သမီး ဆို။ ။ကေလာသဘ၊ သာစွာအရောင်၊ ငွေတောင်ထွတ်ပေါ်၊ ဒေါင်းယာဉ်နန်း နှင့်၊စံမြန်းပျော်တဲ့၊ ညီမကော်ကဥ္စနာ၊ မဟာဒေဝီ၊ လှနှင်းဆီငယ်၊ ၊ဇာလီ မင်းသာ၊ ပျိုထွားနုနယ်၊ ကဏှာမယ်တို့ကို၊ မြိုင်လယ်မှာခုည၊ ဖျော်ဖြေရမတဲ့၊ ညီအစ်မနှစ်ပါး၊ နတ်ယာဉ်ပျံ မစီးဘဲ၊ နှစ်ကိုယ်တည်း သွားပြီး၊ လူသားကို ဖျော်ဖြေကြစို့ ညီမငယ်။

ရှုတိုင်းငယ်သာ၊ ဂန္ဓမာနွဲ့နွဲ့ယိမ်း၊ တောင်လဲ့လဲ့ စိမ်းမှာလေး၊ ၊လေသိမ်းကာ ညွတ်သဲ၊ ကြာဝတ် မှုန်ရဲလဲ၊ ခုန်ပျံစုံယံ၊ လေချိုသွေးလို့၊ ကျေးညံ့ညံ့၊ မြူးလို့ထူးခေါ်သံ၊ အိုလျောက်ကူး ဖန်ဖန် လည် နွဲ့တယ်၊ ဒန်းလေး ယောဉ်၊ ဆင်လို့ဆွဲ၊ ၊ဟန် လေးငယ်ချို၊ မယ့်ဒေဝီကြော့ကြော့လန်း၊ ဟသ်ာ ယာဉ်မြန်းဘ သ်လေး။တောင်နန်းသူပြာနွဲ့ကို၊ စာဖွဲ့ သူ ဥာဏ်ပန်းဖွယ်၊ ၊ဟန်ဆန်းပုံ၊ တော်ရုံနော်နော်၊ စုံဖော် ရွှေလည်နွဲ့လို့၊ ဝဲမြိုင်ပေါ်၊ သင်းပျံ့နှင်း ရည်ပျော်၊ ၊အို နတ်ပန်းသော်မှော် လေသွေး တယ်၊ နံ့လေးထုံလှိုင်၊ ကြိုင်လို့မွှေး၊ ငွေသွေးငယ် ပြောင်၊ ကေလာတောင် ရှုမခန်း၊ မြိုင်ရတု ဆန်း တယ်လေး။ အို ပန်းဖွယ် ဖြာဇေဇာနှင့်၊ သာမော

တွေ့ရာလည်း၊ ဝေဆာ ဖီခွကာ၊ ရေယာဉ်ဝဲနှင့် သဲ့သောင်လွှာ၊ ကျွန်းက ထွန်းသာယာ၊ ၊ အို မငွေလးမယ် ဖန်ဆင်းတယ်၊ နန်းလေ ကေလာ တောင်မြမင်း ၊ ၊ ဥဒေါင်းငယ်ခံ၊ ရွှေယာဉ်ပျံ မယ်နတ်နန်း၊ အို လှယာဉ်ဆန်းကိုလေး၊ ရော်ရမ်း ကာမျှော်ရေးနှင့်၊ တော်သွေးရောင် ငွေလည်း၊ တောင်ခြေ မောင်ဆွေ ညီလာခင်းကြ၊ သင်းဖော် ရွှေ၊ ဝဲကွန့် နွဲ့လည့်ခွေ၊ ၊ အို ရှုတိုင်းတွေတွေ သာမောကယ်၊ ပန်းလေး ကြူထုံ စုံတဲ့တော။

နန်းသူရင်သွေး၊မင်းကလေးနှင့်၊ ယဉ်ကျေးဆင်းဝါ၊ မယ်ကဏှာတို့၊ စံရာဌာန၊ ရောက်လာကြပြီ၊ ၊ မြနှင့် ရွှေကို၊ ကျက်သရေတစ်ခု၊ ပုံသွန်းလို့ ပြုသည့်နှယ်၊ နုလည်းနု၊ ယဉ်လည်းယဉ်၊ ကြင်စရာအနန္တလှရာမှာ တုမရှိ၊ ပါရမီ့သခင်၊ ရွှေရင်နွဲ့ကျူး၊ မဒ္ဒီမိဖုရား၊သူက ဖွားသည့်၊ သားနှစ်ဦးကပဲလေ။ အထူးဆိုရာ၊မရှိပါဘူး၊ သည်းချာနှစ်ပါး၊ ရင်တော်သားကိုမှ၊ထောက်ထားမရှု၊ ဘုရားဆုကို၊ ရမှုရွယ်ချူ၊ ရွှေ ကိုယ် တော် အလှူ ကို၊ တောင်နန်းသူဒေဝီတို့၊ စိတ်ညီပြုလို့၊ သာရ ခေါ်လိုက် ပါ့မယ်။

တို့ညီအစ်မ၊ဒေဝီလှတို့မှာ၊ဘုရားသားတော်၊မင်းနှစ် ဖော်ကို၊ဖြေဖျော်ရအောင်၊မောင်နှမ နှစ်ပါး၏အလယ်၊ လက် ခြေ ခါး ကြိုးကိုမဖြလို့၊ မြေဝယ်ထားပြီး၊ မောင်ဖွားမှာ အဘ၊ နှမမှာ အမေယောင်၊ ပီပြင်စွာ ဆောင်လို့မို့၊ သန်းခေါင်လေ သွေးခိုက်ကို၊ ပွေ့ပိုက် ကာ ဖြေဖျော်ကြစို့ ညီမထွေးငယ်။

မကြီး ကြင်တဲ့၊ ရွှောင်သိင်္ဂါ၊ မင်းမာလာငယ်၊ ၊ မဟာနွယ်စဉ်၊ ရွှေရင်တော်ဖွား၊ မင်းနှစ်ပါးကို၊ပိုက်ဖြား ယုယ၊ ဖျော်ဖြေကြ၊ တစ်ညလုံးကြာ၊ ပြုဗ္ဗာဝိဒေဒ၊ ကျွန်းချက်ဗွေက၊ ဖန်နေဝါလည်း၊ လက်ျာကျွန်းပေါ်၊ ယွန်းချိန်ဖြင့်တော်ပေါ့၊ သော်မော်ဘုန်းလှူ၊ မင်းနှစ်ဆူ ကို၊ ရန်သူခပင်း၊ ဘေးနှင့်ကင်းအောင်၊ ဖန်ဆင်းခဲ့လို့၊ နှောင်ဖွဲ့ချည်မြဲ၊ ကြိုးများကိုတွဲပြီး၊ နတ်ပွဲသဘင်၊ မယ်တို့ ပျော်တဲ့ တောင်တော်ခွင်သို့၊မလင်းခင် လှမ်းမီအောင်၊ သည်ကပဲ ကွယ်စို့တော့ ညီမငယ်။

တစ်ခန်းရပ်

::::::::::::

## မဒ္ဒီဧဝီ သစ်သီးရှာခန်း

ဧဒ္ဒီမိဖုရားဆို။ ။အေးသံကလေး၊ပျံ့ချီချီသွေးပေါ့ နတ်ညွှင်း မြိုင်မင်းရိပ်သာ၊ ပန်းစက်ရာငယ်မှာ၊ ထုံရီဂန္ဓာ၊ မွှေးပျံ့သင်းသင်း၊ ဖော်ချင်း ခေါ်ရင်း၊ ပျော်ခင်းလွှ့ဘာသာလို၊ ရေညှိသောင်ယံ၊ ဆွေမယ်မောင်နှံ၊ ပျော်စံတအေးအေး၊ နှုတ်တဲ့ နှုတ်ချီသွေး၊ ချစ်ရေး ဟစ်ကြွေး မြစ်တွေးကျော်၊ သည်ဖော်နှင့်ဝေး၊ မြောက်လေသွေး၊ နှင်းကဖွေး၊ ရင်သွေးငယ် မယ်မောင်၊မြိုင်လယ်ခေါင်၊ အယ်အောင် ချမ်းလိမ့်၊ ပန်းလိမ့်လေး၊ နတ်ကယ်မယ် မယ်ဖျော်ရေး၊ ကျူးငြိမ့်အေး၊ မွှေးကြိုင် ထုံထုံ၊ ကာသိထည်ခြုံ၊ စက်ရွှေဘုံ ညှံ့ညှံ့ပျောင်း၊ နှင်းရည် ပျံ့ပျံ့လောင်း၊ ရွှေသောင်းငယ်ရုံသည်၊ စံတော်မူတော့လေး၊ ငွေမောင်းငယ် ဆော်သည်၊ ပျော်ချိန်တန်ပေါ့လေး။

ပိုက်ထွေးရွှေရင်ခွင်၊ ချိုပြုံး ပြုံးကာရှင်၊ ပန်းဓာဂါ သဇင်၊ ကြင်မဆုံး၊ ကြိုင်မွှေးကြွယ်ကြွယ်၊ မယ့်ကေသွယ်မှာလေ၊ ဆူလှယ်ဆင်ကြတယ်၊ ယဉ်ပန်းကုံး၊ ရွှေဘုန်းနန္ဒန်း ပြည်လုံး သွ့ကျက်သရေ၊ မေမေသာ ပျော်လို့ ကျူးမယ်ပလေ။

မျှော်တမ်း၊ ဖော့ပန်း လှဆန်းမယ် ကဏ္ဍာငယ်လေ။ ပျော်ရှာခေါ်လို့ ထူးပြီဘူးလေး၊ ဆော်မြူးလေပြည်ချွေသွန်း၊ ဖန်ရောင် နေခြည်ထွန်း၊ ပြဗ္ဗာစွန်းငယ်က၊ စက်ဝန်းလှည့်ချိန် တန်ချည်ပြီ။

ခြေဲဘ် သားကိုခင်မင်၊ လင်ကိုစုံမက်၊ မဥ္စာရက်နှင့်၊ ငွဲ့ကွက်ကယ် နှောင်ငင်၊ မြိုင်ယံဝင်သည်၊ မိခင်မယ် ပန်းရတော့တယ်။

နေ့တိုင်းနှင့်မူ၊ ခုမတူသည်၊ တံချူခေါက်ချိုး၊ ဆတ်ဆတ်ကယ် ကျိုးလို့၊ မယ်စိုးရိမ်လှ၊ သစ်သီးကြီးငယ်၊ ရှာပါတယ်ကို၊ ဘယ်မှာမရ၊ သားလှမင်းဇာ၊ မယ် ကဏ္ဍာကို၊ ဘဟာရယ်ပြလို့ ချော့ရမယ်။

ပင်လည်ငြိမ့်သောင်း၊ ငလျင်တော်သံ၊ ဥပါငယ် ပျံသည်၊ တောင်ယံစေင်းလို့၊ ရိုက်ခြောင်း ပဇ္ဇုန်၊ မြကြီးငယ်တုန်သည်၊ မကြုံစဖူး၊ နိမိတ်ကယ်ထင်သည်၊ အမြင်ထူးလို့၊သားဦးနန်းနွယ်၊ ကဏ္ဍာမယ်မှာ၊ ဘယ့်နယ်အခင်... ငယ်လင်မင်းမှာ၊ အခြင်းဘယ့်နှယ်၊ ဖွေဖွေအရေး၊ မေမေတွေးလို့ပူသေးတယ်၊ ။သား ကြောင့်ပူပင်၊ မယ်ပြန်ချင်လည်း၊ မမြင်လမ်းပေါက် ဗိတ်ဗိတ်ကယ်ပျောက်လို့၊ တောင်မြောက်မသိ၊ မျက်စိ ငယ်လည်၊ သည်မယ်ချိပြီဘူ၊ မဒ္ဒီကံငယ်၊ တစ်ဖုံ တစ်ခန်း၊ ဖြစ်တွေဆန်းလို့ ပန်းလှတယ်။

ခြေဲဘ် မဒ္ဒီဖြင့် ယခု၊ ဘယ်အမှုတုန်း၊ တစ်ခုခု တွေ့လိမ့်မယ်၊ မနေ့က အိပ်မက်ကြောင့်၊ စိုးရိမ်လျက် တစောစော၊ တောထဲသို့ ရောက်ပြန်လျှင်၊ ကြောင်း မတန် တရစပ်၊ ညာမျက်ခုံးတော် မြတ်က၊ ဖျတ်ဖျတ် လူး လှုပ် ချက် က နှယ်၊ လျှပ် ပြက် သည့် အ တိုင်း၊ လွှယ်နေကျ ပလိုင်းလည်း၊ ရှိုင်းရှိုင်း ပြိုပြို၊ ကြီးပြတ် လို့ကျ၊ ပုဗ္ဗနိမိတ်၊ သည်ကတည်းက၊ မယ်အသည်း ထိတ်လှပေါ့၊မှိတ်လို့သာရဲယောင်၊ အမေလေးခုဆောင် ရတယ်၊ သားမယ်ခုမောင်နှစ်ပါးကိုဖြင့်၊ လားလားမှ စိတ်မချနိုင်ဘူးကွယ်။

တလယ်လယ်၊ သည်မယ်ခုဆွေးပါဘို၊ ရွှေရင်သွေး တို့ကြောင့် ပူရတယ်။

လင်ဖုန်းဝေ၊ မယ် မောင်တွေးနှင့်၊ သည်တစ်ခါ မယ်ကွာဝေးမယ်လို့၊ ရေးထင်မိတယ်။

သားဆွေလင် စံရှင်မြန်းပါတဲ့၊ ကျောင်းသခ်မ်းကို တဲ့ မျှော်လိုက်ရင်။

မှုန်ရီရီမြူခြည်တန်းလို့၊ မမြင်နိုင် ဗျာပါလွှမ်းဘယ် လေး၊ လွှမ်း လွှမ်းသေလိုက်ချင်။

ခြေဲဘ် နေဖန်စကြာ၊ ဒေါင်းယာဉ်သာငယ်၊ဂေါယာ ထိန်ကျွန်း သီသီငယ်ယွန်းသည်၊ မွန်းရိမ်းကကျော်၊ ချိန်မတော်အောင်၊ ညှိုးရော်ပင်ပန်း၊ လာတဲ့လမ်းကို၊ စခန်းမသိ၊ မမှန်းမိလို့၊ နှမ်းရိမရှင်၊ သားနှင့်သင်ကို၊ မမြင်ပါရ၊ သည်ဒုက္ခကြောင့်၊ ကျွန်မ ပူတာ၊ ပွေတုန်း ပါကို၊ ကြမ္မာဖိစီး၊ မယ်မယ့်ရှေ့မှာ၊ ခြသော့ဆီးလို့၊ ကျားကြီးအလယ်၊ ကြောက်စဖွယ်ငယ်၊ နောက်ဆွယ် သစ်မင်း၊ မယ့်ကိုဝိုင်းရံ၊ စားမယ့်ကြံသည်၊ ဟန်ပန် ခင်းလို့၊ လဲ့ဝင်းညက်ပြာ၊ မပြေးသာ၊ သည်ခါ သေပန်းပွင့်တော့တယ်။

ခြေဲဘ် ခြသေ့မင်းနှင့်၊ ကျားမင်း သစ်ခုမောင်၊ မရှောင်လမ်းတွင်၊ ဂုဏ်ကျော်စောတဲ့၊ တောဘုရင်ရို့၊ မယ့်သင်းမျှားကို၊ ချင့်စားစာလို့၊ မေတ္တာပွားကြပါ။

ပျို့ထွားဆင်းရောင်၊ နှမဖွားတဲ့ သားရွှေတောင်ကို၊ မောင်တော်တို့တူရင်း၊ ထင်တော်မူကြလို့၊ ကြည်ဖြူ မြတ်လေး နှမခထွေးကို၊ ခွင့်ပေးတော်မူကြပါ၊ တောမင်း မောင်ရို့။

ခြည်ဘ် မကြံနိုင်ပြီ၊ သီကရီငယ်၊ မဒ္ဒီမယ်ထွေး၊ သားကိုဟစ်ခေါ်၊ လင်လိုမျှော်သည်၊ ပေါ်လာရေးနှင့်၊ တောင်ပြေးမြောက်ပြန်၊ မြိုင်လုံးငယ်ညံ့သည်၊ ငိုသံမစဲ၊ စွန်လိုငယ်ဝဲသည်၊ ရင်ကွဲလုဖွယ်၊ ထချည်ထိုင်ချည်၊ ငိုချင်းငယ်သီသည်၊ 'မဒ္ဒီမူးလို့၊ ရှုးချည်ပေါ့ကွယ်။

မယ်မယ့်သည်းချာ၊ ရှင်ကဏှာနှင့်၊ မောင်ဇာလီမင်း၊ တည့်ဦးမှုန်မှုန် စားချိန်နီးလို့၊ သစ်သီးငယ်ကုန်၊ ရွှေဘုံဟွင်းမှာ မှိုင်ရင်းမယ့်ကိုမျှော်လိမ့်မယ်။

အဆာငယ်ကျယ်သည်၊ ငယ်လည်းငယ်သေး၊ မပီကလာ၊ ပီကလာနှင့်၊ ဘိတာလေးတွေမို့၊ ပြေးတုံလွှားဘုံ၊ ပေါက်လို့ငယ်ခုန်၊ ဖုံအလူးလူး၊ ကျောင်းတော်ဦးမှာ၊ နဖူးလည်တိုင်၊ ချွေးမြိုင်မြိုင်နှင့်၊ သံပြိုင်ငယ်ဆိုသည်၊ ငိုရှာလိမ့်မယ်၊ မယ်မြင်သေးပါဘိ၊ ရွှေသွေး ရယ်။

တည့်ဦးငယ်ငယ်၊ မအေးဖွယ်၊ ဆူလှာယ်ငိုကြွေး၊ တစ်ယောက်မျက်နှာ၊ တစ်ယောက်သာလျှင်၊ ကြည့်ကာငေးလို့၊ ခေါ်မေးမရ၊ အဖေဖျော်၊ မပျော်ကြဘဲ၊ သော်ကငွေစိုင်၊ ပန်းနှစ်ခိုင်ကြောင့်၊ မခုပြနိုင်အား၊ သည့်တိုင်းမှန်လျှင်၊ ပူရန်သာပွားတော့မယ်၊ သေများ ခု မသချင်တယ်။

သားနှစ်ဖော် ရွှေလှော်ပွင့်ကိုလ၊ မမြင်လျှင် ရွှေရင် ပွင့်လို့၊ အို့ မေဖြင့်ကွယ်၊ သေချည့်မယ်။ ။

ခြည်ဘ် တည့်ဦးချုန်းချုန်း၊ ဆိုငိုတုန်းပဲ၊ သုံးချက်တီးက၊ အပုံကြီးလွန်၊ တောင်တော်များမှ၊ ကြက်များလည်း တွန်ချေပြီ။ ဟောဝန်သနင်း၊ ခြသေ့်မင်းနှင့်၊ ကျားမင်းသစ်မောင်၊ မတ္တာဗို့လို့၊ သူတို့လည်း ရှောင်ပေပေါ့၊ မြိုင်ခချောင်ကလှမ်း၊ သခ်မ်းသို့ ပြန်ရလျှင်၊ နေ ဝန်စကြာ၊ မယ်တို့ ကျောင်းသို့၊ ပါကောင်းတန် ပါသေးငဲ့၊ အသာမြန်းလို့၊ လှမ်းရဦးတော့မယ်ရှင်။

မဒ္ဒီမယ်မြိုင်ညိုလမ်း၊ ဆိုငိုကာ မြန်းရတယ်၊ အိုမယ့် ကျောင်းတော်သခ်မ်းက၊ လာလမ်းကို ငံ့မျှော်သည်၊ သားရွှေလှော်ရင်သွေး၊ မယ့်ကျေးဇူးသခင်၊ မယ်မြင်ချင်လွန်းလို့၊ မျှာမွန်းဆူပူတယ် ဖျား နော်မေ့၊ အားတော်ကုန်၊ အို့ ကြုံမြန်ရနဲ့၊ ဖဝါးခြေနာနာ၊ ခါခါ ယိုင်နွဲ့လဲတယ်နှင့်၊ သည်းတုန်တုန်ဖိုလှိုက်လှ၊ မြမကိုင့် သားနှစ်ဖော်မှာ၊ ဘယ့်နှယ်နေဘ် မယ်မယ်ရောက်လျှင်၊ စိတ်နောက်ဖွယ့်စကားကို၊ကြားရမယ်စိုးပါဘိ၊ ကံဆိုးမ နင့်အဆင်မှာ၊မမြင်လျှင် မျှော်တလို့၊ မြင်ရလျှင် ပူလေ ဦးမယ်ထင့်၊ မုန်းပါဘိ အိုနှင့်နှယ်၊ သေမှာဖြင့် သေ လိုက်လျှင်၊ မြိုက်ခနဲပြီးရောပ၊ သည်မိန်းမ ကြမ္မာငယ်၊ သက်လိဝ်ပြာဘာပြုလို့နေ့း၊ အိုခလး သေတဲ့ပါ့လေး။

မဟာမြိုင်ဦးမှာတဲ့၊ ကိုယ်ထူးငယ်ဆိုငို၊ ခေါ်ကာလေ ယောင်ယမ်း၊ သည့်အိုင်စမ်းစိမ့်စီးသွယ် မျက်ရည်ယို၊ မခအားငယ်နိုင်လို့ ပူပိုဒို၊ နေညိုညို၊ ရွှေကိုယ်မယ် ညည်း၊ သားနှစ်ဖော်၊ မောင်ခတော် မယ်တို့ချည်းမို့လေး။

နေ့တိုင်းလိုဆို၊ ကြိုလာချိန်မှီးပါပေါ့လေး။ အို ခရီးကွာ၊ လမ်းတာက ဝေးတယ်လေး၊ မယ်လေးကွယ် ရွှေရင်မှ၊ ဘယ်ရွေးကံ ငြိုငြင်သိ၊ သေချင်ဖွယ် လွမ်းပါဘိ၊ ကျောင်းရွှေဘုံစွန်း ငယ်ကမျှော်၊ နှစ်ယောက်ကယ် တူစုံမှာ၊ ငိုပုံတွေ့ သားငယ်နှင့်၊ ခေါ်သံလိုကြားပါဘိနော်၊ ရွှေရင်သား မို့ပဲ၊ သနားလိုက်လှသတော်။

ဘုန်းသော်မော်၊ ကိုယ်တော်များ၊ ခုချိန်တိုင်လျှို၊ နေနိုင်အား၊ အိုမမှာရှာ ငြားလေ လှသက်ဝေ၊ မျက်နှာတော်တိမ်းပါဘိ၊ စိမ်းရက်တော့မလား လေးဖေ၊

ကာဆိုးမမယ်မဒ္ဒီ၊ ငိုရင်းသေလုပြီ၊ နေသီသီခစောင်းပါပေါ့ ကျုပ်ဖေ၊အို နေနိုင်ဆိုး၊ ငယ်လင်ဖုန်း၊ ကြိုလာပါဦးတော့ ဂမုန်းချွေ။

မဒ္ဒီကိုမုန်းတယ်လို့၊သည်းရက်တော့မလားလေဖေ၊ ၊ ကျောင်းဘုံဘွေ၊ လှသံလေတိတ်ပါလှ၊ ဘယ်ကိုသွားကြသတုံး၊ ရွှေသားမောင်ရို့လေ။

နှစ်ပါးမျက်နှာ၊ မယ်မြင်ပါဘူး သက်ဝေ၊ မယ် ခေါ်တယ် ထူးပါဘူး၊ နှစ်ဦး ဘာပြုနေ၊ ၊တစ်ခွန်းငယ်ခေါ်၊ တခြော်ကြော် ထူးနေကျကွယ်၊ ဘယ်အရေးလေသိ၊ ကလေးတွေငြိမ်လှတယ်။

အို မြေမလေးကြေးမုံ၊ သားနှစ်စုံတို့၊ ပဒုံရွှေကြာ၊ လှမျက်နှာကို၊ မြင်ပါနေကျ၊ မမြင်ရလို့၊ မမ ညှိုးငယ်၊ ပူရတယ်၊ ဘယ်နှယ်မှန်းမသိ၊ သူ့အဖေလည်း ရှိလျက်ကို။ မဒ္ဒီအခဲ၊မယ့်ဝန်လည်း ကင်းရော့ပ၊ ဖြည်းညှင်းဆေးလေး၊ အမေ့ပြောကာမှပဲ၊ သူ့အဖေကို မေးတော့မယ်။

အတွေးကခက်၊ မယ်ငိုသံများကို၊ သူအကြားသားနှင့်၊ မျက်နှာထားရဲလွန်းလို့၊ မယ် အသည်းနာပါတိရှင်၊ အလိုလေး မယ့်နားမှာ လှံသွားနှင့် ထောက်သည့်နှယ်၊ တောက်တောက်ခါးခါး၊ မကြားကောင်းကြားရတယ်၊ စကားနှယ်ရင့်လေ၊ နားပွင့်မခလောက်၊ အစ်မကြီးကြောက်ပါရဲ၊ထီးဆောက်တဲ့ပလ္လင်၊သဖန်းပြင်မှာ၊ ကြင်ပလ္လာခံ၊ စလျားတော်နှံ့ကတည်းက၊ မြိုင်ယံဌ်သာ၊ ခုလောက်ကြာရော့၊ တစ်ခါဖူးမှ၊ သည်စကားနှယ်လို၊ မောင်လှရတနာ၊ မဆိုဘူးပါဘဲနှင့်၊ မာချာတောင့်တင်း၊ အမိန့်တော်ပြင်းလွန်းလို့၊ အခင်းကိုသိချင်လှသည်၊ ကျေးဇူးရှင်ငယ်။

ကံကြမ္မာညှိုးပါဘို့၊ ဘေ့ဆိုးမ မယ်မဒ္ဒီ။

ရွှေရင်သွေး၊ ကလေးနှစ်ဖော် ပျောက်ပါလို့၊ မွေ့နောက်ကယ် ပူဆာတုန်းကိုလ၊ အမုန်းတော် ပိုစကားငယ်နှင့်၊ မယ့်နား သံမှိုနှက်သည့်နှယ်၊ ကြားခက်ပြန်ပြီ။

မာဂဏ္ဍီ၊ ပလီလို့ ဖြစ်ခဲ့လလား။

မယ့်ကြောင်းအဆင်၊ မြိုင်ကြီးရဂုံခွင်မှာမို့၊ တရားဝင်သက်သေရှေးလို့၊ နှမတွေး မယ်မပြနိုင်ဘု၊ မူလကိုခံ့အသိပါပဲ၊ နှိုင်းညှိထောက်ထား။

သားကြောင့်ငယ်ပွေ၊ မင့်အဖေလေးကြောင့် တစ်သွယ်၊ မယ်တစ်ခုမှာလ၊ ဆယ်မှုသာ ပွေတော့တယ်၊ ဖေဆိုဟန်၊ သားသက်နှံကြားပါစ မောင်ငယ်၊သေသော်ကောင်းလေငဲ့၊ အကြောင်းငယ်ခက်လှတယ်၊ ဖေမယုံ၊ ကျမ်းဆယ်ပုံ ပေးပါ့ဆေးမယ်၊ မီး ရေ လားပါလို့၊ ဆန့်ဝါးချင်လှတယ်၊ မောင်တော်ပြင်၊ ဆံတစ်မျှင်လွဲလို့မကြံ၊ ထင်းပုံအုံးမယ်လို့၊ အဆုံး ရာသက်ပန်၊ မြတ်ဆုငယ်ပန်း လောင်းခဲ့ဘဲသန် ကျေးဇူးသခင်၊ မယ်လျှောက်ထားပါ့မယ်၊ ရွှေနားတော် နာပါ့ရှင်။

တောမြိုင်ခွင်၊ တော်ငလျင် မြိမ့်လို့ ဟိန်းသံ၊ တောင်ယံ စောင်းလို့၊ ပြိုကောင်း ပြိုမယ့်ကြံ၊ မြိုင်လုံးငယ်မှောင်၊ မယ် မြောက်တောင် သိပြီဘူးပတ်လည်၊ ပြန်ချင်လျက်ကယ်နှင့်၊ မယ်ခက်လို့ နေရတယ်၊ လမ်းလယ်တွင်၊ ကျားသစ်ဆင်စောင့်လို့ မှောင့်တယ်၊ ခြသေ့ဆီးပါလို့၊ မကြီးကြာခဲ့တယ်၊ အသည်းကိုထွင်၊ ရေစင်နှင့် ဆေးလို့ပြမယ်၊ တွေ့တွေ မတွေ့ပါနှင့်၊ နှမလေးဖြင့် စင်ရဲ့ကွယ်။

ပြေဘ် မဒ္ဒီဖြစ်တွေ၊ ကြုံပလေသည်၊ တုန်ရှေ့တွင်ခိုက်၊ အသည်း လှိုက်အောင်၊ ဆွေးလိုက်လှတယ်၊ ရွှေပြည်တော်ဝေး၊ မြိုင်ယံကျေးမှာမို့ ပူရေးကြွယ်၊ မယ်မယ့်သခင်၊ ရိပ်ဖြူဖြန်းတဲ့၊ ရွှေနန်းရှင်တို့၊ မြင်ပါလှည့်လား၊ သူ့ကိုချစ်ခင်၊ ကျေးဇူးရှင်မို့၊ လင်ကိုလုပ်ကျွေး၊ ကိုယ်တတ်နိုင်ရာ၊ သစ်သီးငယ်ရှာသည်၊ မယ်သာ မွေးမယ်လို့၊ သူ့ကျေးဇူးဆောင်၊ သည်မြိုင်ချောင်မှာ၊ ကမ္ဘယာင်ချောက်ချား၊ လိုက်လာမှား၊ စိတ်ထားမယ့်နှယ် လွဲချက်ကယ်၊ ၊မယ်မယ်ဘုရား၊ မဒ္ဒီညက်ပြာ၊ မသိုက်ပါနှင့်လို့၊ တစာစာတားလျက်ကို၊ အလကားဘာပြုလို့၊ အမှုရှာဖွေ၊ လိုက်မိလေသိတော်၊ အသရေယုတ်၊ သတင်းပုပ်လို့၊ စိတ်ဒုက္ခများ၊ သားကတကွဲ၊ မျက်နှာမွဲနှင့်၊ ရှက်ပွဲကြီးခံ၊ သည်မြိုင်ယံမှာ၊ ကံကြမ္မာညှိုး၊ ဇာတာမခိုင်၊ မယ့်ရွှေဘိုင်ငယ်၊ ပြိုင်ယှိုင်ကျိုးလို့၊ အဆိုးတကာ့ ခေါတ်ပေါင်း မကောင်းဆိုသမျှ၊ မဒ္ဒီမယ်ခင်၊ ညဥ့်ဆီတွင်ပင်၊ တိုင်ပင်လို့ကျရော့ထင့်၊ မီးဆယ်ဆ မတန်ပူ၊ နေ့ခုနစ်ခုဆောင်ထိန်ထိန် ငယ်ပြောင်သည်၊ ကမ္ဘာလောင်တုန်း၊ မီးရှိန်ရှိန်မှာ၊ ဆယ်ကြိမ်အုံးသည့်နှယ်၊ နှလုံးငယ်ဝေလို့ချ။

မယ် ဖြင့် ဓေ၊ သက် သေ ပြ နိုင် ဘု၊ တစ်ကိုယ်ဇရ တစ်ကာယရယ်မို့၊ မယုံကြလျှင်လ၊ မယ့်ကြမ္မာ။

လက်ဆယ်စုံ ယှက်တင်ပူးလို့၊ မြတ်စိန္တေ ဆယ်ဆုရူးပါစေ့၊ ချစ်ဦးကိုမယ်မလွဲပါဘူး၊ မြတ်တဲ့သစ္စာ။

ကျွန်မကို မစုံမက်လျှင်ဖြင့်၊ မဟုတ်ရာ မဆို ရက်မပါနှင့်၊ မယ့်အသက်ကို သတ်ပါစေ၊ ရှက်စရာသည်အမှုကိုဖြင့်၊ လူ့ပြည်တွင် ကျန်မပြုပါဘူး၊ ခုမြန်မြန်ရင်ကိုခွဲပါတော့၊ ရဲဝံ့တဲ့ မေ၊ ၊ ကျွန်မကိုတဲ့ မနာလို၊မချမ်းလျှင် ဓညှိုသာဆို၊ ခုမရှိနိုင်စေသေငဲ့ဟုန်းမို့၊ သား

ရွှေရင်သွေး၊ ခုမြင်ချင်သေး၊ သည်ကလေးတွေကြောင့်၊ မအေးလို၊ ဘယ့်နှယ်နှင့်ခွဲရပ မတုန်းလေးအို။

ရွှေမျက်ရည်ယို၊ စိမ့်စမ်းစို၊ မယ်မယ်အိုပန်းလှချည့် ဇာလီ၊မသာချင်ဘူးလားပီပီ၊မချီချင်လှတယ်။

ဒါလီကု ိး၊ ဘယ်ကိုလည်လို့၊ ဘယ်မှာပုန်း၊ လာချိန်တန်ပေါ့ဘုန်း။

ထုံးမယ့်ဆံကေ၊ ဇင်ပန်းခွေ၊ ကဏ္ဍာ အေမိုက်လှတယ်၊ ဘယ်သူဥာဏ် ပေးလို့ပြေးတယ်၊ မယ်ခေါ်လို့မှ သူမထူး၊ ရွှေရင်ဆာ၂လွှိချာချာမူး၊ကြိုလေတယ်ဘယ်စိတ်ကူး၊ နှစ်ဦးကြည်ရှင်၊ ရွှေရင်ခွင်ပိုက်ကာနဲ့၊ ဒန်းယောဉ်လွှဲပါလို့၊ ပျော်မြိခါကို လေလေ၊ ၊မယ့် မျက်ဖျော် ရွှေသွေးတို့၊ ကလေးများ ဘာသာ၊ အိုနန္ဒာကန်ဦးမှာ၊ ကြာခူး ရေကစားလို့၊ ပျော်ပါး နှစ်ကိုယ်ကို၊ မနာလို ဘာမုန်းလို့၊ ဘယ်နတ်စုန်းကြင်ဖော်ခွင်းလေသိ၊ မြင်ပြင်းလို့မယ့်ကိုယ်ကို၊ မနာလိုငြားသော်လည်း၊ သားနှစ်ခု မလိမ္မာကို၊ ကြင်နာတော်မူကြပါ၊မယ်မြင်ရပြီး ခါဖြင့်၊ သားသမီး အတွက်ကို၊ မယ့် အသက်သေဝံ့ ငံ့၊ အိုပူလှပေါ့လေး။

ပြော် စေတုတ္တရာ၊ ရွှေပြည်သာက၊ ဝက်ပါလမ်း၊ သက်နှင်း မောင်မယ်၊ သားနှစ်သွယ်နှင့်၊မြို့လယ်ကို မြန်း၊ သခ်မ်း ကျောင်းယံ၊ ကမ္ဗောဇ္ဇာန်းနှင့် ပျော်မြန်း စံကြတယ်၊ ၊မောင်နှ ံရသော့၊နေကြရခုနှစ်လစေ့ပြီ၊ ၊ စုနေ့လည်းတစ်ဖန်၊ မယ့်လင်သက်စု၊ သားနှစ်ခုတို့၊ သစ်ဥ သစ်သီး၊ မြို့ညိုကြီးမှာ၊ ရှာမှီးချိန်တန်ပြန်ပေါ့၊ သွားရန် လာရေး၊ ခါ တိုင်း အမှုလို နု မ ဟုတ် ပြီ၊ ငြီးစီစီနှင့်၊ စိတ်သီသီ လေးပါဘိ၊ သွေး မကောင်း ခိုက် ငြားလေရော့ လားရှင်၊ ၊တငင်ငင် ပြန် ချင် လျက်ကယ်နှင့်၊ သားခွေလင်ရွှေပင်ခက်ကယ်ကြောင့်၊ အနိုင်ထွက်လို့ လာရတယ်၊ ထမယ့်ကြီ၊ ချီကာဆတ်တယ်လို့၊ ဘယ်သူကို အပူကပ်မယ်သိ၊ တွေးတတ်ဘူး ကွယ်၊ မယ့်ရှေ့ဆီ သွားမယ့်လမ်းမှာလ၊ နိမိတ်ပုံ အထင်ဆန်းပါဘိ၊ သမင်သန်းလို့ မြင်လိုက်တယ်၊ ဘယ်သူကို ဘယ့်နှယ်တုံးကွယ့်၊ တစ်ခါခါ ပူချည် ဦးမယ်ထင့်၊ မုန်းပါဘိတယ်၊ ၊သွားမယ့်ကြီ မယ် အထမှာလ၊ ရွှေအိမ်မြှောင်သစ်ပင်ခွက၊ စုတ်ခေါ်တလှို မြည်လိုက်တယ်၊ တိတ္တိုစာ-မှာ ဆိုရင်းမို့၊ စိုးရိမ်ဖွယ် မယ်မကောင်းနိုင်ဘု၊ ခင်ကြိုးချည့်မယ်။ ။တကြော်ကြော် နှင့်၊ ရှမျော်ဆိုင်းတွ၊ လာခဲ့ရ၊ မြိုင်ဝသို့ ရောက်ကပြီ၊ လုံးပေါက်ငယ်ကြီး၊ တောသစ်သီးလည်း၊ ရှာမှီးလို့ မရ၊ ရေကလည်းငတ်၊ ကြာ အားပြတ်ကရော့မယ်။ တလတ်ကယ်နားသို့၊ ရေများပဲ သောက်ရဦးတော့ မယ်။ ။ပန်းနှစ်ပင်၊ သားရွှေရင်သွေးရို့ ဘယ်ဆီ၊ ကြင်မခန်းကိုတဲ့၊ မြင်စမ်းချင်လှပြီ။ ။သား ရွှေစင်၊ မယ့်ရင်ခွင် ပိုက်ချင်လှတယ်၊ ကဏ္ဍာကြော့ငယ်တို့၊ အသော့လာကြကွယ်။ ။ပြော် အာကာသစိုး၊ဘုမ္မစိုး နှင့်၊ ရုက္ခစိုးမောင်၊နတ်ဘုန်းခေါင်တို့၊ သားရွှေတောင် နှစ်ပါးကို၊ ဝှက်လို့ပဲထားရောလ၊ သနားတော်မူကြပါ နတ်မင်းရို့ရှင်။ ။အို ဖြစ်ရပလေ၊ စိတ်စက်ကယ်ပွေ လို့၊ သချင်တုန်းကို၊ မုန်းစရာရှေ့က၊ မြသေ့နှင့် ကျား၊ သစ်ဆီးလို့ထားမြန်ခဲ့ပြီ၊ သားလင်များထံကို၊ မယ်ပြန်လို့ရောက်နိုင်ပါဦးမလားရှင်။ ။သားရွှေစင်၊ မယ်မြင်ချင်သေးပါဘိလေး၊ မဆုတ်ဆိုင်းပါနှင့်၊ ဟုတ် တိုင်းကိုဆိုပါ့ဖေ။ ။အို ဖြစ်ရပလေ မယ်သက်ဝေငယ်၊ မြိုင်ခြေကျွန်မ၊ ရောက်စကပဲ၊ ပုဏ္ဏားလက်၌၊ ငါ လှူလိုက်တယ်လို့၊ စိုက်စိုက်ကယ် ဟုတ်ရာ၊ မောင် ပြောပါရင်၊ ပူ တာ မယ့် အား၊ အရှင်းမပွားရလေ ဘူး၊ အလကား အမှုပိုနှင့်၊ ဟိုကိုမန် သည်ကိုမဲ၊ ရှုံထဲ ခဲ့ပစ် လက်ရစ်ကပလာဘူ၊ အင်မတန် ထူလွှန်းလို့၊ ခံရသူ အကြိကတ်၊ ဆယ့်နှစ်မှ အပေါ်မှာ၊ ရေကြည် တော် ထပ်ပြန်ပေါ့၊ သည်းစပ်ကိုရှာဖွေ၊ လှ ံသွားနှင့် မွေးသည့်နှယ်၊ အမေသည်လောက် ဆွေး ပါ ရ တယ်၊ ရင်သွေးနှစ်ကိုယ်၊ သင်းတို့လိုက်ို၊ မဆိုနှင့်ဦး၊ မယ့် နှလုံးကို၊ အဆုံးထုတ်ယူ၊ နုတ်လို့ပင် လှူကတဲ၊ မယ် ကြည်ဖြူနိုင်သေးငံ့၊ ရွှေညာပိုင် နှမထွေး၊ စိတ်ချလို့ ခုမှအေးတော့တယ်၊ မောင်ပေးတဲ့ အလှူ၊ မောင်ယူ တဲ့ဆု၊ ကုသိုလ်မှုကို၊ သာဓုနှုမော်၊ ကျွန်မခေါ်ပါ့မယ်၊ စိတ်ချတော်မူပါရော့၊ မယ့်သခင်ငယ်။ ။စိတ်ပူပန်၊ မယ့်အကြီယွင်းပေလျှင်၊ နှမထွေးကိုတဲ့၊ ခွင့်ပေးတော် မူပါ့ရှင်။ ။ကံသုံးထွေ၊ ကုန်ပျောက်ပြေ ကင်းအောင် လို့ကွယ်၊ ဆံခွေလျှော့ပါလို့၊ ကန် တော့ လိုက် ပါ့ မယ်၊ ။

အစလောင်းတော်ဝေဿန္တရာမင်းကြီး၊ဆို။ ။ပြော် သမ္ဗုဒ္ဓတ၊ ဘုရားဆုထူး၊ စိတ်ရှယ်စူးလို့၊ ပွင့်ဖူးမခူ၊

သွားနှစ်ဆူကို၊ အလှူကံကျေး၊ ချစ်လျက်နှင့်ပေးရတယ်၊ မြို့ဝေးက မဒ္ဒီ၊ ခု ရောက်ချေပြီ၊ တံမြည်တမ်းတမ်း၊ တရမ်းရော်ရော်၊ တအော် ကြွေး ကြွေး၊ တောင် မြောက်ကယ်ပြေးလို့၊ သေဘေးမဒ္ဒီတွေ့ချည့်မယ်။ ။ သွားကိုမချစ်၊ တခြားမှုနှင့်၊ စိတ်တစ်ခုဖြစ်တဲ့အောင်၊ အပြစ်တင်ပုံ၊ မျက်နှာမှုန်ကြီးနှင့်၊ မယုံတဲ့ လင်္ကာအား၊ အခင်းရှာလို့ ပုတာကို ပြောင်းဦးမှ၊ အကြောင်းတော် ချည်တော့မယ်။

ခု ဘဝက၊ ကမ္ဘာ့အဆုံး၊ ဘယ်ခါမှ မုန်းဘူးလို့ စိတ်နှလုံးစွဲ၊ အားကုန်သစ်လို့ချစ်ကတဲ၊အကဲခတ်ချော်၊ အကြံယွင်းတဲ့၊မင်းကတော်ငယ်။ ။တအော်ဟစ်ဟစ်၊ တဖြစ်တောက်တောက်၊ ကျောင်းသို့ရောက်ထဲ့ရင်၊စိတ် ပေါက်စရာ၊ ခတ်သိချင်းဟာပါကာဲ၊ မာယာရစ်သွဲ့၊ သား လင် ကို ဖွဲ့ လို့၊ တ ကယ့်အဟုတ်၊ ပရိယာယ် နှင့်၊ငိုချင်းသည် မလုပ် ကြ ပါ နှင့်၊ နှုတ် က တ ခြား၊ စိတ်ထားတစ်ထွေ၊ အမှုတော်ပွေလွန်းလို့၊ နေနိုင်ဘူး ဒလဟော၊ ငါသိတိုင်း ပြောမိလျှင်၊ ပက်လက်မှော မေတ္တာလံ၊ တစ်သက်လုံး တန်ကြရော့မယ်။ ။ မာဂဏ္ဍီ ခရာပိုင့်၊ အငိုစဲလို့၊ နေမြဲ နေတော်မူပါ၊မင်း ကတော်များ။ ။အိုပလီပလာ၊ နိုင်ကြရှာလေ၊ ကမ္ဘာ လားသော၊ ဆန်ဝါးသောလို့၊ စကားကြော မရှည် ကြပါနှင့်တော့၊ ကေန်စင်စစ်၊ သားကိုခင် လင်ကိုချစ် ရင်၊ ဆယ်နှစ်လောက် ကျော်အောင်၊ တောပျော်လို့ နေပလေ၊ စိတ်ဖြေစရာ၊ တောခန်းဝါမှာ၊ ဘဟာ လေ မသိ၊ တစ်ခုခုရှိလို့သာ၊နေမိနေရာ၊နေခဲ့သဟာပ၊ အခါမတော်၊ သုံးချက်တီးကျော်ခါမှ၊ သူပျော်တဲ့ မြို့ သာက၊ ကမ္ဘာချိချွတ်၊ ကဆုန်ကြီးလွှတ်ခဲ့လို့၊ ဖွတ် တရွတ် ရောက်ပြန်လျှင်၊ ပူလေဟန် ငိုလေဟန်၊ မာယာ ဥာဏ်မပေါက်ကြပါနှင့်၊ သည်ကလောက် အမှုမျိုး လို ဖြင့်၊ မီးနိုးပင် ခိုးကတဲ၊ ရေချိုးသလို ထွက်ပါငံ့၊ ရှက်စရာထင်လှတယ်၊ ဆင်ခြင်တော်မူပါ့ မင်းကတော် များ။ ။အို ဖြစ်ရပလေ၊ ဗလပွေရှုပ်အောင်၊ ပြော တတ်ကြရန်မှာ၊ ခြောက်စက ထောင်ရော့၊ ငါမောင် ကိုယ်မသိ၊ အထင်များရှိလို့၊ ပကတိအဆုံး၊ မိုက် စာ ရင်း သုံးပြီး၊ ဘူးလုံးနားမထွင်း၊ လှူ့အဖျင်းသတ်သတ်၊ ပေါက်ဆိန် တစ်စည်း၊ ခါးမနီးတဲ့၊ လောင်းကိုယ်ကြီး မှတ်သလား၊ တောရပ်ခန်းဝါ၊ မြို့ရောမှာ၊ ဝိဇ္ဇာ ဇော်ဂျီ၊ တိမ်ဆီမြူးပျံ၊ မန္တန်သမား၊ နတ် ယောက်ျား နှင့်၊ နဂါးလုလင်၊ ထွက်ဝင်သန်းကူး၊ အယ်အောင် ပေါ်တဲ့၊ တောမြို့ဦးမှာ၊ ပျော်မြူးခိုလှုံ၊ တစ်နေ့လုံး ကုန်ခဲ့ပေါ့ကာဲ၊ ယုံသင့်မှ ယုံတော့မယ်၊ ရှေးယခင်က၊ ဗာရာဏသီ ပြည့်ရှင်မှာ၊ ချစ်ခင်တဲ့ သမီးမြတ်ကို၊ ရွှေ ပြာသာဒ် ဘုံဖျားတွင်၊ ယောက်ျားနှင့် မစပ်အောင်၊ စောင့်ကြပ်၍ထားရာ၊ ဝိဇ္ဇာမိုရ်တစ်ဦးနှင့်၊ ပျော်မြူးတဲ့ ထုံးပုံ၊ ခံတွင်းမှာ သွင်းငုံလို့၊ လုံခြုံလေအောင်၊ ဘီလူး မင်း ဆောင်ခဲ့တယ်၊ ၊လေယာဉ်စီး ဝိဇ္ဇာ၊ ကန္တာရ မန္တန်ရှင်၊ ဘီလူးမင်း ပါးစပ်သို့ အတတ်နှင့် ဝင်ပြီး လျှင်၊ ပျော်ရှင်တဲ့ထုံးဟောင်း၊ သည်အကြောင်းများကို၊ ထောင်းထောင်းညက် ပတ်ပတ်မွှေ၊ သိလွန်းလို့အကြေ ကြီးကာဲ၊ ကြားလေလေ ဇာတ်ပေါ်လို့၊ အရှက်တော် ကွဲရော့မယ်၊ စကားပွဲကျင်း၊ ဖြန့်ကြဲအောင် မခင်းပါ နှင့်၊ မယ်မင်းကြီးများ။

ပြော် ဖြစ်ရလေခြင်း၊ အပူကင်းအောင်လို့၊ အခင်း ဖွေရှာ၊ တစ်ဥာဏ်နှောလို့၊ ပြောပြန်ပါလည်း၊ ပုတာ မပျောက်၊ ငါ့အမှုကြောင့်၊ နှစ်ဥပါဒ် ရောက်ချေပြီ၊ ၊ မြိုညောက်သီဂီ၊ ထုံးကေဖြေလျော့၊ ရွှေခိုလို ကော့ပေ တဲ့၊ ကြော့ မဒ္ဒီငယ်။

ပြော် ဖြစ်ရလေနည်း၊ နွဲ့နွဲ့ငယ်ယိုင်သည်၊ ရွှေ တိုင်လဲတဲ့နှယ်၊ ပိုက်နွဲ့ရင်ကျူး၊ မောင်မောင်ခေါ် လို့မှ၊ ထူးပြီဘူး၊ မူးတော် မူသလား အမေ၊ ၊ခုတင်ဝဲ တစာစာ၊ငိုရက်ပါကို၊ လိပ်ပြာတော်သွေး၊ ရွှေရင်တော် က ဝေးရော့သလ၊ စကားမေး မရဘူးလား ကရို။

ပြော် စေတုတ္တရာ၊ ရွှေပြည်သာက၊ ရာဇာသနင်း၊ မိခင်ရင်းတို့၊ ကိုယ်ချင်း မစာ၊ နှင်လိုက်ရှာသည်၊ မောင် သာစိမ်းပင်၊ သူမ ပစ်သည်၊ အချစ်မောင့်ထက်၊ ကဲပေ တယ်၊ သည်သားအရေး၊ မဟုတ်သေးဘု၊ ပိုက်တွေး ကြည်ဖြူ၊ မြို့ညိုကြီးမှာ၊ သစ်သီးချူလို့၊ နေပူမဆို၊ မိုးစို မရှေး၊ သုံးယောက်မျက်ဖျော်၊ မညိုးလျော်အောင်၊ ပွဲတော်ငယ်ကျွေးသည်၊ မြတ်လေး ရှိသေရက်ခဲ့ပေတယ်၊ အသွယ်သွယ်ကို၊ တာတွယ်ပေါင်းလို့၊ အောက်မေ့ လိုက်တိုင်း၊ရွှေရင်တခို၊နုပျိုပျိုမှာ၊ တိမ်လိုငယ် မှိုင်းလို့၊ လှိုင်းလို့ငယ် ခုန်သည်၊ ပူပုံမောင် ကြီးပွားတော့ တယ်၊ ၊မယ်မဒ္ဒီဒါရှုကုံးငဲ့၊တစ်ဘုန်းကွဲ့မောင်ထူမယ်၊ သည်းငယ်လှတယ်။

ခြောက် တောင်ဝက်ပါ၊ မြိုင်ရောမှာ၊ မကျွာမဝေး၊ ချစ်ရည်ကျွေးလို့၊ တို့လေးယောက်သဲ၊ ရွှေလွန်းကြိုင်လို၊ လည်တင်နွဲ့လို့၊ မြင့်မြိုကာလ၊ စံပျော်ကြသည့်၊ နှစ်ရှာ့ တစ်ဆယ်၊ရက်ပေါင်းကြွယ်မှ၊ရင်ဝယ်ပိုက်ထွေး၊မယ်မယ် မဒ္ဒီချစ်ပန်းသီလို့၊နို့ရည်ကျွေးသည့်၊ရင်သွေးနှစ်ဖော်၊ သူ့သားတော်ကို၊ ရည်ရော်နိဗ္ဗာန်၊ ကုသိုလ်ရေးမို့၊ ပေးလိုက်ပြန်လည်း၊ မောင်နှံနှစ်ပါး၊ သဒ္ဒါကြည်ဖြူ၊ သဘောတူနှင့်၊ မလှူငြားဘဲ၊မယ်သွားတဲ့ခိုက်၊ မောင် လှူလိုက်လို့၊ ကွေ့ဝိုက်ကာယ် ပတ်လည်၊ မဒ္ဒီရွှေသွေး၊ ငိုကာငယ်ပြေးလို့ ဆွေးရတယ်။

မကွယ်မခထောင့်၊ အဖြောင့်သဘော၊ လှူလိုက်ဟန် ကို၊ မောင်ပြန်ပြောလျှင်၊ နှမြောရှုံသာ၊ သည်လောက် ပန်း၊ မန္တမ်းရာဘူး၊မောင့်တာ မောင့်ဝဋ်၊ အကြံမခပေါ်၊ သတိချော်လို့၊ ဥာဏ်တော် ချွတ်သည်၊ လက်လွှတ် စပယ်၊ မောင်မောင်လွဲပေါ့ လည်ဆွဲငယ်။

ခေါ်ပေါ့တယ် ဘောက်မထူးတုန်း၊ မြဖူးရယ်ကေခိုင်၊ မင်းနေရက်နိုင်၊ ခွေမှူးငယ်ယိုင်၊ မောင်ဗျာလှိုင် ပန်းပါ ဘိတယ်၊ မကြိုတတ်ပြီဘူး၊ လှနတ်ကာယ် ဇာလီမယ်၊ ၊ မယ်မဒ္ဒီ၊ အို ဝိဝိမှုန်းပေါ့သ သည်မေ၊ ရွှေတောင် ပေါက်သည့်နှယ်၊ နှစ်ခယောက်ကယ် ယဉ်သူ့မေ၊ ၊ အို ငိုရ မြည်ရ၊ရှုတခေါ်ကာ၊ တစာစာနှင့် ဗျာတ စော စော၊ ကိုယ့်မောင်လည်းမောလှပေါ့၊ တလော နားကြ ဦးစို့ အမေ။

သို့ရာတွင်၊ ရွာကလိဂ်၊မောင်တို့ကျေးလည်း၊ဝေးလှ သနှင့်၊ သုံးရွာမျက်မှန်၊ လောင်းဝေသန်လည်း၊ပစ္စုပ္ပန် ကာလ၊ ခုဘဝက၊ ဖြစ်ကြကံဟောင်း၊ ခန္ဓာပြောင်း လျှင်၊ နတ်ပေါင်းပျော်ရာ၊ တုသိတာမှာ၊ ချမ်းသာခံယူ၊ စံတော်မူလို့၊ လူတို့သက်ဆစ်၊ နှစ်နှင့်ဖွဲ့လျှင်၊ ငါးဆယ့် ခုနစ်ကုဋေ၊ နှစ်ရေခြောက်သန်း၊ ဂဏန်း တွက်ပုံ၊ အသက်ကုန်မှ၊ နတ်ဘုံက သတ်ခွဲလို့၊ မအောင်ချက်ဌာန၊ ကပ္ပိလမှာ၊ သိဒ္ဓတ္ထကုမ္မာ၊ ရွှေနန်းကို ခွာပြီးလျှင်၊ အပရာဇိ၊ မောဓိညောင်ရွှေ၊ ပလ္လင်မြေမှာ၊ လေးတွေ သစ္စာ၊ ပုဒ်မိအာနှင့်၊ မဟာဓမ္မရာဇ်၊ ဘုရားရှင်ဖြစ်သတဲ့၊ သနစ်ကိုထုတ်ဖွေ၊ နိပါတ်တော်ရှည်လွန်းလို့၊ ဗေယျာ လခပ်၊ ရှုပြည်တော်ဝင်၊ မချွဲချင်ဘူး၊ သည်တွင်ပင် သတ်တော့မယ်၊ လှနတ်ကာယ်ဖြူပြာ၊ ရွှေမာလာတို့၊ ရတနာမြနားနှင့်၊ ပတ္တမြား မျက်လုံးကို၊ အန်ဖုံးချနှိပ်၊ သော့ခတ်လို့ ပိတ်ကြတော့၊ ချစ်စိတ်နှင့် ကရုဏာ၊ မြိုကြင်နာလို့၊ မေတ္တာ ကြည်ဖြူ၊ နောက် နောင် ဝဲ တွေ့ကာတဲ၊ မေ့တော် မမူကြပါနှင့်၊ အယူတော်စွဲကြပါ ရွှေခွဲလာ နှမတွေးရို့၊

### တစ်ခန်းရပ်

.............

## စေတမုဆိုး ခွေးတို့နှင့် တောလည် ထွက်ခန်း

စေတမုဆိုးဆို။ ။အလို အင့်ဟင်၊ ရှေ့ကုန်းခွင် က၊ ဆင်အော်သလို၊ အသံနှယ်အိုလေ၊ ငိုသံပါပါ၊ ခတ်ပြာပြာနှင့်၊ ဘဟာသိမှန်း၊ တစ်ခါဖူးမှ မကြားရ၊ ခုဟာ့ နှယ် ဆန်းပါဘိ၊ မြိုင်လမ်းသို့စိုက်စိုက်၊ လေးကို ဒေါင်တင်၊ ခွေးစစ်ဆင်၍၊ ပြစ်အောင်သိုက်ပြီးလျှင်၊ အားတိုက်၍ ရှာစမ်းရဦးတော့ဗျား၊

သည်မြိုင်ချောင်၊ စေတ မောင် ပျော်စံပယ်တဲ့ ယာ ကိုး လယ်ခင်း။

ရဲစိတ်ကယ်ဝင်၊ ဗိုလ်ထောင်တင် ရွှေလေးနှင့်၊ ရင်သွေးကုန်အောင်ထွင်ချည့်၊ ဆဒ္ဒန်ဆင် ရန်သူထွက် စေတော့၊ မြားစက်နှင့်ခွင်း။

အို ဟဲ့ဟရို့၊ ခွေးနီပါးတို့၊ ရဲကျားတို့၊ ကြန်စုံမတို့၊ ဂုတ်မတို့၊ ၊နင်တို့သခင်၊ စေတမည်ရှိ၊ ခွမ်းသတ္တိနှင့်၊ လေးကြီးရှင်မှာ၊ ခုပင် ယခု၊ အခင်းတွေ့ပြီ၊ ရှေ့တစ် ဦးက၊ မင်းရဲလှနှင့်၊ ဂုတ်မ သမက်၊ မင်းအောင်နက် တို့၊ မဟာရီးကွက် စစ်ဆင်၍၊ တစ်သုလင်ခွေးမိုးမှောင်၊ နံဘေးချင်းခမြာင်၊ အယ်ခအောင်ကြီးမပူးစေနှင့်၊ တစ်ဦး ယခု ချီတက်စေ။

ဘောခွေးနှင့် သားကျသည့်၊ မိကြောင်မတူ၊ ခွေး လက်ဖြူကို၊ အရည့်ဘုရွေး၍၊ ဗိုလ်တပ်ရေးနာခံခန့်။

နန့်တန့်တန့်၊ ရှပ်တတ်တတ်၊ တစ်ခုလပ် ခွေးမ များကို၊ဂုတ်ကျားရဲကျော်တို့က၊ ကတော်သူ့အရေးပိုင်၊ ကျပ်တည်းစွာ ချုပ်ကိုင်၍၊ ဝမ်းလှိုက်ကာလိုက်ကြစေ၊

ကွပ်ညှပ်တော်မူရာ၊ ရှောင်ခွာပြေးပုန်း၊ တစ်လုံး ကြွင်းကျန်၊ ဝတ်ဆံမကုန်၊ မှန်တသွတ်သွတ်၊ နတ်ကွပ် သိုးကြောင်၊ စွယ်ရှောင် ဖွေးဖွေး၊ မကွပ်သေးတဲ့၊ ခွေးလူပျိုသိုး၊ ကျားထက်ဆိုးများနှင့်၊ ပွဲကိုးဒလ၊ အောက်ပြည်က ရခဲ့တဲ့၊ ဝဲထူမ အရိုး၊ အောင်နိုကြီး ကို၊အပြီးလက်မှတ်၊ စစ်ကဲစာ ပေးအပ်၍၊ တပ်မတော် လက်ဝဲက၊ ရှေးနည်းတူဆွယ်မြှောင်၊သူ့ရန်သူကြောက် ရှောင်အောင်၊ ဂဠုန်တောင်စွဲမြဲစေ။

လင်သေလင်ကွာ၊နေရာမကျ၊မုဆိုးမခွေးမအို၊မုဆိုးဖို သက်ကြား၊စွယ်သွားမချွန်၊ အရွယ်လွန်နှင့်၊ ကိုယ်ဝန် ဆောင်တစ်ချို့၊ နို့ဗို့နှင့်တကွ၊ခွေးမကြီးငယ်၊ မီးယပ် သယ်များကို၊တစ်နယ်တစ်ရွာ၊ တပ်ချီရာသို့၊မပါမလိုက် ကြစေနှင့်။ ။အနေကျကျ၊အိမ်ဝအိမ်နောက်၊ခြံပေါက် ခြံတွင်း၊ ထမင်းအိုးစင်၊ ရေအိုးစင်နှင့်၊ ယုန်ကင်ကြွက် ပေါင်၊ ချီးကောင်ထားရာ၊ ဘဏ္ဍာစတော်များ၊ မတိမ်း ပါးရအောင်၊ချပ်ပြားလုံးရေ၊ အဖွဲ့သအချာ၊ လက်မှတ် စာနှင့်၊ခွေးနိုလာ ခွေးကြောင်တို့က၊ လုံအောင်ထိန်း ချုပ်၊ တစ်အုပ်တစ်စည်း၊ သိမ်းဆည်းစိတ်တူ၊ ဖြူဖြူ ဖြောင့်ဖြောင့်၊ ရန်မစောင့်ရအောင်၊ အိမ်စောင့်ခန့်ထား ခဲ့ရမည်။

ဝေသန္တရာပြဇာတ် ပြီးပြီ။

............

# ဝတ္ထုများ

## ခေမာဓိဖုရား

**ခယီ စန္ဒော ဗဟုရဇံ၊**
**ပဒုမံ တေတိ တေ မုခံ၊**
**သမာနံ ပိ သမောက္ကံသိ၊**
**တျယံ နိန္ဒောပမာ မတာ။**

ဟူသော ဂါထာ၊ အလင်္ကာပါဠိ၊ လာရှိသည်နှင့် လျော်ညီစွာ၊ **မဟာနေရုံ** ရွှေဘုံသတိ၊ တောင်ကြီး တံခွန်၊ **နန်းယုဂန်** နှင့်၊ **သမန္တ** လေ၊ အာကာဗွေဝယ်၊ စက်ရွှေမြူးရှင်၊ ဟူးဟူးနှင်သော၊ **သသက်** နတ်၊ ငွေပြာသာဒ်မှ၊ နဝရတ်ရည်၊ ဓာတ်ရောင်ခြည်သည်၊ ပတ်လည်စီးကျ၊ မြစိန်ကတ္တီ၊ ဋ္ဌန္ဒနီလာ၊ ဂီဝါ ပြောင်ဖိတ်၊တောင်ဂီဠကူ၊ဝေပူဝေဘာ၊ ဟေမဝါဖြစ်၊ မြစ်သမုဒ်တွန်း၊ လူ့ကျွန်းနတ်ဌာန်၊ ကဲလွန်အဖိုး၊ အမျက်မျိုးတို့၏၊ တန်ခိုးဥတုဇ၊ ဩဘာသကဲ့သို့၊ သီတလအန်တု၊ ဋ္ဌန္ဒုဘုံပျံ၊ စက်ရောင်လျှံသည်၊ ရံခါရံခါ၊ ဖလ်ဝါမဏ္ဍလိပ်၊ နေရိပ်ထိ ကျောက်၊ လဆုတ်ရောက်က၊ မတောက်ရုံမျှ၊ မ က ပ လေ၊ ပျောက်ရချေ၏။

**ရွှေကုဏ္ဍလာ**၊ ငုံလွှာချပ်ဆင့်၊ မုံအာရင့်သော၊ **ကန်မင့်ကြေးမုံ**၊ ကြာပဒုံသည်၊ မွှေးတုံသင်းကြိုင်၊ **ဓာတ်ရည်လှိုင်**လျက်၊ အိုင်**ထက်ဝန်း**ကျင်၊ သဘင် **ရေဖျန်း** ကြာနန်းရိပ်ထဲ၊ ကွန့်ဝဲခိုပုန်း၊ ပိတုန်းပျားရံ၊ **ဗိုလ်ခံညီလာ**၊ **တဗျူဟာ**ဖြင့်၊ **မူရာနွဲ့**လျှ၊ ကြဒ့ ကျက်သရေ၊ လှပစေဦး၊ ညစ်ညူးမြေးထူ၊ မြူ မကင်းဝေး၊ နွမ်းနယ်သေး၏။

မြတ်ကျေးဇူးရှင်၊ **သုံးခွင်**မကိုင်၊ သုံးတိုက်မှန်ကူ၊ သယမ္ဘူမုနိန်၊ မာရဇိန်မြုတေ၊ သကျဆွေ၏၊ ရွှေ မျက်နှာတော်သည်၊ အဟော်ဝတ၊ ဘယ်ကာလ၌၊ သောမ သဖွယ်၊ မကွယ်မယုတ်၊ မဆုတ်စဖူး၊ နံ့မြူး သင်းကြိုင်၊ ရွှေကြာခိုင်ကဲ့သို့၊မြူစိုင်ရွှ ့စေး၊ မမြေး စဖူး၊ အထူးအချွန်၊ အကျူးအလွန်၊ အမွှန်အံ့ဩ၊ နိန္ဒောပမာ၊ အလင်္ကာ၌၊ မင်္ဂလာတစ်ခု၊ နှိုင်းချိန် ပြုသော်၊ ပုဏ္ဏိန္ဒုသင်္ကာ၊ ရွှေမျက်နှာကို၊ ပဋ္ဌာန နည်း၊ ကမ္ဘည်းကု ံးဖွဲ့၊ သိမ်းရုံးခဲ့၍၊သုံးဆယ့်နှစ်ဌာန၊ ခြေတော်မှသည်၊ မြပိတုန်းလျှ ၊ ဆံတော်ဖျားထိ၊ ပင်္ဂိလုံ့အနုလုံ၊ရှုချေတုံ့က၊ဋ္ဌာနဌာရုံချည်း၊နည်းပသံသ၊ အနန္တဖြင့်၊ နာယကချင်း၊ ချီးမြှောက်လျှင်းလည်း၊ ကော ာင်းခြင်းအင်္ဂါ၊ မဆုံးရာသော၊ လက္ခဏာတော် ကြီးငယ်အပေါင်းနှင့် ပြည့်စုံတော်မူသော ငါတို့ ဂေါတမ၊ လောကသေဋ္ဌနင်း၊ တရားမင်းသည်-

နက်ကျယ်ချိင့်ဝှမ်း၊ စည်းကမ်းမရှိ၊ ကြီးစွာဘို့ သော၊ ကြိုဝင္ဋ၊ ဩဃညွတ်ကွင်း၊ ယမမင်း၏၊ ခံစွင်း အာပေ ါင်၊ နရက်ချောင်မှ၊ ထုတ်ဆောင်ကယ်တင်၊ နိဗ္ဗာန်လွင်သို့၊ စိတ်ရွှင်ဝမ်းမြောက်၊ ရောက်စေခြင်း ငှာ၊ဝါလေးဆယ့်ငါး၊ရှည်လျားသမျှ၊ခေတ်ကာလ၌၊ အာကာသဂင်္ဂါ၊ မန္ဒာကိနီအိုင်၊ နက်ရေဆိုင်တို့သည်၊ ဖြိုင်ဖြိုင် တီး တီး၊ စီး သည့် ပမာ၊ ကောင်း စွာ

ဟောကြား၊ ထားတော်မူအပ်သော၊ ဒေသနာ မှုခပါဌ်၊ ပိဋကတ် သုံးပုံတို့တွင် သုတ္တန် အဝင် ဖြစ်သော အင်္ဂုတ္တိုရ် ဧက နိပါတ်၊ ပဌမဝဂ်၊ ဒုတိယသုတ်၌ အလျှဒါန ဆည်းပူးကြသော သူတို့ အား နည်းများမဟူ လှူသမျှ အရပ်ရပ်တို့၌ သုံးထပ် ရစ်လိမ် ဝဋ်နှောင်အိမ်သို့ တစ်ကြိမ်မပြန် နိဗ္ဗာန် ကျေးဇူး ချမ်းသာထူးကိုစူးစူးထက်ကြပ် အာရုံကပ်၍ လှူအပ်သင့်ကြောင်း ခနှောင်းဝဲလည် လှူပြည် နတ်ရွာ ဖြဟ္မာဘဝ ဝဋ်ဒုက္ခကို တောင့်တမက်မော စိတ်မဇောဘဲ သဘော ဖြူလှပ် လှူအပ်ကြောင်း ဒေသနာကို အတ္တာပတ္တိအားဖြင့် ပြတော်မူခြင်းငှာ-

သေယျထာပိ ဘိက္ခဝေ သာလိသူကံ ဝါ ယဝသူကံ ဝါ သမ္မာပဏိဟိတံ၊

အစရှိသည်ဖြင့်ဟောတော်မှုသည်၊

ထိုဒေသနာကိုဒန္ဓာဘိညာဏ်၊ လူသာမာန်တို့အား၊ ဘုရားအလိုတော်ကို၊ ထုတ်ဘော်ခွဲဝေ၊ သိစေခြင်းငှာ မဟာကဿပ၊အစရှိသော၊ပဋိသမ္ဘိ ဒါပတ္တခီဏာသဝ၊ ပေါက် လှ စွယ် စုံ၊ ရန်လုံ အာဇာနည်၊ မထေရ် ရဟန္တာ၊ အဋ္ဌကထာဆရာကြီးတို့သည်-

အပ္ပမတ္တကံ ပဏ္ဏမုဋ္ဌိမတ္တံ ဒါနံ ကုသလံ ဝါ ဟောတု မဟန္တံ ဝေလာမ ဒါနံ ဝါ၊ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋသန္နိဿိတ ဝသေန မိစ္ဆာပဋ္ဌပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ၊ ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတူတိ ဧဝံ ပန ဝိဝဋ္ဋံပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ပဋ္ဌပိတံ အရဟတ္တံပိ ပစ္စေက ဗောဓိဉာဏံပိ ဒါတုံ သက္ကောတိ ယေဝ၊

ဟူ၍ ပြတော်မူသည်။

ထို အဋ္ဌကထာပါဌ်၏ အဓိပ္ပာယ်ကား - အကြင် ဒါယကာသည်၊ သဒ္ဓါ ပါလျက်လည်း၊ ပစ္စည်း မပြည့်စုံသောကြောင့်၊ ကင်းပုံကျီးအာ၊ နွားလျှာ ဆူးပုပ်၊ လက်တစ်ဆုပ်မျှကိုပင်၊ ဒါတဗ္ဗ ရည်မှန်း၍ လှူဒါန်းရသည်ဖြစ်စေ၊ ရွှေငွေရတနာ၊ ဥစ္စာကြွယ်ဝ၊ ပြည့်စုံလှသောကြောင့်၊ ဝေလာမပုဏ္ဏား၊ မင်းဖျား ဝေဿန္တရာ၊ သုမေဓာတို့၏ အလှူကဲ့သို့၊လူ့လောက ခေတ်တွင်၊ ပြောစမှတ် ရှိရစ်အောင်၊ အင်မတိ အင်မတန်၊လှူနိုင်သည်မှန်ပါစေ၊ သုံးတန်ဘဝ၊ကာမ ရူပ၊ အရူပဟု၊ ကိလေသအာရုံ၊ အလုံတိုက်ချောင်၊ သူခိုးလှောင်သော၊ တန်းထောင်ချိုင့်ကြီးကို၊ ယီးတီး ယားတား၊ အထင်မှား၍၊ လူ့သား စကြဝဠာ၊ သူဌေးအစစ် ဖြစ်ချင်သူဖြစ်ချင်၊ ထက်ကောင်းကင် ဝတီ၌၊ ဒေဝိန်ထွတ်ထား၊ သိကြားကိုရွယ်သူရွယ်၊ နှစ်ဆယ်သော ဗြဟ္မာတွင်၊ စိတ်ကြိုက်ရာတောင်းသူ တောင်း၊ ၎င်းတို့ဒါန၊ ဝဋ်ကိုသာ တောင့်တလျှင်၊ ဝဋ်တွင်းမှ မထွက်ချေ၊ ဒုက္ခကြီး ပင်လယ်ဝေ၍၊ သေလိုသေ နာလိုနာ၊ ဇရာနှင့်တွေ့လိုတွေ့၊အငွေ့မစဲ၊ ဆင်းရဲခြင်း အတန်တန်၊ နိဗ္ဗာန်မှာ သီခေါင်ဝေး၊ သံသရာဘေးတွေနှင့်၊ အဟေးသား ရှိကြချိမ့်မည်၊

ပစ္စည်းလေးပါး၊ မကုန်အား၍၊ ရှားသူတို့မှာ၊ တစ်နပ်စာမျှ၊ နည်းစွာလှတောင်း၊ပဲပြောင်းရှန့်ကြမ်း၊ ဆွမ်းဖြစ်စေကာ၊ တစ်ထွာတစ်ညို၊ တစ်တိုတစ်မိုက်၊ အဖိုးထိုက်ထိုက်၊ မထိုက်ထိုက်၊ ဒုကုဋ်မလွတ်၊ ကိုယ် ဝတ်ကိုယ်ရုံ၊ စုံစီနဖာ၊ သင်္ကန်းလျာကိုလည်းကောင်း၊ သည်တိုင်ကျူရိုး၊ ဖက်မိုးချုပ်စပ်၊ တစ်ဘက်ရပ်မျှ၊ ကျဉ်းကျပ်ရိပ်အောင်း၊ ကျောင်းပင်ဖြစ်စေ၊ ဂေါမုတ် စိမ်ဆေး၊ ကရဝေးဖာလာ၊ အဘယာ ဝိပ္ပလီ၊ တြိကဋုက်၊ မီးဖုတ်လျက်ဆား၊ ဆေးပြားဆေးလုံး၊ ဇရုံး ဖိုးထိုက်၊ အလိုက်သင့်ရာ၊ ဂိလာနပစ္စယ၊ ဘေသဇ္ဇခေတ်၊ နာနှတ်ကြိုင်မွှေး၊ဆေးလည်းတခြား၊ ဤလေးပါးကို၊တတ်အားသမျှ၊ လှူကာလ၌၊သံသာရ စက်၊ လွတ်ထွက်ချောမော၍၊ အာသဝေါကင်းပြတ်၊ ပြည်မြတ်နိဗ္ဗာန်၊ ချမ်းသာမွန်ကို၊ စိတ်သန်ကြည်ဆွ၊ ဆုတောင်းမှသာ၊ သာဝကပစ္စေကာ၊ သမ္မာသမ္ဗောဓိ၊ အင်္ဂရိမာန်၊ သဗ္ဗညာဏ်ကို၊ ကေန်မချွတ်ရကြမည်၊

ပစ္စည်းသခင်၊ အားအင်ကြီးထူ၊ လှူနိုင်သူလည်း၊ ထို့တူလည်းကောင်း၊ပင့်ကင်းကြောင်းကို၊ဆုတောင် မှသာ၊ ဘေးမျိုးကွာ၍၊ချမ်းသာအတည်-ကျကြမည် ရဟန္တာပစ္စေက၊သမ္ဗုဒ္ဓဆု၊ဤသုံးခုတွင်၊တစ်ခုခုလိုရာ ကို၊ပတ္ထနာစိတ်ဇောလျှင်၊ လောကီပါပ၊စည်းစိမ်မျှကို တစ်ကိစ္စစိုက်၍၊ တောင်းထိုက်တော့သည် မဟုတ်ပြီ ဥပမာဆိုသော်ကား၊ ရေပေါ်မုန့်လုံးကို၊ စားသုံးဖို့ ဝယ်လျှင်ပင်၊ အလယ်ကထန်းလျက်ဖိုးဟု၊ ငွေတိုး၍

**မမေးကြ**၊ ထန်းလျက်ပါရသကဲ့သို့၊ အဂုတ္တသိဒ္ဓိပါဝင်လျက် ရှိသောကြောင့်၊ ဤလောကီ ကျေးဇူးမှာ၊ ကျွဲကူးရေပါဖြစ်တော့သည်၊

ဤအရာဝယ်၊ တရားနာပရိသတ်တို့က၊ ပါဌ်တစ်ချက်ထောက်၊ ဝါကျလှော်ကာ်၍ လျှောက်ရန်စောဒကရှိသည်မှာ၊ ပစ္စည်းလေးပါး၊ နည်းများမဟူ၊ လှူသာလှူ၊ ဆုယူ ဆုတောင်း၊ စိတ်ကူးကောင်းလျှင်ကောင်းမည်စိတ်ချ၊ ကျမ်းဂန်ပြ၍၊ ဆရာက ဟောသည်ကို၊ သဘောမကျ မရှိပါ၊ သို့ရာတွင် ဆရာဟောတိုင်း၊ မဆိုင်းမတွ၊ မှတ်ယူရအောင်၊ ဘယ်ကာလ၊ ဘယ်ဒေသ၊ ဘယ်ဘုရားလက်ထက်၊ ပန်နက်ဆုယူ၊ ဘယ်အလှူကို၊ ဘယ်သူပေးကမ်း၍၊ မဂ်လမ်းဖိုလ်လမ်း၊ ပေါက်ဖူးကြောင်းကို၊ ထုံးဟောင်းပြ၍၊ **ဆုံးမတော်** မူပါဟု၊ စောဒနာ လှန်ချေ လျှင်၊ ပြဖြေရန် ဝတ္ထုကား-

**အကြောင်းအရာပြ ဝတ္ထုသာဓက**

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရ ဘုရားလက်ထက် ဟံသာဝတီမြို့နေ **အိမ်ကျွန်မ** တစ်ယောက်သည် လက်ယာတော်ရှင်သုဇာတမထေရ် ဆွမ်းခံဝင်လာရာ သဒ္ဓါစေတနာနှင့် တကွ မိမိအဖို့ရသော ကတွတ်မုန့်သုံးခုကို သုဇာတမထေရ်အား လှူ၍-

> "ဤမုန့်သုံးခုကိုအကျွန်ုပ်သည်ကားလူမင်း, နတ်မင်း, ဗြဟ္မာမင်း မိဖုရား အဖြစ် တည်းဟူသော ဝင့်စည်းစိမ်ကို လို၍ လှူသည်မဟုတ်ပါ၊ နောင်လာဘုရားရှင်တို့ လက်ထက်တော်၌ အရှင်ဘုရားကဲ့သို့ ပညာကြီးသော အဂ္ဂသာဝိကာ ထေရီဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုလိုသောကြောင့် လှူပါသည်" ဟု-

ဝင့်မှ ထွက်မြောက်ကြောင်း ဆုတောင်း ပတ္ထနာပြုပြီးလျှင် မိမိ ဆံပင်ကို ဖြတ်၍လည်း ရတတ်သမျှနှင့် ရောင်း၍ ဆွမ်းခဲဖွယ် လှူဒါန်းလျက် တရားနာခြင်းကို **ပြု၏**၊ နောက်လည်း တတ်စွမ်းပါသမျှ ကုသိုလ်**ကောင်းမှုကို အားထုတ်၏**၊ ထိုဘဝမှ စုတိလျှင် ကမ္ဘာတစ်သိန်း အတွင်း၌ မုန့်လှူခြင်း ကုသိုလ်ကံကြောင့် မရေတွက်နိုင်သော လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့**၏** စည်းစိမ်ချမ်းသာကို များစွာ စံစား၍ ကဿပဘုရားလက်ထက်လည်း **ကိကီမင်းကြီး၏ သမီးတော်** ခုနစ်ယောက်တို့တွင် တစ်ယောက်အဝင်ဖြစ်၍ အနှစ်နှစ် သောင်း ပတ် လုံး မင်း သ မီး ၏ စည်း စိမ်ကျက်သရေကို စံစားရလျက် ငါတို့ ရှင်ဂေါတမဘုရားလက်ထက်၌ကား မဒ္ဒရာဇ်တိုင်း သာဂလမြို့ဝယ် မင်းမျိုး၌ ဖြစ်လာ၍ ခေမာဟူသော အမည်ကိုရလျက် အလွန် အဆင်းလှသဖြင့် ဗိမ္ဗိသာရ မင်းကြီး၏ တောင်ညာစံ မိဖုရားကြီးဖြစ်ပြီးမှ နောက်ကာလ၌ အဂ္ဂသာဝိကာ လက်ယာရံ ထေရီရဟန္တာ ပညာ၌ တေဒဂ်ရဖြစ်၍ နိဗ္ဗာန် ယူဖူးလေသည် ဟူ၍ မြေ့ပဒကျမ်း၊ အင်္ဂုတ္တိုရ်ကျမ်းတို့၌ လာသည်၊

**နိဂုံးချုပ် ဥယျောဇဉ်**

ဤသို့ အနုဖြပရိဟာရ၊ သက်သေပြ ဝတ္ထုကို၊ ထောက်ရှု တိုင်းထွာ၍၊ တရားနာပရိသတ်၊ သူတော်မြတ်တို့လည်း၊ တတ်စွမ်းသမျှ၊ ဒါနကိုဆည်းပူးလျှင်၊ နမူးနထူး၊ စိတ်ကူးယွင်းချွတ်၊ အကောင်းမှတ်၍၊ လူနတ်ဘဝ၊ ဝင့်ဒုက္ခကို၊ လောဘရိပ်ဇဆောင်း၊ ဆုတောင်း မချော်ကြစေနှင့်၊ လှူနိုင်ပါလျက်၊ သံသရာ ဝင့်၊ ကင်းလွတ်ပါစေ၊ **မတောင်းချေလျှင်**-

> "ပေထုံပေထုံ၊ ပိုး သာ ကုန် ၍၊ **မောင်ပုံစောင်းမတတ်**" ဆို သ ကဲ့ သို့ ရှိကြမည်၊ ထို့ကြောင့် နောက်ပညာရှိ တို့သည်-
>
> "လူမိုက်အလှူ၊ ပေးပါမူလည်း၊ ရွယ်ချုံဖိုလ်မဂ်၊ မဖန်နက်က၊ မှား ဘက် ဝယ် သာ၊ ကျင်လည်ရှာသို့"-

ဟူ၍ဆိုကုန်သည်၊ ယင်း သို့ လောကဓမ္မ၊ ပုံပြကျမ်းလာ၊ ဒေသနာကို၊ မှီရာ နည်း ပြု ၍၊ ယခု ဒါယကာ, ဒါယိကာမ အာ ပေါင်း တို့ လည်း၊ ဆု တောင်းမြွက်ဆို၊ မယွင်းယိုရအောင်၊ ကုသိုလ်ပြုလိမ္မာစေ ကြ ရမည်၊ ( ထို မှ တစ် ပါး လည်း၊ ဆုတောင်းကြကုန်၊)

# အဘယမာတာ ရဟန္တာမ

မုနိန္ဒက္ကော တမံ မောဟံ၊
ဟန္တွာ ဗောဓေသိ ပဏ်ဳ၊

အစရှိသော အာသီသဂါထာ၊ပတျာဝတ်၊မိန့်ရွတ်သည်နှင့် လျော်စွာ၊ ယူဇနာတွက်ကိန်း၊ နှစ်သိန်းခုနှစ် သောင်း၊ တာ ပေါင်း မ က၊ ဝေ ဟာ သထက်၊ ဒက္ခိဏာဥတ္တရာ၊ လူးလာပြန်ခတ်၊ ဈာန်ရဟတ်ဖြင့်၊ ဖလ်ပြာသာဒ် ဆောင်၊ နေစက် ရောင် သည်၊ မှောင်အတိဖုံး၊ ပိတ်ချုံး မြွေး ယှက်၊ တခဲနက်ကို၊ ပယ်ဖျက်ကျောက်ကန်၊ တွန်းလှန် သန့်ရှင်း၊ လင်းစေပြီး၍၊ အိုင်ကြီး ကဏ္ဏမုဏ်၊ သွေကုဏ္ဏလာ၊ ရေမျက်နှာထက်၊ ကြာသတစ်ပတ်၊ငုံညှာညွတ်ကို၊ ပန်းဝတ်မဖုံး၊ ရှုမဆုံးအောင်၊ ကန်လုံးကျက်သရေ၊ ပွင့်ပစေသကဲ့သို့၊ မင်္ဂလိဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်၊ အမြတ်လေးပါး၊ တရားစကြာ၊ ထောင်ရောင် ဝါဖြင့်၊ အဝိဇ္ဇာမှောင်၊ တိမ်တောင်ကွယ်ဟန့်၊ မြူအကန့်ကို၊ စင်သန့်နင်းချွေ၊ လင်းပစေလျက်၊ ဠာနြေ့ရင့်နု၊ မုဒု တိက္ခ၊ ဝေနေယျ သတ္တဝါ၊ ကုမုဒ်ကြာကို၊ သစ္စာလေးစုံ၊ မင်္ဂလေရ၊ ကြွကြွချပ်ရုံ၊ ဝတ်ဆံ စွင့်စွင့်၊ ပွင့်စေ တတ်သော၊ နတ်ဝိသုဒ္ဓိ၊ ဘုရိမေဓ၊ ပဉ္စမာရဇိန်၊သူရိန်ခေါင်ဖျား၊ ဘုရားတည်းဟူသော နေမင်းသည်-

လေးစင်းသမုဒ်၊ ဇလုတ်နက်ဝှမ်း၊ ပွက်ကြမ်းလှိုက်ဆို၊ တံပိုး ပစ် လွှား၊ ငွါးငွါး ခုန်စိုင်း၊ မုန်တိုင်းရိုက်လှဲ၊ သဲသဲအုန်းအင်း၊ ရှန်းရင်းရှိုင်းပြု၊ ကြမ်းတမ်းလှသော၊ သံသာရအဏ္ဏဝါ၊ မြစ်လေးဖြာ၌၊ ချာချာမူးနောက်၊ ဦးဆောက်ကျွမ်းပြန်၊ မှောက်လှန်တုံးလုံး၊ ပျက်ဆုံး မျောပါး ကြကုန်သော၊ ဒုက္ခိတ သတ္တဝါ၊ ဝေနေယျာကို၊ ရတနာကိုးမျက်၊ ပြိုးပြက် ခြယ်စီ၊ အဋ္ဌင်္ဂိကမဂ္ဂဋ္ဌာန်း၊ဝေယန်ဘုံဆောင်၊ စံရွှေဘောင်ဖြင့်၊ ငွေသောင်သဲငူ၊ ကမ်းနိဗ္ဗူသို့၊ ဆယ်ယူကယ်တင်တော်မူလိုသည်ဖြစ်၍-

မိဂဒါဝုန်အစ၊ ဗေလုဝရွာအဆုံး၊ သိမ်းကျုံးတွက်ဖွဲ့၊ လေးဆယ့်ငါးနှစ်၊ သက္ကရာဇ်သချာ၊ ဝါအတွင်း၌၊ လစ်ဟင်းမထင်၊ ရှစ်အင်္ဂါစုံ၊ သင်းထုံရွှေနှုတ်၊ ကြာကုမုဒ်မှ၊ မြွက်ထုတ်လှစ်ဖော်၊ ဟောတော် မူခဲ့သော၊ နိကာယ် ငါးရပ်အနက်၊ ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော ဓမ္မပဒကျမ်းတွင်၊ တစ်ဆယ့်သုံးခုမြောက်သော လောကဝဂ်၊ အညတရ ဒဟရဘိက္ခုဝတ္ထု၌၊ ငါးခုသော ကာမဂုဏ်ဇယ်၊ မထုန်မလှုပ် ကိုယ်လုံးမြုပ်၍၊ ချုပ်တည်းခြင်းမရှိ၊ သတိလက်လွှတ်၊ နွားငတ်ရေတွေ့၊ ပျော်မွေ့ ခံစားကြလျက်၊ လောကဝမှုန် အကျင့်ဖြင့်၊ ညဏ်ရင့်ခြင်းသို့ မရောက်၊ ကျွတ်ထောက်မမြော်၊ လူသရော်လူတန်၊ ပုထုဇန်သူငါ၊ ဒုပ္ပညာတို့အား၊ သမ္မာသတိ၊ လက်ရှိစွဲကပ်လျက်၊ ငါးရပ်ကာမဂုဏ်၊ အမှုန်မဆူး၊ မမူးမယစ်စေခြင်းငှာ-

ဟီနံ ဓမ္မံ န သေဝေယျ၊
ပမာဒေန န သံဝသေ။
မိစ္ဆာဒိဋ္ဌိံ န သေဝေယျ၊
န သိယာ လောကဝဍ္ဎနော။

ဟူသော ဂါထာဖြင့် ဩဝါဒပေးတော်မူသည်။

ဟီနံ၊ ယုတ်မာစွာသော၊ ဓမ္မံ၊ ကာမဂုဏ်တရားကို၊ န သေဝေယျ၊ မမှီဝဲရာ။ ပမာဒေန၊ မေ့လျော့သဖြင့်လည်း၊ န သံဝသေ၊ မနေရာ။ မိစ္ဆာဒိဋ္ဌိံ၊ ဖောက်ပြန်သောအယူကို၊ န သေဝေယျ၊ မမှီဝဲရာ။ ဝေါ၊ ဤသို့ ယုတ်မာသော ကာမဂုဏ်ကို မမှီဝဲခြင်း, မမေ့ မလျော့နေခြင်း ဖောက်ပြန်သော အယူကို မယူခြင်းဖြင့်၊ လောက ဝဍ္ဎနော၊ ဝဋ်တည်းဟူသော လောက၏ ပွားစီးခြင်းသည်၊ န သိယာ၊ မဖြစ်ရာ။

ဤဩဝါဒဒေသနာတော်၏ အဓိပ္ပာယ်အရကား- လောကလူ့ရွာ၊ ယခုခါ၌၊ သူငါမဆို၊ ပုဂ္ဂိုလ်ဟူသမျှပင်၊ လှပရည်သွေး၊ ယဉ်ကျေးသည့်ရုပ်ရုံ၊ တစ်စုံတစ်ရာ၊ မြင်တည့်လာလျှင်၊ တဏှာငင်းငင်း၊ မက်မောခြင်းဖြင့်၊ ကြည့်တွင်းပင်ဝံသသော၊ ဖြစ်လိုရာဖြစ်စေ၊သဗ္ဗေသခ်ါရာ၊ မဝင်လာနှင့်၊ ခပ်ကွာကွာနေ၊ မဆိုလေလည်း၊ဆိုချေသော့လား၊တရားမှာအပေါ်ယံ၊ အထင်ခံသက်သက်၊ ရုပါရုံရမ္မက်နှင့်၊ နေ့ရက်ကုန်ရလေတော့သည်၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗမှာလည်း၊ တထေ ဝ ချည်း၊ ချုပ်တည်းတစ်ရံ၊ မမွခန်မချုပ်၊ ရက်စပ်ခံစား၍၊ ရှည်လျား လ၊ နှစ်- ကုန်ကြသည်။

၁။ ယင်းသို့ ကာမဂုဏ်ယုတ်၊ လမ်းမဟုတ်ကို၊ အားထုတ်၍ မလိုက်မှားကြစေနှင့်၊ သန္ဓေမူလ၊ ပါရင်းကပင်၊ကိလေသတမန်၊ ပုထုဇန်လောကီသား၊ ဖြစ်ခဲ့ပြားသောကြောင့်၊ ငါးပါးသော ကာမဉ္စ၊ ရာဂကိုဖျောက်ဖျက်၍၊ သက်သက်ကြီး မစွန့်နိုင်ကြသော်လည်း၊ ရထိုင်းလည်းမကောက်၊ ရောက်တိုင်းလည်း လက်မခံ၊ သခ်ါရတရားကို၊ အကွင်းသားရှုမျှော်၍၊ တော်ရုံသာစံရမည်၊ ရုပ်နာမ်အစု၊ ပူတိကာယ၊ တလ္လ ဖြစ်ရုံး၊ ငှက်ပျောတုံးကို၊ တကြုံးဝါးဝါး၊ ငါတကားဟု၊ အမှား သို့ သက် ဝင် ၍၊ ငါးအင်သောအာရုံကို၊ စုံစုံမက်မက်၊ နှစ်သက်အင်ရွှဲ၊ မစွဲလမ်းသင့်ချေ။

၂။ ငါးပါးကာမ၊ တွေ့သမျှကို၊ အနိစ္စ ဒုက္ခ၊ အနတ္တလက္ခဏာဖြင့်၊ ရှေးဦးစွာသိမ်းဆည်း၍၊ အနည်းမျှ ခံစားကြရမည်၊ ကာမဋ္ဌာန်းမေ့လျော့၊ ပေါ့ပေါ့တန်တန်၊ နေ့ရက်လွန်လျှင်၊ မာရ်မင်းကျွန်ကျေး၊ နိဗ္ဗာန်နှင့်ဝေးမည်ကြောင့်၊ ရစ်မြွေးလျော့မေ့တတ်သော ပမာဒတရားကိုလည်း၊ ဘုရားစက်ဆုပ်တော်မူချေသည်။

၃။ ခြောက်ဆယ့်နှစ်ပါး၊ မှောက်မှားကြီးစွာ၊ မိစ္ဆာထုံးဖွဲ့၊ အကျိုးမဲ့ဖြစ်သော၊ ပူရဏကဿပ၊ နိဂဏ္ဌအယူသည်၊ အဆူဆူဘုရားပွင့်၍၊ အဆင့်ဆင့်ကမ္ဘာ၊ အသချေ်ကြာသော်လည်း၊ မဟာအဝီစိ၊ ကြီးဘီစောက်နက်၊ အောက်နရက်မှ၊ လွတ်ကွက်မရ၊ ပြင်းထန်လှသောကြောင့်၊ ဝိတဏ္ဍာအယူ၊ ဒိဋ္ဌိမူကိုလည်း၊ အဏု မြူမကျန်၊ ပယ်တွန်းလှန်၍၊ သမ္မာဉာဏ် ဖြစ်ကြရအောင်၊ ဆုံးမတော်မူပေသည်။

ဤသို့ ဟီနဓမ္မသေဝန၊ ပမာဒတရား၊ မိုက်မှားမိစ္ဆာ၊ ဤသုံးဖြာကို၊ ပယ်ခွာပျောက်ကင်းစေကြမှ၊ လောကတည်း ဟူသော ဝဋ်တရား၊ မပွားမစီး၊ ပြည်ကြီးနိဗ္ဗာန်၊ ချမ်းသာမွန်ကို၊ ကေန်ရမည်ဟု၊ သခေ်ပ အဓိပ္ပာယ်လာသည်။

ယင်းအဓိပ္ပာယ်ကျ၊ ဘုရားအလိုတော်သို့လိုက်၍၊ ပယ်ထိုက်သော တရားကို ပယ်ခွာပြီးလျှင်၊ သံသရာမှ ထွက်မြောက်ကြောင်း၊ အလောင်း သူ မြတ် တို့ ၏၊ ကျင့်ဝတ်ဝသီ၊ ပါရမီမူလ၊ ဒါနတည်းဟူသော ပုညကိရိယာကို၊ ရံခါရံခါ၊ ယထာသတ္တိ ၊ အားရှိသမျှ၊ ဗလဝသောမနသ်၊ ဇောမြတ် ပြဋ္ဌာန်းလျက်၊ လှူဒါန်း စွန့်ကြခြင်းနှင့်၊ မကင်းမကွာ၊ အရင်းပါမှ၊ သေရိက္ခာ လုံလောက်၊ သွားလိုရာ ပေါက်ကြမည်၊ ရိက္ခာထောက်မရှိလျှင်၊ ဒုဂ္ဂတိဌာန၊ ပါယ်လေးဝသို့၊ ကြွမည်သာကြုံ၊ အမတသန္တာန်နှင့် ဆန့်ကျင်ဘက်ကြီးနေ မည် ကြောင့်၊ မသေမီ မြန်မြန်၊ ရိက္ခာဆန်သိုမှီးလျက်၊ထုပ်ပြီး ရှိစေသင့်ကြောင်းကို ပြခြင်းငှာ၊ ဓမ္မပဒ အဋ္ဌ ကထာ၊ ဂေါဃာတက ဝတ္ထုအဖွင့်၌-

ဥယျောဂမုခေတိ ပရိဟာနိ မုခေ၊ အဝုဍ္ဎိမုခေစ ဌိတောသီတိ အတ္ထော။ ပါထေယျန္တိ ဂမိကဿ တဏ္ဍုလာဒိ ပါထေယျံ ဝိယ၊ ပရလောကံ ဂစ္ဆန္တဿ တဝ ကုသလံ ပါထေယျမ္ပိ နတ္ထီတိ အတ္ထော - ဟူ၍ လည်းကောင်း။

သောပဟိ မရဏမုခံ အပတွာ ကာတုံ
သမတ္ထကာလေဝ ကုသလံ ကရောဘိ၊ သေ
ပဏ္ဍိတော နာမ၊ တာဒိသော ဘဝ၊ မာ အန္ဓ
ဗာလောတိ အတ္ထော- ဟူ၍ လည်းကောင်း
လာသည်၊

ဤ အဋ္ဌကထာပါဠိ၏ အဓိပ္ပာယ်ကား - ယခင် စကားပြထားခဲ့တိုင်းပင် မှတ်ယူအပ်၏၊ အထူး စိုး စဉ်းကား သတ္တဝါ သင်္ခါရတစ်စုတို့သည်၊ ယခု နေ့ရက်၊ နံနက်နှင့်ည၊ အဇ္ဇသုဒေဝ၊ သေမည်စင်းစင်း၊ ယမမင်း၏၊ ခံတွင်း အဝ၊ နီးလှသည် တကား၊ တျားတျား ဆိတ်စီ၊ မသေမီက၊ ပါရမီပုည၊ ဒါန ရိက္ခာ၊ သေလျှင် ပါရအောင်၊ မကွာ ကိုယ်ပါး၊ ထုပ်ပိုးပြီးထားနှင့်မှ၊ ခရီးသွားပညာရှိ၊ ကိုယ်ရမ်းသိ ကိုယ်ကျိုးမျှော်၊ လူလိမ္မာခေါ်ရမည်၊ သူ့ ကိုယ်တော် ပဋ္ဌက္ခန်ကို၊ နိဗ္ဗာန်လောက်စိတ်ကူး၍၊ သေနိုင်ဘူး နှလုံးထားနှင့်၊ စားရကာ ဟောတိ၊ သောက်ရကာ ဟောတိ၊ အငြိုငြို အယှက်ယှက်၊ အိမ်ထောင်မှု ဝိတက်ဖြင့်၊နေ့ရက်သာအကုန်များ၍၊ခရီးသွားရိက္ခာ၊ ဒါနထုပ် မပါလျှင်၊ လူ့ ဗာလေ - လူ့ ပါပ၊ လူ့ ဇေ အမိုက်ပုံ၊ ငရဲကြီးရှစ်ဘုံသို့၊ မီးလှုံကြွရမည်၊ မုချသာ မှတ်လေဟု၊ သံဝေဂဖြစ်ကြောင်းဖြင့်၊ ထပ်လောင်း၍ အဋ္ဌကထာ၊ အဓိပ္ပာယ်မှာချေသည်၊

ဒေသနာပညတ်ကို၊ ကြပ်ကြပ်ကြီးအာရုံပြု၍၊ယခု ဒါယကာ, ဒါယိကာမ အပေါင်းတို့ သည်လည်း၊ လူကောင်းလူလိမ္မာ၊ လူချမ်းသာ လူကြွယ်ဝ၊ ဖြစ်ကြ ရအောင်၊ ဒါနတည်းဟူသော ကုသိုလ်ကို၊ ကြည်ညို ရွှင်လန်း၊လှူဒါန်းကြိုးစား၊ သေရိက္ခာထားကြကုန်၊ ချစ်သား-ချစ်သမီး တစ်စုတို့၊ ဤသို့ သတိသမ္ပဇည၊ သံဝေဂဖြင့်၊ ဝဋ်မှ ထွက်မြောက်ခြင်းကို ရှေးရှု၍၊ ပေးလှူအပ်သောဒါနသည်၊ သုဂတိဘဝ၊ သုခသမ္ပတ္တိ၊ အကျိုးရှိကြောင်းကို ပြခြင်းငှာ၊ ၎င်းအဋ္ဌကထာ၊ မဟာ မောဂ္ဂလာန ထေရ ပဥှာ ဝတ္ထုတွင် - ဒဇ္ဇာ အပ္ပသ္မိံ ဟိ ယာစိတော ပုဒ်၏အဖွင့်၌-

ယာစိတောတိ ယာစကာနာမ သီလဝန္တော
ပဗ္ဗဇိတာ၊ တေဟိ ကိဉ္စာပိ ဒေ ထာ တိ
အ ယာစေတွာပိ ဃရ ဒွါရေ တိဋ္ဌန္တိ၊
အတ္ထတော ပန ယာစန္တိ ယေဝ နာမ ဒေ
ယျဓမ္မေ ဝိဇ္ဇမာနေ အပ္ပမတ္တကံပိ ဒဒေယျ၊
တေဟိတိ တေသု ကောနာပိ ကာရဏေန
ဒေဝလောကံ ဂစ္ဆေယျာတိ အတ္ထော၊ ၊
ဟူ၍ ပြတော်မူသည်။

ဤအဋ္ဌကထာပါဠိ၏ လိုရင်း အဓိပ္ပာယ်ကား- အကြင်သူသည် ငါ၌ ပစ္စည်းနည်းပါးလှသည်၊ ဒါနဖို့ တစ်တန်၊ ခွဲဝေရပြန်သော်၊ စားရန်ဖို့ချွတဲ့၍၊ ငတဲ့ မွတ်ချေတော့မည်၊ စားရန်ဖို့ကြွင်းသော်လည်း၊ ရင်း စရာမထားလျှင်၊နောင်စားမရေးခက်လတ္တံ့ဟု၊မြော်င့် တိုင်းဆ၍၊ မစွန့်ရ မပွား စေအပ်၊ စားနင်ရိက္ခာ၊ နည်းသူမှာလည်း၊ သဒ္ဓါနောက်ဆုတ်၊ မယုတ်စေဘဲ၊ အနည်းထဲက၊ ခွဲ၍ လှူဒါန်းသင့်ချေသည်၊ ပစ္စည်း အင်အား၊ များသူမှာကား၊ ဆိုဖွယ်ရာမရှိ၊ ပီတိ ထပ်ပွား၊ အများလှူဒါန်းသင့်ချေသည်၊ ယင်းသို့ မစွန့်ရ ဇော၊ မရောမဆိုင်၊ ပြောင်ပြောင်ကြီး ကိုင် ဝံ့မှ ပိုင်ပိုင်နောင်ခါ၊ သံသရာ၌၊ နတ်ရွာသုဂတိ၊ တုမရှိ စည်းစိမ်ဝယ်၊ အကြိမ်ကြိမ် ပျော်ပါးလျက်၊ အနင့်သားစံကြရချိမ့်မည်၊ဤသို့အဋ္ဌကထာအဓိပ္ပာယ် လာသည်ကို၊ ယုံကြည်စွာနှလုံးပိုက်၍၊ ကိုယ်၌ရိက္ခာ၊ နောင်ဖို့ပါကြအောင်၊ ဒါနဝတ္ထု၊ လှူဒါန်းမှုကို၊ သူ့ထက်ငါ ကြိုးကုတ်၍၊ အားထုတ် ကြရမည်၊ သာသနာ့ဂိုဏ်းဝင် သူတော်စင်အပေါင်းတို့၊

**အကြောင်းအရာပြ ဝတ္ထုသာဓက**

ဤသို့အဋ္ဌကထာ၊ကျမ်းလာပါဠိနှင့်၊ သုဂတိဘဝ၊ ရကြောင်းကိုပြသည်မှာ၊ သာဓကမထုတ်၊ သာမန်ပုဒ် ဖြစ်၍၊ ဟုတ်၏ပင်ဟူသော်လည်း၊ လှူဒါန်းသူ ဒါယကာ၊ သဒ္ဓါပွားထပ်၊ ကြပ်ကြပ်ကြီးပြဋ္ဌာန်း၊ မရွှင်လန်းရသေး၊အရေးနှင့်ပြက်ပြက်၊ဘယ်လက်ထက် ဘယ်ကမ္ဘာ၊ ဘယ်ရွာတွင်ဘယ်သူသည်၊ ဘယ်အလှူ ကောင်းမှုကြောင့်၊ သုဂတိဘဝ၊ ဘယ်ကဲ့သို့စံရသည်၊ ခုဘုရားလက်ထက်တော်၊ ဘယ်ပုဂ္ဂိုလ်ခေါ်သည်ဟု၊ ထုတ်ဖော် နာမ၊ ဆွဲ၍ပြသကဲ့သို့၊ သာဓကဝတ္ထုနှင့်၊ အနုစိတ်၍၊ အတိတ်ကိုဆောင်ဦးမှ၊ အထူးသဖြင့်၊ သဒ္ဓါပန်းပွင့်မည်ကြောင့်၊ ကျမ်းဂန်နှင့် လျော်စွာ၊ ကမ္ဘာကိုသက္ကရာဇ်ကန့်၍၊ဟောပြရန်သက်သေကား-

ဤငါတို့ ဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်နှစ် ကမ္ဘာထက်၌ သိခီဘုရားလက်ထက် အမျိုးသမီးတစ်ယောက်သည် သိခီဘုရား ဆွမ်းခံကြွတော်မူလာရာ များစွာမဟုတ် တဟင်းချိုမျှလောက်သော ဆွမ်းကို သဒ္ဓါစေတနာနှင့်တကွ လှူဒါန်း၍ လိုအပ်သောဆုကို တောင်းလိုက်၏၊ ဆွမ်းတဟင်းချို၊ လှူရသော ကောင်းမှုကြောင့် ထိုဘဝမှ စုတေ့ခဲ့သော် ဘဝများစွာ သံသရာ၌ အပါယ်လေးပါး မလားမူ၍ သုဂတိဘဝနှင့်တစေ ကြုံကြိုက်ရပေသည်။

* ထိုသုဂတိ ဘဝ တို့ တွင် ထင်ရှားသောအားဖြင့် တာဝတိံသာ နတ် ပြည်၌ နတ်မိဖုရားကြီး အဖြစ် သုံးဆယ့်ခြောက်ကြိမ်၊ လူ့ ပြည်၌ လည်း ထင်ရှားသောအားဖြင့် စကြဝတေးမင်း၏ မိဖုရားကြီးအဖြစ် အကြိမ်ငါးဆယ်ဖြစ်ရ၏၊ မထင်ရှားလွန်းသော နတ်စည်းစိမ် လူ့စည်းစိမ်ကိုလည်း အကြိမ်များစွာ ခံစားစံစားရ၏၊ အဆုံးဘဝ ငါတို့ ရှင်ဂေါတမ ဘုရားလက်ထက်တော်၌ကား ဥဇ္ဇေနီပြည်၌ အဆင်းအင်္ဂါနှင့် ပြည့်စုံစွာ ပဒုမဝတီဟူသော အမည်ဖြင့် ဥဇ္ဇေနီပြည်သူ သမီးဖြစ်လာ၍ ဗိမ္ဗိသာရမင်းကြီး ယူ၍ မိဖုရားမြှောက်ရာတွင် သားတော်အဘယကိုမြင်သောကြောင့် အဘယမာတာ တွင် ပြန် သည်၊ ထို အဘယမာတာသည် နောင်အခါ ဘုရားသခင်ကို ဖူးမြော်၍ တရားတော်ကို နာရရာတွင် အဘယမာတာ ဟူသော ရဟန္တာထေရီမ ဖြစ် ၍ နိဗ္ဗာန်ယူဖူးလေသည် ဟူ၍ အပဒါန်အဋ္ဌကထာကျမ်းတွင်လာသည်၊

## နိဂုံးချုပ် ဥယျောဇဉ်

ယင်းသို့ ဝတ္ထုသာဓက၊ အဘယမာတာ၊ရဟန္တာထေရီ၏၊ ပဝေဏီဓမ္မခန်ကို၊စံကသိုဏ်းရှု၊လက်စွဲပြု၍ ယခုအခါ၊ ငါတို့မှာလည်း၊ ဥစ္စာပစ္စည်း၊ နည်းသောများသော၊ သဘောထွေရာ၊ မထားသာပြီ၊ ဒါနစိုက်ပျိုး၊ လှူသမျှ လူအမျိုး တို့သည်၊ ကိုယ်ကျိုးကိုတောင့်တ၍၊ လှူကြစမြဲဖြစ်ပေသည်။

အလှူခံဆရာ၊ ဆိုသူမှာကား၊ လူတကာစံစားဖို့၊ သနားသည့်ကရုဏာနှင့်၊ သဒ္ဓါကိုနှိုးဆော်၍၊ ကောင်းကျိုးဆောင်သူ ဖြစ်ပေသည်၊ ကျေးဇူးရှင် သူတော်၊ မနှိုးဆော်သော်လည်း၊ နောင်သော်သုခ၊ ကိုယ့်ကိစ္စပေကို၊ရှုရှုတက်စွန့်ကြ၍၊ လှူရဲသင့်လှပေသည်၊သဒ္ဓါနှင့်တကွ၊တို့လှူကြပြီးလျှင်၊ အဘယမာတာကဲ့သို့၊ လူ့ရွာနတ်ဌာန်၊ ရွှေဗိမာန် မြဗိမာန်၊ အရင်းနှင့်အင်မတန်အောင်၊ခေါက်ပြန်လှည့်လည်၊ စံမည် ပျော်မည်၊ သည်တွင်မှမနား၊နိဗ္ဗာန်တိုင်သွားမည်ဟု၊ အားရရွှင်လန်း၊ဇောပြဋ္ဌာန်းလျက်၊ လှူဒါန်းစွန့်ကြခြင်းကို ပြုကုန်ရာသည်၊

# နဂါးပြိတ္တာ နှင့် မဋ္ဌကုဏ္ဍလီ

မြတ်စွာဘုရားသည်၊ မကောင်းမှုကိုပြုသောအရာ၌၊အနည်းငယ်မျှကိုကားဟု၊ ပေါ့စားလွယ်ကူ၊ ပြုမှုပြောဆိုတတ်သော ပုထုဇဉ်တစ်ယောက်၊ ကုသိုလ်ကောင်းမှုကို ပြုသော အရာ၌၊ နည်းငယ်ခြုတ်ခြစ်၊ မဖြစ်လောက်သောဒါန, သီလသည် ကောင်းကျိုးမပေးနိုင် ရာဟု၊ ပမာမခံ့၊ ယုတ်ညံ့ပေါ့ဖျင်း၊ နှလုံးသွင်းသော ပုထုဇဉ်တစ်ယောက်၊ထိုနှစ်ယောက်တို့အား၊ ထိတ်ကြောက်သံဝေဂ၊ဗာဟုလ္လသတိ၊ ရှိစေခြင်းငှာ၊ ဓမ္မပဒပါဠိပဝင်၌-

၁။ မာဝမညေထ ပါပဿ၊
န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊
ဥဒကုမ္ဘောပိ ပူရတိ။
ပူရတိ ဗာလော ပါပဿ၊
ထောကံ ထောကံ ပိ အာစိနံ။ ။

၂။ မာဝမညေထ ပုညဿ၊
န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊
ဥဒကုမ္ဘော ပိ ပူရတိ။
ပူရတိ ဓီရော ပုညဿ၊
ထောကံ ထောကံ ပိ အာစိနံ။ ။

ဟူ၍ ဟောတော်မူသည်။

ထိုဒေသနာတော်၏ အဓိပ္ပာယ်ကား–ယခု ခေတ္တ၊ ခုလောက၌၊ သမဏဇာတ်ဝင်၊ ရဟန်းပင် ဖြစ်ဖြစ်လူဖြစ်ဖြစ်၊ မကျစ်လျစ်မသိမ်းပိုက်၊ဒုစရိုက်အကုသိုလ်ကို၊ ကျင့်လို၍ကျင့်ပြီးလျှင်၊ မပြုသင့်ပါတကားဟု၊ တရားလမ်းကြောင်းဖြင့်၊ သူတော်ကောင်း တို့က၊ ဆုံးမသောအခါ၊ မှားပါပြီ ဝန်မခံ၊ သူပြုသည့်အလဇ္ဇီကို၊ ပါရမီကံကဲ့သို့၊ "ရေနံသည်ကုပ်ချောင်းက၊ ခေါင်းပေါင်းစ ထောင်ပြန်၍"၊ အတန်အရာ၊ နည်းငယ်စွာကို၊ လူ့ရွာဓလေ့၊ မတွေ့သည် မရှိ၊ လူ့ဂတိကို၊ မပြုမိချေလား၊ ပါချီပါချဲ၊ နှုန်းနဲ့သေးနှု၊ သည်မျှလောက်မကောင်းမှုများနှင့်၊ လေးခုသော အပါယ်တွင်းကို၊ ဆင်းရမည် ဆိုချေလျှင်၊ ပုဂ္ဂိုလ်ဟူသမျှ၊ လူ့ဘဝကို၊ ရနိုင်ကြတော့မလား၊ "သားကလေး တစ်ဆိတ်စာ၊ ရှောမွေးငယ်မသာနှင့်၊ ဗာရာဏသီပြည်ကြီးကို၊ မြောက်ချီ၍ ပိုသကဲ့သို့" ဆိုလောက်သည့် ကံမဟုတ်ဟု၊ နှုတ်လျှာစသွက်သွက်နှင့်၊ ပေါ့ပျက်ပျက်ပြောကြသည်။

ရောရှုဝငရဲအောက်တွင် အိမ်ဆောက်မည့်လူစုက၊ အမှုမဲ့ ထင်သော်လည်း၊ ကိုယ်ပင်တို့ ကံတော်က၊ ပွေခေါ်ရာ မလိုက်၊ ဆိုင်ရာမှာ ဆိုက် ချိမ့်မည်၊ အာကာယ်၍တံတံ၊ နည်းသည်ပင် မှန်စေဦး၊ အဖန်ဖန်ခုတင်ခု၊မ ထီမဲ့ပြုချေလျှင်၊ မကောင်းမှုပွားများ၍၊ အောက်ဖျားဆုံး ငရဲမှာ၊ အိုးမည်းခံဖြစ်ကြမည်၊ ကျစ်လျစ်စွာ သိမ်းဆည်း၍၊ အနည်းဆုံး အောက်၊ "အကျုံး လောက်ကိုမင်၊ တောင်း မှောက် သော

အသွင်"၊ နှလုံး၌ မှတ်ထင်၍၊ လွင့်စင်အောင်ပယ်ရမည်၊ ငယ်သော်လည်းမပေါ့အပ်ဟု၊ ပညတ်ပါဦး၊ ဘုရားဟောရှိသည်ကို၊ သတိကြပ်ကြပ် ထားကြကုန်။

**အကြောင်းအရာပြ ဝတ္ထုသာဓက**

မကောင်းမှု အနည်းငယ်ကြောင့် အပါယ်လားဖူးသည်ကား- ကဿပဘုရားလက်ထက် ရဟန်းငယ်တစ်ယောက်သည် ဂင်္ဂါ၌လှေစီး၍သွားရာ ထိုရဟန်းငယ်၏ လုံ့လကြောင့် ပိတ်စွယ်ရွက် ကျိုးပြတ်လေသည်၊ ရဟန်းလည်း ဘုရားပညတ်တော်ကို လွန်ကျူးမိမှန်းသိလျက် ဤကံကား ကံငယ်မျှသာ ဖြစ်သည်၊ မထောင်းတာဟု အောက်မေ့၍၊ အပြစ်ကိုထင်စွာမကြား၊ ပေါ့လျော့၍နေမိချေသည်၊ အနှစ်နှစ်သောင်းပတ်လုံး၊ ရဟန်းတရားကိုကျင့်ပါလျက်၊ ဤကံငယ်ကိုစင်ကြယ်အောင် မကုသောကြောင့်၊ သေသောအခါ၊ ဂင်္ဂါမြစ်၌၊ လည်တွင် ပိတ် စွယ် ရွက် စွပ် လျက်၊ ဧရကပတ္တ အမည်ရှိသော အပါယ်ဘုံသား နဂါးဖြစ်လေသည်။

ဤဝတ္ထု သက်သေကို ထောက် ၍၊ ယခု အခါ ဒါယကာ-ဒါယိကာမတို့သည်၊ ဒါန-သီလကို ပြုကြစဉ် အတွင်းပင်၊ ပေါ့ဖျင်းမလေး၊ ညစ်ကြေးရောဝင်၊ မစင်မကြယ် လှူသူလှူသည်၊ သုံးယူသည့် သီလကိုပင်၊ ပမာဏမပြု၊ အမှုမထား၊ စကားဗလပွ၊ ပြောဆိုရာရာ၊ မုသာဝါဒ၊ သမ္ဖပ္ပလာပ၊ မဖြစ်တန် ဖြစ်ကြ၍၊ ဝိသုကဒဿန၊ အဒ္ဓင်္ဂသိက္ခာပုဒ်၊ အစုတ်စုတ်အပြဲပြဲ၊ တရားလမ်းလွဲသောအခါ၊ "အိုးကွဲ ချိပ်ဖါ၊ မထောင်းတာဘူး"၊ အင်္ဂါမမြောက်၊ မဖြစ်လောက်လျှင်၊ ကံရောက်မည်လား၊ ကျမ်းသံ များနှင့်၊ စကားဖါထေး၍၊ အလေးမဲ့ပြုသူပြုသည်၊ ဤအမှုများကို၊ သဗ္ဗညုမြတ်စွာ၊ ရှုရှာတော်မူသောကြောင့်၊ ထိုသူတို့အကျိုးငှာ၊ မာဝမညေထ ပါပဿဟု၊ ဆုံးမတော်မူချေသည်၊ ယောင်၍ များပေါ့လျှင်၊ ကော့၍ ကွေးကြမည်၊ အလေးကြပ်ကြပ် ပြုကြကုန်။

**အကြောင်းအရာပြ ဝတ္ထုသာဓက**

ကောင်းမှု ကံအနည်းငယ် နှင့် ကြီးကျယ်သော နတ်စည်းစိမ်ကို ရဖူးလေသည်ကား-သာဝတ္ထိပြည်၌ အဒိန္နပုဗ္ဗက သူဌေးသား မဋ္ဌကုဏ္ဍလီသည် အသက်ထက်ဆုံး တစ်စုံတစ်ခုသော ဒါန သီလ ကုသိုလ် မရှိဘဲလျက် သေခါနီး ကာလ၌ ဘုရားသခင် ရောင်ခြည်တော်ကို တစ်ခဏ မြင်လိုက်ရာ သဒ္ဓါကြည်ညို၍မျှနှင့် စုတိစိတ်ကျလျှင် တာဝတိံသာ နတ်ပြည်၌ တစ်ဆယ့်နှစ် ယူဇနာ ရှိသော ရွှေပြာသာဒ်၌ နတ် သား ဖြစ်ဖူးလေသည်။

**နိဂုံးချုပ် ဥယျောဇဉ်**

ဤဝတ္ထုကိုထောက်၍ ကု သိုလ် အ ရာ ၌ လည်း အနည်းငယ်မျှသော ကုသိုလ်မျိုးသည် ကောင်းကျိုးမပေးနိုင်လောက်ဟု ဖောက် ပြန် သော အ ယူ ကို မယူအပ်၊ ဖြိုးထပ်ကြီးကျယ်သော သမ္ပတ္တိသုခကိုကေန္တ ပေးနိုင်၏ဟု အခိုင်အခံ့ စွဲလမ်း၍ ဝမ်းမြောက်စွာ ဆည်းပူးကြရမည်။

ထိုသို့ မပေါ့မယုတ် အားထုတ်အပ်သော ဒါန သီလ အစရှိသော ကုသိုလ်သည် ဤပစ္စုပ္ပန်ဘဝမှ တမလွန်ဘဝသို့ ရောက်သောအခါ ဥပမာဆိုသော်-ကြာမြင့်စွာကင်းကွာ၍ ဝေးရာမှ ရောက်လာသော သားကို မိဘဆွေမျိုးတို့သည် မြတ်နိုး စုံ မက် စွာ ပဏ္ဏာ ရွှေ-ငွေ အထွေထွေ ထောက်ပင့်၍ ချီးမြှင့်သိမ်းပိုက်ကြသကဲ့သို့ မိဘဆွေမျိုးနှင့်တူသော ကုသိုလ်ကံသည် နတ်စည်းစိမ်အသီးသီးဖြင့် ခရီးဦးကြိုပြုလင့်ကြောင်းကို ပြခြင်းငှာ လည်းကောင်း မဓမ္မပဒအဋ္ဌကထာ ပိယဝဂ် နန္ဒိယ ဝတ္ထု၌-

> ကတပုည ပုဂ္ဂလံ ဣမသ္မာ လောကာ ပရလောကံ ဂတံ ဒိဗ္ဗံ အာယုံ ဝဏ္ဏံ သုခံ ယသံ အဓိပတေယျံ ဒိဗ္ဗ ရူပံ သဒ္ဒံ ဂန္ဓံ ရသံ ဖောဋ္ဌဗ္ဗန္တိ ဣဒံ ဒသဝိဓံ ပဏ္ဏာကာရ မာဒါယ မာတာပိတုဋ္ဌာနေ ဌိတာနိ ပုညာနိ အဘိနန္ဒန္တာ ပဋိဂ္ဂဏှာန္တိ။

ဟူ၍ လာသည်၊ ဤသို့ လာသော ဒေသနာ အနည်းနည်းကို၊ အသည်းတွင် ရေးကွက်၊ တံဆိပ်ပုံနှက် သကဲ့သို့၊ အနောသက္က! ဥဋ္ဌာနသတိဉာဏ်၊ ထက်သန်သောသဒ္ဓါ၊ စေတနာဗလဝဖြင့်၊ ဒါနသီလ ပုည အထူးကို၊ ဆည်းပူးပြုစုကြရမည်။

# ခင်ပုပ်ငှက်

ဧဝံ သီလဝန္တေ အနုဿရန္တာနံ မဟန္တံ ပုညပဝါဟံ ပသဝန္တိ ။ဟူ၍ သာရတ္ထ သင်္ဂဟ ကျမ်း၌ လာသောကြောင့်၊ချမ်းသာ သုံးပါးကို၊ အလိုရှိသော ပုဂ္ဂိုလ်တို့သည်၊ ကုသိုလ်ကမ္မပထ၊ ပွားလိုကြလျှင်၊ မြိုမြင်စွာလုပ်ကြမှ၊ ကုသိုလ်က ဖြစ်မည် မဟုတ်၊ စရိတ်မပွန်း၊ မပင်ပန်းဘဲ၊ ရဟန်းသူမွန်၊ သီလဝန် ပုဂ္ဂိုလ်မြတ်တို့အား၊ ရှိညွှတ်ကြည်လင်၊ စိတ်တွင် အောက်မေ့ရုံမျှနှင့်၊ ပုညကုသိုလ်၊ မင်္ဂဖိုလ်စီးပွား၊ ကောင်းကျိုးများ ကြောင်းကို၊ တရားအထင်ဖြစ် တော့သည်။

ယင်းသို့ ကုသိုလ်ဖြစ်ဖွယ်၊ အလွန်လွယ်လျက်နှင့်၊ လွယ်ရာကို မလိုက်၊ အလွဲကို ကြိုက်ကြလျှင်၊ မကျွတ် ထိုက်သူ ဆိုသင့်သည်၊ အတ်ဒုလ္လဘ၊ လူ့ဘဝလို၊ ရကြသည် မှန်ပါလျက်၊ တိရစ္ဆာန်ငှက်၊ ရွှေဇီးကွက် လောက်မှ၊ ချက်ကောင်းကိုမသိ၊ မရိပ်မိကြလျှင်၊ အဝီစိအောက်နားမှာ၊ ကားကနဲနေကြမည်၊ သံဝေဂ တရားရှိကြစေ။

တိရစ္ဆာန်ငှက်၊ ဖြစ်တုံလျက်ဖြင့်၊ ဇီးကွက်တစ် ကောင်၊လူစထောင်၍၊ ကောင်းခေါင်တိုင်ဖူးကြောင်း ကို၊ ထုံးဟောင်းသက်သေပြဦးအံ့။

တစ်ရံရောအခါ၊ ငါတို့ မြတ်စွာ ဘု ရား သည်၊ သံဃာတော်အပေါင်းခြံရံလျက်၊ဝေဒိသကတောင်ယံ တွင်၊ နပဲပင်ရောက်သော ယိုဏ်၌၊ ယာပိုထ်လေးလီ၊ မျှညီခန့်ကျန်း၊ စံမြန်းစမွဲယ်တော်မူ၏၊ ထိုအခါ ဝေဒိသကတောင်ဝယ်၊ နက် ချောင် စွာ တောင်း၊ ကျောက်တွင်းခေါင်း၌၊ ဝင်အောင်းပုံသေ၊ အိပ်ပြု၍ နေ သော၊ အ နွယ် ကော သိ ယ၊ ဥ လူ က သဒ္ဒါ၊ မြန်ဘာသာကား၊ မျက်နှာလူရုပ်၊ ခပ်ပုပ်ပရိယာယ်၊ ဇီးကွက်ငယ် တစ်ခုသည်၊ သုံးလူ့ဆွေ ဘုရားရှင်ကို၊ မြင်ရဖန်များလျှင်၊ စိတ်ထားကြည်လင်၊ ချစ်ခင် လေးမြတ်လှသည်ဖြစ်၍၊ လူတို့အမှု၊ အတုအပ၊ ဂါရဝနှလုံးထားဖြင့်၊ ဘုရားသခင် ဆွမ်းခံဝင်လျှင်—

> ''သုံးခွင်လုံးမကိုင်၊ သုံးတိုက်လုံးမှန်ကူ၊
> ကြွတော်မူပါရော့၊မြူမလိမ်းကျ၊မင်းစံနိကူ၊
> တစ်ရော့ရှစ်သွယ်၊ စက်နိကာယ်ကို၊ခင်ပုပ်ငယ်
> ကျွန်တော်မျိုး၊ ရှိခိုး၍ နောက်တော်လိုက်ပါ
> မည် ဘုရား''

ဟု ငှက်စကား ဘာသာဖြင့်၊ မြည် တွန် ကာ လျှောက်ပြီးလျှင်၊ ခ ရီး တစ် ဝက် ရောက် အောင် ပို့လိုက်၏၊ ဆွမ်းခံရာမှ ပြန်တော်မူသောအခါ၌ လည်း၊ တောင်ထိပ်ပေါ်က၊ ကြည့်မျှော်ငံ့စား၊ ကြိုချင်အားနှင့်၊ဘုရားကိုမြင်လျှင်၊ စိတ်ရွှင်ဝမ်းသာ၊ ကြော်ငြာကြွေးဟစ်လျက်—

> ''ရှင်ချစ်ဘုန်းမော်၊ ကိုယ်တော်မြတ်စွာ၊
> ငါ့ဆရာသည်၊ ကြွလာပြီတကား''

ဟု ဘုရားရှင်ထံ၊ပျံ ကာချက်ချင်း၊ခြေတော်ရင်း၌၊ ဝပ်စင်းဆီးကြို၍၊ ရွှေကိုယ်တော် ဘုန်းလျှံ သည်၊ ဆွမ်းခံ ရွာထဲက၊ လာခဲ့သည်အတွက်ကြောင့်၊ ခင်ပုပ် ငှက်တပည့်တော်၊ ဝေဒိဿက တောင်ပေါ်က၊ မျှော် လှမ်း ဘုရားဟု၊ လူသားတို့အဟန်၊ တီတီတာတာနှင့်၊ ငှက်ဘာသာပြန်ပြီးလျှင်၊ မချန်တစ်ရက်၊ ဝတ်မပျက် ရအောင်၊ နွှေဆက်၍ ခရီးဦးကြိုပြု၏၊ ဤသို့လျှင်၊ ဤခင်ပုပ်ငှက်၊ ရွှေစီးကွက်သည်၊ လူ့ထက်လိမ်မာ၊ ဝတ်ပြုကာနှင့်၊ မြတ်စွာဘုန်းလျှံ ၊ ဤတောင်ယံ ၌၊ စံတော်မူသမျှ၊ ကာလပတ်လုံး၊ တစ်နေ့မပျက်၊ ဝတ် တကီရှိခိုး၊ ရိုကျိုးတုပ်ပျပ်၊ ဆည်းကပ်ခစားလျက်၊ ဘုရားတည်းဟူသော အာရုံကို အောက်မေ့ နေ၏။

တစ်နေ့သ၌၊ မြတ်စွာဘုရားသည်၊ သုံးချက်တီး ကျော်အချိန်၊ နေရှိန်မသန်း၊ ညနေချမ်းအခါ၊ သံဃာ တော်ပေါင်း ခြံရံလျက်၊ တောင်ယံလိုဏ်ဝ၌ နေတော် မူစဉ်၊ ထိုခင်ပုပ်ငှက်သည်၊ တောင်ထက်က ဆင်းပြီး သော်၊ ခြေ ရင်း တော် အနီး ၌၊ နှုတ်သီးမြေစိုက်၊ ဦးခေါင်းနှိမ်၍ဦးသုံးကြိမ်ခိုက်ပြီးလျှင်၊နှစ်ခြိုက်စုံမက်၊ အတောင်ငယ်နှစ်ဖက်ကို၊ ပူးယှက်ကျောတွင်၊ ဖြန့်ကာ တင်လျက်၊ ရှိရှင်ခိုး၍၊ ကျိုးနွံ ရှိသေစွာ၊ခစားလာ၏၊ ထိုသို့အမူ၊ လူမျှမတန်တိရစ္ဆာန်ငှက်ကလေး၊ ယဉ်ကျေး ပလီ၊စုံစီနဖာ၊ပြုမူသည့်အရာကို၊ထိုတောင်တွင်၊ နပဲပင် စောင့် ရုက္ခစိုးနတ်မင်းမြင်၍၊ ခင်ပုပ်ငှက်ကို၊ နှစ်သက် အားရမ်း၊ ချီးမွမ်း လိုသောကြောင့်—

ဥလူကော မဏ္ဍလက္ခိကော၊
ဝေဒိသကေ စိရဒီဃဝါသိကော၊
သုခိတောဝတ ကောသိယော၊
အယံ ကာလုဋ္ဌိတံ ပဿတိ ဗုဒ္ဓဝရံ။ ။

ဟူသော ဂါထာကို ရွတ်၏။

ထိုဂါထာဝယ် အဓိပ္ပာယ်ကား—စန္ဒကူးကရမက်၊ အကျော်နက်နှင့်၊ သရက္ခန်နံ့၊ တပျံ့ အေးအေး၊ ငှက်ကျေးခေါ်သံ၊ကြော်ညံမဆိတ်၊မွှမ်းမွှမ်း ညိတ်မျှ၊ စေဒီဿက၊ မြဝင်သဝတ်၊ ဤ တောင် ထွတ် ၌၊ မပြတ်ရှည်လျား၊ နေပျော်ပါးလျက်၊ ပျောက်ကျား အတောင်၊ ကျယ်ပြောင်နှစ်လုံး၊ တောက်ပြုံးဖိတ် ရွန်း၊ သောက်ရှူး ထွန်းသကဲ့သို့၊ ကျယ် ဝန်း သော မျက်လုံးလည်းရှိထသော၊ ကမ္ဘာပေါ်စ၊ ရှေးမဆွကမ၊ သမ္မတရာဇာ၊ မင်္ဂလာအေးမြွက်၊ ဘိသိက်ဆက်၍၊ ငှက်ကောရာဇ်၊ ဖြစ်လုနီးတွင်၊ ကျီး မနှစ်သက်၊အရေး ဖျက်သောကြောင့်၊ အဆက်ရှည်စွာ၊ ကျီး-မိတ္တာနှင့်၊ ကမ္ဘာရန်ဘက်လည်း ဖြစ်ထသော၊ ဝတ်သုဒ္ဓဿန၊ ပြည်သိင်္ဂဝယ်၊ သူဇာ့သက်ထား၊ မိုးသိကြားနှင့်၊ မပြားရုံးစည်း၊ တစ်နွယ်တည်းဖြစ်ကြ၍၊ ကောသိယ ဟူသော၊ ဂေါတ္တနာမံ၊ ဘွဲ့ကိုလည်း ခံထံသော၊ အကြံနက်ကျယ်၊ ဤခင်ပုပ် ငှက်ငယ်သည်၊ ခြောက် သွယ်ရောင်ဟုန်၊ ကိုးဂုဏ်နဝရတ်၊ လောကတ္တယ၊ ဘဝသခင်၊ဘုရား ရှင်အား၊ လူစင်မတန်၊ရှိသေဟန်ကို၊ အဖန်ဖန်ကြည်နူး၍ အံ့မူးဖွယ်ရှိပေစွတကား၊ သုံးလူ့ ထွတ်ထား၊ ဘုရားကိုစင်၊ အကျွမ်းဝင်ရသော၊ ဤခင်ပုပ်ငှက်၊ဖြစ်ချက်အံ့အဲ၊ လူ့ထက်ကဲ၍၊ အောင် ပွဲရပေစွတကား-ဟူ၍၊ ရုက္ခဒေဝ၊ မြနန်းသခင်၊ တောင်ဝန်းကျင်ကို၊ ပဲ့တင်ဟီးလျှက်၊ ကောင်းချီးပေး လေ၏ ဟူလိုသည်။

ဤခင်ပုပ်ငှက်ငယ်သည်၊ဆန်းကြယ်သောအမူဖြင့်၊ လူပကတိ၊ဝတ်နိပါတ်သိသည်ကို၊တြိ ဘဝ၊ လောက ထွတ်ထား၊ဘုရားမြင်တော်မူသည်တွင်၊ ပုဗ္ဗေနိဝါ၊ အနာဂတံသ၊ သမ္ဗုဒ္ဓ ဉာဏ်တော်တို့၏ နောက်၌ လျှောက်၍ဖြစ်တတ်သော သမ္ပယုတ်နှင့် တကွသော ဟာသိတုပ္ပါဒ်စိတ်ဖြင့်၊ဖိတ်ဖိတ်ဝင်းဝင်း၊ ခရုသင်းပွတ် သစ်၊ ပုလဲစစ်သဖွယ်၊ နှစ်ဆယ်သောအထက် သွား တော်တို့၏ အဖျားပေါ်ရုံ၊ နိတုံဆယ်ရေ၊ ရွှေနာယကာ၊နှုတ်ခမ်းလွှာကို၊အသာရုံး၍၊ ပြုံးခြင်း ကို ပြုတော်မူ၏၊ ဝေနေယျအား၊ တရားဟောစ၊ တစ်ခုခုအကြောင်းထင်မှ၊ ပြုံးရွှင်တော်မူမြဲ ဖြစ်၍၊ ညီတော်အာနန္ဒာသည်၊ပြုံးတော်မူခြင်း၏အကြောင်း ရပ်ကို၊ အတတ်သိလိုသောကြောင့်၊ မေးဆိုလျှောက် ထား၊အသနားတော်မြတ်ခံရာတွင်၊ မြတ်စွာဘုရား လည်း၊ ခင်ပုပ်ငှက်ငယ်၏၊ နောက်ဖြစ်ဖွယ် အနာဂတ်ကို၊ အတ္တုပ္ပတ် ဖွင့်ဖော်၍၊ ညီတော် အာနန္ဒာအား ဟောကြားတော် မူလိုသောကြောင့်—

၁။ မယိ စိတ္တံ ပသာဒေတွာ၊
ဘိက္ခုသံဃေ အနုတ္တရေ၊
ကပ္ပါနိ သတ သဟဿာနိ၊
ဒုဂ္ဂတိံ သော န ဂစ္ဆတိ၊

၂။ ဒေဝလောကေ စဝိတွာန
ကုသလမူလေန စောဒိတော၊
ဘဝိဿတိ အနန္တဉာဏော၊
သောမနဿောတိ ဝိဿုတော၊

ဟူသော နှစ်ဂါထာကို မိန့်တော်မူ၏၊ ထိုနှစ်ဂါထာဝယ် အဓိပ္ပာယ်သော်ကား-

ချစ်သား အာနန္ဒာ.... ထိုခင်ပုပ်ငှက် ငယ် သည် အတုမရှိသော ငါဘုရား၌ လည်း ကောင်း၊ သံဃာတော် အပေါင်း၌ လည်း ကောင်း၊ ကြည်ညိုစွာသော စိတ်ကိုဖြစ်စေလျက်၊ ဝတ်တက်ရှိခိုး၊ မြတ်နိုးတနာပြုရသောကောင်းမှုကြောင့်၊ ယခုလက်ထက်၊ ခင်ပုပ်ငှက်ဘဝမှ၊ စုတေ သေ လွန် လျှင်၊ အမွန် အမြတ်၊ နဝရတ်လျှံထိန်၊ ဖလ်ရှိန်မှန်ရောင်၊လောင်လုဘနန်း၊ ကြငှန်းရိပ်ငြိမ်၊ နန်းရွှေအိမ်၌၊ စည်းစိမ်စံပျော်၊ မွေ့လျော်ပြီးကာ ကမ္ဘာ တစ်သိန်း ကာ လ ပတ် လုံး၊ အပါယ်လေးပါး၊ မလားမကပ်၊ လူ့ရပ်နတ်ဌာန်၊ ခေါက်ပြန် လူး လာ၊ များ စွာ ပျော် ပါး၊ စံစား သုံးဆောင် ရလတ္တံ့၊ ထိုကုသိုလ် ဝိသေသကြောင့်၊ ဤ မျှ လောက် သော လော ကီ စည်း စိမ် မျှသာ မကလေသေး၊ ဤခင်ပုပ်ငှက်သည်၊ အနာဂတ်ကမ္ဘာ၊ နောင်အခါ၌၊ သစ္စာလေးပါးကို၊ အခြား အသီး သိတတ်သော၊ သောမနဿ အမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟု၊ သင်းပျံ့မွှေးကြူ ရင့်ရှုကရဝိက်၊ တောင်လုံးညိတ်မျှ၊ ဗျာဒိတ်ကြားတော်မူ၏ ဟူလို သည်၊

## နိဂုံးချုပ် ဥယျာဉ်

ဤသို့လျှင်၊ တိရစ္ဆာန်ငှက်၊ ဖိုလ်မဂ်ယွင်းချို့၊ ဖြစ်တုံမြို့လျက်၊ ကိုယ်ဖို့ကိုယ်တာ၊ သိလီမှာသော၊ ရတနာ့ရွှေဇီးကွက်ကို၊စံလက်စွဲပြုပြီးလျှင်၊ ယခုအခါ၊ လူ့ရှာဇမ္ဗူ၊လူ့သားလူတို့သည်၊ လှူစရာလက်ထဲ၌၊ ငွေတစ်ပဲတိတိမျှ၊ မရှိသည်မှန်စေဦး၊ ထူးကဲသော စေတနာဖြင့်၊ အရိယာဂိုဏ်းဝင်၊ သံဃာတော် အရှင်တို့အား၊ မြင်တိုင်းမြင်တိုင်း၊ သဒ္ဓါလှိုင်းလျှံ၊ ညွတ်ကိုင်း တုပ်ပျပ်၊ နိမ့်ဝပ်လက်ယှက်၊ ဦးထက်တင်မိုး၊ ရှိခိုးရုံမျှ၊ သာမညအမှုကို၊ မပြုနိုင်ဘဲရှိမလား၊ စရိတ်မထွက်၊ မခဲခက်ဘဲနှင့်၊ အနဂ္ဃ ကုသိုလ်ကို၊ မယူလိုကြလျှင်၊ မဂ်ဖိုလ်မှာဗလာ၊ ချမ်းသာမှာဝေလာဝေး၊ သုဂတိဘဝမှာ၊ လေးနန္တနောက်ဘေးက၊ တစ်မွေးမျှမမြင်၊ ဒုဂ္ဂတိလေးခွင်မှာ၊ အပင်ဖြစ်၍၊ အပါယ်မြစ်တွယ်ကြမည်၊ ခင်ပုပ်ငယ်ဝတ္ထုကို၊ကိုယ်မှုနှင့်နှိုင်းဆ၍၊ အားကျစရာ ကောင်းပေသည်၊

ဤဝတ္ထုကျမ်းဂန်တွင်၊ လှူရန်ကိုမပြ၊ ရှိခိုးကာမတ္တနှင့်၊ ပစ္စေကဗုဒ္ဓါဖြစ်ကြောင်းကို လာချေသည်၊ ငါတို့တစ်တွေ၊ လူပေတကား၊ တိရစ္ဆာန်အနေထက်၊ အသချေ တိုးပွား၍၊ ကြိုး စား မည် လှူ ဒါန်း မည်၊ ပဉ္စသီလသီ၊ အဋ္ဌဂီဥပုသ်ကို၊ အားထုတ်မည် ဆောက်တည်မည်၊ ရတနာသုံးရပ်ကို ဆည်းကပ်မည်၊ ခိုရှိုးမည်၊ အကျိုးမဲ့သက်သက်ဖြင့်၊တစ်ရက်မျှမနေဘူး၊ အထူးအားသစ်၊ တိုးလွန်၍ နှစ်ရလျှင်၊ ပစ္စေကဗောဓိဉာဏ်၊ သည်မျှနှင့်တန်ရိုးလား၊ သမ္မာသမ္ဗုဒ္ဓ၊ သဗ္ဗညုဘုန်းကြွယ်၊ ဆုကြီးကိုတယ်မည်ဟု၊ ငှက်ငယ်၏ ပုံစံကို၊ အောက်မေ့ကထားပြီးလျှင်၊ ကုသိုလ်အား ကြီးမြင့်အောင်၊ ကဲဆင့်၍ အားထုတ်ကြရာသည်၊

# ပဥ္စုပေါသထဇာတ်

သဗ္ဗညုရှင်တော်ဘုရားသည် ယခုအခါ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့၏ ရှစ်ပါးသော ဥပုသ်ကို အခါအခါ၌ စောင့်သုံးခြင်းသည် ရှေးပညာရှိ သူတော်ကောင်းတို့၏ လမ်းဟောင်း ကျင့်စဉ်၊ ထုံးစံတည်း။ ရှေးပညာရှိ သူတော်ကောင်းတို့သည် ရာဂအစရှိသောကိလေသာတို့ကိုနှိပ်၍ ဝဋ်မှ ထွက်မြောက်ခြင်း အကျိုးငှာ ဥပုသ်သုံးကြကုန်၏ဟု ပြအံ့သောငှာ—

ဥပေါသထော နာမေသ ပေါရာဏက ပဏ္ဍိတာနံ ဝံသော၊ ပေါရာဏကပဏ္ဍိတာ ဟိ ရာဂါဒိ ကိလေသနိဂ္ဂဟတ္ထံ၊ ဥပေါသထ ဝါသံ ဝသိံသု။

ဟူ၍ ပဏ္ဏက္ကကနိပါတ်၌ ဟောတော်မူ၍ ငါး ပဥ္စုပေါသထဇာတ်ကို အတိတ်ဆောင်တော်မူသည်၊ ထိုဒေသနာတော်အရ ပြလတ္တံ့သော ဇာတ်ဝတ္ထုသက်သေကို အခြေတံကဲ အစွဲအလမ်းပြု၍ ဝဋ်မှ ထွက်မြောက်လိုကုန်သော ယခုအခါ ဥပုသ်သီတင်းသည် အပေါင်းတို့သည် ကောင်းမွန်စွာနှလုံးသွင်း၍ သီတင်းဥပုသ်ကို စောင့်သုံးကြရမည်။

**အကြောင်းအရာပြ ဝတ္ထုသာစက**

ရှေးလွန်လေပြီးသောအခါ ဤဘဒ္ဒကပ်ကမ္ဘာ၌ အင်္ဂ၊ မဂဓ၊ ကာသိဟူသော တိုင်းသုံးတိုင်းတို့၏ အကြား တစ်ခုသောတောအုပ်၌ ပြဟ္မဏမဟာသာလ အမျိုးဖြစ်သော ငါတို့ဘုရားအလောင်းသည် ရသေ့ ရဟန်းပြု၍ နေသတည်း၊ ထိုရသေ့ ကျောင်းသခ်မ်း အနီး—

၁။ တစ်ခုသော ဝါးချုံ အုပ်၌ ခိုဖိုခိုမ ငှက်နှစ်ခုတို့သည် နေကုန်၏။

၂။ ထို့ အတူ တစ်ခုသောတောင်ပို့၌ မြွေ၊

၃။ တစ်ခုသော ချုံအုပ်၌ မြေခွေး၊

၄။ တစ်ခုသောချုံအုပ်၌ ဝံ၊

ဤသတ္တဝါလေးဦးတို့သည် နေကြကုန်၏၊ ရံခါ ရံခါလည်း ဘုရားလောင်း ရသေ့ ထံ ချဉ်းကပ်၍ တရားနာကြကုန်၏။

၁။ တရံရောအခါ ခိုဖိုသည် ခိုမနှင့်အတူ အစာရှာ သွားရာ သိမ်းငှက်တစ်ခုသည် ခိုမကို တိတ်တဆိတ် လိုက်၍ ဖမ်းယူလေ၏၊ ခိုမ၏ ပြင်းစွာဟစ်အော်သံကို ခိုဖိုကြား၍ နောက်သို့ လှည့်လည်ကြည့်သည်တွင် သိမ်းငှက်၏လက်၌ သေဆုံးသည်ကို မြင်လျှင် အလွန် ကြေကွဲပင်ပန်း လွမ်းဆွတ်ပူပင်လှသည်ဖြစ်၍ ငိုကြွေး မြည်တမ်းစဉ် ဤသို့အကြံဖြစ်၏၊ "ဩော်- ငါသည် သို့စင်ပင်ပန်းရသည်ကား အခြားကြောင့် မဟုတ်၊ ဤခိုမ၌ ရာဂတဏှာ ပြင်းစွာတပ်မက်ခြင်းကြောင့် သာတည်း၊ ဤရာဂသည် ငါ့အား အလွန်နှိပ်စက်လှ လေ၏တကား၊ ဤရာဂကို ငါက ပြန်၍ တစ်ဖန် မနှိပ်စက်နိုင်သမျှ **ကာလပတ်လုံး အစာရှာ ငါမသွား**

ပြီ''ဟု ရာဂကို နှိပ်ကွပ်အံ့သောငှာ ရသေ့ကျောင်း အရာမ်တွင်း၌ ဥပုသ်သုံး၍ နေ၏။

၂။ မြွေသည်လည်း တောင်ပို့မှထွက်၍ ကျက်စား အံ့သောငှာ သွားလေသော် တစ်ခုသောရွာအနီး၌ တောင်ပို့ကို မှီလျက် ထိုတောင်ပို့မှထွက်၍ အစာ စား၏၊ ရွာသူကြီး၏ ကိုယ်လုံးဖြူသော တစ်ခုသော နွားလားဥသဘသည် ထိုမြွေကို နင်းမိသည်တွင် မြွေလည်း ဒေါသပြင်းစွာထွက်၍ နွားလားဥသဘကို ကိုက်မိလျှင် ချက်ချင်းသေလေ၏၊ နွားသေသည်ကို ရွာသူကြီးနှင့်တကွ ရွာသူတို့သိ၍ တစ်ရွာလုံး ပြင်းပြစွာ ငိုကြွေးလျက် နွားလားဥသဘ အကောင်ကို ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီးလျှင် မြေ၌မြှုပ်၍ သွားကြလေ၏၊ မြွေလည်း ထိုအခြင်းအရာကို မြင်လျှင် ထိတ်လန့်၍ ''ဩော်-ငါသည် ဒေါသကို မနှိပ်ကွပ်နိုင်ခြင်းကြောင့် ဒေါသအလျောက် ကိုက်သတ်မိသည် ဖြစ်၍ တစ်ရွာလုံး ပြင်းပြစွာ ငိုကြွေးကြသည် ငါ့ကြောင့် တစ်ရွာလုံး ပင်ပန်းကြရလေသည်၊ ဤဒေါသကို ငါ မနှိပ်ကွပ်နိုင်သမျှ ကာလပတ်လုံး အစာ မစားပြီ''ဟု ဒေါသကို နှိပ်ကွပ်အံ့သောငှာ ရသေ့ ကျောင်းအရာမ်အတွင်း၌ ဥပုသ်သုံး၍နေ၏။

၃။ မြေခွေးသည် လည်း အစာရှာ အံ့သောငှာ သွား လေ သော် တစ်ခုသော ဆင်သေကို တွေ့၍ ဦးကင်း၊ နှာမောင်း၊ အခြေလေးချောင်း၊ အမြီး၊ ဝမ်းတို့၌ ကိုက်ဖဲ့ရာ စားခွင့်မရ မာကြမ်း လှသော ကြောင့် ဝစ္စမဂ်က ကိုက်ဖောက်၍ စားရာတွင် တစ်စ တစ်စ ဆင်သေ၏ဝမ်းထဲသို့ဝင်၍အစာ၌တပ်မက်ခြင်း လွန်သောကြောင့် ဆင်ဝမ်းမှ မထွက်ဘဲ မိမိနေရာ အိမ်ကဲ့သို့နေ့ရက်ရှည်စွာ စားသောက် အိပ်နေလေ၏၊ ကာလ ကြာသဖြင့် လေ၊နေပူ တို့ကြောင့် ဆင်သေ၏ ဝစ္စမဂ်သည် မာပြင်း သွေ့ခြောက်၍ အပေါက်ပိတ် လေ၏၊ ထိုမြေခွေးသည် အလွန် ကြောက်လန့် သည် ဖြစ်၍ ထွက်ပေါက်ကို ရှာပါ သော်လည်း မရ၊ ထိုးဖောက်၍ ထွက်ခြင်းငှာလည်း မတတ် နိုင်သည် ဖြစ်၍ ဆင်ဝမ်းတွင်း၌ ငြိုငြင် ပင်ပန်းလျက် နေ၏၊ အခါ တစ်ပါး မိုးကြီး သည်းထန်စွာ ရွာလတ်သော် ဆင်သေ၏ ဝစ္စမဂ်သည် နူး၍ အနည်းငယ် သော အပေါက်မှ အလင်းကို မြင်လျှင် မြေခွေးလည်း ထွက်ချင်အားကြီး တိုး၍ ထွက်သောကြောင့် ထိုမြေ ခွေး၏ အရေတို့သည် ကျွတ်ကျွန်၍ အမွေးအရေမရှိ အသားတိဖြစ်သဖြင့် မိမိကိုယ်၏ ဆင်းရဲဒုက္ခ မလှ သောသဏ္ဌာန်ကို မြင်လျှင် ''ဩော်-ငါသည်အစာကို မက်မော၍ အားကြီးသောလောဘကြောင့် ဤသို့ သော ဆင်းရဲကို ခံရလေသည်၊ ဤလောဘကို ငါ မနှိပ်ကွပ်နိုင် သမျှ ကာလပတ်လုံး အစာကို ငါမစားပြီ'' ဟု ရသေ့ကျောင်း အရာမ်တွင်း၌ ဥပုသ်သုံး၍နေ၏။

၄။ ဝံသည်လည်း ကျက်စားအံ့သောငှါ သွား လေသော် အစာ၌ တပ်မက်ခြင်း လွန်သောကြောင့် စားကျက်ကျူး၍ မလ္လတိုင်းဝယ်ရွာတစ်ခုသို့ရောက်ရာ ရွာသားတို့သည်တုတ်-လှံ-လေး-အုတ်ခဲလက်စွဲလျက် လိုက်၍ ပစ်ခတ်သောကြောင့် ဝံလည်း ကွဲသော ဦးခေါင်း ရှိသည်ဖြစ်၍ သွေး တဖျင်းဖျင်းယိုလျက် ပြေးခဲ့ရစဉ် ဤသို့အကြံဖြစ်၏၊ ''ဩော်-ငါသည် အစာ၌လောဘကို မချုပ်တည်း၊ အလွန်အလိုကြီး ခြင်းကြောင့် ဤသို့သော ဆင်းရဲဒုက္ခကို ခံရသည်၊ အလွန်အလိုကြီးသောလောဘကို ငါမနှိပ်ကွပ်နိုင်သမျှ ကာလပတ်လုံး အစာကိုငါမစားပြီ''ဟု လောဘကို နှိပ်ကွပ်အံ့သောငှါ ရသေ့ကျောင်း အရာမ်တွင်း၌ ဥပုသ်သုံး၍နေ၏။

ဘုရားအလောင်း ရသေ့လည်း မိမိ၏ အမျိုး မြတ်သော မာနကိုမှီ၍ ဈာန်သမာပတ်ကို ရစေ အံ့သောငှာ မတတ်နိုင်၊ တစ်နေ့သ၌ မြောက် ဟိမဝန္တာ၌ သီတင်းသုံးနေသော ရှင်ပစ္စေကဗုဒ္ဓါ တစ်ဆူသည် ဤရသေ့၏နှလုံးသွင်းကို စေတောပရိယ ဉာဏ်ဖြင့် သိတော်မူ၍ ''ဤရသေ့ ကား ဟုတ်ဟုတ် ငြားငြားသော သတ္တဝါမဟုတ်၊ ဤဘဒ္ဒကပ် ကမ္ဘာ၌ပင် ဂေါတမ အမည်တော်ရှိသော သဗ္ဗညု ဘုရားဖြစ်လတ္တံ့၊ ရင့်မာလှပြီးသော အလောင်း သူမြတ်ဖြစ်ပါလျက် အမျိုးမာန်ကိုမှီ၍ ဈာန်သမာပတ် ကိုမျှ မဖြစ်စေနိုင်၊ ထိုရသေ့၏မာန်ကို နှိမ်နင်း၍ သံဝေဂကိုဖြစ်စေလျက် ဈာန်သမာပတ်သို့ ရောက် စေအံ့''ဟု ကြံတော်မူ၍ မြောက်ဟိမဝန္တာမှ ကြွတော်မူပြီးလျှင် ရသေ့ သင်္ခမ်းဦး အင်းပျဉ်ပေါ်၌ သီတင်းသုံးနေတော်မူ၍။—

''အို- သူတော်ကောင်း .... သင်သည် ဟုတ်ဟုတ်ငြားငြားသော သတ္တဝါမဟုတ်၊ ဤဘဒ္ဒကပ် ကမ္ဘာ၌ပင် ဂေါတမ အမည် ရှိသော သဗ္ဗညုဘုရား ဖြစ်လတ္တံ့၊ လက်ယာရ်

အဂ္ဂသာဝကကား သာရိပုတ္တရာ တွင်လတ္တံ့၊ လက်ဝဲရံ အဂ္ဂသာဝကကား မောဂ္ဂလာန် အမည်တွင်လတ္တံ့ - စသည်ဖြင့် အမျိုးအမည် သာဝကနှင့်တကွ အလုံးစုံကို ဟောတော်မူ၍ သင်သည် မာနကိုနှိပ်ကွပ်ပါလော့၊ မြတ်သော ဈာန်သမာပတ်ကို ဖြစ်စေပါလော့''

ဟူ၍ ဆုံးမတော် မူပါသော်လည်း မာန်မကျ၊ ဒေါသနှိုင်ငံသို့လိုက်၍ ဤသို့ဆို၏ ''အို-ရဟန်း ခေါင်းပြည်း.....သင်သည် ငါ၏ပလ္လင်တံကဲ တို့၌ ထိုင်မှီ၍ နေခြင်းငှာ သင်ရဟန်း ခေါင်းပြည်းနှင့် မထိုက်တကား၊ ငါသို့စင် အမျိုးမြတ်သော သူ၏ နေရာတွင် သင်မျှသော ရဟန်း ခေါင်းပြည်းသည် မထိုင်မနေသင့်တကား၊ ယခုအမြန်ဆင်းလော့''ဟူ၍ ဆဲရေး၏၊ ရှင်ပစ္စေကဗုဒ္ဓါသည် တစ်ကြိမ်နှစ်ကြိမ် ဆုံးမသော်လည်း မာနလွှမ်းမိုး၍ မနာမယူ မခံ မညား ပြောသည်တွင် ရှင်ပစ္စေက ဗုဒ္ဓါလည်း ကောင်းကင်သို့ပျံတက်၍ ခြေတော်မှုဖြစ်သောမြေမှုန့် တို့ကို ရသေ့ဦးခေါင်း ဆံကျစ်ပေါ်၌ ကြဲချလျက် အိုရသေ့.....သင်သည် အမျိုးကိုမှီ၍ မာနရောက်၏၊ သင့်အမျိုးသည် အဘယ်အကျိုးရှိပါအံ့နည်း၊ သင်၏ အမျိုးစွမ်းရည်ရှိလျှင် ငါကဲ့သို့ ကောင်းကင်သို့ ပျံတက်စမ်းလော့''ဟုမိန့်တော်မူ၍ မြောက်ဟိမဝန္တာ သို့ ကြွတော်မူလေသည်။

ဘုရားလောင်း ရသေ့လည်း ဤသို့အကြံဖြစ်၏၊ ''ဤရဟန်းသည် လေးလံသော ကိုယ်ရှိလျက်နှင့် မြောင်းဝဉ်ချသော လဲ စိုင် ကဲ့ သို့ လျင်မြန်စွာ ကောင်းကင်ပျံခြင်းကို ပြုနိုင်သည်၊ ငါကား ပေါ့ပါး သော ကိုယ်ရှိလျက် ကောင်းကင်ပျံခြင်းကို မပြုနိုင်၊ အကြောင်းအဘယ်သို့နည်းဟု ဆင်ခြင်ပြန်စဉ် မာန် ကျ၍ ''ဩော်-ငါကား မာနကိုမှီ၍ ပစ္စေကဗုဒ္ဓါ ဘုရားကိုမျှ ဘုရားမှန်းမသိ မခံ့ မညား ပြောဆို မိခဲ့သည်၊ ငါ့အား ဘုရားသဗ္ဗညု ဖြစ်လတ္တံ့ဟု ဗျာဒိတ်ကြားတော်မူသည်ကိုလည်း အဘယ်မျှကြာဦး မည်၊ အဘယ်သို့ ကျင့်ရမည်ကို မလျှောက်မမေးမိ၊ ငါသည်မာနကိုစွဲ၍ချွတ်လွဲချေပြီ၊ မှားခြင်းကြီးစွာ မှားခဲ့ချေပြီ၊ဤသို့ဖြစ်ရခြင်းသည်ကားအခြားမဟုတ် ငါ၏မာနကိုမှီ၍ဖြစ်ရလေသည်၊ ဤမာနကိုမနှိပ်ကွပ် နိုင်သမျှ ကာလပတ်လုံး သစ်သီးအာဟာရ အလို့ငှာ ငါမသွားပြီ''ဟု မိမိကျောင်းတွင်း၌ ဥပုသ် သုံး၍ နေ၏။

သံဝေဂနှင့်တကွ ဥပုသ်ဘာဝနာကို ပြင်းစွာ အား ထုတ်ခြင်းကြောင့် မကြာမီ ဈာန်သမာပတ်ကို ရ၍ သမာပတ်မှ ထပြီးသော် ကျောင်းဦး၌နေစဉ် ခို အစ ရှိသောလေးဦးသောသတ္တဝါတို့သည်လည်းရသေ့ ထံ ချဉ်းကပ် ရှိခိုး၍ နေကြကုန်၏၊ ထိုအခါ ဘုရား လောင်း ရသေ့က ဤသို့မေး၏၊ ''သင်တို့လေးဦး သည် မိမိတို့ဘာသာ အစာရှာစားခြင်းငှာ မသွား ကြဘဲ ဤကျောင်းအရပ်တွင်း၌ နေကြသည်ကား နေ့ရက်ကြာမြင့်လှလေပြီ၊ သင်တို့နေရာ၌ များစွာ သော အစာတို့ကို ရသလော၊သို့တည်းမဟုတ် တစ်စုံ တစ်ခုသော ဘေးရန်ကိုကြောက်၍ အစာငတ်ခံသဖြင့် မသွားဝံ့ ဘဲ နေကြသလော'' ဟု မေး၏၊

တိရစ္ဆာန် လေးဦးတို့သည်လည်း မိမိတို့နောက်က ဖြစ်ခဲ့သမျှ အကြောင်းမျိုးကို မကြွင်းမကျန် ပြန် လျှောက်ပြီးလျှင်- ''အကျွန်ုပ်တို့၏ အကျိုးမဲ့ကိုပြု တတ်သော ဤလောဘ၊ ဒေါသ၊ မောဟ၊ မာနတို့ကို နှိပ်ကွပ်အံ့သောငှါအစာငတ်ခံ၍ အသီးသီးဥပုသ်သုံး ကြပါသည်''ဟု ပြန်လျှောက်ကြပြီးလျှင် တိရစ္ဆာန် လေးဦးတို့က ဤသို့လျှောက်ပြန်၏၊ အို-ဆရာတော် ရှင်ရသေ့ .... ဆရာသည်လည်း ကာလတစ်ပါးနှင့် မတူ၊ ကျောင်းသခ်မ်းတွင်း၌ ငြိမ်သက်တည်ကြည်စွာ ဘာဝနာမပြတ် ရှုတ်ဖတ်၍ နေသည်ကား နေ့ရက် ကြာချေပြီ၊ အစာသစ်သီးအလို့ငှါလည်း မသွား၊ နတ်တို့ လှူသောဆွမ်းကို သုံးဆောင်ရ၍ အစာ၌ ကြောင့်ကြမဲ့ နေတော်မူသလော၊ သို့တည်းမဟုတ် တစ်စုံတစ်ခုသော သံဝေဂကို အကြောင်းပြု၍ အစာရှာ မကြွ မသွား နေတော်မူသလော'' ဟု လျှောက်ကြကုန်၏၊ ဘုရားလောင်း ရသေ့လည်း နောက်နောက်က မိမိဖြစ်ခဲ့သမျှ အကြောင်းမျိုးကို ပြန်ပြော၏၊

ဤသို့ မေးဖြေကြရာတွင် ငါးဦးသော သူမြတ် တို့သည် အတိုင်းထက်အလွန် သံဝေဂ ဖြစ်ကြ၍ လောဘ၊ ဒေါသ၊ မောဟ၊ မာန အစရှိသော အကုသိုလ်တရားတို့ကို မိမိတို့သို့ မကပ်မရောက်နိုင် အောင် နှိပ်ကွပ်၍ အသက်အဆုံး၌ ဘုရားလောင်း ရသေ့လည်း ဗြဟ္မာပြည်သို့ လားလေ၏၊ တိရစ္ဆာန်

လေးဦးတို့ သည် လည်း နတ် ပြည် သို့ ရောက်ကြ၍ ကြီးမြတ်သော နတ်၏စည်းစိမ်ချမ်းသာကို စံစားကြရလေကုန်၏၊ ယခု ပစ္ဆိမဘဝ၌ကား–

(၁) ခိုသည် အနုရုဒ္ဓါဖြစ်လာ၏၊
(၂) ဝံသည် ကဿပဖြစ်လာ၏၊
(၃) မြေခွေးသည် မောဂ္ဂလာန်ဖြစ်လာ၏။
(၄) မြွေသည် သာရိပုတ္တရာဖြစ်လာ၏၊
(၅) ရသေ့သည်ကား ငါဘုရားဖြစ်လာ၏–

ဟု ဇာတ်ကို ပေါင်းတော်မူ၍ အတိတ်၊ ပစ္စုပ္ပန် နှစ်ပါးကို စပ်၍ ဟောတော်မူသည်။

## နိဂုံးချုပ် ဥဓျောဇဉ်

ဤပဉ္စုပေါသထဇာတ်၌ ပုဂ္ဂိုလ် ငါးဦးတို့သည် မိမိတို့ကိုယ်တွင်း၌ရှိသော လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာကို ဝိက္ခမ္ဘနတဒင်္ဂ သတ္တိတို့ဖြင့် နှိပ်ကွပ်ပယ်ခွာ၍ အရိယာတို့၏အကျင့်ဖြစ်သော အဋ္ဌင်္ဂဥပုသ်ကို အားထုတ်စောင့်သုံး၍ အဆုံးမရှိသော လောကီ၊ လောကုတ္တရာချမ်းသာအထူးကို ရဖူးကြောင်းသာဓကနိပါတ်ကိုထောက်ဆ၍ ယခုလောက တိုင်းပြည်တွင် ရှိမည်သောဥပုသ်ကို အားထုတ်ကြကုန်သော မနုဿသတ္တဝါ ဥပုသ်သည်လူတကာတို့သည်များစွာနေ့ရက်၊ လဆက်နှစ်လုံး၊ သုံးကြသည်လည်းမဟုတ်၊ ရှုတ်တရက် ခဏချင်း၊ တစ်လလုံး အတွင်း တွင် မှ၊ လေးသီတင်းရ၊ အနည်းငယ်မျှဖြင့်၊ သုံးကြစောင့်ကြပချေသည်။

သို့စင်နည်းပါး၊ မများ ရက်ရေ၊ သုံးရသည်အနေတွင်မှ၊ သေရော့ ကျေရော့၊ မပေါ့မပျင်း၊ စိတ်ကိုတင်း၍၊ ကိုယ်တွင်း၌ရှိသော၊ လောဘ၊ ဒေါသ၊ မောဟ၊ အဝိဇ္ဇာ၊ ကိလေသာတို့ကို၊ မလာမရောက်၊ မပေါက် မဝင်နိုင်အောင်၊ နိုင်နိုင်ကြီးခြေကန်၊ စုံတွန်း၍လှန်မည်ဟု၊ သမ္မာဉာဏ် မပြဋ္ဌာန်းဘဲ၊ ကွက်ဆန်းဥပုသ်၊ အဟုတ်ရော-မဟုတ်ရော၊ ပါးစောင်ကအမြှုပ်စီအောင်၊ ဖွာစလီစကားပြော၍၊ ဖွဲ့ရော-ခဲရော၊ ဖွပ်ကျောပြာစင်၊ ဆကာတင် မဟုတ်၊ ဥပုသ် လုံးတီး အပေါ်စီးစွယ်ရောင်ပြ၊ စောင့်ကြသူတချို့-

ဤကဲ့သို့ ထိုကဲ့သို့၊ အိမ်ဖို့အိမ်ရေး၊ လင်ရေး မယားခန်း၊ စားခန်း သောက်ဖွယ်၊ သားငယ်မြေးပု၊ ဝတ္ထုကာမ၊ အဝဝ အထွေထွေကို၊ မဝေနိုင် မဖန်နိုင်၊ ဗျာလှိုင်မလချူ၊ သပွတ်အူရှုပ်ရှက်ခတ်၊ မပြတ်စိတ်တွင်၊ နောက်ဆံငင်သကဲ့သို့၊ ဘဝင်မကျ၊ ကလင်ကစာ၊ စောင့်ကြသူတစ်ချို့-

ဤသူတို့ စောင့်ကြသော၊ သီလရှစ်ပါး၊ သီတင်းများကို၊ ယိုးမှားဥပုသ် ဆိုသင့်သည်၊ အပေါ်ယံဝန်းလှနှင့်၊ အတွင်းက ရွက်ပုပ်တွေကို၊ ရောမွှေ၍သိပ်လိုက်သော၊ ပုလိပ်က လက်ဖက်တင်ကဲ့သို့၊ အမြင်သာ ပြေပြစ်၍၊ အနှစ်သာရမရှိသော ဥပုသ် သုံးခြင်းတို့ကို၊ အလျှင်း ပယ်ဖျက်၍၊ တစ်ရက်ခန့် တစ်နေ့ခန့်ကို၊ သန့်သန့်ကြီး ကုသိုလ်ဖြစ်အောင်၊ အားသစ်၍ စောင့်ကောင်းလှပေသည်။

မြေခွေး၊ မြွေ၊ ခို၊ ဝံညို တိရစ္ဆာန်၊ အဟိတ်မျိုးမှန်လျက်နှင့်၊ လူမတန် ဥပုသ်သုံးကြသော ပုံထုံးကိုထောက်ရှုလျှင်၊ ခုငါတို့တွင်၊ လူစင်တကား၊ တိရစ္ဆာန်အဟိတ်မျိုးထက်၊ ဆယ်ဆိုးဆ တိုးပွား၍၊ တရားကျင့်အပ်လှပေသည်ဟု၊ ဒလေးထွေသော တိရစ္ဆာန်တို့၏၊ လူမတန် ပြုချက်ကို၊ ရှက်၍ပင် အားထုတ်သင့်လှပေသည်။ ဤသို့ လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားတို့ကို မပွားအောင်နှိပ်ကွပ်၍၊ သေဝပ်စွာကျင့်သုံး ဆောက်တည်ခြင်းကိုသာ၊ ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့၏၊ ကျင့်စဉ်လမ်းဟောင်းဖြစ်သည်ဟူ၍ ဘုရားဟောတော်မူချေသည်၊ ယင်းသို့ဖြစ်၍လောကီ၊ လောကုတ္တရာကောင်းကျိုးချမ်းသာကို အလို ရှိကုန်သော သူတော်ကောင်း တို့သည် ရာဂ၊ ဒေါသ၊ မောဟ၊ မာနတို့ကို မပွား မဖြစ် ရအောင် နှိပ်ကွပ်၍ ဥပုသ်သီတင်းသုံးခြင်းကို ပြုကုန်ရာသည်။

# အလောင်းတော်သိဝိမင်းကြီး

သဗ္ဗညု မြတ်စွာ ဘု ရား သည် ဒါနကုသိုလ် ၌ ဝန်တိုမစွန့်ရ ရှိကုန်ကြသော သူ တို့ အား ဒါန ၏ အကျိုးကိုပြ၍ ဆုံးမတော်မူခြင်းခြင်းငှာ ဓမ္မပဒ၌–

န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊
ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ။
ဓီရော စ ဒါနံ အနုမောဒမာနော၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထ။ ။

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

အဓိပ္ပာယ်ကား– မလှူလို၍၊ ဝန်တိုစဉ်းလဲ၊ စေးနဲသောသတ္တဝါတို့သည်၊နတ်ရွာဆိပ်ကမ်း၊ နတ်လမ်းမပေါက်၊အောက်ခရီးလမ်း၊ သောင်းကျန်း ကျဉ်းကျပ် ပါယ် လေး ရပ် သို့၊ ဆိုက် ကပ် ရ လေ ကုန် ၏ လူမိုက်လူမဲ၊ လူစဉ်းလဲတို့သည်၊ စွန့်ကြဲခြင်းဒါနကို၊ အားရစိတ်ဝမ်း၊ မချီးမွမ်းကုန်၊ ပညာရှိတို့သည်၊ ဒါနကုသိုလ်ကို၊ ကြည်ညိုစိတ်ဝမ်း၊ ချီးမွမ်းနှစ်သက်၊ လှူ ဒါန်း ရက် သော ကြောင့်၊ ပစ္စက္ခ၊ တ မ လွန်၊ ဘုံနှစ်တန်၌၊ အနန္တချမ်းသာမြတ်ကို၊ မချွတ်မသွေ၊ ရကြလေ၏ ဟူလိုသည်။

**အကြောင်းအရာပြ ဝတ္ထုသာဓက**

ဤဒေသနာတော်နှင့်လျော်စွာ၊ ဒါနပေးကြူး၍၊ **အကျိုး ထူးနှစ်ချက်၊ ရဖူးသောအမြွက်ကို၊နိပါတ်ထွက်** စံနှုန်းဖြင့်၊ ဝှက်ဖုံး၍ထားအပ်သော၊ ပတ္တမြားဝေဘူ ဖြစ်၊ဇောတိရသ်အစစ်ကို၊ဇမ္ဗူရာဇ်ရွှေပန်းတောင်း၌၊ ကောင်းမွန်စွာတင်ပြီးလျှင်၊မြင်သာအောင်ပြသကဲ့သို့၊ ဒါနပါရမီ၊ ဒေသနာဂမ္ဘီကို၊ ဤပရိသတ် သူမြတ်တို့အား၊ သိသာထင်ရှားအောင်၊ တရားရွှေကြုတ်ဖွင့်လတ္တံ့။

လွန်လေပြီးသောအခါ သိဝိတိုင်းအရိဋ္ဌပူရပြည်၌ ဘုရားလောင်း သိဝိရာဇ်မင်းကြီးသည် မင်းပြု၏၊ ထိုမင်းသည် အလှူ၌ အလွန်ဆန္ဒအားကြီးလှစွာ၊ လူ့ရွာလူ့ပြေ၊ လူ့ရပ်မြေ၌၊ ရှိလေသမျှ၊ ဗာဟိရဝတ္ထု၊ ဒါနစုကို၊ တစ်ခုမကျန်၊ ဝေဖန်လှူဒါန်းဖူးသည်သာတည်း၊ ဤသို့ လှူသော အပဝတ္ထု၊ ဒါနစုကို၊ အလှူဟုမရေတွက်၊ မနှစ်သက်လောက်သေး၍ တွေးတောဆင်ခြင်ရာ၊ ဤငါ၏ကိုယ်ခန္ဓာတွင်၊ အင်္ဂါကြီးငယ်တို့ကို၊ အလိုရှိသူ၊ အလှူခံလာပါသော်၊ တော်လေ၏တကား၊ ငါ့ကိုယ်အားကို၊ တစ်ပါးပုဂ္ဂိုလ်၊ ကျွန်ပြုလိုသည်ဟု၊ ဆိုသာဆိုစေ၊တိုင်းပြေကိုစွန့်ပစ်၍၊ စင်စစ်သူ့ကျွန်ငါခံမည်၊ မျက်စိနားနှာ၊ အူချာသည်းပွတ်၊ မနောဓာတ်ကို၊ ခုတ်ဖြတ်ထုတ်ယူ၊ လိုသောဟူလျှင်လည်း၊ ငါလှူတော်မူချင်လှ၏ဟူ၍၊ လူညံ့ တစ်၊ ကြံ့ဝံ့ ဖွယ်မရှိသော၊ သမ္ဘောဓိအာရုံ၊ အင်မတန်ကြံပုံကို၊ သဒ္ဓါလွန်ကဲ၍၊ ရဲရဲကြီးကြံတော်မူလေ၏။

နံနက်မိုးသောက်ထအခါ၌မြတ်သောဆင်ကျောက်ကုန်းထက်စီး၍ အလှူတင်းကုပ်သို့ ထွက်တော်မူရာ သိကြားမင်းသည် ဘုရားလောင်း၏ ဆန္ဒကိုသိ၍ စုံစမ်းလိုသောကြောင့် ပုဏ္ဏားအို မျက်မမြင်ယောင်ဆောင်ပြီးလျှင် ခရီးလမ်းကဆီးကြို၍ "အရှင်မင်းကြီး.... အကျွန်ုပ် ပုဏ္ဏားအိုမှာ မျက်စိနှစ်ဖက် ကွယ်ပျက်ဆုံးပါးခဲ့သောကြောင့် အရှင်မင်းကြီး၏ မျက်စိတော် နှစ်ဖက်တွင် တစ်ဖက်ကို ထုတ်၍ အကျွန်ုပ် သူကန်းအား လှူဒါန်းတော်မူပါ" ဟု ကျယ်စွာဟစ်အော်၍ အလှူခံလေလျှင်မင်းကြီးလည်း ကြားလျှင်ကြားချင်း၊ ကိုယ်တွင်းကိုယ်ပ ကြွကြွရှင်မြူး၊ သဒ္ဓါနူးလှ၍၊ ဆင်ဦးလှည့်တော်မူပြီးလျှင် အလှူခံပုဏ္ဏားအား၊ စကားသာယာ၊ ချောင်စွာဖြင့်၊ ဆရာဗြဟ္မဏ၊ မကြောင့်ကြနှင့်၊ တောင့်တသော ဝတ္ထုကို၊ ယခု ငါလှူတော်မူမည်၊ ယမန်နေ့က၊ တစေ့စေ့ ငါကြံလျက်၊ အလှူခံပုဂ္ဂိုလ်ကို၊ တွေ့လို၍ ငါမျှော်သည် လည်တော် ညောင်းညာလှလေပြီ။

ပုဏ္ဏားဆရာ၊ သို့စင်ကြာအောင်၊ ဘယ်ငှာကို ကြံ၍၊ ငါ့ထံလာနေသနည်း၊ စက္ခုဝါပတ်ကုံး၊ လေးကျွန်းလုံး၌၊ မင်းသုံးစက္ကဝတ်၊ အထွတ်အဖျား၊ ရောက်ရငြားသော်လည်း၊ ပုဏ္ဏားကိုတွေ့သလောက်၊ ဝမ်းမြောက်တော်မမူ၊ ငါ့ဘုန်းကံ ထောက်ကူ၍၊ အလှူခံဆိုက်ရောက်၊ အကြံတော်မြောက်ပေသည်ဟု၊ ချီးမြောက်နုံမော်၊ ပုဏ္ဏားကိုခေါ်ပြီးလျှင်၊ နန်းတော်သို့ ဝင်လေ၍၊ သုစန္ဒကအမည်ရှိသော ရွှေနန်းပြာသာဒ်၌ နေတော်မူလျက်၊ သိဝိကအမည်ရှိသော ဆေးသမားကို ခေါ်တော်မူ၍၊ မျက်လုံးတော်ကို ထုတ်စေမည်ရှိရာ၊ -

ထိုအကြောင်းကို သိကြ၍ မိဖုရား မောင်းမမိဿံ ဆွေတော် မျိုးတော် မှူးတော် မတ်တော်တို့နှင့်တကွ ပြည်သူအပေါင်းတို့သည် သောင်းသောင်းဖုဖု ငိုကြွေးကြကုန်လျက် မျက်လုံးတော်ကိုမလှူစေခြင်းငှာ တားမြစ် တောင်းပန်ကြသည်တွင် တိုင်းသူပြည်သားလူအများကို မတားမမြစ်သာအောင် ဒါန၏အကျိုးဆက်ကို အနက်ဖွင့်ဖော်၍ အမိန့်တော် ထုတ်ပြန်လိုက်သည်ကား-

ယော ဝေ ဒဿန္တိ ဝတွာန၊
အဒါနေ ကုရုတေ မနော၊

ဘူမျံ သော ပတိတံ ပါသံ၊
ဂီဝါယံ ပတိမုဉ္စတိ။ ။

အစရှိသည်တည်း။

အဓိပ္ပာယ်ကား- အို- ပရိသတ်အပေါင်းတို့... အကြင်သူသည် ငါပေးအံ့ဟု၊ တံ့ တံ့ မရွံ ၊ အာမခံပြီးမှ၊ အကြံနှောင့်နှေး၊ မပေးလိုဘဲ၊ ချွတ်လွဲပြန်မူ၊ ထိုသူယုတ်မာ၊ လူမိစ္ဆာသည်၊ ကြီးစွာသော ကျော့ကွင်းကို၊ လည်ရင်း၌ကြပ်ကြပ်၊ အမြဲစွပ်၍၊ ထားအပ်သည်နှင့်တူ၏။

ဤလောက မျက်မှောက်၌၊ထိုသူအောက် ယုတ်မာသူ လူမရှိပြီ၊ ဒုဿီ လပုဂ္ဂိုလ်၊ လူမလို-နတ်မကြိုက်၊ လူမိုက်လူချော်၊ လူသရော်ဟု၊ လူ ဖော် မ သွင်းထိုလူဖျင်းကား၊ ယမမင်းနိုင်ငံသို့၊ တစ် ဆံ ခြည်မထောင့်၊ ဖြောင့်ဖြောင့် လိုက်ရလေ တော့သည်၊ ငါကေရာဇ်၊ မင်းစစ်ဖြစ်လျက်၊ လူညံ့လူယုတ်တို့၏ စရိုက်ကို၊ မလိုက်သင့်ပေ၊ မသွေမဖည်၊ ပေးမည်ဆိုတိုင်း၊ မဆိုင်းမတွ၊ ပေးပေမှသာ၊လောကကြောင်း၊ ဓမ္မကြောင်း၊ နှစ်ပါးကောင်း၍၊ အလောင်းရင့်မာ၊ ဗောဓိလျာတို့၊ အင်္ဂါကျင့်ထုံး ညီပေမည်၊ ယင်းသို့ ဖြစ်၍ဆုတ်နစ်ဆိုင်းငံ့၊ မရွံ့သာချေ၊ တိုင်းနေပြည်သူ၊ ခပ်သိမ်းလူတို့က၊မလှူမည့်စကားရပ်ကို၊နောက်ထပ်၍ မတင်စေနှင့် ဟုလိုသည်။

ဤသို့ အမိန့်တော် ပြန်ပြီးလျှင် သိဝိက အမည်ရှိသော ဆေးသမားအား "အဆွေ သိဝိက....ငါ၏ လက်ယာမျက်လုံးတော် တစ်ဖက်ကို သန်လျက် ဓားမြှောင်ဖြင့်၊ ထွက်အောင်ထုတ်ခွာ၍၊ ငါ၏ လက်တော်၌ တင်လော့၊ မျက်မမြင် ပုဏ္ဏားအား၊ သနားကြည်ဖြူ၊ ငါလှူတော် မူလိုသည်၊ ကုသိုလ်တော် ပါရမီကို၊ ကူညီ၍ သင်ဖြည့်ပါလော့"ဟု မိန့်တော်မူ၏။

သိဝိကဆရာလည်း၊ "ဘုန်းတော်ကြီးလှသော ဘုရား.... ဤအရေးသည် ဝန်လေးစွာသောအမှု ဖြစ်ပါသည်၊ ဤလောကတွင် ပသာဒ မျက်လုံးကို၊အဆုံးခံသဖြင့်၊ ပရိကံ အလှူ၊ ပြုသောသူဟူ၍၊ ဇမ္ဗူဒီ

တောင်ကျွန်းတွင်၊ မော်ကွန်းမတွင်ခဲ့ဖူးပါ၊ သမ္မုတိနတ်၊ မင်းမြတ်တို့ ရာဇဝင်မှာ၊ ထုံးစံရှေးက မရှိကြလျှင်၊ နောက်မှထပ်၍၊ ပညတ်သစ် မတင်ကောင်း၊ ထုံးဟောင်းကိုလည်း မပယ်သင့်၊ ရာဇဝင် ကမ္ဘာကျမ်းနှင့်၊ စာတမ်းကို ထောက်ချင့်၍၊ ကျင့်ကြစမြဲဖြစ်ပါသည်၊ ဤကိစ္စ အလိုကား၊ အငိုလွယ်လျက်၊ အရှိက်ခက်သကဲ့သို့၊ မျက်လုံးတော် အလှူပေး၊ ဝန်မလေးသော်လည်း၊ နောင်ရေးကို ထောက်တော်မူပါမည့် အကြောင်း'' များနှင့်၊ သမားက သံတော်ဦးတင်သည်တွင်-

''အဆွေ သိဝိက.... ရာဇလက်သုံး၊ ထုံးဆိုသည်ကား၊ တိုင်းပြည်သခင်၊ မင်းပြုပြင်က၊ တွင်လေသည်ချည်း၊ ထုံးနည်းရှိရာ၊ မရှိရာကို၊လိုက်သာမည် မဟုတ်၊ မင်းဟူ၍ သမုတ်သော၊ မင်းဒုက္ခိတ၊ သာမညတို့၊ကျင့်ကြသော ထုံးဟောင်းကို၊ ထုံးကောင်းဟု ငါမထင်၊ ဗုဒ္ဓံကုံဗောဓိသတ်၊ ရှေးမင်းမြတ်တို့သည်၊ ပရမတ္ထပါရမီ၊စာဂီငါးဖြာ၊အင်္ဂါခြေလက်၊ကိုယ်အသက်ကို၊ ရက်ရက်အားအား၊ လှူစွန့်စားမှ၊ ဘုရားစင်စစ်ဖြစ်ကြသည်၊ အလောင်းမြတ်စွာ၊ မင်းရာဇာတို့၊ ပါရမီခန်း၊ ကျင့်စဉ်လမ်းကိုသာ၊ စာတမ်းထုံး မြတ်ငါထင်သည်၊ အလောင်းတို့ထုံး၊ စံလက်သုံးကို၊ လုံးလုံးလိုက်၍ ငါ ကျင့် မည်၊ မျက်လုံးကိုသာ၊ သင်ဆရာသည်၊ လျင်စွာ ထုတ် ဖောက် လော့''ဟူ၍ မိန့်တော်မူ၏၊

ဆေးသမားလည်း၊ မင်းကြီး၏ မျက်လုံးတော်ကို၊ ကြမ်း ချော် သော ဓား လက် နက် ဖြင့်၊ ခုတ်ဖျက်ဖောက်ယူခြင်းငှာ မလျောက်ပတ်၊ မွန်မြတ်သိမ်မွေ့သော ဆေး၏ သတ္တိဖြင့်၊ မျက်စိတော် နှစ်ဖက်ကို၊ ထွက် အောင် စီရင်မည် စိတ်ကူး၍၊ အထူးထူးသော ဆေးစုဖြင့်၊ ပဒုမာကြာဝတ်ကို၊ လိမ်းဆွတ်ပျံ့နှံ့စေလျက်၊ ထို ကြာဝတ်ဆံ နှင့် တကွ သော ဆေးမှုန့်မျက်စဉ်းကို ခတ်လေလျှင်၊ မင်းကြီး၏ လက်ယာမျက်လုံးတော် တစ်ဖက်သည်၊ စက်ရဟတ် ပမာချာချာ ပတ်ပတ်၊ ယောက်ယက်ခပ် သွက်သွက်မြည်၊ အိမ်ကျင်ပုံ လည်သကဲ့သို့၊ မတည်မရပ်၊ ကျိန်းစပ်ကျင်နာသဖြင့်ကြီးစွာသော ဆင်းရဲသို့ရောက်လေ၏၊

ထိုအခါ ဆေးသမားက''ဘုန်းတော်ကြီးလှသော ဘုရား စဉ်း စား တော် မူ ပါ၊ နှံ လုံး တော် နောက်ကျူလျှင်၊ ယခု ပကတိ၊ မျက်လုံးတော် အတိုင်းရှိအောင်၊ ဆေးသတ္တိ အာနုဘော် ဖြင့်၊ ကျွန်တော်ပြုနိုင်ပါ၏ ဘုရား'' ဟု၊ သမားက သံတော်ဦးတင်လျှင်''အဆွေသိဝိက....ဤမျှလောက်ဝေဒနာကြောင့်၊ သဒ္ဓါ အားယုတ်၍၊ ငါဆုတ်မည်ထင်သလော၊ သ ဘော တော် မ သွေ ယွင်း ဘူး၊ ချက်ချင်းပြီးအောင်ထုတ်'' ဟူ၍ အမိန့်တော်ရှိ၏၊ ဆေးသမားလည်း တစ်ကြိမ်ထပ်၍၊ မျက်စဉ်းခတ်ပြန်လေ၏၊ ထို အ ခါ မျက်လုံးတော်ပသာဒသည်၊ အအိမ်မှလွတ်လင်၍၊ ဇော တိ ရ သ် ပ တ္တ မြား ကို၊ လက်ဝါး၌ တင်သ ကဲ့ သို့၊ အ ပြင် သို့ သက် ဆင်း ၍၊ မျက်ကွင်းဝ၌ တည်လေ၏၊

ထိုအခါလည်း၊ ရှေးနည်းစကားဖြင့်၊ သမားက တင်ပြန်သည်တွင် ''တာရှည်အောင်မပြုနှင့်၊ ယခု ချက်ချင်းထုတ်'' ဟူ၍ အမိန့်တော်ရှိပြန်၏၊ ဆရာသိဝိကလည်း၊ တတိယအခါတွင်၊ ထက်စွာသော မျက်စဉ်းဆေးကို၊ သွေး၍ခတ်လေသော်၊ မျက်လုံးတော် ဝတ်ဆံသည်၊ ငှက်ပျံသည့်ပမာ၊ဆတ်ဆတ်ခါလျက်၊ မျက်လှာမျက်ကွင်းမှ၊ သက်ဆင်းလျောကျ၍၊ မြဝေဠုရိယာ၊ ကျောက်မြတ်စွာကို၊ သန္တာကြိုးငယ်ဖြင့်၊ ချိတ်တွယ်ဆွဲထားသကဲ့သို့၊ တွဲလျားအောက်သို့ ကျလေ၏၊

ထိုအခါ မျက်အိမ်တော်အတွင်းမှ၊ ခြင်း ခြင်း နီမောင်း၊ ချိပ်ရည်ဖြင့်လောင်းသကဲ့သို့၊မမြင်ကောင်း မရှုအား၊ ဖွားဖွားဝေါက်ဝေါက်၊ သွေးကြောင်း ပေါက်သဖြင့်၊ အ ထက် အောက် တစ် ကိုယ် လုံး၊ သွေးတုံးအတိဖြစ်၍၊ စင်စစ်ပြင်းပြ၊ ကြမ်း ကြုတ်လှသော ဒုက္ခဝေဒနာ၊ ကြီးစွာ ဖြစ်တော်မူလေ၏ ဆေးသမား လည်း ''ဘုန်း တော် ကြီး လှ သော ဘုရား.... မသေသေး သော်လည်း၊ သေဘေးမကခံရတော်မူချေပြီ၊ ယခုအခါ မြမြ စွာ နှလုံးထား၍၊ စဉ်းစားတော်မူပါ၊ အင်္ဂါတော်မျက်လုံး၊ ဆုံးလုခါနီးချေပြီ၊ ခုအနေ ရှိသေးလျှင်၊ ဆေးဝါး၏ အာနိသင်ဖြင့်၊ မြင်အောင် ပြုနိုင်ပါသေး၏၊ သည်ကလွန်လျှင်၊ ကျွန်တော်ကိုထား၍၊ သိကြားပင် ကသော်လည်း၊ ချမ်းသာစုမရှိပြီ၊ သို့ဖြစ်ပါ၍၊ သဒ္ဓါတော် အဟုန်ကို၊ ရွှန်းကုန် ဖွင့်နိုင်မည်၊ မဖွင့် နိုင်မည်ကို၊ အတည်အကျ၊ ကြပ်ကြပ်ကြီး တွေးဆ၍၊ မှုချမိန့်ဆတော်မူပါ''ဟု တင်၏၊

မင်းကြီးလည်း "အဆွေ သိဝိက....သင်သမားကို၊ စကားပြောမည် ငါမခေါ်၊ မျက်လုံးတော် ကိုသာ၊ ထုတ်ဖော်စိမ့်မည် ငါခေါ်သည်၊ ငါလှူအံ့ဟု၊ ကြံစပြုသည်ကကို၊ ယခုထက်ထိ၊ တွန့်တိုနှောင့်နှေး၊ တစ်ချင်ရွေးမျှ၊ စိတ်လေးသည်မရှိဘူး၊ ပကတိစက္ခု၊ ဤရုပ်စုမျှကို၊ ဝတ္ထုကောင်း ဝတ္ထုမြတ်ဟု၊ ငါမှတ်တော်မမူ၊ သုံးဆူသော လောက၊ ဆိုဘဝနှင့်၊ အနန္တ အာရုံကို၊ အုပ်ခြုံ၍မြင်နိုင်သော၊ သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော မျက်စိကိုသာ၊ မြတ်နိုးစွာသောဝတ္ထုထင်၍၊ လိုချင်တော်မူလှသောကြောင့်၊ ဤမံသစက္ခုဖြင့်၊ သဗ္ဗညုရွှေဉာဏ်ကို၊ မတန်ဖိုးနှင့်ကြိုး၍ အရငါဝယ်သည်၊ မျက်လုံးတော်ကို၊ ထုတ်စေလို၍သာ သင့်ကိုငါခေါ်သည် တကား၊ မည်သို့မည်ညာ၊ ရှည်လင့်ကြာအောင်၊ သဒ္ဓါတွင် တကျာနှော၍၊ စကားကြောမရှည်စေနှင့်၊ မျက်ကြောမျှင်ကို၊ လျင်စွာသာဖြတ်၍ပေးလော့"ဟု မိန့်တော်မူ၏။

ထိုအခါ ဆေးသမားလည်း မျက်ကြောကိုဖြတ်ပြီးလျှင် မင်းကြီး၏ လက်တော်သို့ဆက်၏၊ မင်းကြီးလည်း ပုဏ္ဏားကိုခေါ်၍-

> န မေ ဒေဿ ဥဘော စက္ခူ
> အတ္တာနံ မေ န ဒေဿိယံ၊
> သဗ္ဗညုတံ ပိယံ မယှံ၊
> တသ္မာ စက္ခု အဒါသိဟံ၊ ။

ဟူသော စရိယာပိဋက ပါဠိတော်လာ၊ ဂါထာအရ၊ မြွက်ဟာထုတ်ဖော်၍၊ လှူတော်မူလေ၏။

ထိုဂါထာ၏ အဓိပ္ပာယ်ကား- သင်ပုဏ္ဏား.... နှင်နှင်သသူ၊ သာမန်လူတို့၊ လှူဝံ့မည်ထား၊ ကြားရုံကိုမျှ၊ ကြက်သီး ထလောက်သော၊ ဒါန ပရမတ်၊ မျက်လုံး မြတ် ကို၊ ထုတ်ဖြတ်၍ ယခု လှူသည်ကား၊ ပတ္တမြားတရှိ၊ ငါ့မျက်စိကို၊ နှမိနှမြော၊ မက်မောတွယ်တာ၊ ငါချစ်ပါ၏၊ အင်္ဂါကိုယ်လက်၊ ငါ့အသက်ကိုလည်း၊ မပျက်စေချင်၊ ငါချစ်ခင်၏၊ သို့စင်ကေန်၊ ချစ်သည်ပင် မှန်သော်လည်း၊ မျက်ဆံတော်နှစ်ဖက်၊ အသက်အာယု၊ ဤဝတ္ထုများထက်၊ သဗ္ဗညုရွှေဉာဏ်ကို၊ အလွန်တရာ၊ သာ၍ချစ်ခင်၊ လိုချင်တောင့်တ၊ စုံမက်လှ၍၊ ပုဏ္ဏားအား လှူရက်တော်မူသည်၊

ဤမျက်လုံးကို၊ အဆုံးခံလျက်၊ လှူရသည့် အကျိုးဆက်ကြောင့်၊ မဂ်ကေရာဇ်၊ မောင်မှူးဖြစ်၍၊ သုံးခေတ် ဝေ နေ၊ လူပိုလ်ခြေကို၊ အောင်မြေ နိဗ္ဗူ၊ မှာကမ်းငှသို့၊ ဆောင်ယူငါပို့ နိုင်လို သော၊ သစ္စာ အနက်၊ ဆယ့်ခြောက်ချက်ကို၊ လက်ထက် ဥသျှစ်၊ စင်စစ်မြင်မိ၊ ကိုယ်တိုင်သိသော၊ ပညာဓိက၊ ဘုရားဆုကြီး၊ တိုင်မြောက်ပြီး၍၊ တားဆီးချိတ်ငင်၊ ပိတ်ပင်မဲ့ လျှင်း၊ အကြွင်း မနှံ့လပ်၊ မြင်နှံ့စပ် သော၊ သဗ္ဗညုတ၊ ဉာဏ ခေါင် ထိ၊ သမ္ဗောဓိကို၊ လက်ရှိငါလျှင်ပိုင်စေသော=

ဟူ၍၊ ပတ္ထနာရည်ညွှန်း၊ ရွှေခွန်း မြွက်ကြား လျက်၊ ပုဏ္ဏားအား လှူတော်မူ၏ ဟူလိုသည်။

ပုဏ္ဏားလည်း မျက်လုံးတော်ကိုယူ၍ မိမိလက်ယာမျက်အိမ်၌ ထည့်လေလျှင် သိကြား၏ အာနုဘော်ကြောင့် ကြာညိုပွင့် အသွင် အရှင် ထတ်လတ်ဖြစ်လေ၏၊ မင်းကြီးလည်း လက်ဝဲ မျက်စိတော်ဖြင့် ကြည့်တော် မူလျှင် ပုဏ္ဏားကိုမြင်၍ ကျင်နာ ခဲ့သမျှဝေဒနာသည် သိလာစန္ဒန ရေပေါက် ကျသကဲ့သို့ ခဏခြင်း ပျောက်စဲ၍ လွန်ကဲလှစွာသော ဖရဏာပီတိ အဟုန်ဖြင့် ပျံ့ခုန်ဘိမတတ်၊ လေးမြတ် နှစ်သက်အားတက်တော် မူလှသောကြောင့် လက်ဝဲမျက်လုံးကို ထုတ်စေ၍ တစ်ဖန် လှူတော် မူပြန်၏၊ ပုဏ္ဏားလည်း မျက်စိ နှစ်ဖက် မြင်ပြီးသော် နန်းတော်မှ ဆင်း၍ ကွယ်လေ၏။

မင်းကြီးလည်း စက္ခုတော် နှစ် ဖက် ကွယ် လျှင် မှူးမတ်တို့အား ထီးနန်းလွှဲ၍ ဥယျာဉ်၌ နေတော်မူလေ၏။ နောင်အခါသိကြားလာ၍ သစ္စာပြုစေသည်တွင် ဘုရားလောင်း၏သစ္စာ ပါရမီတော် အာနုဘော်ကြောင့် နတ်မျက်စိလည်းမဟုတ်၊ လူ့မျက်စိလည်းမဟုတ်၊ သန့်ရှင်း ကြည်လင်စွာ၊ ယူဇနာတစ်ရာတိုင် အောင်၊ တောတောင် နံရံ၊ အခံ အတားကို ဖောက်ထွင်း၍ မြင်စွမ်းနိုင်သော သစ္စာမျက်စိ၊ တုမရှိကို၊ ပကတိရတော်မူပြန်လေ၏၊ ဇမ္ဗူဒိပ်ကျွန်းလုံး၊ ပတ်ကုံးသောသော ကျော်ဇော ကြေညာလျက် မဟာ ကေရာဇ်၊ မင်းဖြစ်အထွတ် တိုင်လေ၏ ဘဝဆုံး၌၊မျက်လုံးတော် လှူကျိုးကြောင့်၊ မြေ မိုး အောက်ထက်၊ ဘဝဂ်အကြား၊ ပြိုင်ဘက်ရှားသော၊ ဘုရား စင်စစ်ဖြစ်လေ၏။

## နိဂုံးချုပ် ဥစ္စယျာစဉ်

ဤဒေသနာ၊ နိပါတ်လာကို၊ ပညာ်ဉာဏ်နှင့်၊ ထောက် မြှော် ချင့် ၍၊ ကောင်းကျင့် ကောင်းကြံ၊ နည်းခံလိုသူ၊ ယခုလူတို့သည်၊ သုံးဆူသောဘုရားတွင်၊ တစ်ပါးပါး ဖြစ်လိုလျှင်၊ ပြဆိုခဲ့သော မင်းကြီး ၏ လှူဟန်ကဲ့သို့၊ ကိုယ်ခန္ဓာအသက်ကို၊ ကွမ်းတစ်ရွက် အသွင်၊ မခင်မင်ဘဲ၊ လိုချင်ပါကြောင်း၊ တစ်ခွန်းမျှ တောင်းသော်လည်း၊ ကြာနှောင်းမနှေး၊ စေတနာ သန်သန်နှင့်၊ မြန်မြန်ကြီး ပေးဝံ့မှ၊ လေးသင်္ချာပိုင်၊ ဘုရားတိုင်အောင်၊ ရောက်နိုင်ကြပေမည်၊ အသက်ကို ထောက်ထား၊ မ စွန့် စား ဘဲ နှင့်၊ ဘုရား တစ်ဆူ၊ ဖြစ်လိုသည်ဟူသော်လည်း၊ ထိုသူပေထုံ၊ ပွဖုံဖုံတို့ သည်၊ ဘုရားပုံလားလားမှမရချေ၊

လူ့ပြည်လူ့ရွာ၊ဥပမာမှာ၊သူကြီးသာလုပ်ချင်တတ် ၍၊ ထိပ်ခတ်မခံဝံ့သော သူကဲ့သို့၊မလှူရက် မစွန့်စား၊ ဆုတ်တုတ်တုတ် စိတ်ထားလျှင်၊ ဘုရားနှင့်ဝေးနိုင်မျှ ရှိချိမ့်မည်၊ အပ ဥစ္စာ၊ နေရာမကျယ်၊ အလှူငယ်များ ကိုမှ၊ အလွယ်နှင့်မမြောက်ကြ၊ ချမလိုချီမလို၊ ဝန်တို နှောင့်နှေး၊ ရှိကြသေးသည်၊ ဤကိုထောက်စာလျှင်၊ ကိုယ်အင်္ဂါအဆုံး၊ မျက်လုံးကိုဝေးစွ၊ မျက်မွေးကိုမျှ၊ လှူနိုင်ပုံမရချေ၊ ယင်းသို့နောက်ဆုတ်၊ သဒ္ဓါ စိတ်ယုတ်သော်လည်း၊ ကုတ် ကုတ် ကော် ကော်၊ ကိုယ့်ကိုယ်နှိုးဆော်၍၊ မသူတော်မျိုး၊မစ္ဆေရ သူခိုးကို၊ လက်ပြန်ကြိုးချည်မိအောင်၊ အတည်တည်အရပ်ရပ်က၊ ကင်းတပ်နှင့်ဖမ်းပြီးလျှင်၊ လမ်းဆုံးအောင်စီရင်၍၊ သဒ္ဓါပင် အသစ် ပျိုးကြရမည်၊ ဓမ္မစာရီ၊ ပါရမီ မွေ့လျော်၊ သူတော်သူမြတ်အပေါင်းတို့၊

# ဂေါပါလ

သဗ္ဗညုမြတ်စွာဘုရားသည် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ ဂုဏဝုဍ္ဍိဝယဝုဍ္ဍိတို့အား ရှိသေခြင်း အစရှိသော ကုသိုလ်ကောင်းမှုကို ပြုကုန်သောသူတို့အား ကောင်းမှုတည်းဟူသော တည်ရာကို ရကုန်သည်ဖြစ်၍ ထိုကောင်းမှုတို့၏ အကျိုးအားဖြင့် လောကီ, လောကုတ္တရာ ချမ်းသာနှစ်ပါးကို ကေန်ရကုန်၏ဟု အနာထပိဏ်သူဌေးအား ဟောကြားတော်မူခြင်းငှာ—

**ဂဟပတိ ဣမေသံ သတ္တာနံ ပုညသဒိသံ အညံ ရတနံ နာမ နတ္ထိ၊ ပုညဝန္တာနဉှိ အနာဂါရေ ရတနာနိ ဥပ္ပဇ္ဇန္တိယေဝ၊**

ဟူ၍ စကားဆက်တော်မူပြီး၍—

**သေ ဒေဝ မနုဿာနံ၊ သဗ္ဗကာမ ဒဒေါ နိဓိ၊**

အစရှိသော ဂါထာကို တိကနိပါတ် သိရီဇာတ်၌ ဟောတော်မူသည်။

ထိုဝစနသန္ဓ၊ ပါဠိဂါထာတို့၏ အဓိပ္ပာယ်ကား— ဒါယကာ သူကြွယ်ကြီး.... ဤသတ္တဝါ အပေါင်းတို့အား ကောင်းမှုကုသိုလ်နှင့်တူသော တည်ရာမည်သည်မရှိ၊ ကောင်းမှုကုသိုလ်ကို ပြုလေ့ရှိကုန်သောသူတို့အား ရတနာတို့၏ တည်ရာမဟုတ်သော အရပ်၌ပင်သော်လည်း ရတနာအပေါင်းတို့သည် စုဝေးတည်လာကုန်သည်သာတည်း၊ နတ်လူအပေါင်းတို့အား ဤကုသိုလ်ကောင်းမှုတည်းဟူသော ရွှေအိုးရတနာသည် အလိုရှိသမျှ ဆန္ဒအာရုံ အလုံးစုံကို အကုန်ဖြင်ပြွမ်းပေးကမ်းတတ်သည်သာတည်း ဟူလိုသည်။

ဤသို့ ရွှေနှုတ်တော်လှစ်ဖွင့်၍၊ ကျူးရင့်မုဋ္ဌာန်၊ ထုတ်ပြန်တော်မူအပ်သောအမိန့်တော်ဒေသနာသည်၊ သတ္တဝါဝေနေယျ၊ ဗုဒ္ဓိတလူမျိုး၊ ဆင်းရဲအိုးတို့ကို—

ရှိုးရှိုးရှုရှု၊ နာလံထ၍၊ ဝ ကြပါစေ၊
ရွှေမကုန်နိုင်၊ ငွေ မကုန်နိုင်၊ ထုပ်တိုင်ခေါင်
ရောက်၊ ဖြိုးဖြိုးမောက်၍၊ လောက်လောက်
လုံလုံ၊ ပြည့်စုံပါစေ၊ ဘဝ နောင်လာ၊
သံသရာ၌၊ ချမ်းသာဖြိုးခိုင်၊ နိဗ္ဗာန်တိုင်အောင်၊
လှမ်းနိုင်ကြပါစေ—

ဟု မြေကြီးအထုနှင့်တူသော မဟာကရုဏာဉာဏ်ဖြင့်၊ ထက်သန်ကြီးမား၊ သနားတော်မူ လှသည် ဖြစ်၍ စင်စစ်ရိုးရိုး၊ သူတစ်ပါး အကျိုးကိုသာ၊ မြတ်နိုးတောင့်တသဖြင့်၊ ဣရိယာပထလေးပါး၌၊ မခြားမလပ်၊ အထပ်ထပ်ထုတ်ပြန်သော၊သုတ္တန်အမိန့်တော်ကြီးဖြစ်သည်။

ထိုအမိန့်တော်၊ အာဘော်ဒေသနာ၊ရွှေမေတ္တာကို၊ သဒ္ဓါယုံကြည်ခြင်းမရှိ၊ သတိမရ၊ ဆုံးမရာ မလိုက်၊ ကာမဂုဏ် မုန်အိုက်၍၊ သုစရိုက် ဆယ်ပါးကို၊ ပွားများအောင် မကြံ၊ ဒုစရိုက်မကောင်းမှုကံနှင့်၊

ဆက်ဆံပျော်ပါးလျက်၊ တရားမဲ့နေကြလျှင်၊ ခုဘဝ မျက်မှောက်လည်း၊ အခြောက်တိုက် လူဆင်းရဲ၊ အမွဲ တကာ့တက်ခေါင်ကြီး၊ အပြီးကေန်၊ အထီးကျန်၍၊ နာလံမထနိုင်ရှိရာသည်၊ သံသရာ၌လည်း၊ ချမ်းသာ နှင့်ရန်ဘက်၊ဖိုလ်မဂ်နှင့်သမသတ်၊ ဘုံနိဗ္ဗာန်ပြည့်မြတ် နှင့်၊ထောင့်ဖြတ် ဒီလာ၊တက်တက်စင် ကွာကြမည်၊ ပညာဖြင့် ထောက်မြော်၍၊ တရားတော်ရာဇသံကို၊ ဂရုတံ မပျက်အောင်၊ ကျမ်းထွက်တိုင်း ဆောက်တည် ကြရမည်၊

ကျေးဇူးတော်ရှင်၊ ထိပ်ခေါင်တင် ဘုရားက၊ သတ္တဝါအများကို၊ သနားတော်မူလှ၍၊ ဝဋ်ဒုက္ခ ပင်လယ်မှ၊ ဒေသနာ ကြိုးသွယ်ဖြင့်၊ တင်တယ်တော် မူသည်ကို၊ လူမလိမ္မာ၊ သတ္တဝါတို့က၊ ကြီးစွာသော ကျေးဇူးတော်ကို၊ မမြော်မတွက်၊ သည်းချေပျက် ယောက်ျား၊သူရှူးအားကို၊သမားဆရာ၊ မေတ္တာဒဝေ၊ သနားလှသောကြောင့်၊ သပ္ပါယ ဆေးဝါးဖြင့်၊ ကုစား၍ မထောင်းတာလျှင်၊ သူနာပျက်ချော်သည်၊ ဆရာကို ကလော်၍၊ တောင်ကျော် ချသကဲ့သို့၊ သက ဒတ္တ၊ ကိုယ်ကောင်းဖို့ပြုသည်ကို၊ မဆမမြော်၊ ကျေးဇူးတော်အနေကန်ကို၊ ကာပြန်၍ကော်ကြလျှင်၊ လေးဖော်သော ဒုဂ္ဂတိဝဋ်၊ ကဒါစိရံခါမျှ၊ ကောင်း ရာသို့မကျ၊ ကမ္ဘာပေါင်းအနန္တ၌၊ ဘဝ၏သစ်ငုတ်၊ ဆင်းရဲမျိုး မပြုတ် နိုင်သော၊ ဒုက္ခ ကောင်ကြီး ဖြစ်ချိမ့်မည်။

သုံးလူ့ထွက်ထား၊ မြတ်ဘုရားကို၊ အားနာသင့် သည်လည်းတစ်ကြောင်း၊ ဝပ်ညောင်းတုပ်ပျပ်၊ ရှိသေ အပ်သည်လည်းတစ်ပါး၊ ကိုယ့်စီးပွား ဖြစ်သည်လည်း တစ်ခု၊ အမှုမှု ကို၊ ထောက် ရှု တိုင်း ထွာ ၍ ဒါယ ကာ- ဒါ ယိ ကာ မ အ ပေါင်း၊ သူတော် ကောင်းတို့သည်၊ ဝဋ်ကင်းကြောင်း နှလုံးထားနှင့်၊ တရား လာ တိုင်း၊ မ ဆိုင်း မ ဆုတ်၊ အား ထုတ် ဆောက်တည် ကြရမည်၊

**အကြောင်းအရာပြ ဝတ္ထုသာဓက**

**မာနုဿိကာ စ သမ္ပတ္တိ၊**
**ဒေဝလောကေ စ ယာ ရတိ။**
**သာ စ နိဗ္ဗာန သမ္ပတ္တိ၊**
**သဗ္ဗမေတေန လဗ္ဘတိ၊**

ဟူသော ဝှင်းနိပါတ်ဂါထာ၌ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ကုသိုလ် ပြုခြင်းကြောင့် ရ၏ဟု ပြအပ်သည်နှင့် လျော်စွာ ဒါနကုသိုလ်၊ သီလ ကုသိုလ်တို့ကို ပြုသောကြောင့် သုခသမ္ပတ္တိ အကျိုး ထူးကို ရဖူးကြောင်း သက်သေကား-

သီဟိုဠ်ကျွန်း အနုရာဓပြည်တွင် ဥတ္တရဧဦယ ရေကန်၏အနီးနွားကျောင်းရွာ၌နေသောဆင်းရဲ ညစ် နွမ်းလှသော နွားကျောင်းသား တစ်ယောက်သည် နံနက် စောစောက ယာဂုရည် အနည်းငယ် မျှကို သောက်၍ နေ့အလို့ငှာ ပိန်းဥတစ်ခုကို ယူ၍ နွား ကျောင်းသွားလေသော် ခရီးအကြား၌ ဆွမ်းခံရဟန်း တစ်ပါးကိုတွေ့လျှင် ကြည်ညိုလှသည်ဖြစ်၍ မိမိစား ရန် ပိန်းဥတစ်ခုကို ရဟန်းအား လှူ၏၊ ထိုရဟန်း လည်း နွားကျောင်းသား၏ ညစ်နွမ်း ပင်ပန်းခြင်းကို မြင်သဖြင့် သနားလှစွာ၍ ထိုခဏ၌ ရဟန္တာဖြစ် အောင် ကျင့်ပြီးမှ ပိန်းဥကိုဘုဉ်းပေး၏၊ နွားကျောင်း သားလည်း အသက်အတိုင်းနေ၍ သေလေလျှင် ထိုရွာ ၌ပင် ပဋိသန္ဓေနေလေ၏။

ထိုပဋိသန္ဓေနေသည့်နေ့၌ ထိုနွားကျောင်းသား၏ ပိန်းဥလှူသော ကုသိုလ်ကြောင့် ဥတ္တရဧဦယရေကန်၏ အလယ်၌ ရွှေအိုးကြီးတစ်လုံးလည်း ဝဲလှည့်လည်၍ ပေါ်လာ၏၊ တစ်ရွာလုံးမြင်၍ အုတ်အုတ်ကျက်ကျက် ရှု ကြည့် ၍ ဆယ် ယူ ကြ သော် လည်း မ ရ နိုင်၊ တစ်ယောက်သော မိန်းမသည် လောဘတိုက်တွန်း၍ ကြိုးပမ်းလုံ့လ အရယူလေသော် ရွှေအိုးကို ရမည် ထားဘိ မိမိဝတ်ဆင်သော လက်စွပ်၊ လက်ကောက်၊ ထဘီ၊ အင်္ကျီတို့သည် အကုန်ကျွတ်၍ ရွှေအိုးထဲသို့ ဝင်လေသဖြင့် ထိုမိန်းမလည်း အချည်းနှီး ပြန်ရ လေ၏။

နောက်မှ နွားကျောင်းသား၏ အမိသည် ငါ၏ ကောင်းမှုကြောင့် ပေါ်သော ရွှေအိုးဖြစ်မူ ငါ့ထံ လာစေ-ဟု ဓိဋ္ဌာန်လျှင် ရွှေအိုးသည် ဝေးရာသို့ ခွာ၍ သွားလေ၏၊ "ထိုမိန်းမသည် ဤသို့ဓိဋ္ဌာန်ပြုပြန်၏၊ ငါ၏ဝမ်း၌ ကိန်းအောင်းသော သူငယ်၏ ကုသိုလ် ကြောင့် ပေါ်သော ရွှေအိုးဖြစ်လျှင် ငါ့ထံသို့ လာ ပါစေ" ဆိုသည်တွင်မှ ရွှေအိုးသည် မြင်းစိုင်းသကဲ့သို့ လျင်မြန်စွာ ပြေးလာ၍ ထိုမိန်းမခြေရင်း၌ တည် လေ၏၊

ထိုမိန်းမလည်း ရွှေအိုးကိုယူ၍ အိမ်သို့ရောက်လျှင် ထိုရွှေအိုး၌ ရှိသော ရတနာတို့ကို သူဘစ်ပါးတို့ကိစ္စ အလို့ငှာ ယူလျှင် မရနိုင်။ ဝမ်းတွင်းက သူငယ်၏ကိစ္စ အလို့ငှာ ယူလျှင် ယူတိုင်းယူတိုင်း မကုန်နိုင်အောင် ရ၏၊ မင်း၊ ခိုးသူအစရှိသော ရန်သူတို့သည်လည်း မယူ၊ မနှိပ်စက်နိုင်ကုန်၊ ထိုသူငယ် ဖွားသည့်နေ့က စ၍ အသက်အတိုင်းနေ၍ သေသည် တိုင်အောင် အထူးထူးသော ရွှေ၊ ငွေ၊ ကျောက်သံ၊ ရတနာ၊ ဥစ္စာ၊ စပါး၊ အဝတ်ပုဆိုးတို့သည် ထိုရွှေအိုးထဲမှ ထွက်၍ထွက်၍ အလိုရှိတိုင်းသုံးဆောင်ရ၏၊ အထူးသဖြင့်လည်း ကုသိုလ်ကောင်းမှုကို ပြု၍ အသက်၏ အဆုံး၌ နတ်ပြည်သို့ ရောက်၍ ကြီးမြတ်စွာသော နတ်၏ စည်းစိမ်ချမ်းသာကိုလည်း စံစားရပြန်ခလ၏။

## နိဂုံးချုပ် ဥယျောဇဉ်

ဤသို့ မဇ္ဈိမ ရသဝါဟိနီ ကျမ်း၌ လာသော ဂေါပါလ ဝတ္ထုထွက်ကို ကောဂ္ဂတာကျကျ၊ ယူဆ ယုံစား၊ အခထောက်ထား၍၊ ဆယ်ပါးသောဒုစရိုက်ကို၊ ကိုယ်၌ဝေးစွာ၊မယှဉ်လာအောင်၊ ပယ်ခွာတွန်းလှန်၍၊ နိဗ္ဗာန်၏အခြေဖြစ်သော ဒါန-သီလ-ဘာဝနာတို့ကို၊ သဒ္ဓါနှင့်တကွ၊ အားထုတ်ရလျှင်၊ ဂေါပါလရွှေအိုး ကဲ့သို့၊ ကောင်းကျိုးရမည်အမှန်၊ နိဗ္ဗာန်မှာအဆုံးဟု၊ နှလုံးကိုအသင့်ထား၍၊ ကြိုးစား အားထုတ်ကြရမည် ဒါယကာ-ဒါယိကာမအပေါင်း သူတော်ကောင်းတို့၊

# ဘုရားအလောင်းဗြဟ္မဒတ်မင်း

သမ္ဗုဒ္ဓမြတ်စွာဘုရားသည်၊ စားရဖို့က၊ တချို့ တစ်ဝက်၊ နှစ်သက် ဖြန့်ဖြူး၊ လှူ ဖူး သည် မ ရှိ၊ မိမိတို့ ဝမ်း ကို သာ၊ မဂ် လမ်း-ဖိုလ် လမ်း တွင် ၍၊ မဝင်-ဝင်အောင်၊ အတွင်ကရ၊ သွတ်ကုန်ကြသော၊ မစ္ဆေရပိတ်ဆီး၊ အစားကြီးတို့အား၊ ဉာဏ်မီးထွန်းပ၊ အလင်းပြ၍၊ ဒါန၏အကျိုးကိုမြင်သဖြင့်၊ လှူချင်ကြပါစေ၊ ကောင်းကျိုးလိုလား၊ လှူသောအားဖြင့်၊ သုံးပါးချမ်းသာ၊ မြတ်လှစွာကို၊ လွယ်ကာဆွတ်ခူး၊ ရကြစေဟု၊ ဝေနေယျအစုကို၊ ကရုဏာပြဋ္ဌာန်းလျက်၊ လှူဒါန်းခြင်း၏ အကျိုးဆက်ကို၊ ပြဲ့ပြဲ့ထင်ရှား၊ ငါဘုရားကဲ့သို့၊ ဤသူများသိကြဘိမူ၊ မလှူရသေးသောပစ္စည်းကို၊ အနည်းအားမျှ၊ မစားမသုံးမိလေရာ၊ လက်ဦးလက်ဖျား၊ လှူဖို့ထားရမှ၊ သုံးစားဖြစ်နိုင်လေရာသည်။

ဒါနဝိပါက်၊ အကျိုးဆက်ကို၊ သက်သက်မသိ၊ လူ့တိတ္ထိ တို့သာ၊ မိမိတို့ဝမ်းရေးကို၊ အလေးပြုကုန်လေရာသည်၊ နည်းစွာဘ်ခြင်း၊ တဟင်းချိုခန့်၊ တစ်လုပ်ခန့်ကိုပင်၊ စင်သန့်စေတနာ၊ လှူဒါန်းရာ၌၊ ကြီးစွာလောက်လုံ၊ ကောင်းကျိုးပုံနှင့်၊ ပြည့်စုံသည်သာ ဖြစ်သတည်းဟု၊ နည်းနိဿယ၊ ပေးပြတော်မူခြင်းငှာ၊ ဣတိဝုတ္တက ပါဠိတော်၌-

ဝေဠေ ဘိက္ခဝေ သတ္တာ ဇာနေယျုံ ဒါန
သံဝိဘာဂဿ ဝိပါကံ ယထာဟံ ဇာနာမိ၊
န အဒတွာ ဘုဉ္ဇေယျုံ၊ န စ နေသံ မစ္ဆေရ
မလံ စိတ္တံ ပရိယာဒါယ တိဋ္ဌေယျ၊ ယောပိ
နေသံ အဿ စရိမော အာလောပေါ စရိမံ
ကဗဠံ၊တတောပိ နအသံဝိဘဇိတွာ ဘုဉ္ဇေယျုံ။

အစရှိသည်ဖြင့် ဟောတော်မူသည်။

ဤဒေသနာတော်နှင့် လျော်ညီစွာဒါနဆောက်ဦး၊ အနည်း မျှ လှူလျက်နှင့်၊ ကြီးထူကြွယ်ဝ၊ စည်းစိမ်ထက် စံရဖူးကြောင်း၊ ရှေးတုံးဟောင်းကိုငယ်ငေါင်းသေးနှုံ၊ သမ်မွေ့သည်ဝတ္ထု၌၊ စက္ခုပသာဒ၊ သာမညနှင့်၊ အာရမ္မဏပစ္စယ်၊ ဆက်ဆံမတတ်၊ မမြင်အပ်သည်ကို၊ အချုပ်တစ်ရာ၊ သေချာချိတ်ဆက်၊ ကုံးမျက်နဝရတ်၊ ဇီခတ်လျှမောင်း၊ ရွှေမှန်ပြောင်းဖြင့်၊ ချက်ကောင်းတည့်တည့်၊ ချိန်၍ကြည့်သကဲ့သို့၊ ဤသည့်ပရိသတ်၊ သူမြတ်တို့အား၊ သိထင်ရှားအောင်၊ တရားမှန်ပြောင်း ချိန်လတ္တံ့။

**အကြောင်းအရာပြ ဝတ္ထုသာရက**

အတိတ်အခါ၊ ဗာရာဏသီ၊ ပြည်ကြီးအရှင်၊ ဘုရင်ဗြဟ္မဒတ်၊ အလောင်းတော်မင်းမြတ်သည်၊ အထွတ်

ကြင့်နှင်း၊ ရွှေတောင်နန်းကို၊ သိမ်းမြန်းစိုးတော်မူသတည်း၊ မုဒ္ဒါဘိသေက၊ ဥကာသ် မင်္ဂလာ၊ ဖွင့်စဉ်ခါဝယ်၊ တစ်ရာထီးဆောင်း၊ တပ်ပေါင်းမြို့စား၊ စော်ဘွားစော်ကဲ၊ ကာလန်သံပျင်၊ များဖြင်ရွှေညီ၊ မဟေသီခေါင်၊ ညာတောင်နန်းမ၊ အတုလဒေဝီ အမွှေးရှိသော၊ ဒေဝစ္ဆရာ၊ ဆင်းဝါတမျှ၊ မောင်းမအပေါင်း၊ တစ်သောင်းခြောက်ထောင်၊ မြားမြောင်ပရိသတ်၊ ဝန်းပတ်ယာဝဲ ဥကင်ပွဲ၌၊ လွန်ကဲလှစွာသော ကိုယ်တော်မြတ်၏ စည်းစိမ်ဗိမာန်ကို၊ အဖန်ဖန်ကြည့်ရှု၍-

ယခု ငါ၏ချမ်းသာကို၊ ဘယ်ကာလအတိတ်က၊ ကုသိုလ်ဟိတ် ကျေးဇူးကြောင့်၊ အထူးဝိသေသ၊ စံစားရလေဘိဟု၊ ဇာတိသရ ဉာဏ်ဖြင့်၊ ပြန်၍ကြည့်သည်တွင်၊ အနန္တရ၊ နောင်ဘဝက၊ ဤဌာနဤပြည်တွင်၊ အသည်ဆင်းရဲသား၊ လူခစား ဒုက္ခိတ၊ ဖြစ်ခဲ့ရ၍၊ သူတစ်ပါးအမှုကို၊ ပြုလုပ်မည်သွားရာ၊ စားရန်ဖို့ပါလာသော၊ မုယော ထမင်းကြမ်း ကို၊ ဆွမ်း၏အဖြစ်ဖြင့်၊ ပစ္စေကဗုဒ္ဓါ လေးပါးတို့အား၊ ကိုယ်မစားဘဲ၊ ဝမ်း ထဲ ကြည် နူး၊ လှူခဲ့ဖူးသောကြောင့်၊ ထူးမြတ်သော ဤသုခကို၊ ငါရသည် တကားဟု၊ ပိုင်းခြား၍သိလေလျှင်၊ ပီတိငြိမ့်ငြိမ့်၊ တစ်ကိုယ်လုံးစိမ့်လျက်၊ နှစ်သိမ့်ကြည်လင်၊ နှလုံးတော်ရွှင်လှ၍၊ ရွှေခြသေ့ခံ၊ ပလ္လင်ပျံ့မှာ၊ စံတော်မူရင်း၊ နှုတ်သံညင်းနှင့်၊ သီချင်း ဤသို့ သီလေသည်၊ သီချင်းသာယာ၊ ပါဠိဂါထာကား-

၁။ န ကိရတ္ထိအနောမဒဿိသု၊
ပါရိစရိယာ ဗုဒ္ဓေသု၊
အပ္ပကာ သုက္ခာယ အလောဏိကာယစ၊
ပဿ ဖလံ ကုမာသပိဏ္ဍာယ၊ ။

၂။ ဟတ္ထိ ဂဝဿာ စိမေ ဗဟူ၊
ဓန ဓညံ ပထဝီ စ၊
ကေဝလာ နာရိယော စိမာ အစ္ဆရူပမာ၊
ပဿ ဖလံ ကုမာသပိဏ္ဍာယ၊ ။

ဟူသတည်း။

ဤသီချင်းဂါထာ၊ မာဂဓဘာသာကို၊ ခု ငါတို့ အလို မြန်မာသံဆိုသော်ကား-

၁။ ဗြဟ္မဒတ္တ၊ မင်း။ အနောမဒဿီသု၊ ကုန်သော၊ ဗုဒ္ဓေသု၊ တို့၌။ ပါရိစရိယာ၊ အရိုအသေပြုခြင်း၊ လှူဒါန်းခြင်းသည်၊ အပ္ပကာ၊ သည်၊ နအတ္ထိကိရ၊ တတ်၊ သုက္ခာယ၊ ခြောက်ထပ်စွာသော၊ အလောဏိကာယ၊ ဆားမျှ မရှိထသော၊ ကုမာသပိဏ္ဍာယ၊ မုယောထမင်းခဲ လှူရခြင်း၏၊ ဖလံ၊ ကို၊ ပဿ၊ သင်ရှုစမ်းပါလေ၊

၂။ ဗဟူ၊ ကုန်သော၊ ဣမေ ဟတ္ထိ ဂဝဿာစ၊ တို့ ကို လည်း ကောင်း၊ ဓနဓညံ၊ ရွှေ- ငွေ- ဥစ္စာစပါးမျိုး ခုနစ်ပါးကို လည်းကောင်း၊ ကေဝလာ၊ သော၊ ပထဝီစ၊ တို့ကို လည်းကောင်း၊ အစ္ဆရူပမာ၊ ကုန်သော၊ ဣမာ နာရိယောစ၊ တို့ကို လည်းကောင်း၊ ပဿ၊ သင် ရှုစမ်းပါလေ၊ ဣဒံ၊ ဤအလုံးစုံသော စည်းစိမ်ချမ်းသာသည်၊ ကုမာသပိဏ္ဍာယ၊ မုယော ထမင်းကြမ်းခဲကို လှူရခြင်း၏၊ ဖလံ၊ တည်း။

ဤသီချင်းသည်၊ မင် ကရာဇ်၊ နှုတ် တော် က ဖြစ်သောကြောင့်၊ စင်စစ်သက်သက်၊ အနက်ဝေခွဲ၊ မသိဘဲနှင့်ပင်၊ နန်းထဲနန်းပြင်၊ ပြည် တွင် နေ လူ၊ လူမြင်ကရ၊ သီကြဆိုကြ၊ ပြည်မအလုံး၊ ပတ်ကုံးနှံ့ပြား၊ ကာလလျားလတ်သော်၊ မိဖုရားကြီးသည်၊ အငြိုးဖြေလို၊ သီချင်း ဆိုဆဲတွင်၊ ထိုသီချင်း၏၊ ဖျားရင်း၊ အလယ်၊ အဓိပ္ပာယ်ခဲကတ်၊ အတ္ထုပ္ပတ်ကို၊ ဗြဟ္မဒတ် မင်းကြီးထံ၊ တင်လျှောက်မည် ကြံသော်လည်း၊ ဘုန်းကံသခင်၊ ရွှေနန်းရှင်ကို၊ မတင်ဝံ့သောကြောင့်၊ ဆိုင်းငံ့နေရလေသတည်း။

အခါတစ်ပါး၊ မိဖုရားကို၊ သနားကြည်ဖြူ၊ သဒ္ဓါတော်မူသောကြောင့်၊ ယူလိုရာဆု၊ တစ် ခု ခု ကို၊ နန်းသူ့မှန်ကူ၊ တင်လျှောက်၍ ယူလေ့ဟု၊ ပုံ့ကြူရွှေနှုတ်၊ အမိန့်တော် ထုတ်သည်တွင်၊ ဥစ္စာစည်းစိမ်၊ ရွှေအိမ်ညီးညီး၊ ရိပ်ထီးဖြူလွှ၊ ညာနန်းမကို၊ ပိုင်သစိုးခြုံ၊ ဘုန်းတော်ရိပ်လှုံရ၍၊ ပြည့်စုံဆန္ဒ၊ ကျွန်တော်မအား၊ ကြွယ်ဝလောက်လုံလှပါပြီ၊ ယခုန်တစ်ခါ၊ ဥ ကင် တော် ဖွင့် ရာ တွင်၊ ဂါထာ ကြွေးကြော်၊ ဘုန်းဘုရာ့ သီချင်းတော်ဝယ်၊ အာဘော်ဆန်းကြယ်၊ အဓိပ္ပာယ်အမြွက်၊ ဆုတော်နက်ကိုသာ၊ ပြက်ပြက်ထင်ရှား၊ သိမှတ်သားရအောင်၊ သနားတော်မြတ်

ခံလိုပါကြောင်းကို တင်လျှင်၊ ပြည်ထဲရှင် မင်းကြီးလည်း၊ အတီးရှေးက၊ သူဆင်းရဲဘဝကို၊ ပြောရမည်အချက်၊ အလွန်ရှက်သောကြောင့်၊ မျက်နှာတော်မသာ၊ တအောင့်လောက်ကြာခါမှ၊ ဘဇာအခင်းကြောင့်၊ သီချင်း၏ အရကို၊ ခင်မ-သီချင်ဘီသနည်း၊ တခြားပတ္တူ၊ ကောင်းမြတ်သည့် ဆုကိုသာ၊ ကြည့်ရှုရွေးချယ်၍၊ အဘယ် ယူ တော် မူ တော့ လော့ ဟု ပယ်တော်မူ၏။

မိဖုရားလည်း၊ တစ်ပါးဆုကို မနှစ်သက်၊ အထက်တင် ဟောင်း၊ သီချင်း ၏ အကြောင်း ကို သာ၊ ထပ်လောင်း၍ တင်ပြန်လေရာတွင်၊ ဇမ္ဗူထွတ်ထား၊ မင်းတရားလည်း၊မုသားနှင့်အရှက်၊သည်နှစ်ချက်တွင်၊ အရှက်ကိုမထောက်၊မုသားကိုကြောက်သောကြောင့်၊ တောင်- မြောက် ဖဲခွာ၊ မလွှဲသာလှ၍၊ မင်္ဂလာသီ ချင်း ၏၊ လို ရင်း ပါဌ် ဟော၊ အ ဓိ ပ္ပာယ် သဘောကို၊ ပြောတော့မည်ဝန်ခံရလေ၏၊ ထိုနောက်တစ်ရံ၊ အကြံတော် ဖြစ်ပြန်လေသည်ကား၊ ဤသီချင်း၏၊ ဖြစ်ရင်းပဝေဏီ၊ ရှေးတန္တီကို၊ ဤမိဖုရား၊ တစ်ယောက်တည်းကြားသော်ထက်၊ အများသတ္တဝါ၊ လူဗိုလ်ပါတို့အား၊ ခြင်းရာဖော်ပြ၊ ကြားစေရသော်၊ ဒါန၏အကျိုး၊ တန်ခိုးထင်ပြ၊ ဤသို့တဲ့ဟု၊ ပြည်ထဲ အလုံး၊ ပတ်ကုံး ဝမ်းမြောက်၊ လှူလမ်းပေါက်၍၊ နတ်ခြောက်ပြည်ခရီးနှင့်၊ နီးလွယ်ကြပါစေသောဟု၊ သဘောတော်ထားပြီးလျှင်၊ မိဖုရားကိုခေါ်၍၊ အမိန့်တော် ဤသို့ရှိ၏၊

"အဘယ် မိဖုရား၊ ယနေ့ကကို၊ ကာလခန့်တွက်၊ ခုနစ်ရက်တိုင်ရောက်လျှင်၊ သင် လျှောက် သော ဆု သီချင်းကို၊ အလင်းဖော်၍၊ ငါဖြေတော်မူတော့မည်၊ မြေနန်းမင်္ဂလာ၊ မျက်နှာစာတွင်၊ ရတနာရောင်လျှပ်၊ ကနားတော်မဏ္ဍပ်ကို၊ တင့်အပ်စွာ ဆောက်လုပ်စေ၊ ဗိုလ်ခြေကြီးကျယ်၊ ပရိသတ်အလယ်၌၊ တင့်တယ်ကျက်သရေ၊ စမှယ်နေ၍၊ ရှိသေစွာ နာခံလော"ဟု မိန့်တော်မူပြီးသော်၊ ခုနစ်ရက်မြောက်၌၊ ပြည်ကြီးဗာရာ၊ နန်းသိင်္ဂါကို၊ ဝတီ'သာမည်၊ အယုဇ္ဈပြည်ကဲ့သို့၊ ပတ်လည်ဝန်းကျင်၊ တန်းဆာဆင်၍၊ မျက်ရှင်ရောင်ချိပ်၊ မဏ္ဍပ်ရိပ်ဝယ်၊ ရန်နှိပ်ဝိဇယ၊ သီဟပဥ္စရုံ၊ ပလ္လင်ပျံထက်၊ သဟံပတိ၊ ဘုန်းရှိဗြဟ္မာ၊ သက်ဆင်းလာသကဲ့သို့၊ရာဇိဒ္ဓိ မျိုး၊ တန်ခိုးကြီးကျယ်၊ အံ့ညြဖွယ်ဖြင့်၊ ထက်ဝယ်စံနေတော်မူပြီးလျှင်၊ သီ ချင်းတော်မြတ်၊ ဂါထာပါဌ်ကို၊ဆုံးဖြတ်ပိုင်းခြား၊ မိဖုရားအား၊ ဖြေကြားတော်မူလို၍-

> ဣမသ္မိံ ယော နဂရေ၊
> ကုလေ အဟု အညတရေ။
> ပရကမ္မ ကရော အာသိ၊
> ဘတကော သီလ သံဝုတော၊ ။

အစရှိသော လေးဂါထာကို ရွတ်၏။

အ ဓိ ပ္ပာယ် ကား - ဟော မ ဝ ါ တော၊ မြိုင်သာမောဝယ်၊ ညှာကြောသွယ်ကျွန်း မာလာနွယ်ညွန့်ကဲ့သို့၊ လူ့အဝှန်း စကြာတွင်၊ ရှုစချင်ဖွယ်၊ ယဉ်နွဲ့နယ်လှသော အဘယ်မိဖုရား၊ ငါရှေ့မှောက် သည့်၊ နောက်အနန္တရ၊ တစ်ဘဝက၊ ဗာရာဏသေ ဤပြည်တော်တွင်၊ လူဖော်မသွင်း၊ ဆင်း ရဲ ခေါင်း ပါး၊ သူ ခ စား အ စစ်၊ ဖြစ် ဖူး သော အ ခါ၊ အမှုလုပ်သွားရာသို့၊ နံနက်စာဆောင်ခဲ့သော၊ မာခခေါင်ကြမ်းတော၊ မုခဿထမင်း၊ အေး ဘိ ခြင်း တွင်၊ ဟင်းကိုထားဘိ၊ ဆားငန်ရုံမျှ၊ မခတ်ရဘဲ၊ ဝမ်းဝလျှင်ပြီးစေ၊ စားတော့မည် နေခိုက်ကို၊ ပစ္စေကသခင်၊ အရှင်လေးပါး၊ ကြွ လာ ခိုက် ငြား သ ဖြင့်၊ ဘုရားဘုန်းလှူ၊ ရှင်လေးဆူတို့ကို၊ ဆွမ်းလှူခံ ပင့်ခေါ်၍၊ မြေပေါ်သက်သက်၊သဲချက်ချက်တွင်၊ သစ်ရွက်ခင်းနှီး၊ နေစေပြီးသော်၊ စားခါနီးထမင်းခဲကို၊ စိတ်ခွဲဝေစု၊ လေး ပုံ ပြု လျက်၊ တစ် စု စီ ဝက်၊ ရှင် တို့ လက် သို့၊ ဆက်ကပ်ရှင်လန်း၊ ရေစက်သွန်း၍၊ လှူဒါန်းကုသိုလ် ပြုဖူးသည်။

ဤမျှဝတ္ထု၊ အနည်းငယ် ကောင်းမှုကြောင့်၊ ယခုမျက်မြင်၊ ဇမ္ဗူခွင်ဝယ်၊ ဘုရင်ကောရာဇ်၊ မင်းဆုံးဖြစ်၍၊ တက်သစ် နေရောင်၊ နန်းရွှေ တောင်ထက်၊ သာခေါင်ရိပ်ငြိမ်၊ ရန်လုံးနှိမ်လျက်၊ စည်းစိမ်ငါစံရပေသည်၊ ယင်းသို့ဖြစ်၍၊ ကောရာဇ်မြောက်စဉ်၊ ငါဖြစ်အင်ကို၊ သင်မိဘုရားနှင့်တကွ၊ များလှဗိုလ်လူ၊ ရွှေပြည်သူတို့လည်း၊ပုံတူပမာဏ၊ စံယူကြသဖြင့် ဒါနသီလကို၊ ဉဿာဟပြုကုန်လော့ဟု၊ ဥယျောဇဉ်အမိန့်တော်ဖြင့်၊ ထုတ်ဖော်ခင်းကျင်း၍၊ အလင်းပြတော်မူ၏ ဟူလိုသည်။

ဤအမိန့်တော်ကြားလျှင်၊ မိဖုရား ညာနန်းစံနှင့်၊ ခြွေရံသောင်းသောင်း၊ ပရိသတ် အပေါင်း တို့သည်၊ ကောင်းချီးပြု၍၊ သာဓုခေါ်ကြကုန်သတည်း။ မဟာဝေဒိသတ်၊ ထိုမင်းမြတ်လည်း၊ ညာနတ်ဒေဝီ မဲဒေဝီ၏၊ ကြန်ညီအင်စုံ၊ နိတုံကမ္ဗု၊ ရွှေရုပ်ထုကဲ့သို့၊ ရှုမငြီးဖွယ်၊ တင့်တယ်သည့်အနေ၊ ကျက်သရေ ဂုဏ်သိမ်၊ စည်းစိမ်သမ္ပတ်၊ လွန်ကြီးမြတ်သည်ကို၊ မပြတ်ခုခု၊ စိန်းစိန်းရှု၍၊ နန်းသူ့ထွတ်ထား၊ မိဖုရား၏၊ နည်းများမဆို၊ ရှေးကုသိုလ်ကို၊ ဤပိုလ်ထုအလယ်တွင်၊ အကျယ်ပိုင်းခြား၍၊ ငါ့အား သံတော်ဦးတင်လော့ဟု မိန့်တော်မူ၏၊ ဇာတိသရ၊ ဉာဏ်ကိုရသော၊ နန်းမကျက်သရေ၊ ညာမဟေလည်း၊ လွန်လေ ရှေးဟောင်း၊ ကိုယ်အကြောင်းကို၊ ပိုလ်ပေါင်းလယ်တွင်၊ အကျယ်ဖွင့်ဆို၊ ပြန်တုံ့လို၍၊ "အမ္ဗတ္ထ ကုလဿ ခတ္တိယ" အစရှိသော နှစ်ဂါထာကို ရွတ်၏။

အဓိပ္ပါယ်ကား- သပြေပတ်ကုံး၊ ဇမ္ဗူလုံးဝယ်၊ ညာရုံးတန်းဆန့်၊ ရန်မျိုးလန့်သော၊ ရွှေနန့်သခင်-ထိပ်ခေါင်တင်၊ အကျွန်ုပ်လည်း၊ ပုဗ္ဗခန္ဓာ၊ ရှေးဖြစ်ခါ၌၊ သာဝတ္ထိ သူဌေး၏၊ ကျေးဇူးနှင့် ဆက်ဆံသော၊ အစေခံကျွန်မ၊ ဖြစ်ဖူးရပါသည်၊ ထိုကာလခေတ်၊ ကျွန်ဖြစ်စဉ်အခါ၊ တစ်ယောက်စာမျှ၊ ကိုယ်စုရသော အအေးမြရှန့်ရင်း၊ ပြောင်းထမင်းကို၊ ဝမ်းတွင်းပူဆာ၊ စားတော့မည်ရှိရာတွင်၊ **ဒိဏ္ဍာသဝ၊ ပစ္စေကဘုရား၊ တစ်ဆူအား**ကို၊ မျက်ဝါးထင်ထင်၊ မြင်လျှင်မြင်ချင်း၊ ပူပင်သည့်ဝမ်းရေးကို၊ အလေးမကြုံ၊ ကိုယ်အငတ်ခံ ပြီးလျှင်၊ စိတ်သန်ကြည်ဖြူ၊ ဆွမ်းပြု၍လှူခဲ့သော၊ သူဆင်းရဲမ၊ ဖြစ်ကာလက၊ ဤမျှခန့်ကုသိုလ်ကြောင့်၊ မောက်မိုကြီးစွာ၊ မိဖုရားချမ်းသာကို၊ ရပါသည် ဘုရားဟု၊ ရွှေနားသစ်တော်မူ၏ ဟူလိုသည်၊ ဤသို့ တောင်နန်းမသခင်၊ သံတော်ဦးတင်ရာတွင်၊ **အရှင်ကောရာဇ်မင်းမြတ်နှင့်** တကွ၊ ညွတ်ခရံပတ်၊ ပရိသတ် အပေါင်းတို့သည်၊ ကောင်းချီးပြု၍၊ သာဓုခေါ်ကြကုန်သတည်း။

## နိဂုံးချုပ် ဥယျောဇဉ်

ဤ သို့ လျှင် ဘုရား အလောင်း ပြဟ္မဒတ်မင်း၊ ယသော်ဓရာ အလောင်း မိဖုရား၊ ထိုနှစ်ပါး တို့၏၊ တရားကြည်ယုံ၊ လှူဒါန်းပုံကို၊ အာရုံအာရမ္မဏ်ကာ၊ ပြုကုန်ကြ၍၊ အမရရွှေပြည်သူ၊ ယခုလူ တို့သည်၊ မြူကိလေ၊ မစွေရကို၊ ခွာချခုတ်ခြွေ၊ မယှဉ်စေ ဘဲ၊ မြေ ကောင်း လက္ခ ဏာ၊ တဏှာမဆံ၊ အလှူခံတို့အား၊ ခေမံသိဝ၊ နိဗ္ဗာနကို၊ တောင့်တ ရည်မှန်း၍၊ လှူဒါန်းပူဇော်ကြရမည်။

# စတုတ္ထဘတ်ကို လှူသော ဥပါသကာ

သဗ္ဗညုသည် ခန္ဓာငါးပါးတည်းဟူသော သတ္တဝါ သင်္ခါရတို့ကို၊ နိစ္စဓုဝ၊ မုချမလွဲ၊ မြဲ၏ဟူသောအယူ၊ မြဲလေသလော၊ မမြဲလေသလောဟု၊ သဘောမကျ၊ နှစ်ခွယောင်ယမ်း၊ စုံစမ်းသောသူ၊ ဤလူသတ္တဝါ၊ မိစ္ဆာမကင်း၊ အလင်းမဖက်၊ မိုက်တွင်းနက်တို့အား၊ ပဥ္စက္ခန္ဓ၊ သင်္ခါရ၏၊ မုချကေန်၊ မမြဲဟန်ကို၊ ရွှေဉာဏ်တော်ရှိန်၊ သူရိန်နေလ၊ မကပြောင်ညီး၊ တန်ဆောင်မီးဖြင့်၊ သီးသီးခြားခြား၊ ယုံမှားသက်ာ၊ မဝင်သာအောင်၊ နေရာကျကျ၊ ညီထွန်း၍ပြခြင်းငှာ၊ ဓမ္မပဒပါဠိ တော်၌-

၁။ အာကာသေဝ ပဒံ နတ္ထိ၊
သမဏော နတ္ထိ ဗာဟိရေ၊
ပပဥ္စာ ဘိရတာ ပဇာ၊
နိပ္ပပဥ္စ တထာဂတာ။ ။

၂။ အာကာသေဝ ပဒံ နတ္ထိ၊
သမဏော နတ္ထိ ဗာဟိရေ၊
သင်္ခါရာ သဿတာ နတ္ထိ၊
နတ္ထိ ဗုဒ္ဓါန မိဉ္ဇိတံ၊ ။

ဟူသော နှစ်ဂါထာကို ဟောတော်မူသတည်း၊ ဤနှစ်ဂါထာ၏အဓိပ္ပာယ်ကား-

ကုသိနာရုံ၊ ရွှေဘုံသင်္ဂါ၊ အောင်ချာမှန်ကင်း၊ မလ္လာမင်းတို့၏၊ အင်းကြင်းဂနိုင်၊ ဥယျာဉ်မြိုင်၌၊ ဦးခိုင်အမရ၊ ပုရဗိမာန်၊ နန်းနိဗ္ဗာန်သို့၊ တက်ဆန် လုနီး၊ပွဲနောက်မြီးဝယ်၊ရှင်ကြီးသုဘဒ္ဒါသည်၊ ပြဿနာ သုံးချက်၊ အမေးထွက်သည်တွင်၊ လျှောင်းစက်ရာ သလွန်ပေါ်က ထတော်မူခြင်းငှာ၊မတတ်နိုင်ရှာလှ၍၊ ဘယ်ညာမပြောင်း၊ ကိုယ်တစောင်းဖြင့်၊ လျှောင်း တော်မူလျက်ပင်၊ ရှင်သုဘဒ်ကြီး၊ ကျွတ်ခါနီးနှင့်၊ ပုံကြီးပရိသတ်၊ လူနတ်တို့အား၊ အကျိုးများစိမ့်ဟု၊ ဟောကြားတော်မူအပ်သော ပစ္ဆိ မဗုဒ္ဓဝစန၊ ဓမ္မ ဒေသနာ၊ဂါထာပါဠိ ပါဌ် တော်ပေတည်း၊ ရှင်ကြီး ပရိဗိုဇ်၊ ဦးခိုက်တောင်းပန်၊ မေးလျှောက်ဟန်ကား-

ဘော သမဏ ကိံ နုခေါ အာကာသေ ပဒံ နာမ အတ္ထိ၊ ဣတော ဗဟိဒ္ဓါ သမဏော နာမ အတ္ထိ၊ သင်္ခါရာ သဿတာ နာမ အတ္ထိ၊

ဟူသတည်း၊ အဓိပ္ပာယ်ကား-

၁။ ငါးမာရ်ပယ်တွန်း၊ ရွှေဘုန်းရောင်ထွန်းလှသော၊ ရဟန်း ဂေါတမ၊ ရုပ်ပရိစ္ဆေဒ၊ အနိလပထေ၊ လေခရီးပြင်၊ မိုးကောင်းကင်၌၊ အကြင်သသူ၊ နတ် လူ ကျေးငှက်၊ ပျံဘက်လူးလာ၊ သွားကြရှာသည်၊ ခြေရာရှိချေ ဦးမည်လော။

၂။ သာသနာမှ၊ပြင်အပ၌၊သမဏပြဒ္ဒာန်း၊မင်္ဂဖိုလ် မှန်းသည်၊ ရဟန်းရှိချေဦးမည်လော၊

၃။ သင်္ဂါရတရား၊ ငါးပါးခန္ဓာ၊ ဤဝေါဟာ သည်၊တည်ရာအမြဲရှိမည်လော-

ဟူ၍မေးလျှောက်သည်တွင်၊ ယခင်နှစ်ဂါထာဖြင့်၊ မြတ်စွာဘုရား ဖြေကြားတော်မူသတည်း၊ အဖြေ နှစ်ဂါထာ၊ ဒေသနာ၏၊ ဆိုင်ရာ အဓိပ္ပာယ်ကား-

၁။ ပရိဗိုဇ်နွယ်ဝင်- သုဘဒ်ရှင်၊ ကောင်းကင် အာကာ၊ အဇ္ဈာ၌၊ ခြေရာမရှိ သင်မှတ်လေ။

၂။ ငါ၏သာသနာ၊ပြင်ပမှာ၌၊ လေးဖြာပြဋ္ဌာန်း၊ မဂ်ဟုမှန်းသည်၊ ရဟန်းမရှိ သင်မှတ်လေ။

၃။ သင်္ဂါရတရား၊ ငါးပါးခန္ဓာ၊ ဤဝေါဟာ သည်၊ တည်ရာချွတ်လွဲ၊ ဖောက်ပြန်လဲသည်၊ အမြဲမရှိ သင်မှတ်လေ။

သင်္ခါရကို၊နိစ္စမချွတ်၊ မြဲ၏မှတ်၍၊ လူနတ်အများ၊ မောဟသားတို့သည်၊ ငါးပါးခန္ဓာ၊ ယုတ်မာပုပ်မှို၊ မိမိကိုယ်၌၊ ကြည်ညိုမက်မော၊ လောဘဇောဖြင့်၊ ငါ့ကောငါ့ကား၊ ဆိုယောင်မှား၍၊ တရားမကျ၊ သံသရာ၌၊ဒုက္ခကြီးစွာရောက်ကြသည်၊ သုံးလူ့ဆရာ၊ ဘုရားငါကား၊ သင်္ခါရကို၊ နိစ္စမမှတ်၊ ဖောက်ပြန် တတ်၏ဟု၊ ဆတ်ဆတ်မြင်မိ၊ ငါကိုယ်တိုင်သိသော ကြောင့်လည်းမသင်္ခါရာ၊ ဤခန္ဓာတို့ကို၊ပယ်ခွာကြောက် ကန်တွန်းခဲ့လှန်၍ နိဗ္ဗာန်လက်ရှိငါပိုင်ပြီ ပရိဗိုဇ်မထီး၊ သင်ရှင်မင်းကြီးလည်း၊ ပိတ်ဆီးထိမ်းတောင်၊ မောဟ မှောင်၌၊ ပြောင်ပြောင်ထွန်းပ၊ ဉာဏ်မီးပြု၍၊ သင်္ခါရ အပေါင်းးမမြဲကြောင်းကို၊ ကောင်းကောင်းမှတ်သား၊ နှလုံး၌ထားသဖြင့်၊ ငါးပါးခန္ဓာ၊ ရွံ့စရာကို၊ ပယ်ခွာ ကြောက်ကန်၊ တွန်းပစ်လှန်၍၊ နိဗ္ဗာန်မျက်မှောက် ပြုလေလော့ ဟူလိုသတည်း။

ဤဒေသနာ၊ ကျမ်းဂန်လာကို၊ သဒ္ဓါယုံကြည်၊ နှလုံး၌တည်ကြ၍၊ ရွှေပြည်တော်သူ၊ လူလူ ရှင်ရှင်၊ မဂ္ဂင်ရှာမှီး၊ သူတော်ကြီးတို့သည်၊ ယီးတီးယားတား၊ တရားမကျ၊ သင်္ခါရကို၊ နိစ္စမြဲပင်၊ အကယ်ကောင်း ထင်ကြ၍၊ပေါ်လွင်မြူစား၊ အားပါးမြောက်မြောက်၊ တစ်ယောက်တလေ၊ ကံထူးထွေ၍၊ ရွှေ-ငွေဥစ္စာ၊အရာ ကြေးမက်၊ဆောင်ရွက်ပုံယင်၊ ကြွယ်ဝ၍မြင်တည့်လျှင်၊ နင်သာလူလော၊ ငါကောပစာ၊ နင့်ထက်သာ သာစိမ့် မည်၊ ငါနှစ်၍တကယ်ကြံလျှင်၊ ခံနိုင်ပါ့ဘိမလားဟု၊ အားပါးကျူကျူ၊ သင်္ခါရ၏၊ အနိစ္စဝလေ့ကို၊ တစ်

နေ့မျှမကြံမိ၊ လောကီ့ ကိစ္စ၊ ဝဋ်ဒုက္ခ၌သာ၊ နေ့ည သက်ဝင်၊ပျော်ပါးရွှင်လျက်၊ မစင်တွင်းသို့၊သက်ဆင်း မိသောဝက်ကဲ့သို့၊ တမက်မောမော၊ ဇောတငင်ငင်၊ ကြံစည်ရင်းပင်၊ သေခြင်းသို့ ရောက် ရ လေ တော့ သည်။

ဤဖြစ်ပုံမျိုး၊ အကျိုးမဲ့ကြီး၊ အချည်းနှီးကို၊ သင်းသီးပယ်ရှား၊ လွတ်ရာ၌ထားပြီးလျှင်၊ ကံအား လျော်စွာ၊ ပြည့်စုံလာသမျှ၊ အရာမင်းပေး၊ ကျွန်ကျေး ဥစ္စာ၊ ဤခန်းဝါ၌၊ တကျာသည်းထန်၊ မလွန်စေရ၊ မျှတလောက်ရုံ၊ ဆူကြံနိမ့်မြင့်၊ အား နှင့် ချင့် ၍၊ သင့်အောင်ခံစားကြရမည်၊ ဤငါ၏ကိုယ်ခန္ဓာသည်၊ သံသရာဝန်ထုပ်၊ စက်ဆုပ်စဖွယ်၊ မကွယ်မကင်း၊ သင်းရှိသမျှ၊ ကာလဆက်တိုက်၊ အမြိုက် နိဗ္ဗာန်၊ ချမ်းသာမွန်နှင့်၊ အင်မတန်ကွာဝေး၍၊ သေဘေး မ ဆုံး နိုင် လေ ရာ ဟု၊ ပ ညာ ဉာဏ် ထပ် လောင်း ၍၊ ကောင်းကောင်းကြီး ကြံမိကြစေကုန်။

ဤသင်္ခါရ၊ ပဉ္စက္ခန္ဓာ၊ ကုန်ငြိမ်းရာကား၊ အခြား မဟုတ်၊ သမုစ္ဆေဒ၊ နိသေသပဟာန်ဖြင့်၊ နိဗ္ဗာန်သို့ ကျကာမှ၊ သင်္ခါရကုန်ငြိမ်းကြပေမည်၊ ထိုနိဗ္ဗာန်သို့၊ လမ်းမှန်ထုတ်ချောက်၊ ရောက်ကြောင်းတရားကား၊ ဒါန၊ သီလ၊ ဘာဝနာပင်တည်းဟု၊ နည်းဥပဒေသ၊ သိကြပြီဖြစ်သည်နှင့်အညီ၊ဤခန္ဓာပုပ်၊ နာမ်နှင့်ရုပ်ကို၊ ပျောက်ချုပ်စေမှု၊ နိဗ္ဗာန်ဆု၌၊ လှူလှူစုံမက်၊ နှုတ်မြွက် ပတ္ထနာ၊ ပန်နက်ပါ၍၊ ဒါန-သီလ-ဘာဝနာတရားကို၊ ကြိုးစားအားထုတ်ကြရမည်၊ထိုနိဗ္ဗာန်ရောက်ကြောင်း၊ လမ်းကောင်းသုံးပါး၊ မြတ်တရားကို၊ ကြိုးစား အားထုတ်ရသော ပုဂ္ဂိုလ်တို့အား၊ အလိုရှိအပ်၊ တောင့်တအပ်သော၊ မဟာပွဲလ၊ ကောင်းကျိုးထူး ရကြောင်းကို၊ နည်းပြတော်မူခြင်းငှာ-

မာနုဿိကာစ သမ္ပတ္တိ၊
ဒေဝလောကေစ ယာ ရတိ။
ယာစ နိဗ္ဗာန သမ္ပတ္တိ၊
သဗ္ဗ မေတေန လဗ္ဘတိ။ ။

ဟူသော တိကနိပါတ် ပါဠိတော်-

ဝါစာနုရက္ခီ မနသာ သုသံဝုတော၊
ကာယေန စ နာကုသလံ န ကယိရာ။

စေတေ တယော ကမ္မပထေ ဝိသောဓယေ၊
အာရာဓယေ မဂ္ဂမိသိပ္ပဝေဒိတံ၊

ဟူသော ဓမ္မပဒပါဠိတော်-

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊
ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ၊
သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ လ၊
သဗ္ဗေ ဓမ္မာ အနတ္တာတိ၊လ၊ ဝိသုဒ္ဓိယာ၊ ၊

ဟူသော ဓမ္မပဒပါဠိတော်တို့ကို၊ ဟောဖော်ညွှန်ပြ၊ ဆုံးမတော်မူသည်၊ ဤဒေသနာတော် သုံးရပ်သည် ဒါန၊ သီလ၊ ဘာဝနာကြောင့်၊ ချမ်းသာ သုံးပါး ရကြောင်းကို ပြသော၊ အာဂမသုတ္တန် ပါဠိတော် တည်း၊

## အကြောင်းအရာပြ ဝတ္ထုသာဓက

ထိုနှင့်လျော်စွာ ဒါန-သီလ-ဘာဝနာ သုံးပါးကို ပြုစုဆည်းပူး၍၊ သုံးဦးသော ချမ်းသာကို ရဖူးသော ဝ တ္ထု သက် သေ တို့ ကား- သာ ဝ တ္ထိ ပြည် ၌ စတုက္ကဘတ်ကို လှူသော တစ်ယောက်သော ဥပါသကာသည် မိမိကိုယ်တိုင် အမြဲ အားထုတ် လိုသည် ဖြစ်၍ မိမိကျွန်မအား အပ်လွှဲ၍ မပြတ်လှူဒါန်း၏၊ ထိုကျွန်မသည် ဒါနဝတ္ထုကို ရှိသေစွာ ပြုပြင်၍ လှူသည်၊ ရဟန်းတို့ထံ ငါးပါးသောသီလ၊ ရှစ်ပါးသော ဥပုသ် တို့ကိုလည်း ခံယူ၍ စောင့်သုံးသည်၊

ကိုယ်ခန္ဓာတည်းဟူသော ဤဝန်ကို ရွက်ဆောင်ရခြင်း၌ စက်ဆုပ် ငြီးငွေ့သည်ဖြစ်၍ ဤခန္ဓာဝန်၏ ကင်းကြောင်း ဖြစ်သော အဘယ်တရားကို ပွားများ လေ့ကျက် ရပါ မည်နည်း ဟု ရဟန်း တို့ အား မေးလျှောက်၍ ရဟန်းတို့ ဟောကြားသော အနိစ္စ၊ ဒုက္ခ၊အနတ္တ လက္ခဏာ ကမ္မဋ္ဌာန်း ကိုလည်း မပြတ် လေ့ကျက်ပွားများသည်၊ ဤသို့ဒါန၊သီလ၊ဘာဝနာ သုံးပါးကို တစ်ဆယ့် ခြောက်နှစ် ပတ်လုံး ကြိုးစား အားထုတ်စဉ် သောတာပတ္တိ ဖိုလ်ကို ရလေသည်၊ သေလွန်သည်ကာလလည်း တာဝတိံသာ နတ်ပြည်၌ သိကြားမင်း၏ မိဖုရား ဖြစ်၍ ကြီးစွာသော နတ်၏ စည်းစိမ်ချမ်းသာကို ရလေသည်၊

## နိဂုံးချုပ်ဥယျောဇဉ်

ဤသို့ ဝိမာနဝတ္ထု ဗုတိယဝဂ်၌လာသော အိမ်ကျွန်မကို၊ ကာယသက္ခိ၊ မျက်စိထင်ထင်၊ ကိုယ်တိုင် မြင်သကဲ့သို့၊ တရားဝင်သက်သေပြု၍၊ ယခုဒါယကာ၊ ဒါယိကာမ အပေါင်းတို့ သည်လည်း ခန္ဓာပဉ္စက၊ သင်္ခါရ၏၊အနိစ္စမဟုတ်၊ ဆုတ်ယုတ်ဖောက်လွဲ၊ ပြိုကွဲ တတ်သောအဖြစ်ကို၊ နှလုံးမပြတ် သွင်း၍၊ ဤခန္ဓာ ပဉ္စက၊ သင်္ခါရ ဝဲဂယက်မှ၊ လွတ်ထွက်ရန် အမှန်၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သော၊ ဒါန၊သီလ၊ ဘာဝနာ သုံးပါးကို၊ ကြိုးစား အားထုတ်ကြရမည်၊

# ကုဒါလ ပဏ္ဍိတ

သဗ္ဗညုသည်၊ ဝဋ္ဋ ကိလေသာ၊ ကာမဂုဏ် လောဘ၊ အာကပိုလ်ကြမ်း၊ ရန်သူသွမ်းကို၊ လွှမ်းမိုးနှိမ်နင်း၊ ရှင်းလင်းအောင်မြင်၍၊ လူ့သွင်လူ့ယောင်၊ လူ့အိမ်ထောင်ကို၊ ခွာရှောင်ပယ်သန်း၊ ဖန်သကာန်း ဖြင့်၊ ရဟန်းသာမဏေ၊ ဖြစ်စေပြီးခါ၊ သာသနာ ဂိုဏ်းသား၊ ဘုရားပေါက်ဖော်၊ စပ်တော်ရသော ပုဂ္ဂိုလ်သည်၊ ထိုထိုခပင်း၊ အောင်ခြင်း မင်္ဂလာ အရပ်ရပ်တွင်၊ အကွပ်အမှူး၊ ထူးမြတ်သော အောင် ခြင်း မင်္ဂလာ မည်ကြောင်းကို၊ ဇာတ်ဟောင်း ထုတ်ဖော်၊ ဟောတော်မူခြင်းငှာ၊ ဧကနိပါတ်၌–

နံ တံ ဇိတံ သာဓု ဇိတံ၊
ယံ ဇိတံ အဝဇီယတိ၊
တံ ခေါ ဇိတံ သာဓု ဇိတံ၊
ယံ ဇိတံ နာဝဇီယတိ၊

ဟူသော ဂါထာပုဒ်ဖြင့်၊ ရွှေနှုတ် ကြည် ရွှင်၊ သွင်သွင်လှစ်တော်မူသတည်း၊

အဓိပ္ပါယ်ကား – ဘုရားလောင်း ကုဒါလပဏ္ဍိတ သည်၊ လောဘရန်စောင်ကို၊ မအောင်နိုင်သေးခင်၊ ကြေးမဝင်လောက်၊မခင်လောက်သော၊ပေါက်တူးအို တစ်ချောင်းနှင့်၊ ပြောင်းမျိုးစေ့ တစ်ခွက်ကြောင့်၊ လူထွက်တုံ-ရှင်ပြုတုံ၊ ဦးတလဲ-ဖွတလဲ၊ ကာမဂုဏ် ငင်ဆွဲ၍၊လူထဲက မထွက်နိုင်၊ခုနစ်ကြိမ်တိုင်ခါမှ၊လက် တော်ကိုင် ပေါက်တူးအိုနှင့်၊မျိုးဆိုသည့် ပြောင်းတစ် ခွက်ကို၊ ရက်ရက်ရောရော၊ မြစ်ရေ၌ မျှောပြီးလျှင်၊ ပြောရေ့ဟဲ့လူ့ရွာမှာ၊ ကုဒါလပဏ္ဍိတ်တဲ့၊ နင်ရှိသည် အတွက်၊ လူထွက်ချည်- ရှင်ပြုချည်၊ အတည်မကျ၊ ငါပင်ပန်းလှပြီ၊ ခုမှပဲရန်ငြိမ်း၊ လက်စသိမ်းတော့ သည်ဟု၊ ကြိမ်းပသည် အာခေါင်သံနှင့်၊ ဇိတံ မေ ဇိတံ မေ၊ မသွေမလှန်၊ အမှန်သည်ခါ၊ ငါအောင်ပြီ ငါအောင်ပြီဟု၊ ပီပီ တစ်တစ်၊ ဟစ်အော်စဉ်အခါ၊ ဗာရာဏသီမင်းကြီးလည်း၊ ပစ္စန္တရစ်ကိုအောင်မြင်၍၊ ပြည်တော်ဝင်အခိုက်နှင့်၊ ကြုံကြိုက်တွေ့ငြား၊ ကြား လေ သည် တွင်၊ "အို-ယောကျ်ား – ငါ ကား ပစ္စန္တရစ်ကို အောင်မြင်သည်၊ သင်ကား အဘယ်ကို အောင်မြင်သနည်း" ဟု မေး၏၊

ဘုရားလောင်းလည်း၊ "အရှင်မင်းကြီး....ပစ္စန္တရစ် ကို အောင်မြင်ခြင်းသည် မကောင်းသော အောင်မြင် သည်သာတည်း၊ ရန်သူကတစ်ဖန်၊ အားကြိုး၍ လှန်လျှင်၊ ရှုံးပြန်လတ္တံ့သည်သာတည်း၊ အကျွန်ုပ် ကား၊ ကိုယ်တွင်း ၌ ရှိသော၊ လောဘကာမဂုဏ်၊ ရန်သူပုန်ကို၊အကုန်အောင်မြင်၍၊ရှင်ရဟန်းပြုသဖြင့်၊ သဗ္ဗညုစီးပွား၊ များတော့မည် မှန်သောကြောင့်၊ အကျွန်ုပ် အောင်ခြင်းသာလျှင်၊ နောက်ခါတစ်ဖန်၊ မလှန်နိုင်တတ်၊ ကောင်းမြတ်သော အောင်မြင်ခြင်း တည်းဟူ၍၊ မိမိအကြောင်းကိုပြန်ကြားလျှင်၊ မင်းကြီး

လည်း ဗိုလ်ခြေနှင့်တကွ၊တရားကျ၍၊ ရသေ့ ရဟန်း ပြုလေသည်။

## နိဂုံးချုပ် ဥယျာဇဉ်

ဤယခုကာလ၊ ဘုရားသာသနာတွင်၊ ကာမဂုဏ် အိမ်ထောင်၊ လူ့ဘောင်မှပယ်ခွာ၍၊ ရှင်သာမဏေ ပြုရခြင်းသည်ကား၊ ထိုသာသနာပ၊ ဗာဟိရရဟန်း တို့ကဲ့သို့ မဟုတ်၊ ဝိသုဒ္ဓိလမ်းမှန်၊ နိဗ္ဗာန်ကို စင်စစ် ရမည်ဟု၊ မုချနှလုံးသွင်းအပ်သည်၊ ထို့ကြောင့် ဓမ္မပဒ၌-

> ယော စ ကာမေ ပဟိတွာန၊
> အနာဂါရော ပရိဗ္ဗဇေ။
> ကာမ ဘဝ ပရိက္ခီဏံ၊
> တ မဟံ ဗြူမိ ဗြာဟ္မဏံ။

ဟူ၍ ဟောတော်မူသည်။

ယော၊ အကြင်သည်။ ကာမေ၊ ဝတ္ထုကာမ၊ ကိလေသာကာမ လူ့ ကိစ္စ အိမ် ထောင် တို့ ကို၊ ပဟိတွာန၊ စွန့်၍။ အနာဂါရော၊ အိမ်ရာမထောင်ဘဲ။ ဠမ၊ ဤ ငါ့ဘုရားသာသနာတော်၌။ ပရိဗ္ဗဇေ၊ ရှင်ရဟန်းပြု၏။ ကာမ ဘဝ ပရိက္ခီဏံ၊ ကာမတဏှာ၊ ဘဝတဏှာ ကုန်ပြီးသော၊ တံ၊ ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပ ပြု ပြီး သော သူ ဟူ ၍။ အဟံ၊ ငါသည်။ ဗြူမိ၊ ၏။

ဟူသော ဒေသနာတော်ကိုထောက်၍ ဝမ်းမြောက် ရွှင်လန်းစွာသာသနာတော်အတွင်း၌ ပဉ္စင်းသာမဏေ ပြုကြရမည်၊ ထို ပဉ္စင်းသာမဏေအဖြစ်သို့ ရောက် အောင် ရွက်ဆောင်ချီးမြှောက်သော ဒါယကာတို့ သည်လည်း သားသမီးတို့ကို ရှင်ရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှောက်ခြင်းနှစ်ပါးဖြင့် ဘုရား သာသနာကို ကောင်းစွာအရှည် တည်စေရကား သာသနဒါယာဒ၊ သာသနဆွေမျိုး၊ ကောင်းကျိုးခံ အမွေစား၊ ဘုရားနှင့်အနွယ်တူ၊ လူတွင်လူကျော်၊ သူတော်သူမြတ် ဖြစ်ကြောင်းကို-

> ယေ သာသနေ ပုတ္တ မိတရော ပဗ္ဗာဇေန္တိ၊
> တေ ဗုဒ္ဓသာသနေ သလောဟိတ ဉာတကာ
> နာမ ဟောန္တိ။

ဟူသော အာဂမ ပါဠိတော်ကြောင့် သိရသတည်း၊ ထိုရှင်သာမဏေ၏ ဒါယကာတို့သည်၊ ထိုကုသိုလ် စေတနာကြောင့်၊ သံသရာအဆက်ဆက်၊ နရက်ငရဲ၊ အောက်လမ်းလွှဲ၍၊ အမြဲသုဂတိ၊ လူဖြစ်ဘိလည်း၊ လောကီ့အထွတ်၊ စက္ကဝတ်မန္ဒတ်၊ အမြတ်စတော၊ ဖြစ်လေသည်သာ၊ နတ်မှာအလွန်၊ နတ်မွန်ဒေဝရာဇ်၊ ဗြဟ္မာဖြစ်လည်း၊ စင်စစ်လွန်ကျူး၊ ဘုန်းဂုဏ်ထူး၍၊ အမှူးအကဲ ဖြစ်လေသည်၊ ဘုရား ပစ္စေက ဗုဒ္ဓါ၊ သာဝကပါရမီ၊ ဤသုံးချက်တွင်၊ နှစ်သက် ရာရာ၊ ပတ္ထနာအားသန်၊ ဆုယူပန်လည်း၊ ကေန်မချွတ် ပြည့် စုံသည်၊ ယင်းသို့ဖြစ်၍၊ ယခုအခါ အကြင်သူတော် ကောင်းတို့သည် မိမိသား၊သူတပါးသားသမီးတို့ကို၊ ချီးမြှောက်ခြင်းနှစ်ပါးဖြင့် ဘုရားသာသနာတော်သို့ ဝင်စေ၍၊ ရှင်ရဟန်းတို့၏ ဒါယကာ၊ သာသနာ အတွင်းသား၊ဘုရားနှင့်ဆွေမျိုးဖြစ်အောင်၊အားသစ်၍ ချီးမြှင့်ကြရမည်၊

# သုဏိသာ ဝိမာန

"သဒါ ဗျာမပ္ပဘာယ ကာယတော နိစ္ဆရဝသေန အဂ္ဂ ရသော"ဟူသောပါဠိနှင့်လျော်စွာ-

၁။ မဟာသီရိ၊ ဗောဓိရန်နိုပ် ညောင်ရိပ်ပင်ဝန်း၊ ထွန်းသည့်အလား၊ ဝန်းလျားနံ့ဖိ၊ တစ်လံညီသော၊စံသိင်္ဂီ စင်၊ ရွှေကိုယ်တော် ဝန်းကျင်၌၊ မင်ပိတုန်းခေါင်၊ မျက်စဉ်းတောင် ကဲ့သို့၊ မှောင်တခိုခို၊ မိုးလုံးစိုမျှ၊ ညိုသောရောင်ခြည်တော်၊

၂။ ဇမ္ဗုရာတနာ၊ ရွှေဂီဝါနှင့်၊ မဟာလှေကား၊ ထွားထွား ငုံရင့်၊ ပင်လုံးပွင့် သကဲ့သို့၊ ကောင်းကင့်အသရေ၊ရွှန်းရွှန်းဝေမျှ၊ ရွှေသော ရောင်ခြည်တော်။

၃။ သိန်းတန်ကမ္ဗလာ၊တျာတျာနီရင့်၊ ခေါင်ရမ်းပွင့်ကို၊ ချပ်ဆင့်ရှုံးညီ၊ ကုံး၍သီသကဲ့သို့၊ နီသောရောင်ခြည်တော်။

၄။ ရဇတဝိမာန်၊ ဗိတာန်ငွေရွက်၊ ဖြန့်ကြက်စီခြယ်၊ မဏ္ဍပ်လယ်၌၊ စံပယ်ချပ်ရှုံး ကြက်ရှုံးငုံကဲ့သို့၊ ပုံစံနစ်ယှူ၊ အလားတူ၍၊ ဖြူသော ရောင်ခြည်တော်။

၅။ အစုံရောရာ၊ မည်းပြာမှိုင်းမှောင်၊ အရောင် ရင့်ရင့်၊ မရန်းပွင့်အနေ၊ သပြေသီးမှည့်၊ နှိုင်း ရှည့် စ ဖွယ်၊ ဆန်း ကြယ် စု ပေါင်း၊ ရှုမညောင်းမျှ၊မောင်းသော ရောင်ခြည်တော်။

၆။ နဘန္တရာ၊ အာကာပတ်ဝိုက်၊ ကြို ရိုက် ချုန်းချုန်း၊ မိုးရွာတုန်း၌၊ ရွှန်းရွှန်းပျံ့ဝဲ၊ ရဲရဲပြေးသန်း၊ လျှပ်ပန်း လျှပ်နွယ်၊ အသွယ် သွယ်နှင့်၊ ကြယ်ဥက္ကာကြီး၊ ယှဉ်စီးအန်ထွက်၊ သက်တံ့ကုန့်မြူး နတ်မီးရှူးကဲ့သို့၊ အထူး ထူးသောအရပ်၌၊ နှံ့စပ်လွှမ်းမိုး၊ လျှမ်းလျှမ်း ဖြိုးမျှ၊ ပြိုးပြိုးပြက်၊ တခဲနက်သောရောင်ခြည် တော်။

ဤသို့ ရောင်ခြည်တော် ခြောက်စုံ ရှုပါရုံတို့သည်၊ နိတုံနိက္ခ၊ကိုယ်တော်မှလျှင်၊ နေ့ညပြောင်ရွှန်း၊ထွန်းပ တော် မူသောကြောင့်၊ မည်သူမပေး၊ ရှေးအာနိသင်၊ ရွှေဘုန်းတော် စီရင်၍၊ အင်္ဂီရသ၊ အတုလနာမံ၊ ဘွဲ့တော်ကို ခံရသော၊ သယမ္ဘူဖျား၊ ဘုရားသခင် သည်၊ မဂ္ဂင်လမ်းမ၊ ခရီးပြလျက်၊ အမတဥကင်၊ နိဗ္ဗာန်လွင်သို့၊ ကယ်တင်တော်မူအံ့သောငှာ၊ စိတ်ဖြာ ပိုင်းခြား၊ ထားတော်မူခဲ့သော ပိဋကတ်တော်သည် သုတ္တန်၊ ဝိနည်း၊အဘိဓမ္မာအားဖြင့်၊ သုံးပါး အပြား ရှိ၏။ ထို သုံးပါးတို့တွင်၊ သုတ္တန် ပိဋကတ်၌၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ လေးပါးပစ္စယ၊ အာမိသ ဒါန၊ လှူသမျှ အရပ်ရပ်တို့ကို၊ မလှူမီ လှူဆဲ၊ လှူပြီးအဆုံး၊ သုံးထွေအဖို့၊ ကာလတို့၌၊ မချို့မချန်၊ ထက်သန်သဒ္ဓါ၊ ဝမ်းသာရွှင်လန်း၊ လှူဒါန်းသော ဒါယကာတို့အား၊ လူ့ရွာ နတ်ရွာ၊ ဗြဟ္မာ့ဝိမာန်၊

နိဗ္ဗာန်တိုင်တိုင်၊ ကြီးခိုင်ဖွံ့ဖြိုး၊ အကျိုးခံရကြောင်းကို ပြတော်မူခြင်းငှာ–

ပုဗ္ဗေဝ ဒါနံ သုမနော၊
ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ စတ္တမနောဟောတိ၊
သော ပုညဿ သမ္ပဒါ။

ဟူ၍ လည်းကောင်း၊

အန္နဒ္ဒ ဒတွာ ဗဟူဇနာ၊
ဒက္ခိဏေယျေသု ဒက္ခိဏံ၊
ဣတော စုတော မနုဿတ္တာ၊
သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။

ဟူ၍ လည်းကောင်း ဟောတော်မူ၏။

ထိုဒေသနာတော်ပါဠိ၌၊ ဆွမ်းကိုသာ ပဌာန၊ ဒေသနာသီသပြု၍ ဟောတော်မူသည်၊ ကြွင်းသော သင်္ကန်း၊ ကျောင်း၊ ဆေး အစရှိသည်ဖြင့် များစွာသော ဒါနဝတ္ထုတို့တွင် တစ်ခုခု တစ်ရာရာ၊ လှူဒါန်းခါ၌ လည်း၊ စေတနာသုံးချက်၊ မပျက်စေရ၊ လှူဒါန်း မှသာ၊ ဘဝကြီးငယ်၌၊ အရွယ်သုံးကြိမ်၊ မသိမ်မဖျင်း၊ ကျယ်ဝင်းကြီးမြတ်သော ကောင်းကျိုး ချမ်းသာကို၊ ရရာအံ့သတည်းဟု၊ နည်းပရိယာယ်၊ ဉာဏ်ကြီးသွယ်၍၊ အဓိပ္ပာယ် ယူကြကုန်ရာသည်။

**အကြောင်းအရာပြ ဝတ္ထုသာဓက**

ထိုဒေသနာတော် လာသည်နှင့်အညီ ပစ္စည်းလေးပါးတို့တွင် တစ်ပါးပါးကို လှူ၍၊ ဘယ်သူ ဘယ်ပုဂ္ဂိုလ်သည်၊ အလိုရှိအပ်၊ တောင့်တအပ်သော၊ သုံးရပ်စည်းစိမ်၊ အခေါင်နိမ်နှင့်၊ ကြိုက်ကြိမ်တော် ငြား၊ စံစားရဖူးလေသနည်းဟူမူကား:– သာဝတ္ထိ ပြည်၌ အမျိုးချွေးမ တစ်ယောက်သည် မြို့တွင်းသို့ ဆွမ်းခံဝင်လာသော ရဟန္တာအရှင်မြတ်တစ်ပါးအား ဣန္ဒြေ၌ ကြည်ညိုသဒ္ဓါ နှစ်သက်စွာသောကြောင့် မိမိစားရန်အဖို့ရသော မုယောမုန့်ကို မိမိ မစားဘဲ စေတနာသုံးတန် ထက်သန် ပြဋ္ဌာန်းလျက် လှူဒါန်း ဆက်ကပ်လိုက်၏။

နောက်အဖို့၌ ထိုအမျိုးချွေးမသည် စုတိ သေလွန်လျှင် သာဝတိံသာ နတ်ပြည်၌ ရွှေရည်ငွေလျှ၊ ထွက်ပျံ ယိုစီး၊ ရှုမငြီးသော၊ ဘုန်းကြီးတာမွတ်၊ နန်းပြာသာဒ်ထက်၊ ရံပတ်ဖြိုဖြို၊ ရွှေပေါင်းခလျက်၊ တောက်ပ လျံမြူး၊ သောက်ရှူးမိုးခေါင်၊ ရွှေတန်ဆောင်ကဲ့သို့၊ ကိုယ်ရောင်ဘုံရောင်၊ ပြောင်ပြောင်ဝင်းဝါ၊ နတ်ချမ်းသာကို၊ မကြာချက်ချင်း ရလေသည်။

**နိဂုံးချုပ် ဥယျောဇဉ်**

ဤသုဏ်သာဝိမာနဝတ္ထုကို ထောက်ရှုအားကိုး၍ ကောင်းကျိုးကို အလိုရှိအပ်သော သူတော်ကောင်း တစ်စုသည်၊ ဝတ္ထုဒါတဗ္ဗ၊ လှူသမျှ အရပ်ရပ်၌၊ ကွက်လပ်မချန်၊ စေတနာသုံးတန်ကို၊ ထက်သန်စွာ ပြဋ္ဌာန်းလျက်၊ လှူဒါန်း ပူဇော်ကြရမည်။

(ထိုမှတစ်ပါးလည်း။ ဆုတောင်းကြကုန်။)

# ပဥ္စသီလ သမာဒါနိယ မထေရ်

“ခန္တီဗလေန သမန္နာဂတတ္တာ ခန္တီဗလံ”ဟူသော ပါဠိနှင့် အညီ၊ ဝသီဝါသနာ၊ ရှုန့်ကြမ်းစွာသော၊ အာဠာဝကဘီလူးကြီးသည်၊ မီးကမ္ဘာပျက်၊ မြေဘတက်၍၊ အထက်အာဘဿရ၊ ဗြဟ္မာ့ဘုံဆုံး၊ ပတ်ကုံး တစ်လျှောက်၊ အောက် အဇဋာ၊ ဖီလာ ပြောင်ပြောင်၊ တောက်လောင်ရဲရဲ၊ စွဲသည်အတူ၊ ဝှန်ဆူ ကျိုက်ပွက်၊ ဒေါသထွက်၍၊ လက်နက်ကိုးပါး၊ ဘွဲ့စုလျားတို့ဖြင့်၊ အသွားကြီးတဲခဲ၊ နင်းလားဟဲ့ဟု၊ မောင်းမဲ အော်ဟစ် ထိုးပစ်ရုံမျှ၊ မကလေသေး၊ ဆဲရေးငေါက်ငမ်း၊ မြည်တမ်းပြစ်တင်၊ ဝင်ဦးထွက်ဦး၊ အထူးထူး အထွေထွေ၊ မထီလေးစား၊ စကားဖြင့်နှိပ်စက်၊ လက်နက်ဖြင့် ချောက်ခြမ်း၊ အစိမ်းဖမ်းသကဲ့သို့၊ သောင်းကျန်းနိုင်ထက်၊ ဗလက္ကာရ၊ ပြုသမျှကို၊ အတုလပုဂ္ဂိုလ်၊ မြတ်ဘုန်းမိုသည်၊ ထိုဘီလူးအား၊ သနားကရုဏာ၊ ကြီးလှစွာ၍၊ ရာဟုလာသားတော်နှင့် အတူ၊ အဏုမြူလောက်မျှ၊ အာဠာဝက ဘီလူး၏ အပေါ်၌၊ နှလုံးတော်မငြို၊ မဂ်ဖိုလ်ကျေးဇူး၊ ရာထူး ကြီးမား၊ သနားတော်မူဦးမည်ဟု၊ ရွယ်ရည် မျှော်ငဲ့လျက်၊ ရိုင်းပြလွန်ကျူး၊ မိုက်မူးယစ်မေ့၊ ပြုသရွေ့ကို၊ ချမ်းမြေ့သာယာ၊ မေတ္တာထပ်မံ ၊ သည်းခံတော်မူခြင်းသည်လည်း၊ ခန္တီဗလမည်၏။

ထိုအာဠာဝကအစရှိသော မာနခက်ထန်၊ မာဂန္ဒီမ၊ သုန္ဒရီမ၊ ယောက်ဖတော် ဒေဝဒတ်၊ ဆသတ္တာရ၊ အာကလူစု၊ လူ့ပလပေ၊ လူ့ညစ်တေတို့၊ မချေမငံ့၊ ပျက်ကြောင်းကြံ၍၊ နှိမ်နှံ ကဲ့ရဲ့၊ ကျိုးမဲ့ရှုတ်ချ၊ ပြုလုပ်ကြသည်ကို၊ ပမာဏမမှတ်၊ ကရုဏာသမာပတ်ဖြင့်၊ မပြတ်ဆက်ဆံလျက်၊ သည်းခံတော် မူခြင်းကိုကား၊ ကင်းပြီးသောဝဋ်၊ ကျွတ်ပြီးသောရုပ်ဝိညာဉ်၊ ဘဝနှင့် ယှဉ်သော။ သဗ္ဗညုဘုရားဖြစ်၍၊ စင်စစ်ချီးမြှောက်၊ အံ့လောက်လှသည် မဟုတ်သေး၊ ရှေးဘဝအခါ၊ ပါရမီဉာဏ် နုသေးစဉ် ကာလက၊ သာသဝပုထုဇန်၊ ခန္တီဝါဒ ရသေ့ မြတ်၊ ဖြစ်လတ်သော အခါ၊ ကလာဗုမင်းကြီးသည်၊ ဖြတ်လှီးခုတ်ဖျက်၊ ခြေလက် ချီးဖြုတ်၊ ရိုက်ပုတ် တွန်းရှား၊ ပုဆိန် သွားဖြင့်၊ ရင်သားရဲရဲ ပေါက်ဖြတ် ခွဲလည်း၊ ဝမ်းထဲ သန့်ရှင်း၊ ဏုမြူညှင်းမျှ၊ မင်း၌အမျက်၊ မထွက်မိလေ၊ သေသည့် တိုင်တိုင်၊ ခံနိုင်သမာဓိန်၊ ဣန္ဒြေမပျက်၊ မေတ္တာသက်၍၊ အမျက်မဆံ၊ သည်းညည်းခံလျက်ပင်၊ ကံကုန်တော် မူရှာသော၊ ခန္တီဝါဒ ရသေ့ကျော်၊ ဤဇာတ်တော်ကို၊ မြော်ခေါ် ထောက် ထား မူ၊ ဘုရားလောင်း သည်းခံချက်၊ ရင် လက် ခတ် တီး၊ အံ့မပြီးအောင်၊ မြှောက် ချီး ဆို ၍၊ ကြည်ညို ဖွယ် ကောင်းလှလေသည်။

ဤသို့လျှင် ဘုရားစင်စစ်၊ ဖြစ်ပြီးသည့်ကို၊ ဆိုဖွယ်မရှိ၊ အပရိမာဏ၊ ဘဝသာမန်၊ ပုထုဇန်ဟု၊ ဉာဏ်မရင့်မာ၊ ခန္တီဝါ တာပသ၊ ထိုကာလကပင်၊ ပရမခန္တီ၊ မဟိန္ဒိုင်းစံ၊ သူမဆံသော၊ သည်းခံခြင်းအားနှင့် ပြည့်စုံတော် မူသောကြောင့်၊ ခန္တီဗလ၊ အမည်တော်

ရသော၊ လောက ထွတ်ထား၊ ဘုရား သခင် သည်၊ နိရဂ်ဏ၊ အမတ အကျိုး ဆက်ကို၊ ငဲ့ ကွက်ရှုမျှော်၍၊ ဟော တော် မူအပ် သော ပါဠိတော်၏ အနက်ကို၊ မဝှက်မကွယ်၊ အဓိပ္ပာယ်ခွဲဝေ၊ အဖြေ ထုတ်နုတ်၍၊ ဝိသုဒ္ဓိမဂ်ကျမ်း၌၊ နတ်လမ်းဗြဟ္မာ၊ လေးဖြာမဂ်ဖိုလ်၊ မငြို ဆန္ဒ၊ လိုတိုင်း ရသော၊ သီလ၏ အကျိုး အာနိသဘော်ကို- ထုတ်ဖော်ညွှန်ပြအံ့သောငှာ-

သဂ္ဂါရောဟန သောပါနံ၊
အညံ သီလသမံ ကုတော၊
ဒွါရံ ဝါ ပန နိဗ္ဗာန၊
နဂရဿ ပဝေသနေ ။

ဟူသော ဂါထာဗန္ဓဖြင့်၊ ဘုရားအလို၊ မြွက်ဆို ထုံးမ၊ နည်းပြတော်မူသတည်း။

ထိုဂါထာ၏အဓိပ္ပာယ်ကား-ခြောက်ထပ်နတ်ရွာ၊ ဗြဟ္မာနှစ်ဆယ်၊ ရောက်ဖွယ်ကူးသန်း၊ စောင်းတန်း ဟူက၊ သီလမှတစ်ပါး၊ အခြားမရှိ၊ သီလသိက္ခာ၊ တရားသာလျှင်၊ ဗြဟ္မာနတ်ဌာန်၊ တက်ရန်စောင်း တန်း ဖြစ်လေ၏၊ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးမချို့၊ သီလတို့သာ၊ ရွှေမြို့နိဗ္ဗာန်၊ ဘုံဗိမာန်သို့၊ ဝင်ရန် တံခါးဖြစ်ပေ၏၊ သီလအကျင့်၊ လမ်းမပွင့်က၊ ဝင်ခွင့် မသာ၊ ပြည်ခေမာနှင့်၊ လမ်းတာ အလွန်ဝေးလတ္တံ့ ဟူလိုသည်။

ထို့ကြောင့် သုဂတိဘုံ သူ၊ လူမင်း၊ နတ်မင်း ဗြဟ္မာမင်းတို့၏၊ စည်းစိမ်ချမ်းသာနှင့်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဝဋ်ကင်းပြတ်သော၊ အရဟတ္တမဂ်ဖိုလ်၊ နိဗ္ဗာန်ကိုလျှင်၊ အလိုရှိကုန်၊ တောင့်တကုန်သော သူတော်ကောင်း အပေါင်းတို့ သည်လည်း၊ ငါးပါး သီလ၊ ပဉ္စင်္ဂကို၊ နိစ္စအမြဲ၊ ကိုယ်၌စွဲစေ၍၊ လွန်ကဲ ကြိုးစား၊ တတ်နိုင်အားမူ၊ ဆယ်ပါးသီလ၊ ဒသင်္ဂနှင့်၊ တစ်လအတွင်း၊ လေးသီတင်း၊ ရှစ်သီတင်း၊ မယွင်း မယုတ်၊ ကြိုးအားထုတ်၍၊ ဥပုသ် သုံးစွဲကြရမည်၊ သီလ၊သမာဓိ၊ ကိုယ်၌ရှိမှ၊ ပြုမိသမျှ၊ ဒါနကိရိယာ ဘာဝနာတို့သည်၊ သာ၍စင်ကြယ်၊ အံ့ဘွယ်ပြည့်ဖြိုး၊ ကောင်းကျိုးစွာပေးနိုင်မည်။

ဥပမာကား- ဖြူစွာသန့်သက်၊ ဖြန့်ကြက်စီရင်၊ ပိတ်ပေါ်တွင်၌၊ ဆေးမင်စုတ်ချ၊ ရေးသမျှပင်၊ လှပ ကြည်လင်၊ ထင်လေသည်ချည်း၊ နက်မည်းရင့်ရော်၊ မဲထည်ပေါ်၌၊ ရေဖျော်ဆေးစုံ၊ ရေးလှည့်တုံသော်၊ ဟန်ပုံမရ၊ မလှမွဲတောင်း၊ ရှုမကောင်းသကဲ့သို့၊ အကြောင်းပဋ္ဌာန၊ သီလဆောက်ဦ၊ အခံဖြူမှ၊ ပြုမူ သမျှ၊ ဒါနကုသိုလ်၊ ထိုထိုကျင့်ကြံ၊ ကောင်းမှုကံ တို့သည်၊ အလျှံပြောင်ပြောင်၊ အရောင်မည့် ၊ ဖွံ့ဖွံ့ ဖြိုးဖြိုး၊ ကောင်းကျိုးမနှေး၊ အစွမ်းကုန်ပေးမည်ဟု၊ အလေးအမြတ်၊ စွဲမှတ်ယူဆ၊ သဘောကျ၍၊ သီလကို ကျင့်သုံးကြရမည်။

**အကြောင်းအရာပြ ဝတ္ထုသာဓက**

သီလကိုဆောက်တည်ခြင်းကြောင့် လောကီ၊လောကုတ္တရာ ချမ်းသာနှစ်ပါးကို စံစားရဖူးသောသက်သေကား-ဤကမ္ဘာမှပြန်၍ရေသော်တစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်းထက်၌ အနောမဒဿီ ဘုရား၊ ထင်ရှား ဖြစ်တော်မူခါ စန္ဒဝတီပြည်၌ သူဆင်းရဲယောကျ်ား တစ်ဦးသည် မိမိ၌ဒါန ဝတ္ထုလှူဖွယ်မရှိသောကြောင့် ငါ့အားအများ နည်းတူ လှူဖွယ်ဝတ္ထု မပြည့်စုံချေ၊ ကိုယ်တွင်းသီလကိုသာ အား ထုတ် ကျင့် ဆောင် ၍ ကုသိုလ်ဖြစ်စေရတော့မည်ဟု ကြံပြီးလျှင် လက်ယာရံ နိသဘ မထေရ်၏အထံ၌ ငါးပါးသောသီလကိုခံယူ၍ ရှိသေစွာအနှစ်တစ်သိန်းပတ်လုံး ထိန်းသိမ်းဆောက်တည်၏၊ ထိုကုသိုလ်ကြောင့်ထိုသူဆင်းရဲအားသေခါနီး၌ တာဝတိံသာ နတ်ပြည်မှ နတ် မြင်း တစ်ထောင် ကသော ရထားဖြင့် တင်ဆောင်ယူလာ၍ တာဝတိံသာ၌ သိကြားမင်း၏ အဖြစ် အကြိမ် သုံးဆယ်၊ လူ့ပြည်၌ စကြဝတေးမင်း၏ အဖြစ် ခုနစ်ဆယ့်ငါးကြိမ် ပဒေသရာဇ်၊ ကေသရာဇ်အဖြစ်ကား မရေတွက်နိုင် အောင်ဖြစ်၍ ကြီးစွာသော လောကီချမ်းသာကို စံစားရ၏၊ ငါတို့ ရှင်ဂေါတမဘုရား လက် ထက် တော် ၌ လည်း၊ ပဉ္စသီလ သမာဒါနိယ မထေရ် ဟူ သော အမည်တွင်လျက် အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။

**နိဂုံးချုပ် ဥယျောဇဉ်**

ဤသို့ အပဒါန်ကျမ်း၌ လာသည်ကို ထောက်လျှင် ငါးပါးသီလမျှ သို့ စင် အကျိုးကြီးလေသည် ဖြစ်၍

ဆယ်ပါးသီလ၊ ရှစ်ပါးဥပုသ်တို့ကို စောင့် ရှောက် ကျင့်သုံးရဘိမူ အဘယ်ဆိုဖွယ်ရာ ရှိတော့မည်နည်း၊ စင်စစ်လျှင် မြတ်ထက် မြတ်သော အကျိုးကို စံစားရ ပေတော့မည်၊ ငါတို့မူကား- ပဥ္စသီ၊ ဒသသီ၊ အဋ္ဌင်္ဂ ဥပုသ်တို့ကိုလည်း ကျင့်သုံးရလေပြီ၊ သီလဥပုသ်ကို အားထုတ်ရုံမျှဖြင့် မရောင့်ရဲသေး၍ အလှူပေးခြင်း၊ တရားနာခြင်း၊ စေတီပြင်၊ ဝေဘဓိပြင် သို့ သက် ၍၊ ဝတ်တက်ရှိခိုးခြင်း၊ သာသနာဝင်ရှင်ကောင်း၊ရဟန်းကောင်းတို့ထံ ဆည်းကပ်ဖူးမျှော်၍ တရားတော်ကို ဆွေးနွေးခြင်းအစရှိသော ကုသိုလ်တို့ကိုလည်း ငိုမို၍ ပြုစုရလေပြီ။

သို့စင်အများ ကုသိုလ်အားနှင့် ပြည့်စုံသော ငါတို့သည်ကား လောကီ၊ လောကုတ္တရာချမ်းသာ အထွတ် မြတ်ထက်မြတ်ကို မချွတ်ရကြပေတော့မည်မှာ၊ ကြည်ကြည်ညိုညို၊ ကျမ်းအဆိုကို၊ မှီခို ထောက်ထား၍၊ ငါးပါးသီလ၊ ဆယ်ပါးသီလ၊ အဋ္ဌင်္ဂဥပုသ်တို့ကို၊ အားထုတ် ကြပါ ကုန်လော့ဟု၊ ဟောပြောမြွက်ဘော်၊ ငါနှိုးဆော်အပ်သည်၊ သူတော်သူမြတ်အပေါင်းတို့။

# ဓဇဒါယက မထေရ်

သဗ္ဗညုမြတ်စွာဘုရားသည်၊ မဂ်လမ်းမပေါက်၊
မရောက်နိဗ္ဗာန်၊ ဝေနေယျကျွန်တို့အား၊ တဖန်ဇာတိ၊
မရှိစေရ နိရောဓဟု၊ ကိစ္စခပ်သိမ်း၊ ငြိမ်းစေခြင်းငှာ၊
သဒ္ဒါအနက်၊ ပြက်ပြက်ထင်လင်း၊ ကောင်းခြင်း
အပြား၊ အင်္ဂသုံးပါးဖြင့်၊ ဟောကြားတော်မူအပ်
သော ဒေသနာသုံးရပ်တို့တွင်၊ သုတ္တန်ဖြင့် သင်္ဂြိုဟ်
အပ်သော သုတ္တသင်္ဂဟကျမ်း၌၊ မဂ်-ဖိုလ်ဆောက်ဦ၊
အလှူမပေး၊ ကုသိုလ်ရေးကို၊အလေး မပြု၊ ကောင်းမှု
ကိုမချစ်၊ ဖြစ်ကတတ်ဆန်း၊ စားခန်း ဝတ်ဖွယ်၊
ရှောင်းဝယ်ဖောက်ကား၊ သားမယားနှင့်၊ ခံစား
ပျော်ရွှင်၊ သဘင်သာယာ၊ တဏှာကာမ၊ပမာဒဖြင့်၊
ရှိသမျှ ရွှေငွေကို၊ ဗလဝေသုံးဆောင်လျက်၊ လူရောင်
ပြပြ၊တသသနှင့်၊တဒင်္ဂစည်းစိမ်၊ ဖျင်းသိမ်ပေါ့တန်၊
လူ့ဝိမာန်ကို၊ နိဗ္ဗာန်ပကတိ၊ အထင်ရှိကြသော၊
မစ္ဆရိယပုဂ္ဂိုလ်၊ ဝန်တိုသူခြွံ၊ လူစဉ်းလဲအပေါင်းတို့၊
စုဆောင်း၍ထားအပ်သော ဥစ္စာပစ္စည်းသည်၊ အနည်း
ငယ်မျှအကျိုးမနပ်၊ ပျက်လျှပ်မင်းဓေ၊ လူမွေ့လူ့ဆိုး၊
သူခိုး လု ယက်၊ နှိပ်စက်မင်းယူ၊ မီးပူလောင်မြိုက်၊
ရေဦ ဆုံးပါး၊ မြုပ်နှံထားလည်း၊ နဂါးမြွေနက်၊
လှည့်ပတ်ဝှက်သို၊တုံးတုံးတို၍၊ အလိုလိုကုန်ခန်းတတ်
ချေသည်။

ဥစ္စာခမ်းနား၊မပျက်ငြားလည်း၊စံစားမည့်ပုဂ္ဂိုလ်၊
မောင်ဝန်တို၏၊ ဤကိုယ်ရုပ်နာမ်၊ ထင်းလက်ပံ
တို့သည်၊ နိယံခံ့ ခိုင်၊ အမြဲထိုင်၍၊ သုံးနိုင်စားနိုင်မည်
မဟုတ်ချေ၊ သေမင်းယမရာဇ်၊ ဗျာဓိသံချောင်း၊
မကြီးတောင်းနှင့်၊ ထိပ်စောင်းကို ပစ်သောအခါ၊
အော်ဟစ်ကျူကျူ၊ ငိုညည်းညူလျက်၊ အိမ်သူမယား၊
သားသမီးရော၊ ဥစ္စာရောကို၊ မျက်ကြောပြူတ်လု၊
တစိန်းစိန်းရှုဆဲပင်၊ စုတိမရဏ၊ ပိတ္တောစ၍၊ ဘဝ
ပြောင်းသွားလေတော့သည်၊ သေမြဲဓမ္မတာ၊ သေရ
ပါလည်း၊ ဥစ္စာမက်မော၊ လောဘဇောကြောင့်၊
ယုတ်သောဇာတိ၊ နွမ်းရိဆိုးညစ်၊ ပြိတ္တာဖြစ်၍၊
စင်စစ်ဒုက္ခရောက်လေသည်။

သတိပညာ၊ ပြည့်စုံစွာ၍၊ လိမ်မာသူအပေါင်းတို့
သည်ကား၊ ဤကဲ့သို့မဟုတ်၊ ဥစ္စာစီးပွား၊ ကံအား
လျော်စွာ၊ ဖြစ်ထွန်းလာလျှင်၊ အပ္ပမာဒသဘော၊
ယောနိသောဖြင့်၊ လောကခံ့ရှစ်ထွေကို၊ ပုံသေကား
ကျ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု၊ မုချစိတ်စွဲလျက်၊
မြတ်သော နိဗ္ဗာန်ချမ်းသာကို၊ ရှာကြံမှတော်ချေ
မည်၊ ရွှေငွေဝတ္ထု၊ သားပုမြေးကင်း၊ ဤခပင်းတို့
သည်၊ ပျက်ခြင်း၏ ဘဝဌ်၊ကျရောက်လျက်ရှိချေသည်၊
ဤအကောင်ပုပ်၊ ငါ့နာမ်ရုပ်လည်း၊ ဥပ္ပါဒ ဝယ၊
ယမနယ်ဝင်၊ နဖူးပြင်၌၊ သေမင်ကွင်း၍၊ စာရင်းချ
ပြီးဖြစ်ချေသည်၊ ဤသည်ဥစ္စာ၊ ဤ ခန်း ဝါ၌၊
အာသာတပ်မက်၊ မလှူရက် မစွန့်အား၊ သားဖို

မယားဖို၊ ဝတ်ဖို စားဌာ၊ ကိရိယာဘဏ္ဍာနှင့်၊ ဇီဇာခွဲ၍၊ အကျိုးမဲ့ မကုန်စေကောင်း၊ အလောင်းသူမြတ်၊ ဗောဓိသတ်တို့၊ ပရမတ္ထ၊ သာရတစ်ဆူ၊ ပြည်နိဗ္ဗူကို၊ အလှူကွန်းထောက်၊ တံတားဆောက်၍၊ အရောက်ကူးနိုင်ကြလေသည်။

ငါလည်းယခု၊ ဤနည်းပြု၍၊ ဝတ္ထု ဘောဂ၊ ဓနရွှေငွေ၊ အထွေထွေကို၊ ခွဲဝေစိတ်ဖန်၊ အသင့်ရံလျက်၊ နိဗ္ဗာန် ကံကျွေး ငါပြုမည်၊ ပေးကမ်းထောက်ပင့်၊ ပြုသင့်ရာရာ၊ လူ့ တံထွာလည်း၊ ပညာရှိထုံး၊ စံလက်သုံးကို၊ နှလုံးမပြတ် ငါရှုမည်၊ ဤသို့ ပညာရှိယောကျ်ား၊ နှလုံးထား စင်ဖြူ၍၊ အလှူကောင်းမှု၊ ပြုစုဆည်းပူးလေ့ရှိသော ပုဂ္ဂိုလ်အား၊ အလိုအာသဥ္စယ၊ အာဘောဂနှင့်အညီ၊ ဤပစ္စုပ္ပန်၌လည်း၊ သူမွန်သူမြတ်၊ လူနတ်ခပင်း၊ ချီးမွမ်းခြင်းကို ခံရသည်၊ တမလွန်၌လည်း၊ ထူးချွန်ကောင်းမြတ်၊ အတုလွတ်သော၊ လူနတ်အဖြစ်၊ စည်းစိမ်နှစ်ကို၊ စင်စစ်မွေ့လျော်စံရသည်၊ အာသဝကို၊ ခွာချမှောက်သွန်၊ အဆုံးစွန်လည်း၊ နိဗ္ဗာန်ရိပ်အောင်း၊ ပျော်နှစ်ထောင်း၍ အကြောင်းလေးပါး ဆိတ်ညံသည်။

ဤသို့လျှင် ပညာရှိယောကျ်ား၏၊ နှလုံးထားကြံနည်းကို၊ နိဿ ရည်းပုံခင်း၍၊ ကောင်းခြင်းကို အလိုရှိသော၊ ဒါယကာသူမြတ်၊ ပရိသတ်တို့အား၊ ပဋိပတ် လမ်းကြောင်း၊ ဂါထာ ပေါင်းဖြင့်၊ နည်းကောင်းပေးတော်မူခြင်းငှာ–

၁။ ဒိန္နံ သုခဖလံ ဟောတိ၊
နာဒိန္နံ ဟောတိ တံ တထာ။
စောရာ ဟရန္တိ ရာဇာနော၊
အဂ္ဂိ ဒယှတိ နဿတိ။ ။

၂။ အထ အန္တေန ဇဟာတိ၊
သရီရံ သ ပရိဂ္ဂဟံ။
ဧတဒညာယ မေဓာဝီ၊
ဘုဉ္ဇေထ စ ဒဒေထ စ။
ယထာနုဘာဝံ အနိန္ဒိတော၊
သဂ္ဂ မုပေတိ ဌာနန္တိ။ ။

ဟူ၍ ဟောတော်မူသည်။

ဤဒေသနာတော်ဓမ္မခန်၌၊ ဒိန္နံဟူသောပုဒ်၏အရ၊ သဟဇာတ်နှင့်တကွ၊ ကာမာဝစရကုသိုလ်၊ ထိုစိတ်၏ အာရုံ၌၊ အလုံးစုံသော ဒါတဗ္ဗဝတ္ထု၊ နှစ်ခုနှစ်ရပ်၊ ရအပ်သည့်အနက်တွင်၊ တံခွန်ရွက်၊ တံခွန်ဖျား၊ လုံးလျားကြက်လျှာ၊ စွမ်းပါသမျှ၊ ဆန္ဒနှင့်အညီ၊ စေတီရင်ပြင်၊ ဥမင်သိမ်ဦး၊ ကျောင်းဦး စသည်တို့၌၊ ဆောက်စိုက် တင်ထူလျက်၊ နှစ်သက်ရွှင်ပျ၊ လှူဒါန်းရသော၊ ဇောပဋ္ဌာန၊ ပုညကဲလွန်၊ တံခွန် လှူခြင်း၏ အကြောင်းကြောင့်၊ လူကောင်းနတ်မွန်၊ စည်းစိမ်လွန်နှင့်၊ နိဗ္ဗာန်ရွှေပြည်၊ ရောက်ဖူးသည်ကို၊ အတည်အထုပ်၊ သရုပ်သကောင်၊ ဝတ္ထုဆောင်၍၊ သန်းခေါင်တိမ်ပုပ်၊ တောအုပ်ဥမင်၊ မိုက်လေးအင်၌၊ ပြဘကံရာ၊ အဝါညီးညီး၊ တန်ဆောင်ကြီးကို၊ မီးမငြိမ်းရ၊ ထွန်း၍ပြသကဲ့သို့၊ ဒါနသခင်၊ အလှူရှင်နှင့်၊ ဝန်းကျင်ရံပတဲ၊ ပရိသတ်တို့အား၊ ကင်းပြတ် သကၤာ၊ ထင်သိသာအောင်၊ ထေရာ ကျမ်းမှ၊ ထုတ်ဖော်ပြ လျက်၊ ဓမ္မမီးရှူး ထွန်းလတ္တံ့။

တရားနှင့်ပြည့်စုံသော ဥပါသကာ တစ်ယောက်သည်၊ တိဿ ဘုရားသခင်အား၊ တံခွန်စိုက်ထူ၊ တင်ဆွဲလှူ၍၊ ပူဇော်ချီးမြှောက်ဖူးသတည်း၊ ထိုဥပါသကာ၊ မဇ္ဒါယကာသည်၊ ထိုတံခွန်လှူဖူး၊ ကုသိုလ်ထူးကြောင့်၊ ဤလူ့ရွာမှ၊ ခန္ဓာဇိဝိန်၊ စဲခွဲမှိန်သော်၊ တာဝတိံသာ နေရုံထိပ်စွန်း၊ နှစ်ပြည်နန်း၌၊ ငါးသန်းရှစ်ကုဋေ၊ ရံရွေတည်း၊ မဟေသီလေးပါး၊ ပျော်ကြောင်းဖြားလျက်၊ နတ်သားဒေဝရာဇ်၊ သုံးကျိပ်နှစ်တို့၏၊ သင်းကျစ်ညွှန့်ဖူး၊ ကွန့်မြူးစကား၊ ဝဇီရာဝုဓ် ရန်ညွှာနတ်သော၊ မရုတ္တမ၊ ဒေဝသေဠ်နင်း၊ သိကြားမင်းစည်းစိမ့်ကို၊ အကြိမ်သုံးရာ၊ ကြီးစွာစံစားရလေသတည်း။

လူ့ဘုံဘဝ၊ သက်လာကျလည်း၊ လောကဓာတု၊ တိုက်တစ်ခုထက်၊ စံပြုခြင်းငှာ၊ မထိုက်ရာသား၊ ရတနာခုနစ်ပါး၊ မိုးဖျားခရီး၊ စကြာ စီးသော၊ စောထီးစက္ကရတ်၊ မန္ဓာတ်ဘူပရာဇ်၊ မင်းအစစ်လည်း၊ အဖြစ်ငါးရာ၊ ရှည်မြင့်စွာအောင်၊ လူ့ရွာစိုးပိုင်သလေသည်၊ တစ်ကျွန်းတစ်ဌာန၊ အစိုးရသော၊ သာမည ဖြစ်ခြင်း၊ နှင်နှင်မင်းတို့ကား၊ စာရင်းသွတ်၍၊ ရေရွတ်

နိုင်ကြောင်း၊ မရှိကောင်းမျှ၊ ဖြစ်ပေါင်းလွန်များလှလေသည်၊ ကိုးဆယ့်နှစ်ကမ္ဘာ၊ အဝွန့်ကြာအောင်၊ ပါယ်ရွာမငြိ၊ သုဘူမိသို့၊ ဇာတိဆက်တိုင်း ကျလေသည်။

ဂေါတမဘုရား၊ ထင်ရှားပွင့်ခါ၊ ဤကမ္ဘာ၌ကား၊ ပဋိသမ္ဘိဒါ၊ ဆဠာဘိညာဏ်၊ တန်ခိုး ထန်သော၊ ထေရ်မွန်ရဟန္တာ၊ ခီဏာသဝ၊ သာဝကယောကျ်ားမြတ်ဖြစ်၍၊ ဧဇဒါယက ရဟန္တာမထေရ်၊ ရှေးအမည်ဖြင့်၊ ရွှေပြည်အောင်ခန်း၊ နိဗ္ဗာန်နန်းသို့၊ ဖြောင့်တန်းတက်ဆန်ကြွလေသည်၊ ဤမထေရ် ရဟန္တာသည်၊ ခန္ဓာမငြိမ်းမီကာလ၊ ရှေးဘဝ၌၊ တိဿဘုရားလက်ထက်၊ ဖိုလ် မဝ်ရွယ်ချူ၊ တံခွန်လှူသည်ကို၊ မှတ်ယူစေဆော်၊ အစဖော်လျက်၊ ကိုယ်တော်၏ပါရမီ၊ ထိုဤဘဝ၊ စံသမျှကောင်းကျိုး၊တန်ခိုးကျက်သရေ၊အထွေထွေကို ပုဗ္ဗေနိဝါသဉာဏ်ဖြင့်၊ အမှန်ဆုံးဖြတ်၍၊ ပရိသတ်တို့အား၊ ပြန်ကြား ဟောပြော အံ့သောဌာ-

> တိဿော နာမ အဟု သတ္ထာ၊
> လောကဇေဋ္ဌောနရာသဘော၊
> တိယောဂက္ခယေ ဒိသွာန၊
> ဓဇံ ရောပိတံမယာ။

အစရှိသော ခုနစ်ဂါထာ၊ သာယာမုဋ္ဌာန်၊ဥဒါန်းပြန်၍၊ နိဗ္ဗာန်ဝင်တော်မူသတည်း။

## နိဂုံးချုပ် ဥဓယျာဇဥ်

ထေရာခုဒ္ဒက၊ နိကာယ်ပြသော၊ ဓဇဒါယကာ၊ ရဟန္တာ မထေရ်၊ ရှင်ဇာနည်ကို၊ တိုင်တည် သမ္မုအနှုန်းပြု၍၊ အလှူဒါယကာ၊ တရားနာ ပရိသတ်၊ အမြတ်ရွယ်ချူ၊ ယခုလူတို့သည်၊ လိုဏ်ဂူဥမင်၊ စေတီပြင်တို့၌၊ စိုက်တင် ဖွဲ့ချည်၊ နတ်ပြည် လမ်း ပေါက်၊ တံခွန်ဆောက်၍၊ ချီးမြှောက်လှူဒါန်း ကြသောအခါ၊ ဤငါတို့အလှူ၊ တံခွန်ဟူ၍၊ ပြုမူကာမတ္တ၊ အပွက အာနိသင်ဟု၊ မထင်မမှတ် သင့်ပေ၊ မသွေ မလှန် သဒ္ဓါသန်လျှင်၊ သန်သည့်အတိုင်း၊အလှိုင်းမောက်ဖြိုး၊၊ ကောင်းကျိုး နက်တံ၊ မဆိတ်ည ့မျှ၊ စံ၍မဆုံး ရှိပေသည်၊ ဗောဓိသုံးတန်၊ သစ္စာဉာဏ်တွင်၊ ပန်လိုရာရာ၊ ပတ္တနာရည်မှတ်။ အာရုံညွတ်က၊ လူမြတ် အခေါင် ထိပေမည်ဟု၊ ကြည်ကြည်ချမ်းချမ်း၊ စိတ်ဝမ်းရွှင်စွာ၊ ဇောသဒ္ဓါနှင့်၊ စေတနာသုံးချက်ကို၊ထက်မြက်အောင် နှိုးဆော်၍၊ ပူဇော်လှူဒါန်းကြရမည်။

# ကောဋိပိက မထေရ်

သဗ္ဗညု၊ မြတ်စွာဘုရားသည် ကမ္မ၊ ဒွါရ၊ စိတ္တုပ္ပါဒ်၊ ဝတ္ထု၊ အစရှိသည်တို့ဖြင့် ဝေဖန်အပ်သော ကာမာဝစရကုသိုလ်အပေါင်း၌၊ ကောင်းစွာအကျုံးဝင်သော ဒါနကုသိုလ် တည်းဟူသော ရတနာရွှေအိုးကြီးကို၊ သိုမှီးမြှုပ်ထား၊ ပွားစေသော အလှူပေးဒါယကာ၊ လူသမ္မာတို့သည်၊ လူ့ရွာနတ်ရပ်၊ ကပ်သရွေ့၌၊ လောက်လွှဲ့ကြီးကျယ်၊ သူကြွယ်သူဌေး၊ တစ်ကျေးတစ်ခရိုင်၊ တစ်တိုင်းပိုင် ပဒေသရာဇာ၊ မဟာဧကရာဇ်၊ ခုနစ်ရတနာ၊ စကြာလှည့်ပတ်၊ မန္ဓာတ်မင်းစည်းစိမ်၊ ရွှေအိမ်၊ ရွှေဘုံ၊ အလုံးစုံချမ်းသာ၊ မဟာရာဇ်လေးပါး၊ သိကြားဝါသဝ၊ ကာမပညတ်၊ နတ်ခြောက်ရပ်၌၊ မဟာပ္ပတိ၊ မဟိဒ္ဓိနတ်မျိုးသို့၊ တန်ခိုးတေဇဝန်၊ ဗိမာန်နန်းဆောင်၊ အရောင်အဝါ၊ အာဏာဣဒ္ဓိပါဒ်၊ ကြီးမြတ်သော နတ်၏ချမ်းသာ၊ တစ်သောင်းစကြဝဠာ၊ ဆယ်မျက်နှာကို၊ ငယ်စွာစတောင်း၊ လက်တစ်ချောင်းဖြင့်၊ ရောင်မောင်းထိန်ဝင်း၊ ထက်ဝန်းကျင်လင်းနိုင်သော၊ ဗြဟ္မာမင်းဘုန်း၊ အနှုန်းအနှိုင်း၊ ခိုင်းဘက်မရှိ၊ လောကီ့စည်းစိမ်နှင့် တကွ၊ သာဝကပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗောဓိဉာဏ်၊ နိဗ္ဗာန် တိုင် အောင် သော၊ လောကုတ္တရာအကျိုးမြတ်ကိုလည်း၊ ဆတ်ဆတ်စံစားရ၏ဟု ပြတော်မူခြင်းငှါ၊ တိကနိပါတ်၊ သီရိဇာတ်၌-

၁။ သော ဒေဝမနုဿာနံ၊
သဗ္ဗကာမ ဒဒေါ နိဓိ။
ယံယဒေဝါ ဘိပတ္ထေန္တိ၊
သဗ္ဗ ဒါနေန လဗ္ဘတိ။ ။

၂။ သုဝဏ္ဏတာ သုသရတာ၊
သုသဏ္ဌာနာ သုရူပတာ။
အဓိပစ္စပရိဝါရော၊
သဗ္ဗ မေ တေန လဗ္ဘတိ။ ။

၃။ ပဒေသ ရဇ္ဇံ ဣဿရိယံ၊
စက္ကဝတ္တိ သုခံ ယံ ပိ။
ဒေဝရဇ္ဇံပိ ဒိဗ္ဗသု၊
သဗ္ဗ မေတေန လဗ္ဘတိ။ ။

၄။ မာနုဿကာ စ သမ္ပတ္တိ၊
ဒေဝလောကေ စ ယာ ရတိ။
ယာ စ နိဗ္ဗာန သမ္ပတ္တိ၊
သဗ္ဗ မေတေန လဗ္ဘတိ။ ။

အစရှိသည်ဖြင့် ဟောကြားတော်မူသည်။

ထိုဂါထာပါဋ်တို့၌၊ သိမှတ်စလွယ်၊ အဓိပ္ပါယ် သဘောကား၊ သုံးလောကစည်းစိမ်ကို၊ အကြိမ်ကြိမ် အဖန်ဖန်၊ ငြီးလောက်မှ တန်ခဲ့၍၊ ပြည်နိဗ္ဗာန် ချမ်းသာမြတ်တွင်၊ လက်စသတ် အဆုံးဟု၊ အကျဉ်းရုံး နည်းအမြွက်ဖြင့်၊ အနက်ကိုသိကြစေရမည်။

ဤသို့ ကြီးမားခိုင်လုံ၊ ကောင်းကျိုးပုံကို ပြည့်စုံစွာပေးတတ်သော ဒါနသည်၊ ဒါတဗ္ဗဝတ္ထုအားဖြင့် ဝေဖန်လျှင်၊ "အန္န၊ ပါန၊ ဃရ၊ ဝတ္ထ၊ ယာန၊ သယန၊ မာလာ၊ ဂန္ဓ၊ ဝိလေပန၊ ပဒီပ" ဟူ၍ ဆယ်ပါး အပြားရှိ၏၊ ထိုဆယ်ပါးတို့တွင်၊ ရတနာ သုံးပါးကို၊ မှတ်သား ရည်ဆောင်၍၊ တစ်ထောင်ပြိုင် တစ်ရာပြိုင်၊ တစ်တိုင် တစ်လက်၊ တစ်ခွက်မျှတည်း၊ နည်းပါး စေကာ၊ သဒ္ဓါမှုဋ္ဌာန်၊ စေတနာသန်သန် နှင့်၊ နိဗ္ဗာန်ဆုယူ၊ မှောင်မြူတားဆီး၊ ဆီမီးပြောင်ရှန်း၊ ညီထွန်းပူဇော်ရသော၊ ပဒီပ ဒါန၏၊ ဝိပါကအကျိုး ဆက်၊ ထက်မြက်ကြီးမြတ်ဟန်ကို၊ ကျမ်းဂန်ပါဠိ နှိုင်းညှိထောက်ရှုလျက်၊ အလှူဒါယကာ၊ တရားနာ ပုဂ္ဂိုလ်၊ မဂ်၊ ဖိုလ်ရည်ရော်၊ လူသူတော် တို့အား၊ ကော်ကနုဒ ပုပ္ဖမာလာ၊ ဖူးငုံကြာကို၊ သော်တာ ပြာသာဒ်၊ ငွေလရောင်ခတ်ရာတွင်၊ လတ်လတ်ရွှရွှ၊ ကြွကြွခိုင်ဆင့်၊ တစ်အိုင်လုံးပွင့်သကဲ့သို့၊ အ ဖွင့် သာဓက၊ ဝတ္ထုပြလျက်၊ ဆယ်ဆဆယ်ပြန်၊ သဒ္ဓါ ဇောထက်သန်အောင်၊ အပဒါန်စကားဖြင့်၊ တရား လရောင်လင်းလတ္တံ့။

### အကြောင်းအရာပြ ဝတ္ထုသာဓက

ဤဘဒ္ဒကပ် ကမ္ဘာမှပြန်၍ရေသော် ကိုးဆယ့်လေး ကမ္ဘာထက်၌ သိဒ္ဓတ္ထဘုရားသခင်၏ တေဇောဓာတ် လောင်ရာ သာရီရိကဓာတ်တော်၌ တစ်ဦးသော ဒါယကာ သည် ညဉ့်ဦးယံက ဆီမီးတစ်ခွက်ဖြင့်ထွန်းညှိပြီးလျှင် နံ နက် အ ရုဏ် တက် သည့် တိုင် အောင် မီးမငြိမ်း စေဘဲ ကြည်ညိုစွာ လှူဒါန်း ပူဇော်၏၊ ဤ သို့ သင်းချိုင်းတော်၌ ဆီမီးတစ်ခွက် ညှိထွန်း ပူဇော်ရ သော ကုသိုလ်ကြောင့် ထိုဒါယကာသည် ထိုဘဝမှ စုတေလျှင် တာဝတိံသာ နတ်ပြည်၌ ကောဒီပိက အမည်ရှိသော ဗိမာန်ကြီးစွာ ပေါက်ရောက် လာ၍ ထိုဗိမာန်ထက် တန်ခိုးကြီးသောနတ်သား ထင်ရှား ဖြစ်တုံလေသတည်း၊ ထိုအကြောင်းကိုပြခြင်းငှာ-

တတ္ထ မေ သုကတံ ဗျမှံ၊
ကောဒီပီတိ ဉာယတိ။
ဒီပ သတ သဟဿာနိ၊
ဗျမှေ ပဇ္ဇလယေ မမ။ ။

အစရှိသော ဂါထာ၊ ဤအရာ၌၊ များစွာပါဠိ ရှိသတည်း။

ထိုပါဠိအပေါင်းတို့၏ သိကြောင်းအဓိပ္ပါယ်ကား ထိုဆီမီးလှူသော ကုသိုလ်ကြောင့် ထိုနတ်သား၏ ဗိမာန်ထက်ဝန်းကျင်၌ ရောင်ရှင်ထွန်းမြူး၊ မီးရှူး တစ်သောင်း၊ ထိန်ထိန်မောင်းမျှ၊ ကောင်းကင်အနှံ့ လင်းလေသည်၊ ရောင်ခြည်တစ်ထောင်၊ မိုးခေါင် လှည့်ပတ်၊ ပလ်ပြာသာဒ်ကဲ့သို့၊ နတ်သား၏ကိုယ်မှ၊ စီးယိုဖိတ်လျှံ၊ ထွက်ပျံလူးလာ၊ ဆယ်မျက်နှာ၌၊ အခါမရွေး၊ညစ်ကြေးမရှိ၊ပကတိကိုယ်ရောင်၊ ညီးညီး ပြောင်၍၊ မိုက်မှောင်သက်သက် ကင်းလေသည်၊ တိရောကုဋ္ဋ၊တိရောသေလံ၊အရံအကာ၊စက္ကဝါမြေထု၊ မေရုတောင်ကြီး၊ ဆီးလှည့်ငြားလည်း၊ မတား ထုတ်ချောက်၊ ချင်းနင်းဖောက်၍၊ ဝေးမြောက် ယူဇနာ၊ တစ်ရာတိုင်တိုင်၊ မြင်စွမ်းနိုင်သော၊ မျက်စိ အလင်း၊ ကြည်လင်ခြင်းကိုလည်း ရလေသည်။

ဤကဲ့သို့ချည်း၊ ဤနည်းတူသာ၊ ဤနတ်ရွာ၌၊ သင်္ချာတွက်ဖွဲ့၊ ခုနစ်ဆယ့်ခုနစ်ကြိမ်၊ ရွှေအိမ်ကြငှန်း၊ နတ်နန်းကျက်သရေ၊ ဖြိုးဝေညီးညီး၊ နတ်သမီး နတ်သား၊ ခစားဝပ်ညောင်း၊ ရှစ်သောင်းခြံရံ၊ နတ်ဘုန်းကံဖြင့်၊ ပျော်စံ စမွယ် ရလေသည်၊ သိကြားမင်း အဖြစ်ဖြင့်လည်း၊ စင်စစ်တွက်ကျူး၊ သုံးဆယ် တစ်ဘဝ၊ ကာလတိုင်တိုင်၊ စိုးပိုင် ဥဿုံ၊ ဘုန်းရိပ်ခြုံ၍၊ ပြည့်စုံကြီးတင့်တယ်လေသည်၊ လူ့ပြည်လူ့ဌာန်၊ ရောက်လာပြန်လည်း၊ အလွန် အကြူး၊ မင်းထူးမင်းမြတ်၊ မန္ဓာတ်စကြဝတေး၊ လေးကျွန်းသဉ္ဇနင်း၊ မင်းနှစ်ဆယ့်ရှစ်၊ လှည့်ရစ် လောကဓာတ်၊ နတ် နှစ်ပြည်စိုး၊ ဘုန်းရိပ်မိုး၍၊ တန်ခိုးလွန်ကြီးကျယ်လေသည်။

ထိုမှတစ်ထွေ၊ ပဒေသရာဇ်၊ကောရာဇ်၊ သင်းကျစ် ထီး ဆောင်း၊ မင်းဖြစ်ပေါင်းကား၊အသောင်းအသန်း၊ ဂဏန်းမှတ်ကွက်၊ ရေတွက်ခြင်းငှာ၊ မတတ်သာ အောင်၊ များစွာစိုးဆက်နွယ်လေသည်၊ လူ့ဇာတ်၌၊ အမိဝမ်းမှာ၊ အောင်းသောခါလည်း၊ သတ္တဝါလူ၊

တစ်ပါးသူနှင့်၊မတူကွဲလွဲ၊ ဝမ်းတိုက်ထဲ၌၊ ရဲရဲရင့်ရင့်၊ မျက်စိဖွင့်လျက်၊ မြူနှင့်မရော၊ ချောမောသန့်စင်၊ ကြည်လင်စွာ၊ ကိမ်းအောင်းရလေသည်။

ငါတို့သခင်၊ ရှင်ဂေါတမ၊ လောကထွတ်ထား၊ မြတ်ဘုရား၏၊ ရွှေလက်ထက်တော်၌ကား - ခြောက်ဘော်အဘိဉာဏ်၊ ရှစ်တန်သမာပတ်၊ အမြတ်ကျေးဇူး၊ဂုဏ်ထူးငါးသသ၊ ပိုင်စိုးရလျက်၊ ဧကဒီပိကမထေရ်ဟု၊ အမည်တွင်ခေါ်၊ အကျော်အစော၊ အာသဝေါ ကင်းကွာ၊ ရဟန္တာ ယောကျ်ားမြတ်ဖြစ်၍၊ အသစ်ဇာတိ၊ မရှိကုန်ခန်း၊ နိဗ္ဗာန်နန်း၌၊ စံမြန်းရဖူးလေသည်ဟု၊ ယုံကြည်ထိုက်စွာ၊ ထေရာအပဒါန်၊ ဓမ္မခန်ပင်လယ်၊ ကျမ်းနိကာယ်မှ၊ အစိပ္ပာယ်လာသရွေ့ ကို၊ စေ့စေ့နာခံကြရမည်။

ဤအပဒါန်ဒေတနာ၊ ကျမ်းဂန်လာကို၊ တိုင်းထွာထောက်ဆလျှင် ဧကဒီပိကမထေရ်၏ အလောင်းဒါယကာယောကျ်ားသည် အင်အားမကြီး၊ တစ်ခွက်မီးမျှနှင့် အနီးအရင်း၊ ထွန်းလင်းပူဇော်ရသောအကျိုးကြောင့်၊ ကိုးဆယ့်လေးကမ္ဘာ အတွင်း၌၊ နတ်မင်းလူမြတ်၊ အထွတ်အထိပ်၊ ရွှေဗိမာန်-ငွေဗိမာန်၊ စံရဟန်ကို၊ ကျမ်းဂန်သို့လောက်ပြသေးသည်။

ဤယခု၌၊ အလှူဒါယကာ၊ မြတ်ရာရှာမှီး၊ သူတော်ကြီးတို့သည်၊ မီးတစ်ခွက်မျှ၊မကမြားမြောင်၊ တစ်ထောင်ပေါင်း၊တစ်ရာပေါင်း၊ ဖယောင်းမီးခွက်၊ ထိန်လက်ပြောင်ရွှန်း၊ ညီထွန်းပူဇော် နိုင်ကြသည်၊ သို့စင်များစွာ၊ တတ်နိုင်ပါသည်ကို၊ ကျမ်းလာသည့်စည်းစိမ်ဂုဏ်၊သိမ်ကျက်သရေ၊သည်အနေမျှနှင့်၊တန်မေမည်လား၊ စိတ်ထားကြည်ဖြူ၊ ဇောချင်းတူလည်း၊ အလှူဝတ်များရာ၊ ကောင်းကျိုးသာ၍၊ ပေးပါစတမ်း၊ ကျမ်းအထင်သား၊ တရားလမ်းသင့်၊ သို့ဖြစ်ခြင်းကြောင့်၊ ယခင့်နတ်သား၊ စံစားသည့် ချမ်းသာထက်၊ ထောင်ရာသိန်းသန်း၊ ဂဏန်းမလောက်၊ ကံမိုးမောက်၍၊ အခေါက်ခေါက် အပြန်ပြန်၊ လူ့ဌာန်နတ်ရွာ၊ ပြဟ္မာမိုးဖျား၊ တစ်လွှားသာကြွေ အစွမ်းကုန် မွေ့ပြီးမှ၊ ကိလေသာအာသဝ၊ ကင်းကာမျှသော၊ သာဝကပစ္စေကာ၊ ဝိမုတ္တိမည်ကာနှင့်၊ စိတ်အာသာ မရောင့်ရဲလျှင်၊ လွန်ကဲသော အာနုဘော်၊ သဗ္ဗညုဉာဏ်တော်ကို၊ ရည်ရော်အာလယ၊ လိုသည်မှာ တောင့်တလျှင်၊ရမေမည်တကားဟု၊ အားရဝမ်းသာ၊ စေတနာနှင့်၊ သဒ္ဓါကို ရှေ့တည်၍၊ ယုံကြည်စွာ လှူဒါန်း ပူဇော်ကြရမည်။

# ကောင်ရှိမှုယသူရဲကြီး

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သံသုမာဂိရိဇနပုဒ်ဝယ် ပဲ့စင်းငုံတော၌ သီတင်းသုံးနေတော်မူစဉ် ဥတိန်မင်း၏ သားဖြစ်သော ဗောဓိမင်းသားသည် ကောကနဒပြာသာဒ်ကိုစီရင်သော လက်သမား၏ မျက်လုံးနှစ်ဖက်ကို ဖောက်စေရာတွင် စကားစပ်လျှင်း၍ ဟောတော်မူ အပ်သော ပဉ္စက နိပါတ်ဝေနသာခဇာတ်၌ ဘုရားလောင်း တက္ကသိုလ်ဆရာကြီးသည် တပည့်ဗြဟ္မဒတ် မင်းသားအား–

၁။ နယိဒံ နိစ္စံ ဘဝိတဗ္ဗံ ဗြဟ္မဒတ္တ၊
ခေမံ သုဘိက္ခံ သုခိတာ စ ကာယော။
အတ္ထစ္စယေ မာ အဟု သမ္မူဠှော၊
ဘိန္နပ္လဝေါ သာဂရဿေဝ မဇ္ဈေ။ ။

၂။ ယာနိ ကရောတိ ပုရိသော၊
တာနိ အတ္တနိ ပဿတိ၊
ကလျာဏကာရီ ကလျာဏံ ၊
ပါပကာရီ စ ပါပကံ။
ယာဒိသံ ဝပတေ ဗီဇံ၊
တာဒိသံ ဟရတေ ဖလံ။ ။

ဟူသော ဂါထာဖြင့် ဆုံးမ ဖူး ကြောင်း၊ ဇာတ်ဟောင်းအတိတ်ကိုဆောင်၍၊ ဘုန်းခေါင် မြတ်ဖျား၊ ဟောကြားတော်မူသည်၊

ထိုပဉ္စကနိပါတ်၊ ဇာတ်ဒေသနာ၊ ပါဠိဂါထာ၌၊ မြတ်စွာဘုရား အလိုတော်ရှိ၊ မှတ်သိရန် အဓိပ္ပာယ်ကား-အို ဗြဟ္မဒတ္တ၊ အမည်ရသော၊ ဥပရာဇာ၊ နန်းလျာထားတင်-မောင်လုလင်၊ လူ့ခွင်တစ်ရိုး၊ လူ အမျိုး၌၊ ကောင်းကျိုးဆိုက်တိုက်၊ ပေးကြစဉ် အခိုက်ကို၊ ငါ၌ဘယ်မှာ၊ဘေးရှိရာမလဲ၊ အစာဆန်ရေ၊ ရွှေ-ငွေ-စိန်ကျောက်၊ လုံလောက် ပြန့်ပြော၊ ပေါနိုင်မျှတကား၊ ဝိုက်ကိုနှက်၍၊ တစ်သက်လုံးစားသော်လည်း၊ ရှားနိုင်မည် မထင်၊တို့လင်မယား၊သားပါကျွန်ပါ၊ ချမ်းသာဘိခြင်း၊ဘယ်အခင်းမစပ်၊ဘယ်ကပ်နှင့်မဆိုင်၊ စိတ်ကနိုင်လျှင်၊ ကိုင်လိုက်ချည့်သဘောနှင့်၊ ငရဲသော၊ ဝိပါက်သော၊ ကျောကမှမကြား၊ သုစရိုက်ဆယ်ပါးကို၊ ချုံကြားသို့ပစ်လိုက်၊ ဒုစရိုက်ဆယ်ပုံကို၊ စံပယ်ရုံပျိုးသကဲ့သို့၊ ပွားတိုးအောင် ဆည်းပူးလျက်၊ ယစ်မူး ပုပ်မှို၊ ကုသိုလ်နှင့် မဆက်ဆံ၊ စောင်ကုပ် တုတ်ထမ်း၊ ပြိတ္တာလမ်းသို့၊ ကြွစမ်းမည်ကြံကြသော၊ လောကစံရှစ်ပိုင်းကို၊ မတိုင်းမထွာ၊ပညာလှိုကြံ၊ လူ့ချွတ်ခြုံတွေသာ၊ လူ့ဘုံ၌များကြချေသည်။

မနာမီကာလ၊ပစ္စက္ခတွင်ပင်၊ရှေးကကုသိုလ်၊ကံတုံး၍ တိုသော့ခါ၊အိုနိုင်မျှ ပုံပန်း၊ဆင်ကန်း ချောက်ကျ၊ ကိုးကွယ်ရာမရ၊ ဒုက္ခတောင်ရှိ၊ ကရိကပါး၊သေလွန်၍ သွား ပြန် လျှင်၊ ငါ တကား ဆို သည့် လူ ကို၊

ကြွက်ကြွက်ဆူအောက်ငရဲသို့၊ ခေါ်ဆွဲ၍ သွားကြလေတော့သည်၊ ဤလောက လူ့ပြည်တွင်၊ ရွှေ-ငွေဥစ္စာ၊ အရာအထူး၊ ကျေး ငှူး သမ္ဘာရ၊ သည်မျှ လောက်နှယ်နှယ်၊ သေးငယ်သည့်စည်းစိမ်၊ ဖျင်းသိမ်နုံ့၊ မရင့်မအောင်၊ စိမ်းနုရောင်ဖြင့်၊ နေ လောင် မှို့ များ ကို၊ တကဲ့အင်ခွင်၊ နိဗ္ဗာန်လောက် ထင်၍၊ ဖြစ်ချင် တိုင်း အကုသိုလ်နှင့်၊ ရက်ပို၍ မနေစေရာ၊ သင်္ခါရနိုင်ငံက၊ တစ်ဆံခြည်တစ်မြူညင်းမျှ၊ လွတ်ကင်းသူ မရှိကြ။

> "ဘိဇ္ဇနဓမ္မောလည်း၊ ဘိဇ္ဇနောပုံသေမှတ်၊ နဿနဓမ္မောလည်း၊ နဿနောဝေကန်၊ ဖောက်ပြန်ပျက်ပြယ်၊ ကုသိုလ်ကံ ကွယ် သော ခါ၊ ပင်လယ်ခေါင် ရေဝဲတွင်၊ လှေကွဲ၍ မှောက်သကဲ့သို့၊ လန့်ကြောက် တွေဝေ၊ သေရာမသိရှိတတ်သည်"

ဖြဟ္မဒတ်မောင်လုံလင်လည်း၊ ငါသင်သည့် စကားကို၊ နားထောင်၍ကျင့်ပါလေ၊ နေရသမျှ၊အာယုကပ်တစ်ခဏတွင်၊ ပါပဝတ္တု၊ မကောင်းမှုကို၊ မပြုအပ်မပြုထိုက်၊ သုစရိုက်တရား၊ ပါရမီ စီးပွား ကို သာ၊ ကြိုးစား၍ ကျင့်ဆောင်၊ ကောင်း အောင် ပြု လျှင်၊ ကောင်းမှု ကောင်းကျိုး ထောက်လိမ့်မည်၊ မကောင်းကြံလျှင်၊ ကံနှင့် လျော်စွာ၊ မကောင်းရာသို့၊ မကြာချက်ချင်းရောက်လိမ့်မည်၊ ဥပမာပုံ အလားမှာ၊ စပါးကို စိုက်ကြဲလျှင်၊ ပြောင်းပဲ မသီးလှာ စကောင်း၊ ပြောင်းပဲစိုက်ငြား၊ အမျိုးခြား၍၊ စပါးမသီးကောင်းပေရာ–

> ကလျာဏကာရီ ကလျာဏံ ၊
> ပါပကာရီ စ ပါပကံ။
> ယာဒိသံ ဝပတေ ဗီဇံ၊
> တာဒိသံ ဟရတေ ဖလံ။ ။

ငါ့ဆရာမိန့်သံကို၊ နာခံ၍ ကောင်းအောင်ကျင့်၊၊ လာလတ္တံ့အခွင့်ကို၊ ချင့်မိ၍သာ၊ ဆရာတော်မှာလိုက်သည်၊ သကော်ယောင်မရှိနှင့်၊ သတိကို မြဲ့ပြုလေဟု၊ ဘုရားလောင်းဆရာမြတ်က၊ ဖြဟ္မဒတ်မင်းသားကို၊ မှာကြားတော်မူလိုက်၏ ဟူလိုသော်။

ဤနိပါတ်တရား၊ ဆရာကြီးစကားကို၊ပျားသကာကြံချိုသကဲ့သို့၊ မျိုမတတ်ခင်မင်၊ နားဝယ်တင်၍၊ အကြင်ယခု၊ တရားနာတစ်စုတို့လည်း၊ ဒုကိုပယ်ပစ်၊ သုကိုချစ်ကြမှု၊ ပစ္စက္ခ သံသရာ၊ နှစ်ရပ်သောခန္ဓာ၌၊ ချမ်းသာနှင့် မပြတ်၊ တစ်သမတ်တည်း ကောင်း၍၊ ဆုတောင်းသည့် အလျောက်၊ နိဗ္ဗာန်တိုင်ရောက်ကြမည်၊ အထောက်အထား၊ နိပါတ်တော်စကားကို၊ စုလျားပေါ်တင်၊ ဘွဲ့ဖြူဆင်သကဲ့သို့၊ စိတ်တွင်နိစ္စဆောင်ရွက်ကြ၍၊ ဆုံးမတိုင်းကျင့်ကြံကြရမည်။

## အကြောင်းအရာပြ ဝတ္ထုသာဓက

"ယာနိ ကရောတိ ပုရိသော၊ တာနိ အတ္တနိ ပဿတိ" အစရှိသော ဒုတိယဂါထာနှင့် အညီ၊ ပုညကိရိယာဝတ္ထု ဆယ်ပါးတွင် ဒါနတည်းဟူသော စပါးမျိုးကို စိုက်ကြဲ၍ လူ၊ နတ်၊ နိဗ္ဗာန် ချမ်းသာတည်းဟူသော စပါးသီးနှံ ကောင်းကျိုးကံကို ခံစားရ ဖူးကြောင်း သက်သေကား–

ကဿပ မြတ်စွာဘုရား လက်ထက်တော်၌ အမျိုးသားတစ်ယောက်သည် သာသနာတော်၌ ကြည်ညို၍ သံဃာတော်တို့အား နွားနို့ရည်နှင့် စာရေးတံဆွမ်းကို မပြတ်လှူ၏၊ ထိုမှတစ်ပါး ရဟန်းတို့အား ခါးပန်း၊ တောင်ဝှေး စသည်ကိုလှူ၏၊ တရားတော်ကို နာရသောကြောင့် ဒုစရိုက်ကိုကြဉ်ရှောင်၍ သုစရိုက်ကိုသာကျင့်၏။

ထိုအမျိုးသားသည် သေလွန်လျှင် နတ်ပြည်၌ ကြီးစွာသောစည်းစိမ်ကိုစံစား၍ ကဿပဘုရားရှင်နှင့် ငါတို့ ဘုရားရှင်အကြား ကာလပတ်လုံး သုဂတိ ဘဝ၌သာ ကျင်လည်၍ ဘုရားပရိနိဗ္ဗာန် စံလွန်သည် နောက် သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိ မင်းကြီးလက်ထက် ရောဟနဇနပုဒ်တိုက် လဝေဋ္ဌရွာ၌နာဂအမည်ရှိသော သူကြွယ်၏ သား ခု နစ် ယောက် တွင် အငယ်ဆုံး ကောဠရိမ္ဗယ အမည်ရှိသော သူကြွယ်သားဖြစ်လာ၍ ရှေး၌ နွားနို့ရည် စာရေးတံဆွမ်း လှူဒါန်းခဲ့သည့် ကုသိုလ်ကြောင့်–

၁။ လှည်းအစီး ခြောက်ဆယ်တိုက်လောက်သော ဝါးရုံတောကြီးကို သားရေလွန်နှင့် ပတ်၍

လက်ဝဲလက်ယာဖြင့် အသာဆွဲနုတ်လျက် ဦးခေါင်းထက်၌ ပတ်ပတ်လည်လှည့်စေ၍ ပစ်နိုင်ခြင်း၊

၂၊ အလွန်ထူးကဲ ကြီးနိုင်လှသော အုတ်ကျောက်မြို့ရိုးတံတိုင်းတို့ကို လက်ဝဲခြေဖြင့် ပြိုပျက်အောင် ကန်ကျောက်နိုင်ခြင်း၊

၃၊ ကြီးစွာသော သစ်ပင်တို့ကို ခွန်အားမထုတ် အသာအယာအမြစ်ပါနုတ်ပြီးလျှင် တုတ်ပြု၍ ရိုက်နိုင်ခြင်း၊

၄၊ ဘီလူးအပေါင်းတို့၏ အမှူးအကြီး ဖြစ်သော ဘီလူးစစ်သူကြီး ဇေယသေနနှင့် လက်ပမ်းသတ်ကြရာ ဇေယသေနဘီလူး၏ ဦးခေါင်းကို လက်ဝဲခြေသန်းဖြင့် ခတ်လိုက်လျှင် ဘီလူးဦးခေါင်း ပြတ်၍ တစ်ကောသ တိုင်အောင် ဘီလူးခေါင်းကို စင်လွင့်စေနိုင်ခြင်း၊

ဤသို့သော ခွန်အားစွမ်းပကားနှင့်ပြည့်စုံသော ကောင္ဍရိမ္ဗယအမည်ရှိသောသူရဲကြီးဖြစ်၍ဒုဋ္ဌဂါမဏိမင်းကြီး၏မြင့်သောစည်းစိမ်နှင့်တကွ မိမိရှေးကုသိုလ်ကြောင့်ဖြစ်သော နတ်စည်းစိမ်ကဲ့သို့ ကြီးစွာသော စည်းစိမ်ကို ပျော်စံစား၍ သုံးဆယ့်နှစ်ယောက်သော ကျည်းခရိုင်မင်းတို့နှင့်တကွ တစ်ဆယ့်ရှစ် ပြည်ထောင်သော ကျည်းစစ်သည်အပေါင်းတို့ကို ထောင်းထောင်းညက်ညက်ဖြိုဖျက်နှိပ်နှံခဲ့ပြီးမှထိုဘဝ၌ပင်ပဋိသမ္ဘိဒါပတ္တ ရဟန္တာမြတ်ဖြစ်၍ နိဗ္ဗာန်ယူလေသည်ဟူ၍ မစုရရသဝါဟိနီကျမ်း၊ မဟာဝင်ကျမ်းတို့၌လာသည်၊

## နိဂုံးချုပ် ဥပဒေ္ဗျာခဥ်

ဤသို့လာသော၊ ကောင္ဍရိမ္ဗယ သူရဲကြီး၏၊ ရှေးတီးကာလ၊ မျိုးစေ့ ချခဲ့သော၊ ဒါနတရား၊ မျိုးစပါးသည်၊ လားလေရာရာ၊ ကိုယ်ခန္ဓာ၌၊ ကြီးစွာသော အသီးအနှံ တို့ကို ဖြစ်စေလျက်၊ မရေမတွက်နိုင်သော ကျိကြ တောင်းတင်းဖြင့်၊ လောင်းသွင်း၍ မကုန်နိုင်၊ ကြီးခိုင်ပြန့်ပွား၊ စည်ကားရုံမက၊ အမတရှာဘုံ၌၊ ခိုလှုံ ပျော် ညောင်း ၍၊ ငြိမ်းဖူး ကြောင်း ဝတ္ထုကို၊ ခု မျက် မှောက် တွင်၊ အတပ်မြင်သကဲ့သို့၊ ရှင်လှသော စေတနာဖြင့်၊ ကျမ်း လာ တိုင်း အညီ၊ ဆယ်လီသော ကုသိုလ် မျိုး ကို၊ စိုက်ပျိုး ရင်းနှီးမှ၊ အသီးတည်းဟူသော၊ လောကီ လောကုတ္တရာ၊ချမ်းသာ သုံးပါးကို၊ ဆွတ်စား သုံးဆောင် ရချိမ့်မည်၊ သာဓုဇန၊ သာဝက နွယ်လာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့။

## အကြောင်းအရာပြ ဝတ္ထုသာဓက

ဤသို့ သုဂတိဌာန၊ ဘုံဘဝကို၊ ရကြောင်းဖြစ်သော ဒါန-ဒါတဗ္ဗအသီးသီးတွင်၊ ထီးအလှူ ကုသိုလ်ကြောင့်၊ မဂ်-ဖိုလ်စင်စစ်၊ ရဖူးသော အဖြစ်ကို၊ ဖွင့်လှစ်သာဓက၊ နိတတ္တဖြင့်၊ စုံပြသက်သေ ထုတ်လတ္တံ့၊

မောလိနီမြို့နေ ဘုရားလောင်း သခ်ပုဏ္ဏားသည်၊ သဘော်ဆိပ်သို့အသွား၊ ခရီးအကြား ရှေ့တူရူ တွင်၊ ပူလှသောသောင်ပြင်၌၊ ရှင်ပစ္စေကဗုဒ္ဓါ၊ ထီးမပါ ယပ်မစွဲ၊ ဖိနပ်လဲမစီး၊ ကိုယ်တော်ထီးဖြင့်၊ ခရီးသွားတော်မူသည်ကို မြင်လျှင်၊ လှူချင်သော စိတ်သဒ္ဓါ၊ အားကြီးစွာရှိရကား၊ မိမိဆောင်းခဲ့ စီးခဲ့သော ထီးနှင့်ဖိနပ်ကို၊ ပွတ်သပ်သုတ်သင်၊ ရှင် ပစ္စေက ဗုဒ္ဓါအား လှူ၍၊ သဘော် လွှင့် သွားရာ၊ ပြင်း စွာ သော လေ အန္တ ရာယ် ကြောင့်၊ ပင် လယ် ရေ ကြော၌ သဘော်ပျက်စီး သည်တွင်၊ နတ်သမီး မေခလာသည်၊ မင်းဆရာဗြာဟ္မဏ၊ သခ်ပုဏ္ဏားကြီးအား၊ ထီးဖိနပ် လှူခဲ့သော၊ ထိုဆောက်ဦ ကုသိုလ်ရပ်ကို၊အထပ်ထပ် ဖော်ပြလျက်၊

သတ္တရတနာ၊ အဝါလျှံမောင်း၊ ဥဒေါင်းကိန္နရီ၊ ကဟန်ချီသကဲ့သို့၊ ဣန္ဒနီမြကျောက် ဖြင့်အထက်အောက်မြိုင်မြိုင်၊ သုံးပင်တိုင်ထူ ပြီးလျှင်၊ ရွှေဇမ္ဗူကြီးမြွာ၊ ငွေသာစွာ ရွက်ထည်၊ စံဆယ်ရည်လျှံဖိတ်သော၊ သိင်္ဂနိက်တက်ဝါးဖြင့်၊အလျားရှစ်ဥသဘ၊ လေးဥသဘ အနံ၊ အလုံ ငါးရာခြောက်ဆယ် အစောက်ရှိ သောသဘော်ကြီးကို၊ ချက်ချင်းပြီးဖန်ဆင်း၍၊

လှေသဘော်အထဲ၌၊ ပုလဲပတ္တမြား၊ အမျိုးခြားဥစ္စာ၊ ရတနာ အနဂ္ဃကို၊ မကျအောင် တင်ပြီးလျှင်၊ နေရပ်ခွင်ချက်သို၊ မောလိနီပြည်နဂိုရ်သို့၊ ကုသိုလ်

တော်စာဂီ၊ ထီးလှျှသည့်ပါရမီကြောင့်၊ နတ်ဒေဝီ မေခလာသည်၊ မနေသာဖန်ဆင်း၍ ချက်ချင်း ရောက်ပို့ လိုက်ဖူးလေသည်။

**နိဂုံးချုပ် ဥဒယျာဇဉ်**

ဤသို့ နဝနိပါတ်၊ သန်ဇာတ်ဝတ္ထုကဲ့သို့၊ ယခု အခါ၊ထီးလှျှသည့် ဒါယကာတို့သည်၊ မေခလာရေ နန်းသူကို၊ ထီးလှျှသည့် ကုသိုလ် ဇောကြောင့်၊ သဘော လုပ်စေခိုင်း၍၊ လိုတိုင်းကို တောင်းသော် လည်း၊ ဇာတ် ဟောင်း ကို ထောက် ဆ လျှင်၊ ရခဲတော့မည် ကေန် နိဗ္ဗာန်မှာအဆုံးဟု၊ နှလုံး၌အပြီး ထား၍၊ သုံးပါးသော စေတနာကို၊ ထက်သန်စွာမွှား စေကြရမည်။

# သားတော် ရာဟုလာ

"ပဏ္ဍိတာနဒေါ ပဋ္ဌာယ"စသော ပါဠိနှင့်အညီ၊ ဒီပင်္ကရာမြတ်စွာဘုရား၏အထံတော်၌သမ္မာသမ္ဗောဓိဆုကို ပန်ဆင်တော်မူသည်မှစ၍ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး၊ ပါရမီ သုံးဆယ်၊ ငါးသွယ်စာဂ၊ စရိယာသုံးရပ်၊ ခပ်သိမ်းသော ဗောဓိ သမ္ဘာရအပေါင်းတို့ကို ဖြည့်ကျင့်ရွက်ဆောင် စည်းရုံးလျက်၊ အဆုံးစွန်သော ဝေဿန္တရာ အဖြစ်သို့ ရောက်တော်မူသောအခါ၊ ဆင်ဖြူရတနာ၊ ကဏှာ ဇာလီ၊ မဒ္ဒီမိဖုရား၊ လေးပါးသောအမြတ်ရတနာနှင့်တကွ၊သတ္တသတကဟု ဆိုအပ်သော အသဒိသ မဟာဒါန အလှူကြီးကို မြေခုနစ်ကြိမ်လှုပ်အောင် ပေးလှူစွန့်ကြဲတော်မူပြီးမှ ထို ဝေဿန္တရာ ဘဝက စုတေသည်ရှိသော်–

တုသိတာနတ်ပြည်၌ လူတို့အရေအတွက်အားဖြင့် ငါးဆယ်ခုနစ်ကုဋေနှင့် အနှစ် ခြောက်သန်း ပတ်လုံး နတ်မင်းကြီး၏စည်းစိမ်ကို ငြိမ် သက် စွာ စံနေတော်မူရာ စကြဝဠာ တိုက် တစ်သောင်းလုံး၌ ရှိသော နတ်ဗြဟ္မာအပေါင်းတို့သည် အညီအညွတ်လာ၍ ဘုရားဖြစ်ချိန်တန်ကြောင်းကို ဘုရားလောင်းအား လျှောက်တောင်းပန်သည်နှင့် ငါးပါးသောကြည့် ခြင်း ကြီးဖြင့် ကြည့်တော်မူသော အခါ ဝါ ဆို လပြည့်၊ အာသဠ္ဍ နက္ခတ်၊မွန်းတည့်မတ်တွင်၊ လောကဓာတ်တစ်သောင်းလုံးကို တစ်ပြိုင်နက် အလင်းရောင်ကို ဖြစ် စေ လျက်၊ သိရိမဟာမာယာဝမ်းသို့ သက်တော်မူ၍ ဆယ်လစေ့လျှင် ဖွားတော်မူ၏။

သက်တော် တစ်ဆယ့်ခြောက်နှစ် ရောက် သောအခါ ဆွေတော် မျိုးတော် တို့၏ အလယ်၌ အလွန်ဆန်းကြယ်လှစွာသော လေးအတတ်ကို မင်းပရိသတ်နှင့်တကွ ပြည် သူ အ ပေါင်း တို့ အား အံ့ဖွယ်သူရဲရှိအောင် ပြ တော်မူ ပြီး သော် မြောက် သား တော်ယသော်ဓရာ မိဖုရား အမှူးရှိသော မင်းသမီးလေးသောင်းနှင့် တ ကွ ရမ္မ သုဘ သုရမ္မ ရွှေနန်းပြာသာဒ်သုံးဆောင်၌ မင်းဆက်တကာ မစံရာသောဟာဝတီ သာနတ်မင်း၏ စည်းစိမ်နှင့်တူသော လူမင်းစည်းစိမ်ကို တစ်ဆယ့်သုံးနှစ်ပတ်လုံး စံတော်မူသည်။

အသက်တော်နှစ်ဆယ့်ကိုးနှစ် ရောက်တော်မူသောအခါ မင်္ဂလာ ရေကန်၊ ဥယျာဉ်တော်သို့ လေး လ တစ်ကြိမ် ထွက်စံတော်မူရာ သုဒ္ဓါဝါသ ဗြဟ္မာတို့ အစဉ်အတိုင်း ပြအပ်သော သူအို- သူနာ- သူသေ ရဟန်းအသွင် ကျိန်မိတ်လေးပါးတို့ကို မြင်တော်မူ၍ အလွန်ထိတ်လန့် ပင်ပန်းလျက် ရဟန်းပြုလိုသော အကြံတော်ရှိသည့်နေ့ပင် တစ်ဖန်လျှင် ရွှေ စင် နှိုင်းလျှော် သားတော် ရာဟုလာ ဖွား မြင် ကြောင်း ကို လျှောက် ကြား လာ ပြန် သော ကြောင့် ငါ့ အား သံခြေကျင်း နှစ်ဆင့် ထပ် ပြန် ခဲ့ သည်၊ ကြာလျှင် နိက္ခမပါရမီ လွတ် ချေ တော့ မည် ဟု ထို ည သန်းခေါင်ယံ၌ ဆန္နနောက်လိုက် အမတ်နှင့် တကွ ကဏ္ဍကက မြင်း မြတ် ကို စီး၍၊ မြို့နန်းတံခါးကြီးက ထွက်လျှင်ထွက်ချင်း မာရ်မင်းလာ၍–

> သိဒ္ဓတ်မင်းသား....တောမထွက်နှင့်၊ယနေ့ကကို ခုနစ်ရက် မြောက်လျှင် စကြာ ရတနာ ရောက်၍ လေးကျွန်း လုံး ကို အစိုးရ သော စကြာမင်းဖြစ်လတ္တံ့။

ဟု တားဟန့်လာသည်ကို စကြာမင်း စည်းစိမ်မျှကို မဆိုထားဘိ၊ သိကြားမင်း၊ဗြဟ္မာမင်းတို့၏ စည်းစိမ်ကိုပင်သော်လည်း ငါအလိုမရှိ၊ဝိမုတ္တိကိုးတန်၊နိဗ္ဗာန်စည်းစိမ်ကိုသာ၊ ငါအလိုရှိတော်မူသည်၊သင်လွတ်ရာ ရှားလေဟု ခြိမ်းမောင်းတော် မူ လျက်၊ ထွက်တော်မူရာ၊ စကြဝဠာ ဇာတိ တိုက်တစ်သောင်းလုံးမှ နတ်ဗြဟ္မာအပေါင်းတို့သည် အညီအညွတ်လာ၍ ရတနာမီးရှူး ကိုယ်စီကိုင်လျက် လက်ယာတော် က ခြောက်သောင်း၊ လက်ဝဲတော်က ခြောက်သောင်း၊ ရှေ့တော်က ခြောက်သောင်း၊နောက်တော်ကခြောက်သောင်း၊ တစ်ကောင်းကင်လုံး အပြည့် အနှံ့၊ စကြာဝဠာ တံတိုင်းဆိုက်အောင်၊ လိုက်၍ အရောင် အလင်း ကို ပြကြရကုန်၏။

လူ့ပြည်၊ နတ်ပြည်၌ ရှိသော တူရိယာငါးမည်၊ စည်မျိုးခြောက်သောင်း တို့သည် လည်း၊ ဘုရား အလောင်းကို ကောင်း ချီး ပေး ဘိ သကဲ့သို့ တစ်စုံတစ်ယောက်သော သူ တို့ မတီးမမှုတ်ဘဲ အလိုလိုညွှီးညွှီး ညံညံ၊မိုးယံမြေပြင်၊ကောင်းကင်အလုံးခြိမ့်မျှ၊ သာယာစွာ ရင့် ရှု မြည် ကြွေး လျက်၊ အထက်က နတ်သား-နတ်သမီးတို့၊ ဝဲချီးကော်ရော်၊ ပူဇော်ကြဲချအပ်သော၊ ရွှေ-ငွေ-ပတ္တမြား၊ခုနစ်ပါးရတနာတို့ဖြင့် ပြီးသော၊ ထီးတံခွန်၊ ကြက်လျှာ၊ နံ့သာ ပန်း၊ ပေါက်ပေါက်တို့သည် အဆပ်ထပ် စပ်ကာစပ်ကာ ပျဉ်လျက်၊ အယဉ်တတွေတွေစွေ၍ ကျသောမိုးကြီးကဲ့သို့၊ စီးတော်မူသော၊ ကဏ္ဍကမြင်းမြတ်၏ ရင်အုပ်မြုပ်နစ်အောင် တောတောင်ဝန်းကျင် မြေပြင်အလုံး တင်းကျမ်းပြည့်မျှ ရှိ၏။

ကဏ္ဍက မြင်းတော်၏ စွမ်းရည် သတ္တိ ကား နံနက် အရုဏ်တက်ကိုနန်းတော်ကထွက်၍ စကြဝဠာတိုက်အဝန်း လေးကျွန်းလုံးကိုလှည့်လည်သည်ရှိသော် ထိုနေ့နံနက်ပင် စားတော်ခေါ်မီအောင်ရွှေနန်းတော်သို့ ပြန်ရောက်နိုင်သော အစွမ်း ခွန်အားနှင့် ပြည့်စုံလျက် နတ်တို့ ပန်းမိုးတို့ကို ဖွေ့ယက်ကာ သွားရလေခြင်းကြောင့် မိုးလင်းမှ ယူဇနာ သုံးဆယ်မျှသာ ကွာသော အနောမာ မြစ်နားသို့ ရောက်တော်မူရလေသည်။

ထိုသို့ ရောက်၍ မြစ်နား၌ တန့်ရပ်တော်မူပြီးမှ "ဆန္နအမတ်.... ဤမြစ်သည် အဘယ် မည်သော မြစ်နည်း"ဟု မေးတော်မူလျှင် ဆန္န အမတ်လည်း ရှေးကကြားသည့် အမှတ်သညာနှင့် အနောမာမြစ်ဖြစ်ကြောင်းကို တင်လျှောက်သည်ရှိသော်-

> အနော် မ သ ဒ္ဒါ သည် မ ယုတ် မာ သော အ နက် ကို ဟော သည် ဖြစ် ၍ ငင် စစ် လျှင် သူ မြတ် အ ပေါင်း တို့ ကောင်း သော လောကုတ္တရာ ချမ်းသာအောင်မြိုက်အထူးကို ဆွတ်ခူးရာဖြစ်မည်-

ဟု သာကြည်အေးမြသော ပုဗ္ဗနိမိတ်ကို ယူတော်မူပြီးမှ ကဏ္ဍက မြင်း မြတ် ကို အမှတ် ပေး တော်မူပြီးလျှင်၊ မြင်းတော်ကဏ္ဍကလည်း အလွန်နားလည်လိမ္မာ လျင်မြန်သန်စွမ်းလှသည်နှင့်၊ လျှော်ခြည်ဝဲသကဲ့သို့၊ ခွဲ ကာ အ သာ လွှားလိုက်လျှင် ရှစ်ဥသဘ ကွာသော ဂင်္ဂါ၊ ထိုမှာဘက်ကမ်းခြေ၊ ရွှေ-ငွေ အဆင်းနှင့်တူသော သဲသောင်ပြင်ထက်သို့၊ ကျလျှင်ကျချင်း၊ မြင်းထက်က ဆင်းသက်တော်မူ၍ ပတ္တမြားမျက်မြတ်၊ နဝရတ်ကိုးသွယ်တို့ဖြင့် ခြယ်အပ်သော လက်သုံးတော် ရွှေသန်လျက်ကို၊ လက်ယာ ဘက် က ကိုင်လျက်စွဲကာ၊ လက်ဝဲဘက်ကလက်မှာ၊ ရာဟုလမာတာ၊ ငိမ္ဗာဒေဝီသည်၊ နှင်းဆီမွှေးမျိုးတို့ဖြင့် မပြတ်လိမ်းသပ် ထုံးရစ်အပ်သော ရတနာ ဥဿျှောင်ခွေကို၊ ဖြေဖြန့်စည်းရုံးလျက်၊ တစ် ချက် တည်း နှင့် ကိစ္စပြီးလွယ်အောင်၊ ပယ်တော်မူပြီးမှ၊ သစ္စာ ဓိဋ္ဌာန်ပြု၍ အ ထက် ကောင်း ကင် သို့ လွှင့် မြှောက်လိုက်သည်ကို၊ မြင်းမိုရ်ခသဌ်နင်း၊ သိကြားမင်းက၊ တစ်ယူဇနာ အ တိုင်း အရှည်ရှိသော ရတနာပန်းတောင်းနှင့်ခံယူ၍ တာဝတိံသာနတ်ပြည်၌ စူဠာမဏိပုထိုးတော်ကို တည်ထားဌာပနာလျက်၊ ယခုကာလတိုင် နတ်အပေါင်းတို့ ကိုးကွယ်ပူဇော်ခြင်းကို ပြုကြကုန်သည်။

ထိုအခါ ဃဋိကာရဗြဟ္မာကြီးသည်လည်းပရိက္ခရာ စုံ နှင့်တကွ ဆက်သကပ်လှူလာသော ကမ္ဘာတန်ဆာ

ကြာသကိန်းဖြင့် ရဟန်းပြုတော်မူလျှင် ဇမ္ဗူရာဇ်သိန်းတန် ဝတ်လဲတော်ကိုမူကား ဗြဟ္မာတို့ယူ၍ အကနိဋ္ဌ ဗြဟ္မာဘုံ၌ တစ်ဆယ့်နှစ်ယူဇနာ အမြင့်ရှိသော ဒုဿစေတီတော်ကို တည်ထား ဌာပနာပြီးလျှင်၊ ဗြဟ္မာမင်းတို့သည် အစဉ်မပြတ် ကိုးကွယ်ပူဇော်ခြင်းကို ပြုကြလေကုန်သည်။

ထိုသို့ ဘုရားအလောင်း ရဟန်းအဖြစ်ကိုယူတော်မူပြီးသော် ဖွားဖက်တော်အမတ်ဆန္နနှင့် ကဏ္ဍကမြင်းတော် ပြန်ကြလေတော့ဟု ခွင့်ပြုတော်မူပြီးမှ အနုပိယ သရက်တောသို့ ဝင်တော်မူ၍ ခုနစ်ရက်ပတ်လုံး ရဟန်းတရားကို ပွားစေတော်မူသည်။

ထိုကမှ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွတော်မူ၍ ပဏ္ဍဝတောင်ရိပ်မှာ ဆွမ်းဘုဉ်းပေးတော်မူရာ ဗိမ္ဗိသာရမင်းက ပြည်စည်းစိမ်ဖြင့်ဖိတ်လာသည်ကို ပယ်တော်မူလျက် နောင်ဘုရားဖြစ်သောအခါ ရှေးဦးစွာ ရာဇဂြိုဟ်နိုင်ငံသို့ ကြွလာမည့် ပဋိညာဉ်ကိုသာ ခံတော်မူပြီးမှ အာဠာရရသေ့၊ ဥဒကရသေ့တို့အထံသို့ လောကီသမာပတ်နည်းကို ခံအံ့သောငှါ ကပ်တော်မူ၍ ထိုသူတို့အယူဝါဒကို ခုနစ်ရက်စဉ်မျှနှင့် အနှစ်သာရ မရှိကြောင်းကို သိတော်မူသော်ယင်းကမှ ဥရုဝေဠတောသို့ကပ်၍ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူသည်။

ခြောက်နှစ်မြောက်၍ ကဆုန်လပြည့်နေ့ ဘုရားဖြစ်တော်မူမည့်နေ့ နံနက်က သေနနိဂုံး ရွာ၌ သုဇာတာ သူဌေးသမီး သည် ကပ်လှူ အပ်သော ဃနာနို့ဆွမ်းကို ရတနာရွှေခွက်နှင့်တကွ ခံယူတော်မူ၍ နေရဉ္ဇရာမြစ်နားသို့ ကြွတော်မူသဖြင့် အနာဂတ် သတ္တဋ္ဌာနရက်နှင့် ချင့်ဘိသကဲ့သို့ လေး ဆယ့်ကိုးလုပ် ဖြည့်တင်းတော်မူပြီးမှ သစ္စာဓိဋ္ဌာန်လျက် ရတနာရွှေခွက်ကို မျှောတော်မူသည်။

ထိုကမှ အင်ကြင်းတောသို့သက်တော်မူ၍ တစ်နေ့ပတ်လုံး ရဟန်းမြတ်တို့၏ချမ်းသာကို ခံတော်မူပြီးမှ ညနေ ချမ်း ရောက် သော အခါ ဆည်း ဆာ ရောင်တောက်ပဆဲတွင် လွန်ကဲသောအသရေ ငြိမ်သက်သော ဠာခြေနှင့်တကွ စံတော်မူရာ ရတနာအင်ကြင်းတော မှ ထွက် တော် မူ လျှင် အမုန် ယစ် သော ဆင်ပြောင်ကြီးနှင့်တူစွာ ငြိမ့်ငြိမ့်လေးလေး နှီးဝေးပတ်ကုံး အလုံးစုံသော တောတောင်အပေါင်းတို့ကို တင့်တြောင်းပြုဘိသကဲ့သို့နတ်တို့၏ စီမံဖန်ဆင်းအပ်သော လမ်းမဖြင့် မဟာဗောဓိ သို့ ကြွ တော် မူ ၍ သုဒ္ဓိ ယ ဝေဝင် ကပ် လှူ အပ်သော မြက်ရှစ်ဆုပ်ကို မဟာဗောဓိမှ အရှေ့မြောက် လေး ထောင် ထွာ ခန့် အရပ်တွင် ကြဲဖြန့်တော်မူလျှင် ကမ္ဘာအသချေ်မက ဖြည့်တော်မူခဲ့ဖူးသော ပါရမီ တော် တို့ ကြောင့် သုံးဖော်သော လောကဓာတ်၌ နတ်ဝိသုကြံမှ စ၍ တစ်စုံ တစ်ယောက်သော သူတို့သည် ပုံယူထုလုပ် ရေးထားခြင်းငှာ မတတ်နိုင်၊ မမီနိုင်၊ ရာထောင်ပြိုင်၍ပသော လ-နေ တို့၏ အရောင်လည်းမတန်၊ အလျှံအရေ ကုဋေမက ပေါက်သော စိုသက်တံလည်း မဘက်၊ မနှ န်းသာ၊လွန်စွာတင့်တယ်တောက်ပသော အသဒိသပလ္လင်ဖြစ်၍ ထိုပလ္လင်ထက်စမ္ပယ်ဖွဲ့ခွေနေတော်မူစဉ် စကြဝဠာ တိုက်လုံး အပြည့်ရောက်လာသော မာရ်စစ်သည်အများကို ဆယ်ပါးသောပါရမီတော်ကြောင့် မပင်မပန်း ချမ်းသာစွာ အလွယ်တကူအောင်တော်မူ၍ နေဝင်လုဆဲ၌ မြတ်သောအောင်ပွဲသဘင်ကို ခံတော်မူပြီးမှ-

၁။ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊

၂။ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊

၃။ မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်၊

ကို ရသည်နှင့်တစ်ပြိုင်နက် တစ်ချက်တည်းပင် အလုံးစုံ ဘုရား ကျေးဇူးတော် တို့သည် မရှေး မနှောင်း တပေါင်းတည်းပင် စုဝေးဆုံလာလျက် သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသည်။

ထိုသို့ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသည်မှ လေးဆယ့် ကိုးရက်၏ အဆုံး အဋ္ဌမ သတ္တာဟ၌ ဆိတ်ကျောင်း ညောင်အောက်တွင် တရားတော် အတိဂမ္ဘီရအဖြစ်ကို ဆင်ခြင်၍ နေတော်မူရာ သဟမ္ပတိဗြဟ္မာက သတ္တဝါတို့အား တရားဟောတော် မူပါမည့် အကြောင်းကို လျှောက်တောင်းပန် လာသောကြောင့် မိဂဒါဝုန်တောသို့ ကြွတော်မူ၍ ပဉ္စဝဂ္ဂီငါးယောက် တို့အား တရား ဟော တော် မူ လျက် ထိုတော၌ပင် ပထမ ဝါဆိုတော်မူသည်။ ဝါတွင်း၌

ရှေ့နောက် ရောက်လာသော ယသ သတို့သားမှစ၍ သူဌေးသား ငါးကျိပ် ငါးယောက်တို့ ကိုလည်း နိဗ္ဗာန်ကိုမျက်မှောက်ပေးတော်မူသည်။

ဝါကျွတ်၍ ဥရုဝေဠတောသို့ ကြွတော်မူရာ လမ်းခရီးတွင် တွေ့သော ဘဒ္ဒဝဂ္ဂီမင်းသား သုံးကိုပ်ကို လည်း အဆိပ်အတောက်ကိုပယ်ဖျောက်တော်မူခဲ့ပြီးမှ ဥရုဝေဠတောသို့ရောက်လျှင် သုံးထောင့်ငါးရာသော ယမိုက်ပြာဋိဟာဖြင့် တစ်ထောင်မျှ လောက်သော ရသေ့ညီနောင်တို့၏ တိမ်မှောင် မိစ္ဆာကို ပယ်ခွာ တော်မူသည်၊

ထိုဥရုဝေဠမှ အထက်က ဝန်ခံတော်မူဖူး သော ပဋိညာဉ်ကို ဖြေလွှတ်တော်မူအံ့သောငှာ ရာဇဂြိုဟ် နိုင်ငံ ထန်းတောဥယျာဉ်သို့ ကြွတော်မူ၍ သီတင်းသုံး နေတော်မူရာ ကပ်လာသော ဗိမ္ဗိသာရမင်းနှင့်တကွ တစ်သိန်း နှစ်သောင်း ကုန်သော ပရိသတ် တို့အား တရားအမြိုက် တိုက်ကျွေးတော်မူပြီးလျှင် ဗိမ္ဗိသာရ မင်း ဆက်သ ကပ်လှူ သော ဝေဠုဝန် မင်းကျောင်း၌ စံနေတော်မူကြောင်းကို ခမည်းတော် သုဒ္ဓေါဒန မင်းကြီးက အဆင့်ဆင့် ကြား ရာ တွင် သားတော်ဘုရားအား ဖူးမြင် လိုကြောင်း အမတ် ကိုးယောက်ကိုကိုးခေါက်တိုင်အောင် အရံတစ်ထောင် စီနှင့် စေလွှတ်သမျှလည်း ဓမ္မဒေသနာတော်ကြောင့် ရဟန္တာ အဖြစ်သို့ချည်း ရောက်သဖြင့် တစ်စုံတစ် ယောက်သောသူတို့ မပြန် မရောက် လာ သည် နှင့် မည်သို့ဟူ၍မကြားသိရ၊ လွမ်းတပူဆွေး စိုးရိမ်လျက် ဆယ် ကြိမ်မြောက် နောက်ဆုံး ဖွားဘက် တော် ကာဠုဒါယီအမတ်ကိုအရံတစ်ထောင်နှင့် သားတော် ဘုရားအထံ အပင့်လွှတ်ပြန် သော်လည်း ရှေးနည်း အတူ ဒေသနာတော် အစွမ်းကြောင့် ရဟန္တာအဖြစ် သို့ချည်း ရောက်လေကုန်သည်။

ကာဠုဒါယီ ရဟန္တာ အဖြစ်သို့ ရောက် သည့် နောက်မှ အထက်က ဘုရားခမည်းတော် သုဒ္ဓေါဒန မင်းကြီး မှာလိုက်သောစကားကို သတိရ၍—

၁။ ခမည်းတော်ကစသာကီယဆွေတော်အပေါင်း တို့ အောက်မေ့တသကြောင်း။

၂။ နှစ်-လ-ရက် ဥတု-ရာသီ ညီညွတ် သင့်တင့် လျောက်ပတ်သည်နှင့် ယှဉ် လျက် ရေ-ကြည်း သဘင်၊ မြေပြင် တောတောင်၊ ကောင်းကင် သန့်ရှင်း ကြည်လင် စွာ ပန်း သစ်ပင် တို့သည်လည်း အခါမလင့်၊ သီးပွင့်ကြိုင်ရှား၊ ဘုရားကြွတော်မူမည့်လမ်းစဉ်နှစ်ဖက်၊ ဖူးဆက် ပူဇော်မည့် အခြင်းအရာနှင့် ရှိကြောင်း။

၃။ ဥဒေါင်း ကြိုး ကြာ၊ သာလိကာ ကျေး၊ မြစ်ထွေး၊ ဇင်ယော်၊ ငှက်တော်-ဇီဝဇိုး၊ ရွှေ ပိုးခေါင်နှော၊ ဥဩ-လွမ်းကြွင်၊ ဟင်္သာ-စက္က ဝက်၊ တောငှက်အပေါင်းတို့သည်လည်း၊ လမ်း ကြောင်းနှစ်ဖက်၊ ရွှေစက်ချီ ဖြန့်မည့် ခရီးမှာ၊ ကောင်းချီးကြွေးကြော်၊ ပူဇော် ရင့်ရှုလျက်၊ မြှေ့ရှုမျှော်တ သကဲ့သို့ ရှိကြောင်း။

၄။ ရွှေချက်တော်ကြွေရာ မဟာကပိလဝတ် ပြည် သို့ ဒေသစာရီလှည့်၍ ဆွေတော် မျိုးတော် တို့အား တရားအမြိုက် တိုက်ကျွေးတော်မူချိန် တန်ကြောင်း—

များ ကို ဖွား ဘက် တော် ထေရ်ရှင်က ဂါထာ ခြောက်ဆယ်သွယ်၍ လျှောက်ထား ရာတွင်မှ သံဃာ တော် နှစ်သောင်း နှင့် တကွ တပေါင်း လပြည့် နေ့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှ ထွက်တော် မူ၍ ယူဇနာ ခြောက် ဆယ် ရှိ သော ခရီးကို တစ်နေ့ တစ်ယူဇနာ ကြွ တော် မူ သ ဖြင့် ကဆုန်လပြည့်နေ့ ကပိလဝတ်နေပြည်တော်သို့ရောက်တော်မူ၍ ငါးရက် မြောက်လျှင် မင်္ဂလာငါးရပ်ကို ဆောင်လုနီးဖြစ်သော ညီတော်မင်းနန်ကို ရဟန်း ပြုတော်မူသည်။

ခုနစ်ရက်မြောက်လျှင် ရွှေစင်နှိုင်းလျော်၊ ယသော် ဓရာ၊ ဗိမ္ဗာဘုန်းကြွယ်၊ ရာဟုမယ်သည်၊ ခုနစ်နှစ်အရွယ် ရှိသော သားတော်ရာဟုလာကို၊ တင့်တယ်စွာတန်ဆာ ဆင်ပြီးလျှင်၊ ဘုရား ဆွမ်းခံတော်မူရာ၌ပင် ခမည်း တော် အမွေဖြစ်သော ရွှေအိုးကြီးလေးလုံးကို နောက် တော်က လိုက်၍ တောင်းစေသည်၊ ကျောင်းတော်သို့ ရောက်လျှင် နိဗ္ဗာန်သခင်သည်၊ ရင်သွေးတော် အား သနားတော်မူသည်နှင့်အလျော်၊ အကြံတော်ဖြစ်ဟန် ကား—

တတော ဘဂဝါ စေ၀ံ စိန္တေသိ "အယံ ပိတုသန္တကံ ဓနံ ဣစ္ဆတိ၊ တံ ဝဋ္ဋာနုဂတံ သဝိဃာတံ၊ ဟန္ဒဿ ဗောဓိမူလေ ပဋိ လဒ္ဓံ

> သတ္တဝိဓံ အ ရိ ယ ဓနံ ဒေမိ၊ နဝလောကုတ္တရ ဓါယဇ္ဇဿ နံ ကရိဿာမီတိ” အာယသ္မန္တံ သာရိပုတ္တံအာမန္တေသိ၊တေနဟိ တွံ သာရိပုတ္တ ရာဟုလ ကုမာရံ ပဗ္ဗာဇေဟီတိ။

ဟူ၍ ဇာတ်အဋ္ဌကထာ နိဒါန်း၌ လာသည်၊

အဓိပ္ပာယ်ကား–ဤ ရာ ဟု လာ မင်းသား သည် အဘ၏ အမွေဖြစ်သော ရွှေအိုးကြီးလေးလုံးကို အလို ရှိ၏ဟုတောင်းလာသည်၊ ယင်းသည့် လောကီ ဥစ္စာ ရတနာကား ဝဋ်တရားနှင့်ယှဉ်၍ အစဉ်သဖြင့် ရှည် မြင့်စွာသံသရာ၌ နှစ်မွန်းပင်ပန်းခြင်း၏အကြောင်းသာ ဖြစ်သည်၊ သမုဒ္ဒရာ ဂ င်္ဂါ သဲ စု မ က လွန် တော် မူ ကုန်ပြီးသောနောင်တော်သခင်ဘုရားရှင်တို့သည်လည်း ရင်သွေးတော်တို့အား ဝဋ် တရားကို ရှည်စေတတ် သော လောကီ ဥစ္စာ ရတနာ ပေးမြဲထုံးစံ သဘော လည်း မဟုတ်ချေ၊ ရွှေညောင်ဗောဓိဝယ်ရှေးဖျားမဆွ ငါရတော်မူအပ်သော သူတော်ဥစ္စာ ရတနာ ခုနစ် ပါးကိုပေးမှ မနေးလျင်လျား ရင့်ပွားတက်တိုး၍ ကိုးပါးသော လောကုတ္တရာ ဥစ္စာအမွေခံ နိဗ္ဗာန် စည်းစိမ်ရှင် အဖြစ်ကို ပြုအံ့ဟု ကြံတော်မူပြီးမှ ဓမ္မ သေနာပတိ အရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ သာရိပုတ္တရာ....သားတော်ရာဟုလာကို ရှင်သာမဏေ ပြုဘိဟု အမိန့်တော်ရှိ၏။

အရှင်သာရိပုတ္တရာလည်း ဘုရားအလိုတော်မြတ် ရင်းနှင့်အညီ ရာဟုလာ မင်းသားငယ်အား လူတို့၏ အဝတ်အစား အသွင် အပြင်ကို ပယ်၍ တင့်တယ် လျောက်ပတ်သော အရဟတ္တဖိုလ်၏ တံခွန်ဥပမာ အဝါရောင်ခြည် ဖန်ရည်ဖြင့်စွန်းသော အဝတ်၌ တည်စေလျက် သာမဏေ အဖြစ်သို့ ရောက်သဖြင့် မျက်မှောက်ချမ်းသာလောကုတ္တရာ ဥစ္စာအမွေမြတ်ကို ခံစေကြောင်းများနှင့် တရားကျမ်းဂန် လာရှိတိုင်း ယခုအခါ မိမိရင်၌ ဖြစ်သောသား၊သူတစ်ပါးသားကို ဘုရားသာသနာတော်ထမ်း ရဟန်း-သာမဏေ အဖြစ် သို့ ရောက်အောင် ကောက်မချီးပင့်ရသောဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည်လည်း ရဟန်း-သာမဏေပြုရသသူ၊ ချီးမြှင့်ရသသူ နှစ်ဦးလုံး ပင် ထူးမြတ်သောလောကုတ္တရာ ဥစ္စာအမွေကို နောင် မေတွေ့ယျစသော ဘုရားတို့ထံ ခံရခြင်း၏အကြောင်း ကောင်းမှုဖြစ်ပြီဟုအသင့်နှလုံးသွင်းအပ်ကုန်ရာသည်၊

# ဆဒ္ဒန်ဆင်မင်း

ကမလံ ကမလံ ကတ္တုံ၊
ဝနဒေါ ဝနဒေါမ္ဘရုံ၊
သုဂတော သုဂတော လောကံ၊
သဟိတံ သဟိတံ ကရုံ၊ ။

ဟူသောဂါထာ၊ အလင်္ကာပါဠိ၊ လာရှိသည်နှင့် လျော်ညီစွာ၊ နီလာမြသား၊ ပြယားရတနာ၊ မာလာမကုလ၊ ဥမ္မာရ ပန်းခိုင်၊ အဆိုင် အဆိုင်၊ ညှာပြိုင်ရုံးညီ၊ ကုံးသီခြယ်တန့်၊ တစ်ကန့်တစ်ကန့်၊ ငှက်ခါးတောင်ဖြန့်သကဲ့သို့၊ စိမ်းဖန့်ဖန့် အလျှံ၊ ရွှေဝတ်ဆံမှ၊ ကုကို မံရည်၊ ကြည်ကြည်ချို၊ ပန်းရက်ယိုသော၊ ကြာညိုတောတစ်ထပ်၊ သန္တာနုတ်ကျေး၊ ယုန်သွေးတရှိ၊ ကောဝိလာပွင့်၊ တျာတျာရင့်နှင့်၊ ကြက်မင့်းဥသျှောင်၊ ပန်းရောင်လွင်လွင်၊ လောဟိတင် မဏိရတ်၊ တွတ်တွတ်နီမြန်း၊ မသီခန်း အသား၊ ပတ္တမြားကျောက်မွန်၊ သိန်းတန်သပြာ၊ ကမ္ဗလာရွှန်းသစ်၊ တစ်ကျွန်းဖြစ်နှင့်၊ ဝန်းရစ်ပတ် ခြံရံသကဲ့သို့၊ စက္ခုဝိညာဉ်တည်းဟူသော၊ ဝတ်ရက်ယှဉ်သတ္တဝါ၊ ငှက်လိပ်ပြာတို့၏၊ နားရာပီပီ၊ ရှုစအီသော၊ ကြာနီတောတစ်ထပ်၊ စိနရဋ္ဌ၊ ဂန္ဓာလတိုင်း၊ ယွန်းတို့ဂိုဏ်းဥ၊ နက်ရှိုင်းဘုင်္ဂ၊ ဝသုဓာတ်မှ၊ လူနတ်မကျိ၊ ကမ္ဘာ့လုံ့ဖြင့်၊ နဂိုရ်မွေဇာစ်၊ ကတ္တားနစ်သော၊ ကျူနစ်ဘော်စင်၊ ငွေချော်ပင်ကဲ့သို့၊ မြူမင်မခြယ်၊ တင့်တယ်သန့်ရှင်းစွာ၊ ဃာနဝိညာဏ်၊ နာမကျွန်တစ်ကွ၊ ပသာဒတို့နှင့်၊ အောင်ပကုလား၊ ဆွေသားမိတ်တူ၊ နှာညွန့်ကုံ့ချူတတ်သော၊ ကြာဖြူ တော တစ်ထပ်၊ ဒွိ ခါ ရုံသီ၊ ဖြူနီ နှစ်ရပ်၊ ပွင့်ချပ် ခုနှစ်လွှာ၊ တစ်ရာတိုင်တင်၊ ဖြာဖြာမြိုင်လျက်၊ ကာပြိုင်ညီးလက်၊ ရွှေထီးချက်ကဲ့သို့၊ မြရွက်မုံအာ၊ ပဒုမ္မာဟု၊ ထုံနံ့သာရော၊ စုံစွာ နှော သော၊ ဘောလည်းတစ်ထပ်၊ သေတုပ္ပလ၊ ကြာကမျိုးစေ့၊ ပြကတေ့ဖြင့်၊ ရေ့အမြုတော၊ ခရုငွေနှင့်၊ ကြွေသလင်းခဲ၊ ပုလဲပျစ်ယှက်၊ ပိတ်ပိတာန် ကြက်သကဲ့သို့၊ ရေမျက်နှာ တစ်ဝိုက် တွင်၊ အကိုက်စီဖြာ၊ ပေါက်ရောက် လာ သော၊ ကြာပုဏ္ဍရိက်၊ ဖိတ်ဖိတ်ရောင် ကျော၊ တော လည်း တစ် ထပ်၊ ငါးရပ်ဂနိုင်၊ ကြာ တော မြိုင် သည်၊ မြစိုင်နီလာ၊ ရေသီဘာကို၊ တန်ဆာဆင်ခြင်းငှာ ဖြစ်သကဲ့သို့ လည်းကောင်း၊ ဥတုသမယ၊ ကာလမှန်စွာ၊ အခါအခါ၊ လိုရာရာဥ်၊ ဗျာလမ္ဗမှ၊ ပန်းစုငွေဝတ်၊ စိန်ထွက်ပုလဲ၊ ပန်းဆိုင်းဆွဲသကဲ့သို့၊ တွဲရရွဲ စီရရီ၊ တညီတညာ၊ သွန်းချွာသော၊ စက္ကဝါမောက်ဖြိုး၊ ကပ်ပြုမိုးသည်၊ ကိုးလုံးဂြိုဟ်နတ်၊ နက္ခတ် ကြယ်ကြီး၊ ခရီး လှည့်ဝန်း၊ ကောင်းကင်နန်းကို၊ အဆန်းတကြယ်၊ အဖွယ်အရာ၊ တန်ဆာဆင်ခြင်းငှာ၊ ဖြစ်သကဲ့သို့ လည်းကောင်း၊ ကြာမျိုးငါးထွေ၊ မိုးရေတန္တု၊ ဥပမာန၊ ဥပမေယျ၊ သဒ္ဒမ္မတ္ထ၊ သမ္ဗန္ဓ ဥပမာ၊ ညီညာ မြောက် မြင့်၊ နှိုင်းထောက်သင့်၍၊ ခြောက်ဆင့်သော စကားမျိုးတွင်၊ ကြောင်းကျိုးဟုတ်မှန်၊ စကားမွန်ကို မုဋ္ဌာန် ခြေခြေ၊ ပြဟ္မာကြွေး၏သို့၊ ရင့်လေးနာပျော်၊ အာဘော်ချီမြ၊ ဆိုတတ်လှသော၊ သုဂတ ဂုဏ်ပေါင်း၊ တုန်ညောင်းဘဝဂ်၊ စက်သမ္ဘာရှိန်၊ မာရဇိန်ဟု၊ ဣန္ဒြိယ အနိန္ဒြိယ၊ လောက အလုံး၊ ပတ် ကုံး ဟိန္ဒဂူ၊ သုံး ဘုံ လူ ကို၊

ညို့ဖြူဝါရွှေ၊ ခြောက်ထွေလျှံပြောင်၊ ကိုယ်တော်ရောင်၊ ဉာဏ်တော်ရောင်၊ တန်ဆောင်ကျင်းပ၊ အလင်းပြ၍၊ အမတချမ်းသာ တည်းဟူသော၊ ရွှေခြူငွေကြယ်၊ ပုလဲသွယ်စိန်ကုံး၊ ရွှဲလုံးစီခတ်၊ နဝရတ်ကိုးဖြာ၊ ရတနာတို့ဖြင့်၊ တန်ဆာဆင်ခြင်းငှာဖြစ်တော်မူသော၊ လူနတ်သင်းကျစ်၊ ဓမ္မရာဇ်မင်းဖျား၊ ဘုရားသခင်သည်၊ ဗကိတ္တပထ၊ အဝန္တိဒေသ၌၊ စောရလူမျိုး၊ မြေနီဆိုးသင်္ကန်းနှင့်၊ ရဟန်း သင်္ဃာ၊ ရှင်ကိုးရာတို့အား၊ ဝါသနာစရိုက်၊ အလိုက်သင့် ရည်ရော်၍၊ ဟောတော်မူအပ်သော ဓမ္မပဒဒေသနာ ပါဠိဂါထာကား—

သိဋ္ဌ ဘိက္ခု ဣမံ နာဝံ၊
သိတ္တာ တေလဟု မေဿတိ။
ဆေတွာ ရာဂဉ္စ ဒေါသဉ္စ၊
တတော နိဗ္ဗာန မေဟိသိ။
ပဉ္စ ဆိန္ဒေ ပဉ္စ ဇဟေ၊
ပဉ္စ စုတ္တရိ ဘာဝယေ။
ပဉ္စသင်္ဂါတိ ဂေါဘိက္ခု၊
ဩဃ တိဏ္ဏောတိ ဝုစ္စတိ။

(သမ္ဗဟုလဘိက္ခု ဝတ္ထု ဂါထာ) အစ ရှိသည်တည်း။

ထိုဂါထာတို့၏ အဓိပ္ပာယ်ကား။ ချစ်သားတို့၊ မိစ္ဆာ ဝိတက်တည်း ဟူသော ရေဖြင့်ပြည့်သော ဤအတ္တဘောတည်းဟူသော လှေကို ထိုမိစ္ဆာ ဝိတက်တည်း ယူသော ရေသစ်မဝင်ရအောင်၊ စက္ခုဒွါရ အစရှိသော အပေါက်ခြောက်ပါးတို့ကို တလီန်းပွဲလျက်နှင့်တူသော ဣန္ဒြိယသံဝရသီလဖြင့် လုံစွာ ဖာထေး၍၊ မိစ္ဆာဝိတက်တည်းဟူသော ဂရဟောင်းဝန်ကို စွန့်သွန်ရသည်ဖြစ်မှ၊ ပေါ့ပါး လျင်မြန်စွာ သံသရာတည်းဟူသော ပင်လယ်မြစ်၌ မနစ်မပျက် ကမ်းတစ်ဖက်တည်းဟူသော နိဗ္ဗာန်ပြည်မြတ်သို့ ရောက်ရအံ့၊ အပါယ်လေးဘုံ၌ အတ္တဘောကို ဖြစ်စေတတ်သော ဥဒ္ဓမ္ဘာဂိယ သံယောဇဉ်ငါးပါး၊ သုဂတိဘုံ၌ အတ္တဘောကို ဖြစ်စေတတ်သော ဥဒ္ဓမ္ဘာဂိယ သံယောဇဉ်ငါးပါး၊ ဤသံယောဇဉ် ဆယ်ပါးကို ပယ်ရှားဖြတ်တောက်နိုင်ခြင်းငှာ သဒ္ဓါ အစရှိသော ဣန္ဒြေ ငါးပါးကို ပွားများစေလော့၊ ရာဂ-ဒေါသ-မောဟ-မာန-ဒိဋ္ဌိတည်းဟူသော အတ္တဘော၏ ဖြစ်ကြောင်း အကုသိုလ်ကို ပယ်နိုင်သော ရဟန်းကို သံသရာဩဃကို ကူးမြောက်နိုင်သောသူ ဟူ၍ ဆိုအပ်၏- ဟူလိုသည်။

ဤသို့ ဘုရားမြတ်စွာ၊ ရှင်ကိုးရာအား၊ ဩဝါဒပေးတော်မူသည်ကို၊ အယူဖြောင့်စင်း၊ နှလုံးသွင်းလိမ္မာ၍၊ လိုက်နာ ကျင့်ကြံလိုသော၊ လူ သူတော်ကောင်းတို့သည်၊ ဒါန သီလ အစရှိသော ကုသိုလ်ဆယ်ခုကို ပြုစု အားထုတ်သောအခါ၊ လူမင်း၊ နတ်မင်း ဗြဟ္မာမင်းတို့၏ စည်းစိမ် သုခ ဘုံဘဝကို တောင့်တ၍ ပြုစုချေလျှင်၊ ငါးထွေသော ဥဒ္ဓမ္ဘာဂိယ သံယောဇဉ် တရားကို ပွားများအောင် ပြုစုသကဲ့သို့ ရှိချေသည်၊ ဘု ရား ဟော ဒေ သ နာ အပေါင်းကလည်း၊ ဝဋ်ကင်းကြောင်းကိုသာ ဟောသည်၊ ခုလောက ပုထုဇန်တို့ ကလည်း၊ နိဗ္ဗာန်ကို လက်လွှတ်၍၊ ဝဋ်ကိုသာ တောင့် တ သည်၊ ခုလူများလက္ခဏာ၊ ဘုရားဟောဒေသနာနှင့်၊ စက္က-ဝါဠေသို့၊ ကွာဝေးသည့်အမှုကြောင့်၊ ယခုသူမြတ်၊ တရား နာ ပရိသတ် တို့ သည်၊ တတ်စွမ်းပါသမျှ၊ ကုသိုလ်ကိုပြုကြလျှင်၊ ဝဋ်ဒုက္ခဒုက္ခကန်၊ လူ့ စည်းစိမ် နတ်ဗိုမာန်ကို၊ စိတ်ဆန္ဒ တဏှာဖြင့်၊ ရ ပါ မည့် အကြောင်း ကို၊ ဆု တောင်း မမှားကြစေရာ။ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဉာဏ်၊ သာဝကနိဗ္ဗာန်ဟု၊ သုံးတန်သော ဆုကောင်းတွင်၊ တောင်းလိုရာ တစ်ရပ်ရပ်ကို၊ စွဲကပ်ဆုပန်၍၊ သံယောဇဉ်ကွင်းညွတ်၊ အတ္တဘောကင်းလွတ် အောင်၊ ဝဋ်ကျွတ်ရာနိဗ္ဗာန်ကို၊ ဆုပန်တောင့်တကြရမည်။ ဒိဋ္ဌဓမ္မ-တိဟိတ်၊ ပဋိသန္ဓေ၊ နေရသည့်၊ လူမှုမဟုတ်၊ ဒုဂ္ဂတိဘဝ၊ ဖြစ်ရရှာသော၊ ဗုဒ္ဓလောင်းလျာ၊ မဟာဆဒ္ဒန်ဆင်မင်းသည်၊ တိရစ္ဆာန်ဖြစ်ပါလျက်၊ သုဘဒ္ဒါ မိန်းမ ယုတ် ကြောင့်၊ သောနုတ္တရ မုဆိုးသည်၊ အကျိုးမဲ့နှိပ်နယ်၍၊ အစွယ်ကိုဖြတ်သည်တွင်၊ မြတ်လှသောရွှေနှလုံးဖြင့်၊ ဘုံသုံးပါးချမ်းသာကို၊ စိတ်တဏှာမငြိ၊ သမ္ဗောဓိသဗ္ဗညုတ ဆို၊ သန္နိဋ္ဌာန်အာသာနှင့်၊ ပတ္တနာရည်ရွယ်လျက်၊ အစွယ်တော် နှစ်ဆူကို၊ ငရဲသူသောနုတ္တိုရ်အား၊ ကြည်ညိုနှစ်ထောင်း၊ လှူဖူးကြောင်းနှင့်၊ ကျမ်းဟောင်းရှေးဇာတ်၊ ဆဒ္ဒန်မင်းအတ္ထုပ္ပတ်ကို၊ ပရိသတ်အများ၊ သဒ္ဓါပွားအောင်၊ တရားနတ်စည်ရွှမ်းလတ္တံ့။

ရှေး လွန် လေ ပြီး သော အ ခါ၊ ဟိမဝန္တာ၊ မဟာဂနိုင်၊ မြိုင်၏ အလယ်၊ ငါးဆယ်ယူဇနာ၊

အတာကျယ်ပြော၊ တောနှစ်ဆယ့်ခြောက်ရပ်၊ တောင်ထပ်ခုနစ်ဆင့်၊ နိမ့်မြင့်ရံပတ်၊ လွန်ထူးမြတ်သော၊ ဆဒ္ဒန်အိုင်ကြီး၏၊ အနောက်မျက်နှာ၊ သိင်္ဂါမင်းစံ၊ အလျှံပြိုးပြိုး၊ တစ်ဆဲ့နှစ်ယူဇနာရှိသော ရွှေကူ၌၊ ငါတို့ဘုရားအလောင်း၊ ဆဒ္ဒန်ဆင်မင်းသည်၊ ဆဒ္ဒန်ဆင်မျိုး အပေါင်း၊ ရှစ်သောင်းခြံရံလျက် စံနေတော်မူသတည်း။

ထို ဆဒ္ဒန်ဆင်မင်း၏ ကိုယ်တော်ကား၊ အရပ်ရှစ်ဆယ့်ရှစ်တောင်၊ အလျား အတောင် တစ်ရာ့နှစ်ဆယ်၊ နှာမောင်း အလျား ငါးဆယ့်ရှစ်တောင်၊ အစွယ်လုံးပတ် တစ်ဆယ့်ငါးတောင်၊ အလျား အတောင် သုံးဆယ်ရှိ၏။ ချိပ်ရည်စွေးစွေး ယုန်သွေးဇမ္ဗူလာ၊ သန္တာခေါင်ရန်း၊ ကသစ်ပန်းကဲ့သို့၊ နီမြန်းသော ခြေဖျား လက်ဖျား နှုတ်ဖျားခံတွင်းလည်းရှိ၏။ ပုလဲမှုံးပျံ၊ မင်းစံကျုံနှစ်၊ ပွတ်သစ်သောခရုသင်း၊ ငွေလမင်းကဲ့သို့၊ ဖျားရင်းပတ်ကုံး၊ ရှုမဆုံးအောင်၊ ကိုယ်လုံးလည်း ဆွတ်ဆွတ်ဖြူ၏။ ညို့ရွှေနီစက်၊ ပြိုးပြက်ဖြူမောင်း၊ ရောင်ပေါင်းခြောက်ဖြာ၊ ရှစ်မျက်နှာ၌၊ အဝါလျှံလက်၊ ဝင့်တိုင်းထွက်သော၊ အစွယ်လည်းရှိ၏။ အခြေလေးဘက်၊ မြီးရွက်စွယ်ထွတ် မြေသို့ညွှတ်သော၊ သတ္တသုပ္ပတိဋ္ဌိတ၊ ပဝရအင်္ဂါနှင့်လည်း ညီစွာပြည့်စုံတော်မူ၏။ မိုးခါရွှေကူ၊ နွေမူညောင်နန်း၊ စံမြန်းလူးလာ၊ စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါ၊ ဝဲယာရွှေညီ၊ ဒေဝီမဟေသီ၊ နာဂီညက်စင်၊ ဆင်မိဖုရား နှစ်ပါးတို့၏ အလယ်၌၊ စံပယ်မြဲဖြစ်သတည်း။

တစ်ရံခါ၌၊ သန္တာရိုးတံ၊ မင်းစံရွှေပွင့်၊ ကိုးဆင့်နဝရတ်၊ ဘုံပြာသာဒ်ကဲ့သို့၊ တမွတ်စွင့်စွင့်၊ပင်လုံးပွင့်သော၊ အင်ကြင်းပင်ပျို မြန္မာက်ညို၌၊ ရိုင်ခိုရပ်တဲ၊ ယုယနွဲ၍၊ မြိုင်ပွဲ ရင်တော်မူသတည်း။ ထိုအခါ လက်ယာတော် လေအောက်က၊ မဟာ သုဘဒ္ဒါ ဆင်မိဖုရား၊ လက်ဝဲတော်လေညာက၊ စူဠသုဘဒ္ဒါ မိဖုရား၊ နာဂီမယ် နှစ်ပါးလည်း၊ ခစားလျက်ရှိသတည်း။အလောင်းတော်ဆင်မင်းလည်း၊ အင်ကြင်းပန်းပင်ကို၊ ငွေစင်မကိုင်၊ ဦးကင်းဖြင့် ဝှေ့ခိုက်၍၊ ပြိုက်ပြိုက်ကျကြွေ ရွှေနီဖလံ၊ ဝတ်ဆံဝတ်မှုန်၊ အထုံအခိုး၊ ပန်းကျင်ဖြိုးမျှ၊ ပန်းမိုးရွာစေတော်မူသတည်း။

ထိုအခါ၊ စူဠသုဘဒ္ဒါမိဖုရား၏ ကိုယ်ထက်၌၊ သစ်ခြောက်သစ်ခက်၊ ပရွက်ပဆုပ်၊ ခါချဉ်ထုပ်တို့သည်၊ လှုပ်ဘိုင်းကြွေသကုန်၏။ မဟာသုဘဒ္ဒါ မိဖုရား၏ အပေါ်၌ကားပုံကြီးနံ့လျား၊ ရွှေမျက်ပါးကို၊တစ်ပြားစီ လွှာ၍၊ လေညာကလွှင့်သကဲ့သို့၊ ပန်းပွင့်ပန်းငုံ၊ ပန်းပတ်မှုန်တို့သည်၊ စုပုံကြွေကျ လာလေသတည်း။ ထိုအချင်းအရာကို စူဠသုဘဒ္ဒါ မိဖုရားမြင်လျှင်၊ ဤဆင်မင်းကား၊ ချစ်ခြင်းမညီ၊ မဟေသီခံ၊ ညာရံဘဒ္ဒါ၊ သူ့သည်းချာ၌၊ မေတ္တာ လုံးလုံး သက်ခဲ့ပြီ။ ငါ့ကိုမခင်၊ မကြင်ရုံမျှ၊ မကပါလေ၊ အသေရေပျက်၊ သစ်ခက်သစ်ခြောက်၊ ပိုးလောက်ခြွေချ အရှက်ရအောင်၊ ငါ့အားသူနှိပ်စက်ခဲ့ပြီ။ သို့စင်ညစ်ကျူးမတော်မူကို၊ ပြုနိုင့်စေကာ၊ အနိဋ္ဌာဝယ်၊နိမ့်ဟန်သာအမြဲ၊ သံသရာမှာ၊ ဤခန္ဓာမြဲမည်လော၊ အားဆဲ၍ကြိုးစားလျှင်၊ ဆင်မင်းသားမောင်နှံတို့၊ ခံနိုင်မည်မဟုတ်ဟု၊ မျက်ကြုတ်ကဲမိုး၊ ရှက်အားကိုးနှင့်၊ ရန်ငြိုးဖွဲ့မိမှားသတည်း။

တစ်ကြိမ်မှာလည်း၊ အိုင်သာသက်ဆင်း၊ ရေသဘင်ကျင်းသည်တွင်၊ ဝင်းဝင်းနီလျှပ်၊ ပွင့်ချပ်ခုနစ်လွှာ၊ ပဒုမ္မာဇာတ်၊ သတ္တုပ္ပလ၊ ကြာပုံရွှကို၊ ရသောအခါ၊ ဝတ်ညွှာ ဝတ်ဆံကို၊ နှာတံဖြင့် သယ်ပြီးလျှင်၊ ထိပ်လယ်ဦးကင်း၌၊လေညှင်းမှုတ်ဖျန်း၍၊ ကြာပန်းဖြင့် ကြဲတော်မူလေသည်။ အကြွင်း ဖြစ်သော ကြာပန်းရတနာကိုလည်း၊ လက်ယာတော်နေ၊ကြင်ဆွေမဟာ၊ သုဘဒ္ဒါကိုသာ၊ မေတ္တာရှေးရှေး၊ ပေးတော်မူလေသည်။စူဠသုဘဒ္ဒါ မိဖုရားမှာ၊ အသနားတော် မခံရ၊ ထိုကာလ၌လည်း၊ဒုတိယရန်ငြိုး ဖွဲ့လေသည်။မကြည်ငြိုးထား၊ စူဠ သုဘဒ္ဒါ မိဖုရားလည်း၊ ငါးရာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့အား၊ နတ်သုဓာနှင့် တူသော၊ ကြာစွယ်ကြာရင်း၊ ထုံသင်းမွှေးကြည်၊ ကြာပျားရည်တို့ဖြင့် လှူဒါန်း ဆက်သပြီးလျှင်၊ ဤသို့ဆုတောင်း၏၊ အကျွန်ုပ် ပြုရသော၊ ဤ ကုသိုလ်စေတနာကြောင့်၊ ဤခန္ဓာပြောင်းကြွေလျှင်၊ လူ့ဘဝလူ့ခေတ်တွင်၊ ကောရာဇ်မင်းဖျား၏၊ မိဖုရားအကြီး၊ ရှုမငြီးမူရာ၊ချစ်မငြီးအင်္ဂါနှင့်၊ သုဘဒ္ဒါအမည်တွင်၍၊ ညာပလ္လင်ဘုံပျံဝယ်၊ ရှစ်သောင်းရွှေခြံရံလျက်၊ စံရပါသည် ဖြစ်စေသော၊ဇာတိဿရဉာဏ်ကိုလည်း ရပါစေသော၊ ထိုကာလ ထိုအခါ၊ ဤ ဆဒ္ဒန်အိုင်သာဝယ်၊

သုဘဒ္ဒါချစ်ရင်း၊ ဤ ဆဒ္ဒန်ဆင်မင်းကို၊ သေခြင်းဆိုးသေစေ၍၊ ရောင်ခြောက်ထွေလျှံ ပတ်သော၊ စွယ်တော်မြတ်အစုံကို၊ စိတ်အာရုံ ကြံတိုင်းဖြင့်၊ ဖြတ်ပိုင်း၍ယူ နိုင် သည် ဖြစ် စေ သော ဟူ ၍၊ ပတ္ထနာဆု၊ ပြုပြီးသော အခါ၊ ရေစာမလှမ်း၊ ညှိုးနွမ်းသဖြင့်၊ မမြင့်မကြာ၊ ခန္ဓာပြတ်ကြွေ၊ သေပြီး လတ်သော်၊ မဒ္ဒရာဇ်မင်းကြီး၏၊ သမီးတော် ရတနာ၊ သုဘဒ္ဒါနာမံနှင့်၊ စံလွန်မိန်းမမြတ် ဖြစ်လေ၏။ နောက်အခါ၊ ဗာရာဏသီမင်း၏ မိဖုရားကြီးဖြစ်လျှင်၊ အလွန် ချစ်ခင်လေးမြတ်လေသတည်း။

ထို အ ခါ၊ သုဘဒ္ဒါ မိဖုရားသည်၊ ဤ ယခုကား၊ ငါပြုသည့်ကံ၊ အကြံမျက်မှောက်၊ ဆု တောင်း တိုင်းပေါက်ပြီဟု၊ ဝမ်းမြောက် ရွှင်လန်းလေသတည်း၊ တစ်နေ့သ၌၊ မိဖုရားသည်၊ ခစားမဝင်၊ မရွှင်မပျော်၊ ပွဲတော်မသုံး၊ နှ လုံး ကျဉ်း မြောင်း၊ စက်လျောင်းညှိုးခွေ နေသည်ကို၊ မင်းကြီးမြင်လျှင်၊ အဘယ်မိဖုရား၊ ကိုယ် မအီမကျန်း၊ သွေးလေဖျန်း၍၊ ညှိုးမြန်းသလော၊ ဆန္ဒလိုအင်၊ မစုံလင်၍၊ ပင်ပန်းသလော ဟု မေး တော် မူ သည် တွင်၊ အကျွန်ုပ်အား၊ အာသာငင်းငင်း၊ ချဉ်ခြင်းစွန်းငြိ၊ တစ်ခုရှိ၍၊ နွမ်းရိညှိုးငယ်ကြောင်းကိုတင်လျှင်၊ အသင် မိဖုရား၊ အလိုရှိသမျှကို၊ ငါ့အား တင်လော့၊ လျှင်စွာရစေအံ့ဟု ဆို၏။

အရှင်မင်းကြီး၊ အကျွန်ုပ်လိုအင်ကို၊ အတင် ခက်လှပါသည်။ ကျွန်တော်မကိုယ်၊ ကံယွင်းယို၍၊ သေလိုပင်သေပါစေတော့၊ ရွှေနန်းကြော့ရှင်၊ ထိပ်ခေါင်တင်ကို၊ အပင်ပန်းရှာ၍၊ ပူဆာတစ်ခု၊ မပြုလိုပါပြီ ဘုရားဟု၊ စကားပိုနှင့်၊ အလိုစမ်း၍ တင်သည်တွင်၊ အသက်ပမာ၊ ချစ်ကြင်နာသည်၊ နန်းညာပလ္လင် - ကမ္ဘုရှင်၊ လိုအင်ဆန္ဒ၊ ရှိသမျှကို၊ ကာလမရွေး၊ အရေးမထောက်-လျှောက်သာလျှောက်၊ မိုးအောက်မြေပြင်၊ ဤလူ့ခွင်မှာ၊ လိုချင်သည့်ဝတ္ထု၊ တစ်ခုခု တစ်ရာရာ၊ ဘယ်မှာကောန်၊ ရှိသည်သာ မှန်ပါစေ။ ရန်အသချော်၊ ခံ၍ပင်နေ သော် လည်း၊ မ သွေ မ ရှောင်၊ နှာရောင်မတွန့်၊ သက်စွန့်လို့လ၊ ဥဿာဟဖြင့်၊ အရဆောင်၍ငါပေးမည်။ နန်းမတောင်ညာ၊ လိုရာရာကို၊ မညှာမထောက်၊ စိတ်ရှိတိုင်း လျှောက် လော့ ဟု၊ ပင့်မြှောက် အားပေး၊ ချစ်ကြိုက်သွေးနှင့်၊ အရေးကုန်လွှဲသည်တွင်၊ မိဖုရားလည်း၊ ဇမ္ဗူချက်တွင်၊ ပြိုင်ဘက်မမျှ၊ ဘုန်းရောင်ပသည့်၊ ကျွန်တော်မသခင်၊ နန်း ကြီး ရှင်၊ တင်ဖွယ်ကိစ္စ၊ အမိန့်တော်ရလေပြီ။ တင်ရမည်ဖြစ်ပါလျှင်၊ ဤ ကာသိတိုင်း၌ ရှိသော၊ မုဆိုးအပေါင်း တို့ ကို၊ နန်းရင်ပြင်၌ စည်းဝေးပါစေလော့။ မုဆိုးတို့စုံကာမှ၊ ကြံပုံရှိသရွေ့ကို၊ ရေမြေ့ရှင်အား၊ သနားတော်ခံပါမည်ဟု လျှောက်လျှင်၊ မင်းကြီးလည်း၊ အဝန်းယူဇနာ သုံးရာရှိသော၊ ကာသိတိုင်းအတွင်း၌၊ အလွန်ကျော်စောသော၊ မုဆိုးကြီး ခြောက်သောင်းတို့ကို၊ မင်းရင်ပြင်၌ စည်းဝေးစေ၍၊ သင်မိဖုရား၊ အများမုဆိုး၊ ကျွန်တော်မျိုးတို့၊ ရိုကျိုးစက်အောက်၊ ငါ့ထံသို့ရောက်ကြပြီ။ သင် လျှောက် ရင်း စ ကား၊ ရှိသည်များကို၊ ခြားနားစုံစေ့၊ ငါ၏ ရှေ့တွင်၊ တောလေ့ပျော်ပါး၊ မုဆိုးများနှင့်၊ စကားဆက်၍၊ အမြွက်အရိပ် ပြန်တော့လော့ဟူ၍ ဆို၏။

မိ ဖု ရား လည်း မု ဆိုး တို့ ကို သင် တို့ သည် ဟေမဝန္တာ၊ သာယာဂနိုင်၊ ဆဒ္ဒန်အိုင်၌နေသော၊ ဆဒ္ဒန်ဆင်မင်းကို သတ်၍၊ စွယ်တော်မြတ် အစုံကို၊ ငါ့အား ဆက်သ နိုင် ပါ မည် လော ဟု မေး ၏။ မု ဆိုး တို့ က လည်း မဆက်သနိုင် ပါကြောင်းကို လျှောက်၏။ ထိုမုဆိုးတို့အလယ်၌၊ အလွန် ကြီးကျယ်မြင့်မားသော သောနုတ္တရမုဆိုးကိုမြင်၍၊ မိဖုရားသည်မုဆိုး၏ အနေအမူ လူပုံ နိမိတ်ကြောင့် စိတ်တော်ထဲက လူကဲ ဤသို့ ခတ်၏၊ ဤယောကျ်ားသည်၊ အများနှင့်မတူ၊ အမူကြမ်းခက်၊ ကွဲအက်ညစ်တေ၊ လိပ်ကြောက်ရေနှင့်၊ ဆင်ခြေဖဝါး၊ ထန်းပလပ်ပြားကဲ့သို့၊ ကြီးမားသော ဖဝါးရှိသည်။ မြင်းခေါင်းကောက်ကွေး၊ မွေးမှင်သဲသဲ၊ ဆန်ထုပ်ဆွဲသကဲ့သို့၊ တွဲလျားကျသော သလုံးသားလည်း ရှိသည်။ ရိုးဆက်လိမ်ခွေ့၊ မစေ့မစပ်၊ ကျင်ဖုတပ်သကဲ့သို့၊ မသပ်မပယ်၊ ရှုဖွယ်စသီး၊ အလွန်ကြီးသော၊ ဒူးဆစ်လည်း ရှိသည်။ စရပ်ဟောင်းကျောင်းဆိုး၊ အမိုးပျက်ပြို၊ ရနယ်အိုကဲ့သို့၊ ဖရိုဖရဲ၊ ကြီးကြဲယို့ယိုင်းသော၊ နံကိုင်းနံရိုးလည်း ရှိသည်။ ထန်းစစ်ကြောဝက်မှင်၊ မဲခင်ကြွက်သိုက်၊ တံမြက်ချေးမှိုက်ကဲ့သို့၊ ဖုတ်သိုက်ထူပျစ်၊ ကောက်ကျစ်လိမ်ရှုပ်သော မုတ်ဆိတ်ပါးမုန်းလည်း ရှိသည်။ တယ်လှုးကုပ်ကွေး၊ ပြောင်းဖူးမွေးကဲ့သို့၊ နီတွေးသောကျင်စွယ်လည်းရှိသည်။ ခပ်ဝါနီကြန်၊ ကြောင်မျက်ဆန်ကဲ့သို့၊ လုံးဖန်သိမ်ဖျင်း၊

မျက်နက်ကင်း၍၊ ထုတ်ချင်းခတ်ကြောင်သော၊ မျက်ခိ လည်း ရှိသည်။ စာသူငယ်ကြား၊ လင်းတ နားသကဲ့ သို့၊ မုဆိုးများအလယ်တွင်၊ ကြောက်ဖွယ်ကျားတား၊ ကြီးမားမြင့်မောက်သော ကိုယ်လည်း ရှိသည်။ ဤ လူယုတ်လူကြမ်း၊ လူသွမ်းတို့လက္ခဏာနှင့် ပြည့်စုံ သော၊ ဤမုဆိုးကို ခိုင်းရသော်၊ ကြံတိုင်းမြောက် ရာ၏ဟု၊ နှလုံးသွင်း၍၊ မင်းကြီးအား ပန်ကြား၍ပြီး သော်၊ သောနုတ္တရမုဆိုးကိုခေါ်၍၊ အထက် နန်း ပြာသာဒ်ကို တက်ပြီးမှ၊ ဆင်မင်းနေရာ၊ ဟေမဝ တကြော၊ တော၏အနေအထားကို၊ မြွက်ကြားညွှန်ပြ လို၍–

> ဣတော ဥဇုံ ဥတ္တရိယံ ဒိသာယံ၊
> အတိက္ကမ္မ သော သတ္တဂိရီ ဗြဟ္မေန္တ၊
> သုဝဏ္ဏပဿောနာမ ဂိရိဥဠာရော၊
> သုပုပ္ဖိတော ကိံ ပုရိသာနုစိဏ္ဏော၊ ။

အစရှိသော ခုနစ်ဂါထာကို ရွတ်၏။

ထိုဂါထာတို့၏ အဓိပ္ပာယ်ကား။ ။ငါး စီး ဆင် ပြောင်၊ အားကိုဆောင်သော၊ အမောင် သောနုတ္တရ မုဆိုး၊ ယခု ငါစံသည့်၊ ကြာရံလေသွန်၊ သလွန် နှင်း သောက်၊ပြ တင်းပေါက်က၊ မြောက်ကိုတူရူ သွားလေ ဘော့၊ လူ့ရပ်ရွာစွန်၊ လူနေကိုလွန်မိ၍၊ ဟေမဝန် စာရင်းပါ၊ ယူဇနာသုံးဆယ်လောက်၊ ခရီး ရောက် လျှင်၊ ခြောက်ထပ်သော တောင်ငယ်၊ ပိတ်ကွယ် ကာဆီး၊ တောကြီးလည်း ဆယ့်တစ်တန်၊ အလုံးကို လွန်မိမှ၊ ဆဒ္ဒန်အိုင်မြတ်ကို၊ ရံပတ်ပိတ်ဖုံးသည့်၊ ခုနစ်လုံးတောင်ထပ်သို့၊ သက်ကပ်မိလေအံ့၊ထိုဘောင် စဉ် ခုနစ်လုံးတွင်၊အတွင်းဆုံးအစွန်က၊ သုဝဏ္ဏပဿ၊ အမည်ရသော၊ ကဥ္စနဂီရိ၊ ရွှေတောင်ကြီး ရှိလေ၏၊ မိုးထိစွင့်စွင့်၊ အမြင့်လည်း ခုနစ်ယူဇနာ၊ တောင်ထိပ် သို့ ရောက်ခါသော်၊ အောက် မျက် နှာ တည့် တည့်၊ အတွင်းသို့ကြည့်လေတော့၊ မြ၏အရောင်၊ မျက်စဉ်း တောင်ကဲ့သို့၊ တစ်ထောင်သော မြစ် ပျဉ် လည်း၊ စပ်လျဉ်းရှက်တင်၊ လိုဏ်ဥမင်ကဲ့သို့၊ ဝန်းကျင်သာ ခေါင်၊ ညို့ညို့မှောင်သည့်၊ ပညောင်ပင်ကြီး မြင် လိမ့်မည်။ ထိုညောင်ပင်ကား၊ သခင်သက်နှင်း၊ ဆဒ္ဒန် မင်းသည်၊ ပူပြင်းသော့ထွေ၊ဥတုနွေဦ၊ရေမှလာသော်၊ ဧးစွာဓမ္မညက်၊ပန်းရက်ရောပြွမ်း၊လေညှင်းခံ၍၊စံတော် မူရာ အရပ်တည်း။ တစ်ရံခါလည်း၊ သန္တာရိုးတံ၊ ဝတ်ဆံရွှေဆင်း၊ ထိန်ထိန်ဝင်းသော၊ အင်ကြင်းပင် ကြီး၏ အရိပ်၌၊ မဟာသုဘဒ္ဒါ၊ ကြင်ရာသက်ဝေ၊ ညာမဟေနှင့်၊ မကွေယှဉ်တွဲ၊ ပန်းဝတ်ကြဲ၍၊ ပျော်ပွဲ စံတော်မူသတတ်၊ မိုးသောက်သမယ၊ နံနက်ထသော၊ မဟာသုဘဒ္ဒါ၊ သူ့ကြင်ရာကို၊ မင်္ဂလာသဘင်၊ ရေ့ဖျားတင်၍၊ ဆင်ရှစ်ထောင်တပ်၊ ဝဲယာညှပ်လျက်၊ ရေသပ္ပာယ်အံ့သောငှာ၊ အိုင်သာသို့ သက်ဆင်း၍၊ သန့်ရှင်းရေမိုး၊ ချိုးတော်မူပြီးမှ၊ ဝိသာလ မာလက အမည် ရှိသော၊ တံ တိ လွင် သာ၊ မွေ့ ရာ ပန်း ဖြန့်၊ သန့်သောအရပ်သို့၊ ချဉ်းကပ်တော်မူပြီးလျှင်၊ ရေသီး ရေပေါက်၊ ခန်းခြောက်ကုန်စေအောင်၊ နားနေမြဲအစဉ် ဖြစ်သတည်း။

ဤသို့လျှင်၊ လမ်းစဉ်ဖြောင့်မတ်၊ ကာသိရင်မှ၊ ဆဒ္ဒန်အိုင်ရောက်၊ တစ်လျှောက်တောမြိုင်၊ ထုံးအိုင် ချောက်မြောင်၊ မြစ်တောင်ဖီလာ၊ လမ်းကန္တာကို၊ ငါမှာသည့်တိုင်း၊ မဆိုင်းစွန့်စား၊ သင်မုဆိုးသွားပါ လေ။ မနားထုတ်ချောက်၊ ရောက်လျှင်ရောက်ချင်း၊ ဆိပ်တောက်ပြည့်ဝ၊ မြားစိန်ခွနှင့်၊ မိဘဒ္ဒလင်၊ ဆဒ္ဒန် ဆင်ကို၊ အရှင်လတ်လတ်၊ ခွင်းပစ်သတ်၍၊ စွယ်တော် မြတ်နှစ်ဆူကို၊ ဖြတ်ယူငါ့အား ဆက်ပါလော့။ စွယ်တော်ရှင်ကို၊လိုချင်သည့် ငါ့စွမှာ၊ ပပလွှားလွှား၊ မိဖုရားမမ္မတာ၊ မာယာထွေပြား၊ အားတိုင်းစုန့်နှဲ၊ လင်ကိုနှဲ့၍၊ အကြောင်းမဲ့ လိုချင်သည် မဟုတ်။ နောက် အနန္တရ၊ ဘဝ သာ န္တာန် က၊ ဤ ဆဒ္ဒန် မင်းသားသည်၊ တရားချွတ်ယွင်း၊ မင်းကြီးတန်မဲ့၊ မျက်နှာငဲ့၍၊ အရွဲ့ကြံ လျက်၊ သူနိပ်စက်သည်ကို၊ အဖက်မျှ၊ ငါခံရသည်၊ ဒုက္ခအလွန်ကြီးခဲ့၏။ သူ့ ကြင်ယာတော်၊ညာပျော်ခင်မ၊ မိဘဒ္ဒါအားရအောင်၊ ငါ့အသရေ၊ ယုတ်စေသဖြင့်၊ မတရားကျင့်ခဲ့သည်၊ ဆင်မင်းအမှု၊ ယနေ့ပင်ပြုသကဲ့သို့၊ ရင်ထုမနာ၊ ပူဆာညှိုးချုံး၊ ဖြေမဆုံးအောင်၊ နှလုံးခုတိုင် တုန်သေးသည်။ ဤရန်ငြိုးကို၊ ထမ်းပိုးတစ်ခုလတ်၊ ရန်ကြွေးဆပ်လို၍၊ စိန်တပ်စဉ်းသွား၊ဆိပ်လူးမြားနှင့်၊ သင့်အားအသတ် ငါစေသည်။ ငါ၏စိတ်ခံ၊ အကြံ ဆုတောင်း၊ပြည့်မြောက်ကြောင်းကိုလည်း၊ရှင်ကောင်း ပစ္စေကဗုဒ္ဓါ၊ ဆရာတို့ထံ၊ ဒါနက်ဖြင့်၊ အကြံပြည့်မှု

ဥဒါန်းပြု၍၊ အောင်ဆုရပြီးငါဖြစ်သည်။ ယင်းသို့ဖြစ်၍၊ သင်မုဆိုးအား၊ ၏ စီးရိမ်စုမသင့်၊ အခွင့်ခပ်သိမ်း၊ ပြီးငြိမ်းပါလိမ့်မည်။ ငါခိုင်းစေသည်ကို၊ မသွေမလှန်၊ အမြန်သွား၍၊ ကြိုးစားအမှုထမ်းပါလော့။ အမောင့်အားလည်း၊စီးပွားအသစ်၊တစ်နှစ်ခွန်နက်၊ တစ်သိန်းစီကွမ်းဖိုးထွက်သော၊ကျေးလက်ကြီးစွာ၊ ရွာငါးရွာကို၊ သေချာမှတ်သား၊ နိမိတ်ခြား၍၊ ပိုင်စားကံကျွေးခံစိမ့်မည်ဟူ၍၊ လူ မိုက် မု ဆိုး ကို၊ မိုး ထိ အောင်မြှောက်ကော်၍၊အမိန့်တော်ရှိသည်တွင်၊ မုဆိုးငနွား၊ ဝမ်းပန်းပါး၍၊ သွားပါမည်ဝန်ခံပြီးလျှင်၊ မိမိအိမ်သို့ပြန်လေ၏။

ခုနစ်ရက်မြောက်၊ မိုးသောက်အခါ၊ သင်္ချာပမာဏ၊ တစ်ကုမ္ဗဖွဲ့၊ နှစ်ဆယ့်ခုနစ်တင်း၊ နှစ်စိတ်ဝင်သော၊ သားရေအိတ်ကြီးထဲသို့၊ ပဲကွပ်ပုဆိန်၊ ကြိုးကြိမ်ပေါက်တူး၊ ဆောက်စူးဓားမ၊ လွှကြီးလွှငယ်၊ မယ်နသံချိတ်၊ မြက်ရိတ်တံစဉ်ကောက်၊ ကျောက်ဆူး အ တူ၊ က တ္တူ ခက် ရင်း၊ တံ သင်းလက်ရိုက်၊ မီးတိုက် ဆုံကျေ၊ သားရေလွှန် ငယ်ကြီး၊ သားရေထီးမိုးကာ၊ ဆင်ခွာဖိနပ်၊ အရပ်ရပ်တန်ဆာ၊ စားရိက္ခာမကြွင်း၊ ထည့်သွင်းပြီးလျှင်၊ တစ်ကုမ္ဗဝင်သော သားရေအိတ်ကြီးကို၊ အသာ ကောက်ယူ၍၊ ပခုံး၌လွယ်သည်၊ ကွမ်းအစ်ငယ်တစ်လုံးမျှသာ လေးသတည်း။ မိဖုရားလည်း၊ မုဆိုးသားကို၊ ရထားနှင့်တင်ပြီးလျှင်၊ မြောက်ခွင်ဒိသာ၊ ဟိမဝါနယ်စပ်၊ လူကင်းရာအရပ်သို့၊ တပ်တာခင်း၍၊ ချက်ချင်းပို့လိုက်လေသတည်း။ ငဒုဿီအို၊ သောနုတ္တိုရ်လည်း၊ ဗိုလ်တစ်ထောင်နိုင်၊ မာခိုင်ကျန်းခက်၊ လက်နက်လေးမြား၊ ဘယားကြီးစွာ၊ ထမ်းလွယ်ကာလျှင်၊ သင့်ရာသင့်ရာ၊ အိတ်ပါဥဿုံ၊ တန်ဆာစုံတို့ဖြင့်၊ ချုံကိုခုတ်ပိုင်း၊ အင်တိုင်းကိုထွင်၊ သစ်ပင်ကိုဖောက်၊ ချောက်ကို ခုန်ကျော်၊ ညွန်ပေါ်တုံးခင်း၊ ထုံးအင်းမြစ်ရေ၊ ခြားဆီးနေလည်း၊ လှေလုပ်၍ကူး၊အထူးထူးပယောဂဖြင့်၊ ခင်မသုဘဌါ၊ မှာလိုက်သည့်အတိုင်း၊ မဆိုင်းမတွဲ့၊ အသက်ကိုမငဲ့ ပဲ၊ တစ်ဆယ့်နှစ်ထပ်သော၊ တောကြီးကိုလွန်၍၊ ဆဒ္ဒန်အိုင်တွင်းသို့၊ ကျော်နင်း ပေါက်ရောက်လေသတည်း။ မုဆိုးမိစ္ဆာ၊ စွန့်စား၍ လာခဲ့သော၊ ဗာရာဏသီမြို့ထွက်၊ ရက်ကိုစစ်လျှင်၊ ခုနစ်နှစ်ခုနစ်လ ခုနစ်ရက်၊ သက်သက်သို့စင် ကြာသတည်။

ဆဒ္ဒန်အိုင်တွင်းသို့၊ သက်ဆင်းမိလျှင်၊ ဆင်မင်းနေရာ၊ အလာအသွား၊ အထားအနေ၊ ရေဆင်းရေတက်၊ အချက်ချက်ကို၊ ကွယ်ဝှက် ပုန်းအောင်း၊ ချောင်းမြောင်းဆင်ခြင်၊ သိမြင်သောအခါ၊ ဝိသာလမာလကာ အရပ်တွင်၊ ဥမင်ပေါင်းကူး၊ မြေကိုတူး၍၊ မြားဦး စိန်ရွက်၊ ဆင်မင်းချက်နှင့်၊ ချိန်လျက်ထုတ်ချောက်၊ အထက်က ဖောက်ပြီးလျှင်၊ ဒေါက်ချာဆံကျစ်၊ ဖန်နှစ်နီမြန်း၊ သင်္ကန်းရဲရဲ၊ ဆင်ဝတ်လဲ၍၊ လည်ဆွဲပုတီး၊ တရပတ်ကြီးများနှင့်၊ မထီး သီလဝံ၊ တကဲ့ရှင်ကဲ့သို့၊ ဥမင်ဒေါင့်က၊ သူကောင့်သားကြီး၊ အနူကြမ်းစီးမည်ဟု၊ အပြီးစောင့်လျက်နေလင့်၏။

ပုနဒိဝသေ၊ တစ်နေမိုးသောက်၊ နက်ဖြန်ရောက်သော်၊ ပြောင်ပေါက်ရတနာ၊ လောင်းမြတ်စွာသည်၊ မဟာသုဘဒ်၊ သတ်မှတ်ကြည်နူး၊ ရွှေမျှားမှူးကို၊ တပ်ဦးတင်တော်မူပြီးလျှင်၊ ရှစ်ထောင်မာတင်၊ ဆဒ္ဒန်ဆင်တို့ကို၊ သေနင်္ဂဗျူဟာ၊ ပဒုမ္မာပွင့်ချပ်၊ ရှစ်စပ်ဦးကင်း၊ တပ်ကြီးခင်းလျက်၊ အိုင်တွင်းသို့သက်တော်မူလေသတည်း။ သက်ပြီးလတ်သော်၊ ပန်းဝတ် ရေထွေး၊ အိုင်ရေအေးကို၊ လျော်ဆေးဖြိုးဖြိုး၊ သွန်းချိုးသုံးဆောင်၍၊မိုက်ခေါင်ကြီးနေရာ၊ ဝိသာလမာလက၊ ထာဝရအရပ်သို့၊ ချဉ်းကပ် နားနေရာ၊ ကိုယ်အင်္ဂါ အစိတ်မှ၊ လျှောဖိတ်သော ရေစက်သည်၊ ချက်တော်က စုဆင်း၍၊ မြားတွင်းသို့ဝင်ပြီးလျှင်၊ မုဆိုးကြီးမျက်နှာသို့၊ ဖြောင့်စွာ စီးကျလေသတည်း။ မုဆိုးအနရိယာ၊ တောတံငါလည်း၊ အခါအခွင့်၊ ဤယခုသင့်လှပြီ။ ခံတွင်းအပါး၊ မုတ်ဆိတ်ကြားမှာ၊ ပျားလာ၍စွဲချမှကို။ မခဲမငြို၊ မြည်းရုံသာ လိုတော့သည်ဟု၊ဗိုလ်တစ်ထောင်တင်လေး၊ရေမထားကို၊မကွေး၍ကွင်းအောင်၊အပြင်းငင်၍ လျှင်လှသောမြားဟုန်ဖြင့်၊ အားကုန် လွှတ်လိုက်လေသည်တွင်၊ ဆင်မင်းချက်ကို၊ မြားစက်လျှပ်လျှပ်၊စိန်သွားဟပ်၍၊ သည်းချပ်အူမ မွမွပြတ်ကြေ၊ ထောင်းထောင်းကျေအောင်၊ နှောက်မွှေကုန်စင်၊ ကျောက်ကိုထွင်၍၊ကောင်းကင် သို့မြားတက်လေသတည်း။

ဆင်မင်းဖျားလည်း၊ မြားထိသောဒဏ်၊ ပြင်းထန်ဆူလှိုက်၊ ခိုက်ခိုက်တုန်မျှ၊ နာကျင် လှ သောကြောင့်၊ သကလဝန်၊ တောင်ယံပတ်ကုံး၊ တောအလုံးကို၊ ပိတ်

ချုံ့မြည်ဟည်း၊ ပဲ့တင်တီးစေလျက်၊ သံကြီး ငေါ်
ငေါ်၊ သုံးကြိမ်ကြော်၍၊ ဟစ်အော် ညည်းညူတော်
မူသတည်း၊ သုဘဒ္ဒါ မိဖုရားခေါင်နှင့်၊ ရှစ်ထောင်
သော ဆင်အပေါင်းတို့သည်၊ ဘုရားလောင်း အသံကို
ကြားလျှင်၊ ကြောက်အားသည်းစွာ၊ ကြာကြာ အော်
မြည်၊ သုန်သုန်လည်လျက်၊ ရှေ့တည် မိရာ၊ ပြေးခွာ
ပြီးမှ၊ အကြံရ၍၊ တို့ဘုရားရန်သူကို၊ဖမ်းယူသတ်ညှစ်
မည်ဟု၊ ပတ်လည် တောတောင်၊ မိုးခေါင် ပျံ့ဘက်၊
ပတ်ပတ်ညက်မျှ၊ရှာဖွေကြစဉ်၊ ခင်မမဟာ၊သုဘဒ္ဒါမူ၊
သည်းချာ သက်နှင်း၊ ဆဒ္ဒန် မင်းကို၊ ကိုယ်ချင်း
မှီကပ်၊ အသာအပ်၍၊ တန့်ရပ်ထူထောင် စေသတည်း။
ဆင်မင်းဘုန်းကြွယ်၊ ဇောဓိနွယ်လည်း၊ မယ်သုဘဒ္ဒါ၊
သာယာဧ၊ ကိုယ်ငွေ့ပေးလျက်၊ ဖေးကာမ၍၊ ယုယ
သိုက်မြိုက်၊ နှာမောင်းဖြင့် ပိုက်ရာတွင်၊အဟိုက်ပြေ၍၊
နေသာရုံရှိတော်မူသတည်း၊ ထို ပြီး တထောက်၊
အကြံတော် ပေါက် သည်မှာ၊ နောက်ထပ်၍ တစ်ခါ၊
မြားချက် လာချေက၊ ဘဒ္ဒါမိဖုရား ကို၊ ထိပါးဖွယ်
မြင်သောကြောင့်၊ နှင်တော် မူလို၍၊ အို အဘယ်
သုဘဒ္ဒါ၊ ဆင်တကာမူ၊ ငါ့ ရန်သူကို၊ဖမ်းယူရှာမည်၊
သွားကြသည်။သင့်မှာတမူ၊ ငါ့ရန်သူနှင့်၊ စိတ်တူ ညီ
ညာ၊ ကြံဖက်ပါ၍၊ မရှာမလိုက် နေသလောဟု၊ မိန့်
တော်မူသည်တွင်၊သုဘဒ္ဒါမိဖုရားလည်း၊ချစ်အားထက်
ပင်၊ ကြောက်အားဝင်၍၊ ဆင်မင်း မြတ်ကို၊ သုံးပတ်
လက်ယာရစ်၊ ပုဆစ်နှိမ်ကျိုး၊ ရှိခိုးပြီးသော်၊ သွယ်စီး
ဖြိုင်ဖြိုင်၊မျက်ရည်အိုင်နှင့်အနိုင်ခွာ ခွာခဲ့၍၊အာကာသ
ကောင်း ကင် သို့၊ ငယ်လင်ရှိရာ၊ ပြန် ကြည့် ကာ
နှင့်၊ တက်ရှာတော် မူရလေသတည်း။

ဆင်မင်းဖျားလည်း၊ ဤမြားပစ်ချက်၊ အထက်
ရှေ့နောက်၊ တောင်မြောက်ဝဲယာ၊ လာဖွယ်မရှိ၊
အောက်ကဟု သိလေ၍၊ ဘူမိမြေရပ်၊ ခွာတော်နှင့်
ရှပ်သည်တွင်၊ ပျဉ်ချပ်ကျိုး၍၊ မုဆိုး ငုတ် တုတ်
ပေါ်လေ၏၊ ထိုအခိုက်၌၊ ယမ်းတိုက်မီးစ၊ ထိပါး
ကြသကဲ့သို့၊ ဒေါသပင့်ဿာတ်၊ ခြောင်း ခြောင်း
လွတ်၍ သတ်တော့မည်အပြုနှင့်၊ မုဆိုး၏ ဦးခေါင်း
ကို၊ နှာ မောင်း ဖြင့် ဆွဲ တော် မူ လေ ၏၊ ထိုအခါ၊
တံငါလုလု၊ အကြံရဆည့်၍၊ ကိုယ်ကသင်္ကန်းကို
ခွာပြီးလျှင်၊ နှာမောင်းတော်အထက်၌၊ ခေါက်လျက်
တင်လိုက်လေသတည်း။ ဆဒ္ဒန်ဆင်ကောင်း၊ ဘုရား
လောင်းလည်း၊ မောင်းမောင်း နီလွင်၊ သင်္ကန်းကို
မြင်တည့်လျှင်၊ လေးသင်္ချေနှင့်၊ ကမ္ဘာတစ်သိန်းပတ်
လုံး၊ သုံးဆယ်ပါရမီ၊ စာဂီပဉ္စ၊ စရိယသုံးဆင့်၊
ဆည်းပူးကျင့်၍၊ ပွင့်အံ့တျားတျားဖြစ်ရကား၊ ပွားမိ
သောအမျက်ကို၊ ချက်ချင်း ငြိမ်းစေ၍၊ ဤ ဖန် ရေ
သင်္ကန်းကား၊ ရဟန်းပရမတ်၊ ဝင့်ကင်းလွတ်သော၊
အရဟတ္တဖိုလ်၏ တံခွန်၊ မြတ်မွန်လှပေ၏တကား၊
ဤအဝတ်ကို၊ ယွင်းချွတ်တိခိုက်၊ မမှားထိုက်ပေ၊
ရှိသေမြတ်နိုး၊ရှိခိုးပူဇော်ထိုက်ပေသည်၊ ငါ့ရန်သူကို၊
ငါသတ်လိုလည်း၊ ထို သူယုတ်၌၊ အမြိုက်ခေါင်
ထွတ်၊ သင်္ကန်းမြတ်ကို၊ ဝတ်လျက် ရှိပချေသည်၊
ဘုရားလိုက်ခေါင်း၊အောင်း၍မာန်သွေး၊ ဟောင်သည့်
ခွေးကို၊ အရေးပြုငှာ၊ ခွင့်မသာသကဲ့သို့၊ ထိုသူယုတ်
အား၊ သတ်မိငြားသော်၊ တရားဂိုဏ်း မလွတ်ရာချေ
ဟု၊ ရွှေနှလုံးထား၊ ဘုရားတစ်ဆူ၊မြတ်ထွတ်တော်မူ
လှ၍၊ ရန်သူမုန်လျက်၊ မုဆိုးပျက်အား၊ အသက်ကို
ချမ်းသာပေးတော် လေသည်။

ထို့နောက်မှ မုဆိုးသားနှင့် စကားပြောတော်မူ
လို၍-

> အနိက္ကသာဝေါ ကာသာဝံ၊
> ယော ဝတ္ထံ ပရိဒဟိဿတိ၊
> အပေတော ဒမသစ္စေန၊
> န သော ကာသာဝ မရဟတိ၊
> ယော စ ဝန္တ ကာသာဝဿ၊
> သီလေသု သုသမာဟိတော၊
> ဥပေတော ဒမသစ္စေန၊
> သဝေ ကာသာဝ မရဟတိ၊ ၊

ဟူသော နှစ်ဂါထာကို ရွတ်တော်မူ၏။

အဓိပ္ပာယ်ကား။ ၊အချင်းမုဆိုး၊ အကြင်သူသည်
ကိုယ်တွင်း၌ ကိလေသာ တည်းဟူသော၊ ဖန်ရည်
အပြည့် ရှိ၏၊ ဣန္ဒြေကိုဆုံးမခြင်း၊ သစ္စာစောင့်ခြင်း
မှ ကင်း၏၊ထိုသူယုတ်သည်၊ဖန်ရည်စွန်းသော သင်္ကန်း
ကို မဝတ်ထိုက်၊အကြင်သူမြတ်သည်ကား၊ ကိုယ်တွင်း
၌ ရှိသော ကိလေသာကို၊ စင်ကြယ်စွာ အန်ထုတ်
အပ်၏၊ ဣန္ဒြေကိုဆုံးမခြင်း၊သစ္စာစောင့်ခြင်းနှင့်လည်း
ပြည့်စုံ၏၊ စတုပါရိသုဒ္ဓိသီလ လေးပါးတို့၌ လည်း
ကောင်းစွာ တည်၏၊ ထို သူမြတ်သည်သာ ဖန်ရည်

စွန်းသော သက်နိုင်းကို စင်စစ်ဝတ်ထိုက်၏ဟူသတည်း။ ထို့နောက်မှ အချင်းမုဆိုး၊ လူမျိုးတကာ၊ ကြံ့ငှာမရဲ၊ ကြံ့ဝံ့ခဲသော အကြံကိုကြံ၍၊ င့ါထံရောက်ငင်၊ ငါသို့ ဆင်ကို၊ အရှင်လတဲလတဲ၊သင် သတ်သည့် အကြောင်းကား၊ဘယ်အကျိုးထူး၊ ကျေးဇူးကြီးမား၊ သင်ဥ္ဆပ္ပွား မည်မကြောင့်၊ င့ါအား သင်- သတ်ရက် သနည်းဟု မေးတော်မူ၏။

မုဆိုးလည်း ဆင်မင်းသခင်၊ ထိပ်ခေါင်တင်၊ လူအို မုဆိုး၊ ကျွန်တော်မျိုးကား၊ ကိုယ်ကျိုးဆန္ဒ၊ ကိုယ့်ကိစ္စကြောင့်၊ သတ်ရသည် မဟုတ်ပါ။ ကာသိ မင်း၏၊ သက်နှင်းတောင်ညာ၊ သုဘဒ္ဒါဟု၊ အဆာကျယ်လှ၊ ရှင်ဘုရင်မကြီးက၊မြ မရှား စိန်မရှား၊ အလွန်ပင်များသည်ကို၊ နားလေးလေဟန်၊ ဆင်စွယ်မှ ပန်လိုသည်၊ သာမန်ဂုဏ်ငယ်၊ဆင်နက်စွယ်များကိုလည်း၊ နားဝယ် လက်မခံ၊ ညီဓော်နံသည်ဟု၊ရှ သတဲ့ဘုရား၊ထိပ်ထား ဘုန်းမော်၊ ဆင်မင်းကျော်၏၊ စွယ်တော်နှစ်ချောင်း၊ ခြောက်ရောင် မောင်းကိုသာ၊ နားတောင်း ပွတ်၍၊ ဆင်ဝတ်တော်မူလိုသည်။ဆဒ္ဒန်ဘုန်းကြွယ်၊ကိုယ်တော် မြတ်အစွယ်ကို၊နားဝယ်လှလှ၊မဆင်ရလျှင်၊ စိတ်ချပေရော့၊သူသေပါတော့မည်ဟု၊ရွှေနန်းကြော့ရှင်၊သူ့ချစ်လင်၏၊ ရင်ခွင်ကြားမှာ၊ ခေါင်းထား၍ အသော့ ငိုပါရော့သည် ဘုရား။ ပင်ပန်းလှိုက်ဖို၊ သူ့မယား ငိုတည့်လျှင်၊ ဟိုလူကြီးက၊ပြာရီးပြာရာ၊ ပဇာအရေး၊ မတွေးမမြော်၊ ကျွန်တော့်ကို ခေါ်ပြီးလျှင်၊ ဟဲ့နော် လုဒ္ဒက၊ ဆင်စွယ်ကို မရလျှင်၊ ဇီဝနတ္ထိ၊ နင်သေမည် သိစ့်ဟု၊ မင်းသမီးမာန်စွဲနှင့်၊ အံခဲ၍ မိန့်ရာတွင်၊ ခု သေမလောက်၊ ကျွန်တော်မျိုး ကြောက်လှ၍၊ ခား အောက်ကသာ၊ အနိုင်ခွာ- ခွာပြီးမှ၊ တောမှာပင် သေသေ၊ ဖြစ်လိုရာ ဖြစ်စေဟု၊ မသွေမဖောက်၊ ဆက်ပါမည် လျှောက်သည်တွင်၊ နှစ်ယောက်စလုံး၊ တပြုံးပြုံးနှင့်၊ အသုံးကံကျွေး၊ ငါးရွာစား ပေးပြီးလျှင်၊ ကျေးဇူးရှင်မ၊ သူ့ကိုယ်တိုင် လမ်းပြ၍၊ ဘုန်းဘုရား စွယ်တော် မြတ် ကို၊ အဖြတ် ကျွန်တော် ရောက်ပါသည်။ အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းကေရာဇ်၊လေးပစ်သူ ဘုရား့ ကျွန်တော်၊ ကြံဖော် ကြံဖက်၊ သုံးယောက်သား အနက်တွင်မှ၊ ကံကွက်ကျား၍၊ ငမိုက်သား မုဆိုးလေ၊ နင့်ချည်းပင် သေပေတော့ဟု၊ ငွေတောင်ကြီး အဟန်၊ ဆဒ္ဒန် မင်းမြတ်၊ ကျွန်တော်အား သတ်လျှင်လည်း၊ မလွတ်နိုင်ရာ၊ သေရပါတော့မည်။ ကရုဏာ ရှေးရှူ၊ လွှတ်တော်မူလျှင်လည်း၊ လူမလိမ္မာ၊ ကျွန်မိစ္ဆာသည်၊ ချမ်းသာရပါတော့မည် ဘုရားဟု တောင်းပန်လျှင်၊ အ လောင်း တော် မြတ်၊ ဗော ဓိ သ တ် လည်း ၊ လောကတ္တယ၊ ဘဝပါရဂူ၊ နီးတော်မူသောကြောင့်၊ ရန်သူ ပုဂ္ဂိုလ်၊ သောနုတ္တိုရ်အား၊ ရွှေကိုယ်တော်ပွား၊ ရင်နှစ်သားကဲ့သို့၊ သနားစုံမက်၊ အသက်ကို ချမ်းသာ ပေးတော်မူပြီးလျှင်၊ အသင်မုဆိုး၊ သင့်စကားတွင်၊ မိဖုရား သုဘဒ္ဒါ၊ အရိပ် ပါသောကြောင့်၊ ငါ စဉ်းစားမိ၊ စင်စစ်သိပြီ။ ဤမိဖုရားသည်၊ အခြားသူမဟုတ်၊ ငါ၏ သက်မျှ၊ စူဠ သုဘဒ္ဒါ၊ ရတနာရောင်ချိပ်၊ ဘွဲ့ရွှေ လိပ်နှင့်၊ ညောင်ရိပ် စံမြန်း၊ ကြင်မခန်းသည်၊ မြောက်နန်းဒေဝီ၊ သင်းဖြစ်သည်။ င့ါအစွယ်ကို နားဝယ်သူရန်၊ ဆင်လိုဟန်နှင့်၊ ကြံဖန်ပြောသော်လည်း၊ သဘော မဟုတ်လှလေဘူး။ ဆဒ္ဒန်စွယ်ကို၊ အကယ်၍ လိုဘိမူ၊ အဟိုရှေးက၊ဘေးတော်ဘိုးတော်၊ ခမည်းတော်ဘုရား၊ ဆင်မင်းဖျားတို့၏၊ ခြောက်ပါး ရောင်ဟု၊ စွယ်တော်စုံကို၊ နိတုံဇမ္ဗူ၊ ဤရွှေကူ၌၊ သိမ်းယူသိုထား၊ ရှိကြောင်းများကို၊ ထင်ရှား သင်း သိလျက်တကား။ ငါ၏ကိုယ်၌၊ မဆိုလောက်ဖွယ်၊ အပြစ်ငယ်ကို၊ ကြီးကျယ်ဝတ္ထု၊ ရန်ငြိုးပြု၍၊ ယခုင့ါကို၊ သေစေလိုသောကြောင့်၊ ထိုထိုပရိယာယ်၊ ဝေဝုစ်လှယ်လျက်၊ ဆင်စွယ်နားပန်၊ ဆင်လို ဟန် များ နှင့်၊ ဉာဏ်ဝက်နွ၊ ယုတ်မာလှသော၊ အမိုက်မအတတ်၊ သင်းကြံ၍ သတ်သည်ကား၊ ဆတ်ဆတ်မုချ မှန်တော့သည်။ သို့စင်မျှလောက်၊ မထောက်မဆ၊ ကြံရက်သည့် မိန်းမအား၊ မရသရွေ့၊ သူမမေ့ရာပြီ၊ ရှေ့သို့သံသရာ၊ ဖြစ်တိုင်းမှာပင်၊ လောင်စာ ရန်ငြိုး၊ မီးဆက်၍ ပျိုးမည့်ကြောင့်၊ မိန်းမဆိုးအမုန်း၊ သည်ဘဝတွင်၊ သည်မျှနှင့် တုံးစေတော့၊ တောပုန်း ချုံလျှိုး၊ သင်မုဆိုးအားလည်း၊ ဖြိုးဖြိုးကြွယ်ဝ၊ မင်း ဆုလာဘ် ရစေတော့၊ နန်းမတောင်ညာ၊ သုဘဒ္ဒါ တို့၊ မလာကြခင်၊ စွယ်တော်ရှင်ကို၊ လျှင်လျှင် ဖြတ် ချီး၍၊ သင်မုဆိုး စိတ်ရှိတိုင်း ပြုပါတော့ဟု၊ခွင့်ပေး တော်မူလျှင်၊ မုဆိုးပေတလူ၊ အခေါက်ထူလည်း၊ သူနှင့်ဆင်မင်း၊ ရန်ဘက်ချင်းကဲ့သို့၊ ချက်ချင်းထကြွ၊ ကများကတည့်၍၊ လွှကြီးကိုင်လျက်၊ ဖြတ်မည်ဟု တက်သော်လည်း၊ မတက်နိုင်ချေ။ ပန်းဟိုက်၍ နေ

သည်တွင်၊ မြေနှင့်ပွတ်ကာ၊ ဦးခေါင်းတော် ညွတ်ရှာ၍၊ ဖြတ်သာအောင် ပြုတော်မူပေ၏။

မုဆိုးညစ်ထေး၊ ငမိုက်ခွေးလည်း လေးစွန်တောင်နှင့်၊ အာပေါင်ကိုလှန်၊ ဒိုင်းထောက်၍ ကန်ပြီးလျှင် ထက်သန်မြမြ၊ ကြောက်မက်ဖွယ် လွှကြီးနှင့်၊ အာစကို ဖြတ်တိုက်၊ ဦးနောက်သို့ ခိုက်လုအောင်၊ အလျားလိုက် ထိုးသွတ်၊ စွယ်ရင်းကိုပွတ်သည်တွင်၊ ပေါက်လွတ် ဗလပွာ၊ ကနဲကျိုး၍ လာသကဲ့သို့၊ အာခံတွင်းမှ၊ သွေးချောင်းကျလျက်၊ ဒုက္ခဝေဒနာ၊ ကြီးစွာဖြစ်တော်မူလေ၏။ အစွယ်တော်မြတ်မူကား၊ ပြတ်မည်ကို ဝေးစွ၊ အရာမျှမထင်၊ ပန်းပင်ဖုတ်လှိုက်၊ မုဆိုးလည်း ဟိုက်လှပြီ။ သုံးတိုက်လုံးနတ်၊ ဆင်မင်းမြတ်လည်း ဥပါဒ်ကြီးစွာ၊ ဝေဒနာကို၊ ပညာဖြင့် သိမ်းဆည်း၍၊ သည်းညည်းခံတော်မူပြီးလျှင်၊ အသင်မုဆိုး၊ ငါကိုယ်တော်လည်း၊ ညှိုးငယ်နာကြည်း၊ ခွန်အားနည်းလှပြီ။ သင်လည်း လုံ့လ၊ ဖြတ်တိုက်၍ မရပြီ။ ငါ့အစွယ်မြတ်၊ ရိုးတော်ဓာတ်ကို၊ ငါဖြတ်၍ လှူတော့မည်။ ကျူငွေတုံးအလား၊ နှာမောင်းဖျားကို၊ သင်ကားကိုင်ကြွ၊ ချီမင့်မ၍၊ လွှကို ငါ့အား ဆက်ပေတော့ ဆိုပြီးသော်၊ လွှသံစောင်းကို၊ နှာမောင်းနှင့်ပတ်၊ ကိုယ်တော်တိုင် တိုက်ဖြတ်လျှင်၊ စွယ်တော်မြတ်အစုံသည်၊ နီတုံရောင်စို၊ ရွှေတောင်ကြီး ပြိုသကဲ့သို့၊ ပြတ်တိုတုံး၍၊ ဖုံးဖုံးမြေသို့ ကျလေ၏။ ထို့နောက်မှ၊ အစွယ်နှစ်ချောင်းကို၊ နှာမောင်းဖြင့် ပွေ့ယူ၊ ချီတော်မူပြီးလျှင်၊ ပေးလှူတော် မူအံ့သောငှာ၊ သာယာနာပျော်၊ မုဆိုးခေါ်၍၊ အမိန့်တော် ဤသို့ ရှိ၏။

> သမ္မ လုဒ္ဒပုတ္တ၊ အဟံ ဣမေ ဒန္တေ တုယှံ
> ဒဒမာနော နေဝ မယှ အပ္ပိယာတိ ဒမ္မိ။
> န သက္ကတ္တ မာရတ္တ ဗြဟ္မတ္တာဒီနံ သမ္ပတ္တိ
> ပတ္ထေန္တော၊ ဣမေဟိ ပန မေ ဒန္တေဟိ သတ
> ဂုဏေန သဟဿ ဂုဏေန သတသဟဿဂုဏေန
> သဗ္ဗညုတ ဉာဏ ဒန္တာဝ ပိယတရာ။
> သဗ္ဗညုတ ဉာဏ ပဋိဝေဓာယ မေ ဣဒံ ပုည်
> ပစ္စယော ဟောတု။

သမ္မလုဒ္ဒပုတ္တ၊ အဆွေမုဆိုးသား၊ ဣမေဒန္တေ၊ ဤ ငါ့အစွယ်တော်စုံတို့ကို၊ တုယှံ ၊ သင့် အား။ ဒဒမာနော၊ ပေးလှူသော။ အဟံ ၊ ငါသည်။ မယှံ၊ ငါ့အား။ အပ္ပိယာတိ၊ မချစ်အပ်သော ငတ္တုဟုနှလုံးသွင်း၍။ နေဝဒမ္မိ ၊ ငါမလှူ။ သက္ကတ္တမာရတ္တဗြဟ္မတ္တာဒီနံ၊ သိကြားမင်း၏အဖြစ် မာရ်မင်း၏အဖြစ် ဗြဟ္မာမင်း၏အဖြစ်အစရှိသည်တို့၏၊ သမ္ပတ္တိ ၊ စည်းစိမ်ကို၊ ပတ္ထေန္တော ပိ ၊ တောင့်တသည်ဖြစ်၍လည်း။ နဒမ္မိ ၊ ငါမလှူ။ ပန၊ စင်စစ်သော်ကား၊ ဣမေဟိဒန္တေဟိ ဤ ငါ့အစွယ်တို့ထက်၊ သတဂုဏေန၊ အဆအရာအားဖြင့်လည်းကောင်း။ သဟဿဂုဏေန၊ အဆအထောင် အားဖြင့်လည်းကောင်း။ သတသဟဿဂုဏေန၊ အဆအသိန်းအားဖြင့်လည်းကောင်း၊ သဗ္ဗညုတ ဉာဏ ဒန္တာဝ၊ သဗ္ဗညုတဉာဏ် တည်းဟူသော အစွယ်တို့ကိုသာလျှင်။ ပိယတရာ၊ အလွန်တရာသာ၍ ငါချစ်မူ၏။ မေ ငါ၏။ ဣဒံပုည်၊ ဤ အစွယ်တော်ကို လှူရသောကောင်းမှုသည်။ သဗ္ဗညုတဉာဏပဋိဝေဓာယ၊ သဗ္ဗညုတဉာဏ်ကို ရခြင်း၏။ ပစ္စယော၊ အထောက်အပင့်သည်။ ဟောတု၊ ဖြစ်စေသတည်း။

ဤသို့သော အမိန့်တော်နှင့်၊ သုံးဖော်ဝဋ္ဋ၊ ဘုံဘဝဟု၊ သင်္ခါရနွယ်ဝင်၊ အပင်မဟုတ်၊ စည်းစိမ်ဇုတ်များကို၊ ရွေနှုတ်မြွက်ဟ၊ မတောင့်တဘဲ၊ ဘဝသင်္ခါရ၊ ဒုက္ခခပ်သိမ်း၊ ငြိမ်းရာအမှန်၊ နိဗ္ဗာန်ခေမာ၊ စိုးချုပ်ချာသော၊ မဟာသဗ္ဗညုတ၊ အတုလဉာဏ်တော်၊ ဆုမြတ်ကျော်ကိုသာ၊ မြွက်ဖော်သံရှင်၊ ပန်ဆင်တောင့်တတော်မူပြီးလျှင်၊ ညီးညီးလျှံဝါ၊ ခြောက်ရောင်ဖြာသော၊ ကိုယ်အင်္ဂါမြတ်၊ စွယ်တော်ဓာတ်တို့ကို၊ နဝရတ်ခြယ်စီ၊ ရွှေစေတီကဲ့သို့၊ ပိုက်ချီယူယ၊ နှာမောင်းဖြင့်မပြီးလျှင်၊ ကြောက်စရာ့သဘက်၊ မုဆိုးကြီးလက်ထဲသို့၊ ရက်ရက်လွယ်ကူ၊ အပ်နှင်းတော်မူသဖြင့်၊ ဘူမတ္ထလာ၊ စက္ကဝါဠရေမြေ၊ လေအဆုံးရောက်၊ ဘဝဂ်ပေါက်မျှ၊ ထုတ်ချောက်ဝှန်ဆူ၊ နတ်လူကောင်းချီး၊ ပဲ့တင်ဟည်းစေလျက်၊ အလှူကြီး ပေးတော်မူသတည်း။

ထို့နောင် မုဆိုးကိုခေါ်၍၊ အဆွေတော် သောနုတ္တိုရ်၊ မောင်မင့်သခင်၊ ပလ္လင်ညာရံ၊ ရွှေဘုံပျံမှာ၊ စံပေသည့်နတ်၊ မယ်သုဘဒ်ကို၊ ဆတ်ဆတ်သဘော၊ ငါမှာတိုင်းပြောပါလေ။ တောဟောမာချောင်၊ အိုင်သာခေါင်တွင်၊ ငွေတောင်ကြီးအသွင်၊

ခင်မလင်ကို၊ အရှင်လတ်လတ်၊ သင်စေ၍ သတ်ခဲ့ပြီ။
စွယ်တော်မြတ် နှစ်ချောင်း၊ ခြောက်ရောင်မောင်း
ကိုလည်း၊ ရင်းဆင်ကြီး၊ မသေခင် ဖြတ် လှီး၍၊
သွေးစီးသံထွက်၊ နာကျင်စွာနှိပ်စက်၍၊ အသက်
ဆုံးစေခဲ့ပါပြီ။ ဤစွယ်စုံကို၊ ရွှေ ဘုံ သူ့ မှန် ကူ၊
သုံး ရက် တော် မူ သေး လျှင်၊ ရန် သူ ၏ အစွယ်ကို၊
ရွှေ လက် ဝယ် သပါမည်။ အားရစိတ်ရွှင်၊ ကျေနပ်
အောင် ဇီရင်၍၊ ပြုချင်တိုင်း ပြု တော် မူ ပါ တော့
ဘုရားဟု၊ မောင်မင့်သခင်၊ မုန်းပင်စိုက်ပျိုး၊ ပြေချိန်
တန်၍မှ၊ မပြေ နိုင် ငြိုး တတ် သည့်၊ မုဆိုးတပိုင်း၊
မိန်းမရိုင်းကြီးကို၊ ငါ မှာတိုင်း ပြောပါလေ။ ထိုမှ
တစ်ပါးလည်း၊ မိဖုရား သုဘဒ္ဒါသည်၊ အိုင်သာဆဒ္ဒန်၊
ဤရေကန်တွင်၊ ညာရံမဟာ၊ သုဘဒ္ဒါနှင့်၊ ဝဲယာရွှေရံ၊
စံသည်ကာလ၊ ဒေါသအပြစ်၊ မဖြစ်မမြောက်၊ မမုန်း
လောက်သည်ကို၊ အဆောက်အဦ၊ အပြစ်ကြီး ယူပြီး
လျှင်၊ ငြိုစူမျက်ဝင်၊ ငါ့ချစ်လင်ကို၊ သင်မိဖုရား၊ သတ်
ဖြတ်နိုင်အားပေ၏။ စိမ်းကားမျက်ငြိုး၊ သစ်ယောင်း
ခက် ချိုးသကဲ့သို့၊ ချစ်ကြိုးဖြတ်ဖြေ၊ သင် သတ် ရက်
လေသော့ကြောင့်၊ သင့်သက်ဝေငယ်လင်၊ ငါ့ဆဒ္ဒန်
ဆင်သည်၊ မြေတွင်တုံးလုံး၊ မြားချက်နှင့် ဆုံးပါပြီ။
ရွှေသုံးရံချယ်၊ ကြာရိပ်လယ်မှာ၊ ရယ်ကာ မောကာ၊
မျက်နှာငွေလ၊ ရွှင်ပပနှင့်၊ ခင်မ ဝမ်းမြောက်ပါလေ
တော့ ဟူသော ဤစကားကိုလည်း မြားဆိပ် မူ၍၊
တောင်လှူး မြောက်လည်း၊ နာကြည်း ဝေဒနာ၊ မချိ
ရကာ၊ မှာတော်မူလိုက်သည် ဘုရားဟု၊ ခြားနားအောင်
တင်ပါလေ။

သင်မုဆိုးသည်၊ ကြိုး စား အား သစ် ၍၊ ခုနစ်နှစ်
ခုနစ်လ၊ လာခဲ့ရသော်လည်း၊ ငါ့ စွယ် တော် မြတ်၊
ဠဒ္ဒပါဒ်ကြောင့်၊ လတ် တ လော ချင်း၊ ခုနစ်ရက်
အတွင်း၌၊ မောင် မင်း ပြည် သို့ ရောက် လိမ့် မည်။
ဘေး ရန် ကာ သန်း၊ ပ ရိတ် ပန်း များ ကို၊ ငါ
မန်း ၍ ပေး တော် မူ လိုက် မည်။ ဆဒ္ဒန္တာရံသိ၊
ထိန်ထိန် ကျက်သရေ၊ စွယ်တော်စုံ အမြုတေကို၊
ရှိသေစွာ သင်ထမ်း၍၊ လာလမ်းကို ပြန်လေတော့ဟု၊
စေ့ရေး ကြောင်းလျား၊ မှာထားတော် မူပြီးလျှင်၊
မုတ္တာမှုးချိန်၊ စိန်ငါမြခဲ၊ ရွှေလည်ရွဲ ကဲ့သို့၊ မခွဲကြချင်၊
လွန်ကဲစွာ ချစ်ခင်သော၊ ညာတင်မဟာ၊ သုဘဒ္ဒါကို၊
မြင်ရှာတော်မူချင်သေး၍၊ တရေးရေးရမ်းရော်၊လာ
နိုးနိုး မျှော်ဆဲတွင်၊ ကြမ်းချော်ခက်ထန်၊ မြားဆိပ်

မွှန်၍၊ ဆဒ္ဒန်ဆင်ကောင်း၊ဘုရားလောင်းသည်၊ မယား
ဟောင်းလက်နက်နှင့်၊ အသက်ဆုံးတော် မူရလေ၏။

မုဆိုးလူပျက်၊ ဖုတ်သဘက်လည်း၊ ခြောက်ရက်
ခရီးနှင့်၊ ပြည်ကြီးဗာရာ၊ နန်းအောင်ချာသို့၊ လျင်စွာ
ဆိုက်ရောက်တည့်လေလျှင်၊ ဝေယန် ညာဆွယ်၊ ကမ္ဘ
လယ်၌၊ စံပယ်ပျော်ပါးသော၊ မိဖုရား သုဘဒ္ဒါအား၊
ခြောက်ဖြာရောင်ထင်၊ စွယ်တော်ရှင်ကို၊ ဝင်၍ချက်
ချင်းဆက်လေ၏။ ဆက်ပြီးလတ်သော်၊ ဆဒ္ဒန်ဆင်
မင်း၊ မှာရင်းစကား၊ အကြောင်းများကို၊ မထား
မချန်၊ စေ့စုံစွာ ပြန်သည်တွင်၊ ဗိမာန်နန်းမှား၊
သုဘဒ္ဒါမိဖုရားလည်း၊ စကားရှေ့နောက်၊ ပြန်လှန်
ကာထောက်လတ်သော်၊ နောက်နောက်ကျိုကျို၊ နှလုံး
တော်ရှိလှ၍၊ မဏိခြယ်စီ၊ သိင်္ဂီရိုးညွှာက်၊ အုံ
လောက်ဆန်းပြား၊ ရွှေယပ်များဖြင့်၊ သနားစိတ်ဝင်၊
ခံယူတင်ပြီးလျှင်၊ ရင်ခွင်တော်၌၊ စွယ်တော်ကိုပိုက်
ပြန်၍၊ ဇ.စိုက်စိုက် ရှုရင်းပင်၊ ပြုမိသည့် ဖြစ်တွေ၊
လင်သေသည့်အကြောင်း၊ဘဝဟောင်းက၊ငယ်ပေါင်း
ဗီဗီ၊ လည်ချင်းမှီ၍၊ နာရဏီခိုင်၊ အင်ကြင်းမြိုင်နှင့်၊
မြစိုင်ပညောင်၊ ရွှေကူချောင်မှာ၊ ဆွေမောင်နှင့်မယ်၊
ကျီစယ်သမျှ၊ ပန်းခိုင်လု၍၊ ကယုကယင်၊ ချစ်တုံ့တင်
လျက်၊ ကျင်ကျင်လည်လည်၊ ပျော်ဖူးခဲ့သည်များကို၊
ကြံစည်စေ့စေ့၊တစိမ့်စိမ့်အောက်မေ့၍၊ တငွေ့ငွေ့
ဆင်ခြင်၊ ပူစကိုင်ငင်မိလျှင်၊ ပူပင်လယ်ရေ၊ လှိုင်းဗောင်
ဗင် ဝေသောကြောင့်၊ မဖြေနိုင်မဆည်နိုင်၊ သည်းစိုင်
လောင်ခြစ်၊ ကျမျက်ရည်ချောင်းဖြစ်အောင်၊ အော်
ဟစ်၍ ငိုဆဲတွင်၊ နဂိုဖောက်လဲ၊ ဗာရာမင်းလည်ဆွဲ
သည်၊ ရင်ကွဲနာနှင့်၊ နတ်ရွာစံတော်မူလေ၏။

ဆင်မင်းမြတ်စွာ၊ သေလွန်ရာ၌လည်း၊ သုဘဒ္ဒါ
မိဖုရားနှင့်၊ ပေါက်သားမာတင်၊ ရှစ်ထောင်သော
ဆင် တို့ သည်၊ ကောင်း ကင် သမုဒ္ဒရာ၊ ဟိ မ ဝါ
တောတောင်၊ နံ့အောင်ရှာ၍၊ ရန်သူကိုမတွေ့မှ၊
ရှေ့တည်မိရာ၊ ပြန်ခဲ့လာကြ၍၊ ရာဇာဘုန်းလျှံ၊
ဆင်မင်းထံသို့၊ ခြံရံဆိုက်ရောက်ကြသတည်း။ မဟာ
သုဘဒ္ဒါ၊ ဘွဲ့ခရာနှင့်၊ ညာမဟေသီ၊ ဆွေနာဂီလည်း၊
စေတီငွေတုံး၊ ပျက် ပြို ဆုံး သကဲ့ သို့၊ တုံးလုံး
လျောင်းစက်၊ လင်သေသည့်အချက်ကို၊ ညဏ်သက်၍
ထောက်မြော်သော်၊ စွယ်တော်ကိုဖြတ်ရာ၊ သွေးစက်
ရာများနှင့်၊ လက္ခဏာအခန်းခန်း၊ သေပုံတော်ဆန်း

လှ၍၊ မြောက်နန်းတော် လက်ကိုင်းဟု၊ ဟုတ်တိုင်းကို တွေးတောတော်မူမိ၏။ ထိုပြီးနောက်မှ၊ ငွေတောင်မာတင်၊ ဓိမိလင်ကို၊ ဦးတင်ဝန္ဒနာ၊ ကန်တော့ငှာဖြင့်၊ လက်ယာသုံးပတ်၊ လှည့်ပြီးလတ်သော်၊ ကိုယ်တော်မြတ်အလောင်းကို၊ နှာမောင်းဖြင့်ပွေ့ချီ၊ ကိုယ်ချင်းမှီ၍ ထိုဤ သွယ် ဝှဲ့၊ မဖွဲ့ တတ် ပြီ၊ မပီသ နိုင်၊ သည်း ပွတ် ဆိုင် ကို၊ ဖြတ် ချိင် ကျွမ်းလှန်၊ ရန်ပုံခွင်းမှန်သကဲ့သို့၊ အ လွန် ဆွေး ပူ၊ ကြေကွဲတော်မူလှ၍၊ ကျူကျူ သံအိုင်၊ တောဂနိုင်ကို၊ တစ်ပြိုင်နက်ဘည်း၊ ပဲ့တင်သံကြည်းစေလျက်၊ လှည်း၍ ငိုတော်မူသတည်း။ ထက် ဝန်း ရံ ဆောင်၊ ဆင်ရှစ် ထောင် တို့ လည်း၊ ခေါင် ခေါင် ကျယ် ကျယ်၊ အော်မြည်လိုက်ဖို၊ မြေကြီးပြိုမလောက်၊ ထိုကြ်ပြေး၍ ငိုကြွေးပြီးသော်၊ နန်းမတော်သုဘဒ္ဒါလည်း၊ လိမ္မာရေးခြားသော ဆင်ပေါက်တစ်စီးကို ခေါ်၍၊ ရွှေငွေမြကျူ၊ ပင်မဉ္ဇူနှင့်၊ နန္ဒမူတောင်မင်း၌ သီတင်းသုံးနေသော၊ ပစ္စေကဗုဒ္ဓါ၊ ဆရာသခင်တို့အား၊ အရှင်ဘုရားတို့၏ ပစ္စည်းလေးပါးဒါယကာ၊ မဟာဆဒ္ဒန်ပေါက်လှနာဂရတ်၊ ဓာကာတော် မင်းမြတ်သည်၊ လောကတ္တယ၊ ဘဝဇာတိ၊ ဝဋ်ရှိသေးသူ၊ လူခပ်သိမ်းတို့၊ ရှောင်တိမ်းခြင်းငှာ၊ မတတ်ရာသော၊ ခန္ဓာဘာဂ်၊ မရဏသဘော၊ ရွှေ့လျောဖောက်ပြန်၊ ဆုံးသေလွန်၍၊ နတ်ဌာန်လားတော်မူလေပြီ။ ဓာကာတော် ဆင်မင်း၏ ရုပ်ကြွင်းဝတ္ထု၊ ကလာပ်စု၌၊ အသုဘ ကမ္မဋ္ဌာန်း၊ စီးဖြန်းတော်မူခြင်းငှာ၊ ဝိသာလမာလက၊ စုံလှပန်းမန်၊ မြေသုသာန်သို့၊ ဈာန်ဝသီဘော်၊ စက်ယာဉ်ကျော်ဖြင့်၊ ကြွတော်မူပါမည့် အကြောင်းကို၊ လျှောက်ပါသည် ဘုရားဟူသော၊ အမိန့်တော်ပင့်စာနှင့်၊ ဒ ကာတော်မ သဗ္ဗဘဒ္ဒါ၊ မဟာအတုလ၊ နာဂိန္ဒဒေဝီ၊ ဘွဲ့ တံဆိပ် နာမံဟော်ရှိသော၊ မိဖုရားခေါင်ကြီး ဘုရားကာ၊ သွား၍ပင့်ချေ၊ ယခုခစသော့ကြောင့်၊ ခြေရင်းတော်သို့၊ ပင့်ခေါ်မည်ရောက်ပါကြောင်းကို၊ လျှောက်လေဟု၊ စေတော်မူလိုက်၏။

တမန်ဆင်လည်း ကောင်းကင်ကသွား၍၊ ငါးရာသော ပစ္စေကဗုဒ္ဓါတို့ကို ပင့်ခေါ်ပြီးလျှင် အလောင်းတော် ခေါင်းရင်းက သီတင်း သုံး နေစေသတည်း။ ထိုပြီးနောက်မှ၊ ပေါက်လှမုန်ယို၊ ဆင်ဂျီနှစ်စီး၊ မာတင်ကြီးတို့သည်၊ စောထီးဘုန်းမော်၊ အလောင်းတော်ကို၊ မြောက်ကော်ကြပ်မ၊ အစွယ်နှင့် ကြွပြီးလျှင်၊ ပစ္စေကဗုဒ္ဓါတို့၏ ခြေကို၊ ရှိသေညွတ်နှိမ်၊ သုံးကြိမ်ဦးခိုက်စေပြီးသော်၊ အကျော်စမ္မာနံ့ သာ၊ ကာရမက်၊ ထင်းပုံထက်သို့ စွယ်ရှက်ကာ ချီတင်၍၊ စီရင်သင်္ဂြိုဟ်ကြ ကုန်၏။ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာရှင်ပျို၊ ထေရ်ဘုန်းလျှံတို့လည်း၊ ညဉ့်သုံးယံ ပတ်လုံး၊ စုရုံးညီညာ၊ ဒေသနာပရိယတ်၊ ရွတ်ဖတ်စီးဖြန်း၊ ကမ္မဋ္ဌာန်း အသုဘ၊ ရှုကြကုန်လျက်၊ လင်းမှ ပြန်တော်မူကုန်၏။ သု ဘ ဒ္ဒါ မိဖုရား နှင့်၊ အများ သောင်းသောင်း၊ ဆင်အပေါင်း တို့လည်း၊ ဦးခေါင်းညွတ်ဆိုက်၊ သချိုင်းကိုဦးခိုက်လျက်၊ ရစ်ဝိုက်လက်ယာ၊ သချိုင်း ပြာကို၊ နှာမောင်းဖြင့် ယူငင်၍၊ ချစ်ခင်မရဲ၊ ဦးကင်းထက် ကြဲကြလျက်၊ ကန်တော့ပွဲခံပြီးလျှင်၊ ညာစံမဟာ၊ သုဘဒ္ဒါကို၊ သိင်္ဂါဇမ္ဗူ၊ ရွှေကူဗိမာန်၊ နန်းဝေယန်သို့၊ ပြန်တော်မူခွင့်၊ အချိန်သင့်ပြီဟု၊ ချီပင့်ခေါ်လျက်၊ သံတော်ဦးတင်ကြကုန်၏။ မိဖုရားမြတ်၊ ဆင်များနတ်လည်း၊ စောထွတ်ဓိမိုဟ်း၊ လင်သက်နိုင်း၏။ သချိုင်းတော်ရာ၊ မြေမျက်နှာကို၊ မခွာတတ်အား၊ မထားခဲ့ရက်၊ ငဲ့ကွက်စောင်းလှည့်၊ ပြန်ကြည့်ကြည့်နှင့်၊ လှော်မှည့်ရတနာ၊ မျက်နှာမဉ္ဇူ၊ လဋ္ဌနူကို၊ လွှမ်းမြူတိမ်တောင်၊ မြူးရစ်မှောင်သို့၊ ခေါ်ယောင်မျော်ကာ၊ ပေါ်လာလိမ့်နိုး၊ ထင်ကိုးဆိုင်းလင့်၊ တဖင့်နှဲနှဲ၊ မျက်ရည်ရွဲ နှင့်၊ ပျော်မြရပ်ဌာန်၊ ရွှေကူဗိမာန်၊ နန်းဝေယန်သို့၊ ပြန်ရှာတော်မူရလေသတည်း။

ဤဆဒ္ဒန်ဒေသနာ၌၊ မဟာဗောဓိသတ်၊ ဆင်မင်းမြတ်သည်၊ စွယ်တော်ခြောက်နှစ်ဆူကို၊ အမူကြမ်းခက်၊ မုဆိုးလက်သို့၊ ရက်ရက်ရောရော၊ လှူသောအခါ၊ တိရစ္ဆာန်ဖြစ်ပါလျက်၊ ဗြဟ္မာလူနတ်၊ စည်းစိမ်မြတ်ကို၊ ဝဋ်၏မျိုးစေ့၊ ဖြစ်လေ၍လျှင်၊ တပ်မွေ့စုံမက်၊ မနှစ်သက် သော့ကြောင့်၊ ဆုမြွက်၍မတောင်း၊ ၎င်းလောကီ၊ စည်းစိမ်ဤကို၊ မညီမနံ၊ မရှုံ့နိုင်ငြား၊ ကောင်းသည်ဟု ခံစားလျှင်၊ ဆယ်ပါးသံယောဇဉ်၊ စပ်ယှဉ်ကပ်ငြိ၊ တိုးပွားဘိ၍၊ ဇာတိမပြတ်နိုင်လေရာ၊ ဇာတိဝဋ်ညှောက်၊ မကုန်ပျောက်က၊ အဖောက်ဖောက် အပြန်ပြန်၊ အဖန်ဖန်အခါခါ၊ နာလိုက်လား သေလိုက်လား၊ ချားရဟတ်ပုံ၊ ငုပ်တုံပေါ်ပြန်၊ ဒုက္ခကြီးဝဲဆန်၍၊ နိဗ္ဗာန်အလွန် ဝေးချိမ့်မည်၊ ဤအဖြစ်ကို၊ စင်စစ်တွေးမိ၊ ဆင်မင်းသိသော့ကြောင့်၊ လောကီ စီးပွား၊ ချမ်းသာများကို၊ ပယ်ရှား စွန့်ပစ်တော်မူသတည်း။ ဤထုံးစံကို၊ နည်းခံစွဲယူ၊ ယခုလူတို့သည်၊ ထောက်ကူမစ၊ ရှေးပုညကြောင့်၊ သာသနာ့အတွင်း၊

အလင်းကြုံဘို၊ ဒွိဟိတ်-တိဟိတ်၊ စိတ်ဝိပါက်ယှဉ်၊ လူစင်ကေန်၊ ဖြစ်သည်မှန်လျက်၊ တိရစ္ဆာန်လောက်မျှ၊ အရိပ်ကိုမသိကြတဲ၊ ဒါနကောင်းမှု၊ ပြုကြသော်ခါ၊ ဝင်ချမ်းသာကို၊ တဏှာလိုက်စား၊ ဆုတောင်းမှားကြလျှင်၊ နာလိုက်လား သေလိုက်လား၊ တမှားမှားနှင့်၊ အလျားလိုက်မျော၊ ဆင်းရဲ၍ မောကြမည်၊ သဘောကြီးကြပါစေကုန်၊ ထို့ကြောင့် ကုသိုလ် ကမ္မပထ၊ ပြုသမျှ၌၊ သာဝကပစ္စေကဗုဒ္ဓါ၊သမ္မာသမ္ဗုဒ္ဓ၊ ဝဋ်မှဆန်တက်၊ ဆုသုံးချက်ကိုသာ၊ နှုတ်မြွက်ကောင်းကောင်း၊ရလွယ်ကြောင်းနှင့်၊ ဆုတောင်းမြွတ်ထွတ်စေရမည်။ သဗ္ဗညုဂုဏ်၊ မဂ်ဖိုလ်ငံ့မျှော်၊ သူတော်သူမြတ်အပေါင်းတို့။ ။

# သူအိုမကြီး

သဗ္ဗညု မြတ်စွာဘုရားသည် သာဝတ္ထိ ပြည်နေ ဓမ္မိက ဥပါသကာ တစ်ယောက်ကို အထောက်အထား တရားသက်သေမှု၍ ဘိက္ခုပရိသတ် ရှင်မြတ်အပေါင်း တို့အား—

ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓ မတ္တနော။ ။

ဟူသော ဓမ္မပဒ ဒေသနာ၊ ဂါထာပါဠ်သားဖြင့်၊ တရားအောင်မောင်း၊ ရင့်ညောင်း ခတ်ဆော်တော်မူသတည်း၊ ထိုဂါထာ၏အဓိပ္ပာယ်ကား၊ ဒါနအစ၊ ပုညကိရိယာ၊ ကံဆယ်ဖြာကို၊ သဒ္ဓါဇောသည်းလျက်၊ ပစ္စည်းခမ်းနား၊ နည်းများမရှိ၊ အားနှင့်ညီ၍၊ ပြုမိသော သူတော်ကောင်းသည်၊ မိမိကုသိုလ် ကမ္မ၏၊ မစ္ဆေရ မနော၊ ချောမောစင်ကြယ်ခြင်းကို မြင်၍လည်းကောင်း၊ ထိုကောင်းမှု၏ ပစ္စက္ခ အကျိုးကို မြင်၍လည်းကောင်း၊ ဤပစ္စုပ္ပန်ဘဝ၌၊ ရွှင်ပျအားတက်၊ နှစ်သက် မွေ့လျော်ရ၏။ တမလွန်၌လည်း၊ ချမ်းသာသုံးပါး၊မြတ်စီးပွားကို၊ စံစားမွေ့ လျော်ရ၏။ ထို့ကြောင့် ကုသိုလ်မည်သည်ကို၊ ယုံကြည်သဖြင့်၊ ပြု သင့် သည် သာတည်း ဟူ၍၊ ဂါ ထာ တော် ၌ အာဘော် အဓိပ္ပာယ်ရသတည်း၊

ထိုဒေသနာနှင့်အညီ၊ ဒါနဆောက်ဦ၊ ဘယ်သို့ လှူ၍၊ ဘယ်သူဒါယကာ၊ ဘယ်အခါတွင်၊ သံသရာ ပစ္စက္ခ၊ နှစ်ဘဝ၌၊ သုခခံစား၊ ပျော်ပါးမွေ့လျော် ရလေသနည်းဟု၊ အဓိဋ္ဌာဇောတနာ၊ ပုစ္ဆာနှစ်နော၊ စော ကြော ဖွယ် ရှိ သော ကြောင့်၊ တိကနိပါတ်၊ ကုဏ္ဍက ကုစ္ဆိသိန္ဓဝဇာတ်၏၊ အတ္ထုပ္ပတ်နိဒါန်းဖြင့်၊ ဖြေခန်းပရိဟာရထုတ်၍၊ ပုဂ္ဂိုလ်များစွာ၊ တရားနာ တို့အား၊ သိဂ်ါခရောင်လက်၊ နားရွှေခွက်၌၊ ဓမ္မစက် ဂမ္ဘီ ၊ ခြင်္သေ့ဆီကို၊ ထိုဤတိမ်းပါး၊ မရွေ့ရှားရ အောင်၊ တရားမြိုက်ရည်သွန်းလတ္တံ့။

ငါတို့မြတ်စွာဘုရားသည်၊ သာဝတ္ထိ ပြည်နဂိုရ်၌၊ ဝါဆိုတော်မူခါ၊ ပဝါရဏာအပြီးတွင်၊ ခရီးဒေသ စာရီ၊ ကြွချီလှည့်ပတ်၍၊ တိုင်းမြတ် ကောသလ၊ ဌာန အောင်ချက်၊ ဘူမိနက်သို့၊ ရွှေစက်တစ်တန်၊ ပြန်လည် တော်မူရာတွင်၊ အာဂန္တုက ဘတ်ကို၊ တတ်စွမ်း သမျှ၊ လှူဒါန်းကြမည်ဟု၊ ကောသလမင်းနှင့်တကွ၊ များလှခြေထူ၊ ပြည်သူခပင်းတို့သည်၊ အသင်းစု ဖွဲ့ယှက်၍၊သူ့ထက်ကားငါ၊ သူသာငါနိုင်၊ ဂုဏ်ပြိုင် အားပြု၊ စီမံကြ၍၊ မွန်မြတ်လှသော၊ ဘောဇဉ် ခဲဖွယ်တို့ကို၊ ကြီးကျယ်များမြောင်၊ လုပ်ဆောင်ပြီး ပြေလျင်၊ ဇေတဝန် ကျောင်းတော်သို့ သွား၍၊ ဓမ္မဃောသက ရဟန်းထံ၊ အလှူခံ ပုဂ္ဂိုလ်ကို၊ လျှောက် ဆို တောင်း ပန် ကြ သည် တွင်၊ ဓမ္မ ဃောသက ရဟန်းကြီး ကလည်း၊ အသီးသီးသော ဒါယ ကာ တို့ အား၊ ထိုက် လျောက် ရာ ရ ဟန်း များကို ညွှန်ကြားပေးအပ်လိုက်လေသည်။ ဇေတဝန် ကျောင်းတော်၌၊ အဂ္ဂသာဝက၊ ဓမ္မ သေနာပတိ၊

သာရိပုတ္တရာ၊ မဟာထေရ်ကျော်၊ ကိုယ်တော်မြတ်တစ်ပါးသာ၊ဒ ကာမပေါ် ကြွင်းတော်မူလေသတည်း။

ထိုအခါသာဝတ္ထိပြည်သူ၊ ခေါင်းဖြူဖွေးဖွေး၊ ချင်းသေး ထဘီအို၊ လက်တိုအင်္ကျီနွမ်းနှင့်၊ အသက်တမ်းခေါင်ခိုက်၍-ပြာဆိုက်အောင်မွဲလှသော၊ ဒါယိကာမကြီးတစ်ဦးသည်၊ မြူးတူးဝမ်းသာ၊ သဒ္ဓါလောက်လုံ၊ ပြည်သူတို့ပြုပုံကို၊ အာရုံသက်ဝင်၊ ဇောပီတိရွှင်လှ၍၊ လှူချင်သည့်ဝိတက်နှင့်၊အသက်ကို မတာကွယ်၊ အရွယ်ကိုမရွေး၊ ချေးတပြိုက်ပြိုက်၊ အားတိုက်ခြိုးခြံ၊ အစေခံလုပ်ငန်းဖြင့်၊ ပင်ပန်းစွာကြံစည်၍၊ တစ်ပြည်စဆုံးခွက်စ၊ ဆန်ကြမ်းမျှကို၊ ရလတ်သော်ခါ၊ဝမ်းစာမချွင်း၊ ဆန်ရင်းကိုဆွဲမ်းလုပ်၊ ဆန်နုပ်ကို ယာဂုကျို၊ အတိုအထွာ၊ ဟင်းလျာဝယ်ဖို့၊ တစ်ချို့ကိုထား၊ကျသို့အားဖြင့်၊ကြိုးစားလုံ့လ၊ ဆွမ်းကိစ္စ ပြီးစေသတည်း။ ထိုအခါ၊ဒါယိကာမကြီးသည်၊ ဤသို့ မြည်တမ်း၏။ မြော် ငါအသက်ကြီး၊ သေလုနီးသည်၊ ပျာယီးပျာယာ၊ လှူချင်စွာ၍၊ သဒ္ဓါလှူလှူ၊ ကြိုးစား၍ပြုသောကြောင့်၊ ဆွမ်းမှု ပြီးစီးလေသတည်း။ တပါးသွမှာအလှူခံရဟန်းကို၊ စုငန်းဝေငှ၊ ရကုန်ကြပြီး ဒုက္ခသမား၊ ငါအဖွားမှာ၊ ချက်လားပြုတ်လား၊ ကိစ္စများ၍၊ တစ်ပါးသောသံဃာတော်ကို၊ ပင့်ခေါ်ရန်မရှိသေး၊ ငါ့ဖို့ရာ အလှူခံကို၊ စာရေးတံမကျ၊ မလှူရလျှင်၊ လုံ့လအားဆဲ၍၊ခဲလေသမျှငါ့ဒါနသည်၊ သဲကျရေလို၊ အဒေါ်အိုမှာ၊ ကိုယ်အစတုံး၊ လူဖြစ်ကြီးရှုံးတော့မည်ဟု၊ ယူကျုံးမသာ၊တစာစာမြည်လျက်၊ ဇေတဝန်ကျောင်းတော်သို့ပြေးလေ၍၊ဓမ္မဃောသကရဟန်းထံ၊ အလှူခံ ပုဂ္ဂိုလ်၊ ရပါ လိုကြောင်း၊ လျှောက်တောင်းသည်တွင်၊ မြော် ဒါယိ ကာမကြီး၊ နေလည်းနီးလှပြီ၊ အသီးသီးအသွယ်သွယ်၊ ကြီးငယ်အများ၊ ဤပြည်သားတို့သည်၊ တစ်ပါးစီ နှစ်ပါးစီ၊ မြှောက်ချီပင့်ခေါ်၍၊ သံဃာတော်ကုန်ချေပြီ၊ သို့ရာတွင်၊ရှင်သာရိပုတ္တရာ၊ ပညာဆီမီး၊ ကိုယ်တော်ကြီးမူကား၊ သင်းသီးအလွတ် ကျန်သေး၏။ အဒေါ်အိုအား၊ ပုဂ္ဂိုလ်ကျော်သနား၍၊ လိုက်စားတော်မူပါလျှင်၊ လှူစရာရတော့မည်ဟု၊ ဓမ္မဃောသကအရှင်က၊မတင်မကျ၊ ကမ္မသကာစကားဖြင့်၊ပြန်ကြားတော်မူရာတွင်၊ မိန်းမအိုသူ့ခမျာလည်း၊ လာမိပြီဖြစ်သောကြောင့်၊နှစ်၍သာကပ်ရသည်၊ကြပ်ကြပ်ကြီးမထင်စား ဘုရားတစ်ဆူ၊ ကိုယ်စားတော်မူပေသော၊ ဘုန်းရှိသူလက်ယာရံသည်၊တာတေလံမွဲလှသော၊သူဆင်းရဲဒါယိကာ၊ ပင့်ခေါ်ရာသို့၊လိုက်လာမည့်အရေးလည်း၊ ဝေးနိုင်မျှဖြစ်တော့သည်။ ငါ့ပါရမီ၊က ကူညီပါလျှင်၊ ဤပုဂ္ဂိုလ် ထေရ်ကျော်ကို၊ပင့်ခေါ်၍ ရတော့မည်ဟု၊ အတည်မကျ၊ နှစ်ခွတွေးခေါ်လျက်၊ ကျောင်းတော်သို့တက်သည်တွင်၊ ရှင်သာရိပုတ္တရာလည်း၊ပိဏ္ဍစာရ၊ ဆွမ်းခံကြွမည်ဟု၊ မုခ်ဝကအထွက်တွင်၊ သက်ကြီးမနှင့်၊လှလှသားဆုံမိ၍၊ ဓိပတိဘုန်းတော်ရှင်၊ သခင်ကောင်း ဘုရား၊ အဖွားအိုဒုက္ခသည်ကို၊ ကယ်ဆယ်တော်မူပါမှ၊ ချမ်းသာရာရပါမည်။ သူတပါး အတုကု သိုလ် ပြု လို ၍၊ သေလုနီးပါး၊ ဆွမ်းချက်ပြုတ်ပြီးခါမှ၊ အဒေါ်ကြီး အကျွန်ုပ်ထံ၊ အလှူခံပုဂ္ဂလ၊ ရှာမရသောကြောင့်၊ သောကကြီးစွာရောက်ပါသည်၊ ဘုန်းတောက်သည့်ဘုရား၊ အကျွန်ုပ်အားကို၊ သနားတော်မူပါသဖြင့်၊ ကျွန်ုပ်အလှူဝတ္ထုကံကို၊ သည်းခံတော်မူပါဟု၊ ကရုဏာ ပွားတိုးအောင်၊ ရှိခိုး၍လျှောက်ရာတွင်၊ ရှင်သာရိပုတ္တရာလည်း၊ ဒါယိကာမကြီး၏လက်သို့၊ သပိတ်တော်အပ်နှံ၍၊ သည်းခံတော်မူလေ၏။

ထိုကာလ၌၊ ဒကာမ မိန်းမအိုသည်၊တစ်ကိုယ်လုံးတင်းကျမ်း၊ ပီတိဟုန်လွှမ်းသဖြင့်၊ ဝါဂွမ်းဆီထိ၊ ပီတိဝှန်လှိုက်၊ ဘဝဂ်သို့ ဆိုက်မတတ်၊ နှစ်ခြိုက်ဝမ်းမြောက်လေသတည်း။ ထိုအခါ လက်ယာရံအရှင်ကို၊ ပင့်ခေါ်ဆောင်ယူ၍၊ အိမ်သို့ရောက်လျှင်၊ သင့်တင့်သောနေရာ၌၊ ကျိန်းဝပ်သပ္ပာယ်စေ၍၊ မိမိ စီရင်ချက်ပြုတ်သော၊ ယာဂု ဆွမ်းဘောဇဉ်တို့ကို၊ ရှင်သာရိပုတ္တရာလက်၌၊ ရေစက်သွန်းချ လှူဒါန်း၏။ ရှင်သာရိပုတ္တရာလည်း၊ ကရုဏာ ရှေးရှု၊ ခံတော်မူလေသတည်း။ ထိုအကြောင်းကို၊ ကောသလမင်းကြီးနှင့်တကွ၊ ပြည်သူအပေါင်းတို့ကြားလျှင်၊ အဖွားအိုမှာ၊ ပုဂ္ဂိုလ်မြတ်အကျော်ကို၊ ရတော်ပေစွတကား။ သက်ကြားအို ကြိုးပမ်းသည့်၊ ဆွမ်းဘောဇဉ် ခဲဖွယ်သည်၊ တင့်တယ်ပုံမပေါ်၊ မထေရ်ကျော် ဘုဉ်းပေး၍၊ လေးမြတ်ပုံမရဟု၊ ကောသလမင်းကြီးက၊ အပြီးတိုင်တိုင်းထွာ၍၊ အသပြာ တစ်ထောင်၊ သုံးဆောင်ရန်အများ၊ ဝတ်စား စုံအလင်နှင့်၊ ဆွမ်းပြင်၍ပို့လှာစေ၏။ ထို့အတူ မှူးကြီး မတ်ရာ၊ သေနာပတိ၊ မဟာ

အနာထပိဏ်၊ စူဠအနာထပိဏ်၊ ဝိသာခါအစရှိသော၊
မှူးမတ် သူဌေး သူကြွယ်တို့ကလည်းကောင်း၊ သဒ္ဓါ
တရားနှင့် ပြည့်စုံသော၊ ပြည်သူပြည်သားအပေါင်း
တို့ကလည်းကောင်း၊အသီးအသီး၊အသပြာနှစ်ရာတန်
သုံးရာတန်၊ ဝတ်ရန် သုံးရန်နှင့်တကွ၊ ပို့သရောက်လှာ
ကြကုန်၏၊ ငါတို့အရှင်၊ သခင်ဘုရားကို၊ ငါတို့
အားပေးပါ၊ အမယ် အိုသည်၊ ရွှေကိုလိုလည်း၊
ကိုယ်နှင့်ဆယ်လေး၊ ရွှေစက်၍ပေးပါမည်၊ ပတ္တမြား
စိန်၊ ဣန္ဒနီလာ၊ အဖြာဖြာတွင်၊ ကြိုက်ရာကိုရွေး၊
လိုသမျှ ပေးမည် ဟု၊ စိတ် သွေး စကား နှင့် လည်း၊
မှာကြားလိုက်ကြကုန်၏၊ မယ်သက်ကြားကလည်း၊
ကြားကြားရှင်ရှင်၊စိတ်ကြီးဝင်၍၊ရွှေစင်ကျောက်မြတ်၊
နဝရတ်သော-မရတ်သော၊ ပေါများသူ မင်းသူဌေး၊
စက္ကဝါတင်းတောင်းနှင့်ခပ်လောင်း၍ပေးသော်လည်း
ကျေးဇူးတော် သခင်၊ ငါ့အရှင်ကို၊ ကိုယ်ပင်တို့သို့၊
ဘယ်အတွက်ပို့ပိမ့်မည်၊ အဘွားအိုဇာတာ၊ ရှစ်ဆယ်
ကျော်မှ ကံပေါ်၍လာမင့်ကို၊ ပဇာနှန့်နှဲ၊ ဘယ်သူ့ကို
ငဲ့ရမည်၊ မငဲ့ပါဘူး၊ အနာထပိဏ်သော၊ မောင်ပိဏ်
သော၊ ဝိသာခါသော မယ်ခါသော၊ နေဇာနာမိ၊
တို့မသိဘူး၊ ခနိခနေ၊ မြပုလဲစင်၊ ကျောက်မျက်ရှင်
တို့သည်၊ငါ့သခင်စက်တော်အောက်က၊မြူလောက်မျှ
ကြေးမထိုက်၊တို့မကြိုက်တို့မလို၊ ငါ့သခင်ဘုန်းမိုက်ကို၊
ကြည်ညိုစွာ ငါလုပ်ကျွေးမည်၊ မပေးဘူး မယောင်
နှင့်ဟု၊ ရန်ထောင်၍ လွှတ်ချေသေး၏၊ မထေရ်မြတ်
ဘုရားလည်း၊ သူတစ်ပါး လှူကပ်သော၊ အရပ်ရပ်၊
ဆွမ်းကျွေးကို ဘုဉ်းပေးတော်မမူ၊ လူအိုဒကာမ၊
ဥဿာဟ အားထုတ်၍၊ ချက်ပြုတ်သောဆွမ်းယာဂု
ကိုသာ၊ကရုဏာပဋ္ဌာနဖြင့်၊မျှတဘုဉ်းပေးတော်မူပြီး၍
အနုမောဒနာတရား၊ ဟော ကြား တော် မူ ရာ တွင်၊
ဒါယိကာမကြီးသည်၊ သောတာပတ္တိဖိုလ်၌ တည်လေ
၏၊ မင်းမှူးမတ် သူဌေးတို့၊ ပေးကြသောပဏ္ဏာ၊
ရတနာ ရွှေ ငွေ၊ ဆန်ရေစပါး၊ ကျွဲနွားမြင်းဆင်၊
အရပ်ရပ်စုံလင်၍၊ ကြွယ်ပင်နေ့ချင်း ပေါက်လေ၏၊

ဤသို့လျှင် သာဝတ္ထိပြည်သူ၊ ခေါင်းဖြူသက်ကြီး၊
သေခါနီးဒါယိကာမသည်၊ ဒါနကောင်းမှုကို၊ ပြုမိ
သည့် အတွက်ကြောင့်၊ ပစ္စက္ခ မျက် မှောက် ၌၊
ဝမ်းမြောက်ကြောင်း စည်းစိမ်နှင့်၊ ကြိမ်ရ လေသည့်
တစ်တန်၊ သောတာပန် အနွယ်ဖြင့်၊ အပါယ်မှ
ကင်းလွတ်၍၊ ဝိဝဋ္ဋရွှေတုံ၌၊ အာရုံ မွေ့လျော်၊
ပျော်ရသည် တစ်ချက်၊ အကျိုးဆက်နှစ်ဌာန၊မွန်မြတ်
လှသောကြောင့်၊ သူအိုမအရေးကို၊ နည်းပေးကောင်း
ဆရာဟု၊ ဥပမာပုံထား၍၊ ဆယ်ပါးသောသုစရိုက်ကို၊
နှစ်ခြိုက်ညွတ်နူး၊ ဆည်းပူး အားထုတ်ကြရမည်၊

# ယုန်မင်း

သဗ္ဗညု မြတ် စွာ ဘု ရား သည် သာဝတ္ထိပြည် ၌ တစ်ယောက်သော သူကြွယ်အား ဒါနအနုမောဒနာ ပြုတော်မူရာ၌–

ဉာဒဉ္ဇိဒါနံ နာမ ပေါရာဏက
ပဏ္ဍိတာနံ ဝံသော။

ပေါရာဏက ပဏ္ဍိတာဟိ သမ္ပတ္တ ယာစကာနံ
ဇီဝိတံ ပရိစ္စဇိတွာ အတ္တနော မံသမ္ပိ အဒံသု။

ဟူသော ဒေသနာတော်ကို ဟော တော် မူ သည်။ ထိုဒေသနာတော်နှင့် လျော်ညီစွာ (သံသရာစွဲရစ်၊ အဏ္ဏဝါဝဲမြစ်)ဝယ်၊ နစ်တုံပေါ်တုံ၊ တမှုံမွှားမွှား၊ ရဟတ်ချားကဲ့သို့၊ မျောပါးကျင်လည်၊ သံ ယောဇဉ် ဖွဲ့ချည်၍၊ အတည်မကျ၊ဒုက္ခ တသတ္တဝါ၊ဘုံသုံးဆယ့် တစ်ဖြာတွင်၊မြဲရှည်ကြာခေါက်ပြန်၊ မှောက်လှန် ထွေ ပြား၊ လားကြရကုန်သော သူတို့အား၊ ကိုယ်ပွား တော် နှစ်၊ ကြင်မြတ် လေးသည့်၊ ရင်သွေးတော် စစ်ကဲ့သို့၊ ချစ်ခင်မေတ္တာ၊ ကရုဏာ ရှေ့ ထား၍၊ သနားတော်မူလှသောကြောင့်၊ ဒီပင်္ကရာ၊ ထွတ်ချာ မှန်ကင်း၊ သုံးလူ့မင်း၏၊ ခြေရင်းတော်မှ၊ (နိယတ ဗျာဒိတ်၊ ရွှေတံဆိပ်ကို၊ ထိပ်ထက်ကြည်လင်၊ ပန်ဆင် တော်မူခဲ့၍၊ လေးဝသင်္ချေ၊ သိန်းနေစွန်းမှီ၊ ဆယ်ပါး သော ပါရမီဖြင့်၊ စာဂီပဉ္စ၊ စရိယသုံးဆင့်၊ ဆည်းပူး ကျင့်လျက်၊ ရွှေယုန်မင်း အ ဖြစ် ၌)၊ ကိုယ်ခန္ဓာ အသက်ကို၊ မြက်တစ်ပင်မျှ၊ပမာဏမပြု၊သဗ္ဗညုပညာ၊ ရတနာနှစ်၊ ပုလဲစစ်ကို၊ ချစ်ချစ်ခင်ခင်၊ လိုချင်လှ သောကြောင့်၊ ဇီဝိတ ရုပ်နာမ်ကို၊ အလှူခံပုဂ္ဂိုလ်တို့ အား၊ ဆံဖျားမတွန့်၊ ပေးစွန့်လှူဒါန်းဖူးကြောင်း၊ ထုံးဟောင်းအတိတ်ကိုပြ၍၊ဟာဋ္ဌပဟာဋ္ဌ၊လောမဟံသန၊ ကြွ ကြွ စိတ် ပါ၊ သဒ္ဓါဇောဝင်၊ ရွှင် စေ ခြင်းငှာ၊ သာဓက ဥဒါဟရဏ်ဖြင့်၊ (ကုဏ္ဍလာ မြ၊ အနဂ္ဃ ကျောက်မြတ်ကို၊ နဝရတ်ခြယ်စီလျက်၊ သိင်္ဂီ နိတုံ၊ သာတကုံဂီဝါ၊ ဇမ္ဗူရစ်ရတနာကို၊ သင့်ရာက ဆစ်ပြီး လျှင်၊ မျက်ရစ်ကြိုး သတ်သကဲ့သို့၊ နိပါတ် တော် စကားဖြင့်၊ နား၏တန်းဆာ ဆင်လတ္တံ့ ။)

ရှေး အတိတ်အခါ၊ ဗာရာဏသီ ပြည် မြတ် ၌၊ ဗြဟ္မဒတ်မင်းမူစဉ်၊ ငါတို့ ဘုရား အလောင်းသည်၊ တောအောင်းချုံလျှိုး၊ ယုန်မျိုးအစစ် ဖြစ်တော်မူ သတတ်၊ ထိုယုန်မင်းနှင့် သီတင်းသုံးဖော်၊ သူတော် ခလေး၊ သိမ်မွေ့ကျင့်ကြံ၊ ဖျံ မြေခွေး မျောက်၊ လေးယောက်ပေါင်းစု၊ မိတ်ဆွေပြု၍၊ တစ်ခုသော တောင်ခြေတွင်၊ ရေတစ်ဖက် ရွာတစ်ဖက်၊ တောနက် တစ်ရပ်၊ စပ်လျက်တည်သော၊ စေးပျစ် ရဂုံ ဝနိုင် ချုံ၌၊ ပေါင်းဆုံနေပျော်ကြသတည်း။

တစ်နေ့သ၌ ယုန်သူတော်ပဏ္ဍိသည်၊ ညဉ့်လေးချက် တီးကျော်ဝယ်၊ မိုးပေါ်သို့ကြည့်ရာတွင်၊ လဝန်း၏ သဏ္ဍာန်ဖြင့်၊ နက်ဖြန်ခါသည်၊ လပြည့်နေ့ကြုံမည်ကို၊ အတည်ကျ သိလတ်၍၊ ခင်ပွန်းမြတ် သုံးဦးတို့ကို ခေါ်ပြီးလျှင်၊ အဆွေတော်တို့၊ နေ့နက်ဖြန်ခါ၊ ပန္နရသီ၊ တိထိထွန်းသည့်-စက်ဝန်းလှည့်၊ လပြည့်ဥပုသ် ကြုံလိမ့်မည်၊ ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့-မဟာ သမယ၊ သင်္ကေတဖြင့်၊ ဥဒ္ဒေသပါတိမုက်၊ ဥပုသ် ပဝါရဏာ၊ ကမ္မဝါဥတ် - သင်္ချတ်ဖတ်၊ ရက်မြတ် ခေါ်သမိုက်ပေသည်၊နက်ဖြန်မိုးလင်း၊တစ်ရက်တွင်း၌၊

အချင်းသင်တို့၊ ကိုယ်ဖို့သံသရာ၊ ကံကျွေးပါအောင်၊
ရှစ်ဖြာဥပုသ်၊ အားထုတ်ပြည့်စွမ်း၊ ကျင့်ကြီးပမ်း၍၊
မဂ်လမ်းရှာဖွေကြရမည်၊ ဖုန်းတောင်းယာစကာ၊လှူ
ခံလာလည်း၊ စားရာဖို့က၊ တချို့တစ်ဝက်၊ သဒ္ဓါ
တက်လျှင်၊ သက်သက်မခြွင်း၊မချွေရကောင်း၍၊ လှူခြင်း
ရက်ရောကြရမည်၊ သီလဝိသုဒ္ဓိ၊ ကိုယ်၌ရှိမှ၊ ပရိ
စာဂ၊ ဒါနကျိုးဆက်၊ဖြိုးဖြိုးတက်၍၊ဖိုလ်မဂ်ဉာဏ်ကြီး
ပွင့်ကြမည်၊ ငါဩဝါဒ၊ ပေးသမျှကို၊ မခွမသွေ
မထွေမရှာ၊လိုက်နာမှတ်သား၍၊ တရားလက်ရှိ၊ ပြုကြ
ကုန်ဟူ၍၊ ရွှေယုန်သူမွန်၊ တမလွန်ရေး၊ ဩဝါဒ
ပေးသည်ကို၊သွေးသောက်တစ်စုတို့လည်း၊ဂရုဂါရဝ၊
အာမဝန္တ ၊ ခံယူကြပြီးလျှင်၊ နံနက်ကြီးစောစောက၊
ဂေါစရဂါမ်၊ ရှာကြံကြရာ၊ ဖျံမှာကား ငါးကြင်း
ခုနစ်စီး၊ မြေခွေး မှာကား အမဲကင် ဖွတ်ကင်
နို့ခမ်းအိုး၊ မျောက်မှာကား သရက်သီးမှည့်တို့ကိုရ၍
စားရန် လှူရန်အလို့ငှာ၊ သင့်ရာ၌ ထားပြီးသော်၊
မိမိတို့ စောင့်သုံးသော သီလကို ဆင်ခြင်အောက်မေ့
လျက်၊ ကိုယ်စီကိုယ်င နေကြကုန်၏။

ဗောဓိသတ္တ၊ နိပက္ကပါရမီ၊ ဝသီနှီးရင်း၊ ရွှေယုန်
မင်းကား၊ သီတင်းအမြဲ၊ ဆောက်တည်ဆဲတွင်၊ လွန်
ကဲစွာသော သဒ္ဓါကြောင့်၊ ကြံခဲစွာသော အကြံကို၊
ဤသို့ကြံမိလေ၏။ ဩြော်ငါနှင့်သူတပါး၊အစားချင်း
မတူ၊ လူမစုံမက်၊ မနှစ်သက်သော၊ မြက်နေစ ာပင်၊
မုန်ညင်းပင်တို့ကိုသာ၊ ဝမ်းစာနေ့ည၊ စားသုံးရချေ
သည်၊ ဒါနကုသိုလ်၊ ငါပြုမည်ဲ ဆိုသော်လည်း၊
ဝတ္တုကိုယ်မကောင်း၍၊ တောင်းသူ မနှစ်သက်က၊
အကျိုးဆက်မကြီးရာ၊ ငါ့အသက်ကို၊ ရက်ရက် မရှံ ၊
အသေခံ၍၊ ငါ့ထံရောက်လာ၊ ယာစကာ တို့အား၊
ငါ့အသားကို၊ စားသောက်စေရသော်၊ ဇီဝိတအလှူ၊
လူမတူ နတ်မတန်၊ သဗ္ဗညုဉ္ဇေဉာဏ်ကို၊ ကေန် ရပေ
တော့မည်တကားဟု၊ အားပြည့်ဇင်၍၊ ကြံဆဲဆဲတွင်၊
လွန်ကဲစွာသော ပီတိအရှိန်ဖြင့်၊ ကာယ်ခြေအလုံးနှံ့
ရကား၊ ဘယ်နံ့အခါ၊ ငါ၏အသားကို၊ စားလို
သသူ၊ ရှေးရှုရွယ်ရည်၊ လာလိမ့်မည်ဟု၊ ကြံစည်
င့်မျှော်လျက် နေတော်မူလေ၏။

ထိုအခါ သိကြားမင်း၏၊ ပဏ္ဍု ကမ္ဗလာ၊
ကျောက်မာပ လောင်သဖြင့်၊ လူ့ဘောင် သို့ကြည့်
ရှုသည်တွင်၊ယုန်သခမိန်၏၊ မနိခြေကို၊ သိသည်ဖြစ်၍၊
ဤယုန်ငယ်သည်၊ကြံရွယ်သည့်အတိုင်း၊မဆိုင်းမဆုတ်၊
အဟုတ်သဘော၊ရက်ရောမည် မရက်ရောမည်၊အရည်
ထောက်လှမ်း၊ စုံစမ်း လိုသောကြောင့်၊ သူအိုပုဏ္ဏား
အယောင်ဖြင့်၊တောချောင်သို့လာ၍၊ သတ္တဝါလေးဦး
တို့ထံသို့ ရောက်သတည်း။

ရှေးဦးစွာ ဖျံ သူတော်ကောင်း၊ ပျော်အောင်း
သော အရပ်ကို၊ ချဉ်းကပ်ပြီးလျှင်၊ အို-အချင်းဖျံ၊
အလှူခံဆရာ၊ပုဏ္ဏားငါသည်၊တစ်နပ်စာဆွမ်း၊ထမင်း
ကြမ်းကိုမျှ၊တောင်းရမ်း၍မရပါ၊ ဝမ်းစာလောက်င၊
စားပါရလျှင်၊အဌင်္ဂဥပုသ်ကို၊အားထုတ်ဆောက်တည်
လိုပါသည်၊ သင်ဖျံမင်း၌၊ ကျန်ကြွင်းသော အစာ၊
ရှိသေးပါမူ၊မင်းဆရာဗြာဟ္မဏအား၊ ဝေငှလှူဒါန်း
ပါလော့ ဟူ၍ ဆို၏။ သူတော်ကောင်း ဖျံသည်၊
အလှူခံပုဏ္ဏားနှင့်၊ စကားပြောဆို လှူဒါန်းလို၍-

သတ္တမေ ရောဟိတာ မစ္ဆာ၊
ဥဒကာ ထလ မုဗ္ဘတာ။
ဣဒံ ဗြာဟ္မဏ မေ အတ္ထိ၊
ဧတံ ဘုတွာ ဝနေ ဝသ။ ။

ဟူသော ဂါထာကို ရွတ်၏။ ထိုဂါထာ၏ အဓိပ္ပာယ်
ကား-ဗြာဟ္မဏခတ္တိယ၊ ဗိသျှသုဒ္ဒါ၊ ဝံသာလေးရိုး၊
ပုဏ္ဏားမျိုးတွင်၊ ဗိသနိုးနွယ်၊ ကုံးသွယ်ရစ်ဆင်၊ စလွယ်
တင်သည်၊ ဗေဒင်ယတြာ၊ မုခါရှင္ဇိ၊ ဂြဟိပါပ၊ မည်ထိုက်
လှသော၊ ဗြဟ္မဏအဝင်၊ သန့်စင်သိက္ခာ - မင်းဆရာ၊
အကျွန်ုပ်လက်တွင်း၌၊ ငါးကြင်းခုနစ်စီး၊ အပြီးယခုရှိ
ပါသည်၊ ထောပတ်မတူ၊ ဝက်ဆူမမှီ၊ အဆီနှင့်ဝင်းဝင်း၊
ဤငါးကြင်းကို၊မင်းဆရာအကြိုက်၊ မြိုက်လိုမြိုက်
ကင်လိုကင်၊ စားချင်သမျှ စားတော်ခေါ်၊ ဆရာ
ကတော်ဖို့၊ တချို့ ယူလိုယူ၊ လှူပါ၏ ပေးပါ၏။
ဝမ်းရေးတော် ပြည့်စုံမှ၊ ဤတောချုံ အရိပ်မှာ၊ စက်
အိပ်နေနား၊ စကြံသွား၍၊ ရှစ်ပါးသော ဥပုသ်ကို၊
အား ထုတ်တော်မူပါ ဟူ၍ ဂါထာ့အဓိပ္ပာယ်
ရသတည်း။

ထိုသို့ဖျံကဆိုလျှင် ထိုပုဏ္ဏားလည်း၊ သာဓု-သာဓု၊
သပ္ပုရိသ၊တောင်းလှုပြီ ဩ၊ စောလည်းစောသေး၏၊
လိုသောအခါ၊ ငါယူလာမည်ဟုဆို၍၊ ထို အရပ်နှင့်
မနီးမဝေး၊ မြေခွေးသူတော်ထံ၊ ရပ်ခံတောင်းပြန်
လေသော်၊ ခွေးသူတော်ကြီး၊ နှုတ်သီးရှည်ရှည်၊ အာစ
ရှင်ရှင်၊ လှူချင်သောစေတနာနှင့်၊ ခြေဉ်စွာ ပြော
လို၍-

ဒုဿ မေ ခေတ္တပါလဿ
ရတ္တိံ ဘတ္တ အပါဘတံ၊
မံသသူလာ စ ဒွေ့ ဂေါဓာ၊
ကေဠ ဒဓိဝါရကံ။
ဣဒံ ဗြာဟ္မဏ မေ အတ္ထိ၊
ဧတံ ဘုတွာ ဝနေ ဝသ။ ။

ဟူသော ဂါထာကိုရွတ်၏၊ ထိုဂါထာ၏ အဓိပ္ပာယ်ကား ဆရာပဏ္ဍိတ်-ပုရောဟိတ်၊ အကျွန်ုပ်၌၊ လယ်လုပ်ယောကျ်ား၊ မေ့ရစ်၍ ထားခဲ့သော၊ အမဲသားကျပ်တင်၊ ဖွတ်ကင်နှင့် နို့ ဓမ်းအိုး၊ ကောင်းနိုးသောအစာ၊ ပြည့်စုံပါ၏၊ မင်းဆရာပုဏ္ဏား၊ စားလိုစား-သုံးလိုသုံး၊ အလုံးမကြွင်း၊ အပ်နှင်း လှူဆက်ပါ၏၊ နှစ်သက်စွာ ဘုဉ်းပေး၍၊ အေးငြိမ်းသော ဤဒေသ၌၊ သီလကို ဖြည့်စွမ်းလျက်၊ နတ်လမ်းထွင်တော်မူပါ ဟူလိုသတည်း။

ပုဏ္ဏားကြီးလည်း ရှေးနည်းဖြင့် မြေခွေးအား ချီးမြှောက်၍ မျောက်သူတော်ထံ ရပ်ခံ တောင်းရမ်းပြန်လေသော် ဝါနရိန္ဒ၊ အာစာရ အရိယာ၊ သတ္တဝါမျောက်မင်းသည်၊ ဆန္ဒရင်း နဂိုရ်က၊ လှူလိုသည့်စေတနာ၊ အားကြီးစွာသောကြောင့်၊ ပျူငှာရွှန်းရွှန်း၊ နှုတ်ခွန်းချိုမော၊ စကားပြောလို၍-

အမ္ဗ ပက္ကံ ဒကံ သီတံ၊
သီတစ္ဆာယာ မနောရမာ၊
ဣဒံ ဗြာဟ္မဏ မေ အတ္ထိ၊
ဧတံ ဘုတွာ ဝနေ ဝသ၊
ဟူသော ဂါထာကို ရွတ်၏။ ။

အဓိပ္ပာယ်ကား - ဝတ်ဖြူစလွယ်၊ဆင်တင့်တယ်သော၊ အနွယ်ဗြဟ္မာ-မင်းဆရာ၊ ကျွန်တော် တစ်ယောက်၊ တောသားမျောက်မူ၊ညီငှောက် သားငါး၊ စားဖွယ်မရှိ၊ ကဝိသခင်၊ ရှင်ဟူးရားဖြူ၊ ယူတော်မူလျှင်၊ ကြူကြူ မွှေးကြိုင်၊ အခိုင်နှင့် တကွ၊ အဥ္ဆန္တရ ဂိုဏ်းဝင်၊ ပင်ပေါ်မှည့် သရက်သီး၊ လုံးကြီးရွှေဝါ၊ အရသာမူ၊ ဖွေရှာ၍ ထား သောကြောင့်၊ ကျွန်ုပ်အားရှိပါ၏၊ ဆရာပုဏ္ဏား၊ စားပါသုံးပါ၊ သဲသာသည့်ဆိုပ်ကမ်းက၊ စမ်းရေကလေး၊ အေးကအေးချိုကချို၊တည်းခိုစဖွယ်၊အရိပ်လည်းကျယ်ပါသည်၊ သပ္ပာယ်ချမ်းမြေ့၊ သည်ယနေ့ကို၊မွေ့မွေ့သာသာ၊ သည်နေရာတွင်၊သိက္ခာအင်္ဂါ၊သီလရင်းနှီး၊ စိပ်ပုတီးနှင့်၊ အငြိမ်းဖြေ၍ နားနေ တော် မူ ပါ ဆိုသတည်း။

ပုဏ္ဏားလည်း၊ ရှေးနည်းအမှတ်၊ စကား ဆက်ဖြတ်ပြီးလျှင်၊ ဗောဓိသတ်ဗုဒ္ဓါကုံ၊ သယမ္ဘူမုံရင့်၊ မကြာမီပွင့်အံ့သော၊ ရွှေယုန်မင်းနေရပ်သို့၊ ချည်းကပ်ဆိုက်ရောက်၍၊ စားသောက်ရန်အစာ၊ ရလိုပါကြောင်းနှင့်၊ သာယာညှံ့ပျောင်း၊ ခွင့်တောင်းရပ်ခံပြန်လေသော်၊ ယုန်သူတော်ကောင်း၊ ဘုရားလောင်းလည်း၊ လျှောင်းစက်ရာက၊ ရုတ်ခြည်းထပြီးလျှင်-

မမ မနောရထော မတ္ထကံ ပတ္တော၊

ဟု အမျောအမော်၊ အလောသုံးဆယ်၊ ကိုယ်ဝယ်နံ့ပြား၊ ပီတိဟုန်ပွားသောကြောင့်၊ယောကျ်ားဟဲ့ငါ၊ သည်တစ်ခါမူ၊ လိုရာထုတ်ချောက်၊ ငါ့အကြံမြောက်ကပြီ။ ဗောဓိအောက် အောင်မြေ၊ ဝိဇယပလ္လင်ဗွေတွင်၊ ဝတ်ရေသင်းကြိုင်၊ ရွှေသစ္စာပန်းခိုင်ကို၊ ပိုင်ပိုင်မချွတ်၊ ငါဆွတ်တော့မည်တကား ဟုမြက်ဝါးခြမ်းမျှ၊ ဇီဝိတကို၊ ပမာဏမမူ၊ ကိုယ့်အသားကို၊ ပုဏ္ဏားအား လှူပြီးလျှင်၊ ကြည်ဖြူ နှုတ် ချိုပြောဟောလို၍-

န သသဿ တိလာ အတ္ထိ၊
န မုဂ္ဂါ နပိ တဏ္ဍုလာ၊
ဣမိနာ အဂ္ဂိနာ ပက္ကံ၊
မမံ ဘုတွာ ဝနေ ဝသ၊ ။
ဟူသောဂါထာကိုရွတ်၏။

ထိုဂါထာ၏ အဓိပ္ပာယ်သော်ကား - အိုပုဏ္ဏား၊ ယုန်မျိုးသတ္တဝါ၊ ငါတို့မှာကား၊ ဟင်းလျာလှူရန်၊ ဆန် ပဲနောက် နှမ်း၊တစ်ခြမ်းတစ်လုံးမျှ၊စုရုံး၍မထား၊ စားလေသည်မဟုတ်ပါ။ နေစာဆင်ငို၊ ပန်တော်ညိုမုန်ညင်း၊ မြက်ခပင်းကို၊ ထမင်းလုပ်၍၊ ကျွန်ုပ်တို့အား၊ စားသုံးရချေသည်၊ အကျွန်ုပ် အဓိဋ္ဌာန်မှာ၊ အာဂန္တု သူတောင်းစား၊ ရောက်လာခိုက်ငြားဘိမူ၊ ငါ့အသားကို၊ ပေးလှူမည်အကြံနှင့်၊ အလှူခံမျှော်လျက်၊အဆင်သင့်နေပါသည်၊အကျွန်ုပ်တစ်ကိုယ်စာကို မင်းဆရာတစ်ယောက်မူကား ဝလောက်စရာ၊ ရှိတန်

ပါ၏။ ငါ၏ကိုယ်ကို၊ အလိုရှိတိုင်း၊ ဖြတ်ပိုင်းလှီးခုတ်၊ အရေကိုဆုတ်ပြီးလျှင်၊ တုတ်တံစို့ ဖောက်လျှိ မီးဖို၌ ဖုတ်ကင်ပါ၊ အားနာတော် မမူနှင့်၊ ထောက်ကူ အံ့ညီ၍၊ ပါရမီအကျွန်ုပ်မြောက်အောင်၊ စားသောက်တော်မူပါဟု၊ အခါခါနှုတ်မြွက်၍၊ အသက်ကိုအလှူ ပေးသည်တွင်၊ သိကြားမင်းလည်း၊ မိမိတန်ခိုးဖြင့်၊ ကြီးစွာသော မီးကျီးစုကို ဖန်ဆင်း၍၊ အသင် ရွှေယုန်၊ ဤမီးပုံသို့ ဆင်းလော့။ သင်၏ အသား ကျက်သကာလ၊ ငါစားအံ့ဟုဆိုသော်၊ ယုန်သူတော် လည်း၊ ဤသို့ အကြံဖြစ်၏။ ဩော် ငါ၏အမွေး၌ အလေးအမွှား၊ အမျှားရှိချေသည်။ ငါ့ကိုမှီ၍၊ ဤပိုး ဤမွှား၊ ဆုံးပါးအသက်၊ မပျက်ကောင်းပေရာဟု ကရုဏာ သမ္ဗဇဉ်၊ ယှဉ်သောနှလုံးဖြင့်၊ သုံးကြိမ် စင်ကြယ်စွာ၊ ကိုယ်တော်ကို ခါပြီးလျှင်၊ ရွှေကြာအိုင် အတွင်းသို့ ရေသဘင်ကျင်းလို၍၊ သက်ဆင်းသော ရွှေဟင်္သာကဲ့သို့၊ မျက်နှာတော် မမှိန်၊ မီးဖိုနှင့် ကိုယ်တော်မြတ်ကို၊ မတ်လှအောင် ချိန်ပြီးလျှင်၊ တစ်ရှိန်တည်း ခုန်ဆင်း၍ မီးတွင်းသို့ သက်တော်မူ လေ၏။

သိကြားမင်းညှိပျိုးသော၊ ငရဲအိုးမကာ၊ ပူလှသော မီးကျီးစုသည်၊ သုခမိန် ရွှေယုန်၏၊ ကျေးဇူးဂုဏ် ပါရမီကြောင့်၊ ဂေါသီသ စန္ဒကူးကဲ့သို့၊ အထူးသဖြင့် ချမ်းအေးတဲ့၊ ကိုယ်မွေးတော် တစ်ပင်ကိုမျှ၊ မီးဝင်၍ မငြိ၊ ပကတိဖြစ်တော်မူစဉ်တွင်၊ အလှူခံပုဏ္ဏားအား၊ စကား ဤသို့ဆိုပြန်၏။ အိုပုဏ္ဏား၊ သင်ပုဏ္ဏားကား၊ စားရလိုနိုး၊ လောဘကြီးနှင့်၊ မီးကိုမပျိုးနိုင်။ ဗျာလိုင် ချွတ်လွဲ၊ သင်ပြုသော မီးခဲသည်၊ မရဲမပြောင်၊ လောင်မည်ကားဝေးစွ၊ ကိုယ်မွေးကိုမျှမခြစ်၊ အသစ် မီးစု၍၊ ယခုတစ်ကြိမ် ပျိုးဦးလော့ဟုဆို၏။ သိကြား မင်းလည်း၊ ကြီးစွာသော အံ့ဖွယ် သရဲကို မြင်၍၊ ကိုယ်ထင်ပြပြီးသော်၊ သခင်ယုန်မင်း၊ ငါတမူကား၊ အံ့ဩစရာ ပုဏ္ဏားမဟုတ်၊ အယုဇ္ဈပြည်ကြီးသခင်၊ မိုးခွင်သိကြားဖြစ်ပေသည်၊ ပါရမီနိုးရင်း၊ ဆည်းပူး ခြင်း၌၊ ယုန်မင်းသတ္တိ၊ ရှိ မရှိကို၊ ငါသိလို၍၊ မီးဖို ဖန်ဆင်း၊ သင်ယုန်မင်းကို၊ အခြင်းအရည် စမ်းပေ သည်။ လောကသုံးခွင်၊ ဘုံအပြင်ဝယ်၊ သင်နှင့် ရည်တူ၊ ရဲရင့်သူကို၊ လူ၌မမြင်၊ နတ်တွင် တစ်ယောက်၊ မပေါက်စဖူး၊ သင်တစ်ဦးသာ၊ လူထူးလူမြတ်ဖြစ်ပေသည်၊ သမ္ဗုဒ္ဓ၊ တာ၊ ဉာဏရတနာ၊ ဂုဏ်မြတ်စွာကို၊ လွယ်ကာထုတ်ချောက်၊ လက်ရောက် ယူတော်မူအံ့သောငှာ၊ စွန့်ခဲစွာသော အသက်ကို စွန့်ကြဲ၍၊ လွန်ကဲသော ပါရမီထူးကို၊ ဆည်းပူးတော် မူပေသည်ဟု၊ အထွေထွေချီးမွမ်းပြီးလျှင်၊ တစ်ယောက် တည်းသော သားကို၊ ပိုက်ဖြား ပြုပြင်သော၊ မိခင် အလား၊ သိကြားနတ်မင်းသည်၊ ယုန်သူတော်ကောင်း၊ ဗောဓိလောင်းအား၊ ပျောင်းပျောင်းညှို့သက်၊ မိမိ လက်ဖြင့်၊ ပိုက်ဖက်ပွေ့ယူ၊ ချော့မြူ့ဖြေဖျော်လျက် နေတော်မူရင်း၊ မြက်ခင်းကမ္ဗလာ၊ သဲနွ့ရာထက်၊ အသာတင်ထားခဲ့ပြီးမှ၊ ဖျံ မြေခွေး မျောက်၊ သုံး ယောက်သော သူတော်စင် တို့အားလည်း၊ တရား မပျက်၊ အသက်ထက်ဆုံး၊ ကျင့်သုံးနိုယ်၊ ဆက် ဆံ မေတ္တာ၊ ကြင်စွာကျွမ်းဝင်၊ ချစ်ခင်ကြမည့်အကြောင်း၊ ကောင်းသော ဥပဒေသဖြင့်၊ ဆုံးမပေးပြီးသော်၊ သိကြားမင်းသည်၊ နောက်တစ်ရံ၌၊ အကြံဤသို့ဖြစ်၏။ ဤရွှေယုန်၏ ဂုဏ်ကြီးပါ၊ လက္ခဏာသနစ်၊ မဖြစ်ဖူးမြဲ၊ အံ့အဲဖွယ်မှု၊ ယခုဖြစ်ပုံ၊ မကြုံစတောင်း၊ ဤပွဲကောင်း ကို၊ အခေါင်းသတ္တဝါ၊ မြင်စိမ့်ငှာဟု၊ ပြည်ရွာနှံ့ပြား အောင်၊ သွား၍လည်းမပြောနိုင်ရာ။ လာ၍ကြည့်ခြင်း ငှာလည်း မအပ်၊ ဘဒ္ဒကပ် ဤကမ္ဘာတွင်၊ မင်္ဂလာ သမိုက်၊ တစ်တိုက်လုံးကျက်သရေ၊ မကျေမတိမ်၊ တသိန် တဂုဏ်၊ မကုန်မဆုံး၊ ကပ်လုံးမပျောက်၊ တည်စ လောက် သော၊ အထောက် အကြောင်း၊ ထုံးဟောင်းစံမြတ်ဖြစ်ပေသည်၊ သပြေတည်ထွန်း၊ တစ်ကျွန်းသူမကာ၊ လေးဒီပမျက်နှာ၊ စက္ကဝါ ဝန်းကျင်၊ လူခပ်သိမ်းမြင်သဖြင့်၊ ဤသခင်ယုန်မင်း၏၊ အကြောင်းရင်းထုံးစံကို၊ နည်းခံ၍ ကျင့်ကြစေဟု၊ ရွှေယုန်မင်းဇာတ်၊ အတ္ထုပ္ပတ္တိကို၊ လောကဓာတ် လူ့ဘောင်တွင်၊ မူတစ်စောင်မဟာဝင်၊ ကမ္ဘာလုံး ထင် ရစ်အောင်၊ တောင်ဆီမင်ဆေးစုံဖြင့်၊ ငွေစက္ကူ လဗီမာန်၌၊ ယုန်ရုပ်ဟန် ရေးခြယ်၍၊ တင့်တယ်စွာ ထားသော့ကြောင့်၊ ထင်ရှားခုတိုင် ဖြစ်ချေသည်။

အနုရုဒ္ဓါ အလောင်းဖြစ်သော သိကြားမင်း၊ အာ နန္ဒာ အလောင်းဖြစ်သော ဖျံမင်း၊ မောဂ္ဂလာန် အလောင်းဖြစ်သော မြေခွေးမင်း၊ သာရိပုတ္တရာ အလောင်းဖြစ်သော မျောက်မင်း၊ ဘုရားအလောင်း ဖြစ်သော ယုန်မင်း၊ ဤပုဂ္ဂိုလ်တို့၏ ကြည်ညို မြတ် နိုးစွာ ဒါနပြုပုံ၊ သီတင်းသုံးပုံ၊ လုံးစုံကျင့်ကြံ၊ ထုံးစံ သာဓက၊ နိပါတ်ပြကို၊ နိဿယတစ်စောင်ပြု၍၊ ယခု

ကာလ၊ မြန်မာ့ပြည်ရွာတွင်၊ ဒါယကာ-ဒါယိကာမ အပေါင်းတို့သည်လည်း၊ ကောင်းမြတ်သော နှလုံးသွင်းဖြင့်၊ ပေးလှူခြင်း ဒါနပါရမီ၊ စာဂီမသွေ၊ ဧမ္ဘူ ရာဇ် ရွှေ ကဲ့သို့၊ ကိုလေသာ မစွန်းမရှိသော၊ သီလပါရမီ တို့ကို၊ ဝသီဖြစ်ပွားအောင်၊ ကြိုးစား ဆည်းပူး သင့်ပေသည်။ လေးဦးသတ္တဝါ၊ ကျင့်ကြရှာသည်မှာ၊ သာသနာတွင်းမှ မဟုတ်သေး၊ တွေးဆ ရမ်းယောင်၍၊ ကြံဆောင်ကျင့်သုံးရှာကြသည်၊ ယခုမှာမူ လူလည်းဖြစ်လာ၊ သာသနာလည်း ထွန်းခိုက်၊ အမြိုက်တရားဟောကြားမည့်သူ၊ လူလည်းမရှား၊ သို့ပါလျက် သားနှင့်မှ၊ တရားသို့မလိုက်၊ အမှားကို ကြိုက်ကြလျှင်၊ အမိုက်တကာ့ဗိုလ်မင်း၊ အဖျင်းတကာ့ဗိုလ်ချုပ်၊ အပါယ်လေးလီ၊ မြစ်နဒီတွင်၊ ဇလုံစီငုပ်ကြလျက်၊ လူယုတ်ကြီးတွေဖြစ်ချိမ့်မည်။ တိရစ္ဆာန်သူတော်တို့၊ ရမ်းရော်၍ ကျင့်ချက်ကြောင့်၊ အထက်နတ်ရွာ၊ ဗြဟ္မာ တို့ဘုံ၊ ရောက်ရုံမက၊ သဗ္ဗညုတ၊ လောကထွတ်ထား၊ ဘုရားရဟန္တာ၊ ဖြစ်ကြသောအရာကို၊ ပညာဖြင့် ချင့်လီ၍၊ လောကီ-လောကုတ်၊ ဝိမုတ္တိအမြိုက်၊ ခံစားထိုက်အောင်၊ နှစ်ခြိုက် ကြည်ညိုစွာ၊ ဒါန-သီလ အဋ္ဌဂ်ဥပုသ်တို့ကို၊ အားထုတ်ကြိုးစားကြရမည်။

# ဝိသယှ သူဌေး

မြေထုရေထု၊လေထုအဏ္ဏဝ၊ မေရုစံမကာ၊ အရဟံ အစ၊ အနန္တဂုဏ်အလုံးစုံ ဘုန်းတော်၏စည်းဝေးရာ၊ မဟာနာထ၊ နရာသဘ သယမ္ဘူ ဖြစ်တော်မူသော ဘုရားသခင်သည်၊ သံယောဇဉ်ခြေကျဉ်း၊ ဆယ်ကွင်းဖွဲ့လျက်၊ သုံးဆယ့်တစ်နှောင်အိမ်တွင်း၌၊ အကျဉ်းခံရသော ဝိုလ်ခြေအပေါင်းတို့ကို၊ ၎င်း နှောင်အိမ်မှလွတ်၍၊ အထွတ်နိဗ္ဗာန်ခွင်သို့ ယူငင် ကယ်ဆောင်တော် မူခြင်းငှာ၊ လေးဆယ့်ငါးဝါ၊ ရှည် ကြာ ဟောချွတ်၊ မန်းမှုတ်ရွတ်အပ်သော၊ ခြေကျဉ်းချွတ်မန္တန်၊ ဓမ္မက္ခန် ဂါထာမြတ်သည်ကား၊ အာဏာ၊ ပညတ်၊ ပရမတ်အားဖြင့်၊သုံးပါးရှိသည်တွင်၊ပရမတ်ဂိုဏ်းဝင်ဖြစ်သော၊ သ မ္မော အဋ္ဌကထာ ကျမ်း ၌၊ အကြွင်သူသည်၊ လှူမည်ဟုစိတ်ကြံ၊ စိဋ္ဌာန်ဆောက်တည်၊ မနေ့ကာံရည်ပြီးမှ၊ မကြည်မညို၊ ဝန်တိုစိတ်ကွက်၊ မလှူရက်၍၊ ယွင်းပျက်ချွတ်လွဲမှု၊ ထိုသူစင်စစ်၊ ငရဲ၌ဖြစ်ကြောင်းကို–

အဓိဋ္ဌာ ပေတွာ ဒါနာဒီနိ ပုညာနိ
အကရောန္တော နိရယေ ဥပ္ပဇ္ဇတိ။

ဟု ပြရှိတော်မူချေသည်။

ယင်းသို့ဖြစ်၍၊ အားသစ်ပန္နက်၊ ဓိဋ္ဌာန်ချက်ကို၊ မပျက်မယိမ်း၊ မတိမ်းအောင်တိုင်းထွာ၍၊ စေတနာဇောသုံးရပ်မှာ၊ တစ်သမတ်တည်းညီညွတ်၊ ရဲရဲကြီးလွတ်ဝံ့မှ၊ ဝင့်သံသရာ၊ တမလွန်အခါ၌၊ ချမ်းသာကောင်း ကျိုး ကြီးကျယ်မည်၊ သမုဒ္ဒရာမြစ်ဆဲ၌၊ သဲမကမျှားအောင်၊ ဘုရားအဆူဆူ၊ပွင့်ကြ၏ ဟူသော်လည်း၊ လွယ်ကူပေ့ါပျက်၊ဖွဲ့တစ်ဝက်ဆန်တချို့၊ကျဲသို့ ပမာ၊ တဏှာရော၊ သဒ္ဓါရော၊ နှီးနှောသည့် အကျင့်ဖြင့်၊ ပွင့်တော်မူကြသည် မဟုတ်၊ မဆုတ်မတွန့်၊ မရွံ့အားသန်၊ လှူမည်ဟုကြံလျှင်၊ ဓိဋ္ဌာန်တိုင်း မချွတ်၊ ဖွင့်ပြီးအစင်၊ဆန်ကာတင်ဆန်ကဲ့သို့၊ သုံးတန်စေတနာ၊ ဖြူစင်စွာတွင်၊ တဏှာကို ကြားမချပ်ဘဲ၊ တစ်သမတ်တည်း စွန့်စား၍၊ ဘုရားဖြစ်တော် မူကြပေသည်။ ဤဒေသနာ လာသည်နှင့်အညီ၊ ပါရမီစာဂ၊ ဒါနကို အားသစ်၍၊မနစ်မယုတ်ကျင့်ကြောင်းကို၊ ထုံးဟောင်း သာဓက ပြဦးအံ့။

ရှေးအတိတ်ခါ၊ ဗာရာဏသီ၊ ရာဇဌာနီ၊ နေပြည်တော် နိုင်ငံတွင်၊ ရာဇခံဆယ်ရပ်ဖြင့်၊ ဗြဟ္မဒတ် မင်းမူစဉ်၊ လူတွင် ကုမ္ဗဏီ၊ စုံပါရမီ၊ အာဇာနည်ပုဂ္ဂိုလ်ဝိဇ္ဇာဓိုရ်ဥာဏ်၊ ကံသမ္ဘာမြင့်၊ မုံအာရင့်ရင့်၊ ပွင့်လုဆဲဆဲ ဖြစ်သော၊ ဘုရား အလောင်း တော်သည်၊ ၎င်းဗာရာဏသီပြည်၌၊ ကုဋေရှစ်ဆယ်၊ စည်းစိမ်ကြွယ်သောကြောင့်၊ ထီး စလွယ် ရွှေဗောင်းနှင့်သူကောင်း ပြုရာ အပ်နှင်းလျက်၊ ဗြ ဟ္မ ဒ တ် မင်း သုံးသဖြင့်၊ ရှုံး ကျော် သူ ဌေး ဖြစ် ဘိ၍၊ ဝိသယှဟု အမည်တွင်လေ၏။ သုမေဓာရသေ့ဖြစ်စဉ်၊ ဒီပင်္ကရာမြတ်စွာရှင်ဇောက–

အယံတာပသော ဂေါတမောတိ
ဗုဒ္ဓေါ ဘဝိဿံ၊

ဗျာဒိတ်နှံဆဲတွင်၊ဆုပန်ဘက်ဖြစ်ခဲ့ကြသော၊ ရာဟုလာ့ မယ်တော်၊ ယသော်ဓရာအလောင်းသည်လည်း၊ ၎င်းထိုသူဌေး၏၊အလုပ်အကျွေးခင်ပွန်းမ၊အာသယှဟု အမည်တွင်လေ၏။ ထိုအခါ၊ သာသနာတော်မှ အပ၊ ဗာဟိရအခိုက်၊ ခေတ်ကြုံကြိုက်သောကြောင့်၊ အမြိုက်တရား၊ ဟောကြားသူမရှိသော်လည်း၊ မိမိတို့သန္ဓေပါ၊ စေတနာသမ္မာဉာဏ်ဖြင့်၊ ထိုသူဌေးမောင်နှံတို့သည်၊ အကြံ ဤသို့ဖြစ်သတည်း၊ ပစ္စုပ္ပန်ဘဝ၊ ခုခေတ္တဝယ်၊ ပုညအကြောင်း၊ ရှေးဆုတောင်းကြောင့်၊ သိန်းသောင်းကုဋေ၊ ရွှေ-ငွေရတနာ၊ ပဒေသာသို့၊ လိုရာသုံးဖို့ ပါမချို့ပဲ၊ ငါတို့သူကောင်းဖြစ်ချေသည်၊ လူကောင်းဘဝ၊ ရသည်ကေန်၊ စင်စစ်မှန်လျက်၊မာန်တံခွန်လွှား၊ မစွေ့ရပွားလျက်၊ စားကာအိပ်ကာ၊ ဉာဏ်မိစ္ဆာဖြင့်၊ သံသရာရေး၊ တမလွန်ဘေးကို၊ အလေးမမူ၊ မပေးလှူက၊ ရှေးသူတော်ကောင်း၊ ကျင့်ထုံးဟောင်းကို၊ လမ်းကြောင်းမကျ ဖြစ်တော့မည်။ လူကောင်းပြီပြီ၊ ပါရမီဟု၊ စာဂီကြိုးပမ်း၊ ဖိုလ်-မဂ်လှမ်းရအောင်၊ တက်ငြမ်းယခု၊ ဆင်တော်မူ အံ့ဟု၊ ကြံကြံကြီးကြံပြီးလျှင်၊ မိမိအိမ်တံခါးဝင်း၌ ကန္နားဖျင်းစရပ်တစ်ဆောင်၊လေးမျက်နှာမြို့တခါး၌ ကန္နားစရပ်လေးဆောင်၊ မြို့လယ်လမ်းစုံ၌၊ အလှူရုံ ရပ်ကြီးတစ်ဆောင်၊ ဤခြောက်ဆောင်သော စရပ်၊ မဏ္ဍပ်ကန္နားဖျင်း တို့ကို စီရင် ဆောက်လုပ်စေ၍၊ တစ်နေ့ခြောက်သိန်း၊တွက်ကိန်းဉစ္စာ၊အသပြာတို့ဖြင့် မဟာအလှူ၊ ပေးတော်မူသည်တွင်၊ ဇမ္ဗူပတ်ကုံး လူအလုံးလည်း၊ ယူကျုံးရွှင်မော၊ ထောမနာပြောကြသည်၊ အဟောသုခံ အဗ္ဗုတံဝတ၊ ဤဒါနအရှင်၊ ဤသဘင်ကဲ့သို့၊ မမြင်စဖူး၊ အလှူပေး ထူးသောကြောင့်၊ ကျေးဇူးမေ့ကွန်း၊ ကပ္ပါကျွန်းအောင်၊ တည်ထွန်းစလောက် ဖြစ်ပေသည်၊ အိမ်ထောင်ခမ်းနား၊ စားရေးဝတ်ရေး၊ မပူဆွေးပဲ၊ သက်မွေး **ငါတို့လွယ်ပေသည်၊ နှလုံးပြုံးစင်း၊ သူကြွယ်မင်းအား၊ သတင်းဂုဏ်သိန်၊ စည်းစိမ်တက်ထိုး၊ ရန်မျိုးမဝံ့၊ ခန္ဓာညွှန့်၍၊အစွန့်ရှည်တော်မူစေသောဟု၊ မြေကြောလှိုက်ခုန်၊ ပဲ့တင်တုန်အောင်၊ ဗိုလ်ပုံချီ၍၊ ကောင်းချီးပေးကြလေသတည်း။**

ထိုရောအခါ၊ မဟာသေဋ္ဌီ၊ လောင်းဗောဓိ၏၊ ပရိဝါဂတန့်ခိုးကြောင့်၊ မိုးအာသန၊ မြကမ္ဗလာငှ၊ မာယူ ချောက်များသဖြင့်၊ သိကြားမင်း နှလုံးတုန်၍၊ လူ့ဘုံသို့မျှော်ရာတွင်၊ အလှူတော် အံ့ဖွယ်ကိုမြင်၍၊ မူးပင်မာန်ယစ်၊ အကြံဖြစ်သည်မှာ၊ လူ့ခေတ်ဌာနေ၊ ဗာရာဏသီ ပြည်တစ်လျှောက်မှာ၊ မြေမှောက်မတတ်၊ ခြောက်မဏ္ဍပ်နှင့်၊ ပရိသတ်စုဝေး၊ အလှူပေးသည်၊ သူဌေးသူကြွယ်၊ သိကြားကိုရွယ်၍၊ အကယ်ကြိုးပမ်း ယောင်တကား၊ ဤသူဌေးကား၊ ငါသိကြားကို၊ ပျက်ပြားစုတေ၊ ရွေ့လျားစေ၍၊ ငါ့ရွှေနန်းအိမ်၊ ငါ့စည်းစိမ်နှင့်၊ ရိပ်ငြိမ်ပျော်ပါး၊ ငါ့ကိုယ်စားလျှင်၊ သိကြားသူလုပ် ယောင် တကား။ ငါ့ကို သူတယ်၊ အလှူနှင့်ကျယ်သောကြောင့်၊လှူဖွယ်ကိုမဆိုထားဘိ၊ စားရန်ဖို့မျှ မရှိရအောင်၊ နတ် ဣဒ္ဓိ တန်ခိုးဖြင့်၊ သွမ်းမိုး၍ကွယ်အံ့ဟုကြံပြီးမှ၊ နတ်ပြည်က ဆင်းသက်ပြီးလျှင်၊ ဘဏ္ဍာမြေမြှုပ်၊ ရွှေထုပ်ငွေပုံ၊ စုံစီနဖာ၊ လှူရာခမ်းနား၊ သားရောမြေးရော၊ ကျေးရောကျွန်ပါ၊ ပြာကျအောင်ခါပြီးလျှင်၊ တော်သင့်ရာကောင်းကင်မှ၊ ဆင်ခြင်စဉ်းစား၍ နေလေ၏။

ထိုကာလ၊ ဒါနကိစ္စ၊ ဝါယာမကူ၊ စီရင်သူတို့သည်၊ လှူဖို့ရာမဏ္ဍပ်တွင်း၌၊ ခင်းကျင်းသည့် ဝတ္ထုတို့ကို၊ တစ်ခုမျှရှာမရ၊ ကွယ်ပျောက်ခြင်းမလှသောကြောင့်၊ ဗိသယှ သူဌေးအား၊ ပြေးတဲ့၍ အကြောင်းကြားလေလျှင်၊ ဘုရားညွှန့်သူတော်ကောင်းမှာလည်း၊ သုံးစလောင်းကုန်၍မှ၊ ပြောင်းဂျုံမှန်း မသိသကဲ့သို့၊ မိမိ တစ်အိမ်လုံးကို၊ အတွင်းဖုံး သိကြား ဗုက်၍၊ ဖွတ်တက်ပြာနှံ၊ လက်ချည်းမျှကျန်သည်ကို၊ ကေန မသိသောကြောင့်၊ သူဌေးမခင်ပွန်းအား၊ ထိုက်တန်းခေါ်ဆို၊ ပြောဟောလို၍၊ အိုသဘောကြည်ဖြူ၊ မိခင်နှင့်တူပေသော၊ အိမ်သူကျုပ်အဆွေ၊ လှူဖွယ်ဝတ္ထု၊ ဒါနစုကား၊ တစ်ခုမကြွင်း၊ မဏ္ဍပ်တွင်း၌၊ ပျောက်ခြင်းမလှပျောက်ချေပြီ၊ ကုန်စေခန်းစေ၊ကုဋေရှစ်ဆယ်၊ ငါတို့ကြွယ်သေး၏။ လှူဖွယ်ပြတ်၍၊ မလပ်စကောင်း၊ တရားကြောင်းကို၊ သိဟောင်းမယ်မင်းဖြစ်ပါသည်။ ခြောက်သိန်းအသပြာ၊ တစ်ရက်စာကို၊ တိုက်မှာယူ၍၊ အလှူဝတ် ပြင်ပါဟု ဆိုလေက၊ အာသယှသူဌေးမလည်း၊ အားရဝမ်းရွှင်၊ အလှူဝတ်

ပြင်အုံ့ဟု အိမ်တွင်ရှာဖွေသော်၊ ရွှေ-ငွေကိုထား၊ငါးပိ ဆားမျှ၊ တစ်ရွေးသားမရ၊ ချွေးမကျွန်ကျေး၊ သားနှင့် မြေးကို၊ မေးမည်ဟု ဖွေရှာလျှင်လည်း၊ ခြေရာမျှမရှိ၊ ကွယ်ပျောက်မှန်းသိသဖြင့်၊ မချိသောဇော၊ ဆယ့်ကိုး ကြိမ်မျှောပြီးမှ၊ နောက်လော၍သိသိကြေ၊ တစ်အိမ်လုံး မွှေရာတွင်၊ ကြိုးခွေပါတကွ၊ ထမ်းပိုးနှင့် တံစဉ်ကို၊ တံခါးတွင် ရခဲ့၍၊ သိုက်သားကျ မိခင်ငှက်၊ ဥပျောက်သည့် ကြက်မ ကဲ့ သို့၊ တက် ခေါက် ၍ အိမ် ပေါ်၊ တကွက်ကွက်မြှော်ပြီးလျှင်၊ မျက်နှာတော် ခေါက်ချိုး နှင့်၊ ထမ်းပိုးကြိုး တံစဉ်ကို၊ ယူငင်၍ လာလေသော်၊ သမ္မောဓိလျှာ၊ သမ္ဘာတော်သခင်၊ သူဌေးမင်းမြင်တဲ့၍၊ မရွှင်ပျပဲ၊ ခင်မ ဘယ့် ကြောင့် ညှိုးသနည်း၊ သို့က လောက်ကြာ၊ ပဇာကိုရှာ၍၊ လှူဒါရေးကို၊ နှောင့်နှေး ပြုရသည်၊ အလှူဝတ်မပြင်ဘဲ၊ တံစဉ်ကို ဘယ်အခင်း ကြောင့်၊ မယ်မင်း ယူခဲ့ဘိ သနည်းဟု၊ ဆီး၍ အပြစ် တင်လေက၊ သူဌေးမ ယ သော် လောင်း လည်း၊ အကြောင်းကိုပြန်သည်မှာ၊ အကြံတော်ကျယ်၊ အလှူ လွယ် လှ သည့်၊ သူ ကြွယ် ကျေး ဇူး ရှင်၊ ပြစ် တင် မ စော သင့် ပါ၊ သားသမီးရော၊ ပစ္စည်းရောလျှင်၊ ပိန်း ကော ဝဲ စုပ်၊ အိုး တယ် နစ် မြုပ် သ ကဲ့ သို့၊ ကျွန်ုပ် တို့ အိမ် ထောင် မှောက် ၍၊ အစ ပျောက်ကွယ်ချေပြီ၊ လှူ ဖွယ် ကို မ မေး ပါနှင့်၊ ဝမ်းရေးတော် ညစာကို၊ အသို့ကြံတော်မူလိမ့်နည်း၊ တသက်ပန်ဘဝ၊ နာလံမထအောင်၊ ကံစမှေးတုံး၊ ကြံသမျှဆုံးချေပြီ၊ အသုံးဝင်ပါမူ၊ တံစဉ်ကန်ကြိုးနှင့်၊ ထမ်းပိုးကို ယူတော်မူပါလော့ဟု ပေးလေသော ကြောင့်၊ သူဌေးကျော် လူမွန်လည်း၊ အလှူဝတ်ကွယ် ပြုန်း၊ သားမြေးပါဆုံးသောကြောင့်၊ နှလုံးနောက်ကျိ၊ ကြက်သူငယ် င လျှင် မိသကဲ့သို့၊ သ တိ တော် ဝေ၊ တ အောင့် လောက်မိန်းမော၍၊ မျက်ကြောသေပြီးမှ၊ သံဝေဂွား၍၊ တရားမယ်မင်းဖြေဘိလော့၊ ခွေ့ ရွှေ ဘောဂီ၊ ဤ လောကီမှာ၊ က ညီ ခိုက် တော်တန်။ ယာ ယီ သာ စံ ရ သည်၊ နိ ဗ္ဗာန် မှ မြဲချေသည်၊ မြဲသည့်နိဗ္ဗာန်၊ ပြည်ဗိမာန်ဝယ်၊ မစံ ရသေးသမျှ၊ သ င်္ခါ ရ ဟု၊ ဖြစ် က ပျက် တတ်၊ မြေ လက် ခတ် လျှင်၊ ဆတ်ဆတ်မလွဲ၊ အမြဲအနိစ္စ၊ ဘိဇ္ဇနကို၊ ဗိုဒ္ဓကိုယ်တွေ့ ဖြစ်တော့သည်၊ ကိုယ်တွေ့တရား၊ ထင်ရှားရှတ်တရက်၊ ခုဖြစ်ပျက်သည်ကို၊ ပစ္စဝေက္ခဏ်၊ နိဗ္ဗာန်ဉာဏ်ဖြင့်၊ ရှုကြံမောအင်၊ လှန်လှောမြင်၍၊ သံဝေယာဇဉ်မဖြစ်စေလင့်၊ အားသစ်လုံ့လ၊ ဝမ်းစာ ဖို့ရအောင်သာ၊ ခင်မ ဖွေရှာပါ၊ လှူဖို့ရာမှုကား၊ ကျွန်ုပ်တာရှိပါစေဟု၊ စိတ်ဖြေတိုင်ပင်လျက်၊ တံစဉ် နှင့်ကြိုး၊ ထမ်းပိုးလက်လှမ်း၍၊ မြက်ထမ်းကာ ရောင်းလေ၏။ ၎င်းအခါ ဝမ်းစာကိုဝေးစွ၊ သူဌေး မမှာလည်း၊ မရအရှင်း၊ သူဌေးမင်း မွဲပြာအိုးမှုကား၊ မြက်ဖိုးငွေစ၊ တစ်ပဲလောက်ရခဲ့၍၊ ဒါနဖို့ ငွေသုံးရွေး၊ ဝမ်းရေးဖို့ ထို့အတူ၊ ခွဲဝေ၍ လှူလေက၊ သူမရ ငါမရ၊ အလှူဝတ်မစေ့ငဟု၊ တောင်းကြယာစကာ၊ ဖုန်းစားတွေလာသည်တွင်၊ စာမရှိ ငှက်တို့သည်၊ အတောင်ကိုစုံမက်၍၊ အသက်ကို အသေခံသကဲ့သို့၊ ထိုမောင်နှံသူဌေးမှာလည်း၊ ဝမ်းရေးကို မရေတွက်၊ အသက်ကိုမကြင်၊ အလှူကို ခင်မင်သောကြောင့်၊ မစားရလျှင်သေပေစေဟု၊ ဝမ်း စာ ငွေ သုံး ရွေး လောက်၊ ခေါက်ခေါက်ကြီး စွန့်ပစ်၍၊ ထိုနေ့ မှတ်ငတ်၊ အာဟာရပြတ်သော်လည်း၊ ဒါနဓာတ် အစာဆောင်၍၊ မဆာလောင် မပင်ပန်းဖြစ်ကြလေ သည်။ ဤကဲ့သို့ချည်း၊ ဤသည့်နည်းဖြင့်၊ နေ့တိုင်း ဆက်၍၊ ခြောက်ရက်ပတ်လုံး၊ ဝမ်းစာမသုံးရသော ကြောင့်၊ နောက်ဆုံးတစ်ရက်၊ မြက်ရိတ်ထွက်လေက၊ အရိုးဆက် ခေါ ခေါ နှင့်၊ အကြောတွေ ပြိုင်းပြိုင်း ပေါ်၊ ဖက်ရွက်ယော်ကဲ့သို့၊ အသွေးတော်ဖြော့တော့ လျက်၊ အားလျော့၍ မချိရာတွင်၊ မျက်စိသီမှောက်၊ နေခြည်ကျောက်သဖြင့်၊ မူးနောက်ခွေကာ၊ သဝေချာ နှင့်မြေစာမြက်အခင်းပေါ်တွင်၊ ပန်းတော်ညှိုမြက်ထုံး ကို၊ ခေါင်းအုံး၍ လှဲတော်မူလျှင်၊ သိကြားမင်း မြင်သဖြင့်၊ ကောင်းကင်မတ်မတ်၊ ဦးခေါင်းပေါ် ရပ်တည်၍-

အဒါသိ ဒါနာနိ ပုရေ ဝိသယှ၊
ဒဒတော စ တေ ခယဓမ္မော အဟောသိ။
ဣတော ပရဉ္စေ နဒ ဒေယျ ဒါနံ၊
တိဋ္ဌေယျုံ တေ သံယမန္တဿ ဘောဂါ။ ။

ဟူသောဂါထာကိုရွတ်၏။

ထိုဂါထာ၏ အနက်အဓိပ္ပာယ်ကား- ။ပြဟ္မာကာ၊ မဟာသာလ၊ ခတ္တိယနှင့်၊ ဂဟပတျာ၊ ဝိသာသုံ ရှိ၊ သူ ဌေး မျိုး တွင်၊ ပြည့်ဖြိုးနေ၊ ဝိသယှဟု၊ ဂ ဟ ပတျာ၊ မဟာသာလအနွယ်၊ ထို သူကြွယ်၊ ရွှေ

ကာလ၌၊ ဘောဂသမ္ပတ်၊ စည်းစိမ် ရတတ်သော ကြောင့်၊ မပြတ်အလှူပေးရသည်၊ သင်ကားထူးချွန်၊ အလှူပေး လွန်သောကြောင့်၊ အိတ်သွန် ဖာမှောက် ပျောက်ချေသည်။ နောက်ကိုတစ်ခါ၊ မလှူပါပြီဟု၊ သချာငါ့ထံ၊ အာမခံ၍၊ ပင့်ညာဉ်အသင်ပေး မူကား၊ ရှေးအတိုင်းခြွေရွေနှင့်၊ ရှစ်ကုဋေဥစ္စာကို၊ ခုခါပြဖြစ်ပြန်စေဦးအံ့ ဟူ၍ ဆိုသတည်း။

ဗုဒ္ဓ တ သူဌေးမင်းသည်၊ ဝမ်းတွင်းတော် မသက် သာ၍၊ မျက်နှာကိုမမြင်ရပဲ၊ အသူ ဖြစ်သောကြောင့်၊ အချက်မလွတ် ပြောသနည်း။ သင့်စကားရိပ်သည်၊ နိမိတ်မကောင်း ပါတကား၊ အလှူပေးပြတ်၊ တို့ မောင်နှံငတ်သည်မှာ၊ သင့်အတတ်ပင် ငါထင်သည်။ သင်တမူကား၊ လူပြဟ္မာနတ်၊ ဂိုဏ်းသုံးရပ်တွင်၊ ဘယ်ဇာတ်မျိုးနွယ် ဖြစ်သနည်းဟု မေးလေသော်၊ ငါတမူကား၊ အခြားမဟုတ်၊ ၂ အယုဇ္ဈသိဂ်ါ၊ ဝတိ သာက၊ ဝှန္တာဘူပတိ၊ သုဇိတာသခင်၊ ဘုရင်သိကြား ဖြစ်ချေသည်။ သင်သူကြွယ်ကား၊ လှူဖန်များလျှင်၊ သိကြားဖြစ်အံ့၊ စိုးရိမ်လန့်သောကြောင့်၊ တားဟန့် ငါပင်ကွယ်စေသည်၊ ပါဠိဂါထာဟော၊ ငါယခု ပြောသည်ကို၊ သဘောလွန်ဆန်၊ ဝန်မခံဘဲ၊ ကဏ္ဍက တစ်ခု၊ နောင်ဒါနပြုပြန်မူ၊ ပါဏုပေတံ၊ မွဲဇာတာ မလှန်နိုင်အောင်၊ ငါမ်၍ ထားလိမ့်မည်ဟု၊ သိကြား မင်းက ဆို လေ လျှင်၊ ဗုဒ္ဓကျ် သူဌေး သည် လည်း၊ ရွှေသွေးတော်တစ်ဆံမျှင်မျှ၊ သန္တာန်တွင်မရှိ၊ သမာဓိ ရဲစိတ်ကို၊ သတ္တိရိပ်ပြ၍၊ ဩဝါဒပေးတော်မူခြင်းငှာ—

အနရိယ မရိယေန သဟာသနေတ္တ၊
စသောဂါထာ
ယေန ကောာ ရထော ယာတိ၊
စသောဂါထာ
ယဒိ ဟောဿတိ ဒဿာမ၊
စသောဂါထာ

ဤသို့ကျမ်းလာ ဂါထာသုံးပုဒ်တို့ကို ရွတ်၏။

ထိုဂါထာတို့တွင်၊ လိုရာအဓိပ္ပာယ် သော်ကား၊ မစ္ဆေရမိစ္ဆာ၊ အဘိဇ္ဈာနှင့်၊ လ္ဟဿာပွားများ၊ အလှူကို တားလှာသည့်၊ သိကြားသူရတ်- ဘူတပတ်၊ ပရမတ် အထွတ်၊ မြတ်ကျင့်စတ်ကြောင့်၊ ကျပ်ချွတ်ဆင်းရဲ၊ ငတ်မွတ် မွဲသော် လည်း၊ မိုက်မဲ သည့် ဗုစရိုက်ကို၊ မပြုထိုက်မကျင့်အပ်ဟု၊ မြတ်သူတော်မွန်၊ ပညာဝန် သခင်တို့သည်၊ သွန်သင် ဆုံးမ ကြ ကုန် သ တည်း။ စည်းစိမ် လောကဓံ၊ ဘောဂကျွန် နှင့်၊ စံလိုသည့် တဏှာ၊ လွန်မင်းစွာဖြစ်လာသောကြောင့်၊ သဒ္ဓါကို အကယ်၍ စွန့်ဖြားအံ့၊ နောင်ကိုဥစ္စာ၊ ဘယ်မှာ ဖြစ်နိုင် တော့အံ့နည်း။ သင် သိကြား၏၊ စကား အလဇ္ဇီ၊ လင်းတငှက် အဆီကို၊ ခွက်သိင်္ဂီ မင်းစံ၊ ငါ့နားနှင့် မတန်သောကြောင့်၊ တစ်ဆံခြည်မျှမဝင်၊ နှေ့စဉ်ရက်ဆက်၊ ဒါနဝတ် တက်သည်မှာ၊ အသက် သေမှ ပျက်ချေမည်၊ သင်တားပစေ၊ ငါမနေလို၊ ကုသိုလ် ကြိုး ၍၊ မြက် ဖိုး နှင့် အလှူ ပေး အံ့ ဟု ဆိုသတည်း။

ထိုဂါထာဖြင့် ကြားပြီးသော် သိ ကြား မင်း ၏ ဒွိဟ သံ သ ယ ကို ဖျောက်စေ လို သော ကြောင့် အို သိကြားမင်း၊ နာခြင်းသေခြင်း၊ မကင်း မလွတ်၊ ဝဋ္ဋသံသရာ၊ သင့်ချမ်းသာကို၊ ပဇာမှု၍ တောင့်တအံ့။ လူနတ်ကာစ၊ ပြဟ္မာ့ဘောဂ၊ လောကီ စည်းစိမ်၊ ဖျင်းသိမ်သိမ်ကို၊ တင်းတိမ်ပြီ ငါမလို၊ မဂ်ဖိုလ် အချုပ်၊ လောကုတ်နိဗ္ဗာန်၊ ဘုရားဉာဏ်ကို၊အားသန် လိုချင်၊ အင်မတန်ခင်၍သာ၊ သို့စင် ငါကြိုးပမ်း တော်မူသတည်းဟု ဆို လေ သော်၊ မြင်း မိုရ် ရှင် သိကြားလည်း၊ ဘုရားကိုတွေ့သလောက်၊ သဒ္ဓါဇော ပေါက်လှ၍၊ မူးနောက်သည့် ဝေဒနာကို၊ မြို က်ရေ မှာ ချီး ဘိုသကဲ့သို့၊ တန်ခိုးဖြင့်ကွယ်စေပြီးမှ၊ အာဇာ နည်သူဌေးမင်း၊ မှားယွင်းမိသည့် အပြစ်ကံကို၊သည်း ခံတော်မူပါ၊ တစ်ရက်တာကို၊အသပြာ ခြောက်သိန်း မျှဖြင့်၊ရှေးကအလှူပေးရသည်၊ ယခုမူကား၊ တစ်နေ့ ကို တစ်သန်း နှစ်သိန်းကုန်အောင်၊လှူလော့ဟုဆို၍၊ ထိုထိုပရိက္ခရာ၊ ရတနာတို့ကို၊ များစွာဖြစ်စေ၍၊ ခြွေရွေ သားသမီးတို့ကို၊ ရှေးနည်းအတိုင်း တ ည် စေလျက်၊ နတ်ပြည်သို့ ပြန်လေ၏။

ဤသို့အားဖြင့်၊ သိကြားမင်းက မြစ်သော်လည်း၊ မနစ်မဆုတ်၊ မယုတ်စေတနာ၊ သဒ္ဓါကြံ့ခိုင်၊ ခံ့ခံ့ ကြီးကိုင်သောကြောင့်၊ ဖက်ပြိုင်ဘောဂီ၊ လောကုတ် နှင့်လောကီကို၊ ကုမ္ပဏီ ကျုံးပြီးလျှင်၊ ခွင်လုံးပိုင် အလားဖြင့်၊ ဘုရားဖြစ်တော်မူလေသတည်း။ ဤသို့ ပြအပ်သော ဝိသယှသုတ္တန်၊ ဓမ္မကွန်ကို အားကျ၍၊ ခုကာလအပါ၊ တရားနာ ပုဂ္ဂိုလ်တို့သည်လည်း၊ ဝန်ထိုနှောင့်နှေးမပြုဘဲ၊ အနုဂါမိက၊ စာဂရွှေအိုး၊ ဒါနမျိုးကို၊ စိုက်ပျိုးကြဲဖြုပ်ကုန်ရာသည်။

# ဥပမာ လေးဦး

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ကောန်ဖြစ်သော၊တစ်လံမျှလောက်သော အပေါ်ကိုယ်ရပ်မှ၊ နုပ်သလိပ်ချွေး၊ ပြည်၊သွေး၊မျက်ရည်နှင့် ထွေးသောကျင်ငယ်ကျင်ကြီးတို့သည်၊ယိုစီးမပျက်၊ပြင်သို့ထွက်၍၊ စက်ဆုပ်ရွံ ရှာ၊ပုပ်နံစွာညှီလျက်၊ ပထဝီ အာပေါ် တေဇော ဝါယော ဟုဆိုအပ်သော၊ မဟာဘုတ်လေးရပ်တို့၊ မပြတ်တွဲမှီသော၊ဤရူပ ကာယခန္ဓာကိုယ်သည် ကိုးသောင်းကိုးထောင်သောလောမာ၊ကိုးရာသောအကြော၊ နှစ်ကုဋေလေးသန်းသော ကေသာ၊ ကိုးရာသောမံသ၊ စသည်အပုပ်၊ စက်ဆုပ်ရွံ ဖွယ်၊ သုံးဆယ်နှစ်ဝသော ကောဋ္ဌာသမျှဖြစ်ဘိ၍၊ အဋ္ဌိနှာရု၊ ငါးခုသော ဝဂ္ဂမျိုးတွင်၊ အရိုး၏တည်ကြောင်းကား၊ဦးခေါင်းရိုးသည်၊ လည်ပင်းရိုး၌တည်သည်။ လည်ရိုးကား၊ ကျောက်ဆစ်ကျောရို ၌ တည်သည်၊ ကျောက်ဆစ် ကျောရိုးကား၊ ခါးရိုး ၌ တည် သည်၊ ခါးရိုး ကား ပေါင် ရိုး ၌ တည်သည်၊ ပေါင် ရိုး ကား ပုဆစ်ရို ၌ တည်သည်။ ပုဆစ်ရိုးကား မြင်းခေါင်းရိုး၌တည်သည်၊ မြင်းခေါင်းရိုးကား ဖမျက်ရိုး၌ဘာည်သည်၊ ဖမျက်ရိုးကား ဖမိုးရိုး၌ တည်သည်ဖြစ်၍၊ အရို စုတို့သည်၊ တစ်ခုနှင့် တစ်ခု တွယ်ကာစပ်ကာ ယှဉ်မှီးလျက်၊ လျှော်နှီးဖြင့် လိမ်၍၊ အိမ်ကို ဆောက်လုပ်ဘိသကဲ့သို့၊ ကြောသေး ကြောမ တို့ဖြင့်၊ မပြို မယိမ်း၊ မ တိမ်း မ စောင်း ရအောင်၊ ကောင်းစွာ ဆိုင်းတွဲလျက်၊ အသည်း အဆုပ်၊ အပုပ် အစပ်၊ ချွေး နှပ် တံထွေး၊ ပြည် သွေး မ စင်၊ အဖျဉ်းဆီကြည်၊ မျက်ရည်ဦးနှောက်၊ ကျောက်ကပ် ဟဒယ၊ ပိတ္တ သည်းခြေ၊ အူခွေအူမ၊ စသည်ပေါင်းစု၊ ခုတ်လေး ခု တို့သည်၊ အထက်ကား လည်ချောင်းရောက်၊ အောက်သို့ဒွါရချောင်း၊ ၎င်းစပ်ကြားတွင်၊ စပါးပြောင်း ပဲတို့ကို၊ အိတ် ထဲ ၌ သိပ် သ ကဲ့ သို့၊ မဖိတ်မယို၊ ဤကိုယ်ကာယ၏ဖြစ်ဟန်ကို၊ ပစ္စဝေက္ခနာဉာဏ်ဖြင့်၊ မဆင်ခြင် မသုံးသပ်၊ အမှတ်မဲ့ အိပ်နေလျက်၊ သေ ခြင်း သို့ ရောက် လေ သော၊ များဝေနေ ပုထုဇ္ဇန်တို့သည်၊ တစ်ခုသော တောအုပ်တွင်၊ ပင်လုံးကျွတ်ပွင့်သော ပေါက်ပင်ကို မြင်လျှင်၊ မံသ အစစ်၊ အမဲတစ်သီးသော အပင်တကားဟု၊ အမြင် မှားသော တောခွေးနှင့် တူလေသည်ဟူ၍ ဆိုရလေသတည်း။

အဘယ်သို့သော သဘောကြောင့်၊ ဘောခွေးနှင့် တူလေသနည်း ဟူမူကား၊ တောခွေးသည် ပေါက်ပွင့်ကို မြင်လေလျှင်၊ အ မဲ တစ် တွေး ထင် ၍ စားချင်မက်မော၊ လောဘဇော ရမ္မက်ပွားလျက်၊ စောင့်စားကာ နေလေသည်၊ ထိုသို့ မက်မောလျက်၊ တောခွေးမိုက်နေသည်တွင်၊ ပေါက်ပင်မှလေသက်၍၊ ပေါက်ပွင့်ကြွေလာက၊ အားရဝမ်းသာ၊ ပြေးလာကိုက်ဆွဲသော်၊ အမဲတစ်မဟုတ်၍၊တောခွေးယုတ်ဘစ်ဖန်၊ဆင်ခြင်ပြန်သည်မှာ၊ ဤ ကား အမဲတစ်မဟုတ်သေး၊ အပင်ပေါ်မှာသာ သား တစ် ရှိ သေး သည် ဟု၊ သတိ ချော်လွဲ၊ စောင့်မြဲစောင့်နေပြန်လျှင်၊ အပေါ်ရှိ သမျှအပွင့်သည်၊ လေသင့်၍၊ ကျကြွေ ကုန် လေ တော့ သည်၊ တစ်ခါမျှ မစားရ၊ မိုက်လှသော တောခွေးသည်၊ မွတ်သိပ်သော ဘေး တွေ တွေ ရောက် ၍ ပေါက် ပင် အောက် တွင်သာ၊ ခန္ဓာ ဆုံး ပြတ် ရ သ ကဲ့ သို့၊ သံယောဇဉ်

-၁

နိဝရဏ၊ ဩဃ အာသဝ စသော တရားအားကြီးစွာ၊ ဝိပဿနာသမထ၊ နည်းပါးလှသော သတ္တဝါတို့သည်၊ ငါးဖြာသော ကာမဂုဏ်ကို၊ စုံစုံမက်မက်၊ နှစ်သက်စိတ်ဇောဖြင့်၊ တောခွေးမိုက် ပေါက်ပွင့်ကို အမြင်မှားသလို၊ ငါ့ကိုယ် ငါ့မယား၊ ငါ့သား ငါ့ကျွဲ၊ ငါ့လှည်း ငါ့လှေဟု၊ အထွေထွေစွဲကြလျက်၊ အမြတ်တနိုး၊ အကျိုးစင်စစ်၊ ရသာနှစ် မှတ် မှား လျက်၊ ပျော်ပါး၍နေစဉ်အတွင်း၊ အိုခြင်း နာခြင်း၊ သေခြင်း အစုတွင်၊ တစ်ခုခုရောက်လာက၊ တစ်ခဏမျှ၊ သံဝေဂ ရ၍၊ ကြွေကျသော ပေါက်ပွင့်များဥ၊ အမဲသား မဟုတ်ဟု၊ တောခွေးယုတ် သတိရသကဲ့သို့၊ တခဏမျှ ထိတ်လန့်ကြ၍၊ ဒုက္ခနည်းပါး၊ ချမ်းသာများလျှင်ပင်၊ မှားမြဲအလျောက်၊ ခွေးမြီးကောက်ကို၊ ကျည်တောက် စွပ်ပုံကဲ့သို့၊ ကာမဂုဏ် တဏှာမြစ်ကို၊ နှစ်သက်မြဲ နှစ်သက်ပြန်လေသည်။ ဤသို့သော သတ္တဝါ လူများ တို့သည်၊ အမှားကို အမှန်ဟု၊ ဖောက် ပြန် ခြင်း သဘောကြောင့်၊ တောခွေးမိုက်နှင့် တူလေသည်။

ပုံတစ်နည်းလည်း၊ သည်းခြေကို လေ နှောက် ၍၊ စိတ်ဖောက်ပြန်သော အရူးမသည်၊ ငရုတ်သီးတစ်ဆုပ်၊ တစ်လုပ်တည်းစားမိ၍၊ မနေနိုင် မထိုင်တတ်၊ အလွန်ပင် ပူလျက်၊ အူဟာစ်ပြေးသွား၊ လျှာများ လျှားနှင့်၊ အိုးပါးသို့ရောက်၍၊ ရေ သောက် မည် ကြည့် လျှင်၊ ရေတွင် ချင့် မျက်နှာရိပ်ကို၊ စိတ်အထင်အယူလွဲ၍၊ အိုးသဲကချောင်းကာ၊ လျှာများ လျှား၊ သွားပြူးတူး နှင့် ဘီလူးစားမည် နေသည်ဟု၊ ချင့် မျက်နှာကိုပင် ဘီလူး စိတ်ထင်ဖူးသော၊ အရူးမ အသွင်ကဲ့သို့၊ ပုထုဇဉ်ဗာလတို့သည် အနိစ္စကို နိစ္စဟု ထင်မှားကြသောကြောင့် အရူးမနှင့် တူလေသည်။

ပုံတစ်တန်လည်း မှန်ကိုကြည့်သော အရူးမသည် မဝေဖန်မဆင်ခြင်ဘဲ မှန်တွင် ချင်းမျက်နှာရိပ်ကိုပင်၊ စိတ်အထင် အချော်လွဲ၍၊ မှန်ထဲသို့ မျက်နှာဝင်ပြီဟု၊ စိတ်အထင်ပြူသော၊ အရူးမ အသွင်ကဲ့သို့၊ ပုထုဇဉ် ဗာလတို့သည်၊ ဒုက္ခကို သုခထင်ကြ၍လည်း၊ အရူးမ တစ်ယောက်နှင့် တူလေသည်။

ပုံတစ်ထုံးလည်း၊ ပင်လုံးကျွတ်သီးသော၊ ခပေါင်း ပင်ကြီးကို၊ တွေးတောမြော်မြင်ခြင်းပညာ၊ နည်းလှစွာ၍၊ ကမ္ဗလာ ထင်မှတ်သော၊ မျောက်မိုက်အသွင် ကဲ့သို့၊ ပုထုဇဉ်ဗာလတို့သည်၊ အနတ္တကို၊ အတ္တဟု အထင်ရောက်သောကြောင့်လည်း၊ မျောက်မိုက်နှင့် တူလေသည်။

ဆံမွေးနီကျား၊ အဆင်ဆိုးဝါး၊ အသားကြမ်းထွေ၊ လက်ခြေလိမ်ကောက်၊ ရွံ့ကျောက်စဖွယ်၊ သွားစွယ် ပြူးတူးနှင့်၊ ဘီလူးမတစ်ယောက်သည်၊ မြင်သမျှရှုဖွယ်၊ တင့်တယ်လျောက်ပတ်သော နတ်သမီးအသွင်ကို ဖန် ဆင်း၍ ပြသကဲ့သို့၊ ကေသာလောမာ၊ နခါဒန္တ၊ ဒွတ္တိံသ အစု၊ ရှု၍မဖွယ်၊ မတင့်တယ်သော၊ ရူပကာယ၊ ဝေါဟာရခေါ် ဆို၊ ခန္ဓာကိုယ်သည်လည်း၊ နှပ် သလိပ် ချွေး၊ ပြည် သွေး မစင်၊ ကျင် ငယ် ဦး နှောက်၊ ပိုးလောက်အပြည့်နေ၍၊ ရေအိမ်နှင့်တူသော အသွင် ကို၊ မထင်စေရ၊ လှပပြေပြစ်၊ ချစ်စရာ အသွင်ကို၊ ထင်စေရတတ်မည်။ ဤသို့ ခန္ဓာကိုယ်သည်၊ သတ္တဝါ လူများကို၊ လှည့်စားတတ်သောကြောင့်၊ နတ်သမီး အဟန်ကို၊ ဖန်ဆင်း၍ပြသော ဘီလူးမနှင့် တူလေသည်။

ဤသို့လျှင်၊ တောခွေးမိုက်တစ်ဝ၊ အရူးမနှစ်ယောက်၊ မျောက်မိုက်ဟုဆိုအပ်သော ဥပမာနှင့်၊ ယှဉ်ကာပုံတူ၊ မနှိုင်းယူရအောင်၊ သွားစွယ်ပြူးတူး၊ ဘီလူးမနှင့် တူသော၊ ဤရူပကာယ ခန္ဓာကိုယ်ကို-

အစိရံ ဝတာ ယံ ကာယော၊
ပထဝိံ အဓိသေဿတိ၊
ဆုဒ္ဓေါ အပေတ ဝိညာဏော၊
နိရတ္ထံဝ ကလိင်္ဂရံ။ ။

ဟူသော ကြိုးဆွဲ တောင်ဝှေး၊ ရှေ့ပြေးလမ်းပြ သကဲ့သို့၊ ပမာဏမယွင်း၊ ဆိုခဲ့ရင်းဒေသနာဖြင့်၊ ဤ သင်းကား ကန့်ချုပ်နီ၊ ဤသင်းကား နံ့သာဟု၊ အလုံးစုံဆေးမြစ်ကို၊ ဖော်လှစ်ပြထွေ၊ နေရာတကျ၊ သိတတ်လှသော ဆေးသမားကြီးကဲ့သို့၊ ဆံအမွေး ခြေသည်းလက်သည်း-သွား- အရေ- အသား- အရိုး စသော ကောဋ္ဌာသအစုကို၊ အသုဘ အကောင် မှတ် လျက်၊ ရှုတတ်ရမည်။ ဤပါဠိ အထွက်ဆို၊ အနက် မြန်မာပြန်သော်-

ဘိက္ခဝေ-ရဟန်းတို့၊ ဝတ-စင်စစ်၊ အယံကာယော-ဤခန္ဓာကိုယ်သည်ကား၊ အစိရံ-မကြာမြင့်မီ လျှင်၊ ဆုဒ္ဓေါ-စွန့်ပစ်အပ်သည်ဖြစ်၍၊ အပေတဝိညာ

နော- ဝိညာဉ်ကင်းသည်ရှိသော်၊ နိရဉ္စ-အကျိုးမရှိသော၊ ကလိင်္ဂရုံဝ-ထင်းတုံးကဲ့သို့၊ ပထဝီ-မြေ၌၊ အဓိသယတိ-အိပ်ရလတ္တံ့။

ဤသို့ ထင်းတုံးသဖွယ်၊ မတင့်တယ်သော၊ ဤကိုယ်ကာယသည်၊ မုချမလွဲ၊ ဆင်းရဲအတိ၊ တည်ရာဖြစ်လေ၏၊ အသို့ဖြစ်သနည်း ဟူမူကား၊ ပဋိသန္ဓေနေရခြင်းကသည်၊ အိုခြင်းသို့ ရောက် လေ ကုန် ၏။ အိုခြင်းဆင်းရဲကသည်၊ နာခြင်းသို့ ရောက်လေကုန်၏။ နာခြင်းဆင်းရဲကသည်၊ သေခြင်းသို့သာ ရောက် လေကုန်၏။ သေခြင်းဆင်းရဲကသည်၊ ပဋိသန္ဓေနေခြင်းသို့ တစ်ဖန် ရောက်လေပြန်၏၊ ဤသို့ ဖြစ်ပျက်မစဲ၊ ဝဲရေပမာ၊ လူ့ရွာနတ်ဘုံ၊ စုန်ကာဆန်ကာ၊ ဆုံမှာတပ်နွား၊ ရဟတ်ချားကဲ့သို့၊ ပျက်ပြားပြိုကွဲ၊ ဆင်းရဲအတိဖြစ်သော သတ္တဝါတို့၏ ခန္ဓာကိုယ်ကို ပုံဟပ်လျှင်၊ ပြာသာဒ်နှင့် တူချေသည်၊ ဘယ်သို့ တူသနည်းဟူမူကား၊ ပြာသာဒ်သည်၊ လျှော် ကြိမ် သစ် ဝါး အများစုပေါင်း၍ ကောင်းစွာစိုက်ထူပြီးလျှင်၊ စက္ကူ ကုလားရွှေ၊ မြေနီဟသ်ပြဒါး၊ ဆေးဝါးခြယ်လှယ်စကာ၊ လှပတင့်တယ်၊ ရှုဖွယ်မငြီး ဖြစ် လေ သည်။ မြူဖုတ်တင်သောအခါ၊ ရောင်ဝါမထွက်၊ ဆေးဝါးပျက်လျှင်ပင်၊ မကြည့်ချင်ရှိသဖြင့်၊ဆိုင်းတွဲနှောင်ချည်၊ လျှော်ကြိမ်ပြည်၍၊ လေဆိုးမွှေ့လာသော်၊ ဖရိုဖရဲ၊ ကွဲပြား လွင့် ပျောက်၊ မီးထဲရောက်သကဲ့သို့၊ ဆယ့်ခြောက်နှစ်အရွယ်၊ နှစ်ဆယ်အစိတ်ကာလမှာ၊အဝတ်ထဘီ၊ အင်္ကျီပဝါ၊ ဒါလီသွယ်ပျောင်း၊ နားငှောင်းလက်ကောက် စသည်ဖြင့် ပြုပြင်၍၊ ရှုချင်ဖွယ် ရှိရသည်၊ ဆံဖြူသွားကျိုး၊ အရိုးပြိုင်းပြိုင်း၊ ကိုင်းကိုင်းမတ်မတ်၊ ထိုင်ရပ်မနေ၊ အရေတွန့်တွ၊ အိုကာလရောက်သောအခါ၊မျက်နှာခြိုက်ကောက်သော၊ တောမျောက်နှင့်တူလေ၍၊ သေမင်းတည်းဟူသော လေခတ်က ပြာသာဒ်သည် ပျက်ပြိုသကဲ့သို့၊ ဖရိုမရဲ၊ ကွဲပြား၍သာ၊ မီးစာဖြစ်သောကြောင့်၊ ပုံယှဉ်နိုင်းစပ်သဖြင့်၊ ပြာသာဒ်နှင့် တူလေသည်။ ဤသို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဘိဇ္ဇန ဓမ္မော စသော တရားကို၊ ကြောက်ပါးလိလိ၊ သတိ ပညာ၊ ဆင်ခြင်ကာဖြင့်၊ သံသရာ၌ ငြီငွေ့၍၊တွေ့ဆဲတွေ့လတ္တံ့ဖြစ်သော သံသရာဝဋ်မှ၊ ကင်းလွတ်ရာ ကင်းလွတ်ကြောင်း ဖြစ်သော ဝတ္ထုသက်သေကား-

သာဝတ္ထိပြည်ကြီး၌၊ အမျိုးသမီးအိမ်တွင် နေ၍၊ အငှစခံရသော ကျွန်မ တစ်ယောက်သည်၊ သရဏဂုံ သုံးပါးနှင့်တကွ၊ သီလကို နိစ္စဆောက်တည်ခြင်း၊ ကာယဂတာသတိကမ္မဋ္ဌာန်းကို၊ စီးဖြန်းခြင်း မလပ်၊ မပြတ်မစဲ၊ လေးပွဲသော ဆွမ်းဝတ်ဖြင့်၊ ရဟန်းမြတ်လေးဦးတို့ကို လှူခဲ့ဖူးသောကောင်းမှု၊ အစုစုပုညကြောင့်၊ ထိုဘဝမှ ကူးပြောင်းသော် ခြောက်သောင်းသော နတ်သမီးတို့သည်၊ အတီးအမှုတ်၊ စည်ပုတ်ပဿာ တူရိယာစောင်းညှင်း၊ သီချင်းအဲအန်ဖြင့်၊ ခြံရံခစားလျက်၊ ပျော်ပါးမွေ့လျော်၊ ဖြေဖျော်ရခြင်း၊ အရပ်ဆယ်မျက်နှာကို၊ ရောင်ဝါပြန့်မွှန်း၊ ပတွန်းကွန့်မြူးသော၊ သောက်ရှူးကြယ်ကြီး၊ တောင်ထိပ်မီးကဲ့သို့၊ ထိန်ညီးသျှံပြောင်၊ ဘုံဆောင်ပြာသာဒ်၊ လည်ကပ် သွယ်ပျောင်း၊နားငှောင်းပုတီး၊ နတ်သမီး၏ ကိုယ်ရောင်ကိုယ်ဝါသည်၊အခါခပ်သိမ်း ထွန်းပလျက်၊ နေ့ ညမှန်း မသိရလ၍ ဥယျာဉ်ပန်းမာလ်၊ ရေကန်ရေတွင်း၊ ဆင်မြင်း ရထား၊ နတ်စား နတ်ဝတ်ဖြင့် ပြည့်စုံလျက်၊ နတ်ဘုံတွင် လွန်မြတ်သောနတ်သမီး ဖြစ်လေသည်။

(ဤသို့ သူ့အိမ်ထဲ၌၊ ဆင်းရဲငြိုငြင်၊ သခင်ကခိုင်း၍၊ နေ့တိုင်းကိစ္စ၊ လုပ်ဆောင်ရသော ကျွန်မသည်၊ အံ့ဩ၍ မကုန်၊ ရောင်စုံ ရှက်သန်းလျက်၊ ဘုံနန်းပြာသာဒ်ဘွင်၊ နတ်သမီးဖြစ်ရကား၊ ကျွန်မ၏ အမူနှင့်၊ လူဖြစ်တုန်းကာလက၊ သရဏဂုံ သီလ၊ ကာယဂတာသတိ ကမ္မဋ္ဌာန်း၊ ဆွမ်းတို့ဖြင့်၊ နေ့တိုင်း မပြတ်ဆောက်တည် စီးဖြန်း၊ လှူဒါန်းခဲ့ဖူးသောကြောင့်၊ ကျွန်မ၏အဖြစ်က ပြောင်း၍၊ ကောင်းမြတ်သော ဘုံပြာသာဒ်၌၊ နတ်သမီး ဖြစ်ရလေသည်ဟု မှတ်)

တစ်ရပ်သက်သေမှာလည်း၊ ရာဇဂြိုဟ် ပြည်မတွင်၊ ဇီဝက ဆေးသမား၏ နှမ၊ သီရိမာ အမည်ရှိသော ပြည့်တန်ဆာမသည်၊ အခါတစ်ပါး၌ မြတ်စွာဘုရားတရားသံကို နာရသဖြင့်၊ သောတာပန် တည်လေ၍၊ ထိုနေ့မှ စလျက်၊ ဒါနမပြတ်၊ ထောပတ် ဆီ ပျား၊ နွားနို့တင်လဲ၊ ခဲဖွယ်ဘောဇဉ်၊ ချိုချဉ်ရသာများဖြင့်၊ ရှစ်ပါးသော ရဟန်းသံဃာတို့ကို၊ အိမ်သို့ပင့်၍၊ နေ့တိုင်း ကျွေးမွေ့လျက်၊ ပေးလှူ ပူဇော်လေ၏၊ ဤသို့ ဒါနကိုပြု၍ စုတေမနေ သေလွန်သောအခါ၊ သီရိမာသည်၊ နိမ္မာနရတိ နတ်ဘုံသယ်၊ ဂုဏ်အသရေ

အဆင်း၊ ကြည့်တွင်းမငြီး၊ နတ်သမီး ငါးရာတို့သည်၊ မကွာထက်ကြပ်၊ မပြတ်နေ့ည၊ ယုယ ပိုက်ထွေး ရေပူရေအေး၊ လုပ်ကျွေးခစားရခြင်း၊ သိန္ဓော မြင်း ဆင်ကလျက်၊ နေ့ညမကွာ၊ ငါးရာသော နတ်ရထားတို့သည်၊ သွားလေတိုင်း ခြံရံလျက်၊ တောက်လောင်ပြိုးပြက်၊ ဘယက်တန်ဆာ၊ (ဒွါဒရာဝတ်၊ လက်စွပ်ပုတီး စသည်ဖြင့်၊ နတ်သမီး သီရိမာ၏ ဆင်ဝတ်တန်ဆာ)ကို၊ များစွာသော လှည်း အဲစီး ခြောက်ဆယ်တိုက်မျှ ရှိခြင်း၊ တောမီးလောင် သကဲ့သို့ နတ်သမီး ကိုယ်ရောင် ကိုယ်ဝါလည်း၊ ဆယ် မျက် နှာ ထွန်းလင်းခြင်း၊ ဤသို့အစ၊ ဝိမာန နတ်ဘုံတွင်၊ အ လုံး စုံ ချမ်း သာ ကို သီရိမာ ခံစားရခြင်း၏ အကြောင်းကား၊ မနုဿလူ့ရွာဝယ်၊ ပြည့်တန်ဆာမ၊ ဖြစ်စဉ် အခါ ကာလက၊ တရားတော်ကိုနာရ၊ သီလကိုခံယူ၊ အလှူကို ပေးခဲ့ဖူးသော ကောင်းမှု ကြောင့်၊ ကောင်းကျိုး ချမ်းသာ၊ များစွာ ပြည့်စုံသော၊ ဘုံ ဆောင်နန်းပြာသာဒ်ဝယ်၊ နတ်သမီးဖြစ်ရလေသည်ဟု မှတ်။

တစ်ရပ်သက်သေမှာလည်း ရာဇဂြိုဟ် ပြည်မြို့ မှာ ပင် မဟာဒါန သူဌေးကြီး၏သမီးဖြစ်သော ဥတ္တရာ သည် ရတနာသုံးပါး၏ ဂုဏ်၌၊ ယုံကြည်သော သဒ္ဓါဖြင့်၊ ငါးဖြာသော သီလ၊ အဋ္ဌင်္ဂဥပုသ်၊ ကိုယ်နှုတ် နှလုံးကို၊ စောင့်သုံး ဆီးတားလျက်၊ သူ တစ်ပါးတို့ အားလည်း၊ စိတ်ပွားရန်လို၊ ဝန်တိုမမူ၊ ငြူစူစောင်းမြောင်း၊ မကောင်းမှုအရေးကို၊ အဝေးကကြဉ်ရှောင်ခွာ၍၊ မေတ္တာကိုပွားများလျက်၊ ဘုရားစသောအလှူခံ ရ ဟန်း တို့ ကို၊ ဆွမ်းစသောပစ္စည်းရပ်ဖြင့်၊ ကပ်လှူပူဇော်၍၊ တရားတော်ကို နာခဲ့လျှင်၊ သောတာပန် ဧရးဦးစွာ၊ သကဒါဂါမ် နောက်တည်၍၊ သေလွန်သည့် အခြားမဲ့၌၊ တာ ဝတိံသာ နတ် ပြည်ဝယ်၊ ကြီးကျယ်ပြန့်ပြော၊ အံ့ဩ၍မကုန်၊ ဘုံဆောင်နန်း ပြာသာဒ်၌၊ ကောင်းမြတ်သော ရတနာ၊ ပဒေသာ ဥယျာဉ်၊ များပြင်အစုစုနှင့်၊ ရှု၍မငြီးသော၊ နတ်သမီး ဖြစ်လေသည်။ ဤသို့ သူဌေးသမီးဥတ္တရာသည်၊ နတ် ရွာ၌ ဖြစ်ကြောင်း ကား၊ လူဖြစ်တုန်း အခါက၊ ငါးဖြာသီလ၊ အဋ္ဌင်္ဂဥပုသ်၊ ကိုယ် နှုတ် နှလုံး ကို၊ စောင့်သုံးသော ကောင်းမှုကြောင့်၊ မြင့် မြတ် သော နေရာ၊ နတ်ရွာသို့ရောက်လေသည်။ သူ့ အိမ်ထဲတွင် ကျွန်မ၊ ဇီဝကနှမ သီရိမာ၊ ဥတ္တရာ စသောသူဌေး သမီးတို့မူ၊ ဒါနသီလကိုပြု၍၊ သုဂတိ နတ်ဘုံသို့ ရောက် လေ သော သက်သေ သာ ဓက များ ကို ထောက်ထားစာနာ၍၊ ယခုအခါ အကြင်ဒါယကာ ဒါယိကာမတို့သည်လည်း၊ ငါးဝသော ဂရုခမ္မသီလ ကို၊ ထာဝရတည်လျက်၊ အဋ္ဌင်္ဂသီလမြတ်ကို၊ မပြတ် အောင် အားထုတ်၍၊ ကိုယ်နှုတ်နှလုံးကို၊ စောင့်သုံး ဆီးတား၊ ဖြဟ္မစိုရ်ပွားကြပြီးလျှင်၊ လေးဆယ်သော ကမ္မဋ္ဌာန်းတရားတို့တွင်၊ မိမိတို့ စရိုက်နှင့်၊ လိုက်ညီ သော ကမ္မဋ္ဌာန်း တရားတို့ကို၊ ပွားများ အားထုတ် ကုန်ရာသည်။

# ကာက ဝလိယ

သဗ္ဗ ညု တ မြတ်စွာဘုရားသည်၊ ပြည် ကြီး ရာဇဂြိုဟ်၊ ဝါးညိုရုံသန်း၊ မြနန်းဗိမာန်၊ ဝေဠုဝန် မင်းကျောင်း၌၊ ကိန်းအောင်းတော် မူစဉ်၊ ဓူတင် သိက္ခာ၊ ကျင့်ဆောင်ရာ၌၊ သာသနာခေတ်ထဲတွင်၊ အောင်ပွဲရဖြစ်သော၊ မဟာသာဝက၊ ကဿပမထေရ် ကြီးသည်၊ နိရောဓ သမာပတ်မှ၊ ထတော် မူလျှင်၊ လူဆင်းရဲဒုက္ခိတ ဟူသမျှကို၊ ဒိဗ္ဗစက္ခုဖြင့် ကြည့်တော် မူ၍၊ ထိုသူတို့အထံသို့၊ ဆွမ်းခံကြွမြဲ ဖြစ်သတည်း။ တစ်နေ့သ၌၊ ရာဇဂြိုဟ်ပြည်ထဲဝယ်၊ ဆင်းရဲလှစွာ၊ တစ်နပ်စာကိုမျှ၊ ချွေတာခွဲဝ က်၍၊ ညနံနက်လောက် အောင်၊ နှစ်ယောက်လင်မယား၊ မျှတ၍စားရသော၊ ကာကဝလိယ အမည်ရှိသော၊ သူဆင်းရဲ လင်မယား ကို မြင်လျှင်၊ ရွှေရင်ငွေ့လှုံ၊ သားကြေးမုံကဲ့သို့၊ အာရုံ ရှေး၍၊ သနားတော် မူသောကြောင့်၊ (လူဒုက္ခိတ၊ မောင်ကာကတို့၊ ပျော်ကြသည့်ခန်းဝါ၊ အကာဆူး ခက်၊ အင်ဖက်အမိုး၊ ကျူရိုးတိုင်ထူ၊ နေပူကျဲကျဲ၊ ဝက် သိုက်တဲတွင်၊ အုတ်ခဲခေါင်းအုံး၊ အိုးတစ်လုံး ဖျာ မရှိ၊ ဘုမ္မိကမ္ဗလာ၊ မြေမွေ့ယာနှင့်၊ ချူချာတော် မူလှသော၊ ကာကဝလိယ၊ မွဲပြာကျ မောင်နှံတို့၊) စံကြသည့် အိမ်ဦးသို့၊ ကျေးဇူးတော်သခင်၊ အရှင် ကဿပ၊ ထေရိန္ဒသည်၊ ကြွ၍ ဆွမ်းရပ်တော် မူလာ ၏။ ထိုအခိုက်ကာလ ကာကဝလိယလည်း ဝေဠုဝန် ကျောင်းတော်တွင်းသို့၊ ဆွမ်းကြွင်းဟင်းကျန်၊ စား ရန်ရှာမည်၊ လှည့်လည်ခိုက် ကြိမ်သနှင့်၊ အိမ်တွင် မရှိ၊ မယားဒုက္ခိတ၊ ဆင်းရဲမမှာလည်း၊ ရသမျှ ဟင်း ရွက်ကို၊ တစ်လမျက်လောက် ဆန်ကွဲနှင့်၊ ထမနဲ ပြုံး စပ်ကျို၍၊ အရိုးတိုယောက်မနှင့်၊ ဝဲထအောင်မွှေတုန်း၊ ရွှေဘုန်းတော်ရှင်၊ သခင်မဟာထေရ်၊ ဆွမ်းရပ်သည်ကို မြင်လျှင်၊ ဤ မထေရ်ရဟန်းသည်၊ ရွှေနန်းမွှေအိမ်၊ စည်းစိမ်လောကင်၊ သူဌေးကြီးအထံသို့၊ ဆွမ်းတော် ခံကြွလေလျှင်လည်း၊ ပဏီတသြဇာ၊ နဖာ်သုဒ္ဓါကဲ့သို့၊ အရသာ ဆွမ်းကောင်းကို၊ လောင်းလိုက်မည် ဆက် ဆက်၊ သို့ပါလျက်နှင့်၊ ဖွတ်တက်အောင် မွဲလှသော၊ သူဆင်းရဲမောင်နှံ၊ ငါတို့ထံသို့၊ ဆွမ်းတော်ခံကြွလာ သည့် လက္ခဏာ၊ အင်္ဂါနိမိတ်ကို ထောက်လျှင်၊ တို့နှစ်ယောက် ကံစ၊ နာလန်ထချင်၍၊ ပုဗ္ဗနိမိတ်၊ ကောင်းဟိတ်တိတ္ထုံ၊ ယနေ့ကြုံပြီဟု၊ ပုံသေစိတ်စွဲနှင့်၊ ထမနဲချဉ်ပေါင်ဟင်းကို၊ မချွင်းမချန်၊ ပြောင်းပြန် ဦးစောက်၊ သွန်မှောက်လှူဒါန်းလိုက်ပြီးလျှင်၊ ကြိုက် ရာဆုကို ပန်၍၊ အတန်တန် အထပ်ထပ်၊ ပြုအပ်သော ကုသိုလ်ကို ကြည်ညိုစွာ နှလုံးသွင်းလျက် နေ၏။

ရှင်မဟာကဿပလည်း ကျောင်းတော်သို့ ရောက် လျှင် ရခဲ့သော ပြုံးစပ်ဆွမ်းကို ဆွမ်းရှင် သူဆင်းရဲ တို့အား အတိုင်းထက်အလွန် ကောင်းကျိုး ဖြစ်စေ ခြင်းငှာ၊ မြတ်စွာဘုရားကို သပိတ်နှင့်တကွ လှူ၏။ မြတ်စွာဘုရားလည်း မျှလောက်ရုံယူ၍ ဘုဉ်းပေး တော် မူ၏။ ဘုရားသခင်နှင့် ရှင်မဟာကဿပတို့၊ သီလတော်အရှိန်၊ လူပိန်ဒုက္ခတ၊ ဆင်းရဲမ၏၊ ဇလဝ သဒ္ဒါကြောင့်၊ တစ်ယောက်စာ ထမနဲသည်၊ ဝေခွဲ လှူဒါန်း မကုန်ခန်းနိုင်၊ ရဟန်းငါးရာ၊ ညီညာ

တုဝေး၊ ဘုဦးပေးသည့်ပြင်၊ အလှူ့ရှင် မောင်ကာက လည်း၊ ဝမ်းဝဗိုက်ကား၊ စား၍မကုန် ရှိလေ၏။ ရှင်မဟာ ကဿပလည်း၊ ဤဆွမ်းသည် လူဆင်းရဲမ၊ ကာကဝလိယ၏ ဆွမ်း ဖြစ်ကြောင်းကို၊ လျှောက် ပြီး လျှင်၊ ရွှေဘုန်းတော်ရှင် ထိပ်ခေါင်တင်ဘုရား၊ ကာကဝလိယ ဆင်းရဲသူ၏၊ ဆွမ်းလှူသော အကျိုး သည်၊ အ ဘယ်မျှ လောက် ကြာမှ၊ ဘယ်ချမ်းသာ စည်းစိမ်ကို ရ ပါ မည် နည်းဟု လျှောက် ပြန် ၏။ မြတ်စွာ ဘုရားလည်း ချစ် သား ကဿ ပ၊ ဤ ကာကဝလိယသည်၊ ပြုံးစပ် လှူသော၊ ကုသိုလ် ကြောင့်၊ ယနေ့မှ ခုနစ်ရက်မြောက်၌၊ သူဌေးကြီး တို့ ထီးကို ဆောင်းမိုးလတ္တံ့ ဟူ၍၊ ရှင်မဟာ ကဿပအားဟောကြားတော်မူသည်ကို၊ကာကဝလိယ ကြားလေလျှင်၊ အံ့သွားကြိတ်၍၊ ပိတ်ပါမင့်ကလား၊ ကာကလိုသူ၊ ဇမ္ဗူတွင် ကြုံဖူးစံ့၊ ကံထူး သည့် ယောကျာ်း၊ ပြုံးစပ်ကျူ ဆွမ်းကလေးနှင့်၊ သူဌေးကို တက်၍တယ်သည်၊ ကြွယ်ပါပေ့တကားဟု၊ အားရ ဗမ်းသာ၊ ပြုံးစိစိ မျက်နှာနှင့်၊ ရာဇဂြိုဟ်ပြည်တွင်းသို့ ချက်ချင်း ပြေးဝင်လေ၏။ အိမ်သို့ရောက်လျှင်၊ သူ့ မယားကို မြောက်စား၍ ချီးမွမ်းလိုသောကြောင့်၊ အို သူဌေးကတော်လောင်း၊ ခင်ပွန်းကောင်း၊ ရှင်မသည်၊ နေ့တိုင်းတစေ၊ မိုက်လေသမျှကို၊ ယနေ့မှ အားကြိုး၍၊ ဉာဏ်အိုးကြီး ကွဲပေသည်၊ ထမနဲပြုံးစပ်၊ ညည်းလှူ သည့် ပိဏ္ဍပါတ်ကြောင့်၊ သူဌေးမြတ်အရာကို၊ ခုနစ် ရက် အခန့်ကြာလျှင်၊ ဤဒကာ ကာကသည်၊ ဧကန် ရမည်ဟု၊ သမ္ဗုဒ္ဓ မြတ် ဘု ရား၊ ဗျာ ဒိတ် တော် ထားသည်ကို၊ ငါနား ဆတ်ဆတ် ကြားခဲ့သည်။ ယနေ့ ကမှ၊ စ၍ရေတွက်၊ ကြားခြောက်ရက်တွင်၊ နားရွက် မခတ်၊ ငြိမ်ဝပ်စွာနေတတ်မှ၊ ဥပဒ်မမြေး၊ ကောင်းကျိုး ပေးနိုင်မည်။ လူရေးကို မသိချေ ဟု၊ အိမ်နေနှင့် တိုင်ပင်၍၊ ယခင်က ကုသိုလ်ကို၊ ကြည်ညိုစွာ နှလုံးသွင်းလျက် နေ၏။

ခြောက်ရက်မြောက်သောနေ့၌၊ ပြည့်ရှင်မင်းကြီး သည်၊ မြို့ပြင်သို့ ထွက်စံလှည့်လည်တော်မူရာ၊ အပြစ် အလျှောက်၊ ကားတိုင်၌ တံကျင်လျှို၍ ထားသော၊ မသေသေးသော ရာဇဝတ်လူ တစ်ယောက်သည်၊ မင်းကြီး ကြားလောက်အောင် ကြွေးကြော်၍၊ ပွဲတော် ထမင်းကိုစားလိုကြောင်းအော်၏၊ ထိုအသံကို မင်းကြီး ကြားတော်မူလျှင်၊ ကောင်းပြီ၊ ပို့လာစေအံ့ဟု၊ အမိန့်တော်ရှိ၍၊ မြို့တွင်းသို့ ဝင်တော်မူခဲ့၏။ မင်းကြီး လည်း၊ ညစာပွဲတော်ဆက်လာမှ၊ အမှတ်ရတော်မူ၍၊ ကား တိုင် သု သာန်သို့ ထ မင်း ပို့ စေ သည်တွင်၊ သွားဝံ့ သူမရှိ၍၊ အသပြာ ထောင် ထုပ် နှင့်၊ မြို့တွင်း သို့ လှည့်လည်၍၊ ထမင်းပို့သွားဝံ့သူကို ရှာဖွေရာ၊ ကာကဝလိယ မယားနှင့်တွေ့၍၊ အသပြာတစ်ထောင် ရလျှင်၊ ကျွန်မသွားပါမည် ဝန်ခံ၍၊ အသပြာ တစ် ထောင်ကို ယူလိုက်၏။ မင်းချင်းတို့လည်း၊ ထိုမိန်းမကို မင်းကြီးထံသို့ ပို့ ဆက်လေ၏။ မင်းကြီးလည်း ပွဲတော် ထမင်းအုပ်ကို မိန်းမသို့အပ်၍ ပို့လေစေ၏။ သူဆင်း ရဲမလည်း ယောကျာ်းအယောင် ဆောင်လျက်၊ လက် နက်ငါးပါးစွဲ၍ သွားလေ၏။ ခရီးအကြား၌ ထန်းပင် တစ်ခုသို့ရောက်လျှင်၊ ထိုထန်းပင်၌စောင့်သော၊ ဒီဃ ကာလ အမည်ရှိသော ဘီလူးနှင့်တွေ့၍၊ ဟဲ့လူသား၊ အခါသမယ၊ ခေတ်ကာလကို၊ မဆမတွက်၊ ညဖြစ် လျက်နှင့်၊အသက်ကိုလှူချင်၍၊ရန်သူရှိရာလာသလား၊ ယနေ့ နံနက်၊ အရုဏ်တက်တွင်၊ ညာဘက်နှတ်သီး၊ လှုပ်၍ ပြီးသနှင့်၊ လာဘ်ကြီးရမည် ငါထင်သည်၊ ငါ၏ဝေဒင်၊ ကျိန်းသို့ဝင်၊ နှင်ပင် မှန်တော့သည် တကား။ ဝမ်း သမုဒ္ဒရာ၊ အူဂင်္ဂါက၊ ကြာသည်ဟု မျှော်လှပြီ၊ ပါးစပ်တော်သုသာန်သို့၊ ခုအမြန် ကြွ ပေတော့ ဆို၍ လက်ကိုဆွဲကိုင်လေ၏။

ဆင်းရဲမလည်း၊ မရွံ့မထိတ်၊ ခြင်္သေ့စိတ်ကဲ့သို့၊ ဟိတ်ထုတ်၍ ဤသို့ဆို၏။ ဟဲ့ ဘီလူးရိုင်း၊ သင်းချိုင်း ပြိတ္တာ၊ ငမိစ္ဆာ။ ယောကျာ်းစွမ်းအင်-ငါသို့စင်၊ နှင်နှင် လူညံ့မှတ်သလား၊ ဗုဒ္ဓသာဝက၊ ပထမ ဖလ ဌာန်၊ သောတာပန်ပုဂ္ဂိုလ်၊ ရာဇဂြိုဟ်ပြည့်ရှင်၊ ဘုရင် ဗိမ္ဗိသာရမင်းကြီးက၊ ခရီးလမ်းနှင့်၊ လူစွမ်းကိုချင့်လျှင်၊ သင့်လှပြီခန့်ရန်၍၊ သုသာန်သင်းချိုင်းသို့၊ စေခိုင်း တော်မူလိုက်သည်၊ ဘုန်းဘာရလက်စွဲ၊ လူရဲကောင်း ရွှေဘွဲ့ခံ၊ သံတော်ကြီးတမန်တော်ကြီးများကို၊ စားမည် ဝါးမည်ဆိုသည်အချက်၊ နင့်နှုတ်ထွက်သည်၊ မင်းမျက် မလွတ်ပါတကား၊ နင့်စကားအလာ၊ ပုန်စားသံ ပါသောကြောင့်၊ လျှာကို လှီးသင့်လှချေပြီ။ သို့ဖြစ် ငြားသော်လည်း၊ စကားအရာမလိမ္မာ၍၊ တစ်ခါတစ်ရံ၊ လွန်မိသည့်ကံကို၊ သည်းခံလိုက်ဦးမည်ဟု၊ ဘီလူးကို လူက၊ သန္တာပြန်မစ၍၊ လာရသည့်ဖြစ်ပုံကို၊ အလုံး

စုံပြန်ကြားလေသော်၊ ဘီလူးလည်း၊ မင်းသံနှင့် ဟိတ်ထုတ်လျှင်၊ ကြောက်ဆုတ်ဆုတ် ရှိသောကြောင့်၊ ပကတိ နှလုံးထားနှင့်၊ စကားဤသို့ ဆိုပြန်၏၊ ရာဇတမန်၊ စွမ်းအန်ကြီးမြတ်-အိုမင်းမတ်၊ အကျွန်ုပ်တွင်၊ ကြောင်းအင်တစ်ခု ရှိပါသည်၊ အကျွန်ုပ် မယား၊ ကာလီအမည်ရှိသော ဘီလူးမ၌၊ သားဦးယောကျ်ား၊ ယနေ့ဖွားသောကြောင့်၊ မယား၏အဖ၊ သုမန နတ်မင်းကြီး သည်၊နတ်ဘီလူးအစည်းအဝေး၌ရှိရာ၊ သမီး၏ မင်္ဂလာ၊ ရတနာသားကောင်း၊ ဖွားမြင်ကြောင်း သတင်းကို၊အမတ်မင်း ကြွေးကြော်၍၊ သွားတော်မူပါလေ၊ တွေ့စ ပကတူး၊ မှားဖူးသည့် ကကိုလည်း၊ သည်းခံတော် မူပါ၊ ယခုဌာန၊ အကျွန်ုပ်ကိစ္စကို၊ ထောက်မသယ်ပိုး၍၊ အကျိုးဆောင်တော် မူခဲ့ပါ၊ အမတ်မင်းပြန်လျှင်၊ အကျွန်ုပ်ယခုနေသည့်၊ ထန်းပင်ခြေအောက်ယံတွင်၊မင်းစုံရောင်ညီး၊ ရွှေအိုးကြီးခုနစ်လုံးကို၊သုံးတော်မူရအောင် ဖော်ယူပါလေတော့ဟူ၍ ဆို၏၊

ယောကျ်ားရုပ်ရေ၊ ရှင်မွဲတေလည်း၊ ကောင်းစေတော့ ဝန်ခံပြီးလျှင်၊ သတင်းသံကြော်ငြာ၍၊ လိုရာသို့ သွားစေသော်၊ နတ်စည်းဝေးရာ၊ ဒေဝါလယ၊ နန်းဌာနက၊ သုမန နတ်မင်းသည်၊ သတင်း ဩဘာ၊ မင်္ဂလာစကား၊ သန့်ကနဲကြားတဲ့လျှင်၊ ပတ္တမြားဇောတိရည်၊ မနောမြတ်ကို၊ လတ်တလော ရသကဲ့သို့၊ ရွှင်လှသောစိတ်ဝမ်းဖြင့်၊ လူ့လမ်းသို့သက်ပြီးလျှင်၊ သမီးတော် သားဖွားသော၊စကားကောင်းမင်္ဂလာကို၊ ထပ်ကာကာကြားလို၍၊ လူနားသို့ လာပြီးသော်၊ ထပ်ကာတစ်ဖန် မေးမြန်း၏၊ ဆင်းရဲမလည်း၊ ဒီဃတာလ၊ မှာသမျှစကားတွင်၊ ဆယ့်ငါးဆ မြှောက်မြှင့်၍၊ နင့်လှအောင်လိမ်၊ နတ်မင်းကြီးနှလုံးအိမ်ကို၊ ဆီစိမ်၍ထားသကဲ့သို့၊ အချွဲသား ပြောရာတွင်၊ သဘောတော်တွေ့လှ၍၊ သုမန နတ်မင်းကြီးလည်း၊ ကောင်းချီး ဆုလာဘ်၊ ပေးအပ် ချီးမြှောက်လိုသောကြောင့်၊ အိုလူသား၊ သင်လူသားသည်၊ ငါ့အား မြတ်စွာ၊ မင်္ဂလာမော်ကွန်း၊နှုတ်ဘိသိက်သွန်းပေသည်၊ ကဘညမင်္ဂလာဖြင့်၊ ငါလည်း သင့်အား ဆုပေးမည်၊ ငါနှင့်လူသား၊ နှစ်ပါးခိုဝင်၊ ဤသစ်ပင် အဝန်းတွင်၊ မွန်းတည့် ကာလ၊ အရိပ်နှင့်အမျှ၊ များလှစွာသော၊ ရတနာရွှေအိုးကြီးတို့သည်၊ဖြင်ညီးတင်းကျမ်း၊နှုတ်ခမ်းချင်းထိလျက်၊အတိုင်းမသိ ပေါများသည်၊ လူသား ထုတ်ဆယ်၍၊သူကြွယ်သူဌေးအရာခံလေတော့ဟု ဆို၍ ကွယ်လေ၏၊

ဆင်းရဲမလည်း ထိုဆုကိုယူပြီးလျှင်၊ သွားပြန်လေသော်၊ ကားတိုင်သုသာန်တွင်၊ တံကျင်လျှိုသော ယောကျ်ားထံ ချဉ်းကပ်၍၊ ပွဲတော်ထမင်းကို၊ လက်ဖြင့်ခွကာကျွေးပြီးလျှင်၊ ထိုရာဇဝတ်သား၌၊ လိမ်းကပ်သော ချွေးထမင်းလုံးတို့ကို၊ လက်ဖြင့် သုတ်သင်၏၊

ထိုတံကျင်လျှိုသော ယောကျ်ားသည်၊ လက်နှင့်ထိသောအခါ၊ မိန်းမ၏ အတွေ့မှန်းသိလျှင်၊ မချိတင်ကဲ၊ ဆင်းရဲဝေဒနာ၊ ခံစားရာက၊ ကိလေသာ တရား၊ ရာဂစိတ်ပွားသဖြင့်၊ ခြေဖျား လက်ဖျား၊ မလှုပ်အားသောကြောင့်၊သွားနှင့်ကြပ်ကြပ်၊ဆံထုံးကို ကိုက်ဟတ်၍၊ မအပ်သော အကြံကို ကြံမိမှား၏၊ ထိုရာဇဝတ်သား၊ ယောကျ်ားဆိုးတောင်း၊ တစ္ဆေလောင်းကိုးအကြောင်းဝတ္ထု၊သံဝေဂပုံပြု၍၊ညစ်ကျုတကျ၊ ကိလေသာ ရာဂတို့သည်၊ သေခမုန်းမသိ၊ အာရုံနှင့် ထိတွေ့လျှင်၊ မှားမိမှားရာ၊ ကြီးစွာကပ်စွဲ၊ အဝီစိ ငရဲသို့၊ ဇွတ်ဆွဲကာ ချတတ်သည်၊ ဤရာဂဆင်ကြမ်းကို၊ ကမ္မဋ္ဌာန်း ချွန်းတောင်းဖြင့်၊ ချက်ကောင်းကောင်း ရွေးပြီးလျှင်၊ ဖေးတဲ့အောင် နှိမ်နိုင်မှ၊ ဆယ့်တစ်ကြိမ်မီးသေ၍၊ အောင်မြေကို နင်းမိမည်၊ နှလုံးသွင်း လိမ်မာကြစေကုန်၊

ထိုဆင်းရဲမလည်း၊ မိမိဆံထုံးကို၊ သန်လျက်နှင့်လှီးဖြတ်၍၊ ကိုယ်လွတ်ပြန်ခဲ့လေ၏၊ နန်းတော်သို့ ရောက်လျှင်၊ တံကျင်တင်သော ယောကျ်ား အား၊ ပွဲတော်ထမင်း ကျွေးခဲ့ ကြောင်း ကို၊ သံတော်ဦးတင်လေသော်၊ ဗိမ္ဗိသာရမင်းကြီးက၊ ဟယ် ဆင်းရဲမ၊ တံကျင်လျှိုရာ သုသာန်သို့၊ နင်ရောက်သည် ဆိုသော်၊ အဘယ်ကိုအမှတ်ပြု၍၊ ငါယုံကြည်ရအံ့နည်း၊ တစ်ခုသော သက်သေကို၊ ငါ့အားပြလောဟု အမိန့်တော်ရှိလျှင်၊ ဆံ ထုံး ပြတ် သော သက် သေ နှင့် တကွ နတ်ဘီလူးတို့က၊ ရွှေအိုးအများပေးလိုက်ကြောင်းကို၊ သံ တော် ဦးတင်ရာ၊ ထိုမိန်းမကို ခရီးညွှန်ပြုစေ၍၊ ရွှေအိုးများကို ထုတ် ဖော် ယူ ဆောင် စေပြီး လျှင်၊ ထိုရတနာအလုံးစုံကို၊သူဆင်းရဲလင်မယားအားပေး၍၊ သူ ဌေး ကြီး အရာကို ချီး မြှင့် သနား တော် မူ ၏၊ ထို နေ့ က စ၍၊ ရာဇဂြိုဟ်ပြည်၌၊ ကာကဝလိယ သူဌေးကြီးဟု၊ ထင်ရှားစွာ ဖြစ်လေ၏၊

ဤကာကဝလီယ၊ ဒုက္ခိတ မောင်နှံကို၊ ပုံစံသက်သေပြု၍၊ ယခုအခါ၊ ဒါယကာ ဒါယိကာမတို့ သည်လည်း၊ ဒါနတရား၌၊ နည်းများ မမှတ်၊ ယုတ်မြတ်မဆုံ၊ ပုဂ္ဂိုလ်အလိုက်၊ ထိုက်သက်ရာရာ၊ စွမ်းနိုင်ပါသမျှ၊သဒ္ဓါတရား၊ အသွားမပေ၊ထက်မြက်စေ၍၊ ခွဲဝေလှူဒါန်းရလျှင်၊ ကာကဝလိယ ဒုက္ခိတလင်မယားကဲ့သို့၊ ကြီးမားသော စည်းစိမ် ထူးကို၊ မရဘူးမဆိုသာ၊ အရှာတောင်းလျှင် တစ်ချက်၊ အခါကောင်းလျှင် တစ်သက်၊ကြွေတစ်လက်၊ကြက်တစ်ခုန်၊ သာသနာ ခေတ် ကောင်း တွင်၊ အ လှူ ခံ ပုဂ္ဂိုလ်ကောင်းနှင့်သဒ္ဓါကောင်းတစ်ချက်ကြုံလျှင်၊ပုံသေမှုချ၊ မောင်ကာက ကဲ့သို့၊ ကြွယ်ဝမည်အမှန်၊ တမလွန်၌လည်း၊ နတ်မွန်ပြဟ္မာ၊ ချမ်းသာပေါင်းရုံး၊ နိဗ္ဗာန်မှဆုံးမည်ဟု၊ နှလုံးမခွ၊စိတ်လက်ချ၍၊ ဒါနကို အားထုတ် ကျွန်ရှာသည်။

# သောဏဒိန်

၁။ သဘာ၀ နိစ္စနွမတိ ပဘာ၀တီ ဂါထာ
၂။ ပုရေသဠ္ဌရှိ ခဂ္ဂဟာတ္ထော ဂါထာ
၃။ ဟရိတ္တစော ရာဂဗလေန ဒေဝိယာ ဂါထာ

၁။ ဤဇိနာလင်္ကာရ ကျမ်းလာ၊ သုံးဂါထာနှင့် အညီ၊ ပါရမီရင့်သန်၊ ဉာဏ်ဂမ္ဘီရ၊ ကုသမင်းမြတ်၊ ဗောဓိသတ်ဖြစ်ခါ၊ ပဘာ၀တီသည်၊ ပီပီမုန်းလျက်၊ မနှစ်သက်ဘဲ၊ ဖျာရက်အိုးလုပ်၊ ပွဲတော်အုပ်နှင့်၊ လူရုပ်မပီ၊ ကသီနွမ်းနယ်၊ မဖွယ်မရာ၊ ကိလေသာ ရမ္မက်ကြောင့်၊ အရှက်ကို နောက်ထား၍၊ ကြိုးစားရသည် တစ်ခါ။

၂။ ရင့်မာသောဇာတိဖြင့်၊ အနိတ္ထိဂန္ဓမင်းသား၊ ဘုရားလောင်းဘ၀တွင်၊ ကချေသည်မိန်းမကို၊ လောဘဇောကပ်ငြိ၍၊ ရွှေပြည်ကြီး ချမ်းသာနှင့်၊ ယင်းကွာဖူးသည် တစ်ကြိမ်။

၃။ လူ့စည်းစိမ် နတ်ခြောက်ဘုံကို၊ အာရုံမျှမရှုယ်၊ နှစ်ဆယ်သောပြဟ္မာ၀ယ်၊ ခရိုင်ပါစိုးအုပ်၍၊ ဝိုလ်လုပ်မည်အကြံနှင့်၊ ပရိက္ခာ၀င်စားသော၊ ဘုရားလောင်း ဟရိတ္တစ ရှင်ရသေ့သည်၊ အတွေ့ကိုမရှောင်၊ တောင်ညာစံ မပေါ၊ တစ်ပြည်လုံး ကျက်သရေကို၊ ကိလေသာမောက်မို့၍၊ ကြာခိုမိမှားသောကြောင့်၊ ယောကျ်ားတို့ အင်္ဂါ။ မင်္ဂလာရုပ်ပျက်၍၊ ရှက်ရသည့်တစ်ထုံး။

သုံး၀တ္ထု၊ နိပါတ်တွင်၊ မိန်းမမြတ်သုံးဦးတို့၊ အမူးအမော်၊ အကျော်ဇေယျ၊ လွန်ကြူး၍ လှသော်လည်း၊ ရာဟုလမယ်တော်၊ ယသော်ဓရာ၊ သူနှင့်စာလျှင်၊ သုခမ္မာ မိဖုရားကို၊ တောင်ရှီးဖွားကရင်နှင့်၊ အသွင်ချင်းစံသကဲ့သို့၊ ဝေးလံနိုင်မျှ ဖြစ်ပေသည်။

မယ်ယသော်လက္ခဏာကို၊ သိသာရုံမျှ၊ အကျဉ်းပြသည်မှာ၊ ၀သ၀တ္တီ၊ ပုရိကြငှန်း၊ ရွှေနန်းမှန်ကျူ၊ မနောဘူနတ်မင်း၏၊ ခင်းကျင်းစီစဉ်၊ သဘင်အလယ်တွင်၊ တင့်တယ်စွာ စိုက်ထားသော၊ မကာန်းသွားသဏ္ဍာန်၊ အောင်တံခွန်ကဲ့သို့၊ ကိုယ်ဟန် ကြော့မူ၊ စံတစ်ဆူမျှ၊ ရွှေမဥ္ဇူသကနှင့်၊ ဂေါသီသ စန္ဒကူးကို၊ နှာဦးမှာ ဆိုင်သကဲ့သို့၊ သင်းကြိုင်သော ဂန္ဓာရုံ၊ ကြာညိုပွင့် ၀တ်မှုန်ကဲ့သို့၊ မွှေးထုံသော ခံတွင်း၊ ရွှေတန်ဆောင် အလင်းကို၊ နှိပ်နင်း၍ ထွန်းပသော၊ သြဘာသကိုယ်ရောင်၊ လေးဒီပ တိုက်ဘောင်တွင်၊ အခေါ်မန္ဒာတ်၊ စက္ကရာတ်၏၊ လက်ယာနတ် ထိုက်တန်၊ ငါးကြန့်ညီစုံလင်၊ ခြောက်ပြစ်မြူသန့်စင်၍၊ မင်္ဂလာဥက္ကာဌ်ဖြင့်၊ လောကဓာတ်တံခွန်၊ အလှတွင် စံလွန်သော၊ အဆုံးစွန်မိန်းမမြတ် ဖြစ်ချေသည်။

မဟာကုသ၊ အနိတ္ထိဂန္ဓ၊ ဟရိတ္တစ သူမြတ်၊ ဗောဓိသတ် သုံးပါးတို့သည်၊ မယား သာမည၊ ပမာဏမခန့်၊ မိန်းမညံ့ များကိုပင်၊ မဆီနိုင် မတည်နိုင်၊ သဝေချာ ဗျာလှိုင်၍၊ မူးမှိုင်သီရီ၊ ကိုယ်ပင်တို့ ပါရမီကိုမှ၊ ပီပီ သား မထောက်၊ ကသီကအောက်- ရောက်ရာ ရောက်၊ မခေါက်မအား၊ မျောပါးမွန်းနစ်၊ မစွန့်နိုင် ဖြစ်ကြသည်။ ဒေ၀ဓူရ၊ ရာဟုလမယ်၊ မိန်းမနှယ်များနှင့်၊ အကာယ်ကံဆုံ၍၊

ဤသူများကြုံကြလျှင်၊ မျောရုံနှင့်မတန်၊ ဆယ်ကိုးပြန် ကျွမ်းဧောက်၍၊ သေလောက် သော မိန်းမမြတ်၊ ဝိသေသ ဣတ္ထိရတ်ကို၊ သိဒ္ဓတ်မင်း လက်ထက်တွင် စွန့်ရက်တော်မူပလေသည်။

အတီတေကာလ၊ မင်းကုသမင်းဂန္ဓ၊ ဈာန်ရသည့် ရသေ့ကဲ့သို့၊ အတွေ့ကိုမဆင်ခြင်၊ မြင်သမျှကြိုက်တတ်လျှင်၊ ရှင်သိဒ္ဓတ် မင်းသားမှ၊ ဘုရား ဖြစ်နိုင်တော့မည်လား၊ မယားကို စွန့်ရုံမျှဖြင့်၊ အားရတော်မမူသေး၍၊ ရင်သွေးတော် ဇာတိနှင့်၊ ရွှေပြည်ကြီး ချမ်းသာကို၊ မီးစာထက် ကြောက်ပြီး လျှင်၊ ခေါက်ခေါက်ကြီး ပယ်ရှား၍၊ စွန့်သွားတော် မူပေသည်။ ဤသို့စင်အမှု၊ အံ့ဩဖွယ် ပြုသောကြောင့်၊ သုဂတ သဒ္ဓါ၊ ရွှတ္တွဲ့တော်သညာဖြင့်၊ ဘုံသုံးရွာ နယ်ချဲ့၍၊ အတုမဲ့ကျော်စောတော်မူသော မြတ်စွာဘုရားသည်-

မဟာဏ္ဏဝါ၊ ကန္တာရခရီး၊ ပင်လယ်ကြီး၌၊ ခိုမှီးစွဲလမ်း၊ ကမ်းကိုမမြင်၊ သဲပြင်သောင်စွန်း၊ ကျွန်းသို့မဆိုက်၊ ပန်းဟိုက်ပြေးရှူး၊ လက်ပစ်ကူးလျက်၊ နောက်မူးဝေမှိုင်း၊ လှိုင်းတဘောင်ဘောင်၊ တောင်ရှိကမ်းရှို၊ အိအိသဲသဲ၊ ဝဲကတော့ဗွက်၊ ဂရက် ခေါက် ပြန်၊ မှောက်လှန် ကျွမ်းထိုး၊ လေဆိုးလေပုန်း၊ ဟုန်းဟုန်း တိုက်လွှင့်၊ တဖျင့် တပါး၊ ပျက်ပြား စဉ်အခါ၊ သံသရာ ဘေးဘျမ်း၊ ဆိုးသွမ်းညစ်ကျိ၊ ဇာတိဇရာ၊ ဗျာဓိမရဏ၊ အစရှိသော၊ ရေသူ ငါးမန်း၊ မကန်းမိကျောင်း၊ သားရဲပေါင်းတို့သည်၊ တသောင်းသောင်း တရုံးရုံး၊ ကောင်လုံးမျိုဝါး၊ ကိုက်စားညှဉ်းဆဲလျက်၊ ရဲရဲနီနီ၊ သွေးတိညီမျှ၊ ထိုဤဘဝ၊ လက်စမတုံး၊ ဆုံးရှုံးပျက်စီးကြကုန်သော၊ ဒုက္ခိတ သတ္တဝါ၊ ဝေနေယျာကို၊ မဟာအဋ္ဌင်္ဂ၊ အရိယမဂ်၊ သဒ္ဓါထက်သို့၊ ညာလက်ဆွဲငင်၊ ဆယ်တင်တော်မူသဖြင့်၊ နိဗ္ဗူရွှေမြို့၊ ကျွန်းသောင်သို့လျှင်၊ ကူးတို့ဖောင်ပျံ၊ ခံတော်မူလိုသည် ဖြစ်၍၊ သက္ကရာဇ်ဒီဃ၊ ပဥ္စတာလီ၊ ဝါပသီဝယ်၊ နာရီမလစ်၊ မဂ်ဆီညှစ်၍၊ မြစ်သမုဒ်ကွင်း၊ ရေခပင်းကို၊ ရွှေမြင်းမိုရ်ရိုစက်၊ ယောက်မ ရွက်ဖြင့်၊ အောက်ထက်နှောက်မွှေ၊ ချေသကဲ့သို့၊ စမ္ဗကန္ဒာ၊ အဏ္ဏဝါကို၊ ဒေသနာဉာဏ၊ ရွှေယောက်မဖြင့်၊ ကြေမွမွှေနှောက်၊ ခွဲကောက်ဝေဖန်၊ မုဋ္ဌာန်ပြတ်သား၊ ဟောကြားတော်မူအပ်သော ပိဋကတ် သုံးပုံတို့တွင်၊ သုတ္တန်အဝင် ဖြစ်သော၊ အင်္ဂုတ္တရ တိက နိပါတ်၊ မဟာဝဂ်၊ ဒသမသုတ်၌၊ ဥပုသ်သီလ စောင့်သုံးခြင်း၏ အကျိုး ကြီးမြတ်သော အဖြစ်ကို ပြတော်မူခြင်းငှာ-

၁။ အဋ္ဌင်္ဂုပေတဿ ဥပေါသထဿ၊
ကလံပိ တေ နာနုဘဝန္တိ သောဠသိံ၊
စန္ဒပ္ပဘာ တာရဂဏာစ သဗ္ဗေ။ ။

၂။ တသ္မာ ဟိ နာရီစ နရောစ သီလဝါ၊
အဋ္ဌင်္ဂုပေတံ ဥပဝဿု ပေါသထံ၊ ။
ပုညာနိ ကတွာန သုခုန္ဒြယာနိ၊
အနိန္ဒိတာ သဂ္ဂမုပေန္တိဌာနန္တိ၊ ။

ဟူ၍ ဟောတော်မူသည်။

ထို ဒေသနာဝယ် အဓိပ္ပါယ်ကား- အကြင်ယောကျ်ား မိန်းမတို့သည်၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို၊ စင်ကြယ်စွာသောစိတ်ဖြင့်၊ တစ်နေ့တစ်ရက်မျှ၊ ကျင့်သုံးဆောက်တည်ရသည် ဖြစ်အံ့။ ထိုတစ်နေ့တစ်ရက်မျှ၊ ဆောက်တည်ရသော ဥပုသ်၏ အကျိုးသည်ကား၊ အလွန် ကြီးမြတ်၏။ ကျွန်းငယ်နှစ်ထောင်နှင့်တကွ၊ ကျွန်းကြီးလေးကျွန်းကို အစိုးရသော၊ စကြဝတေးမင်း၏ စည်းစိမ်သည်၊ လူ့ပြည်၌ အလွန် ကြီးကျယ်၏။ နတ်ပြည်ခြောက်ရွာ၊ ဗြဟ္မာနှစ်ဆယ်တို့၌ နတ်မင်း ဗြဟ္မာမင်းတို့၏ စည်းစိမ်သည်၊ အလွန်ကြီးမြတ်၏။ လောက၌ ထို လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ စည်းစိမ်သည် အလွန်ကြီးကျယ်သော်လည်း တစ်နေ့တစ်ရက်မျှ၊ ဥပုသ်စောင့်သုံးခြင်း၏ အကျိုးကို၊ နှစ်ရာ့ငါးဆယ့် ခြောက်စိတ်စိတ်၍၊ တစ်စိတ်ကိုမျှ မမှီနိုင်သေး။ အဘယ့်ကြောင့်နည်း ဟူမူကား-စင်ကြယ်စွာသော စိတ်ဖြင့် တစ်နေ့တစ်ရက်မျှဥပုသ်စောင့်သုံးခြင်းသည်၊ ထိုစကြဝတေး၊ နတ်၊ ဗြဟ္မာတို့၏ စည်းစိမ်ကဲ့သို့သော၊ လောကီစည်းစိမ်ကို အကြိမ်များစွာ ကမ္ဘာ အကုဋေမက ပေးနိုင်သည်။ ထိုထက်မက သာဝက၊ ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓ အဖြစ်တည်းဟူသော လောကုတ္တရာချမ်းသာကိုလည်း ပေးနိုင်သည်။ ယင်းသို့ဖြစ်၍ မမှီနိုင်လေသည်။

ဤတရား၌ စကားဆိုဖွယ် ရှိသေး၏။ တစ်နေ့တစ်ရက်မျှ၊ ဥပုသ်စောင့်သုံးခြင်း၏ အ ကျိုး သည်၊ ကြီးမြတ်လှ၏ဆိုသော်လည်း၊ ကိုလေသာဝိတက်၊ မြေး

ယှက်ငြိတွယ်၊ မစင်ကြယ်သော ဥပုသ်သည်ကား အကျိုးမကြီး။ ကာမ၊ ဗျာပါဒ၊ ဝိဟိံသ ဝိတက် မနှောင့်ယှက်စေဘဲ၊ သန့်သက်ကြည်လင်စွာ ကျင့်သုံးသော ဥပုသ်သာလျှင် အကျိုး ကြီးမြတ်ချေသည်။

ခုကာလ ခုအခါ၊ ဒါယကာ ဒါယိကာမ မဟူ၊ အချို့လူတို့၊ သုံးယူကြသော ဥပုသ်မှာ၊ အိမ်တွင်ကိစ္စ၊ သောကတွေပြား၊ အပွေသားကိုမထားခဲ့ရက်၊ ငဲ့ကွက်တွယ်တာ၊ အခါကိုမရှု၊ မွန်းတည့်လုမှ၊ သူ့ကို ခေါ် ငါ့ကိုခေါ်၊ အဖော်စုဝေး၊ သားမြေးလက်ငင်၊ သွားချင်အားကြီး၊ အချိန်နီးသောကြောင့်၊ စိပ်ပုတီးမေ့ရစ်၊ ဖြစ်တတ်ရာရာ၊ ကျောင်းကန်လာ၍၊ အာမဘန္တေ၊ မသွေမလှန်၊ မှန်ပါမည်ဘုရား၊ ခံဝန်ချက်ထားပြီးလျှင်၊ တစ်ဖဝါးတစ်ဖီလာ၊ နေ ရှိပါသေးစံ့၊ မေးကာ မေးကာ၊ ရသာတွေပြား၊ စားဦးစို့ -သောက်ဦးစို့၊ ဤကဲ့သို့နှင့်၊ နံနက်ဖို့ ကုန်ပြန်လျှင်၊ တုဏှာဘာဝေါ၊ ကြမ်းချောချောတွင်၊ သုံးလေးလောကြော့၍၊ ဝမ်းလျော့အောင် အိပ်ပြီးမှ၊ နိုးကာလလည်း၊ အနိစ္စ ဒုက္ခ၊ အနတ္တ လက္ခဏာကို၊ ရံခါကြိုးကြား၊ ဂုဏ်ကိုးပါးရော- စကားရော၊ အနှောနှော အနီးနီး၊ စိပ်ပုတီး တစ်ကုံးတွင်၊ နှစ်လုံးချသုံးလုံးချ၊ တစ်ပတ်ရ-နှစ်ပတ်ရ၊ ဒွတ္တိသကမ္မဋ္ဌာန်း၊ မစီးဖြန်းမဆင်ခြင်၊ အိမ်တွင်ခမ်းနား၊ သားမှုမြေးမှု၊ မည်သူ့မှာ မည်သို့၊ ငါတို့မှာ ဘယ့်နှယ်၊ အဝယ်အရောင်း၊ မောင်းထောင်းဆန်ပြာ၊ ဗိုင်းတာရက်ကန်း၊ လုပ်ငန်းဆောင်ရေး၊ ကျေးဇူးမနပ်၊ စကားရပ်ကို၊ ပါးစပ်မညောင်း၊ အကြောင်းထွင်ချဲ့၊ ဝိုင်းကြီး ဖွဲ့လျက်၊ အကျိုးမဲ့ ပြောဆို၍၊ နေ့ကိုကုန်စေသဖြင့်၊ ဝတ်ကျေရုံ အားထုတ်သော၊ ဥပုသ်စဉ်ကူ၊ ရေလံဖြူသီတင်း၊ ခုကာလအတွင်းမှာ၊ အဖုံးသာ များကြချေသည်။

ဤကဲ့သို့အလား၊တရားနှင့်မယှဉ်၊သာမဉ်ညောင်ည၊ ဂေါပါလဥပုသ်မျိုးကို၊အကျိုးများသည်ဟူ၊ ဘုရားက မဟောချေ၊ တစ်ကုဋေ ထိုက်တန်သော ပတ္တမြား ရတနာကို၊ သာခွာဘော်စိုင်၊ တစ်ကုဋေ ပေးနိုင်မှ၊ အပိုင်သုံးဆောင်ရချိမ့်မည်၊ပတ္တမြားမှန်၊ကုဋေတန်ကို၊ ဆန်လုံးတီး တစ်စလယ်နှင့်၊ဝယ်မည်ဟုဆိုသော်လည်း၊ အမှုကို ပုံမလှ၍၊ ဟန်မရရှိချေသည်။ လောကီလောကုတ္တရာ၊ ရေထေးချမ်းသာကို၊ ပါပချည် သီလနှင့်၊ စံရမည်ထင်ရသော်လည်း၊ ခပ်အင်အင်မရှိ၊ မိမိတို့ သီလ၊ ဖြူစင်ကြပါမှ၊ အမတချမ်းသာကို၊ ရရာသော အကြောင်းရှိချေသည်။

လောကီ လောကုတ်၊ ဝိမုတ္တိနိဗ္ဗာန်ကို၊ ကေန် ရထိုက်သော ဥပုသ်သုံးခြင်း၏ နည်းဥပဒေသကား- ဥပုသ်သုံးလိုသောသူသည်၊ နက်ဖြန် ဥပုသ်ကြုံမည် ဖြစ်လျှင်၊ ယနေ့ကပင်၊ အိမ်ထောင်ကိစ္စ၊ ပလိဗောဓတို့ကို၊ ပြီးစီးရှင်းလင်းစေ၍၊ ဥပုသ်နေ့၌၊ နံနက် စောစော၊ ရဟန်း သူတော်တို့ထံ ဆည်းကပ်ပြီးလျှင်၊ အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို၊ ရိုသေစွာ ခံယူ ဆောက်တည်ရမည်။ ခံယူပြီးကာလ လျှောက်ပတ်ရုံမျှ၊ အာဟာရ ဖြည့်တင်း၍၊ မိမိ ခံယူပြီးသော ဥပုသ်ကို၊စင်ကြယ်စေခြင်းငှာ၊သူတစ်ပါးတို့အား နှိပ်စက် ညှဉ်းဆဲခြင်းနှင့်စပ်သောအမှု၊ကာမရာဂပွားများကြောင်းဖြစ်သော အိမ်ထောင်စီးပွားသားမယားနှင့် စပ်သောအမှု၊ ဒုက္ခဒေါမနဿနှင့် စပ်သော အမှုတို့ကို မကြံမစည် မပြောမဆို မပြုမကျင့်မူ၍-

ဘုရားသခင်ဂုဏ်တော်ကိုးပါး၊ တရားတော်မြတ် ဂုဏ်တော်ခြောက်ပါး၊ သံဃာတော်မြတ် ဂုဏ်တော် ကိုးပါးတို့ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်သဖြင့် လည်းကောင်း၊ မိမိသီလကို အဖန်တလဲလဲ ဆင်ခြင်သဖြင့်လည်းကောင်း နတ်ဘုံ၌ ဖြစ်ကုန်သော နတ်ဗြဟ္မာတို့သည် သဒ္ဓါ၊သီလ၊သုတ၊စာဂ၊ ပညာ တရားနှင့်ပြည့်စုံသောကြောင့် နတ်ဘုံ၌ဖြစ်ကြသည်။ ငါ၌လည်း သဒ္ဓါ၊သီလ၊သုတ၊စာဂ၊ ပညာ တရား ရှိ၏ဟု မိမိ၏ သဒ္ဓါစသော တရားကို လည်းကောင်း အဖန်တလဲလဲအောက်မေ့ ဆင်ခြင်သဖြင့် ဥပုသ်ကို စင်ကြယ်စေရမည်။

ထိုမှတစ်ပါးလည်း၊ အရိယာ ပုဂ္ဂိုလ် တို့သည် အသက်ထက်ဆုံး ဥပုသ်သုံးကြကုန်သည်။ ငါတို့မှာ တစ်နေ့တစ်ရက်မျှ ကျင့်သုံးရသည်ကို ပေါ့ဆ၍ မသင့်ချေ။ မပေါက်ကြားရအောင်၊ ကြိုးစား၍ ကျင့်ကောင်းလှ ပေသည်။ အရိယာအရှင်မြတ်တို့ ကျင့်သုံးသော ဥပုသ်လည်း ပါဏာတိပါတ စသော အင်္ဂါရှစ်ပါးပင်။ ငါတို့လည်း ထိုပါဏာတိပါတ စသော အင်္ဂါရှစ်ပါးကိုပင် ရှောင်ကြဉ် ရသည်။ ထိုအင်္ဂါရှစ်ပါးကိုလည်း ရှောင်လိုလျှင် ရှောင်နိုင်လောက်သော အမှုပင် ဖြစ်ပေသည်။ ပြု၍ မဖြစ်နိုင်သောတရားကို ဘုရားပညတ်တော်မမူပေ။ အရိယာ

တို့ကဲ့သို့ အသက်ထက်ဆုံး မကြည် မရှောင်နိုင်သော်လည်း၊ တစ်နေ့ တစ်ရက်အတွင်းတွင် ကြိုးစား၍ ကြည်ရှောင်မည်ဟု အရိယာတို့၏ အတုလိုက်၍ ကျင့်သုံးသဖြင့် ဥပုသ် ကို စင်ကြယ်စေရမည်။

ထိုသို့ စင်ကြယ်စေလျက် ရံခါရံခါ လည်း ခန္ဓာ ငါးပါး၏ ဖြစ်ခြင်း ပျက်ခြင်း သဘောကို ကေသာ၊ လောမာ၊ နခါ၊ဒန္တာ၊ တစော အစရှိသော ဒွတ္တိံသ ကာယ၏ အခြင်းအရာဖြင့် ဆင်ခြင်ပြီးလျှင် လက္ခဏာ ယာဉ် သုံးပါးသို့တင်၍ သံသရာကို ငြီးငွေ့စေရမည်။

ဤကဲ့သို့ အနုဿတိတရား၊ကမ္မဋ္ဌာန်းတရားတို့ဖြင့် သုတ်သင်၍ စင်ကြယ်စွာ စောင့်သုံးသော ဥပုသ်သီလ သာလျှင် ဆိုခဲ့ပြီးသော လောကီ၊ လောကုတ္တရာ ချမ်းသာမြတ်ကို မချွတ်ပေးနိုင် ချေသည်။ ထို ဒေသနာ တော်နှင့် ညီစွာ အဘယ်သူသည် ဥပုသ်သီတင်း စောင့် သုံးခြင်းကြောင့် ချမ်းသာသုံးပါးကို ရဖူးလေသနည်း ဟူမူကား—

## အကြောင်းအရာပြ ဝတ္ထုသာဓက

ငါတို့ မြတ်စွာဘုရား သည် သာဝတ္ထိပြည် ဇေတ ဝန်ကျောင်းတော်၌နေတော်မူသောအခါ ထိုသာဝတ္ထိ ပြည်၏ ဇနပုဒ်ဖြစ်သော နာဠန္ဒမြို့၌ သောဏဒိန် အမည်ရှိသော ဥပါသိကာမတစ်ယောက်သည် သံဃာ တော်မြတ်တို့အား တတ်စွမ်းသမျှ ဆွမ်းစသော ဒါန ဝတ္ထုတို့ဖြင့် လှူဒါန်းလျက် ပဉ္စင် သီလကို အမြဲ ဆောက်တည်၍ ဥပုသ်နေ့ ကြုံကြိုက်လျှင် အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို စင်ကြယ်စွာ စောင့် သုံး၍ ရံခါရံခါ စတုသစ္စ ကမ္မဋ္ဌာန်းကို စီးဖြန်း ဆင်ခြင်သဖြင့် မကြာမြင့်မီသောတပန်ဖြစ်၍ ထိုဘဝမှ သေလွန်လျှင် တာဝတိံသာ နတ်ပြည်၌ အထူးထူး သော ရတနာတို့ဖြင့် ခြယ်လှယ်မွမ်းမံ၍ ဆန်း ကြယ်သော ဗိမာန်၌ နတ်သမီးဖြစ်၍ သောဏဒိန် ဟူသော လူ့ပြည်က အမည်ရင်းဖြင့် ထင်ရှားလေ သတည်း။

တစ်ရံရောအခါ အရှင်မောဂ္ဂလာန်သည် တာဝတိံ သာနတ်ပြည်သို့ ကြွတော်မူရာတွင် ထိုနတ်သမီး၏ ဗိမာန်သို့ ရောက်၍ နတ်သမီး၏ ကြီးကျယ်သော စည်းစိမ်ကျက်သရေကိုမြင်သဖြင့် ရှင်မောဂ္ဂလာန်သည် ထိုနတ်သမီးအား ဤသို့မေး၏။ဒါယိကာမ နတ်သမီး၊ သင်၏ဘုံဗိမာန် ခြွေရံပရိသတ် အပေါင်း တို့သည် ချီးမွမ်းအံ့ဩ ပြောမခန်းအောင် ထူးဆန်းတင့်တယ် ကြီးကျယ်လှပေသည်၊ သင်နတ်သမီး၏ အဆင်းအဝါ အင်္ဂါ ကြီးငယ် တို့သည်လည်း၊ ဖွယ်ရာယဉ်ကျေး၊ နှိုင်းသွေးစရာ၊ ပမာ မရအောင်၊ လှပ တင့်တယ်လှ ပေသည်၊ ကိုယ်ရောင်ကိုယ်ဝါဆိုရာမှာလည်း၊ တာရာ အပေါင်းတို့၏ အလယ်၌၊ စိုင်ရှူးကြယ်ကဲ့သို၊ ရပ် ဆယ်မျက်နှာ၊ တဖြာဖြာဖိတ်ယိုစီးလျက်၊ အံ့ချီးမကုန် ရှိပေသည်၊ သို့သည်ချမ်းသာ၊ ဆင်းဝါကျက်သရေ၊ သို့ အနေကို၊ ရ ပေ သည့် အကြောင်း ကား၊ ဘယ်ကောင်းမှုကံ၊အရင်းခံခဲ့၍၊စံစားရလေသနည်းဟု မေးတော်မူသည်တွင် ထိုသောဏဒိန် နတ်သမီး သည်လည်း ဤသို့လျှောက်၏။

ဣဒ္ဓိပါဒ် ဝသီဘော်၊ တန်ခိုး ကျော် သော၊ ရှင်တော်ဘုရား၊ အကျွန်ုပ်သည် လူ့ပြည်၌ဖြစ်သော အခါ သာဝတ္ထိပြည်၏ ဇနပုဒ်ဖြစ်သော နာဠန္ဒမြို့ တွင် သောဏဒိန်အမည်ရှိသော ဥပါ သိကာမဖြစ်၍ ဒါန၊သီလ၊ ဘာဝနာကို လျော်စွာ ဆည်းပူးလျက် အထူးသဖြင့်ကား-ရှစ်ပါး ဥပုသ်ကို စင်ကြယ်စွာ ကျင့်သုံးခဲ့ဖူးသောကြောင့် သို့စင်ကြီးကျယ် အံ့ဩ ဖွယ်သော စည်းစိမ်ချမ်းသာကို ရပါသည်ဘုရားဟု လျှောက်ကြားလေလျှင် ရှင်မောဂ္ဂလာန်လည်း ဥပုသ် သီလ၏အကျိုးကို ချီးမွမ်းလျက် ထိုနတ်သမီးအား တရားဟော၍ ကြွတော်မူလေသည်ဟု ဝိမာနဝတ္ထု တွင်လာသည်။

ဤဝတ္ထုကျမ်းဂန်ကို၊ မျက်မှန်ကဲ့သို့ရှု၍၊ ယခု ဥပုသ်ဆောက်တည်ကြသော၊ ဒါယကာ-ဒါယိကာမ တို့သည်လည်း ဥပုသ်စောင့်သုံးလျှင်၊ လုံးလုံးပိုင်သ၊ အကျိုးရအောင်၊ ပယောဂမကူ၊ စင်ဖြူသန့်ရှင်းစေ ရမည်၊တစ်နေ့တစ်ရက်၊ တစ်အရုဏ်တစ်နံနက်တွင်မှ၊ စိတ်စက်ချချ၊ မစောင့်ကြဘဲ၊ ခါရေယျ ဝါရေယျ၊ အာစရှင်ရှင်၊ပြောချင်ရာစကားနှင့်၊တရားကမ္မဋ္ဌာန်း၊ မစီးဖြန်းမရွတ်ဖတ်၊ အမှတ်မဲ့နေကုန်လျှင်၊ ဥပုသ့် ဂုဏ်မထူး၊ ညစ်ညူးကြောင်းတဏှာနှင့်၊ ကိလေသာ မြေးရစ်၊ ဥပုသ်ရည်စစ်သောအခါ၊ အနှစ်ကိုမမြင်၊ စစ်ဖတ်သာတင်ချေလျှင်၊ အာနိသင်မကြီး ရှိကြမည်။

ငါတို့ဥပုသ်၊မယုတ်မယို၊စင်ပါ၏ ဆိုသော်လည်း၊ ဤကိုယ်ကိုစွန့်ပစ်၍၊ ဘဝသစ် ပြောင်းသောအခါ၊ ၎င်းတို့စကားကို၊ ပွဲစားကြီးသေမင်းက၊ အလျှင်းမျှ မယုံကြည်၊ လူ့ပြည်ကသီလကို၊ ဗန်းပြ၍လက်မခံ၊ အလုံကိုင်အရည်စစ်၊ မိုက်အင်မှား ပစ်ခါမှ၊ ချော်ပြစ်၍ မကုန်ကြစေနှင့်၊ တကျာငြိတွယ်၊ မစင်ကြယ်သော၊ ငါးဆယ်ကဲ အချိုး၊ ဥပုသ်မျိုးကဲ့သို့၊ အကျိုးမနည်း ရအောင်၊ သိမ်းဆည်းဆင်ခြင်၍၊ ဖြူစင်စွာစောင့် သုံးစေလိုသောကြောင့်၊ ထိုထိုသောလောကီပုံ၊ ပါဠိ ပါဠိအာဂုံနှင့်၊ ရုံလင်စွာပြသ၍၊ ဆုံးမဆော်နှိုးပေ သည်ဟု၊ သံဝေဂတရားဖြင့်၊ ကြိုးစား၍ ဆောက် တည်ကြရမည်။ ။

(ထိုမှတစ်ပါးလည်း။ ။ဆုတောင်းကြကုန်)

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်

## ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များအား

## (၁၁၀)ကြိမ်မြောက် အထူးသတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းချက်များ

* အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်စုကြည်၏ ဆွေးနွေးပွဲမှာလည်း အဆာဟိရှင်ဘွန်းသတင်းထောက် ဦးနေဝင်းက ကမကထလုပ်ပြီး နိုင်ငံခြား သုတင်းထောက်များတက်အောင် လှုံ့ဆော်ပေးခဲ့တဲ့အကြောင်း။
* ၁၉၉၀ပြည့်နှစ်မေလကုန်ပိုင်းမှာ သိခင်တင်မြရဲ့ စီစဉ်ပေးမှုကြောင့် အဆာဟိရှင်ဘွန်း သတင်းထောက်ဦးနေဝင်းနှင့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်းရေးမှူး ဦးချစ်ခိုင်တို့ မြန်မာ့အသံဝန်ထမ်းဟောင်း ဦးကျော်ဦးရဲ့ နေအိမ်မှာ ချိန်းဆိုဆွေးနွေးခဲ့တယ်ဆိုတဲ့ အကြောင်း။ သူဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြင်ပကနေပြီး အဓါပေးမှု အကြံပေးမှုတွေ လုပ်ခဲ့တယ်ဆိုတဲ့အကြောင်း။
* စပယ်ဦးတင်စိုးတိုက်မှာ ဆန္ဒဖော်သံ စာစောင်ရိုက်ပြီး လှုပ်ရှားမှု လုပ်ခဲ့တဲ့ အကြောင်း။
* အရေးအခင်းကာလမှာ ရွှေနေလောကအနေနဲ့ ဘားကောင်စီကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့တဲ့ ဦးကိုယု၊ ဒေါ်မြင့်မြင့်ခင်တို့အုပ်စု လေးငါးဦးနဲ့ စာရေးသားထုတ်ဝေခဲ့တဲ့အကြောင်း။
* ရန်ကုန်ရှေ့နေအသင်းမှ ရှေ့နေဦးသောင်းညွန့်၊ဦးကျော်စိုးထိုက်၊ သန်းညွန့်အောင်၊ဇော်မျိုးဝင်း၊ ဦးမြင့်အောင်တို့ ဦးဆောင်အဖွဲ့ဟာ ရန်ကုန်ရှေ့နေများတိုက်ပွဲဝင်ကော်မတီဖွဲ့စည်းပြီး လှုံ့လည်ဆန္ဒပြမှုတွေလုပ်ခဲ့တယ်ဆိုတဲ့အကြောင်း ပြည့်စုံစွာဖော်ပြထားပါသည်။

### အရေးအခင်းကာလအတွင်းစာနယ်ဇင်းသမဂ္ဂအားဦးဆောင်ခဲ့သည့်အဖွဲ့



### အရေးအခင်းကာလအတွင်းစာနယ်ဇင်းသမဂ္ဂမှကြီးမှူးစီ

အရေးအခင်း ကာလအတွင်းက စာပေနှင့် အနုပညာရှင် လောကမှ နိုင်ငံရေးလောကထဲသို့ အရေးအခင်း၏ ရေစီးကြောင်းထဲ မျောပါသွားကြသည့် ပုဂ္ဂိုလ် ထဲက (ဝဲမှယာ- ဟံသာဝတီ ဦးဝင်းတင်၊ စာရေးဆရာ မောင်သော်က၊ လေသူရဲတစ်ဦး (ဗိုလ်ကြီးဟောင်း လှဝင်း)၊ ဝင်းခက် (ပြည်ပြေး-ယခု ကောအင်(န်)ဟု ခေါ်သော ကျွန်းသူတို့၏ မာနယ်ပလောစခန်းတွင် ရောက်နေသူ)၊ စပယ်ဦး ပုံနှိပ်တိုက်ပိုင်ရှင် ဦးတင်စိုး၊ ဒေါ်ခင်ကတ္တာ မိုးသူ၊

## တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ။

အတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

# ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနှင့် ဖြေရှင်းကြသည့် ဆိုရှယ်ဝယ်

**ရဲဝေါင်ကျော်စွာ**

* ပြီးခဲ့သော အစိုးရအဆက်ဆက် ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ။
* တော်လှန်ရေးကောင်စီလက်ထက် တောတွင်း ထက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကေအင်(န်)ယူပါတီ၊ ချင်းဦးစီးအဖွဲ့၊ အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု (မဒညတ)တို့နှင့် ဆွေးနွေးပွဲများ။
* တချင်လွတ်လပ်ရေးကောင်စီနှင့် တော်လှန်ရေးကောင်စီ ဆွေးနွေးပွဲများ။
* မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့ ဆွေးနွေးပွဲမှတ်တမ်းများ။

ယင်းအဖွဲ့အစည်းများနှင့်ဆွေးနွေးခဲ့ပြီးနောက် ပျက်ပြားသွားရသည့် မှတ်တမ်းများကို...

* မြန်မာ့သမိုင်းအံ့ထောက်အထားများဖြင့်...

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း။

# မြန်မာရာဇဝင်

**ဦးဘသန်း**

- သင်သည် မြန်မာလူမျိုးဖြစ်လျှင် မြန်မာ့သမိုင်းကိုသိရမည်။ ဤစာအုပ် မဖတ်၍ မဖြစ်။ မိမိတို့၏ အဘိုး၊ အဘေး၊ အဘီ အဆက်ဆက် အကြောင်းကို သိထားသင့်သည်။
- မြန်မာလူမျိုးတိုင်း၏အိမ်တွင် တစ်အုပ်ကျစီထားရှိ၍ မိသားစုအားလုံး အလှည့်ကျလေ့လာသင့်သော မြန်မာ့သမိုင်းစာအုပ်။
- တကောင်း ခေတ်၊ သရေခေတ္တရာ ခေတ်၊ ပုဂံခေတ် ပထမ မြန်မာ နိုင်ငံတော်ကြီး တည်ထောင်ခြင်း။
- ပင်းယခေတ်နှင့် စစ်ကိုင်းခေတ်၊ အင်းဝခေတ်၊ ပြည်ခေတ်၊ တောင်ငူ ခေတ် ဒုတိယမြန်မာနိုင်ငံတော်ကြီး အကြောင်း။
- ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် တတိယ မြန်မာနိုင်ငံတော် ကြီးကို တည်ထောင်ခြင်း။
- မြန်မာနိုင်ငံနှင့်အင်္ဂလိပ်အစိုးရတို့၏ အကြောင်းများကိုပြုစုထားသည်။ မြန်မာလူမျိုး ပီသသူတိုင်း ဤစာအုပ်ကိုဖတ်သင့်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း။

## ၁၉၈၈ခုနှစ်အရေးအခင်းကာလဆိုး၏ ရက်စက်ကြမ်းကြုတ်မှုများကို မှတ်တမ်းတင်ထားသော စာအုပ်

၄-၉-၈၈နေ့ စီမံကိန်း(၁)၏ အရေးအခင်းဖြစ်ရပ်မှန်များ
၁၉၈၈ ခုနှစ်၊ အရေးအခင်းတစ်လျှောက် ခေါင်းဖြတ်သတ်မှုများ
အရေးအခင်းကာလအတွင်း လူအုပ်ဖြင့် အကြမ်းဖက်ရက်စက်မှုများ
၁၇-၉-၈၈နေ့ ကုန်သွယ်ရေးဝန်ကြီးရုံးအရေးအခင်းဖြစ်ရပ်များ

**ဤစာအုပ်တွင်ဖော်ပြချက်များအားလုံးမှာ**
**အကယ်ဖြစ်ရပ်များ ဖြစ်သည်။**



**တစ်နိုင်ငံလုံးသို့ဖြန့်ချိလိုက်ပါပြီ။**

အထင်းနှင့်ရာဇဝင်တင်ပြစာစဉ်။

# ဦးပုည

၏

ဝတပန်းကုံးများ